www.burmeseclassic.com

မဟိဒ္ဓိစာပေ

မဂ္ဂဇင်း

## သေသောသူသည် သုသာန်သို့ သွားသည်.....မင်းသိင်္ခ












အက်ဖ်ဘီအိုင်နှင့် ဂြိုဟ်သားများ တွေ့ဆုံ (စာ - ၅၄)
ဝိညာဉ်များ၏ တိုက်ပွဲ (စာ - ၇၉)
ရှေးဟောင်းပေါ်တူဂီ သင်္ချိုင်းဂူ (စာ - ၉၁)
သင်္ချိုင်းစာက ပြောသောသမိုင်း (စာ - ၉၇)

www.burmeseclassic.com

www.burmeseclassic.com
SEP 2014

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

# ပြုံး

## မဂ္ဂဇင်း

BURMESE CLASSIC

## အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

---

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြတ်ဇင်ဇင်မိုး၊ စန္ဒာညွန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချီသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချီရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

## မဂ္ဂဇင်း

## မှတ်တိုင်များ

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်(၂၃၀)

### ကဗျာ ပြစ်မှု

ပန်းတနော်နောင်လတ်၊ ဝေးနေ၊ နှင်းဆက်ကြည်စင်ငြိမ်း၊ မောင်စစ်ကြည်(ပန်းတနော်)၊ ကိုရန်။ ခိုင်လွန်း။ မျှုးအိမ်စိုး၊ အလင်းစက်။

### ကာတွန်း ပြစ်မှု

မိမန်းလေး(တောင်ငူ)၊ ကိုကြီးနွေး(ပုငွန်တောင်)၊ စိုးလွင်အောင်၊ ကိုငယ်၊ မြင့်သန်း(မင်္ဂလာဒုံ)၊ ငွဲနေ၊ ရွှေကိုဦး၊ သူရိန်။

### စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်

ကသစ်နီ ---------- ၂၅

သုခုမသတင်းလွှာ

အမ်ကေ ---------- ၂၇

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုရွှေတောသား ---------- ၂၉

### ဥပဒေ ပြစ်မှု

ကတိတစ်လုံးဖြင့် အရှုံးမတွေ့စေလိုပါ

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၄၆

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း ---------- ၁၂၇

မီးလောင်မှု အပြစ်ဒဏ်

ကေတီအောင်သိန်း ---------- ၂၃၉

အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် ---------- ၂၅၀

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


မတ္တာစက်ဝန်းထဲမှာ
ဆင်မောင်မြင့်အေး ---------- ၆၆

ဝအမောပြေသောအခါ
င်မောင်အေး(မန္တလေး) ---------- ၁၃၀

အမှတ်မထင်မှ အမှတ်ထင်ထင်
ြလှိုင် ---------- ၁၃၆

ခံဆုံမှာပွင့်တဲ့ ငွေပန်းဖြူလေးများ
အောင်ဘုန်းမြင့်(ကချင်မြေ) ---------- ၁၄၂

အမုန်တရားကို နတ်စောင့်ခြင်း
ီးတာသန်းအောင်(မြင်းခြံ) ---------- ၁၆၀

ဆိုးဖိုးထင်နှင့် ထူးဆန်းသော သားကောင်
ဆင့်ထူး(ဧယျဝတီ) ---------- ၁၇၀

ကိုးရာမဲ့သွားကြသူများ
မောင်မြင့်မား(ဘိုကလေး) ---------- ၁၇၈

သွားကြွေးကလဲ့စား
သန္တာမြတ်သောင်း ---------- ၁၈၂

သံသယစက်ကွင်း
တက္ကသိုလ်ရကွဗျာလ ---------- ၁၉၀

အမုန်းမီးလျှံ
ကိုဇော်ဝင်း(လှတော) ---------- ၁၉၈

ပ်ပါတ်ကြမ္မာ မရှောင်သာ
ကျော်ဇင်ဝင်း ---------- ၂၀၄

အစလေးတစ်စ
ကေတုမောင်ညိုလင်း ---------- ၂၁၂

လှယုံသတ်တော့သေ
ရှုပါကိုကိုလေး ---------- ၂၂၀

ဘိုးတော်လိမ်နဲ့ သူ၏ဖူးစာ
ချောနန္ဒီခင် ---------- ၂၃၀

ီးထုပ်စိမ်းနဲ့လူ
မောင်ထည်ဝါ(ပျော်ဘွယ်) ---------- ၂၃၆

သူနာပြုဆရာမ ပျောက်ဆုံးမှု
ဦးဦးသိန်း ---------- ၂၅၂


## ဆောင်းပါး ပြစ်မှု


အကျင့်ပျက်ရှာ ခိုးသူများ
မောင်မြင့်မား(ဘိုကလေး) ---------- ၃၇

နှစ်မျက်နှာရိုက်ကွင်း
မောင်မိုးလှိုင်(သစ္စာမြေ) ---------- ၃၉

ဘယ်သူ့ထီးမှ မကျိုးစေချင်
ဝင်းသောင်(ရမည်းသင်း) ---------- ၄၉


## အခန်းဆက် ရသပြစ်မှု


အတိတ်အကြောင်း ဟောင်းသည်မရှိ(၁၇)
မင်းဟိန်းထိဝ် ---------- ၅၆

အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၁၁)
မောင်ရွှေစွန် ---------- ၇၆

မှေ့တတ်သော အမွေ(၄)
ကျော်မြသန်း ---------- ၁၀၈

ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်...(၆)
ကျော်ဆွေဝင်း(ရွှေအင်း) ---------- ၁၁၈

နယ်မြို့လေးထဲက သားရဲ(၆)
သစ်ထူးအိမ် ---------- ၁၄၄

ထောင်မှူးများ အလိုရှိသည်(၉၁)
ပဟိုဓော ---------- ၂၄၂


## မျက်နှာဖုံးဆောင်းပါး ပြစ်မှု


သန်လျင်မြို့၏ ရေးဟောင်းပေါ်တူဂီ
ခရစ်ယာန်ဘုရားရှိခိုးကျောင်းဟောင်းအတွင်းရှိ သင်္ချိုင်းဂူ
အံပွား(စလေ) ---------- ၉၁

သင်္ချိုင်းစာများကပြောသော သမိုင်းအကြောင်း
တစေ့တစောင်း
မောင်အေးသန့် ---------- ၉၇


www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
**လှမိုး(ပညာရေး)** ——— ၆၁
သဝန်တိုတဲ့ ဝိညာဉ်
**သန်းဝင်း(ဘဏ်)** ——— ၇၁
FBI အဖွဲ့ဂြိုဟ်သားများနှင့်တွေ့ဆုံ အပေးအယူလုပ်
**ကိုမောင်သန်းဝင်း** ——— ၇၄
လောကီပညာသည်များ တွေ့ကြုံခံစားနေရသော ဘေးဆိုးများ
**သန်းဝင်း(ဘဏ်)** ——— ၈၇
နော်မန်ဒီကမ်းခြေမှ ဝိညာဉ်များ၏ တိုက်ပွဲ
**မင်းသဏ်းဝင်း** ——— ၈၉
မယုတ်မလွန် လေ့ကျင့်ခန်းလုပ်ခြင်းသည် . . .
**မောင်မောင်စန်းထွေး** ——— ၁၄၃
သန္တာကျောက်တန်းများ သဘာဝဘေးအန္တရာယ်ကို . . .
**မောင်မောင်စန်းထွေး** ——— ၁၅၉
စစ်သွေးကြွများလက်တွင်းမှ သတ္တိရှိရှိ . . .
**ဦးဦးသိန်း** ——— ၁၇၇
ဂိုဏ်းအုပ်ဘုန်းကြီး သတ်မှုဖြင့် အာဂျင်တီးနား . . .
**ဦးတိုး(တက္ကသိုလ)** ——— ၁၉၇
ကမ္ဘာပတ်သွားလာခဲ့သူ လီယန်နီဘီရပ်ဒင် . . .
**ဦးတိုး(တက္ကသိုလ)** ——— ၂၁၈
တရုတ်ငါးဖမ်းလှေ ဂျပန်နိုင်ငံ အိုကီနာဝါ ငါးဖမ်းကျွန်း
**ကေတီအောင်သိန်း** ——— ၂၃၉

## တစ်မျက်နှာ ပြစ်မှု

မလုံသောလိပ်ပြာ
**ပိုက်မင်းဝေ** ——— ၃၃
စာရေးဆရာနှင့် သူ့ပရိသတ်
**ကျော်မြင့်(မြောင်းမြ)** ——— ၃၄
ခြေထောက်ပါတဲ့ဖိတ်စာ
**အောင်လံသား** ——— ၃၉
ရေကား
**သားထက်ဆွေ** ——— ၃၆

## ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
**ဒေါက်တာ စောယုနွယ်** ——— ၂၅၆

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးခိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကျော်ဦး၊ KN၊ ဖိုးအောင်၊ အောင်နိုင်သတ်၊ ပညတ်၊ မိုးဝေ၊ စံလွင်မောင်၊ သန့်ဇော်သစ်၊ အိချိုမ။

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး
**လာဘ်မိုးရွာ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com



"အေးလေ
မင်းက ရဲအရာရှိကတော် ဖြစ်နေပြီကိုး
ငါလိုချင်တာကတော့
မင်းယောကျာ်းကိုသတ်ပြီး မင်းကိုယူဖို့ပဲ"
မောင်မောင်မြင့်အေး-----------၆၆



"ကဲ...သူ့ရဲ့ကောင်းကြီး
ကိုယ့်အသက် ကိုယ်နှမြောတယ်ဆိုရင်
ဘာမှလှုပ်လှုပ်ရှားရှား မလုပ်နဲ့နော်
ပြောရင် ပြောတဲ့အတိုင်းနေပါ"
မောင်ရွှေစွန်-----------၇၈



"ဟာ...
ကိုသက်အောင်ကလည်း
ငွေထက် အမှုက
ပိုအရေးကြီးပါတယ်များ"
ကျော်မြသန်း-----------၁၀၈

www.burmeseclassic.com

www.burmeseclassic.com



“ ဒီပေဘားထဲမှာ
ငါတို့ ...
တောင်ငူကဒိုင်တွေ
ဘယ်နှဒိုင်လောက် ပါလဲ”
ကျော်ဆွေဝင်း(ရွှေအင်း)----------၁၁၇



“ စိတ်ကြွဆေးပြားတွေနဲ့
ဖမ်းမိသွားလို့ပါ အဘ၊
ကျွန်တော်
သူ့ပေါက်ကျားအကြောင်း ပြောပြပါ့မယ်”
ခင်မောင်အေး(မန္တလေး)-------၁၃၀



“ညည်း...ညည်းက
အရင်က လာပို့တဲ့ မိချောမှ မဟုတ်တာ
ပုဆိုးခြုံထားတော့
ငါက သတိမထားမိလိုက်ဘူး”
မြမြလှိုင်-------------------၁၃၆

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ…နုရဲ့ဦးပါကြီး
ဘယ်အရာမှ အလကားမရပါတဲ့၊
ဓာတ်ကြီးလေးပါးနဲ့
လုပ်စားနေတဲ့ ဆရာဝင်းဖော်ဆိုတာ"

သစ်ထူးအိမ်-------------------၁၄၄



"ဘာမှလည်း
မတွေ့ပါလားဟ၊
ကြောက်အားလန့်အားနဲ့
အရမ်းအော်ပြောနေတာပဲကိုး"

သိကျားသန်းအောင်(မြင်းခြံ)-------၁၆၀



"ဟာမျာ…
ကိုမြမောင်ကလည်း
စကားမပြောပါနဲ့ဆိုမျာ
အူးရူးလို့ သေမသွားပါဘူးမျာ"

တင့်ထူး(ဧရာဝတီ)------------၁၇၀

www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ဘူး...
ကျုပ်က
အရက်နဲ့ သက်သတ်လွတ်ဘုန်းပေးတဲ့
ကိုယ်တော် မဟုတ်ဘူး"
သန္တာမြတ်သောင်း------------------၁၈၂



"မျောက်က
အပင်ထက်မှာနေတဲ့အကောင်ပဲ
ဒီကောင့်ခြေရာ
မင်း ဘယ်နှခါတွေ့ဖူးလို့လဲ"
တက္ကသိုလ်ရက္ခဗျာလ--------၁၉၀



"လပြည့်ညက
ဘောင်းတော်ကျ ဘုရားကုန်းတော်ပေါ်မှာ
ဆရာတော်လေးကို
ကောင်မလေးတစ်ယောက် ကန်တော့နေတာ"
ကိုဇော်ဝင်း(လှုတော)------------၁၉၈

www.burmeseclassic.com

www.burmeseclassic.com



အတ္ထုပ္ပတ္တိအကျဉ်း

# ပန်းတာဖြောက် ရှောင်လဟ်


* (က)
အုပ်ဆိုပြီး
လှုထဲကို
သူလည်းရောက်. . .။

* (ခ)
အပူမစဲဘဲ
လှုထဲက
သူလည်းပျောက်. . .။

ပြစ်မှု ၉

www.burmeseclassic.com

www.burmeseclassic.com



# ဖော်မထောင်တဲ့လက်

ဝေးရှ

* ငါ့လက်နဲ့
ကောက်နေတဲ့ လမ်းတွေ
ကောက်နေတဲ့ မြစ်တွေ
ကောက်နေတဲ့ သစ်ပင်တွေကို
ဆွဲဆန့်ဖြောင့်တန်းအောင် လုပ်လို့မရဘူး…။


* ငါ့လက်နဲ့
ကောက်နေတဲ့ အကြည့်တွေ
ကောက်နေတဲ့ စိတ်ဓာတ်တွေ
ကောက်နေတဲ့ အကြံအစည်တွေကို
ဆွဲဆန့်ဖြောင့်တန်းအောင် လုပ်လို့မရဘူး…။

* ငါ့လက်နဲ့
ကောက်နေတဲ့ ငါ့ကံကြမ္မာကိုတောင်
ဆွဲဆန့်ဖြောင့်တန်းအောင် မလုပ်နိုင်
သဘာဝတ္တကျမ်းကြီးက ခိုင်မြဲနေလေတော့…။



www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းပြရင်းနဲ့ အကျပြောင်း

# နှင်းခက်ကြည်စင်မြိုင်း

✱ လူဟာ…
အကြောင်းပြတဲ့
သတ္တဝါဖြစ်တယ်။

✱ လူဟာ…
သူလုပ်ချင်တာကိုဖြစ်စေ
သူမလုပ်ချင်တာကိုဖြစ်စေ
အကြောင်းတွေကို နိုင်လုံအောင်ရှာ
နေသာသလိုနေ
ပြောသာသလိုပြော
အဲသလိုနဲ့…သေမယ်။

✱ ဘဝဟာ…
အချိန်နဲ့
ကန့်သတ်ခြင်းခံရတာ ဖြစ်တယ်။

✱ ဘဝဖြစ်တည်ရာ
ဒီဗွန္နယာကြီးမှာ
ရက်ကို လစား
လကို နှစ်စား
အချစ်ကိုတော့
သံယောဇဉ်ကိုတော့
အမုန်းကိုတော့
အမုန်းသံယောဇဉ်ကိုတော့
ဘဝသံသရာက စားတယ်။

✱ လူဟာ…
သူ့ကိုယ်သူ မသိခြင်း လွှမ်းမိုးတဲ့အခါ
ဖြစ်လာသမျှ သပွန်ပေါင်း
အကြောင်းပြရင်းနဲ့
အကျဘက် ပြောင်းပေါ့။ ▪



www.burmeseclassic.com

www.burmeseclassic.com



ကဗျာမော်

# မောင်စိမ်းကြည်
## (ပန်းတရုတ်)

✱ အမေက…
ပထမကဗျာ။

✱ အချစ်က…
ဒုတိယကဗျာ။

✱ ဘဝက…
တတိယကဗျာ။

✱ ကဗျာသုံးပုဒ်နဲ့
ကျွန်ုပ်…
ဤတောချပ်မှာ
ရေလုံပြတ်တဲ့ အစာဇာမိ
ဆက်ရက်မင်းစည်းစိမ်နဲ့
သစ္စာတေးဖွဲ့
မိုးသောက်တဲ့လမ်း
ကဗျာပန်းတွေ တာဝေဝေ။



www.burmeseclassic.com

www.burmeseclassic.com

* "ခြေတစ်လှမ်း
ကုဋေတစ်သန်း"...တဲ့
လူတန်ဖိုးရဲ့အသံကို ကြားရ။

* ခြေတစ်လှမ်းအရွေ့
"ရွှေနိုင်ငံ"ကိုဦးတည်ဖို့
ပြည်သူ့အသံကို
တွေးပွေ့ထားရမယ်။

* လိမ်ညာလို့မရတဲ့ အရာတစ်ခု
အဖြူရောင်မျဉ်းတစ်ကြောင်းက
မားမားရပ် ဖိတ်ခေါ်နေလေရဲ့။

* မိတ်ဆွေကောင်းတွေ
စုဖွဲ့ထားတဲ့ အဝန်းအဝိုင်းက
မိတ်ကောင်း၊ဆွေကောင်းတွေ
မွေးဖွားပေးလိမ့်မယ်။

* နိုင်ငံတစ်နိုင်ငံဟာ
မိသားစုသဏ္ဍာန်
ပုံဖော်နိုင်ခဲ့ရင်
အသီအပြင်တွေ
ဖလှယ်နိုင်ပြီပေါ့။

# ခြေလှမ်းများ

## ကိုရန်နိုင်



www.burmeseclassic.com

* သူကိုငါကြည့်
ရယ်နေမိလည်း
ငါ့ကိုသူမြင်
မှဲ့အုံ့ထင်ဏ်။

* ငါ့ကိုသူကြည့်
ပြုံးနေမိလည်း
သူကိုငါမြင်
မှုန်းအုံ့ထင်ဏ်။

* သူနဲ့ငါ
ငါနဲ့သူ
အမြင်မတူ
တစ်မှုကွဲပေမယ့်
ဇီတစ်ဂွထဲတော့ ပျော်စရာ
သွားနဲ့လျှာလို
အခါခါကိုက်တယ်
ဘယ်သူလဲဟော့…လှမိုက်။

# ဗီတိများနှင့် နေပျော်ခြင်း

ညိုထွန်း





www.burmeseclassic.com

* အလုပ်
အလုပ်
တကုပ်ကုပ်နဲ့ နေ့စဉ်လုပ်
(ဒါပေမယ့်)
ဥစ္စာလည်းမရ
ဘဝလည်း မလှ။

* လေ့ဦးစိုးချိန်…စိုလိုက်ကြ
လေ့ဦးခြောက်ချိန်…ခြောက်ပြန်ကြ
နေ့နဲ့ည ဘဝမြစ်တွင်း
အလိုက်သင့်စီးဆင်း
ဟင်းကောင်းဖို့မလို
ခံတွင်းကောင်းဖို့ ကြိုးစားရင်း
ရိုးရှင်းတဲ့ဘဝ
သူညး

## ကြံဖူးသူ အိပ်ပေလိမ့်

# မှုံးဝါးမြိုး



www.burmeseclassic.com

* သံသယမျက်လုံးတွေနဲ့ကြည့်
အရာရာအကောင်းမမြင်
ကြီးကျယ်တဲ့ အတ္တကိုကိုင်ဆုပ်
အဟုတ်ကို ရှုံ့သွပ်စွာနေခဲ့သူ။

* ဖြူဖြူစင်စင် သံယောဇဉ်တဲ့
အဖြူမှာ အရောင်ခုနစ်မျိုးဆိုး
ညစ်ထေးစက်ဆုပ်စရာအရာ
တကယ်ပဲ မသိတာလား
မသိချင်ယောင်ပဲ ဆောင်တာလား
မနက်ဖြန်တွေက ခပ်များများဆိုတော့
ပြောပြနိုင်ဦးမလား။

# ဟန်နှစ်ချပ် မြင်တွေ့ခြင်း

## ဟယ်လင်းမြက်

* ဟန်ဆောင်မှုမျက်နှာဖုံးကိုတပ်ပြီး
အတုအယောင် နားလည်မှုတွေပေးခဲ့
နောက်ကျောကိုဓားနဲ့ထိုးခဲ့
သူကောင်းခြင်းတွေပဲ လိုလားခဲ့ပါတယ်ဆို
အရာရာကို မျှော်လင့်ချက်ထား
စစ်မှန်တဲ့မေတ္တာဟာ ပေးမှယူမည်ဆိုတဲ့စကား
မမှတ်မိနိုင်တာကများနေပြီ။

* မပြည့်တဲ့ဒိုး ဘောင်ဘင်ခတ်သံလား
လျှာတစ်ချောင်းရဲ့ မာယာကြောင့်
ယုံတမ်းစကားတွေသာ ကြားနေခဲ့ရ
အဖန်တစ်ရာ ပြုံလဲခဲ့ရ
နောက်ဆုံးတော့လည်း
(တကယ့်)ကို ဖိုက်မဲ့စွာနဲ့
ကိုယ့်ရင်ဘတ်ကိုယ်ခွဲနေတဲ့
ငါဆိုတဲ့သတ္တဝါ။ ▪






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## လှိုင်းနန္ဒာ(တမာမြေ)၏ တန်ဆောင်းတော်ပြအိုးနဲ့ မြို့ရိုးမြင့်နံကြန်ကြန် ကျုံးပတ်လို့ရံ

စာရေးဆရာ လှိုင်းနန္ဒာ(တမာမြေ)၏ မှတ်တမ်းပြုစုထားသော စာအုပ်ဖြစ်သည်။ ကမ္ဘောဇဒွာနီ မောတို့ပြည်၏ ခေမာရဋ္ဌတိုင်းဒေသသို့ တာဝန်ဖြင့် ရောက်ခဲ့စဉ် ဒေသခံပုဂ္ဂိုလ်များ၏ အကူအညီဖြင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာပြီး တွေ့ရှိရချက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်၏။

ခေမာရဋ္ဌတိုင်းဒေသသည် ရှေးဟောင်းအမွေအနှစ်များ ပေါကြွယ်ဝပြီး အစဉ်အလာကြီးခဲ့သည့် မြို့တစ်မြို့ ဖြစ်ပြီး ဟိုရှေးယခင် ပဝေသဏီက မြို့တွင်းတံခါးကြီး ၁၂ ရပ်ထားရှိပြီး ကျုံးမြို့ရိုးများနှင့် အခိုင်အမာ အခန့်အထည် တည်လာခဲ့သော မြို့ပြဒေသတစ်ခုလည်း ဖြစ်လေရာ ဤစာအုပ်ကို ဖတ်ရှုပြီး ဒေသန္တရဗဟုသုတများ တိုးပွားရရှိကြမည်ဖြစ်သည်။ ဤစာအုပ်ကို တိုးထက်စာပေမှ တန်ဖိုး ၁၀၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ဦးခင်မောင်ချို(ဓမ္မာစရိယ၊ ဘီအေပြင်သစ်ဒီပလိုမာ)၏ ဓမ္မသည်သာနှင့် ဓမ္မရသဆောင်းပါးများ

ဆရာဦးခင်မောင်ချို(ဓမ္မာစရိယ၊ ဘီအေ-ပြင်သစ်ဒီပလိုမာ)သည် ၁၉၅၆ ခုနှစ်ကတည်းကပင် စာကဗျာများ ရေးခဲ့သူဖြစ်သည်။ ယခု သက်ကြီးပိုင်းရောက်သည့်အခါ ယခု ကလောင်အမည်အပြင် ခင်မောင်ချို(ရေစကြို) ကလောင်အမည်တို့နှင့် လပြည့်ဝန်း၊ ဂန္ဓာရီ၊ ဂမ္ဘီရဆန်းကြယ်၊ မေတ္တာရှင် မဂ္ဂဇင်းတို့တွင် ဓမ္မသာရ၊ ဓမ္မရသ ဆောင်းပါးများကို ရေးသားခဲ့ရာ ယခုအခါတွင် စုစည်း၍ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဤစာအုပ်အတွက် ဆရာကိုကိုလှ(ကမာမြေ)က အမှာစာရေးသားချီးမြှင့်ပေးထား၏။

ဤစာအုပ်တွင် စောင့်ထိန်းသင့်သော ဝိကာလဘောဇနေသိက္ခာပုဒ်မှသည် တုန့်နှိုင်းမသာ အမေ့မေတ္တာအထိ ဆောင်းပါး စုစုပေါင်း ၁၇ ပုဒ်တိတိ ဖော်ပြထားရာ ဗုဒ္ဓဘာသာဝင်များသာမက လူကြီးလူငယ်မရွေး ဖတ်မှတ်လေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၀၀၀ိ/-ကျပ် သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ခိုင်လင်း(မေယဝတီ)၏ မြန်မာနိုင်ငံရဲ့ အနောက်တံခါး တကယ်ကျိုးပျက်သွားပြီလားနှင့် မွတ်ဆလင်ပြည်နယ်မှသည် နိုင်ငံတော်သို့

ရခိုင်ပြည်နယ်အရေးသာမက မြန်မာနိုင်ငံ၏ အရေးအတွက်ပါ အထူးသတိပြုဖို့ လိုအပ်ချက်များကို ရည်ရွယ်ချက်ကောင်းစွာဖြင့် ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်နှင့် ပတ်သက်၍ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က -

"ရခိုင်ပဋိပက္ခရဲ့ တတိယလှိုင်းသံကို မကြားကြရစေဖို့ သတိပြုဖွယ်ရာများ၊ ဆက်စပ်စဉ်းစားဖွယ်ရာများ၊ ကြိုတင်ပြင်ဆင်ဖွယ်ရာများကို လုံခြုံရေးအစီအမံများ၊ သမိုင်းခံကတုတ်များဖြင့် နိုင်ငံရေးသတိ၊ အမျိုးသားရေးသတိတို့ဖြင့် ကြိုတင်ပြင်ဆင်နိုင်ကြရန် အနာဂတ်ပြည်ထောင်စုသို့ တပ်လှန့်ဆော်ဩထားခြင်းပဲဖြစ်တယ်"

ဟု ဆိုထားသည်။ ဆရာထွန်းခေါင်ကလည်း "သမိုင်းခေတ်၏ လိုအပ်ချက်များအရ ပေါ်ထွက်လာခြင်း"ဖြစ်ကြောင်း အမှာစာရေးထားသည်။ "ဦးရာဇတ်မှသည် ကိုမြအေးအထိ၊ သို့သော် တံခါးခေါက်လာပြီ" ဆောင်းပါးမှသည် "တိုင်းရင်းသားဖြစ်ရေးမှသည် မွတ်ဆလင်ပြည်နယ် ထူထောင်ရေးနှင့် စိန်ခေါ်မှုများ" အထိ ဆောင်းပါးစုစုပေါင်း ၁၂ ပုဒ်တိတိ ဖော်ပြထားသည်။ ဤစာအုပ်ကို Renaissance Publishing House မှ တန်ဖိုး ၁၀၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်ဆင့်၏ အဝေးမှမိန်းမတစ်ဦးဖတ်သင့်သော အနီးမှ မိန်းမတစ်ယောက်အကြောင်း

"၁၉၇၆ ခုနှစ်ကာလဒေသကို ဖွဲ့ဆိုပါသည်"ဟု ဝန်ခံမှုနှင့်အတူ ပေါ်ထွက်လာသော စာရေးဆရာ အောင်ဆင့်၏ လုံးချင်းဝတ္ထုရှည် စာအုပ်တစ်အုပ် ဖြစ်သည်။ ဤစာအုပ်နှင့် စပ်လျဉ်း၍ ဆရာ ရာဝ(ပန်းတနော်)က -

"စာရေးဆရာ၏ ဘဝအကြောင်း ဖြစ်ရပ်မှန်အဖြစ် ရေးသားထားသော ယခုဝတ္ထုသည် ခံစားမှုပေါင်းစုံနှင့် ရသပေါင်းစုံကို ပေးစွမ်းစေသည်သာမကဘဲ မပေါင်းသေးသော ဝတ္ထုရှည်ကောင်းတစ်ပုဒ်ဟု ဆိုချင်ပါသည်။ ဝတ္ထုတစ်အုပ်၏ အသက်ဟု ဆိုရလောက်အောင် အရေးအကြီးဆုံးနှင့် ဇာတ်ရှိန်အမြင့်ဆုံးအခန်းကို လျှို့ဝှက်ထားပုံမှာလည်း ချီးကျူးဖွယ်ရာပင်ဖြစ်သည်"

ဟု ညွှန်းဆိုထားပေသည်။ ဤစာအုပ်အား အောင်သွယ်တော်စာပေက တန်ဖိုး ၁၄၀၀/-ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်ရာ သိမ်မွေ့နက်နဲလှပသော ဇာတ်လမ်းဇာတ်အိမ် အရေးအသားကို နှစ်သက်သူတို့ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ပင် ဖြစ်သည်။

---

## နန္ဒာမိုးကြယ်၏ သမိုင်းဝင် သမိုင်းတွင်ကျန်ရစ်စေမယ့် ခေတ်အဆက်ဆက် သူတို့ ဘယ်လိုစကားတွေ ပြောခဲ့ကြသလဲ

သမိုင်းစဉ် ခေတ်အဆက်ဆက်၌ အရေးပါထင်ရှားသော ပုဂ္ဂိုလ်အသီးသီးတို့ ပြောဆိုခဲ့ကြသော စကားများကို မှတ်တမ်းပြု ကောက်နုတ်တင်ပြထားသော စာအုပ်ဖြစ်သည်။

လူမျိုးတိုင်း၌ ဘာသာစကားဟူသည် ရှိကြ၏။ ဘာသာစကားဖြင့် တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံကြရ၏။ ဤ၌ စကားဟူသည် ပြောတတ်၊ ဆိုတတ်မှသာ "ထွင်းဖောက်လိုရာ ပြီးမြောက်စွာ" ဖြစ်ရ၏။ မြန်မာစကားရပ်၌ "အပြောမတတ်က ဆဲသလို"ဟု ဆိုကြ၏။ "စကားစကား ပြောပါများ စကားထဲက ဇာတိပြ"တတ်ကြ၏။ ဤတွင် "နှုတ်ချို သျှိုတစ်ပါး"၊ "နှုတ်ကောင်းလျှင် ပြည်စိုး" ဖြစ်ကြစေရန် စာနယ်ဇင်းအသီးသီး၌ ပုံနှိပ်ဖော်ပြခဲ့သည်များမှ လက်လှမ်းမီသမျှ ကောက်နုတ်တင်ပြချက်များအား မြတ်ပန်းရဂုံစာပေတိုက်မှ တန်ဖိုး ၄၀၀/-ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

---

## သုတေသီဆရာဇော်၏ ပထမံဘိုးဘိုးအောင်၏ ထူးဆန်းအံ့ဖွယ် သိဒ္ဓိထူးဖြစ်ရပ်မှန်နှင့် အစီဋ္ဌာန်၊ ပါရမီကျင့်စဉ်၊ ကိုးကွယ်ဆည်းကပ်နည်းများ

ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ပထမံဘိုးဘိုးအောင်နှင့် စပ်လျဉ်း၍ စုဆောင်းလေ့လာတင်ပြထားသော စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် ကိုးကွယ်မှုနှင့် ယုံကြည်မှုကျင့်စဉ်များ။ ဒလ္လာရီမဟုတ်သော ဘိုးဘိုးအောင်၊ ဘိုးဘိုးအောင်၏ မျိုးရိုးဇာတိ၊ ဘိုးဘိုးအောင်၏ ဖွားသက္ကရာဇ်၊ ဘိုးဘိုးအောင်၏ ဆွေမျိုးဆက်လက်ာ၊ မောင်အောင်၏ မိဘများ။ ကြေးနီဆရာတော်၏ ထူးဆန်းသော အိပ်မက်၊ ထူးဆန်းသော ကြေးနီပုရပိုက်၊ ကာလအတန်ကြာပြီးနောက်၊ ထူးဆန်းသောကြေးနီပုရပိုက်ရရှိခြင်း၊ အင်းစမအတတ်ပညာကို လေ့လာခြင်း။ အင်းကို စမ်းသပ်ခြင်း။ ဒုတိယအကြိမ် ဆေးကိုစမ်းသပ်ပြန်ခြင်း၊ တတိယအကြိမ် နာမ်ခွာလှူပ်ရှားမှု စူးစမ်းခြင်း။ သတ္တဝါတို့၏ ဆွဲဆောင်စမ်းသပ်မှု ပြုလုပ်ခြင်း။ မောင်အောင် ဖမ်းဆီးစစ်ဆေးခံရပြီ၊ မောင်အောင်တိမ်းရှောင်သွားခြင်း၊ မောင်အောင် ပရပိုက်ပြန်ရပြီ မြို့ဝန်က ဖမ်းဆီးခိုင်းခြင်း။ ဘုရားဖူးထွက်ရင်း မောင်ပိုင်းနှင့်ဆုံရခြင်း။ မိဘများကို စောင့်ရှောက်ခြင်း။ ဝိဇ္ဇာများကို ပြခြင်း။ မောင်အောင့် သူငယ်ချင်း ဦးပိုင်။ မောင်အောင်ပြသော အစွမ်းများ။ …စသော အခန်းစဉ်များ ပါဝင်သည်။ ဤစာအုပ်အား ရွှေနိုင်ငံမှ ဖြန့်ချိပေးထားသည်။

---

ကသစ်နီ

---



www.burmeseclassic.com

www.burmeseclassic.com



## အနုတ္တရဂုဏ်ရည် ပန်းချီပြပွဲ

မြန်မာ့ပန်းချီလောကမှ နာမည်ကျော် ပန်းချီဆရာကြီးတွေ ဖြစ်ကြတဲ့ ဦးဘကြည်၊ ပေါ်ဦးသက်၊ ဦးဘလုံလေး၊ ဦးစန်းလွင်၊ ဦးအေးတင်နဲ့ ဦးဟယ်ရီအောင်တို့ရဲ့ ပန်းချီကားတွေကို စုစည်းပြသထားတဲ့ အနုတ္တရဂုဏ်ရည် ပန်းချီပြပွဲကို (၁၉ ·၇ · ၂၀၁၄)ရက်နေ့က ရန်ကုန်မြို့ လသာမြို့နယ်၊ လသာလမ်းမှာရှိတဲ့ Art Corner Gallery မှာ ပြုလုပ်သွားခဲ့တယ်လို့ သိရပါတယ်။

## ရွှေ FM လေးနှစ်ပြည့် စီးရီးလက်မှတ်ရေးထိုးပွဲနှင့် သီဆိုဖျော်ဖြေပွဲ ကျင်းပ

ရေဒီယိုအသံလွှင့်ဌာနတစ်ခုဖြစ်တဲ့ ရွှေFM ရဲ့ (၄)နှစ်ပြည့် စီးရီးထွက်ရှိခြင်း အထိမ်းအမှတ်အဖြစ် ပရိသတ်တွေကို အမှတ်တရ လက်မှတ်ရေးထိုးပေးခြင်း။ သီချင်းသီဆိုဖျော်ဖြေခြင်း အစီအစဉ်ကို ၁၉ ·၇· ၂၀၁၄ ညနေ ၃:၀၀ နာရီက ကျင်းပပြုလုပ်ခဲ့ပါတယ်။

စီးရီးမှာ ပါဝင်သီဆိုထားကြသူတွေကတော့ တေးသံရှင် ဆောင်းဦးလှိုင်၊ ဖိုးကာ၊ Big Bag ၊ ဟဲလေး။ Nine One ၊ Snare ၊ ရိန်မိုး။ ကျော်ကျော်ဗို၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ လွှမ်းပိုင်၊ အစ္စဏီ၊ သိန်းလင်းစိုး။ ဒီယံ၊ အားတီ၊ ကောင်းကောင်း။ ဘန်နီဖြိုး။ သားသား၊ ရဲရင့်အောင်၊ ဝေလ၊ Nov Zy ၊ သီရိဆွေ၊ မိစန္ဒီ၊ အိုင်ရင်းဖင်မာမြင့်၊ မို့မို့လွင်၊ ပိုပို၊ ဝါဆိုမိုးဦး။ မာရီနာ၊ ဆန်းသစ်လတို့ ဖြစ်ကြပါသတဲ့။

## Iron Cross ဂီတအဖွဲ့ ဖျော်ဖြေပွဲ

လူငယ်ပရိသတ်တွေ နှစ်သက်ကြတဲ့ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ ပါဝင်တဲ့ Iron Cross ရော့ခ်တေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေပွဲကို ၂၀·၇· ၂၀၁၄၊ ညနေ ၆:၀၀ နာရီက စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း။ မြေနီကုန်းကားရပ်နားဝင်းအနီးရှိ Myanmar Event Park မှာ ပြုလုပ်သွားခဲ့တဲ့အကြောင်း သိရှိရပါတယ်။

## မြန်မာရုပ်ရှင်ဇာတ်ကားနှစ်ကား ပြသမည့် ဝဿန်ရုပ်ရှင်ပွဲတော်

ဥရောပထိပ်တန်းရုပ်ရှင်ပွဲတော် ကာလိုဗီဗယ်ရီ ရုပ်ရှင်ပွဲတော်မှာ န ါပေါင်း ၅၀ အတွင်း နှစ်ကြိမ်သာ ပြသနိုင်ခဲ့တဲ့ မြန်မာရုပ်ရှင်ဇာတ်ကားနှစ်ကား (ရတနာပုံရုပ်ရှင်ဇာတ်ကားနှင့် The Monk ဇာတ်ကား)ကို ဝဿန်ရုပ်ရှင်ပွဲတော်အတွင်း အမှတ်တရကဏ္ဍာကနေ ပြသသွားမယ်လို့ ဆိုပါတယ်။

အဆိုပါဇာတ်ကားနှစ်ကားကို စက်တင်ဘာလ တတိယပတ်မှာ ပြုလုပ်မယ့် ဝဿန်ရုပ်ရှင်ပွဲတော်မှာ ပြသသွားမယ်လို့ သတင်းရရှိပါတယ်။

## 'နာမည်ကျန်နေရမယ်' တေးစီးရီး ဖြူဖြူကျော်သိန်း ထွက်ဦးမည်

နာမည်ကျော်တေးသံရှင် ဖြူဖြူကျော်သိန်းရဲ့ တေးစီးရီးအသစ် "နာမည်ကျန်နေရမယ်"ဆိုတာကို စက်တင်ဘာလထဲမှာ ထွက်ရှိဖို့ရာ စီစဉ်နေပြီဖြစ်တဲ့အကြောင်း ကြားသိရပါတယ်။ တေးစီးရီးသစ် စုစုပေါင်း ၁၀ ပုဒ် ပါဝင်ပြီး The Scare Rock Music Band နဲ့ တီးခတ်ထားလို့ အဲသည်အဖွဲ့မှာ လူငယ်မျက်နှာသစ် အနုပညာရှင်နှစ်ဦး ပါဝင်ထားတယ်လို့ ဆိုပါတယ်။ တေးရေး ပြူးကြီး၊ ဖြူဖြူကျော်သိန်းတို့နှစ်ဦးက တီးခတ်မှုနဲ့



www.burmeseclassic.com

www.burmeseclassic.com

Arrangement အပိုင်းတွေအပါအဝင် တေးသီချင်းတွဲဖက်သီဆိုမှုတွေပါ ပါဝင်လိမ့်ဦးမယ်လို့ ဆိုပါတယ်။ စီးရီးထွက်ရှိတဲ့အခါ ရန်ကုန်မြို့ရှိ Strand Hotel မှာ တစ်ကိုယ်တော် ဖျော်ဖြေပွဲ ပြုလုပ်ဖို့ရာ စီစဉ်ထားတဲ့အကြောင်း သိရှိရပါတယ်။

## ဩဂုတ်လဆန်း၏ စီစဉ်ထားရှိခဲ့သော ပွဲများ

မိုးရာသီကာလအစဖြစ်တဲ့ ဇွန်လဆန်းကစလို့ ပြုလုပ်မှု ကျဲပါးသွားတဲ့ ဖျော်ဖြေပွဲတွေကို ဩဂုတ်လဆန်းမှ စတင်ဆက်တိုက်ပြုလုပ်ဖို့ စီစဉ်ခဲ့တဲ့အကြောင်း ပွဲစီစဉ်သူတွေထံက သတင်းရရှိပါတယ်။

စီစဉ်ခဲ့တဲ့ ပွဲတွေမှာတော့ အဆိုတော် စိုင်းဆိုင်မောဝ်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲ၊ အဆိုတော်ခိုင်ထူးရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲ၊ အဆိုတော် နီနီဝင်းရွှေရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲ၊ ZNE1 Kpop အဖွဲ့ရဲ့ ဖျော်ဖြေပွဲ၊ စွမ်းဇာနည်ရဲ့ ဇာတ်သဘင်ဖျော်ဖြေပွဲ၊ အဆိုတော်ငါးဦးရဲ့ ပူးပေါင်းဖျော်ဖြေပွဲ၊ S.I.R အဖွဲ့ရဲ့ ဖျော်ဖြေပွဲ၊ Iron Cross တီးဝိုင်းရဲ့ ဖျော်ဖြေပွဲများ ပြုလုပ်ဖို့ရာ စီစဉ်ထားတယ်ဆိုတဲ့အကြောင်း သတင်းရရှိပါတယ်။

## မြန်မာကိုယ်စားပြုဇာတ်ကားတစ်ကား ဂျပန်နိုင်ငံ၌ပြုလုပ်မည့် အနုပညာပြပွဲအတွက် ရွေးချယ်ခံရ

ဒါရိုက်တာ သည်မော်နိုင်ရိုက်ကူးတဲ့ Between the Pages ဇာတ်ကားဟာ မြန်မာကိုယ်စားပြု ဇာတ်ကားဖြစ်ပြီး ဂျပန်နိုင်ငံ၊ ဖူကူအိုကာမြို့မှာ ကျင်းပပြုလုပ်မယ့် အနုပညာပြပွဲမှာ ပြသဖို့ရာ ရွေးချယ်ခံထားရတယ်လို့ သိရှိရပါတယ်။ အဆိုပါ အနုပညာပြပွဲကို စက်တင်ဘာလ ၆ ရက်မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ပြုလုပ်သွားမှာဖြစ်ပြီး Fukuoka Asian Triennale လို့ အမည်ပေးထားကာ နိုင်ငံပေါင်း ၂၁ နိုင်ငံက ပန်းချီလက်ရာများ၊ ပန်းပုများ၊ အင်စတော်လေးရှင်းပြကွက်များနဲ့ ဇာတ်ကားများ ပါဝင်ပြသဖို့ရာအတွက် ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ Between the Pages ဇာတ်ကားဟာ စာအုပ်ထုတ်လုပ်တဲ့ စက်ရုံအတွင်းက လုပ်သားတွေရဲ့ လှုပ်ရှားရုန်းကန်မှုတွေကို ပုံဖော်ရိုက်ကူးထားခြင်းပဲ ဖြစ်ပါသတဲ့။

## သုတဘာဏ် စာတမ်းဖတ်ပွဲကျင်းပ

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပတဲ့ သုတဘာဏ်စာတမ်းဖတ်ပွဲအခမ်းအနားကို ၂၇၊ ၇၊ ၂၀၁၄၊ မွန်းတည့် ၁၂ နာရီက ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

စာတမ်းဖတ်ပွဲမှာ စာတမ်းရှင် ဒေါက်တာဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)က "မြန်မာဘာသာစကားတွင် အပြောဟန်နှင့် အရေးဟန်တို့ ကွဲပြားလာမှုကို သမိုင်းဘာသာအမြင်ဖြင့် လေ့လာခြင်း" စာတမ်းနှင့် ဦးစိန်လှိုင်(ဆရာသုရဇော်)က "အချိုးကဗျာနှင့် ဇာတ်သဘင်"စာတမ်းတို့ကို ဖတ်ကြားတင်သွင်းခဲ့ပြီး တက်ရောက်လာသူတွေရဲ့ မေးမြန်းချက်တွေကို ဖြေကြားပေးခဲ့တဲ့အကြောင်း သတင်းရရှိပါတယ်။

**အမ်ဧကေ** (စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com




### မနေပါဘူး

သူငယ်ချင်းနှစ်ဦး တစ်နေရာတွင် ဆုံမိကြ၏။

''ငါကွာ ‥ မင်းကို အံ့သြလို့မဆုံးဘူး။ တစ်လောက မင်းမိန်းမနဲ့ ဒရိုင်ဘာကို ညှော်ခန်းက ဆိုဖာပေါ်မှာ တွဲထိုင်နေတာ တွေ့တယ်ဆို''

''ဟုတ်တယ်လေကွာ''

''အေး … အဲဒါ မင်းဘာမှမလုပ်ဘူးလား။ ဒရိုင်ဘာဆိုတာ မင်းလစာပေးပြီး ခိုင်းထားတဲ့ကောင်ပဲဟာ။ တစ်ခုခု အရေးယူရမှာပေါ့''

''မနေပါဘူးကွာ။ ငါလုပ်ပါတယ်''

'ပြောစမ်း … ဘယ်လိုလုပ်သလဲဆိုတာ''

''ဘာလုပ်ရမှာလဲ။ နောက်တစ်နေ့မှာပဲ သင်းတို့ အတူတွဲထိုင်တဲ့ ဆိုဖာကြီးကို ရောင်းပစ်လိုက်တယ်လေ''

''ကောင်းရောကွာ …''

□□□

### လွယ်ပါတယ်

တစ်နေ့သ၌ ဆေးခန်းထဲသို့ လူတစ်ယောက်ဝင်လာပြီး ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေး၏။

''ဒေါက်တာ … ကျွန်တော့်မိန်းမဟာလေ အိမ်ထဲကနေ အိမ်ပြင်ကို မထွက်ဘူး။ တစ်နေကုန် ခုတင်ပေါ်မှာ ချည်း လှဲနေလို့ အဲဒါ ဘယ်လိုလုပ်ရမလဲ ဒေါက်တာ။ ကူညီပါဦး''

ဆရာဝန်လည်း အတန်ငယ်စဉ်းစားပြီး –

''လွယ်ပါတယ်ဗျာ။ စိတ်မပူပါနဲ့။ ခင်ဗျားအိမ်ပြန်ရင် သူ့အတွက် ချစ်သက်လက်ဆောင်ဆိုပြီး အဝတ်အစားသစ်တစ်စုံရယ်၊ ဖိနပ်လှလှလေးတစ်ရန်သာ ဝယ်ပေးသွား။ လမ်းလျှောက်စေရမယ်''

ဆရာဝန်ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရာ ထိုသူ၏ မိန်းမလည်း လမ်းချည်းထွက်နေတော့သည် ဟူသတတ်။

□□□



www.burmeseclassic.com

www.burmeseclassic.com

သလားကွာ''

''အို ... ဘာတွေပြောနေတာလဲ။ ကျွန်မ ရှင့်ကို ဆွဲထားတာ ကိစ္စမပြတ်သေးလို့ရှင့်။ ဟော်ဒီမှာ ရှင်နဲ့ကျွန်မ ကွာရှင်းတဲ့အကြောင်း စာချုပ်မှာ လက်မှတ်ထိုးပေးခဲ့ဦး။ ကျွန်မဘက်က အစစအရာရာ ကင်းရှင်းမှ နောက်အိမ် ထောင်ပြုလို့ရမှာရှင့် ... သိရဲ့လား''

''အယ် ...''

□□□

## ၁၀.ဂရုမလဲ

ချစ်သူဖြစ်စ စုံတွဲတစ်တွဲသည် လူချောင်သော ရုပ်ရှင်ရုံတစ်ရုံသို့ဝင်ကာ ထောင့်စွန်းကျ၊ လူရှင်းသော နေရာ၌ နေရာယူလိုက်ကြသည်။

မကြာခင် ရုပ်ရှင်ပြတော့မည်ဖြစ်၍ ရုံတွင်းတစ်ခုလုံး မှောင်အတိကျသွားသည်။ ထိုအခါ ကိုယ်တော်ချော မချွေချောအား စကားစလိုက်၏။

''ကိုယ် မင်းကိုဖက်ထားချင်တယ်''

ထိုသို့ ဆိုလေသော် မချွေချောက မည်သည့်စကား မျှ ခွန်းတုံ့မပြန်ဘဲ ရေငုံနှုတ်ပိတ်နေလေ၏။ ထိုအခါ ကိုယ် တော်ချောက ထပ်ပြောပြန်၏။

''ကိုယ် မင်းကိုဖက်[illegible]ယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း မရွှေချောက ပြန်မပြော။ သည်တော့ ကိုယ်တော်ချော နည်းနည်းတင်းသွားပြီး ...

"ဟော့ ... မင်း နားလေးနေလားဟင်"

ဟု ဆိုလိုက်၏။ ဤတွင် မရွှေချောက ...

"ရှင်ကော လက်တွေ အကြောသေနေသလား"

ဟု ခွန်းတုံ့ပြန်လိုက်လေသတည်း။

□□□

## ကလေးရဲ့အတွေး

ဖိုးညွှက်သည် လူကောင်ညွှက်သလောက် စကားကို ကတ်တီးကတ်ဖဲ့ပြောဆိုတတ်သည့် ကလေးငယ်ဖြစ်၏။

တစ်နေ့သ၌ သူ့အဘွားအခန်းသို့ ဝင်သွားကာ -

"ဘွားဘွားရေ ... ဟိုတစ်နေ့က ဖေဖေလေ မေမေ့ကို အခန်းထဲမှာ ဖက်ပြီးနမ်းနေတယ်"

"အို ... မြေးရယ်၊ သူတို့က လင်နဲ့မယားပဲဥစ္စာ။ နမ်းချင်နမ်းမှာပေါ့။ မထူးဆန်းပါဘူး"

"ဟင် ... ဟုတ်လား။ ဒါဆို ဟိုနေ့တုန်းက ဘိုးဘိုးကြီးလေ ထမင်းချက်ဒေါ်ဆုံကြီးကို မီးဖိုချောင်ထဲမှာ နမ်းနေတယ်။ အဲဒါကျတော့ရောဟင် ..."

"တောက် ... နေဦး။ သေနာကျကြီး ... ငါနဲ့တွေ့မယ်"

ဘွားအေဖြစ်သူ ထွက်သွားရာသို့ ဖိုးညွှက်လည်း နားမလည်တတ်စွာ ငေးကြည့်နေသတတ်။

□□□

## ယောင်လို့ပါ

ရုံးအားရက်တစ်နေ့၏ ညတွင်ဖြစ်သည်။

လင်မယားနှစ်ယောက်သည် တီဗီမှလာသော 'အမုန်းကျိန်စာ'ရှိ သရဲဇာတ်ကားတွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုနေကြလေသည်။ ဤတွင် ဇာတ်လမ်းက ဇာတ်ရှိန်တက်၍ ကောင်းခန်းရောက်ပြီဆိုမှဖြင့် စီးပွားရေးကြော်ငြာများက မျက်စိနောက်စရာကောင်းလောက်အောင် ရှည်ရှည်များများထွေပြားစွာ ဝင်ဝင်လာတတ်ကြသည်။

ထိုသို့ ကြော်ငြာများဝင်လာပြီဆိုမှဖြင့် ယောက်ျား

www.burmeseclassic.com

တနင်္ဂနွေနေ့မှာ သူမင်္ဂလာဆောင်မှာမို့ မဖြစ်မနေ လာခဲ့ပါတဲ့"

"ဟာ ... ကွာ၊ နေပြည်တော်ကိုတောင် သွားရမယ်။ ဝေးက ဝေးသနဲ့။ ငါတစ်ယောက်တည်း မလာတာနဲ့တော့ မင်္ဂလာပွဲက ပျက်မသွားနိုင်ပါဘူးကွာ။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ။ နေပြည်တော် အဝေးပြေးလမ်းမှာ ကားတွေ မကြာခဏမှောက်နေတာ မတော် ငါသွားလို့ တစ်စုံတစ်ခုဖြစ်ရင် မင်းဗျာများနေရပါလိမ့်မယ်"

"ဩော် ... ဒါလား၊ မပူနဲ့။ ကျွန်မ ဘယ်လိုမှ မဖြစ်ဘူး။ စိတ်သာချ။ ရှင်သွားလို့ အဝေးပြေးလမ်းမှာ တစ်ခုခုဖြစ်ရင် အသက်အာမခံလျော်ကြေးတွေက နည်းတာ မဟုတ်ဘူးရှင့်"

"ဟေ ..."

□□□

## ရှိနေလို့သာပ

ငွေကြေးအသုံးအစွဲ လက်ဖွာသည့် ခင်ပွန်းသည်ကြောင့် ဇနီးဖြစ်သူမှာ အကြီးအကျယ် ပေါက်ကွဲလျက် ဒေါသူပုန်ထနေ၏။ ပြီးတော့ အောင့်အည်းနှုတ်ပိတ်မနေဘဲ စကားသံများ အော်ဟစ်ပွင့်ထွက်လာလေတော့၏။

"ရှင်က အသုံးအစွဲ အင်မတန်လက်ဖွာရအောင် ကိုယ့်ကိုယ်ကို ဇောတိကများ မှတ်နေသလား။ ဒါမှမဟုတ် ရှင့်ကိုရှင် ဘီလ်ဂိတ်လို့များ ထင်နေသလား"

ယောက်ျားမှာ တုတ်တုတ်မျှမလှုပ်။

"အဟင်းဟင်း ... ဟင်း၊ တကယ်လို့များ ကျွန်မ သာမရှိရင်၊ ကျွန်မပိုင်တဲ့ ပိုက်ဆံတွေကြောင့်သာမဟုတ်ရင် ဟောဒီတိုက်အိမ်ကြီးလည်း ရှိလာမှာမဟုတ်ဘူး။ ကျွန်မပိုင်တဲ့ ပိုက်ဆံတွေကြောင့်သာမဟုတ်ရင် ရှင်စီးနေတဲ့ ဇိမ်ခံကားကြီးလည်း ရှိလာမှာမဟုတ်ဘူး။ ပြီးတော့ အစားကောင်း၊ အသောက်ကောင်းတွေကိုလည်း ရှင် စားရမှာ မဟုတ်ဘူး။ ကဲ ... ဘာပြောချင်သေးလဲ"

ထိုရောအခါမှ ယောက်ျားထံမှ စကားသံထွက်ပေါ်လာလေ၏။

"အေး ... မင်းပြောနေတာတွေဟာ အမှန်တွေချည်းပဲ။ တကယ်လို့ မင်းပိုင်တဲ့ ငွေကြေးပိုက်ဆံတွေကြောင့်သာ မဟုတ်ရင် ငါလည်း မင်းရဲ့ယောက်ျား ဖြစ်လာစရာ အကြောင်းမရှိဘူး"

□□□

## ပြုံးမှုဆိုင်ရာ ရယ်စရာ

## ရယ်စရာလောကကြီး

ယခုနှစ် စပါးအထွက်ကောင်းသည့်အတွက် လယ်သမားကြီးကိုခွေးသည် နွားမထပ်ဝယ်ရကောင်းမလား ဆိုင်ကယ်ဝယ်စီးရကောင်းမလားဟူ၍ တအုံနွေးနွေး ဖြစ်နေလေရာ ဇနီးသည် မရွှေတုတ်ကို ခေါ်ယူတိုင်ပင်လေ၏။

"ရွှေတုတ်ရေ ... ငါတော့ နွားမဝယ်ပြီး နို့ညှစ်ရောင်းရင် ကောင်းမလား၊ ဆိုင်ကယ်ဝယ်ပြီး ကယ်ရီဆွဲရင် ကောင်းမလားဆိုတာ ဝေခွဲမရဘူးဟေ့။ မင်းအနေနဲ့ အကြံပေးစမ်းပါဦး"

"အင်း ... ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင် ရှင် ဆိုင်ကယ်ကြီးကို ဒေါက်ထောက်ပြီး နို့ညှစ်နေတာကိုတွေ့ရရင် လူတွေဝိုင်းရယ်ကြမှာ အမှန်ပဲ"

"ဩော် ... ဒီလိုလား။ လောကကြီးကလည်း တော်တော်ခက်ပါကလားကွာ။ နွားမကိုခွစီးပြီး ကယ်ရီဆွဲမယ်ဆိုရင်လည်း လူတွေရယ်ကြဦးမှာပဲနော်"

"ဟုတ်တာပရှင် ... ဟုတ်တာပ"

မြို့မေတ္တာခံ
ကိုရွှေတော



www.burmeseclassic.com

www.burmeseclassic.com



# မလုံသောလိပ်ပြာ

## ပိုက်မင်းဝေ

သကြိန်ရက်အတွင်း အလုပ်နားချက်ရသဖြင့် ယိုယွင်းနေပြီဖြစ်သော အိမ်ကလေးကို ပြင်ဆင်ရသည်။ သည်လိုပြင်ဆင်ထားမှ လာမည့် မိုးတွင်းကာလကို ဖြတ်ကျော်နိုင်မည် မဟုတ်လား။ ပျဉ်ထောင်သွပ်မိုး အိမ်ကလေးဖြစ်သော်လည်း နှစ်ကာလကြာမြင့်လာပြီဖြစ်သဖြင့် ဆွေးစပြုနေပြီဖြစ်သော ဘေးထရံနှင့် အမိုးတို့ကို ဖာထေးရ၏။ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းနေထိုင်သူ ကိုအောင်ကြီးက ဝိုင်းကူ၍ လုပ်ပေးသည်။

သကြိန်အတက်နေ့တွင် . . . ကိုအောင်ကြီးအလာကိုစောင့်ရင်း ပျဉ်တစ်ချောင်းကို ဖြတ်နေခိုက် ရေတွေစိုနေသော ကိုအောင်ကြီး ရောက်လာသည်။

"ကိုအောင်ကြီး ရေတွေလည်းစိုလို့။ ဒါနဲ့ မျက်နှာလည်း မကောင်းပါလား"

"အင်းဗျာ၊ စိတ်မကောင်းစရာဖြစ်လာလို့ပါ"

"ဘာများ စိတ်မကောင်းစရာဖြစ်လာလို့လဲ"

"အိမ်က ကျွန်တော့်အဘိုးလေး ဦးမြဒင်ပေါ့။ သည်မနက်အစောကြီး အထုပ်ပြင်ပြီး ရွာက ဆွေမျိုးတွေဆီ သွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ"

"ဟင် . . . အသက်ကလည်း ရှစ်ဆယ်နီးပါး ရှိနေပြီမဟုတ်လား။ ခင်ဗျား မတားဘူးလား"

"တားတာပေါ့ဗျာ။ ဒါပေမယ့် မရပါဘူးဗျာ၊ ဇွတ်ကြီးဗျ။ သကြိန်ပြီးမှ ပို့ပေးပါမယ်ဆိုတာလည်း မရ၊ သွားရမှာလည်း နီးနီးမဟုတ်ဘူး။ ကုန်းတစ်တန်၊ ရေတစ်တန်"

"သူ့အမျိုးတွေ လွမ်းလို့နေမှာပေါ့"

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားမနေ့က ရပ်ကွက်ထဲမှာ လော်စပီကာနဲ့အော်တဲ့အသံ ကြားလိုက်သေးလား"

"ဘာတုံးဗျ"

"အသက် ခုနစ်ဆယ်အထက်ရှိသူများ ရပ်ကွက်မွှာရုံးသို့ စာရင်းလာရောက်ပေးသွင်းကြပါရန်နှင့် သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပရန်အတွက်ဆိုပြီး အော်တာလေ"

"အင်းလေ . . အဲဒါနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်သမျှ သိပ်ဆိုင်။ ကျုပ်အဘိုးလေးအကြောင်း ခင်ဗျားမသိလို့ပါ။ ငယ်ငယ်ကတည်းက မူးရူးသောင်းကျန်း၊ မဟုတ်တာမှန်သမျှ အကုန်လုပ်။ ခိုးဆိုးတိုက်ခိုက်။ အိုဗျာ ဘာတစ်ခုမှ ကောင်းတာမလုပ်ခဲ့ဘူး။ အချုပ်တို့ ထောင်တို့ဆိုတာ သူ့အိပ်ရာ။ အခုထွက်သွားတာတောင်မှ ပြောသွားသေးတယ်။ 'အဲဒါတွေက ငါနဲ့ မတန်ပါဘူးကွာ'လို့ ပြောပြီး ထွက်သွားတော့တာပါဘဲဗျာ"

"ဪ . . ."

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com



# စာရေးဆရာနှင့် သူ့ပရိသတ်

ကျော်မြင့်(မြောင်းမြ)

မြို့နယ်တစ်ခုက စာပေဟောပြောပွဲတစ်ခုတွင် ဖြစ်သည်။ စာရေးဆရာက အာပေါင်အာရင်းသန်သန်ဖြင့် ဟောပြောနေ၏။ လွန်စွာများပြားလှသည့် ပရိသတ်ကလည်း စိတ်ဝင်တစား နားထောင်နေသည်။ စာရေးဆရာက ရယ်စရာပြောလိုက်လျှင် ပရိသတ်ကြီးမှာ လက်ခုပ်တီးပြီး အားပေးလိုက်သည်။ စာရေးဆရာက ဝမ်းနည်းစရာ ပြောလိုက်လျှင် ပရိသတ်မှာ စုတ်တသပ်သပ် ဖြစ်နေရှာသည်။ ဟောပြောပွဲမှာ အလွန်စည်ကားနေသည်။

စာရေးဆရာသုံးယောက် တစ်ယောက်ပြီးတစ်ယောက် ဟောပြောပြီးသောအခါ ည ၁၂ နာရီပင်ရှိနေပြီဖြစ်သည်။ ဟောပြောပွဲပြီး၍ ပရိသတ်မှာ အလျှိုလျှိုပြန်ကုန်ကြသည်။ နောက်ဆုံး ဟောပြောသော စာရေးဆရာနှင့် ပရိသတ်အချို့မှာ မပြန်ကြသေး။ ပရိသတ်က စာရေးဆရာကို အမှတ်တရလက်မှတ် ထိုးခိုင်းနေ၍ ဖြစ်သည်။ စာရေးဆရာက ပရိသတ်များအတွက် စိတ်ရှည်လက်ရှည်ဖြင့် အမှတ်တရလက်မှတ်ထိုးပေးနေရင်း နောက်ဆုံးပရိသတ်တစ်ဦးသာ ကျန်တော့သည့် အချိန်ရောက်လာသည်။

"ခင်ဗျား ကျွန်တော်ဟောတာကို အားပေးတယ်ဆိုတော့ ကျွန်တော့်စာတွေကို ကောင်းကောင်းဖတ်မှာပေါ့နော်"ဟု စာရေးဆရာက သိချင်စိတ်ဖြင့် မေးကြည့်သည်။

"မဖတ်ဖူးဘူးဗျ။ အဲ . . . ဆ[illegible] စာအုပ်တစ်အုပ်မှကို မဖတ်ဖူးတ[illegible]" ပရိသတ်က ပြန်ဖြေသည်။

စာရေးဆရာမှာ အံ့အားသ[illegible] သွားပြီး "ဒါဆို ခင်ဗျားက ဘာဖြစ်[illegible] ကျွန်တော်ဟောတာကို လာ[illegible] ထောင်ရတာလဲ"ဟု ထပ်ပြီးမေးလို[illegible] သည်။


ထိုအခါ ပရိသတ်က "ကျွန်[illegible] ရယ်ချင်လို့ပါဗျာ"ဟု ပြန်ပြောလို[illegible] သည်။

ကျော်မြင့်(မြော[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ခြေထောက်ပါတဲ့ ဖိတ်စာ

အောင်လံသား

နတ်ဘော်၊ ပြာသို စာဆိုတာ မရှိခဲ့ရင် ဘယ်ထိအောင်များ မင်္ဂလာဆောင်ကြမလဲ မသိပါဘူးဟု ဖိတ်စာပုံကိုကြည့်ရင်း ခေါ်ခြင်ခြင် ညည်းလိုက်သည်ကို မင်္ဂလာဆောင်မှ ပြန်ရောက်လာသည့် ဦးဝင်းအောင်က အင်္ကျီကိုချွတ်ရင်း မကြားသလို နေလိုက်သည်။ ဦးဝင်းအောင်၏ ဝင်ငွေက မိသားစုစားဝတ်နေရေး ဖူလုံရုံလောက်သာ ရှိသည်။

သီတင်းကျွတ်ပြီ ဆိုသည်နှင့် ရောက်လာသည့် မင်္ဂလာဆောင်ဖိတ်စာတွေ ပလူပျံနေသည်။ အခုခေတ် မင်္ဂလာဆောင်တွေက အပြိုင်အဆိုင်ဆိုတော့ တစ်ခါတလေ တစ်ရက်တည်း သုံးပွဲများတောင် ဖြစ်သွားခဲ့သည်။ လူမှုရေးအရ သွားနေရပေမယ့် ဦးဝင်းအောင်မှာ မလူးသာမလွန့်သာ။ ဝင်ငွေနှင့် ထွက်ငွေက မမျှ။ မိသားစုစားဝတ်နေရေးက ဂါးလုံးခေါင်းထဲ ဆင်ဝင်နေလေတော့ အခုလို သာရေးနာရေးနှင့်ကြုံခဲ့ရင် အိမ်စားရိတ်အတွက် ညစာမှာ ရှစ်ပါးသီလ ဖြစ်သွားခဲ့ရသည်။ အခုလည်း ရောက်ရောက်ချင်း ဇနီးသည်က မေးနေပြန်သည်။


"အစ်ကို ဘယ်လောက်လက်ဖွဲ့ခဲ့လဲ ... ဟင်"

မျက်နှာလေး ညှိုးငယ်စွာဖြင့် မေးလာသော ဇနီးသည်ကို အဆင်ပြေအောင် အလိုက်သင့် ပြောလိုက်သည်။ မပြောလို့လည်း မဖြစ်။ ထိုမင်္ဂလာဆောင်က အရမ်းရင်းနှီးနေသည်။ တစ်ခုတော့ရှိသည်။ ကိုယ့်ရပ်ကွက်ထဲမှာဆောင်လျှင် လက်ဖွဲ့ငွေ ပြောင်းလဲသွားနိုင်သည်။ ထိုမင်္ဂလာဆောင်က မြို့ထဲက ခန်းမမှာဆောင်တာဆိုတော့ ငွေက မျက်နှာပန်းလှမှ ဖြစ်မည်။ ဒါကြောင့်လည်း အိမ်စားရိတ်ထဲမှ ငွေသားအချို့ကို နုတ်ပြီးသွားခဲ့ရသည်။

အပြန်လမ်းတွင် မိတ်ဆွေတစ်ယောက်နှင့်ဆုံပြန်၍ ထိုသူက ဖိတ်စာကိုထုတ်ပြီးရေးပေးလိုက်သည်ကို ဇနီးသည်အားပြောပြရမည်လားဟု တွေးနေမိသည်။

**အောင်လံသား**

www.burmeseclassic.com



■ သားထက်ဆွေ

# ရေကား

နေပြည်တော် စတင်တည်ထောင်ခါစက ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်၊ ဆိုဒ်တစ်ခုနှင့်တစ်ခု လုပ်ငန်းကိစ္စ ပြောဆိုကြရာတွင် စကားပြောစက်ဖြင့် ပြောဆိုရသည်။ ပစ္စည်းလိုအပ်လျှင်၊ လုပ်ငန်းသုံးကားလိုအပ်လျှင် စကားပြောစက်နှင့်ပင်-

"သဇင် . . သဇင် . . သဇင်ကောင်းလား . . ."

"ကောင်းတယ် . . ပေါက်"

"ဆေးရုံကုန်းအတွက် ဘိလပ်မြေလိုလို့ . . ."

"ရထား . . . ရထား . . ."

ရထားဆိုသည်မှာ စက်နှင့်ဆက်ဆံပြောဆိုသည့် အကြောင်းအရာပေါ် မူတည်၍ အဆင်ပြေကြောင်း၊ လုပ်ပေးမည်ဖြစ်ကြောင်း၊ ပို့ပေးမည်ဖြစ်ကြောင်း လျှို့ဝှက်စကားလုံးပင် ဖြစ်သည်။

စက်နှင့်ပြောဆိုမှု အတွေ့အကြုံမရှိက အတော်အူကြောင်ကြောင်နိုင်လှသည်။ ဘယ်ခလုတ်နှိပ်ရမှန်းမသိ ဘယ်လိုပြောရမှန်းမသိ "ဟဲလို . . . ဟဲလို"လို့ပဲ ပြောရမလား။ နောက်ပိုင်း အထာကျသွားတော့ အသားကျသွားသည်။

ဆေးရုံကုန်းသို့ အင်ဂျင်နီယာအသစ် ရောက်လာသည်။ စက်တစ်လုံးပေးထားလိုက်၏။ ကိုင်ခါစဆိုတော့ အူကြောင်ကြောင်။ နောက်နေ့ စက်ကိုင်ပုံ အတန်ငယ် နားလည်လာသော်လည်း အပြောအဆိုပုံမကျ အပြစ်မဟုတ်ပါ။ ဖြစ်တတ်ကြပါသည်။

တစ်နေ့တွင် ထိုအင်ဂျင်နီယာ အသစ် လုပ်ငန်းသုံးရေကား တောင်း၏။ သူတောင်းပုံ ဆိုပုံကြောင့် အားလုံး ပြုံးစိစိဖြစ်ကြရသည်။

"သဇင်ကောင်းလား . . . သဇင်"

"ကောင်းတယ် . . . ပေါက်"

"ဆေးရုံကုန်းအတွက် ရေကား တစ်စီးပို့ပေးပါ . . ."

"ရထား . . . ရထား . . ."

တစ်ဖက်မှ ပို့ပေးမယ်ဟု ရထား ဆိုပြီး အပေါက်တွင် ထိုအင်ဂျင်နီယာ နားလည်မှုလွဲကာ ပြန်ပြောပုံ


"ရထား မဟုတ်ဘူး။ ရေကား . . . ရေကား . . ."တဲ့။

သားထက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



# အကျင့်ပျက်မှာ စိုးသူများ

မောင်မြင့်မား(ဘိုကလေး)

ကျွန်တော် ငယ်ငယ်က ရန်ကုန်မှာနေတဲ့ ကျွန်တော့်အမေရဲ့အစ်ကို ကျွန်တော့်ဘကြီးဆီကို မကြာမကြာရောက်သည်။ အမေကျန်းမာရေးမကောင်းလို့ ဆေးရုံတက်ရတာတို့၊ ကျွန်တော့်အဖေဘက်က အမျိုးတွေ ရန်ကုန်က ဘုရားတွေဖူးချင်လို့ အဖေက လိုက်ပို့ရတာမျိုးဆိုလျှင် လူကြီးတွေနှင့်အတူ ကျွန်တော်ပါ ဘကြီး အိမ်ကို ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘကြီးအိမ်မှာတည်းပြီး အမေ့ကို ဆေးရုံတက်၊ ဆေးကု၊ ဆေးရုံက ဆင်းလာတော့လည်း ဆရာဝန်ချိန်းထားတဲ့ရက်ကို ပြန်ပြရ၊ အိမ်ကို မပြန်တော့ဘဲ ဘကြီးအိမ်မှာပဲ စားသောက်ကာ တစ်လကျိုးသီတင်းကြာအောင် နေခဲ့ကြသည်။

အဖေ့ဘက်ကအမျိုး၊ အမေ့ဘက်ကအမျိုးတွေ ရန်ကုန်ကိုဘုရားဖူးလာလျှင် ဘကြီးအိမ်မှာပင်တည်းကာ ဘုရားစုံဖူး၊ အေးအေးဆေးဆေး လျှောက်လည်ပြီးမှ ပြန်ကြသည်။ ကျွန်တော်က ကလေးဆိုတော့ သွားတိုင်း ကျွန်တော်ပါသည်။

ဘကြီးက ရန်ကုန်တွင်နေစဉ် လခစားဝန်ထမ်းလုပ်နေပေမယ့် မိန်းမလုပ်တဲ့ဇနီးသည်က ရှာတတ် ဖွေတတ်သောကြောင့် ချောင်ချောင်လည်လည် နေနိုင်ကြသည်။ ဒါကြောင့်လည်း အမျိုးတွေ ရန်ကုန်တက်လာရင် ဘကြီးအိမ်မှာပဲ ဒိုင်ခံတည်းကြဟန် တူသည်။

ဘကြီးကလည်း အမျိုးတွေလာလျှင် ဝမ်းသာသည်။ မတွန့်တိုတတ်။ ရှိတာအကုန်ချကျွေးသည်။ မျက်နှာမငယ်ရအောင် ဖော်ရွေလွန်းလှသည်။ ကျွန်တော်ကြီးလာ၍ အိမ်ထောင်ကျကာ ကလေးများပင် ရသည်အထိ ဘကြီးအိမ်မှာပဲ တည်းသည်။

ကျွန်တော်တို့ကသာ ရန်ကုန် မကြာမကြာရောက်၍ ဘကြီးအိမ်ရောက်ပေမယ့် ဘကြီးက ဝန်ထမ်းဆိုတော့ ကျွန်တော်တို့ဆီကို သိပ်မလာဖြစ်၊ မှတ်မှတ်ရရ ကျွန်တော်အိမ်ထောင်မကျမီက ကျွန်တော်တို့မြို့ကို တစ်ခေါက်ပဲ လာဖူးသည်။ ဒါတောင် ရုံးရက်ရှည် ပိတ်ရက်မှာ အမေက အတင်းခေါ်လာ၍ ဖြစ်သည်။ နောက်ပိုင်း ကျွန်တော်တို့ဆီကို ဘကြီး တစ်ခေါက်မှ မလာဖြစ်တော့။ ကျွန်တော်တို့သာ ဘာကိစ္စနဲ့ ရန်ကုန်ရောက်ရောက် ဘကြီးအိမ်ကို ဝင်ဖြစ်ကြသည်။

အသက်တွေလည်း ကြီးကုန်ပြီ။ ဘကြီးလည်း အလုပ်က ပင်စင်ယူလိုက်ပြီ။ တစ်ရက် ... အမေနေမကောင်း၍ အမေ့အတွက် ဆရာဝန်ညွှန်ကြားသည့်ဆေးကို ရန်ကုန်လာဝယ်ရင်း ဘကြီးအိမ်ဝင်တော့ ဘကြီးက အမေနေမကောင်းတာကြားလို့

"မင်းအမေ နေမကောင်းဘူးလား။ ဒါဆို ငါလည်း အလုပ်က ပင်စင်ယူထားတော့ အားနေတာနဲ့ မင်းတို့ဆီ လိုက်လည်ဦးမယ်ကွာ။ မရောက်တာလည်း ကြာပေါ့"

"ဘဘက တကယ်ပြောတာလား"

"အေးပေါ့ကွ"

"ဟာ ... ဒါဆိုရင် အမေတော့ သိပ်ဝမ်းသာမှာပဲ။ ဘဘက မလာစဖူး လာတယ်ဆိုလို့"

ဤသို့ဖြင့် ဘဘ ကျွန်တော်တို့မြို့ကို လိုက်လာသည်။ ဘဘလာတော့ အမေလည်း အရမ်းဝမ်းသာနေသည်။ နေမကောင်းသည့်ကြားကပင် ဖျာပုံကို လူကြုံနှင့် ပုစွန်ခြောက်မှာလိုက်သည်။ ဘဘ ပုစွန်ခြောက် ကြိုက်တတ်မှန်း သိ၍ဖြစ်သည်။ ဆေးမဆိုးတဲ့ ပုစွန်ခြောက်ရွှရွှကလေးများကို ဆီရွှဲရွှဲလေးဆမ်းကာ ဘဘကိုကျွေးသည်။ ဘဘ...
တစ်ဖွန်းခပ်စားရင်း –

"ပုစွန်ခြောက်ကတော့ ရှယ်...
ဟော့။ ဒါပေမယ့် ဆီတွေက များ...
တယ်ကွ"

အမေက –

"အစ်ကို ဘယ့်နှယ်ပြော...
လိမ့်။ အစ်ကိုငယ်ငယ်ကရော အိ...
ထောင်မကျခင် ဒီမှာနေတုန်းက...
ပုစွန်ခြောက်ကို ဆီရွှဲရွှဲကလေးဆ...
ပြီး ဖွန်းကလေးနဲ့ ခပ်စားရ...
...ကိုသိပ်ကြိုက်တာ မဟုတ်လာ...
ခု ဘယ်လိုဖြစ်ရတာလဲ။ ဆီ...
လည်း ဒါလောက်မများပါဘူ...
ဩော် ... သိပြီ၊ သိပြီ။ တီဗီမှာ ကျ...
မာရေးဦးစီးဌာနက ကြော်ငြာနေ...
ရောဂါကင်းဖို့အတွက် အင်...
လျှော့စားပါ။ ဆီကို လိုသည်ထ...
ပိုမစားပါနဲ့ဆိုတာကြောင့်ထင်တ...

ဘဘက ပုစွန်ခြောက်ကို...
ရင်း ဘယ်လိုပြောသလဲဆိုတော့...


"မဟုတ်ပါဘူးကွာ။ ဆီကို...
လောက်များများ မစားနိုင်တာ...
ပါပြီ၊ ဆီနည်းနည်းပဲ စားနေ...
ကြာတော့ ခုလို ဆီများတာစား...
ပါးစပ်က မစားတတ်တော့ဘူး...
လည်း ရန်ကုန်ပြန်ရောက်ရင် ဒါ...
ပျက်မှာစိုးလို့ ပြောတာပါ"တဲ့။

မောင်မြင့်မား(ဘိုကလေး...



www.burmeseclassic.com

www.burmeseclassic.com



# နှစ်မျက်နှာရိုက်ကွင်း

❒ မောင်မိုးလှိုင်(သစ္စာမြေ)

ဗီဒီယိုရိုက်ကွင်းတစ်ခု၏ ဇာတ်ဝင်ခန်းတစ်နေရာ။ ရိုက်ကွင်းဘုရင်ဖြစ်သော ဒါရိုက်တာကိုနုပျိုက ရိုက်ကွင်းအနေအထားကို ကြည့်ရှုနိုင်သည့် မော်နီတာရှေ့တွင် အခန့်သား ထိုင်လျက် သူ့လက်ထဲမှာလည်း ရိုက်ညွှန်းဖိုင် အထူကြီးကို ကိုင်လျက်။

"ဟော့...အသင့်ဖြစ်ပြီဆိုရင် ရိုက်ကွင်းစလိုက်တော့"

ဤသို့ ကိုနုပျို၏ အက်ကွဲကွဲ အသံနှင့် ဖြူခွင်းလိုက်သော စကားသံကြောင့် သရုပ်ဆောင်များ၊ ကင်မရာမင်း၊ မီးထိုးမှန်ထိုးများ၊ အသံဖမ်းအဖွဲ့သားတို့သည် လုပ်ငန်းခွင်အတွက် အသက်ဝင်လှုပ်ရှားလိုက်ကြ၏။

"ဖိုက်–ဖိုး–သရီ –တူး–ဝမ်း ...အ ်ရှင်"

သမီးရယ်၊ အဖေတို့မှာ အလုပ်ရှင်သူဌေးကတစ်မျိုး၊ မန်နေဂျာကတစ်ဖုံ၊ ပညာမဲ့တတ်တော့ လုပ်အားခတွေ အချိုးအနှိမ်ခံရ၊ မတရားဖြုတ်တောက်၊ အလုပ်ချိန်ကျတော့ အပြည့်အဝဆင်းရရုံမကဘူး အချိန်ပိုတောင်ခိုင်းလိုက်သေး။ ဒါကို အဖေတို့ ခေါင်းငုံ့မခံနိုင်တော့ဘူးကွယ်။ ဒီတစ်ခါ အလုပ်ပြုတ်ချင်ပြုတ်ပါစေ... အဟွတ် ...အဟွတ် ...အဟွတ်"

"ဘယ်လိုဖြစ်ရတာလဲ ဦးလှမောင်ရယ်။ အရေးကြီးတဲ့ ဇာတ်ဝင်ခန်းကျမှဗျာ။ ချောင်းကလာဆိုးနေရသေး။ စကားစအပြတ်မှာ တောက်ခေါက်၊ အံကြိတ်၊ ခေါင်းတညိတ်ညိတ် လုပ်နေရမှာ။ ခင်ဗျား မျက်နှာကြီးကို ကင်မရာက(ဇွန်းဝင်)ပြီးမှ မင်းသမီးမျက်နှာဆီသွားရမှာ။ အချိန်တွေ ကုန်တယ်ဗျာ။ ဒီအချိန်တွေကို ငွေနဲ့ဆက်ဝယ်ထားရတာဗျ။ သိရဲ့လား။ ဟော့ ...ပြန်ရိုက်မယ် မြန်မြန်လုပ်"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ မနေ့ညက မိုးနည်းနည်းမိသွားပြီး ရင်ဘတ်အအေးမိသလို ဖြစ်နေလို့ပါ ဆရာ။ ဒီတစ်ခါ ပြန်ရိုက်ရင် မမှားစေရပါဘူး။ မင်းသမီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်ပါတယ်”

ငွေကြေးခန မပြည့်စုံ ဇရာပိုင်းကိုရောက်နေပြီဖြစ်တဲ့ ဓာတ်ပို့သရုပ်ဆောင် ဝါရင့်ကြီး ဦးလှမောင်ခမျာ ဒါရိုက်တာလက်သစ်လေး ကိုနုပျို နှင့် မင်းသမီးအား ပျာပျာသလဲ တောင်းပန်လိုက်ရရှာ၏။

• • •

ဗီဒီယိုရိုက်ကွင်း တစ်နေရာ။ တစ်နက်ခင်းလုံး မိုးသည် ဖွဲဖွဲရွာလိုက်၊ တစ်ခါတစ်ခါ သည်းလာလိုက် ဖြစ်နေ၏။ ဒီကနေ့အဖို့ရာ ရိုက်ကွင်းတည်ရန် ရွေးချယ်ထားခဲ့သည်။ တိုက်အိမ်ကြီးနှင့် ခြံဝင်းထဲတွင် ဗီဒီယိုရုပ်ရှင် ရိုက်ကူးရေးအဖွဲ့သားတွေ အစုံအလင်နှင့် ဒါရိုက်တာ ကိုနုပျိုပါ ရောက်ရှိနေသည်မှာ နံနက် ၉း၀၀ နာရီထဲကပင် ဖြစ်၏။ ရိုက်ကွင်းကား တစ်ကဒ်မှမရသေး။ သူ့မျက်နှာ သုန်သုန်မှုန်မှုန်ဖြင့် တစ်စုံတစ်ယောက်ကို မျှော်စောင့်နေရရှာ၏။ ဒါရိုက်တာကိုနုပျိုအား ရိုက်ကွင်းမန်နေဂျာက –

“ဆရာ အချမ်းပြေ တူးပတ်လောက် ချလိုက်ပါလား”

ဟု ပြောရင်း ဆော်ဒါနှင့်ရောထားသော ဝီစကီဖန်ခွက်ကို တရိုတသေ ကမ်းပေးလေ၏။

“အေးကွာ … အဓိကကျတဲ့ မင်းသမီးကလည်းမလာသေး။ ဘာတတ်နိုင်မှာလဲ။ အရက်ပဲ ထိုင်သောက်ရမလို ဖြစ်နေပြီကွ”

“ဒီကနေ့ မင်းသမီးကို ချိန်းထားတာ ၉း၃၀ နာရီခွဲအရောက်ဆို။ နုကြည့် ၁၁း၃၀ နာရီခွဲတော့မယ်။ မကြာခင် ၁၂း၃၀ ခွဲဆိုရင် ထမင်းစား နားရတော့မယ်။ ထမင်းကျွေးမယ့်ကားတောင် လာတော့မယ်ဆရာ”

ထိုစဉ် ရိုက်ကွင်းရှိရာ ခြံဝင်းထဲသို့ ကားတစ်စီး ဖြည်းဖြည်းမှန်မှန် မောင်းဝင်လာ၏။ ထိုကားကို မြင်လိုက်သည်နှင့် ကိုနုပျို ပြုံးပြုံးရွှင်ရွှင်ဖြစ်သွား၏။ ထိုကားပေါ်မှ အကယ်ဒမီမင်းသမီး ခြူးဆင့်သူဇာနွယ် ဆင်းလာပြီး ဒါရိုက်တာကို ပြုံးပြလိုက်သည်။ သူ့နောက်တော်ပါးမှ အခြွေအရံ ငါးယောက်ထက်မနည်း။ ဒါရိုက်တာ ကိုနုပျိုကား ဖျားရည်မြစ်ထဲက သကြားခဲလို။ အချိုတကာ့ အချိုဆုံး အပြုံးမျက်နှာပေးဖြင့် နှုတ်ခွန်းဆက်လိုက်၏။

“မင်းသမီးကို ကျွန်တော်တို့ တစ်ဖွဲ့လုံးက စောင့်မျှော်နေကြတာ”

သူ၏စကားသံပင် မဆုံးလိုက်ပါ။

“ဘာလဲ၊ ကိုနုပျိုက ကျွန်မတို့ ရှုတင်အလာ နောက်ကျတယ်လို့ အပြစ်တင်ဦးမလို့လားဟင်။ အချိန်မီလာချင်တာပေါ့ရှင်။ ဟို ကြော်ငြာဒါရိုက်တာကြီးက ဒီမနက် ၉း၀၀ နာရီလောက် စတူဒီယိုကို လာပေးပါတဲ့။ သုံးမိနစ်စာသီချင်းလေး ပြန်ထပ်ဆိုပေးပါတဲ့လေ။ အသည်းအသန် ဖုန်းဆက်ပြောလို့ အဲဒီကို ဝင်လုပ်ပေးနေရတာနဲ့ အချိန်နောက်ကျသွားတာ စောရီးနော်။ Break fast တောင် ဟုတ်တိပတ်တိ မစားခဲ့ရသေးဘူးရှင့်။ ဒီကျမှ စားပြီး လုပ်ငန်းစလိုက်ကြတာပေါ့နော်။ ဖြစ်တယ် မဟုတ်လား”

“ဖြစ်ရမှာပေါ့ မင်းသမီးရယ် ခက်တာမှတ်လို့ဗျာ။ အင်ဒိုး(နှ ဆင်း)လောက်ရိုက်ပြီး အောက်ဒိုး (နှစ် ဆင်းစ်)လောက် ရိုက်မယ်နော် မင်းသမီးရောက်ပြီပဲဗျာ။ ဘယ် အချိန် စရိုက်ရရိုက်ရ သဘာရှိပြီ သားပဲ ဥစ္စာ”

မင်းသမီးက လှပစွာ ပြုံး လိုက်သည်။ ဒါရိုက်တာ ကိုနု တစ်ယောက် ခြူးဆင့်သူဇာနွယ် မျက်နှာချိုးသွေးရင်းက –

“နားကြပါဦး … စားကြပါဦး တော်ကြာ ရှုတင်ထမင်းကားရော လာရင် ကျွန်တော့်အဖွဲ့သားတွေ လည်း တစ်ခါတည်း ထမင်းကျွေ လိုက်မှာပါ။ ပြီးမှ ရိုက်ကွင်းတည် ကျတာပေါ့။ ဖြစ်ပါတယ်ဗျာ။ အချိ တွေ အများကြီးရှိပါသေးတယ်ဗျာ

• • •

ဩော် …ဝါရင့်ဓာတ်ပို့ သရု ဆောင်ကြီး ဦးလှမောင်တန်းက အချိ ကို ငွေနှင့် ဆက်ဝယ်ထားရတယ် ဟူသောစကားဖြင့် အပေါ်စီးက ရင်းသီးသီးပြောခဲ့သူ။ ယခုမူ ထိုအချိ ကိုပင် ငွေနှင့်ထပ်မံဝယ်ယူကာ ချိုသာသာ ပေါပေါများများပင် နိုင်နေသော ဒါရိုက်တာ ကိုနုပျိုသည် မျက်နှာနှစ်မျိုးနှင့်လူ ဖြစ်နေ၏။ အား ထိုဓာတ်ကားထဲတွင် အထူးသ ဆောင်အဖြစ် ပီပြင်စွာ ထည့်သွ ရိုက်ကူးဖို့ပင် ကောင်းတော့သ

မောင်မိုးလှိုင်(သစ္စာ




www.burmeseclassic.com

www.burmeseclassic.com

ဘာတိတ် (မှ)

# ပြစ်ရပ်မှန်မှုခင်းများ

■ လုပိုး(ပညာရေး)





ကျွန်တော်သည် ဤ"ပြစ်မှု"မဂ္ဂဇင်းကြီးတွင် ကမ္ဘာ့စုံထောက်အဖွဲ့အစည်းများတွင် ဘိုးအေစုံထောက်အဖွဲ့အစည်းဟု နိုင်ငံတကာမှ မှုခင်းသုတေသီများက တညီတညွတ်တည်း အသိအမှတ်ပြုခဲ့သော စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးမှ စုံထောက်ကျော်များနှင့် ၎င်းတို့ဖော်ထုတ်ခဲ့သော မှုခင်းများနှင့် ယင်းစုံထောက်အဖွဲ့ကြီး၏နောက်ကွယ်မှ ဓာတ်ခွဲခန်းစုံထောက်များဟူ၍လည်းကောင်း၊ ခေတ်သစ်ရှားလော့ဟုမ်းများဟူ၍လည်းကောင်း ကင်ပွန်းတပ်ခံရသော မှုခင်းဆေးပညာရှင်များနှင့် သူတို့ဖော်ထုတ်ခဲ့သော မှုခင်းများအကြောင်းကို အခါအားလျော်စွာ ရေးသားဖော်ပြခဲ့ပါသည်။

ရာဇဝတ်မှုနှင့် ဥပဒေပညာရပ်တို့တွင် မှုခင်းဆေးပညာသည် အထူးလိုအပ်သော ပညာတစ်ရပ်ဖြစ်ပါသည်။ သိပ္ပံပညာ အံ့မခန်းတိုးတက်လာသည်နှင့်အမျှ ရာဇဝတ်မှုကျူးလွန်သူများကလည်း နည်းအမျိုးမျိုးနှင့် ဥပဒေဘက်တော်သားများ ဖမ်းဆီးရမိခြင်းမရှိအောင် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ကျူးလွန်ရာတွင်လည်း ဥပဒေဘက်တော်သားများ၏ မျက်ကွယ်တွင် မည်သည့်သဲလွန်စမှ ကျန်ရစ်စေခြင်းမရှိအောင် ကျူးလွန်ခဲ့ကြသည်။ သို့သော် မှုခင်းဆေးပညာရှင်များသည် ရာဇဝတ်မှုကျူးလွန်သူများ သတိလက်လွတ်ကျန်ရစ်ခဲ့သည့် မီးမြစ်ဆံတစ်ချောင်း၊ စီးကရက်တိုတစ်ခု၊ ဆံပင်တစ်ချောင်း၊ လက်ဗွေရာတစ်ခုတို့ကို အခြေခံ၍ စုံစမ်းစစ်ဆေးခဲ့ပြီး မှုခင်းကျူးလွန်သူတရားခံအစစ်အမှန်ကို ဖမ်းဆီး၍ တရားဥပဒေအတိုင်း အရေးယူဖမ်းဆီးနိုင်ခဲ့ပါသည်။

ဤကဲ့သို့ အပြစ်ရှိသူတရားခံများကို ဖမ်းဆီးနိုင်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ တသိမ့်သိမ့်တုန်စေ၍ တစ်ဟုန်ထိုးကျော်ကြားခဲ့သော မှုခင်းဆေးပညာပါရဂူ လေးဦးမှာ ဆာဘာနပ်စပီးလ်ဘာရီ၊ ပါမောက္ခကိတ်ဆင်(ပ်)ဆန်၊ ဒေါက်တာဆစ်ဒန်စမစ်နှင့် ဒေါက်တာ ဖရန့်စစ်ကင်း(ပ်)တို့ဖြစ်ပါသည်။ ၂၀ ရာစုနှစ်အတွင်း အင်္ဂလန်နိုင်ငံမှ ထုတ်ဝေ

www.burmeseclassic.com




သော သတင်းစာကြီးများတွင် ထိုလေးဦး၏ အမည်များသည် ထူးထူးခြားခြား ရေပန်းစားခဲ့ကြပါသည်။ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများအနက် စောင်ရေအများဆုံးနှင့် ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီးတစ်စောင်ဖြစ်သော ဒေးလီးတယ်လီဂရပ်(ဖ်) သတင်းစာကြီးကမူ ထိုမှုခင်းဆေးပညာပါရဂူ လေးဦးအား နေမင်းကြီးလေးဆူဟု ကင်ပွန်းတပ်ခဲ့၏။

အင်္ဂလန်နိုင်ငံတွင်သာမက နိုင်ငံတကာမှ စုံထောက်အဖွဲ့များနှင့် ကမ္ဘာ့အင်တာပိုလ်ရဲအဖွဲ့ကြီးကပင် သူတို့လေးဦးကို လေးစားကြပြီး သူတို့လေးဦး၏ အကူအညီများကို တောင်းခံခဲ့ကြရ၏။ နိုင်ငံတကာမှ ဒုစရိုက်ကျူးလွန်သူအများသည် ခေတ်မီလက်နက်များ ကိုင်ဆောင်၍ ခေတ်မီကိရိယာများ၊ နည်းပညာများကို အသုံးပြုနေသော စုံထောက်နှင့် ရဲများထက် အထက်ဖော်ပြပါ ဓာတ်ခွဲခန်းဖန်ပြွန်များ၊ မိုက်ကရိုစကုတ်မှန်ဘီလူးများ၊ ဓာတုဗေဒပစ္စည်းများ ဘန်ဆင်းဘန်နာ (ခေါ်) ဓာတ်ခွဲခန်းသုံး ဓာတ်မီးဖိုများ ကိုင်ဆောင်သော မှုခင်းဆေးပညာပါရဂူများကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြရသည်။ မှန်ပါသည်။ သူတို့လေးယောက်ကြောင့် အင်္ဂလန်နိုင်ငံနှင့် အခြားနိုင်ငံများတွင် ရာဇဝတ်မှုများကို ပိပိရိရိ ကျူးလွန်ခဲ့သော လူသတ်သမားကြီးများသည် ကြိုးစင်သို့ တက်ခဲ့ကြရပါသည်။

အထက်ဖော်ပြပါ နေမင်းကြီးလေးဆူဟု ကင်ပွန်းတပ်ခံရသော မှုခင်းဆေးပညာ ပါရဂူများအနက် ကမ္ဘာ့ဥပဒေပညာရပ်တွင် လိုအပ်နေသော "Forensic Medicine" မှုခင်းဆေးပညာကျမ်းကြီးကို ရေးသားပြုစုခဲ့သူမှာ ပါမောက္ခကိတ်ဆင်(ပ်)ဆန် ဖြစ်၏။ ထိုကျမ်းစာအုပ်ကြီးမှာ နိုင်ငံတကာရှိ ဆေးတက္ကသိုလ်ကျောင်းတိုက်ကြီးများရှိ ဆေးတက္ကသိုလ်များတွင် ပြဋ္ဌာန်းစာအုပ်အဖြစ် အသုံးပြုခဲ့ကြသည်သာမက ဆေးပညာရှင်အများက ထိုစာအုပ်အား "မှုခင်းဆေးပညာသမ္မာကျမ်းစာ"ဟု တင်စားခေါ်ယူခဲ့ကြပါသည်။

ပါမောက္ခဆင်(ပ်)ဆန်သည် "Principles and Practice of Medical Jurisprudence" စာအုပ်ကြီးကိုလည်း ရေးသားပြုစု ထုတ်ဝေခဲ့သည်။ ထိုစာအုပ်မှာလည်း မှုခင်းဆေးပညာရှင်များ၏ လက်စွဲစာအုပ် ဖြစ်ခဲ့သည်။ သူသည် အင်္ဂလန်နိုင်ငံ မှုခင်းဆေးပညာလောကတွင် နှစ်ပေါင်း ၄၀ တိတိ အမှုထမ်းခဲ့သော မှုခင်းဆေးပညာပါရဂူကြီး ဖြစ်ခဲ့သည်။

ပါမောက္ခကိတ်ဆင်(ပ်)ဆန်အကြောင်းကို ဤကဲ့သို့ ရေးသားဖော်ပြရခြင်းမှာ အကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ယခုရေးသားဖော်ပြမည့် ကမ္ဘာကို တုန်လှုပ်စေခဲ့သော မှုခင်းကြီးတခု ထိုမှုခင်းကြီးဖြစ်ပွားသည့် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများက အကူအညီတောင်းခံခဲ့သဖြင့် ထိုနိုင်ငံသို့ သွားရောက်၍ ထိုမှုခင်းကြီးကို စုံစမ်းလေ့လာခဲ့ရသောကြောင့် ဖြစ်ပါသည်။ ထိုနိုင်ငံမှာ ယိုဒယား(ယခု ထိုင်းနိုင်ငံ)ဖြစ်ပြီး မှုခင်းကြီးဖြစ်ပွားရသည့် နေရာမှာလည်း ယိုးဒယား(ထိုင်း)နိုင်ငံ၊ ဘန်ကောက်မြို့ရှိ ဘုရင်အဆက်ဆက် စိုးစံခဲ့သော နန်းတော်ကြီးရှိ ဘုရင့်အိပ်ခန်းဆောင်အတွင်း ဖြစ်ပါသည်။

ယင်းမှုခင်းကြီး ဖြစ်ပွားခဲ့ရသည်မှာ နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်ခဲ့ပြီးဖြစ်၏။ ကမ္ဘာ့မှုခင်းသမိုင်းနှင့် ထိုင်းနိုင်ငံသမိုင်းတွင် စိတ်မချမ်းမြေ့ဖွယ်ရာ သောကဝေဒနာဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ဖြာ ကြုံတွေ့ခဲ့ရသည့် မှုခင်းကြီးဖြစ်ပါသည်။ ထိုင်းပြည်သူအများမှာလည်း သတ္တမမြောက် အနန္ဒာဘုရင်ကလေး (ယခုလက်ရှိ ဘုရင်ကြီး၏ နောင်တော်)အိပ်ခန်းအတွင်း ရုတ်တရက် သေနတ်ဒဏ်ရာဖြင့် ကွယ်လွန်ခဲ့ရသဖြင့် စိတ်မချမ်းမြေ့ခဲ့ကြရ။ ထိုမှုခင်းကြီး၏ ဖြစ်စဉ်မှာ ဤသို့ ဖြစ်ပါသည်။


၁၉၄၆ ခု၊ ဇွန်လ ၁၀ ရက်နေ့တွင် ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် ယိုးဒယား(ထိုင်း)၊ ဘန်ကောက်မြို့ ဘုရင်အဆက်ဆက်စိုးစံခဲ့သော စံနန်းတော်ကြီးရှိ ဘုရင့်အိပ်ဆောင်အတွင်း သတ္တမမြောက် အနန္ဒာမဟီဒွန် ဘုရင်ကလေးမှာ ကွယ်လွန်လျက်ရှိကြောင်းကို ဇွန်လမွန်းလွဲပိုင်းတွင် ဘုရင်ကလေး၏ အိပ်ဖန်စောင့်တစ်ဦးက သက်ဆိုင်ရာသို့ သတင်းပို့ခဲ့သဖြင့် သိရှိကြရကြောင်း သတင်းကို စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်များဖြင့် ဖော်ပြခဲ့ကြသည်။ ထိုသတင်းကို ဘန်ကောက်မြို့တော်ရှိ အေပီ သတင်းကိုယ်စားလှယ်က ပေးပို့ခြင်းဖြစ်သည်ဟုဆိုသည်။

ထိုသတင်းမှာပင် ဘုရင်ကလေး ကွယ်လွန်ခဲ့ရသည့်သတင်းကို သိရှိလျှင်သိရှိချင်း ထိုင်းနိုင်ငံ ရဲအဖွဲ့ အကြီးအကဲဖြစ်သူနှင့် ဘန်ကောက်မြို့ ချူလာလောင်ကုန်ဆေးရုံကြီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး ဘုရင်ကလေးကွယ်လွန်ရခြင်းမှာ မတော်တဆဖြစ်မှုကြောင့် ကွယ်လွန်ရခြင်းဖြစ်သည်ဟု အတည်ပြုပြောကြားခဲ့၏။ ဤသတင်းသိရ၊ ကြားရသော ဘန်ကောက်မြို့မှ လူထုသည် သောကဝေဒနာအဖြာဖြာဖြင့် နန်းတော်ရှေ့သို့ လာရောက်စုဝေးခဲ့ကြသည်။ နိုင်ငံပိုင်ရေဒီယိုကမှ နံနက် ၇ နာရီထိုးတွင် ထုတ်လွှင့်သည့်သတင်းတွင်/ဖော်ပြခဲ့သဖြင့် တစ်နိုင်ငံလုံး ထိုသတင်းမှာ ပြန့်နှံ့သွားပြီး ထိုင်းလူထုမှာ စိတ်မချမ်းမြေ့ ဖြစ်ခဲ့ကြရတော့၏။

မှန်ပါသည်။ ထိုင်းနိုင်ငံအား လွန်ခဲ့သောနှစ်ပေါင်း ၇၀၀ ကျော်ကပင် စိုးစံခဲ့သော ချကရီမင်းဆက်သည် သာမန်လူသားများ မဟုတ် "Lord of Life" ဘဝရှင်မင်းများသာဖြစ်၍ ပြည်သူအများအဖို့ မြင့်မြတ်သော မိမိတို့အရှင်ကို လုပ်ကြံရန် မဆိုထားနှင့် စေ့စေ့ကြည့်ရန်ပင် မသင့်တော်ဟု ယူဆထားရကား ဘုရင်ကလေးရုတ်တရက် သေနတ်မတော်တဆဖြစ်မှုဖြင့် ကံတော်ကုန်ခြင်းမှာ ဖြစ်ခဲ့သော ဖြစ်ရပ်ဖြစ်သဖြင့် ထိုင်းလူထုအဖို့ တအံ့တသြဖြစ်ကြရသည်။

သတ္တမမြောက် ဘုရင်ကလေး အနန္ဒာမဟီဒွန်မှာ ၁၉၃၅ ခုနှစ်၊ ၁၀ နှစ်အရွယ်တွင် ထီးနန်းတက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့စဉ်က ဘုရင်ကလေးသည် ဖက်ဆစ်ဂျပန်တို့နှင့် အလိုက်အထိုက်ဆက်ဆံခဲ့ရကား ဂျပန်တို့ကြီးစိုးသော ကာလတွင် မည်သည့်အန္တရာယ်မှ မတွေ့ခဲ့ရပေ။ အခင်းဖြစ်ပွားသည့် ဇွန်လ ၈ ရက်နေ့ည ၁၀ နာရီအချိန်ကမှ ဘုရင်ကလေးသည် ကိုယ်လက်မအီမသာဖြစ်သဖြင့် အိပ်ရာသို့ဝင်ခဲ့သည်။ ထိုစဉ်က ဘုရင်ကလေးသည် တီရှပ်အကျႌနှင့် တရုတ်ပိုးဘောင်းဘီကိုဝတ်ဆင်၍ အိပ်ရာဝင်ခဲ့ခြင်းဖြစ်၏။

အစဉ်အလာအရ အိပ်ဖန်စောင့်အင်စပက်တော်တစ်ဦး ခေါင်းဆောင်သော အစောင့်လေးယောက်တို့သည် ဘုရင်ကလေး၏ လုံခြုံရေးကို တာဝန်ယူစောင့်ရှောက်ကြရသည်။ အခင်းဖြစ်ပွားသည့် နံနက်တွင် ညအိပ်ဖန်စောင့်များ တာဝန်ပြီးဆုံးခဲ့၏။ ဘုရင်ကလေး၏ ကိုယ်ရေးအမှုတော်ထမ်းဖြစ်သူ ဘတ်သည် နံနက် ၈း၃၀ နာရီတွင်





www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကလေးအတွက် လိမ္မော်ရည်တစ်ခွက် သွားရောက်ပေးခဲ့ရသည်။ ဘုရင်ကလေးသည် ထိုအချိန်တွင် လိမ္မော်ရည်ကို အေးအေးဆေးဆေးသောက်ပြီး အိပ်ခန်းသို့ ဝင်သွားခဲ့သည်ဟု ဆိုသည်။ ဘုရင်ကလေး၏ အစေအပါး နိုင်ချစ်ဆိုသူ ရောက်လာခဲ့သဖြင့် ဘတ်နှင့် နိုင်ချင်းတို့ အိပ်ခန်းအပြင်တွင် စောင့်နေစဉ် အိပ်ခန်းအတွင်းမှ သေနတ်သံတစ်ချက် ကြားရသဖြင့် နိုင်ချစ်နှင့် ဘတ်တို့ အိပ်ခန်းအတွင်း ဝင်သွားသည့်အခါ ဘုရင်ကလေး လဲကျနေသဖြင့် နိုင်ချစ်က ဘုရင်ကလေး မိမိကိုယ်မိမိ အဆုံးစီရင်သွားသည်ဟု အော်ဟစ်ရာမှ အားလုံးသိရှိသွားကြသည်။

ဘုရင်ကလေး၏ လက်ဝဲဘက်အနီးတွင်မှ အမေရိကန်စစ်သုံး ၄၅-ကို(တ်) ပစ္စတိုတစ်လက် တွေ့ရသည်ဟု ဆိုသည်။ ပထမဆုံး ဘုရင်ကလေးအလောင်းအား လာရောက်ကြည့်ရှုသူမှာ ဘုရင်ကလေး၏ မယ်တော်နှင့် ဘုရင်ကလေးအား ငယ်စဉ်က စောင့်ရှောက်ခဲ့ရသော အထိန်းတော်ကြီးတို့ဖြစ်သည်။ သူတို့နှစ်ယောက်နှင့်အတူ ညီတော်(လက်ရှိဘုရင်ကြီး)တို့ သောကဝေဒနာအဖြာဖြာဖြင့် ဝင်ရောက်ကြည့်ရှုကြစဉ် ဘတ်သည် ကွယ်လွန်သူ ဘုရင်ကလေးအနီးတွင် တွေ့ရသော သေနတ်ကို ယူ၍ သေနတ်ထားသော ဗီရိုအတွင်း ထားခဲ့၏။ ဤသို့အတွင်း ယိုးဒယား(ထိုင်း)နိုင်ငံမှ တာဝန်ရှိသော အစိုးရဌာန အကြီးအကဲများသည် တစ်ယောက်ပြီးတစ်ယောက် နန်းတော်သို့ရောက်ရှိလာကြပြီး ကွယ်လွန်သွားသော ဘုရင်ကလေးအား ဂါရဝပြုကြ၏။ ထိုစဉ်က မှတ်တမ်းများအရ လာရောက်စစ်ဆေးဂါရဝပြုသူများမှာ ဘုရင့်နန်းတော် လုံခြုံရေးတာဝန်ယူထားရသော ရဲအဖွဲ့အကြီးအကဲ၊ ဘုရင့်နန်းတော် အိမ်တော်ဝန်နှင့် ဝန်ကြီးအဖွဲ့မှ ဝန်ကြီးများလည်း တစ်ဦးပြီးတစ်ဦး ရောက်ရှိလာခဲ့၍ ဘုရင်ကလေး၏ ရုပ်အလောင်းအား ဂါရဝပြုခဲ့ကြသည်။

ထိုကာလက ယိုးဒယား(ထိုင်း)နိုင်ငံဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားသော ပရီဒီဘာနွမ်ယောက်လည်း ပါဝင်ခဲ့သည်။ ဝန်ကြီးချုပ်ပရီဒီမှာ ထိုင်းနိုင်ငံ နိုင်ငံရေးလောကတွင် အထူးအရေးပါအရာရောက်သူတစ်ဦး ဖြစ်ခဲ့သည်သာမက ဉာဏ်ထက်မြက်၍ အာဏာမက်မောသူ တစ်ဦးဟု နာမည်ကျော်ခဲ့၏။ သူသည် ဥပဒေအကျိုးဆော ဘဝကပင် ထိုင်းနိုင်ငံ နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝ လာခဲ့သူ ဖြစ်၏။ တက်ကြွသူတစ်ဦးလည်းဖြစ်ရာ ထိုစဉ် ထိုင်းနိုင်ငံအမြောက်တပ်မှ ပီဘူဆွန်ဂရမ် အမည်ရှိသေ အရာရှိကြီးတစ်ယောက်နှင့် ပူးပေါင်း၍ ထိုင်းနိုင်ငံ ဘု စနစ်ကို ဖယ်ရှားရန် ကြံစည်ခဲ့သူဖြစ်သည်။ သူတို့နှစ် ပူးပေါင်း၍ တော်လှန်ရေးတစ်ရပ် ဆင်နွှဲခဲ့သော်လည် အကြောင်းကြောင်းကြောင့် အောင်မြင်မှုမရခဲ့ရာ ပရီဒီဘ နွမ်ယောက်အား ပြည်နှင်ဒဏ်ပေးခဲ့သည်။ ယခု ကွယ်လွ သူ ဘုရင်ကလေးလက်ထက်တွင်မှ ပရီဒီအား ပြည်န ဒဏ်ပေးခဲ့သည့်အမိန့်အား ပြန်လည်ရုပ်သိမ်းခဲ့ပြီး သူအ ဘန်ကောက်မြို့တော်သို့ ပြန်လာခွင့်ပြုခဲ့သည်သာမက ထို နိုင်ငံ နိုင်ငံရေးလောကသို့ ဝင်ရောက်ခွင့်ပေးခဲ့သည်။

ပရီဒီသည် နိုင်ငံရေးလောကတွင် ဩဇာထူထော နိုင်ခဲ့သည်သာမက ဘုရင်ကလေး ကွယ်လွန်သည့်အခ တွင်မူ ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်တစ်ယောက် ဖြစ်နေခဲ့ ဖြစ်၏။ ယခင်က သူနှင့်အတူပူးပေါင်း၍ ထိုင်းနိုင်ငံဘုရ စနစ်ကို ပယ်ဖျက်ရန် ကြိုးစားခဲ့သော အမြောက်တပ် အရာရှိကြီးဖြစ်သူ ပီဘူဆွန်ဂရမ်မှာလည်း ထိုင်းနိုင တပ်မတော်ကြီး၏ စစ်ဦးစီးချုပ်ရာထူးကို ရရှိထားခဲ့ပြီးဖြ သည်။ ပရီဒီကမူ အထက်ဆောင်းပါးနေရာတွင် ဖော်ပြထ ခဲ့သည့် ဘုရင်ကလေး၏ အစေအပါးဖြစ်သူ နိုင်ချစ် "ဘုရင်ကလေး သူကိုယ်သူ အဆုံးစီရင်သွားသည်"ဟူသေ ပြောဆိုချက်ကို အတည်ပြုခဲ့၏။

နောင်အခါတွင် ထိုင်းနိုင်ငံ၏ နိုင်ငံရေးကို စော ကြည့်အကဲခတ်သူများကမူ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ် ပရီဒီဘာနွမ်ယောက်သည် ဘုရင်ကလေး၏ ရုပ်ကလာ တော် ယာယီထားသည့် အိပ်ခန်းအနီး လူးလာခေါက်ပ လမ်းလျှောက် အထက်ပါအတိုင်းပြောဆိုခြင်း ဖြစ်သည် ဆိုသည်။ ထိုစဉ်က ဘုရင်ကလေး၏ ရုပ်ကလာပ်တော် အနီးတွင် ရှိနေကြသော တာဝန်ရှိသူအများကမူ ပရီဒီသ ထူးထူးခြားခြား စိတ်လှုပ်ရှားနေသည်ဟု တညီတည တည်း ပြောဆိုခဲ့ကြ၏။

ဤသို့အတွင်း ထိုင်းနိုင်ငံ ရဲအဖွဲ့အကြီးအကဲ ရော



www.burmeseclassic.com

www.burmeseclassic.com

ရှိလာခဲ့ပြီး ဘုရင်ကလေး၏ ရုပ်ကလာပ်တော်ကို စစ်ဆေးရန် စီစဉ်နေစဉ် ဘုရင်ကလေး၏ ဦးရီးတော် ရောက်ရှိလာပြီး ဘုရင်မိသားစု အစဉ်အဆက် ထုံးတမ်းစဉ်လာအရ ဘုရင့်အလောင်းတော်အား သာမန်အရပ်သားများ ကိုင်တွယ်ရခြင်းမရှိဟု ဆိုသဖြင့် ထိုင်းရဲအဖွဲ့အကြီးအကဲဖြစ်သူမှာ ဘုရင်ကလေး၏ အလောင်းအား စစ်ဆေးခွင့်မရခဲ့။ ရဲအဖွဲ့အကြီးကဲဖြစ်သူအဖို့ ဘုရင်ကလေးအလောင်းတော်အနီးမှ တွေ့ရသည်ဆိုသော သေနတ်ကိုသာ စစ်ဆေးကြည့်ရှုခဲ့ရာ ပစ္စတိုသေနတ်တွင်မူ ကျည်ဆန်တစ်တောင့်လျော့နေသည်ဟု ဆိုသည်။ နောက်ဆုံးတွင် ဘုရင်ကလေး၏ ရုပ်ကလာပ်တော်အား ထုံးတမ်းစဉ်လာအတိုင်း စီစဉ်ရန် ချူလာလောင်ကုန်ဆေးရုံမှ ဆေးပညာရှင်များအား စစ်ဆေးစေခဲ့ရာ အလောင်းတော်တွင် သေနတ်ဒဏ်ရာနှစ်ခု တွေ့ရတော့၏။ သေနတ်ဒဏ်ရာတစ်ခုမှာ ဘုရင်ကလေး၏ ဦးခေါင်းနောက်စေ့တွင် တွေ့ရသဖြင့် ဘုရင်ကလေးမှာ လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်သည်ဟူသော သတင်းများ ထွက်လာခဲ့သည်။

ပြည်သူလူထုကမူ ဘုရင်ကလေးအား ပရီဒီ၏ လက်ပါးစေများက လုပ်ကြံခြင်းဖြစ်သည်၊ ထိုလုပ်ကြံမှုကို ဦးဆောင်စီမံသူမှာ ပရီဒီဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ ကောလာဟလ ယုံတမ်းသတင်းများလည်း တောမီးပလာ ပြန့်နှံ့လာခဲ့သဖြင့် ထိုင်းနိုင်ငံမှာ နိုင်ငံရေးမတည်မငြိမ်ဖြစ်လာခဲ့ရတော့၏။ ဤတွင် ထိုင်းအစိုးရသည် ဘုရင်ကလေး ကွယ်လွန်ခဲ့ရမှုကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ရသည်။ ထိုအဖွဲ့တွင် ဆေးပညာရှင် ၁၅ ဦး၊ စိတ္တဗေဒပညာရှင်များနှင့် ခန္ဓာဗေဒပညာရှင်များ ပါဝင်ခဲ့သည်။ ထိုအဖွဲ့ စစ်ဆေးစုံစမ်းမှုများ ပြုလုပ်ခဲ့ပြီး ဘုရင်ကလေးကွယ်လွန်ရခြင်းသည် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်းမဟုတ်၊ လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်နိုင်သည်ဟု အတည်ပြုဆုံးဖြတ်ခဲ့၏။ ထိုစဉ်ကာလတွင်ပင် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲကြီးကျင်းပခဲ့ရာ ပရီဒီဦးဆောင်သော ပါတီက အနိုင်ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလတွင်မူ ထိုင်းနိုင်ငံ စစ်တပ်အကြီးအကဲ မာရှယ်ပီဘူဆွန်ဂရမ် ဦးဆောင်သော အဖွဲ့က နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ပရီဒီမှာ ထိုင်းနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့၏။

ပီဘူဆွန်ဂရမ် စစ်အစိုးရသည် ဘုရင်ကလေးအား လုပ်ကြံသည်ဟု စွပ်စွဲခံရသော နိုင်ချစ်၊ ဘတ်တို့နှင့် ဘုရင်ကလေး၏ အတွင်းရေးမှူးဟောင်း ချလီဒိုတို့အား ဖမ်းဆီး၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဤသို့အတွင်း ပီဘူဆွန်ဂရမ်အစိုးရအဖွဲ့သည် ဘုရင်ကလေးကွယ်လွန်ရမှုအပေါ် ထင်မြင်ချက်ပေးပါရန် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မှုခင်းဆေးပညာလောက၏ နေမင်းတစ်ဆူဖြစ်သော မှုခင်းဆေးပညာပါရဂူ ဒေါက်တာကိတ်ဆင်(ပ်)ဆန်အား အကူအညီတောင်းခံခဲ့သည်။ အင်္ဂလန်နိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ပါမောက္ခဒေါက်တာကိတ်ဆင်(ပ်)ဆန်အား အကူအညီပေးရန် တိုက်တွန်းခဲ့သည်။

ဤတွင် ပါမောက္ခကိတ်ဆင်(ပ်)ဆန်သည် ထိုင်းနိုင်ငံ ဘုရင်ကလေး ကွယ်လွန်ရသည့် မှုခင်းကြီးနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်များ၊ ထိုင်းနိုင်ငံ ရဲအဖွဲ့၏ အစီရင်ခံစာများ၊ ထိုင်းနိုင်ငံ ချူလာလောင်ကုန် ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ အစီရင်ခံစာများ၊ ထိုင်းနိုင်ငံ မှုခင်းဆေးပညာဌာန ပါရဂူများ၏ အစီရင်ခံစာများကို အသေးစိတ်လေ့လာခဲ့သည်သာမက ပတ်ဝန်းကျင်စုံစမ်းထောက်လှမ်းမှုများကိုလည်း စနစ်တကျ စုံစမ်းလေ့လာမှု ပြုခဲ့ပြီး ထိုင်းအစိုးရအဖွဲ့အား အစီရင်ခံစာ တင်သွင်းခဲ့၏။

ပါမောက္ခကိတ်ဆင်(ပ်)ဆန်ကမူ ဘုရင်ကလေးသည် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်းမဟုတ်၊ လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်သည်ဟု ထင်မြင်ချက်ပေးခဲ့သည်။ အထူးရာဇဝတ်ခုံရုံးတော်ကမူ "နိုင်ချစ်"နှင့် အပေါင်းအပါနှစ်ဦးတို့အား ဘုရင်ကလေးကို လုပ်ကြံသူများဟု ဆုံးဖြတ်၍ သေဒဏ်ချမှတ်ခဲ့ပါကြောင်း. . .။

■ လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

**Forty years of Murder By Keith Simpson**



www.burmeseclassic.com

www.burmeseclassic.com

# ကတိတစ်လုံးဖြင့်
# အရှုံးမပေးစေလိုပါ

▲ ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့

တစ်လောက နယ်မှ မိန်းကလေးတစ်ဦးက ကျွန်တော့်ထံ ဖုန်းဆက်လာသည်။ လက်ထပ်ယူမည် ဆိုသဖြင့် တည်းခိုခန်းတွင် အတူနေခဲ့ကြသည်။ နောက်ပိုင်းတွင် ယောကျ်ားလေးက ကတိသစ္စာ မတည်ကြည်တော့သဖြင့် စိတ်သောကရောက်နေရမည်ဟုလည်း အစချီသည်။ သူသိလိုသည်မှာ ထိုကိစ္စအတွက် ဥပဒေအကွယ်အကာမည်သို့ရနိုင်ပါမည်လဲဖြစ်သည်။ ကျွန်တော် ထိုမိန်းကလေးနှင့် စကားပြောအပြီး "အညာလွယ်သူ အမိုက်မဲလေးရယ်" ဟုသာ စိတ်မကောင်းဖြစ်ရတော့သည်။ ကျွန်တော် တတ်အားသမျှ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့နှင့် တရားစွဲဆိုနိုင်ပုံများကိုလည်း ပြောပြခွင့်ရသဖြင့် ဖြေသိမ့်လိုက်ရသည်။

လူတွေ အမျိုးမျိုးရှိကြသည်။ အချို့က ကတိစကားတစ်လုံးကို လွယ်လွယ်ပေးတတ်ကြသည်။ တချို့က ကတိကဝတ်ပျက်မည်ကို အလေ့ နှိမ်းရိမ်တတ်ကြသည်။ က
ကဝတ်ဟူသည် မိမိဆောင်ရွက်ပေးနိုင်မည်လား၊ ရှေ
ကြည့်ပေးနိုင်မည်လား၊ မပေးမီ စဉ်းစားအပ်၏။ ပေးမိသ
ကတိရှိသော် ထိုကတိအတိုင်း တည်မြဲအောင် ဆောင်
ခင့်ပေးသည်။

လူမှုနယ်ပယ်အသီးသီးတွင် လူနှင့်လူချင်း ဆက်
နေကြရာ၌ လွယ်လွယ်ကတိပေး၊ လွယ်လွယ်ကတိဖျ
သူ များစွာကိုလည်း ကြုံဖူးကြပေမည်။ ကတိတစ်လုံး
စိန့်တုံး၊ ရွှေတုံးပမာ တန်ဖိုးထားကြသူများကိုလည်း ကြ
ကြပေမည်။ ထိုလူနှစ်မျိုးတို့အား ပေါင်းသင်းဆက်ဆံကြ
တို့ကလည်း ထိုသူများ၏ တန်ဖိုးများအတိုင်း တုံ့ပြန်
ပေးသည်။ စာရှုသူလည်း မိမိကိုယ်မိမိ ပြန်လည်ဆ
သင့်၏။ မည်သည့်အတန်းအစားတွင် အကျုံးနေ
သနည်း။ မိမိကိုယ်မိမိ ဝေဖန်ခြင်းသည် အလွန်အရွ



www.burmeseclassic.com

www.burmeseclassic.com

၏။ ထိုသို့ ဝေဖန်ဆန်းစစ်ခြင်းဖြင့် ပြင်သင့်သည်ကို သိနိုင်၏။ အကျိုးရှိလှ၏။ ကျွန်တော်၏ ကိုယ်တွေ့ဖြစ် ည့်မှ လက်ဆောင်ငှခြင်းသာ ဖြစ်ပေသည်။ ဤအစုတွင် တော်ဖတ်ရှုမိသော ကာတီစကားမတည်ငြား၍ ရုံးများ ရသည့် စီရင်ထုံးတစ်ရပ်ဖြင့် တင်ပြလိုပေသည်။

သားသမီးမကောင်း မိဘခေါင်းဟု ဆိုထုံးပြုကြ ည်။ ထိုစီရင်ထုံးကို ကျွန်တော်ဖတ်ယင်း ကျွန်တော်တို့ ယ်တုန်းက အဆိုတော် သန်းထွန်းလေး၏ သီချင်းစာ ကို သတိရမိသေးသည်။ "အရွယ်မတိုင်မီ ပညာ့ဗိမာန် သီ လှမ်းကြတူညီ"ဆိုသော အပိုဒ်လေးဖြစ်ပါသည်။

မောင်ရဲငြိမ်းအောင်နှင့် မခင်စန်းနွယ်တို့သည် ာင်းသူကျောင်းသားများ ဖြစ်ကြသည်။ မောင်ရဲငြိမ်း င်က မခင်စန်းနွယ်ကို လက်ထပ်မည်ဟု ကတိပြု ည်း ယုံကြည်အောင်ပြောသည်။ မခင်စန်းနွယ်ကလည်း ည်။ ရွှေဘိုမြို့ရှိ ဒေါ်ငွေး၏ကျောင်းသားအဆောင်သို့ စန်းနွယ်ကိုခေါ်ကာ ကာမရယူခဲ့သည်။ ထို့ပြင် မိဘ ၏ နေအိမ်သို့လည်း ခေါ်သွားသည်။ ထိုမိဘများအိမ်၌ ည်း ကာမထပ်မံရယူပေါင်းသင်း နေထိုင်ခဲ့ကြသည်။

ထို့နောက် မောင်ရဲငြိမ်းအောင်မိဘများက မခင်စန်း ကို ခေါ်ဆောင်ကာ ၎င်း၏မိဘများထံ အပ်နှံကြသည်။ သားနှစ်ဦးအား သီတင်းကျွတ်လဆန်းလျှင် လက်ထပ် များပေးကြမည်ဟုလည်း ကတိပြုခဲ့ကြသည်။ မောင်ရဲ အောင်ကိုမူ မိဘများက ရန်ကုန်မြို့သို့ပို့ကာ ရှောင်တိမ်း ခဲ့သည်။

သီတင်းကျွတ်လပြည့် ကျော်သွားသော်လည်း ငြိမ်းအောင် မိဘများက မခင်စန်းနွယ်၏ မိဘများထံ တ်အသွယ် မလုပ်ကြ။ ကတိပေးထားသည်မှာ င်းကျွတ်လဆန်း ဖြစ်သည်။ မိန်းကလေးရှင်အဖို့ မနေ သာ။ အရွယ်မတိုင်မီ ပန်းကောင်းအညွန့်ချိုး ခံခဲ့ရပြီး ညီပါရစေ ဆိုင်းဘုတ်ရှိရာသို့ ပြေးရ၏။ ရဲစခန်း ိုင်၏။

ရဲစခန်းကလည်း နှစ်ဖက်ခေါ်ယူ ညှိနှိုင်းပေးဟန်တူ ည်။ မောင်ရဲငြိမ်းအောင်၏ မိဘများက လူငယ်ချင်းထိမ်း ရန် ငြင်းဆန်ခဲ့၏။ ထိုအချက်ကိုလည်း မခင်စန်း တို့က အဆိုလွှာတင်ဖော်ပြပြီး သက်သေတင်ပြသည်။

လူငယ်ချင်း မေတ္တာမျှအပေးအယူတည့်ခဲ့ပြီးနောက်မှ လူကြီးတွေက ကတိပေးပြီး ကတိပျက်ခဲ့သည်ဆိုကာ မခင်စန်းနွယ်၏မိခင်က အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ မိခင်အနေဖြင့် ထိမ်းမြားလက်ထက်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးငွေကျပ် သိန်း ၁၀၀ ရလိုမှု စွဲဆိုသည်။

စစ်ကိုင်းတရားရုံးက မောင်ရဲငြိမ်းအောင်နှင့် ၎င်းမိဘများဖြစ်သည့် ဦးအောင်နိုင်ဌေး၊ ဒေါ်ထွေးတို့အပေါ် တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ထိုအမိန့်က မောင်ရဲငြိမ်းအောင်တို့ မိသားစုကလည်း မကျေနပ်ကြ။ အဆင့်ဆင့် အယူခံတက်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး တရားရုံးကလည်း ပလပ်သည်။ မန္တလေးရုံးထိုင် တရားရုံးချုပ်ကလည်း ပလပ်၏။ မောင်ရဲငြိမ်းအောင် လမ်းဆုံးအောင် လျှောက်ခဲ့သည်။ နိုင်ငံတော်တရားရုံးချုပ်သို့ အထူးအယူခံဝင်ခွင့် လျှောက်သည်။ တရားရုံးချုပ်က မိန်းကလေးအား ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သည့် ယောကျ်ားအပြင် ထိမ်းမြားလက်ထပ်ပေးရန် ကတိပြုသည့် ယောကျ်ား၏မိဘကိုပါ ကတိပျက်ကွက်မှုအတွက် လျော်ကြေးငွေ ကျပ်သိန်း ၁၀၀ ပေးလျော်စေရန် ဒီကာရီ ချမှတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိဟူသော ပြဿနာကို ထုတ်နုတ်ကြားနာရန် ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် တရားမအထူး အယူခံမှုအမှတ် ၁၁ တွင် နှစ်ဖက်ရှေ့နေများအား ကြားနာရန် ချိန်းဆိုသည့်နေ့၌ အယူခံထားရာ တရားလို မောင်ရဲငြိမ်းအောင်တို့ မိသားစုသုံးဦးဘက်မှ တရားချုပ်ရှေ့နေကြီးက လျှောက်လဲသည်။ မခင်စန်းနွယ်ဘက်မှ မိခင်ဒေါ်စန်းမြင့်ကိုယ်တိုင် လျှောက်လဲချက် တင်သွင်းသည်။ ဤမှုခင်း ကျွန်တော် စိတ်ကူးနှင့် မှန်းဆကြည့်မိသည်။ တစ်ဖက်က ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းသော ရှေ့နေကြီးကလည်း ဥပဒေ စီရင်ထုံး အကိုးအကား မြောက်မြားစွာဖြင့် ဝေဝေဆာဆာ လျှောက်လဲပေမည်။ တစ်ဖက်ကလည်း ဝမ်းနှင့် လွယ်မွေးခဲ့ရသောသမီးလေး ပန်းကောင်းအညွန့်ချိုး ခံခဲ့ရသည်ဖြစ်၍ ရင်နှင့်အမျှ ပြောလိုသည်များကို ဖွင့်သွန်ချပေမည်။ အဆိုတော်ကြီး ဒေါ်မာမာအေးကဲ့သို့ အငိုအရှိုက် သံစဉ်များပင် ပါဝင်ကောင်း ပါဝင်နိုင်ပေ၏။

မောင်ရဲငြိမ်းအောင်တို့၏ ရှေ့နေကြီးက နှုတ်ကတိများအပေါ် အခြေပြု၍ စွဲဆိုခြင်းဖြစ်၍ တိကျခိုင်မာမှုမရှိဟု



www.burmeseclassic.com

www.burmeseclassic.com

တင်ပြ၏။ လက်ထပ်ထိမ်းမြားရန် ပျက်ကွက်သည်ကို ရဲစခန်းသို့ တိုင်တန်းသည်ကိုလည်း ရဲတပ်ကြပ်ကြီးကိုသာ သက်သေပြခဲ့သဖြင့် လိုအပ်ချက်များ ရှိနေသည်ဟုဆို သည်။ မိဘနှစ်ပါးကို တရားပြိုင်များအဖြစ် ထည့်သွင်းစွဲဆို ခြင်း၊ လျော်ကြေးပေးစေခြင်းသည် လိုအပ်ချက်များ ရှိနေ သည်ဟု တင်ပြ၏။ ထိမ်းမြားလက်ထပ်ရေးတွင် အမှန် တကယ်လက်ထပ်မည့် ယောကျ်ားနှင့် မိန်းမတို့၏ ကတိ ကဝတ်သာ အဓိကဖြစ်လျက်နှင့် မိဘများကိုထည့်သွင်း၍ လျော်ကြေးပေးစေခြင်းသည် မှားယွင်းသည်ဟု လျှောက် လဲ၏။

မခင်စန်းနွယ်၏မိခင် ဒေါ်စန်းမြင့်ကလည်း ခေသူ မဟုတ်။ ငယ်ငယ်ရွယ်ရွယ် နုနုထွတ်ထွတ် ပန်းကောင်း အညွန့်ချိုး ခံခဲ့ရသည်။ ကတိကဝတ်ပြုသူများမှာလည်း မောင်ရဲငြိမ်းအောင်၏ မိဘများ ဖြစ်သည်။ ရန်ကုန်သို့ သား ဖြစ်သူအား ရှောင်တိမ်းနေစေသူမှာလည်း မိဘများဖြစ် သည်။ ဘဝတွင် အရှက်နှင့် လူများအလယ် နစ်နာခဲ့ရသည် ကို လျော်ကြေးဖြင့် ကုစားသင့်ခြင်းသည်ပင် ထိုနစ်နာမှုကို ငွေကြေးဖြင့် တိုင်းတာမရနိုင်ဟု တင်ပြ၏။ လူနှင့်လူချင်း နိုင်လွန်မင်းထက်ပြုပြီး စာနာထောက်ထားမှုကင်းမဲ့စွာ ထိမ်းမြားရန် ကတိပျက်ယွင်းခဲ့မှုအား ကင်းလွတ်ခွင့်မပြု သင့်ဟုလည်း လျှောက်လဲသည်။

အထူးအယူခံရုံးတော်မှ မူလရုံး အမှုတွဲကိုလည်း စိစစ်၏။ တိုင်းဒေသကြီး တရားရုံးနှင့် တရားရုံးချုပ် တရား သူကြီးတို့၏ အမြင်များကိုလည်း ဝေဖန်သည်။

မူလရုံး(၁) တရားပြိုင်နှင့် မူလရုံး တရားလိုတို့သည် အရွယ်မရောက်သေးသူများဖြစ်ကြောင်း တွေ့ရှိရသည်။ ထိမ်းမြားရန် ကတိကဝတ်ပြုခြင်းနှင့် ပျက်ကွက်သူများမှာ မောင်ရဲငြိမ်းအောင်၏ မိဘများဖြစ်ကြောင်း အထင်အရှား တွေ့ရှိလေသည်။

မြန်မာမှုနယ်ပယ်တွင်လည်း လူကြီးစုံရာဖြင့် မိန်း ကလေးရှင်၏ မိဘများထံ အပ်နှံကြရာတွင် ယောကျ်ား လေး၏ မိဘများပါလိုက်ပါပြီး လူငယ်နှစ်ဦးအား လက်ထပ် ပေးရန် ကတိပြုရသူများမှာ မိဘများဖြစ်ကြကာ မိဘ၏ ဝတ္တရားတွင်လည်း သားသမီးများအား ထိမ်းမြားပေးရုံ တာဝန်ရှိကြသည်။ "သားသမီးမကောင်း မိဘခေါင်း"ဟုပင် ဆိုရှိသည်ဟု သုံးသပ်မိကြသည်။

အထူးအယူခံရုံးတော်က ကလေးသူငယ် ဥပဒေ ပြဋ္ဌာန်းချက်ကိုပင် ဆက်လက်ထည့်သွင်း သုံးသပ် ကလေးသူငယ် ကျူးလွန်သောပြစ်မှုနှင့် စပ်လျဉ်း၍ က ၏မိဘများအပေါ် ဒဏ်ငွေချမှတ်ခြင်း ပြစ်ဒဏ်ကိုလည် ညွှန်ပြသည်။ မှန်ပေသည်။ ၁၉၉၃ ခုနှစ် ကလေးသူငယ် ဥပဒေပုဒ်မ ၄၅(က)(၂) တွင် "ဝင်ငွေမရှိသော ကလေး သူငယ်ဖြစ်လျှင် မိဘ၊ အုပ်ထိန်းသူကို ငွေဒဏ်တပ်ရိုက် သည်"ဟု ပြဋ္ဌာန်းထားပေသည်။

မောင်ရဲငြိမ်းအောင်အမှုကား ခရိုင်တရားရုံး လည်း ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သည် သုံးသပ်ဆုံးဖြတ်သည်ကို တိုင်းဒေသကြီး တရားရုံးချုပ်တို့ တူတူညီညီ ရှုမြင်ကြသည်။ ထိုသို့ ကတိပျက်ကွက်ခြ အတွက် ယောကျ်ားသာမက ယောကျ်ား၏ မိဘများကို လျော်ကြေးပေးစေခြင်းကိုလည်း မှားယွင်းမှုမရှိဟု အ အယူခံရုံးတော်က ရှုမြင်သည်။ အထူးအယူခံရုံးတော် ကြားနာသော ပြဿနာကိုလည်း ဥပဒေနှင့်ညီညွတ် ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ဤမှုခင်းသည် ဥပဒေလောကသားတို့အတွ အဖြေတစ်ခုပြု အမြတ်ထွက်သည်ဟု ဆိုရပေမည်။ မိ ကလေးအား ထိန်းမြားလက်ထပ်ရန် ကတိပျက်ယွင် ယောကျ်ားအပြင် ကတိပြုသည့် ယောကျ်ား၏မိဘ ကတိပျက်ကွက်မှုအတွက် လျော်ကြေးပေးစေရန် ဒီက မှတ်နိုင်ကြောင်း လမ်းညွှန်ပြလျက် ရှိနေပေသည်။

စာရေးသူ ကျွန်တော့်အနေဖြင့် မြန်မာမိန်းကလေး တို့အားလည်း အညှာမလွယ်စေချင်ပေ။ ယောကျ်ား ကိုလည်း ကတိတည်စေချင်ပါသည်။ တစ်ကြိမ်တစ်ခါတ ပါပဲ ဆိုပြီးလည်း ကတိမပျက်စေချင်ပါ။ အသက်ရှိ လူ့လောကကြီးထဲ၌ နေထိုင်သွားကြရမည်ကို အစဉ်သ ရငြီး လိပ်ပြာသန့်စေချင်ပါသည်။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့

**ကိုးကား**

- ၁၉၉၃ ကလေးသူငယ်ဥပဒေ
- မောင်ရဲငြိမ်းအောင် ပါ-၃ နှင့် မခင်စန်းနွယ် (အ မရောက်သေးသူ)၊ ၎င်း၏အုပ်ထိန်းသူ မိခင် ဒေါ် (၂၀၁၀ မတစ-၆၉)



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်သူ့ထိုးမှ မကျိုးစေချင်

ဝင်းသောင်(ရမည်းသင်း)

"ဆောရီး"

"ဆောရီးတာက အရေးအကြီးဘူး ငါ့တူ၊ ဘကြီးထိုးတော့ ကျိုးပြီ"

မြန်မာမှုနယ်ပယ်တွင် တစ်စုံတစ်ယောက်၏ နမော်နမဲ့လုပ်ဆောင်မှုကြောင့် တစ်ဖက်သားအတွက် အကျိုးများ ထိခိုက်ရမှုကို ပြောဆိုသုံးနှုန်းသော စကားလေး ဖြစ်သည်။ တိုတိုနဲ့ ထိထိမိမိရှိသောကြောင့် အများနားလည်လွယ်သည်။ ခုလည်းကြည့်ပါဦး။ ကမ္ဘာကျော် ရူပဗေဒပညာရှင်ကြီး အဲ(လ်)ဘတ်အိုင်းစတိုင်းက သူ့ဘဝမှာ ကြီးမားလှတဲ့ မဟာအမှားကြီးတစ်ခု လုပ်ခဲ့ဖူးပါသတဲ့။ ဒီအတွက် နောင်တလည်းရနေသလို၊ ဝမ်းနည်းကြေကွဲမှုလည်း ဖြစ်ရပါတယ်တဲ့။ ဘယ့်အတွက်လဲဆိုတော့ သူဟာ အမေရိကန်သမ္မတ ဖရန်ကလင်ရုစဗဲ့ကို အနုမြူဗုံးထုတ်လုပ်ဖို့ တိုက်တွန်းအကြံပေးမိတဲ့အတွက်ပဲတဲ့။

အနုမြူဗုံးထုတ်ဖို့ အကြံပေးခဲ့စဉ်က နာဇီတပ်တွေအပေါ် မဟာမိတ်တပ်တွေက အသာစီးရ လက်ဦးမှုရဖို့လောက်ပဲ တွေးပြီး အကြံပေးခဲ့မိတာတဲ့။ ဒါပေမယ့် အမေရိကန်က ဟီရိုရှီးမားနဲ့ နဂါးစကီကို ပထမဆုံး အနုမြူဗုံးကြဲချပြီးတဲ့နောက်မှာတော့ အနုမြူဗုံးဒဏ်ခံ မြို့တွေ မြေပြင်မှာ ပြားပြားဝပ်ပြီး ပြာပုံအတိဖြစ်အောင် အပူဒဏ်ပြင်းစွာနဲ့ လောင်ကျွမ်းခံခဲ့ရသလို အဲဒီ အနုမြူဗုံးဒဏ်ခံမြို့တွေမှာ နေထိုင်ကြတဲ့ ဂျပန်ပြည်သူပြည်သား တစ်သိန်းသုံးသောင်းကျော်ဟာ ဖြစ်စဉ်အကြောင်းအရာ ဘာဆိုဘာမှ မသိလိုက်ကြဘဲ ရောက်တဲ့နေရာ၊ ရောက်တဲ့ဒေသမှာပဲ ရုတ်တရက် သေဆုံးကြရတယ်တဲ့။

မြို့လုံးကျွတ်ပျက်သုဉ်းပြီး ဖြစ်ဖြစ်ချင်း သေဆုံးကြတဲ့လူ တစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့တယ်လို့ စာရင်းပေါက်ခဲ့ပေမယ့် အချင်းဖြစ်ပြီးနောက် နှစ်နှစ်ကာလအတွင်းမှာ အချင်းဖြစ်စက သေဆုံးခဲ့တဲ့လူ အရေအတွက်ထက် သုံးဆမကတဲ့ လူသားတွေ အနေ

www.burmeseclassic.com

ဓာတ်ရောင်ခြည်သင့်ခြင်း ခံရကာ ထပ်မံသေဆုံးခဲ့ကြသလို တချို့သော ဂျပန်ပြည်သူပြည်သားတွေဟာ ဒုက္ခိတဘဝနဲ့ မသေခင်ကာလတစ်လျှောက် ခက်ခဲကြမ်းတမ်းတဲ့လမ်းကို လျှောက်လှမ်းခဲ့ရပြီး အနုမြူဗုံးရဲ့ နောက်ဆက်တွဲ ဆိုးကြိုးတွေ ခါးစီးခံရရှာတယ်။

အမေရိကန်က ဟီရိုရှီးမားနဲ့ နဂါစကီကို အနုမြူဗုံးကြဲချခဲ့တာ လွန်ခဲ့တဲ့နှစ် ၆၀ ကျော်က ဖြစ်ပေမယ့် ဒီနေ့အထိ နောက်ဆက်တွဲ ဆိုးကျိုးတွေက ပြီးပြတ်အောင် ကုစားလို့မရနိုင်သေးပါဘူး။ ဒီကြားထဲ မကြာမြင့်မီက တိတိကျကျပြောရလျှင် လွန်ခဲ့တဲ့နှစ်နှစ်ကလျှင်နဲ့ ဆူနာမီကြောင့် ဂျပန်နိုင်ငံ၊ ဆန်ဖိုင်းယှကူရှီးမား အနုမြူဓာတ်ပေါင်းဖို ပျက်စီးပြီး မြေအောက်ပျော်ဝင်သွားသတဲ့။ အဲဒီပတ်ဝန်းကျင် မြေထု၊ ရေထု၊ လေထုမှာ အနုမြူအန္တရာယ်တွေ ရှိနေဆဲမို့ တာဝန်ရှိသူတွေက အချိန်ပြည့်စောင့်ကြည့်ရှင်းလင်းဖယ်ရှားနေရသတဲ့။ ဒါတောင် အပြီးအပြတ် အန္တရာယ်ကင်းစွာ ဆောင်ရွက်ပြီးမြောက်ဖို့ အချိန်ကာလ နှစ်ပေါင်း သုံးဆယ်ခန့်ကြာမယ်လို့ သတင်းတစ်ရပ်က ဆိုတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်ကလည်း ဆိုဗီယက်နိုင်ငံ၊ ချာနိုဘိုင်း အနုမြူဓာတ်ပေါင်းဖို ပေါက်ကွဲတာကြောင့် လူအများ အနုမြူဓာတ်ရောင်ခြည်သင့်ပြီး သေဆုံးခဲ့ရသလို အဲဒီပြဿနာကိုလည်း ဒီနေ့အထိ မရှင်းလင်းနိုင်သေးပါဘူး။

အနုမြူဗုံးဆိုတာ တစ်စုံတစ်ယောက်က အနိုင်ရရေးအတွက် အသုံးပြုတဲ့အခါ တစ်ဖက်လူများအတွက် မျိုးတုံးပျောက်ကွယ်လောက်အောင် ခံရနိုင်သလို မတော်တဆဖြစ်မှုကြောင့်လည်း ကိုယ့်ရှူးကိုယ်ပတ်ပြီး ကိုယ့်ကိုယ်ကို ပြန်ထိခိုက်နိုင်တယ်ဆိုတာ သတိထားသင့်ကြပါတယ်။ ပြောမယ့်သာပြောရတယ်၊ တချို့တချို့သော သွေးဆာနေကြသူများကတော့ ဒီအနုမြူဆိုတဲ့ လူသတ်လက်နက်ကို ပိုင်ပါမှ ကမ္ဘာကိုကြိုးကိုင်နိုင်မယ်လို့ အတွေးတွေ ရင်မှာပိုက်ထားကြတော့ စားလည်း အနုမြူ၊ သွားလည်း အနုမြူဖြစ်နေကြတာ ဒီနေ့ ကမ္ဘာ့ရွာထဲက အချို့ရွာတွေမှာ အတော်လေး အသံထွက်နေကြတယ်။

လွန်ခဲ့တဲ့ အနှစ် ၆၈ နှစ်က ဟီရိုရှီးမားနဲ့ နဂါစကီမြို့တွေမှာ ကြဲချခဲ့တဲ့ ဗုံးမျိုး မည်သည့်တိုင်းပြည်၊ မည်သည့်စစ်မြေပြင်မှာမှ သုံးတာမတွေ့ဖူးကြဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်၊ အဲဒီအခါက အမေရိကန်နိုင်ငံမှအပ အခြားနိုင်ငံက အနုမြူဗုံး မထုတ်လုပ်နိုင်သေးလို့ပဲ။

ခုများတော့ အနုမြူပိုင်ဆိုင်တဲ့နိုင်ငံတွေ၊ ပိုင်ဆိုင်ဖို့ကြိုးစားနေတဲ့ နိုင်ငံတွေ အမြောက်အမြား ရှိနေကြတယ်။ ကြောင်လက်သည်းဝှက် ဆိုတာလို တို့တော့လာမထိနဲ့၊ လာထိရင် အနုမြူဗုံး လက်ဆောင်ပေးလိုက်မယ်ဆိုတဲ့ အတွေးနဲ့ပေါ့။ အနုမြူဗုံးဒဏ်ခံရလျှင် ခံရတဲ့ ရပ်ဝန်းပတ်ဝန်းကျင်တွေ တစ်မုဟုတ်ချင်း လောင်မီးကျပြီး ပြာပြာဝပ်ကာ ပြာပုံအတိဖြစ်သွားနိုင်သလို သက်ရှိသတ္တဝါမှန်သမျှ လူသားမျိုးနွယ်အပါအဝင် အားလုံး ဘုမသိ ဘမသိ သေကြရပြီး မျိုးတုံးပျောက်ကွယ်ကြမှာ အမှန်ပဲ။

ဒီလောက် ကြောက်စရာကောင်းတဲ့ အနုမြူဗုံးကို အမေရိကန်က ဂျပန်နိုင်ငံ၊ ဟီရိုရှီးမားမှာ ၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်နေ့၊ နံနက် ၈ နာရီ ၁၅ မိနစ်မှာ တစ်ကြိမ်၊ နောက် သုံးရက်ခြားပြီး နဂါးစကီမှာတစ်ကြိမ် ကြဲချခဲ့တယ်။ သေလိုက်တာမှ အတုံးအရုံး။ မြို့ကြီးနှစ်မြို့ဟာလည်း ပြာပုံအတိပဲ။ အဲဒီဗုံးတွေကို အမေရိကန်ကပေးထားတဲ့ နာမည်ဝှက်က Little Boy တဲ့။ လူကလေးလို့ အမည်ရတယ်ပေါ့။ လူကလေးမို့သာပဲ၊ လူကြီးလို့သာဆိုလျှင် ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်သွားမထား ထင်ရတယ်။ ဘာပဲဖြစ်ဖြစ် ဒီအဖြစ်က ကြွေးရှိလို့ ကြွေးဆပ်ရတဲ့ သဘောပါ။ အဲဒီမဆွက ဂျပန်လေတပ်မတော်ဟာ အမေရိကန်စစ်စခန်း ပုလဲဆိပ်ကမ်းကို မကြေညာဘဲ လေကြောင်းစစ်ပွဲနွှဲပြီး အလစ်အငိုက် ဝင်တိုက်ခဲ့တာ အမေရိကန်တွေ တော်တော်အထိနာခဲ့တယ်လေ။

အခုတလော ကမ္ဘာ့နိုင်ငံအသီးသီး တစ်ဦးချင်း စစ်ရေးလေ့ကျင့်မှုတွေ ပြလိုက်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ ပြလိုက်နဲ့ သူတစ်လှည့်၊ ငါတစ်မင်း ဟန်ရေးတွေပြနေလိုက်ကြတာ ကြောက်စရာပဲ။ ဘာပဲဖြစ်ဖြစ် ဘကြီးတို့ကတော့ ဘယ်သူ့ထီးမှ မကျိုးစေချင်သလို၊ ဘကြီးထီးလည်း မကျိုးစေချင်ဘူး။

**ဝင်းဘောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# သဝန်တိုတဲ့ ဝိညာဉ်

## JEALOUS GHOST KICKS OUT WIFE'S BOYFRIENDS

### သန်းဝင်း(ဘထ)

LEAVE MY WIFE ALONG "ငါ့ရဲ့ဇနီးကို တစ်ယောက်တည်းနေပါစေ"ဟူသော သတိပေးချက်စာတန်းက အိမ်ခန်းမန့်ရဲတွင် မသေမသပ် ရေးထားသည်မှာ တမလွန်ဘဝရောက်နေသည့် "မတ်"ဆိုသူဖြစ်သည်။

မတ်သည် အသက်ရှင်စဉ်ကတည်းကပင် သူ့ဇနီး ရီဘက်ကာကို မနာလိုသဝန်တိုသူတစ်ဦး ဖြစ်သည်။

အလွန်ပင် ငယ်ရွယ်လှသည့် အမျိုးသမီးဖြစ်သူ ရီဘက်ကာသည် ကျန်ရှိနေသော မုဆိုးမဘဝတွင် မျက်ရည်စက်လက် ဝမ်းနည်းလျက်ရှိနေရခြင်း အကြောင်းရင်းက တမလွန်ဘဝရှိ ခင်ပွန်းဖြစ်သူမှ သူမ၏ အမျိုးသားသူငယ်ချင်းများအား ရန်ရှာနေခြင်းကြောင့်ပင်တည်း။

"သူဟာ ကျွန်မရဲ့အိမ်ထဲမှာ အမျိုးသားတစ်ယောက်ကို ၁၅ မိနစ်ထက် ပိုပြီးနေထိုင်ခွင့် မပေးပါဘူး။ နောက်ပြီး သူဟာ ကျွန်မချိန်းပွဲတွေ သွားတဲ့အခါမှာလည်း နောက်က တကောက်ကောက် လိုက်နေလေ့ရှိပါတယ်။ အခု ဆို သူက ပိုပြီးဆိုးလာပါတယ်"

#### အေးစက်လွန်းတဲ့ လေအေးနဲ့ ပက်ဖျန်းခြင်း

အကယ်၍များ ငနဲတစ်ယောက်ယောက်က ကျွန်မကို ညပိုင်းအချိန် နှုတ်ဆက်ပြန်ဖို့ရာ အနမ်းပေးဖို့ ကြိုးစားခဲ့ရင် တမလွန်က ကျွန်မခင်ပွန်းဟာ အလွန်ယုတ်ညံ့တဲ့ အလုပ်အပတ်တွေနဲ့ နှိပ်စက်ပါတော့တယ်။ တကယ်လို့များ ကျွန်မနဲ့ ကျွန်မမိတ်ဆွေဟာ တစ်ဦးကိုတစ်ဦး ပွေ့ဖက်ဖို့ရာ စမိရင် သူဟာ ဟိန်းဟောက်သံကြီးနဲ့ နှောင့်ယှက်ပါတော့တယ်"

ရီဘက်ကာ၏ ပြောကြားချက်အရကတော့ သူမနှင့် ချိန်းထားသူအပေါ် စွပ်ပြုတ်ဟင်းကို ပေါင်ပေါ်မှာ မှောက်ကျစေတဲ့အလုပ်မျိုးစုံ လုပ်တဲ့အပြင် အကယ်၍များ သူတို့ဟာ ကျွန်မအား မွှေ့မွှေ့ပေးဖို့ရာ ကြိုးစားမိပါက လွန်စွာ အင်အားပြင်းလှသည့် လျှပ်စစ်ဓာတ်လိုက်သလို ခံစားရသည်ဟု ဆိုသည်။

တစ်ခါတုန်းကဆိုလျှင် သူမချိန်းဆိုထားသည့် ယောက်ျားလေးမိတ်ဆွေတစ်ယောက်က သူမကို ဆိုဖာပေါ်မှာ ချစ်ဗျူဟာခင်းဖို့ရာ ကြိုးစားခဲ့ပါတယ်။ မတ်ဟာ အခန်းတွင်းမှာရှိတဲ့ ပရိဘောဂတွေကို အန့်ပစ်ခတ်ပြီး ထိုလူ၏ ဦးခေါင်းအပေါ်သို့ အလုထည့်ထားသည့် မှန်ငါးကန်နှင့် ပေါက်ခွဲခြင်းကို ခံခဲ့ရသည်ဟု ဆိုပါ၏။

"ပြီးတာနဲ့ သူဟာ အိမ်ခန်းနံရံပေါ်မှာ ငါ့ရဲ့ဇနီးကို တစ်ယောက်တည်းနေပါစေ"လို့ ရေးထားသည်ကို တွေ့မြင်ရကြောင်း" ရီဘက်ကာက ပြောပါသည်။

"အလွန်သနားစရာကောင်းတဲ့ ငနဲဟာ တံခါးပေါက်က သေမလောက်နီးနီး အလန့်တကြား ထွက်ပြေးသွားခဲ့ပါတော့တယ်။ နောက်ပြီး ကျွန်မဟာ သူ့ကို ဒီအချိန်ကစပြီး တွေ့လည်းမတွေ့၊ ကြားလည်း မကြားရတော့ပါဘူး"

မကြာသေးခင်ကာလက မတ်ဟာ အရင်ကထက် ပိုမိုသောင်းကျန်းလာတာကို တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကလီဗင်မြို့စွန်ရှိ အိမ်ခန်းသုံးခန်းရှိသည့် အထပ်ခွဲအိမ်အတွင်းသို့ ရိဘက်ကာအား လူပျိုလှည့်ရန် ဝင်ရောက်လာခဲ့ပါလျှင် အေးစက်လွန်းတဲ့ လေအေးနဲ့ ပက်ဖျန်းခြင်းကို ခံရပါတော့တယ်။


ဤသို့ခံစားနေရပြီး အလွန်တိုးညင်းလှသည့် အသံဖြင့် -

"မင်းဟာ ငါ့ဇနီးကို အရှုပ်အထွေးတွေ လာပြုနေပြန်ပြီ။ တွားသွားတဲ့ တိရစ္ဆာန်ကောင်။ မင်းဟာ အချိန်မနှောင်းခင် ပြန်ထွက်သွားပါ"ဟူ၍ ပြောကြားခဲ့ပေသည်။

ရိဘက်ကာက "မတ်ဟာ အသက်ရှင်လျက်ရှိနေတုန်းကဆိုရင် သူဟာ သိပ်ပြီး သဝန်တိုတာ။ ကျွန်မဈေးဝယ်သွားရင်တောင် နောက်က တိတ်ဆိတ်ခိုးပြီး လိုက်ချော[...] လေ့ရှိပါတယ်။ နောက်ပြီးတော့ ကျွန်မအနေနဲ့ တစ်နေ့[...] လုပ်ငန်းတွေ လုပ်ခဲ့သမျှ အားလုံးကိုလည်း သူ့ကို သတ[...] ပို့ခဲ့ရပါတယ်"ဟု ပြောကြားခဲ့သည်။

အကာယ်ရှင်များ အမျိုးသားတစ်ဦးတစ်ယောက်[...] စကားပြောမိပါက ဘာတွေပြောဆိုခဲ့သည်ကို အသေးစိ[...] တစ်လုံးချင်း ပြန်ပြောရလေ၏။

"သူ ကျွန်မကို အပြတ်ပြောတတ်တဲ့စကားက[...] အကာယ်ရှင်များ ငါဟာ တစ်ခုခုဖြစ်သွားရင် မင်းကို ဘ[...] ယောက်ျားတစ်ဦးတစ်ယောက်က ထိတွေ့ဖို့ရာ ဘယ်တော့[...] ခွင့်မပြုဘူး။ ဒါကို မင်းအနေနဲ့ တကယ်လိုက်နာ၊ မလို[...]




▲
ရိဘက်ကာက တမလွန်ဘဝရောက် ခင်ပွန်းသည် ရေးသားထားသည့် ကြောက်စရာကောင်းသော သတင်းစကားကို ပြသနေပုံ



ရိဘက်ကာက အချစ်တော်ဖြစ်သူ တွမ်အား အပြင်တွင်နေခြင်းက ပိုမိုလုံခြုံကြောင်း ပြောပြနေပုံ ▶



www.burmeseclassic.com

www.burmeseclassic.com

## "မတ်ဟာ...
## အသက်ရှင်လျက်ရှိနေတုန်း
## ကဆိုရင် သူဟာ
## သိပ်ပြီး သဝန်တိုတာ။
## ကျွန်မဈေးဝယ်သွားရင်တောင်
## နောက်က တိတ်တဆိတ်ခိုးပြီး
## လိုက်ချောင်းလေ့ရှိပါတယ်။

နာဆိုတာကို စောင့်ကြည့်နေမယ်"ဟူ၍ ဖြစ်၏။

ပထမဦးဆုံး သူမအနေဖြင့် မနှာလိုဝန်တိုမှုအား စကားအဖြစ်သာ ထင်မှတ်ထားသော်လည်း နောက်ပိုင်းကျသည့်အခါ သူ့စကားနှင့်အညီ ဖြစ်လာသဖြင့် သူမခမျာ လွန်စွာမှ စိတ်အနှောင့်အယှက် ခံစားခဲ့ရသည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်က မတ်မှာ မော်တော်ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးခဲ့ရလေ၏။

"ကျွန်မက ပထမပိုင်းမှာ သူ့အတွက် အတော်ပဲ စိတ်နှလုံးကြေကွဲဝမ်းနည်းတာသ ဖြစ်နေမိပါတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ကျွန်မဟာ သူ့ရဲ့ ပိုင်စိုးပိုင်နင်း ချုပ်ကိုင်မှုတွေအောက်က လွတ်မြောက်လာပြီး သက်သာမှုရပြီဆိုတာကို ခံစားမိရပါတယ်"

မတ်သေဆုံးပြီး ရှစ်လခန့်ကြာသည့်အခါ ရီဘက်ကာမှာ သူ၏အလုပ်တူတစ်ဦးနှင့် ချိန်းပွဲသို့ ထွက်ခဲ့ကြလေ၏။ မတ်အသက်ရှင်နေစဉ်က သူသည် ဘီ(လ်)ရှိ(ခ်)အား အမြဲတမ်း သဝန်ကြောင်နေသူဖြစ်၍ ဘီး(လ်)က သူမအား မွေးမွေးပေးဖို့ရာ သူမ၏ကျောကို လက်ဖြင့် သိုင်းဖက်ရန် ကြိုးစားသည်နှင့် မတ်ရဲ့ ဝိညာဉ်က ဘီး(လ်)အား ကောင်းကောင်းကြီး ဒုက္ခပေးပါတော့သည်။

### ကြောက်လန့်မှုကြီး

ဘီး(လ်) ခါးပတ်ပတ်ထားသည်မှာ တင်းကျပ်လွန်းနေ၍ သူ့အနေဖြင့် အသက်ပင်ရှူနိုင်စွမ်း မရှိတော့။ နောက်ပြီး သူ့ရဲ့ဆံပင်ကို လက်တစ်ဆုပ်ကြီး ဆွဲနုတ်လိုက်ရာ အခံရခက်လှပေ၏။ သူ၏ ဖိနပ်များလည်း ရုတ်ခြည်းပင် မီးပေါက်ကွဲ လောင်ကျွမ်းမှုကို ခံခဲ့ရလေ၏။

ယခုအခါတွင်လည်း အလားတူ ကြောက်မက်ဖွယ်ကောင်းလှသည့် ရီဘက်ကာနှင့် ရွယ်တူတန်းတူ အသက် ၂၅ နှစ်အရွယ်ရှိ ကွမ်လီယူနပ် ဆိုသူနှင့်လည်း ရင်ဆိုင်လျက်ရှိနေလေ၏။

သူသည် ရီဘက်ကာနှင့် ညှိခန်းတွင် ကော်ဖီသောက်နေခိုက် ထရံပေါ်တွင် ချိတ်ဆွဲထားသည့် ဓာတ်ပုံကားချပ်များ ပြုတ်ကျလာခဲ့ပေသည်။

အဆိုပါအိမ်မှ ထွက်လာသည့်အခါ ရေခဲခန်းမှ ထွက်လာစဉ်သို့ အလားတူ ခံစားရသည်ဟူ၏။

နောက်တစ်ခေါက်သွားသည့်အခါ ရီဘက်ကာက သူ့အား အိမ်အတွင်းသို့ ဝင်ခွင့်မပြုခဲ့။ သို့ရာတွင် နောက်ဆုံး၌ ဝင်ခွင့်ပေးရန် သဘောတူညီမှု ရခဲ့၏။

သို့ရာတွင် တစ်နာရီမျှ မကြာမီ ဘီး(လ်)မှာ ကြောက်အားလန့်အားဖြင့် အိမ်အတွင်းမှ ထွက်ပြေးသွားရတော့၏။ မမြင်ရသော အလွန်ကြီးမားသည့် စွမ်းအားကြီးတစ်ခုက သူ၏လက်ထဲမှ ကော်ဖီခွက်ကို ဆွဲယမ်းပစ်ခဲ့သောကြောင့်ပင်။

"ကျွန်တော်ဟာ သိပ်ပြာလွင့်မတတ် အကြောက်ကြီးကြောက်ခဲ့ရပါတော့တယ်။ ကျွန်တော် ရီဘက်ကာကို ချစ်လှပေမယ့် ကျွန်တော်ဟာ အဲဒီအိမ်ထဲကို နောက်ထပ် ဘယ်တော့မှ သွားမှာမဟုတ်တော့ပါဘူး"ဟူ၍ ဘီး(လ်)က ရင်တုန်ပန်းတုန် ပြောကြားခဲ့လေ၏။

**သန်းဝင်း(ဘထ)**

***Ref; 'SUN' Dec 20, 1994.***



www.burmeseclassic.com

www.burmeseclassic.com

# အက်ဖ်ဘီအိုင်အဖွဲ့

# ဂြိုဟ်သားများနှင့် တွေ့ဆုံအပေးအယူလု

## THE FBI MET WITH UFO ALIENS (6)TIMES

ကိုမောင်သန်းဝင်း



ဟူးဘား၏ လျှို့ဝှက်ဖိုင်များ ဖော်ထုတ်ချက်အရ အာကာသဂြိုဟ်သားများအား သူက နှုတ်ပိတ်ခများ တောင်းယူခဲ့

ဝါရှင်တန်(ဒီစီ)မြို့တော်ရှိ တရားရေးဌာန၏ မြေအောက်ခန်းတွင် ရှိနေသည့် လျှို့ဝှက်ဖိုင်တွဲများတွင် လွှန်ခဲ့သည့် တစ်လခန့်က စုံစမ်းစစ်ဆေးရေး သတင်းထောက်တစ်ဦးက ထူးဆန်းအံ့ဩဖွယ်သတင်းကို အံ့ဩစွာ တွေ့ရှိခဲ့ရသည်။

သတင်းအရ ...ျအဒ်ဂါဟူးဗား နှင့် သူ၏ယုံကြည်စိတ်ချရဆုံးသော အက်ဖ်ဘီအိုင် အေးဂျင့်များသည် အာကာသဂြိုဟ်သားများနှင့် အကြိမ်ကြိမ်ပင် နှစ်ပေါင်း ၂၀ ကာလအတွင်း တွေ့ဆုံခဲ့ကြောင်းကို ထိပ်တန်းလျှို့ ဝှက်ဖိုင်များတွင် ဖော်ညွှန်းပြသလျက်ရှုးနေခြင်းပင်။

ယင်းသို့သော ထူးဆန်း... သတင်း တွေ့ရှိရမှုမှာ ကွယ်လွ... ဖြစ်သူ အက်ဖ်ဘီအိုင်ဌာန၏ ... ကြားရေးမှူး ဂျေအဒ်ဂါဟူးဗ... ကိုယ်ရေးအတ္ထုပ္ပတ္တိကို ပြုစဉ်ရေ... နေစဉ်ဖြစ်သည်။

### မှတ်တမ်းဓာတ်ပုံများ

မှတ်တမ်းများနှင့် ဓာတ်... အပါအဝင်တို့၏ ရည်ညွှန်းဖော်ပြ... တို့အရ ညွှန်ကြားရေးမှူးဖြစ်သူ ဟူ... သည် ရှေးဦးပထမ ၁၉၄၉ ခုနှ... အာကာသဂြိုဟ်သားများ တစ်... တွေ့ဆုံခဲ့ပေသည်။ ထို့နောက် ... တိုက်ပင် ၁၉၅၄ ခုနှစ်၊ ၁... ၁၉၆၄၊ ၁၉၆၈ ခုနှစ်နှင့် သူမ... လွန်မီလေး ၁၉၇၂ တို့တွင်... အကြိမ်ကြိမ်တွေ့ဆုံခြင်း ဖြစ်သ... မှတ်တမ်းက ဖော်ပြသည်။

ဟူးဗား၏ အက်ဖ်ဘီအိုင်... ဝင်များသည် ထင်ထင်ရှားရှ... သည့် ဂြိုဟ်သားများ ...



www.burmeseclassic.com

www.burmeseclassic.com

သည့် အခြေခံစခန်းတစ်ခုကို
သာနာဗာဒါ(စ)အနီး တာပဲ့ရေ
ကို တိုက်ခိုက်ဖျက်ဆီး နိဂုံးချုပ်
ပေးသည်။ ၎င်းတို့သည် အာကာသ
ဟ်သား ငါးဦးတို့ကိုလည်း လက်ရ
ဆီးမိခဲ့သေးသည်။


ဟူးဗားသည် ဖမ်းဆီးမှုအပြီး
ကာသဂြိုဟ်သားများအား နှုတ်
ခံ တောင်းခံသည့်အနေဖြင့် သူ
အလွန်ထူးဆန်းလှသည့် သူလျှို
အသုံးပြုသော ထောက်လှမ်းရေး
ယာများ၊ တန်ဆာပလာများကို ပေး
ရန် ပြုလုပ်ဆောင်ရွက်ခဲ့လေ၏။

ယင်း သူလျှိုထောက်လှမ်းရေး
ယာများအနက် တစ်ခုသောကိရိ
မှာ အလွန်ထူထဲလှသည့် နံရံကြီး
င် ဖောက်ထွင်း၍ မြင်နိုင်သလို
ကိုလည်း ဖောက်၍ကြားသိနိုင်
ာ ပစ္စည်းတစ်ခုဖြစ်ပေသည်။

အပြန်အလှန် အပေးအယူ
နေအားဖြင့် အာကာသဂြိုဟ်သား
ရှိနေခြင်းကို လျှို့ဝှက်အဆင့်အနေ
ထားရှိရမည်ဖြစ်ကြောင်းကိုပင်
လေ၏။

## အပျက်အစီးများ

တွေ့ရှိခဲ့ရသည့် ယင်းဖိုင်တွဲများ
င် အခြားသောအကြောင်းအရာဖြစ်
များ ည်း ပါရှိနေသေးသည်။ ဤ
ကြောင်းခြင်းရာများကြောင့် အသက်
င်ရှားရှိသူများနှင့် ကွယ်လွန်ပြီး
ည့် အလွန်ရှိသေလေးစားထိုက်သည့်
ုလ်ကြီးများ၏ ဂုဏ်သိက္ခာများ ထိ



ခိုက်ပျက်စီးစေနိုင်သည့် အကြောင်းစုံ
ဖြစ်ရပ်များလည်း ပါဝင်ယှက်နွယ်
လျက် ရှိနေသည်။

ဟူးဗား၏ မှတ်စုများတွင် ဖော်
ပြထားချက်အရ အာကာသဂြိုဟ်သား
များသည် ယခင်နှင့်ယခုအခါများတွင်
ဤကမ္ဘာမြေပြင်သို့ သုတေသန
ပြုလုပ်ရန် လာရောက်ကြသော သိပ္ပံ
ပညာရှင်များ ဖြစ်ကြပေသည်ဟု ဖော်
ပြထားလေ၏။

အကယ်၍များ ဟူးဗားအနေဖြင့်
အာကာသဂြိုဟ်သားများသည် ဤ
ကမ္ဘာမြေပြင်ပေါ်တွင် ရှိနေကြောင်းကို
ဖော်ပြလိုက်ပါက သူတို့၏လုပ်ငန်းများ
မှာ တစ်မျိုးတစ်မည် ပြောင်းလဲသွား
မည်ကို စိုးရိမ်ကြောင့်ကြမိပါကြောင်း
ကို သတင်းထောက်က ရှင်းလင်းဖော်
ပြခဲ့သည်။

ဟူးဗားသည် အလွန်ကြီးမားလှ
သည့် စိတ်ဝေဒနာသည်တစ်ဦး ဖြစ်
၏။ သူ၏ အမိကစိတ်ဝင်တစားရှိနေမှု
မှာ ဖန်တီးထားသည့် လျှို့ဝှက်ထောက်
လှမ်းရေးကိရိယာအပေါ်တွင်သာ စူး
စိုက်အလေးထားလျက် ရှိနေပေသည်။
ယင်း ထောက်လှမ်းရေးကိရိယာများ
ဖြင့် အလားအလာရှိပြီး ဖြစ်နိုင်စွမ်းရှိ
သည့် ရန်သူများအပေါ်တွင် ချောင်း
မြောင်းစောင့်ကြပ်နှင့် နောက်ယောင်ခံ
ခြင်း လုပ်ငန်းများ ပိုမိုကောင်းမွန် တိုး
တက်လာစေရေးအတွက်သာ အား
သာနေသူဖြစ်လေ၏။

“ကျွန်တော့်ရဲ့ ထင်မြင်ယူဆ
ချက်ကို ပြောရရင် အာကာသဂြိုဟ်
သားတွေဟာ သုဘာပစ္စည်းကိရိယာ
မျိုးကိုမဆို တောင်းဆိုတဲ့အတိုင်း ပေး
နိုင်စွမ်းရှိသူများ ဖြစ်ကြပါတယ်။

ဒီလိုပေးနိုင်တဲ့ ကိရိယာပစ္စည်း
တွေထဲမှာလည်း အလွန်အံ့သြထူးခြား
ဖွယ်ရာကောင်းလှတဲ့ အမျိုးမျိုးသော
ရောဂါဘယများ ပျောက်ကင်းနိုင်တဲ့
ဆေးဝါးပစ္စည်းတွေလည်း ပါကောင်းပါ
ပါလိမ့်မယ်။ ဒါပေမယ့် ဟူးဗား
အမိကစိတ်ဝင်စားတာက သူ့ရဲ့လျှို့
ဝှက်ဖိုင်များအတွက် အမှိုက်သရိုက်
များအဖြစ် ပိုမိုတိုးတက်လာမယ့် ပစ္စည်း
တွေသာ ဖြစ်ပါလိမ့်မယ်”

အက်ဖ်ဘီအိုင်ဌာန၏ ထိပ်တန်း
အကြီးအကဲများသည် အာကာသ
ဂြိုဟ်သားများအား ယင်းသို့သော တွေ့
ဆုံမှုများနှင့် နှုတ်ပိတ်ခများ အပေး
အယူလုပ်မှုတွေဟာ ယခုကာလတိုင်
ဆက်လက်လုပ်ကိုင်လျက် ရှိမရှိဆို
သည့် အကြောင်းအရာများကို ယင်း
အက်ဖ်ဘီအိုင် လျှို့ဝှက်ဖိုင်များတွင်
ဖော်ပြထားခြင်းမရှိပါကြောင်းကို သတင်း
ထောက်က ပြောခဲ့လေ၏။

**ကိုမောင်သန်းဝင်း**


***Ref; 'SUN' NOV 8, 1994.***

***"THE FBI MET WITH UFO ALIENS (6) TIMES."***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း

# ဟောင်းသည်မရှိ (၁၇)

## အ ခ န် း ဆ က် ဝ တ္ထု ရှ ည်

**■ မင်းဟိန်းထိုက်**

(...ခင်လမှအဆက်)

မောင်အေးချမ်းနှင့် ယုမေတို့ ...င်လေးထိုးပြီး ကျောက်တောင် ... ရောက်သွားကြရာ ကျန်နေခဲ့ ...သာ ကောင်မလေးအုပ်စုသည် ...က်တောင်ကြီး၏ အလယ်တွင် ...ပြီး ထိုဘက်ကမ်းကိုသာ စူးစိုက် ...ည့်နေကြသည်ကို တွေ့လိုက်ရ ... သူတို့၏ မျက်လုံးများသည် ... သိသိသာသာပင် ပြူးကျယ်နေ ...သည်။

"ကိုကြီး ... ကိုကြီး ဟိုမှာ .. ...တောင်ကြီးလဲ မသိဘူး။ မတို့ ...ကို ကြည့်နေတယ်"

ဟု မောင်အေးချမ်းကို ခဏ ...သာကပ်ပြီးဖက်နေသော ကောင် ...းကပြောသည်။ ထို့ကြောင့် ...င်အေးချမ်း သူတို့အနား သွားရပ် ...ကြည့်လိုက်ရာ ရောမ ရိုးကျားကြီး ...ကောင်သည် နိမ့်လျှောအနေ ...းရှိသော သဲပြင်တွင် ဝပ်လျက် ...စ်ဖက်ခန့်ရှိသော ဦးခေါင်းကြီးကို ...င်တွင် မေးတင်ပြီး သည်ဘက်သို့ ...ကြည့်နေသည်ကိုတွေ့လိုက်ရသည်။

မောင်အေးချမ်း ကျားကြီးကို ...စ္စာလေ့လာကြည့်သည်။ ကျားအို ကြီးတစ်ကောင်သာ ဖြစ်သည်။ အမွေး များပင် မွဲမွဲခြောက်ခြောက် ဖြစ်နေ သည်ကို တွေ့ရသည်။ ဟိုင်းဆင်ကြီး နောက်ဖက်ကို ကြည့်လိုက်၊ ပြေးလိုက် နှင့် ပြေးလာလာခဲ့သည်ကိုလည်း ယခု မှ သဘောပေါက်သည်။ ဤကျားကြီး နောက်မှလိုက်လာနေ၍ပင်ဖြစ်ပေမည်။

ကျားကြီးသည် လူအုပ်နှင့်တိုး၍ ရှေ့ကိုဆက်မသွားရဲဘဲ ဤနေရာတွင် ရပ်သွားခြင်း ဖြစ်ပေလိမ့်မည်။ သို့ သော်လည်း ကျားအိုကြီးများကိုမူ သတိထားရသည်။ ဇရာအလျောက် မျက်စိမွဲခြင်း၊ ဖျတ်လတ်သန်မာခြင်း လည်းမရှိတော့၍ အစာသားကောင် များကို လို[illegible]ဖမ်းရာတွင် အခက်အခဲ ရှိ၍ နီးစပ်[illegible]ယ်ကူမည့် သားကောင် များနှင့် တွေ့ရသောအခါ သဲသဲမဲမဲ လုပ်တတ်သည်။

အခု ကောင်မလေးအုပ်စုနှင့် လည်း ဝဲထောင်အိုင်ကြီးတစ်အိုင် ခြား နေ၍ တော်သေးသည်။ သို့မဟုတ်ပါ က ဝင်မဆွဲဟု မပြောနိုင်ပေ။ ကောင် မလေးအုပ်စုကလည်း သူ့ကိုကြောက် လန့်နေသော မျက်လုံးများဖြင့်သာ စိုက်ကြည့်နေကြသဖြင့် ကျားကြီးကို ပိုပြီး အားတက်စေသည်။ ထို့ကြောင့် ကျားများနှင့် အမှတ်မထင် တွေ့ရ သောအခါ ကိုယ်က ကြောက်လန့် သည့် အမူအရာကို မပြသင့်။ ကျား အား မသိစေသင့်ပေ။ ကျားကို အား ပေးရာ ရောက်သွားတတ်သည်။

မောင်အေးချမ်း ကျားကြီး၏ အမူအရာကိုကြည့်သည်။ ကျားကြီးနှင့် လူများအကြားတွင် ဝဲအိုင်ကြီးတစ်အိုင် ခြားနေ၍ အရမ်းကာရော ဝင်ဆွဲနိုင် မည့် အခြေအနေမရှိပေ။ လူဦးရေက လည်း များနေသည်။ ထို့ကြောင့် သိပ် ပြီး ကြောက်စရာမရှိဟု နားလည် လိုက်၍ မောင်အေးချမ်းသည် ဝါး ဖောင်ပေါ်က သပြေသီးနှင့် ဒန့်ဒလောက် များကို သယ်ယူပြီး ကျောက်ဆောင် ကြီးပေါ်သို့ ပို့သည်။

ယုမေလည်း ကျားကြီးကို မြင် လိုက်ရသောအခါ မျက်လုံးလေးများ ပြူး ဝိုင်းသွားပြီး –

"ဟင် ... ဦးလေး ... ဟိုမှာ ဘာကောင်ကြီးလဲ"

ဟု ကြောက်သံလန့်သံဖြင့် ပြော သည်။ ကျားကြီးက သဲသောင်တွင် မေးတင်ပြီး ကိုယ်လုံးကြီးက နိမ့်

www.burmeseclassic.com

လျှောဘက်မှာသာရှိနေ၍ ကောင်မလေးအုပ်စုက ကျားဟူ၍ပင် မသိနိုင်ကြပေ။

မောင်အေးချမ်း တစ်ချက်ပြုံးလိုက်ပြီး "ဘာကောင်ကြီးပဲ ဖြစ်ဖြစ် နေပစေဦး။ ခနောက်မှ ငါကြည့်လုပ်မယ်" ဟုပြောပြီး သပြေသီးများကို နှီးဖြင့် ငါးလုံးတစ်တွဲ တွဲသည်။ ဒန့်ဒကောက်များကိုလည်း သပြေသီးတစ်တွဲ တစ်လိပ်ကျ တောင်ဂှက်ပျောရွက်ဖြင့် လိပ်သည်။ ကောင်မလေးများကို တစ်ယောက်လျှင် သပြေသီး ငါးလုံးတစ်တွဲနှင့် ဒန့်ဒကောက်တစ်ထုပ်ကျစီပေးရန် လုပ်ထားလိုက်သည်။

ထို့နောက် ကျားကြီးကို ကြည့်သည်။ ကျားကြီးသည် ယခင်အတိုင်းပင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ဤကျားကြီးကို လျှော့တွက်၍ မရပေ။ ကျားအိုကြီးဖြစ်၍ အစာငမ်းသောကြောင့် သည်အတိုင်းထားခဲ့ပြီး သွားလျှင် တောတစ်နေရာက ပတ်ဆီးပြီး လူများကို ဒုက္ခမပေးဟု မပြောနိုင်။

"နင်တို့ မကြောက်မလန့်ကြနဲ့နော်။ ငါ အဲဒီအကောင်ကြီးဆီကို သေနတ်နဲ့ ပစ်လိုက်မယ် သိလား"

ဟုပြောပြီး မောင်အေးချမ်းသည် ကျားကြီး၏ ရှေ့သုံးထောင်ခန့်အကွာ သဲပြင်ကို ထိုးချိန်လိုက်သည်။ ကျားကြီးကို မသတ်လိုသောကြောင့် ဖြစ်သည်။

"ဒိုင်း ..."

"ဝုန်း ... ဝေါင်း ..."

"အမလေး ..."

"ဟင် ..."

"အင် ..."

သေနတ်ပေါက်သံ၊ ကျားအော်သံ၊ လူအော်သံများဖြင့် တောလုံးဟိန်းသွားသည်။ တချို့မိန်းကလေးများ လဲသွားသည်။ တချို့ မတ်တတ်ရပ်သွားသည်။ တချို့ နောက်ကို လန်ကျသွားသည်။ တချို့ သေးထွက်သွားသည်။ မောင်အေးချမ်းက သူတို့အဖြစ်ကိုကြည့်ပြီးရယ်၏။ ယုမေက မောင်အေးချမ်းအား တစ်ချက်စိုက်ကြည့်ပြီး ဖက်ကာ ကျောကုန်းကို မနာတနာထုသည်။

ကျားကြီးလည်း လန့်အော်ထခုန်ပြီး ထိုနေရာမှ ပျောက်သွားလေသည်။ သဲများ ဖွာထွက်သွားသဖြင့် ဘယ်ဘက်ပြေးသွားသည် ဟူ၍ပင် မသိလိုက်ရပေ။ ထိုမျှအထိ ကြောက်လန့်သွားသော ကျားတို့သည် မည်သည့်နည်းနှင့်မျှ လူများကို လိုက်ချောင်းကိုက်သတ်ရန် မစွမ်းနိုင်တော့ပေ။

ထိုသို့ အော်သူအော်၊ ငိုသူငိုဖြစ်သွားကြသော ကောင်မလေးများလည်း လဲပြိုနေရာမှ ထလာကြပြီး အကျီကို အပေါ်သို့ ဆွဲတင်သူက ဆွဲတင်သည်။ ထဘီကို ပြင်ဝတ်သူက ဝတ်သည်။ သေးထွက်သူများက ထဘီကိုလှည့်ဝတ်ရင်း ရှက်ပြုံးမျက်နှာကို ဖုက်၍နေကြသည်။

"ကျားကြီးကို ကျည်ဆန်ထိသွားသလား ဦးလေး"

ဟု ယုမေက မေးသည်။

"ဘယ်ထိမလဲ။ ထိအောင်ပစ်တာမှ မဟုတ်တာ။ လန့်ဖျပ်သွားအောင်လို့ သူ့ရှေ့ကသဲတောကိုပဲ ပစ်လိုက်တာလေ"

"ကျားကြီး လန့်အော် ထခုန်ပြီး နောက်ဘက်လန်ကျသွားတာ မြင်လိုက်ရတော့ ကျည်ဆန်များ ထိသွားသလားလို့"

"အဲလိုသာ မလုပ်လိုက်ရင် ထ
အပြန်ကို ကျားကြီး လမ်းကဆီးပြ
တစ်ခုခုလိုက်မလုပ်ဘူးလို့ မပြောနို
ဘူးကွယ့်။ ကျားဆိုတာ အင်မတ
ဉာဏ်များတဲ့အကောင်မျိုးပဲ။ အ
တော့ စိတ်ချရပြီ။ ကျားကြီး လန့်ဖျ
ပြီး ဘယ်တော ဘယ်တောင်က
ရောက်သွားမှန်းတောင် မသိတေ
ဘူး။ ကဲ ... တို့လူစု ပြန်ကြရအောင်
ဒီသပြေသီးနဲ့ ဒန့်ဒကောက် တ
ယော က်တစ်တွဲဆီ ကိုယ်ရတာ ကို
ဆွဲကြ"

စကားတပြောပြောဖြင့် က
လမ်းဘက်သို့ ပြန်တက်လာကြသည
ကောင်မလေးများက ကျားကြီး
ကြောက်လန့်နေကြ၍ အခုအချိန်
ပင် မျက်လုံးများပြူးလျက် ရှိနေ
သည်။ တချို့က ကျားကြီး၏အကြေ
များကို ပြောနေကြသည်။ မောင်အေ
ချမ်းက အခြင်းမှား (တောမှား)မည်
၍ ကျားကြီး၏အကြောင်းကို မပြေ
ကြရန် တားမြစ်လိုက်မှ သူတို့
စကားသံများ ငုပ်ဆိုင်းသွားကြသည

ချောင်းထဲသို့ အလာတုန်း
သစ်တောကြီးအတိုင်း ပျော်ပျော်ရွှင်
ဖြင့် ပြေးလွှားဆင်းလာကြ၍ မေ
ပန်းရမှန်းကိုပင် မသိခဲ့ကြပေ။ ယ
အပြန်တွင် သပြေသီး၊ ဒန့်ဒကော
လက်တစ်ဆွဲနှင့် တောင်တက်လ
ဖြစ်၍ မောဟိုက်နေကြသည်။ ေ
များလည်း နစ်နေကြသည်။

× × ×

စခန်းသို့ရောက်၍ နာရီကိုကြ
လိုက်ရာ ညနေ ၃ နာရီထိုးရန်
မိနစ်အလို။ ထိုအချိန်မှာပင် ပ...



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာပြီး တိုးတိုးပြောသည်။

"ကိုကို ...ဟိုမမတို့က ခေါင်သောက်ချင်ကြလို့တဲ့"

မောင်အေးချမ်း အံ့ဩသွား၏။

"ဟ .. သကြံန်တွင်းကြီးလေ"

"သကြံန်တွင်းတွင်း ကိုကိုရယ်။ သူတို့က သောက်ချင်ကြတယ်ဆိုမှတော့ လုပ်ပေးလိုက်ပါ"

"သူများတွေက ဥပုသ်စောင့်လို့။ သူတို့က ခေါင်သောက်ချင်ကြတယ်"

"ကဲပါ .. ကိုကိုရယ်။ ယုမေနဲ့ လာကြတဲ့သူတွေပဲဟာ။ သူတို့က မြို့က ရွာမှာဆိုရင်လည်း ဥပုသ်စောင့်ကြမှာ မဟုတ်ပါဘူး"

မောင်အေးချမ်းက ရယ်ချင်သောမျက်နှာဖြင့် ယုမေအား စိုက်ကြည့်နေသည်။

"ကိုကို ခေါင်ရမယ်မဟုတ်လား"

"ရပါတယ်။ ဟိုနားက ဦးအောင်ခင်းရဲ့မိန်းမ မဗျိုင်း အမြဲတမ်း ခေါင်ထည့်ပြီး ရောင်းတာပဲ"

"ကဲ ...ဒါဆိုရင် သွားမေးရအောင်"

ဟုပြောပြီး ယုမေ အတင်းဆွဲခေါ်၍ မောင်အေးချမ်းနှင့် ယုမေတို့ မဗျိုင်း၏ တဲရှံဘက်ကို ဦးတည်ပြီး လျှောက်လာကြသည်။ မဗျိုင်းက ချင်းအမျိုးသမီးတို့၏ သဘာဝအတိုင်း ကလေးကို ကုန်းပိုးပြီး ထမင်းချက်နေသည်။ ခေါင်ရောင်းရန် ရှိမရှိ မေးကြည့်ကြရာ လူတစ်ဖက်သာသာခန့်ရှိသော ခေါင်စဉ့်အိုးကြီးကို လက်ညှိုးထိုးပြသည်။

"ဒီခေါင်အိုးကြီးက တစ်စိတ်ဝင်လေ။ ထည့်ထားတာ သုံးလတောင်ရှိပြီ။ ငါ ခေါင်ရေတောင်ချ (အရည်ထုတ်)တော့မလို့။ ဒါပေမယ့် နင်လိုချင်ယူလေ။ တစ်ဆယ်ပဲပေးပါ။ ချထားတဲ့ ခေါင်ရေတွေလည်းရှိတယ်။ ယူမလား"

ဟု မဗျိုင်းက မေးသည်။

"ခေါင်ချရည်တော့ မယူတော့ပါဘူး မဗျိုင်းရယ်။ အဲဒီခေါင်အိုးကြီးကိုပဲ ဖောက်ပေးပါ"

ဟုပြောပြီး ငွေတစ်ဆယ် ထုတ်ပေးလိုက်သည်။ မဗျိုင်းလည်း ချက်ချင်းပင် ခေါင်ဖောက်ခြင်းကိစ္စကို စတင်ပြုလုပ်လေသည်။

ခေါင်ဖောက်သည် ဆိုခြင်းမှာ ထမင်း၊ တဆေး၊ ခေါင်ခေါက် သုံးမျိုးလုံးကို ရောနယ်ပြီး အဝတ်ဖြင့် အလုံပိတ်ချည်ထားသော ခေါင်အိုးထဲသို့ ဦးစွာ ရေနွေးကို လောင်းထည့်ရသည်။ ထို့နောက် အပေါ်က ဝါးရွက်များဖြင့်အုပ်ပြီး ဝါးရွက်များ လန်ပြန်မနေအောင် အပေါ်က နှီးပြားများ ခပ်ထူထူဖြင့် ထိုးကုပ်ထားရသည်။ နာရီဝက်ခန့်ကြာသောအခါ လက်သန်းအရွယ်အစားခန့် ဝါးပင်သေးသေးလေး(ပလွတံ)ဖြင့် ထိုးထည့်ပြီး စုပ်သောက်ရသည်။

သောက်၍ ရေနွေးကုန်သွားသောအခါ ရေအိုးကိုသာ ထပ်ဖြည့်ရသည်။ ခေါင်ထည့်ထားလျှင် ကြာလေကောင်းလေဟုဆိုသည်။ နှစ်ချီ့ခေါင်အိုးကြီးများမှာ အကောင်းဆုံးဟု ဆိုကြသည်။ ခေါင်ထည့်ထား၍ ရက်မျှပင် မရှိသေးလျှင်လည်း နုလွန်းသောကြောင့် မကောင်းဟု ဆိုကြပြန်သည်။

မောင်အေးချမ်းက မဗျိုင်း ခေါင်ဖောက်၍ ပြီးသွားလျှင် ယုမေအား အခြားကောင်မလေးများကို ခေါင်သောက်ရန် ခေါ်ခိုင်းလိုက်သည်။ မဗျိုင်း၏အိမ် အဖီခန်းလေးမှာပင် သောက်ရန် စီစဉ်ပေးလိုက်သည်။ ထို့နောက် မောင်အေးချမ်း အဆောင်သို့ ပြန်လာရာ ကားနားတွင် ဦးကျော်ဖေနှင့် အခြားလူရည်သန့်တစ်ယောက်ကို တွေ့ရပြီး ဦးကျော်ဖေက –

"အေးချမ်းလေး၊ ဒီကောင်လေးက ငါ့ကားနဲ့ အမ်းကို လိုက်ချင်လို့တဲ့ကွာ။ ကားခ တစ်ဆယ်ပေးမယ်ဂိလည်း ပြောတယ်။ ငါက မင်းကို မေးကြည့်ပြီးမှ လက်ခံမယ်လို့ ပြောထားတယ်။ မင်းနဲ့သိတဲ့ ကောင်မလေးချည်းသက်သက် စီးသွားကြမယ့်ကားမှာ သူစိမ်းကောင်လေးတစ်ယောက် လိုက်ပါမှာကို မင်းမကြိုက်ဘဲနေမှာစိုးလို့ အခုလို မေးကြည့်တာလေ"

"လက်ခံလိုက်ပါ။ ငွေတစ်ဆယ် ရမယ်ဆိုတော့ ဦးကျော်ဖေအတွက်လည်း အကျိုးရှိတာပေါ့"

"အေး ...ငါ့မှာလည်း ကားလူကိုတိုက်ထားတဲ့ မှုခင်းက မပြတ်သေးတော့ အလုပ်မဆင်းရလို့ လစာငွေနှစ်ရာနဲ့ မစားလောက်ဘူးကွ။ ဒီတော့ ဒီလို ရရာလေးတွေကို လိုက်ကောက်ရတာပဲ"

"ရပါတယ်။ အခုကောင်မလေးတွေက ခေါင်သောက်ချင်တယ်ဆိုလို့ ခေါင်ဝယ်တိုက်ထားရတော့ သူတို့ကိုလည်း ကျွန်တော်ကိုယ်တိုင် အမ်းကို ရောက်အောင် လိုက်ပို့ပေးမှ ဖြစ်မယ်လေ"

"ကောင်မလေးတွေက ခေါင်သောက်နေကြသလား။ သောက်လည်းသောက်ပေါ့ကွာ။ ကလေးတွေပဲ။ သောက်ပါစေ။ ဒါလေးတော့ သည်းခံလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မောင်အေးချမ်းသည် အမ်းကို ကားနှင့်လိုက်ချင်သည်ဟု ဆိုသော လူနှင့် စကားပြောကြည့်သည်။ လူပုံက ခံ့ခံ့ချောချော၊ လူရည်သန့်ဖြစ်ပြီး အသက် ၂၅ နှစ်ခန့် ရှိသည်။ ရည်ရည်မွန်မွန်လည်း ရှိသည်။

"နောင်ကြီးက အမ်းကို လိုက်ချင်တယ်ဆိုတော့ ဇာတိ ဘယ်ကပါလဲ။ ဒီရခိုင်ရိုးမ စခန်းတစ်ခုခုမှာများ လမ်းအလုပ်တွေကို လုပ်နေတာပါလား"

ဟု မောင်အေးချမ်းကမေးလိုက်သည်။

"လမ်းအလုပ်လုပ်နေတာ မဟုတ်ဘူးကွ။ ငါ့ဇာတိက ဒီရခိုင်ရိုးမ မြင်မတိန် (မြင်းကုဋ္ဌေ) တောင်နားက အထက်သစ်ကတိုးရွာသားပါ။ အသက် ငါးနှစ်အရွယ်ကပင် ရန်ကုန်ကို ရောက်သွားပြီး စာသင်တယ်။ ဒါပေမယ့် ဆယ်တန်းမအောင်နိုင်ဘဲ နေရင်းက ခရစ်ယာန်အသင်းတော် ကားကို တောင် သုံးနှစ်မောင်းခဲ့သေးတယ်။ နောက်တော့ မိဘတွေနဲ့ပဲ အတူလုပ်ကိုင်စားသောက်နေတော့မယ်ဆိုပြီး ရွာကို ပြန်လာခဲ့တာပါ"

ဤရခိုင်ရိုးမကြီးဇာတိ၊ စိုင်တောင် ချင်းလူမျိုးတစ်ယောက် ဖြစ်သော်လည်း ရန်ကုန်မှာ ကြာကြာနေဖူးပြီး ခေတ်ပညာလည်း ဆယ်တန်းဟု ဆိုသဖြင့် လျှော့တွက်၍ မရပေ။ အဆင့်အားဖြင့်လည်း မနိမ့်ဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း ရိုးမသားလေးတစ်ယောက်နှင့်မတူဘဲ မြို့သားတစ်ယောက်ကဲ့သို့ အချိုးတကျ ဝတ်ဆင်ပြီး လူရည်သန့်လေး ဖြစ်နေဟန်ရှိသည်။

"နောင်ကြီးက ဒီရခိုင်ရိုးမဇာတိဆိုတော့ အမ်းမြို့မှာ အသိဆွေမျိုးတွေများ ရှိပါသလား"

"အင်း ... ရှိပါတယ်။ မြောက်ဘက်ရပ်ကွက်မှာ ဆွေမျိုးတွေရှိပြီး အရှေ့ပိုင်းရပ်ကွက်နဲ့ အမှုထမ်းရပ်တွေမှာလည်း အသိမိတ်ဆွေရှိကြပါတယ်"

ထိုလူသည် စကားပြောနေရင်းက ကောင်မလေးများ ခေါင်သောက်နေကြသည့်ဘက်ကို ခဏခဏလှည့်ကြည့်နေပြီး မောင်အေးချမ်းအား မေးသည်။

"ဟို ... ကောင်မလေးတွေက မင်းရဲ့ဆွေမျိုးတွေများလား"

"ဆွေမျိုးတော့ မတော်ဘူး ခင်ဗျ။ အသိမိတ်ဆွေတွေပါ။ သူတို့ ကျွန်တော့်ဆီအလည်လာရင်း ခေါင်သောက်ချင်ကြတယ်ဆိုလို့ ခေါင်တိုက်ထားတာပါ"

"မင်းရော ခေါင်မသောက်ဘူးလား"

"ဟုတ်ကဲ့။ ဆရာသမားတွေ၊ အပေါင်းအသင်းတွေနဲ့ တစ်ခါတလေတော့ သောက်ဖြစ်ပါတယ်။ ကြုံသောက်သဘောမျိုးပါ။ သိပ်ပြီး ကြိုက်လှတယ်ရယ်တော့ မဟုတ်ပါဘူး"

"ဒါဆို လာလေ။ ငါနဲ့လည်း မိတ်ဖြစ်ဆွေဖြစ်လေး သွားသောက်ရအောင်"

"ကျွန်တော် ဒီနေ့ ဘုရားရှေ့မှာ ကိုယ့်ဘာသာပဲ ဥပုသ်ဆောက်တည်ထားတယ်ခင်ဗျ။ ဒါကြောင့် ခေါင်သောက်လို့ မဖြစ်ပါဘူး"

"ဩော် ... ဩော် ... အေးပါ။ မင်းတို့ဗုဒ္ဓဘာသာတွေက သကြန်ရက်အတွင်းဆိုတော့ ဥပုသ်စောင့်ကြတာပေါ့။ ဒီတော့ ငါအဲဒီမှာ ခေါင်သွ[...] သောက်လို့ .. ရမလား"

"အင်း ... ယောကျ်ားလေ[...] တစ်ယောက်အနေနဲ့ မူးယစ်သေ[...] ကိစ္စကို ကောင်မလေးတွေနဲ့ သွား[...] လို့တော့ မသင့်တော်ဘူးပေါ့ဗျ[...] ဒီတော့ ခင်ဗျားသောက်ချင်ရင် အဲဒီ[...] ရုံကြီးမှာ ခေါင်ချရေရောင်းလို့ ရှိ[...] တယ်"

"အေးကွာ။ ဒါဆိုရင် ငါခေါ[...] ရေ သွားသောက်လိုက်ဦးမယ်"

ဟုဆိုကာ ထိုလူသည် မဗျိုင်း[...] ဆီသို့ ထွက်သွားလေ၏။ မောင်အေ[...] ချမ်းလည်း ရပ်ပြီးကြည့်နေသေးသည်[...] ဟုတ်သည်။ ဟိုလူသည် ကောင်[...] လေးများသောက်နေကြသည့် ခေါ်[...] ဝိုင်းသို့မဝင်ဘဲ တဲထဲသို့သာ တန်း[...] သွားသည်ကို တွေ့လိုက်ရသည်။

ရခိုင်ရိုးမသားဟု ဆိုသော်လည်[...] ရန်ကုန်မှာ ကြာကြာနေဖူးသည်ဟု [...] ၍ လျှော့တွက်ရန်မသင့်ပေ။ ကော[...] မလေးတွေကလည်း မြီးကော[...] ပေါက်။ ခေါင်လည်းမူးနေကြဦးမ[...] ဖြစ်သောကြောင့် ပြဿနာမတက်[...] မပြောနိုင်။

မောင်အေးချမ်း အဆောင်တံ[...] ကိုဖွင့်ပြီး ဆပ်ပြာခွက်ကိုယူကာ ထော[...] ကျရေခံထားသော ကျောက်အိုင်တွ[...] ရေချိုးသည်။ ထို့နောက် ဖြီးလိမ်း[...] ဆင်ပြီး အဆောင်တံခါးကို သော့ပိ[...] ကာ ကောင်မလေးများ ခေါင်သော[...] နေသည့်ဘက်သို့လျှောက်လာခဲ့သည်[...]

ကောင်မလေးများ အငေ[...] လေးပင် ခေါင်မူးနေကြပြီ။ မူးသူ[...] အန်သူအန်သည်အထိပင် ဖြစ်နေ[...] ပြီ။ ယုမေကမူ သောက်ဟန်[...]

www.burmeseclassic.com

ခြားကောင်မလေးများ သောက်နေကြသည်ကိုသာ အေးဆေးထိုင်ကြည့်နေသည်ကို တွေ့ရသည်။ မောင်အေးချမ်းလာနေသည်ကို မြင်လျှင် ကွက်ခနဲ တစ်ချက်မျှလှည့်ကြည့်ကာ ပြုံးပြပြီး သူ့ကောင်မလေးများကိုသာ ဆက်ကြည့်နေသည်။

မောင်အေးချမ်းသည် အမ်းကို ကားကြုံလိုက်ရန် ပြောထားသောလူကို မသိမသာရှာကြည့်ပြန်သည်။ ထိုလူသည် အိမ်ထဲက ဝါးစားပွဲလေးမှာ ထိုင်ပြီး ဆေးလိပ်ဖွာလိုက်၊ ခေါင်ရည် ထင်းကို ငုံ့သောက်လိုက် လုပ်နေသည်ကို တွေ့ရသည်။

မောင်အေးချမ်းသည် ကောင်မလေးများ၏အနားသို့ သွားရပ်ပြီး ပြောလိုက်သည်။

“ကဲ ... အစ်မ၊ ညီမတို့ တော်လောက်ပြီ ထင်တယ်။ ရေချိန်လည်း ကိုက်နေကြပြီ မဟုတ်လား။ ဒီမှာ ၄ နာရီတောင်ထိုးနေပြီ။ တော်ကြာ မိုးချုပ်သွားလိမ့်မယ်”

ကောင်မလေးများသည် ခေါင်ကို ကြိုက်ကြဟန်ရှိသည်။ မောင်အေးချမ်းက ထိုကဲ့သို့ပြောလိုက်တော့မှ သွားခါနီး ကပျာကယာသဘောဖြင့် ခေါင်အိုးကြီးကိုဖက်ပြီး တစ်ယောက်တစ်လှည့်စီ စုပ်သောက်နေကြပြန်သည်။ မောင်အေးချမ်းက ထိုမျှသာ ပြောထားခဲ့ပြီး ပြန်လာကာ သူတို့အုပ်စု မြန်မြန်ထကြစေရန်အတွက် ရည်ရွယ်ပြီး ကားကိုစက်နှိုးခိုင်းလိုက်သည်။

ကားစက်သံကို ကြားသည်နှင့် သူတို့လည်း ခေါင်ဝိုင်းမှ အသီးသီး ထလာကြသည်။ ထဘီမနိုင်၊ ပဝါမနိုင် ဖြစ်ကာ အလဲလဲအပြိုပြိုလည်း ဖြစ်နေကြသည်။ ထို့ကြောင့် မောင်အေးချမ်း ကြည့်ပြီး စိတ်ပျက်မိ၏။ ယုမေက အတော်လေးမူးနေသော ကောင်မလေး တစ်ယောက်ကို တွဲခေါ်လာခဲ့သည်။

ကားကြုံလိုက်ချင်သော လူသည်လည်း မဗျိုင်းတဲထဲမှ ခပ်သုတ်သုတ်ပင်ထွက်လာနေသည်ကို တွေ့ရသည်။ ထိုလူသည်ကား ထိုမျှအထိ မူးဟန်မတူပေ။ ယိုင်လည်းမယိုင်။ ခြေလှမ်းလည်းမပျက်။ ကားနားသို့ရောက်သည်နှင့် သူ့ဟင်းဘတ်အိတ်ကြီးကို ကားပေါ်ပစ်တင်လိုက်သည်။ ထို့နောက် အိပ်ရာလိပ်ကိုပါ ပစ်တင်ပြီး ခပ်သွက်သွက်ပင် ကားပေါ်ကို လှမ်းတက်သွားလေသည်။

ကောင်မလေးများ အားလုံး အတက်စုံမှ မောင်အေးချမ်းလည်း ကားနောက်ခန်းကို လှမ်းတက်လိုက်သည်။ ထို့နောက် ကားနောက်ခန်း၏ ထောင့်စွန်းတစ်နေရာမှာ ထိုင်လိုက်သည်။ ယုမေလည်း မောင်အေးချမ်း၏အနားမှာ လာထိုင်သည်။ ကားကြုံလိုက်သော ရောင်းရင်းကြီးလည်း ဟိုဘက်ထောင့်စွန်းနေရာတွင်ထိုင်သည်။

ကားသမား ဦးကျော်ဖေက –

“အေးချမ်းလေး ... မင်း ရှေ့ခန်းကို မလာဘူးလား”

ဟုလှမ်းမေးသည်။ မောင်အေးချမ်းက –

“ကျွန်တော် နောက်ခန်းမှာပဲနေလိုက်တော့မယ် ဦးလေး”

ဟု ပြန်ပြောလိုက်၏။

မောင်အေးချမ်း နောက်ခန်းမှာ မနေ၍ ဖြစ်မည်မဟုတ်ပေ။ ကောင်မလေးတွေက ခေါင်မူးနေကြသည်။ ရခိုင်ရိုးမကြီးဇာတိဖြစ်သော်လည်း ရန်ကုန်တွင် ကြာကြာနေဖူးပြီး လူရည်လည်၊ လူရည်သန့်ဖြစ်သော လူတစ်ယောက်လည်း ပါလာနေ၍ စိတ်ချရန် သင့်မည်မထင်ပေ။ ထို့ကြောင့် စိတ်မချသည့်သဘောဖြင့် မောင်အေးချမ်း ကောင်မလေးများကို စောင့်ရှောက်ရင်း နောက်ခန်းက လိုက်လာခဲ့ခြင်း ဖြစ်သည်။

ဦးကျော်ဖေကား အလွန်မှ ကားမောင်းကျွမ်းကျင်သည်။ အသက်အားဖြင့် ခြောက်ဆယ်ဝန်းကျင်ဟု ခန့်မှန်းရသော်လည်း လူသန်ကြီး (စစ်ထွက်) တစ်ယောက်သာဖြစ်သည်။ အကွေ့အကောက်၊ အတက်အဆင်းများသော ရိုးလမ်းကြီးမှာပင် ကားကို ကျွမ်းကျင်တည်ငြိမ်စွာဖြင့် မောင်းနှင်နိုင်သည်ကို တွေ့ရသည်။ ကြက်ရေစမ်းစခန်းမှ အမ်းမြို့ကို မိုင်သုံးဆယ်ဝန်းကျင် ရှိမည်ထင်သည်။

ဤရိုးမလမ်း ခရီးကြမ်းကိုပင် ဦးကျော်ဖေသည် တစ်နာရီ မောင်းရလိမ့်မည် မထင်ပေ။ ဘရိတ်၊ ကလပ်၊ လီဘာကို ကျွမ်းကျင်စွာဖြင့် နင်းလျက် စတီယာတိုင်ကို အရှိန်မပျက် လှည့်ပတ်ကွေ့ကောက်ပြီး မောင်းနှင်နေသည်မှာ စီးနင်းလိုက်ပါရသူများပင် ယိမ်းခြင်းယိုင်ခြင်း သိပ်ပြီးမရှိဘဲ ကားသည်လည်း ခုန်ခြင်း၊ ဆောင့်ခြင်းလည်း သိပ်ပြီးမရှိဘဲ သက်သောင့်သက်သာစွာဖြင့်ပင် ရှိနေ၏။

ကားကြီး အရှိန်ရလာသည်နှင့် ကောင်မလေးများ ထရပ်ပြီး ကားမောက်ကိုကိုင်ကာ မတ်တတ်စီးကြ၏။ ခပ်ကဲကဲ ကောင်မလေးက နောက်ဘက်ကို ကွက်ခနဲ လှည့်ကြည့်ပြီး မောင်အေးချမ်းအား –

www.burmeseclassic.com

"ကိုအေးချမ်းကြီး ...မတို့ ဒီအတိုင်း လိုက်လို့ရတယ်မဟုတ်လား"

ဟု အော်မေးသည်။

"ရတယ် ...ရတယ်။ ဒါပေမယ့် လေညာက အီးတော့ ပေါက်မချကြနဲ့"

"စိတ်ချ။ ပေါက်ရင်လည်း အသံမြည်အောင်ပဲပေါက်မယ်။ ကြိုတင်ပြီး နှာခေါင်းပိတ်ထားချိန်ရအောင်လို့လေ"

ဟုပြောပြီး တဟားဟား ရယ်ကြသည်။ ယုမေက မောင်အေးချမ်းအား တံတောင်ဖြင့် တွတ်သည်။ ထို့နောက် ကောင်မလေးများသည် ဆူဆူညံညံဖြင့် ကားမောက်ကို လက်နှင့်ထုပြီး ကိုမင်းအောင်၏ ပေါ်ဦးပေါ်စ "ငွေသောင်ယံ"သီချင်းကို အော်၍ ဆိုကြလေသည်။

အမူးသမားလေးများချည်း ဖြစ်၍ မောင်အေးချမ်းလည်း ဘာမျှမပြောဘဲ လွှတ်ပေးထား၏။ ကောင်မလေးအားလုံးသည်ပင် ခပ်စွာစွာလေးများချည်း ဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် ခေါင်မူးနေကြ၍ပင် အထိန်းမဲ့ စွာနေကြလေသလား မသိ။ တစ်ယောက်မကျန် သီချင်းအော်ဆိုပြီး ထကနေကြလေသည်။

ထို့နောက် အရှိန်လွန်လာကြ၍လား မသိ။ တစ်ယောက်ပြီးတစ်ယောက် ပြန်ထိုင်ပြီး အိပ်ပျော်သွားကြလေသည်။ သို့မှ ဆူညံသံများလည်း တိတ်သွား၏။ ထိုအချိန်၌ ရိုးမခရီးကုန်၍ ပဲပဒိုစခန်းကိုလည်း ရောက်လေသည်။ ပဲပဒိုစခန်းကို ရောက်သောအခါ ယာယီတံတားကျိုးနေ၍ အခက်တွေ့ကြရပြန်သည်။

ထိုအချိန်က ယခုထိုးလုပ်ထားသော ကြိုးတံတားကြီး မရှိသေးပေ။ ယာယီတံတားကိုသာ အသုံးပြုပြီး သွားလာနေကြရသည်။ ရရာသစ်သားများဖြင့် မိုးပြတ်စကပင် ထိုးလုပ်ထားသော တံတားသည် ယခုလို မိုးဦးကျခါနီးအချိန်၌ ဆွေးကြေနေ၍ ကျိုးသွားခြင်း ဖြစ်ပေလိမ့်မည်။

ယာယီတံတားကြီးကို ပြုပြင်နေကြဆဲဖြစ်၍ ကားကိုရပ်နားကာ ခဏတစ်အောင့် နားကြသည်။ မောင်အေးချမ်းက တံတားပြုပြင်နေကြသည်ကို သွားကြည့်နေသည်။ တစ်အောင့်အကြာမှာပင် တံတားပြုပြင်၍ ပြီးသွားသောကြောင့် ကားပေါ်သို့ ပြန်တက်ကြရာ ယုမေက မောင်အေးချမ်း၏အနားကပ်ပြီး တိုးတိုးပြော၏။

"ကိုကို ...ဟို ကားကြုံလိုက်လာတဲ့ လူကြီးဟာ လူကောင်းမဟုတ်ဘူး။ လူယုတ်မာကြီးပဲ။ ကိုကို တံတားသွားကြည့်နေတုန်း အဲဒီလူကြီးဟာ မူးပြီးအိပ်ပျော်နေကြတဲ့ မမအကြီး သုံးယောက်တို့ရဲ့ ဖင်တွေ၊ ရင်တွေကို သွားနှိုက်နေတယ်။ ပြီးတော့ ဆွဲကြိုးနဲ့ လက်စွပ်တွေကိုလည်း ဖြုတ်ယူသွားတယ်"

"ဟာ ...ဒုက္ခပဲ"

မောင်အေးချမ်း မျက်လုံးပြူးသွား၏။ အလွန်အမင်းလည်း ဒေါသထွက်သွားမိသည်။ ထိုလူသည် သူမဟုတ်သလိုဖြင့် အဝေးဆီသို့သာ စိုက်ငေးကြည့်နေ၏။ ယုမေက ဆက်ပြောသည်။

"ယုမေက ကားရပ်တာနဲ့ ဆီးသွားချင်လို့ ကိုင်းတောထဲဝင်သွားပြီး ပြန်ထွက်လာတော့လည်း ကားဆီကို

မလာဘဲ ကမ်းပါးထိပ်က ကိုင်
နားမှာ ယုမေ ထိုင်နေတာကို သူ
ဘူး။ အဲဒါ ဘေးလူတွေကို တစ်
နှစ်ချက် စူးစမ်းကြည့်လိုက်ပြီး အဲ
ကြီးဟာ မမတွေရဲ့ မတော်တ
တွေကိုသွားနှိုက်ပြီး လက်စွပ်နဲ့ဆွဲ
တွေ ဖြုတ်ယူသွားတာ ယုမေ
အကျ မြင်လိုက်တယ်"

မောင်အေးချမ်း စဉ်းစား
ထိုသူအား ယခုချက်ချင်း ဖမ်း
နှောက်၍ ရနိုင်သော်လည်း ရဲ
ရှာသည်ကသာ ပို၍ ကောင်း
မည်။ ကောင်မလေးများလည်း
ပက်လက် အိပ်ပျော်နေကြဆဲ
သည်။ ထို့ကြောင့် ကိုယ်တိုင်
ပြီး မွှေနှောက်ရန် စိတ်မကူး
ဦးကျော်ဖေဆီသွားပြီး တိုးတိုး
လိုက်သည်။

"ဦးကျော်ဖေ ကားကို
စခန်းထဲ တန်းမောင်းပေးပါ

"ဟာ ...ဘာဖြစ်လို့
အကြောင်းထူးများ ရှိနေလို့လ

ဟု ဦးကျော်ဖေက စိုးရိ
မျက်နှာကြီးနှင့် မေးသည်။

"အကြောင်းထူး ရှိနေ
ဟိုကားပေါ်မှာ ပါလာတဲ့ မိတ်
က ဦးကျော်ဖေနဲ့ ကျွန်တော်
ပြုပြင်နေကြတာကို သွားကြ
တုန်း မူးပြီးအိပ်ပျော်နေကြတဲ့
မလေးတွေရဲ့ မတော်တရော်
မဖွယ်မရာပြုပြီး ဆွဲကြိုးနဲ့
တွေလည်း ဖြုတ်ယူသွားသ

"ဟာ ...ဒါဆိုရင်
ကုန်ပြီးလား"

"အားလုံးတော့ မ
အကြီးကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့''

ဦးကျော်ဖေသည် တစ်အောင့်လေး စဉ်းစားလိုက်ပြီး –

''ဒုက္ခပဲကွာ။ အဲဒီကောင်က ပြောတော့ သူဟာ ဒီရခိုင်ရိုးမသားလေးဆို''

''ဟုတ်တယ်။ ဒီရခိုင်ရိုးမသားလေးဆိုတာ မှန်တယ်။ ဒါပေမယ့် ဒီလူက ငယ်ငယ်ကပင် ရန်ကုန်မှာနေပြီး ဆယ်တန်းစာပေအထိ သင်ယူဖူးတဲ့အပြင် သုံးနှစ်လောက်လည်း ခရစ်ယာန်အသင်းကားကို မောင်းနေခဲ့တဲ့သတဲ့။ ဒါကြောင့် ဒီလူကို လျှော့တွက်လို့ မရနိုင်ဘူးဆိုပြီး ကျွန်တော် ကားနောက်ခန်းက လိုက်နေတာပါ။ ဒီအထဲ ကျွန်တော်နဲ့ ဦးကျော်ဖေ တံတားပြုပြင်နေတာ သွားကြည့်နေတုန်းခဏမှာ ပြဿနာတက်တော့တာပဲ''

''အေး . . . ဒါဆိုလည်း ပြီးရော ပြီးရော''ဟုဆိုကာ ဦးကျော်ဖေသည် ကားကို စက်နှိုးသည်။ မောင်အေးချမ်း ကားနောက်ခန်းကို လှမ်းတက်သည်နှင့် ဦးကျော်ဖေလည်း ကားဘီးစလိမ့်သည်။ ထိုလူသည်ကား ယခင်အတိုင်း နေရာတွင်ထိုင်ပြီး အဝေးကို လှမ်းကြည့်ရင်းကသာ လိုက်ပါနေသည်။

အမ်းနှင့် ပဲပဒိုရွာအကြားတွင် ခရီးသုံးမိုင်မျှသာရှိ၍ ခဏချင်းပင် အမ်းမြို့ကိုရောက်သည်။ ရဲစခန်းလမ်းချိုးကိုဝင်သည်နှင့် မောင်အေးချမ်းသည် ထိုလူအား မျက်ခြည်မပြတ်ကြည့်ထားသည်။ ထို့နောက် မောင်အေးချမ်းသည် ရဲစခန်းထဲသို့ အဝင်တွင် ခုန်ဆင်းကျန်ခဲ့ပြီး ကင်းစောင့်နေသော ရဲသားအနားသို့ ပြေးကပ်ကာ

''ဆရာ။ ကျွန်တော်တို့ကားပေါ်မှာ တရားခံတစ်ယောက် ပါလာတယ်။ ဒါကြောင့် ထွက်မပြေးသာအောင် အခြေအနေကို စောင့်ကြည့်နေပေးပါ''

ဟု ပြောထားခဲ့ပြီး မောင်အေးချမ်းသည် ကားနောက်သို့ ပြေးလိုက်သွားသည်။ ဦးကျော်ဖေက ကားကြီးကို စခန်းထဲက ရုံးရှေ့တွင် ရပ်လိုက်သည်။ ထိုလူသည် ကားကို ရဲစခန်းထဲတွင် ထိုးရပ်လိုက်၍ထင်သည် အနည်းငယ် မျက်လုံးပြူးသွားသည်ကို တွေ့လိုက်ရသည်။ သို့သော်လည်း သူသည် စိတ်လှုပ်ရှားသွားသော အမူအရာကို ချက်ချင်းပြန်ပြင်လိုက်ပြီး နဂိုအတိုင်းပင် အေးဆေးစွာဖြင့် ထိုင်မြဲထိုင်နေ၏။

ပြဿနာ တက်ကြတော့မည်ကို တိတိကျကျ သိနေသော ယုမေကမူ မောင်အေးချမ်းကို ကြည့်လိုက်၊ ထိုလူကို ကြည့်လိုက်နှင့် အတော်လေးပင် အမူအရာပျက်နေလေသည်။ စိုးရိမ်စိတ်များလည်း ရှိနေဟန်ရှိသည်။

မောင်အေးချမ်းက မျက်နှာကို တည်လိုက်ပြီး ထိုလူအား ခနဲ့ပြုံးတစ်(ပွင့်) ပြုံးပြကာ . . .

''ကဲ . . . နောင်ကြီး။ ကားပေါ်က ဆင်းလိုက်တော့။ ခင်ဗျားကို အလွယ်တကူ ဖမ်းဆီးဖို့ရာအတွက်လည်း ကားကို ရဲစခန်းထဲမှာ ရပ်ခိုင်းလိုက်တာပါ''

ထိုလူသည် တစ်ဖန် မျက်လုံးပြူးသွားပြီး မောင်အေးချမ်းအား စိမ်းစိမ်းကြီးကြည့်ကာ . . .

''ဘာကွ။ ငါ့ကို ဖမ်းမယ် ဟုတ်လား။ ငါ့မှာ ဘာအပြစ်ရှိလို့လဲ''

''ဟဲ . . . ဟဲ အိပ်ချင်ယောင်မဆောင်နဲ့လေ။ ကျွန်တော်နဲ့ ကားဆရာကြီး ဦးကျော်ဖေတို့ ပဲပဒို ချောင်းကူးတံတား ပြုပြင်နေကြတာကို သွားကြည့်နေကြတုန်း ခင်ဗျား ကားပေါ်မှာ ဘာတွေလုပ်တယ်၊ ခေါင်းရေမှူးပြီး အိပ်ပျော်နေကြတဲ့ ကောင်မလေးတွေဆီက ဘယ်လိုပစ္စည်းတွေကို ခိုးယူထားတယ်ဆိုတာ ပြောနေစရာလိုသေးလားဗျာ။ ကားပေါ်က ဆင်းမှာသာ ဆင်းလိုက်စမ်းပါ''

''ဩော် . . . ဩော် . . . ဒီလိုလား။ ရတယ်လေ ဆင်းပါ့မယ်''

ဟုဆိုကာ ထိုလူသည် သူ့ဟင်းဘတ်အိတ်ကြီးနဲ့ အိပ်ရာလိပ်ကို အောက်သို့ပစ်ချလိုက်ပြီး သူသည်လည်း မောင်အေးချမ်းအား ခုန်ကန်ကန်ပြီးဆင်းရာမှာ ဖျတ်ခနဲ ရှောင်လိုက်နိုင်သောကြောင့် ကံကောင်း၍ သူ၏ခြေကန်ချက်မှာ ပွတ်ကာသီကာ လွတ်သွားခဲ့ရ၏။

အောက်သို့ လေးဘက်ထောက် ကျလာပြီးနောက်လည်း သူသည် မောင်အေးချမ်းကိုပင် ဆက်ကန်၍ မောင်အေးချမ်းက သူ့ခြေထောက်ကို ဖမ်းဆွဲကာ တန်ပြန်သဘောဖြင့် ဖြတ်ကန်လိုက်၏။ သူသည်ကား သိုင်းပညာကို လေ့လာထားပုံရသည်။ မောင်အေးချမ်း၏ ဖြတ်ကန်ချက်ကို တစ်ပတ်လှည့်ကာ ရှောင်ထွက်လိုက်ပြီး ထိုလည်လာသော ခြေထောက်နှင့်ပင် မောင်အေးချမ်း၏ဗိုက်ကို ဆောင့်ကန်ပြန်သည်။

သည်အချိန်တွင် မောင်အေးချမ်း သတိရှိနေပြီဖြစ်သောကြောင့် ထိုလူ လုပ်ချင်တိုင်းလုပ်၍ မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ကို တစ်လှမ်းမျှဆုတ်ကာ သူ့ခြေထောက်ကိုဖမ်းကိုင်ပြီး သူ့မျက်နှာကို ညာလက်သီးဖြင့် ဆောင့်ထိုးချလိုက်သည်။ နဖူးကိုသာ ထိုးမိ၍ သိပ်ပြီးနာပုံမရဘဲ မောင်အေးချမ်း ထိုးချလိုက်သော အရှိအတိုင်းပင် နောက်ကျွမ်းဖြင့်တစ်ပတ်လည်ကာ မောင်အေးချမ်းကို ဆောင့်ကန်ပြန်သည်။

ဤမျှဆိုလျှင် သူ၏ကိုယ်ခံပညာကို မောင်အေးချမ်းရိပ်မိသည်။ သူသည် သိုင်းပညာကို သာမန်မျှ လေ့လာထားရုံဖြင့်မနေဘဲ သတ်ပုတ်ရာ၌ အဝေးတိုက်ကွက်ကို ကျွမ်းကျင်ပုံရသည်။ ထို့ကြောင့် မောင်အေးချမ်းက သူ၏ အဝေးတိုက်ကွက်ကို ချေဖျက်ကာ ထိုအဝေးတိုက်ကွက်၏ အားနည်းချက်ကို အရယူ၍ လူချင်းပူးကပ်ပြီး သတ်ရန်ကို ဆုံးဖြတ်လိုက်သည်။

"လုပ်ကြပါဦးရှင် ... ဒီမှာ သတ်နေကြပြီ ... လုပ်ကြပါဦး"

ယုမေ၏ အော်သံ။ ထို့နောက် ယုမေသည် ဆက်ကာအော်ပြီး အကူအညီတောင်းလေသည်။ သည်အချိန်၌ စခန်းထဲတွင် ရဲများလည်း သိပ်ပြီး ရှိဟန်မတူပေ။ ယခုအချိန်အထိ တစ်ယောက်မျှ ထွက်မလာကြသေးပေ။ အဝင်ဂိတ်မှာ စောင့်နေသော ရဲသည်လည်း လိုက်၍မလာပေ။

ယုမေ အော်လိုက်သောကြောင့် ထိုလူသည် အနည်းငယ် ကြောင်သွား၏။ မောင်အေးချမ်းက ထိုအားနည်းချက်ကို အရယူပြီး ထိုလူ၏မျက်နှာကို ဆောင့်ကန်၏။ ဤတွင်လည်း ထိုလူ နောက်ဘက်သို့ လဲချလိုက်သောကြောင့် မထိဘဲ ထိုလူက အောက်ခြေဖြတ်ကန်သည်ကိုပင် ခုန်ရှောင်ပြီး နောက်သို့ဆုတ်လိုက်ရသည်။

ထိုလူ ဖျတ်ခနဲ ထရပ်လိုက်သည်။ မောင်အေးချမ်းက ဘယ်ခြေကို ရှေ့ခင်းပြီး ထိုလူအား မျှားခေါ်လိုက်၏။ ထိုလူသည် သူ့ထုံးစံအတိုင်း မောင်အေးချမ်း၏ ရှေ့ခင်း ဘယ်ခြေကို အပိုင်ဖြတ်ကန်၏။ မောင်အေးချမ်းသည် သူ၏ကန်ချက်ကို လွတ်ရုံလေးခုန်ရှောင်ပြီး ဝင်ဖက်ကာ သူ၏မျက်နှာကို ညာလက်သီးဖြင့် အပိုင်တစ်ချက် ထိုးချလိုက်၏။

သူ့မျက်နှာ နာကျင်စွာဖြင့် တစ်ဖက်သို့လှည့်သွားပြီးနောက် မောင်အေးချမ်းက ချိုစောင်းဖြင့် သူ၏နားထင်ကို လေးချက်ဆက်တိုက်လိုက်သောကြောင့် သူအရုပ်ကြိုးပြတ် ကျသွားသည်ကို ဒူးနင့်ဖြတ်တိုက်ရန် အားယူပြီးမှ ဒူးကိုပြန်သိမ်းထားလိုက်သည်။ သူသည် မောင်အေးချမ်းအား ဆက်လက်ပြီး တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ ဟင်းဘတ်အိတ်ကြီးနှင့် အိပ်ရာလိပ်ကိုကုန်းကောက်ကာ ထွက်ပြေးပြန်သဖြင့် တံတောင်ကို ချိုးနင်းထားလိုက်ရပြန်သည်။

သို့မှ ရဲသုံးယောက်တို့ နံပါတ်တုတ်ကိုယ်စီကိုင်ပြီး မောင်အေးချမ်းနှင့် ထိုလူအား ကျဲကျဲဝိုင်းလျက်က အနားကိုကပ်လာကြသည်။ ထို့နောက် နှစ်ယောက်လုံးကို နံပါတ်တုတ်များဖြင့် ရွယ်ပြီး မေးသည်။

"ဟိတ် ... မင်းတို့နှစ်ယောက် ဘာဖြစ်ကြတာလဲ။ နှစ်ယောက်လုံး လက်မြှောက်လိုက်ကြစမ်း"

ထိုလူက အထုပ်များကို အသာပင်ချပြီး လက်ကိုမြှောက်၏။ မောင်အေးချမ်းက ထိုလူ၏မျက်နှာကို လက်ညှိုးထိုးပြီး -

"အဲဒီလူက လူဆိုးသူခိုးဗျ။ ကားပေါ်မှာ ခေါင်းရေမူးပြီး အိပ်ပျော်ပါလာကြတဲ့ ကောင်မလေးသုံးယောက်တို့ရဲ့ မတော်တရော်တွေကို လျှောက်နှိုက်တဲ့အပြင် အဲဒီကောင်မလေးတွေရဲ့ လက်စွပ်နဲ့ ဆွဲကြိုးတွေကိုလည်း ဖြုတ်ခိုးသွားသေးတယ်။ အဲဒါသိလို့ ကျွန်တော်က ကားကို ဒီအထိ မောင်းနိုင်းလာတာပါ။ ဒါကြောင့် အခု သူ့အကြံတွေပေါ်မှာစိုးလို့ ကျွန်တော့်ကို တိုက်ခိုက်သတ်ပုတ်ပြီး ထွက်ပြေးဖို့ ကြိုးစားနေတာဗျ"

ရဲသုံးယောက်က ထိုလူ၏မျက်နှာကို အသေအချာ စိုက်ကြည့်ကြ၏။ ထိုအချိန်၌ ကောင်မလေးများလည်း အားလုံးနိုးထပြီး ကားပေါ်တွင် မတ်တတ်ရပ်နေကြပြီ။ မောင်အေးချမ်းက အော်ပြောလိုက်မှ အနှိုက်ခံ၊ ရွှေအခိုးခံလိုက်ရသော ကောင်မလေး သုံးယောက်တို့လည်း သူတို့၏လက်နှင့် လည်ပင်းများကို ပွတ်စမ်းကြည့်ပြီး ရှက်ရှက်ဖြင့် ငိုကြွေးလေသည်။

ထိုလူက ချက်ချင်း သူ၏အမူအရာကို ပြင်လိုက်ပြီး -

"ဟုတ်ပါတယ်။ ကျွန်တော် မှားပါတယ်။ အဲဒီကောင်မလေးတွေရဲ့ ရွှေတွေကို ကျွန်တော် အားလုံးပြန်ပေးပါ့မယ်။ ဆရာတို့ကိုလည်း ကျွန်တော် အထူအပါး သိပါတယ်"

ဟုဆိုကာ အလျှော့ပေး၏။ မောင်အေးချမ်းက သူ၏ ဟင်းဘတ်အိတ်ကြီးကို ဖစ်ဆွဲလိုက်ရာ ထိုလူက အတင်း မောင်အေးချမ်း၏ လက်များကို ဖမ်းဆုပ်ပြီး ...

"ဟ ... သူငယ်ချင်း အဲလို



www.burmeseclassic.com

www.burmeseclassic.com

ဝလုပ်နဲ့လေကွာ။ ငါကိုယ်တိုင် ပေးမှာပါ" ဟု ဆို၏။

"မလိုချင်ဘူး။ ခင်ဗျားတို့ လူဆိုးတွေဟာ ပစ္စည်းအစင်ကို အတုနဲ့လဲထားပြီး ပြန်ပေးတတ်တယ်လို့ ကျွန်တော်ကြားဖူးတယ်။ ဒါကြောင့် ကိုယ့်ဘာသာပဲ ဖွေရှာပြီး ယူမယ်"

ဟုဆိုကာ ထိုလူအား ဆောင့်တွန်းလိုက်၏။

"မဟုတ်ဘူး သူငယ်ချင်း။ အစစ်ပါကွ။ ဒီမှာပါ"

ဟု ဆိုရင်းက ဘောင်းဘီအိတ်ထဲမှ ရွှေများကို အဆုပ်လိုက် နှိုက်ယူပြီး ပေးနေစဉ်မှာပင် သူ၏ဟောင်းဘတ်အိတ်ကြီး လဲသွားသောကြောင့် အိတ်ထဲမှ အထုပ်လေးတစ်ထုပ် ထွက်ကျလာ၍ သူအတင်းလိုက်ကောက်၏။ တစ်ထုပ်က မောင်အေးချမ်း၏ ပေါင်ကြားအောက်ရောက်သဖြင့် ဘာထုပ်မှန်းမသိသောကြောင့် မသင်္ကာသောစိတ်ဖြင့် ခုန်ဆုတ်လိုက်တော့မှ သူ့အထုပ်ကို တည့်တည့်ကြီး တက်နင်းမိပြီး ပွင့်ထွက် ဖွာကြဲသွားလေသည်။

"ဟင် ..."

"ဟာ ..."

မောင်အေးချမ်းရော ရဲသုံးယောက်တို့ပါ တအံ့တသြ ဖြစ်သွားကြ၏။ မောင်အေးချမ်း တက်နင်းမိ၍ ပွင့်ထွက်ဖွာကြဲသွားသည်မှာ ဆေးခြောက်ထုပ် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် ထိုလူသည် သူ၏အဖြစ်များ ဘွားဘွားကြီးပေါ်သွားသောကြောင့် ကြက်သေသေသွားလေသည်။

မောင်အေးချမ်းလည်း ဆေးခြောက်ထုပ်ကိုကြည့်လိုက်၊ ထိုလူအားကြည့်လိုက်နှင့် အံ့သြနေမိသည်။ သို့မှလည်း မောင်အေးချမ်းက သူ၏အပြစ်များကိုဖော်ပြပြီး သူ့အားဖမ်းဆီးတော့မည်ဟုပြောလိုက်ရာ သူသည် လူလွတ်ရုန်းပြီး ထွက်ပြေးရန်ကို မကြိုးစားဘဲ အထုပ်များကိုပါ အပါသယ်ယူရန်အားထုတ်သည်ကို ယခုမှ ကောင်းစွာ နားလည်လိုက်ရသည်။

မောင်အေးချမ်းက ကောင်မလေးများ၏ လက်ဝတ်ရတနာများကို ပြန်ပေးလိုက်ပြီးနောက် ရဲတစ်ယောက်အား အနားသို့ခေါ်ကာ တိုးတိုးပြောလိုက်သည်။

"ဆရာလေး။ ဒီလူဟာ ဆေးခြောက်အရောင်းအဝယ်လုပ်နေတဲ့လူတစ်ယောက် ဖြစ်နိုင်တယ်။ ဒါကြောင့် သူ့အိပ်ရာလိပ်ကိုလည်း မွှေနှောက်ပြီး ကြည့်ကြဦး။ ပြီးတော့ ဘယ်မှာ သွားရောင်းသလဲဆိုတာလည်း ကွင်းယှက်အနေနဲ့ မေးစစ်ကြည့်ကြဦး"

ရဲက ခေါင်းတစ်ချက် နှစ်ချက်ညိတ်ပြီး ထိုလူ၏ အိပ်ရာလိပ်ထုပ်ကို ဖြေကြည့်ကြပြန်ရာ ဆေးခြောက်ထုပ်နှစ်ဆယ်ကျော်ကို ဖမ်းဆီးရမိပြန်သည်။ ဆက်လက်ပြီး စစ်ဆေးကြည့်ကြသောအခါ ထိုလူ၏ ကွင်းယှက်မှာ ရခိုင်နှင့် ရဲနိုင်တို့ ပါဝင်နေကြသည်ကို ဖော်ထုတ်တွေ့ရှိရလေသည်။

ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်ပြီး မခင်တင့်သည် များစွာ စိတ်ဆင်းရဲရပေလိမ့်မည်။ ငွေကုန်ကြေးကျလည်း များပေလိမ့်မည်။ မခင်တင့်တို့ မွေးချင်းများထဲတွင် မခင်တင့်သည်သာ ဦးစီးဦးဆောင်ဖြစ်၏။ ခေတ်ပညာတွင်လည်း ဘွဲ့ရဖြစ်၏။ ရုပ်လည်း ချော၏။ စီးပွားရေးလည်း တောင့်တင်းခိုင်မာဆုံးဖြစ်၏။ အိမ်ထောင်ဂရာဝါသမရှိသေးသော အပျိုအရွယ်လည်း ဖြစ်၏။

ထို့ကြောင့် မွေးချင်းထဲတွင် အငယ်ဆုံးဖြစ်သော်လည်း မွေးချင်းတို့၏အရေးနှင့် ကြုံတွေ့လာရသောအခါ မခင်တင့်ကသာ ဝင်ရောက်ဖြေရှင်းပေးရသည်က ပို၍ များ၏။ အစ်ကို၊ အစ်မတို့ကလည်း အရေးကြုံတိုင်း မခင်တင့်ကိုသာ အားကိုးကြရ၏။ ထိုသို့သဘောရှိ၍ မွေးချင်းတို့၏အရေးနှင့် ကြုံတွေ့လာရတိုင်း မခင်တင့်သည် ခေါင်းရှောင်၍မရနိုင် ဖြစ်ရ၏။

သို့သော်လည်း ဤဆေးခြောက်မှုနှင့် ပတ်သက်၍ တူအရင်းနှစ်ယောက်တို့၏အရေးပင် ဖြစ်သော်လည်း ထဲထဲဝင်ဝင် ကူညီမပေးရန် မခင်တင့်အား ပြောထားရပေမည်။ ယခုအခါ ဘိန်းဆေးနှင့် ပတ်သက်၍ အစိုးရက အရေးတကြီးနှိမ်နင်းနေချိန် ဖြစ်၍ မည်သည့်နည်းနှင့် ပါဝင်ဖြေရှင်းသည်ဖြစ်စေ ထိရောက်သက်သာမည့် နည်းလမ်းကို မမြင်မိပေ။

*(ဆက်လက်ဖော်ပြပါမည်။)*

**မင်းဟိန်းထိုက်**






www.burmeseclassic.com

www.burmeseclassic.com

# ယောင်ယောင်မြှင့်အေး

## မေတ္တာစက်ဝန်းထဲမှာ

ပန်းချီအောင်နိုင်လတ်



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစက်ဝန်းထဲမှာ

မောင်မောင်မြင့်အေး

ညက မိုးတော်တော်ရွာထားသည်။ လင်းအားကြီးအချိန်တွင် တိတ်သွားသည်။ မေသက်လွင် ညက အတွေးတို့ဖြင့် ရတ်တရက် အိပ်မပျော်။ အိပ်ရာပြောင်းအိပ်၍ဟု ထင်သည်။ ရေသစ်၊ မြေသစ်၊ နေရာသစ်ကို ရောက်လာလို့ပဲလား။ တစ်ခုခုတော့ ဖြစ်မည်။ အိပ်ခန်းပြတင်းမှ ခန်းဆီးသို့ လှစ်ကြည့်မိသည်။ အပြင်ဘက် ရှခင်းကို တရုတ်ကပ်မှန်မှတစ်ဆင့် မြင်ရသည်။ မြက်ခင်းတို့သည် စိုစိုစွတ်စွတ်။ သစ်ပင်တို့သည် ရှင်ရှင်လန်းလန်း။ ရေဝအောင် သောက်ထားရသည် ထင်သည်။

ပြတင်းပေါက်ခန်းဆီးကို အသာပြန်ချပြီး အိပ်ခန်းကို မျက်စိတစ်ချက်ရွှေမိသည်။ အိပ်ခန်းက သပ်သပ်ရပ်ရပ်။ အဝတ်ဗီရိုကြီးတစ်လုံး၊ မှန်တင်ခုံတစ်ခု၊ စာရေးစားပွဲတစ်လုံး၊ အဝတ်လှန်းသစ်သားစင်၊ ဖိနပ်စင်၊ ခြေသုတ်ခုံ၊ မျက်နှာသုတ်ပဝါက သပ်သပ်ရပ်ရပ် လှန်းထားသည်။ မောင်က နဂိုကတည်းက သပ်သပ်ရပ်ရပ်နေတတ်သူ။ မေသက်လွင် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိသည်။ သူ့အပြုံးကြောင့် ပါးစုံနှစ်ဖက် မြင့်တက်သွားသည်ကို မှန်တင်ခုံမှန်အရိပ်ထဲ လှစ်ခနဲတွေ့လိုက်ရသည်။ မေသက်လွင် မှန်တင်ခုံရှေ့ သွားထိုင်လိုက်သည်။ သွားတိုက်ဆေးကို သွားပွတ်တံပေါ်တင်နေစဉ် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။

တယ်လီဖုန်းက စာရေးစားပွဲပေးတွင် တစ်လုံး၊ အိမ်ရှေ့ညှိခန်းထဲတွင် တစ်လုံး ရှိသည်။ လိုင်းကြိုးက တစ်ဆက်တည်း။ မေသက်လွင်က စကားပြောခွက်ကို ကိုင်လိုက်သည်။ သတ္တုပြားကို တုန်ခါမှုပြုသော အသံက နားထဲဝင်လာသည်။ ချိုမြပြီး စည်းလုံးလုံးနှင့် ပျော့နွဲ့သယောင် အသံ။ မောင့်အသံမှန်း သူသိလိုက်သည်။

"လွင်လားဟင်"

"ဟုတ်တယ်၊ မောင်မဟုတ်လား"

"လွင်က မောင့်အသံကို မှတ်မိတယ်နော်"

"မှတ်မိတာပေါ့ မောင်ရဲ့၊ လွင့်မောင်ပဲဟာ"

"လွင် နေလို့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်။ အစကတည်းက လွင်က တစ်ယောက်တည်း နေနေကျပဲဟာ"

"ဟိုဟာက လွင့်အိမ်မှာပဲဟာ။ အခု တစ်ရပ်တစ်ကျေး မဟုတ်လား"

"လွင် နေရဲပါတယ်။ မောင်က ဘယ်အချိန်ရောက်မှာလဲ"

"အဲဒါကြောင့် ခက်နေတာပေါ့။ အခု မောင်တို့မှာ စီမံချက်ကာလ ဖြစ်နေတယ်။ မြို့နယ်မှူးလည်း အိမ်မပြန်တာ တစ်ပတ်ရှိပြီ။ မောင်လည်း အတူတူပဲပေါ့"

"မောင်တို့ဟာကလည်း"

"မောင်တို့ဟာက မလဲနဲ့။ အခု ထွက်ပြေးသွားတဲ့ တရားခံက သိပ်အရေးကြီးနေတယ်။ ရန်ကုန်က တာဝန်ရှိသူတွေလည်း ရောက်နေကြတယ်။ သိပ်တော့ မကြာတော့ပါဘူး။ မောင်တို့တွေ ပိတ်ဆို့ထားတာ အခုဆို သူပြေးစရာ နေရာသိပ်မရှိတော့ပါဘူး"

"ဒါဆို မောင် အခုလောလောဆယ် ပြန်မလာသေးဘူးလား"

"ခဏတစ်ဖြုတ်တော့ ပြန်လာရမှာပေါ့။ မြို့နယ်မှူးကြီးကိုလည်း သတင်းပို့ပြီးသားပဲ။ ဒါကြောင့် လွင့်ကို အကြိုလွှတ်လိုက်တာပေါ့။ ကျွန်တော့်ဇနီး လောင်းရောက်နေလို့ သွားကြည့်ပါရစေဦးဆိုတော့ ခဏနေပါဦးကွာတဲ့။ မင်းအိမ်ဘက်ရောက်တော့ ဝင်လိုက်ပေါ့တဲ့"

"အေးလေ . . . မောင့်အလုပ်အကြောင်း အစကတည်းက သိပြီးသားဆိုတော့ လွင့်အဖို့ နေသားကျပါပြီ။ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲလွင်"

"ရောက်ရောက်ချင်း မောင့်ကို မတွေ့ရတော့ စိတ်မကောင်းဘူးကွယ်"

"သြော် . . . လွင်ရယ်"

www.burmeseclassic.com

နှစ်ဖက်စလုံး အသံတိတ်သွားကြသည်။ တစ်ဖက်နှင့်တစ်ဖက် ဘာမှ မပြောဖြစ်ကြသေး။ လေတိုးသံသဲ့သဲ့သာ ဖုန်းခွက်ထဲမှ ကြားနေရသည်။

"လွင်..."

တစ်ဖက်မှ အသံကြားရသည်။ မေသက်လွင်က ရှင်ဟု ထူးမိလိုက်သည်။ ရုတ်တရက်ဖြစ်၍ အသံအနည်းငယ် ကျယ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ လွင်။ ဘာဖြစ်တာလဲ။ အလန့်တကြားရှိလိုက်တာ" ဟု မောင်က ပျာပျာသလဲ မေးသည်။

"ရုတ်တရက် လန့်သွားလို့ပါ"

မေသက်လွင်ထံမှ ရယ်သံသဲ့သဲ့ ကြားလိုက်ရမှ လွင်မောင်မောင် စိတ်အေးသွားသည်။ ရေခဲသေတ္တာထဲမှာ ကြက်ဥတွေရှိတယ်၊ ကြောင်အိမ်ထဲမှာ ငါးသေတ္တာနဲ့ စားစရာတွေရှိနေသေးတယ်ဟု လွင်မောင်မောင်က ပြောသည်။ မေသက်လွင်က တအင်းအင်းနှင့်သာ ဖြေနေသည်။

"မောင် အပြင်ထွက်ဦးမယ်နော် လွင်၊ ဒါပဲနော်"

တစ်ဖက်မှ ဖုန်းချသွားသည်။ ဒါပဲနော် ဆိုသည့်နောက်တွင် ရွတ်ဆိုသော အသံ ကြားလိုက်ရသည်။ နှုတ်ခမ်းနှင့် စကားပြောခွက်ထိပြီး စုပ်ယူသံ။ မေသက်လွင် ပါးနှစ်ဖက်ရှိုပြီး ပန်းနုရောင်ပြောင်းသွားသည်။ စိတ်ထဲမှ တော်တော်ပိုတဲ့ မောင်ဟု ပြောဖြစ်သည်။

မှန်တင်ခုံဘက် ပြန်လာသည်။ မှန်ရှေ့က အရိပ်ကို ပြန်ကြည့်မိသည်။ ဖွာရာကျနေသော ဆံပင်များကို စုစည်းလိုက်သည်။ ခုတင်နား ပြန်လျှောက်လာပြီး ရေချိုးရန် ပြင်လိုက်သည်။

× × ×

ရေချိုးခန်းကို အသေအချာဂိတ်လိုက်ပြီးမှ ရေပန်းကို ဖွင့်လိုက်သည်။ ရေချိုးရင်းမှ တော်တော်ဆိုးတဲ့မောင်ဟုသာ နှုတ်က ပြောဖြစ်သည်။

မောင့်မျက်နှာ နုနုစင်စင်ကို မြင်ယောင်မိသည်။ သည်တုန်းက မေသက်လွင်က ကျောက်မြောင်းက ကျောင်းမှာ။ မေသက်လွင်က ရွှေတိဂုံစေတီမှ ရှင်အဇ္ဇဂေါဏ တန်ဆောင်းတွင် ပုတီးစိပ်နေကျ။ ဒါကို မောင်က လာစောင့်သည်။ တစ်ခါတစ်ခါ မောင်က သူ့အလုပ်နှင့်သူ မအား။ မောင်တို့အလုပ်ကလည်း နေ့မရှောင်၊ ညမရှောင် ပေါ်တတ်သည်။ သတင်းတပ်ဖွဲ့ဟူသည် အချိန်ကန့်သတ်ထားလို့မရ။ ၂၄ နာရီ တာဝန်တွေပိနေတတ်သည်။ သည်ကြားထဲမှာ မောင်က မေသက်လွင်ကို အကြိုအပို့လုပ်ပေးသည်။ မေသက်လွင်ကိစ္စအဝဝကို နိုင်ခံလုပ်ပေးနေကျ။

"မောင်ရေ...ကျောင်းအတွက် အင်္ဂလိပ်သတင်းစာ ယူပေးပါဦး"

"ကျောင်းစာကြည့်တိုက်အတွက် မဂ္ဂဇင်းလိုတယ်လေ"

ဖြစ်စေသတည်း မောင်၊ ရစေသတည်း မောင်၊ ချစ်သူ့အလိုကျ သိသည့် မောင်။

မောင့်အကြောင်း တွေးရင်းမှ သူ့မျက်နှာကို မြင်မိသည်။ သူ..ခင်ထွေး။ မေသက်လွင် ပထမချစ်သူ။ မောင်နှင့် မတွေ့ခင် မေသက်လွင် ချစ်ခဲ့ရသူ။ မေသက်လွင်က အမြဲတစေ အလုပ်များတတ်သည်။ ကျောင်းဆရာမဆိုသည် ယခုအခါတွင် စာပြရုံတင် မဟုတ်တော့။ အဖွဲ့အစည်း အသီးသီးတွင် တာဝန်ပေးသလို ယူရသည်။ အချစ်ရေးကိစ္စ အချိန်ပေးသင့်သလောက် မပေးနိုင်။ သည်မှာတင် ခင်ထွေးက အမျိုးမျိုး အကြောင်းပြလာပြီး စွပ်စွပ်စွဲစွဲ လုပ်လာသည်။ မေသက်လွင်ကို ဂရုမစိုက်တော့။ သူ့ကို အချိန်မပေးရကောင်းလားဟု ပြစ်စွလာသည်။ မေသက်လွင်နှင့် ခင်ထွေးတို့ အခြေအနေ တင်းမာလာခဲ့သည်။

မောင်နှင့် တွေ့သည်။ မောင်သည် ပင် ဗှာနဆိုင်ရာ၏ အရေးပေးမှုအောက်တွင် နေရသူပီပီ မေသက်လွင်ကို သဘောပေါက်သည်။

"မောင်ရေ..ဒီနေ့တော့ ဆောရီး ကွာ။ အစည်းအရုံးအစည်းအဝေးက အားချင်းမို့ မောင်မလာနဲ့တော့"

"ရပါတယ် လွင်ရဲ့ လွင့်ဆီ မလာရလည်း ဟိုကောင်မလေးဆီသွားမှာပေါ့"

"အေးမြသီတာဆီကိုလား။ ပြောလိုက်ပါ လွင်က မှာတယ်လို့"

သည်လောက်ပဲ နောက်လိုက်ပြောင်လိုက်နှင့် ပြောဖြစ်ကြသည်။ ဒါကြောင့် မောင့်ကို ချစ်ရတာဟု မေသက်လွင်က ခဏခဏ ပြောပြသည်။

တစ်ညနေ မောင်က မေသက်လွင်တို့အိမ်နားသို့ လိုက်ပို့သည်။ သည်မှာ ခင်ထွေးနှင့် မောင် ဆုံရသည်။

ခင်ထွေးက မောင့်ကို မေသက်လွင်အကြောင်းများကို ပြောသည်။ သပျစ်ချဉ်သည်ဟုပြောသော စကားများ။ မောင်က ဘာမှပြန်မပြောတတ်သည်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအေးဆေးစွာ ပြဿနာကိုရှင်းတတ်သည့် မောင့်ကို မေသက်လွင် ပိုချစ်ခဲ့ရသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိကြ၍ ပြဿနာဆိုသည်မှာ မရှိခဲ့။ ယခုပင် မေသက်လွင်က မောင်တာဝန်ကျရာကိုရွှေ့ပေးရန် စာတင်လိုက်ပြီး ယခုမြို့လေးတွင် အခြေချကြမည်။

ဘူတာကို ရထားရောက်တော့ ဘူတာတွင် ရဲတပ်ဖွဲ့ဝင် လူငယ်လေးတစ်ယောက်က မေသက်လွင် ရထားပေါ်မှအဆင်းတွင် ဒေါ်မေသက်လွင်ကို ဆရာလွင်မောင်မောင်က ကြိုခိုင်းလိုက်ပါတယ်ဟုပြောပြီး မောင့်ထံမှ စာကို ပေးသည်။

လွင်…မောင့်မှာ အလုပ်တွေပိနေလို့ ရဲဘော်လေးနဲ့လိုက်ခဲ့ပါ။ *(မောင်)* ဟု စာတိုလေး။

မောင့်လက်ရေး။ မေသက်လွင် ဘာမှမပြောဘဲ ရဲကားပြာလေးနှင့် လိုက်ခဲ့သည်။ မောင်တုံးထားသည့် အိမ်ကလေးက တောင်ကုန်းလေးပေါ်တွင်။ ယခင်က အရာရှိကြီးတစ်ဦး နေခဲ့သည့် အိမ်ဟု ရဲဘော်လေးက ပြောပြသည်။ အိမ်လေးက ပန်းဥယျာဉ်နှင့် လုလုပပ။ ညနေဆည်းဆာနှင့် ပန်းရလှသည်။

ရောက်ရောက်ချင်း မေသက်လွင် ခြေပစ်လက်ပစ် အိပ်ပျော်သွားသည်။ ရန်ကုန်နှင့် မိုင်ပေါင်းများစွာအရပ်ကို နာရီပေါင်းများစွာ ထိုင်ခဲ့ရ၍ ပင်ပန်းသွားခဲ့သည်။ သူတစ်ရေးနိုးတော့ ည ၁၀ နာရီ။ မိုးရွာနေသည်။ အိပ်ရာထဲက မထတော့။ တယ်လီဖုန်းသံ ကြားရသည်။ မောင့်ထံမှ။ မောင့်ထံမှ စကားသံကြားရတော့ အားရှိသွားသည်။ ဆေးသောက်ပြီး ပြန်အိပ်ပျော်သွားသည်။ အိပ်ရာကနိုးတော့ နံနက် ၆ နာရီ။

ယခုထက်တိုင် မောင့်မျက်နှာကို မမြင်ရသေး။

× × ×

ရေပန်းခလုတ်ကို ပိတ်လိုက်သည်။ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်ဟု ထင်လိုက်သည်။ မျက်နှာသုတ်ပဝါကြီးနှင့် ကိုယ်မှရေများကို ပွတ်သပ်ပြီး ရေချိုးခန်းတံခါးဖွင့်ပြီး အပြင်ထွက်သည်။ လေနုအေးအေးလေးက သူ့ကိုယ်ပါး ဖြတ်သွားသည်။ ချမ်းစိမ့်စိမ့်ဖြစ်သွား၍ မျက်နှာသုတ်ပဝါကို ခပ်တင်းတင်းဆွဲပြီး လက်နှစ်ဖက်ကို ရင်ဘတ်တွင် ကြက်ခြေယှက်လိုက်သည်။

တယ်လီဖုန်းသံ မြည်လာသည်။

မျက်နှာသုတ်ပဝါ ခြုံလျက်ကပင် ကောက်ကိုင်လိုက်သည်။

"လွင်လား"

"ဟုတ်ပါတယ်။ မောင်မဟုတ်လားဟင်"

"လွင် ဘာလုပ်နေလဲဟင်"

"ရေချိုးနေတာ။ အခုပဲ ရေချိုးခန်းထဲက အထွက်မှာ မောင့်ဆီက ဖုန်းလာလို့"

"မောင် နေ့လယ် ၁၀ နာရီလောက် အိမ်ပြန်လာမလို့"

"ပြန်လာပေါ့။ မောင့်အိမ်မောင် ပြန်လာတာပဲ"

"ဟာ…လွင်ကလဲ၊ ပြောလိုက်ရင် အဲဒီလိုပဲ"

"အဲဒီလို မကြားရတာ ဘယ်လောက်ကြာပြီလဲ"

မေသက်လွင်က ခပ်ဟက်ဟက် ရယ်ရင်း ပြောသည်။

သွားဖြူဖြူဖွေးဖွေးလေးများပေါ်ပြီး ပါးစုံနှစ်ဖက် မို့တက်သွားသည်အထိ မေသက်လွင် ရယ်သည်။

"လွင်ကတော့ ရယ်နေ။ မောင့်မှာ ဒီမှာ ဘယ်လောက်ပင်ပန်းနေပြီလဲဆိုတာ လွင်မသိဘူး"

"လွင်ဘယ်သိမလဲ။ လွင်က အိမ်မှာပဲဟာ"

"မာကွာ…လွင်က အတော်နောက်တာပဲ"

"ကဲပါ။ ၁၂ နာရီ ပြန်လာပြီး ဘယ်အချိန်ပြန်မှာလဲ"

"ထမင်းလာစားမယ်လေ။ မြို့နယ်မှူးကြီးက အစည်းအဝေးပြီးရင် တစ်နာရီလောက်တော့ ပြန်ကွာတဲ့။ အဲဒါ လွင်ထမင်းချက်ထားလေ။ လွင့်လက်ရာ စားချင်ပြီ"

ကိုပိုလာခဲ့နော်ဟု မေသက်လွင်က ပြောပြီး တယ်လီဖုန်းချလိုက်သည်။ မှန်တင်ခုံရှေ့သွားပြီး မျက်နှာကို အနည်းငယ်ပြင်သည်။ မိတ်ကပ်ပါးပါး၊ နှုတ်ခမ်းထွေးထွေးလေး ဆိုးသည်။ ခရီးဆောင်သေတ္တာထဲမှ ဘလောက်တစ်ထည် ထုတ်ပြီးဝတ်သည်။ မှန်ထဲတစ်ချက်ကြည့်ပြီး အိမ်ရှေ့ခန်းထွက်လာခဲ့သည်။

နဂိုကတည်းက မောင်က သပ်သပ်ရပ်ရပ်နေတတ်သည့်အလျောက် မောင့်အိမ်လေးက သပ်ရပ်သန့်ရှင်းနေသည်။ ခန်းဆီးအပြာ၊ ညှော်ခံစားပွဲကုလားထိုင်အစုံ၏ အစွပ်များက အခါ ညှော်ခန်းနှင့် အိပ်ရာကြား သစ်သား



www.burmeseclassic.com

www.burmeseclassic.com

အခန်းဆီးတွင် ဆယ့်နှစ်လက်မ ရောင်စုံ ဓာတ်ပုံကြီးတစ်ပုံ။

ပခုံးနှစ်ဖက်တွင် ငွေကြယ်နှစ်ပွင့်နှင့် ကာကီရောင်ဝတ်စုံကိုဝတ်ပြီး ပြုံးရယ်နေသည့် မောင့်ပုံ။ မေသက်လွင်က မောင့်ပုံကို တစ်ချက်မှုစူးစူးစိုက်စိုက်ကြည့်လိုက်သည်။ မီးဖိုခန်းထဲ ဝင်လိုက်သည်။

ကြောင်အိမ်နှင့် ရေခဲသေတ္တာထဲမှ ဟင်းချက်စရာများ ထုတ်သည်။

ထမင်းစားပွဲပေါ်တွင် ချက်ပြုတ်ရန် အသင့်ပြင်ပြီး လျှပ်စစ်ထမင်းအိုးကို ပြင်သည်။ လျှပ်စစ်မီးဖိုပေါ်မှ ဟင်းအိုးချချိန်တွင် ၉ နာရီထိုးပြီ။ နဖူးနှင့် ဆံစ၊ လည်ကုပ်တို့မှ ချွေးများနှင့် လည်ပင်းအရစ်တွင် စို့နေသော ချွေးများကို လက်ကိုင်ပဝါဖြင့်သုတ်ရင်း ညှော်ခန်းထဲမှ ထွက်လာခဲ့သည်။ အိမ်ရှေ့တံခါးပေါက်မှ ခြံထဲကိုဆင်းပြီး အိမ်လေးကို လှည့်ကြည့်သည်။

အိမ်လေး၏ဘေးတွင် ကားဂိုဒေါင်တစ်လုံး တွေ့သည်။ ကားဂိုဒေါင်ထဲတွင် ဖိယက်ကားဝါလေးတစ်စီး ရပ်ထားသည်။ မောင့်မှာ ကားနဲ့ဘာနဲ့ကိုးဟု စိတ်ထဲက ကျေနပ်သလိုလိုရှိသွားသည်။

မေသက်လွင် အိမ်ရှေ့ပေါက်မှ အိမ်ထဲ ပြန်ဝင်ခဲ့သည်။

အိမ်ပေါ်ရောက်တော့ တယ်လီဖုန်းခေါင်းလောင်းသံကြားရ၍ ဖုန်းကို ကိုင်လိုက်သည်။ မောင့်အသံ။ နည်းနည်းတော့ နောက်ကျမယ်။ ရောက်အောင်လာခဲ့မယ်ဆိုတဲ့အကြောင်း။ မေသက်လွင်က ဖိယက်ကားလေး အကြောင်း စပ်စုလိုက်သည်။

ကားက ဘရိတ်မကောင်းသေးလို့ ထိုးထားရတာလွင်ရဲ့ဟု ပြောသည်။

မေသက်လွင် သက်ပြင်းခိုးကို ချမိသည်။

ဘယ်တတ်နိုင်ပါ့မလဲ။ မောင်နဲ့ တစ်သက်လုံးနေရတော့မှာပဲ။ ဒါလေးဝက်တော့ သည်းညည်းခံရမှာပေါ့လေ။

x x x

## သူက ခါးကို ပြန်မတ်ပြီး "ရတ်ရတ် ရတ်ရတ် တော့ မလုပ်နဲ့နော်။ ငါက မထူးတော့ဘူး။ အကုန်ပစ်သတ်မှာ" ဟု ပြောသည်။ မေသက်လွင်က "ရှင့်ကို ကျွန်မက ဘာလုပ်နိုင်မှာလဲ" ဟုပြောပြီး မီးဖိုထဲသို့ ထွက်သွားသည်။ သူ နောက်က လိုက်သွားသည်။

"အခြေအနေ ဘယ်လိုလဲ လွင်မောင်မောင်"

"အခုအတိုင်းဆိုရင် ဒီငတိ ပြေးပေါက်က တစ်နေရာပဲ ရှိတော့တယ် မြို့နယ်မှူး"

"ဘယ်ဘက်ကိုလို့ ခန့်မှန်းမိသလဲ"

"အနီးစပ်ဆုံးဆိုရင် ကျွန်တော့်အိမ်ဘက်ပဲ ရှိတော့တယ် မြို့နယ်မှူး။ ဆရာဘဇံတို့ အဖွဲ့ဘက်ကိုတော့ ဒီကောင် မလာမှာ သေချာနေတယ်။ ကျွန်တော့်အိမ်ဘက်လမ်းကထွက်ရင် တစ်ဖက်မြို့နယ်ဘက် အထွက်လမ်းပဲ။ ကျွန်တော်တို့ကလည်း တစ်ဖက်ကိုတော့ ဟထားတယ်"

ဟု လွင်မောင်မောင်က မြို့နယ်မှူးကို ရှင်းပြနေသည်။

စားပွဲပေါ်တွင် အမှုတွဲ စာချုပ်များ၊ မြို့နယ်မြေပုံညွှန်း၊ တစ်ကွက်ချင်း ပုံကြီးချဲ့ထားသည့် တရားခံပြေး၏ ဓာတ်ပုံများ၊ မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို ဖယ်ရှားကြည့်လျှင် တရားခံမှာ လူချောတစ်ဦး။ အရွယ်ငယ်ငယ်၊ အသက်သုံးဆယ်နှစ်ခန့်။

လွင်မောင်မောင် သည်ပုံကို ဓာတ်ပုံကြည့်စရာမလိုအောင် မျက်စိထဲ စွဲနေပြီ။ ဘယ်နေရာတွင် တွေ့ဖူးပါလိမ့်ဟု ခဏခဏ တွေးမိသည်။ မှတ်ဉာဏ်အင်အား ကောင်းသေးသော်လည်း အရေးမကြီးလျှင် သူ့ခေါင်းထဲတွင် မှတ်လေ့မရှိ။

"အရေးကြီးလာပြီလား ဆရာဘဇံ"

ရဲတပ်ကြပ်ကြီးဘဇံက လွင်

www.burmeseclassic.com

မောင်ကို စနစ်တကျ အလေးပြုသည်။

"ကျွန်တော်တို့ဘက်မှာတော့ မရှိတော့ဘူးဆရာ။ ဆရာ့အိမ်ဘက်ကို ဘင်းသွားစရာ အကြောင်းတော့ ရှိနေတယ်။ ဒါပေမယ့် အဲဒီဘက်က ရှိနေတဲ့ စိုးစိုးတို့ကလည်း ငြိမ်နေတယ်"

"ဆရာဘဇံ ဆက်သွယ်ကြည့်သေးလား"

"ဆက်ကြည့်တယ်ဆရာ။ လမ်းပေါ်မှာရော တောလမ်းဘက်ကော ဘာမှမထူးဘူးတဲ့"

"ဒီလိုငြိမ်နေတာ မကောင်းဘူးဆရာဘဇံ။ တစ်နေရာရာမှာတော့ ခိုနေပြီထင်တယ်။ နေဦး အင်း…ဒီလိုလုပ်ဗျာ။ ခင်ဗျားဘက်က အင်အားထဲက ခင်ဗျားနဲ့တစ်ဝက်ကို စိုးစိုးဘက်ကိုဖြည့်၊ စိုးစိုးကိုတော့ အသိမပေးနဲ့။ ခင်ဗျားတို့က ယူနီဖောင်းမဝတ်နဲ့။ ကိုယ်ရောင်ဖျောက်၊ အဲဒီဘက်ကအိမ်တွေကိုကြည့်ဗျာ။ ထူးခြားရင် သတင်းပို့"

ရဲကြပ်ကြီးဘဇံက သတိဆွဲအလေးပြုပြီး စခန်းထဲမှ ထွက်သွားသည်။ မြို့နယ်မှူးမှာ တယ်လီဖုန်းဖြင့် တိုင်းကို သတင်းပို့နေသည်။ ဟုတ်ကဲ့၊ ကောင်းပါပြီဆိုသော အသံများ ကြားနေရသည်။ လွင်မောင်မောင် ခါးကို ဆန့်သည်။ မတ်တတ်ရပ်သည်။ ကိုယ်ကို ဘယ်ညာလှည့်ပြီး အညောင်းဖြေသည်။ စခန်းပြတင်းပေါက်မှ အပြင်ဘက် ငေးကြည့်မိသည်။ မေသက်လွင်မျက်နှာက မျက်ဝန်းထဲ ဝဲလျက်။

× × ×

"အမေ့"

နှုတ်မှ ရုတ်တရက်ထွက်သွားသည်။ ခြေဖျား၊ လက်ဖျားများ အေးစက်လာသည်။ နဖူးနှင့် လည်ကုပ်အစ်အစ်တို့မှ ချွေးစေးတွေ ထွက်လာသည်။ ရင်ထဲက တလှပ်လှပ်။ စိတ်ကို လွတ်သွားခြင်းမရှိအောင် တင်းလိုက်သည်။ ရဲတင်းသည့်စိတ်က ဝင်လာသည်။

မေသက်လွင် အင်အားတို့ပြန်ပြည့်လာသည်။ ဘယ်သူလဲဟု အသံကို ထိန်းပြီး မေးသည်။ ရုတ်တရက်လန့်သွားသောစိတ်ကို စုစည်းမိသွားသည်။ အသံက တည်တည်ငြိမ်ငြိမ်။ ဆရာမလုပ်လာသည့် အရည်အချင်းက သည်မှာ စကားပြောသည်။ အိပ်ခန်းထဲက လူရိပ်တစ်ခု။

မေသက်လွင် ရုတ်တရက် မဝင်သေး။ ညှပ်ခန်းအစပ်တွင် ရပ်နေသည်။ အိပ်ခန်း ခန်းဆီးစ လှုပ်သွားသည်။ လူတစ်ယောက်။ ဘယ်ဘက်လက်က ခန်းဆီးစကို ဆုပ်ထားသည်။ ညာဘက်လက်ထဲတွင် ခြောက်လုံးပြူးသေနတ်ဟု ထင်ရသော လက်နက်တစ်ခု။ မေသက်လွင် အသံမထွက်။ လည်ချောင်းဝတွင် တစ်ဆို့ဆို့ဖြစ်နေသည်။ မျက်စိက သေနတ်ကိုသာ ကြည့်နေမိသည်။ တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြ။

မေသက်လွင် ချွေးစေးများ ထွက်လာသည်။ နဖူးဆံစ၊ လည်ကုပ်အစ်အစ်။

"ဪ…ဒေါ်မေသက်လွင်ကိုး"

တိတ်ဆိတ်မှုကို ထိုလူက ဖျက်ပစ်လိုက်သည်။ ကြားဖူးသည့်အသံ။ ရင်းနှီးသည့်အသံ။ မေသက်လွင် မျက်စိကို ရွှေ့လိုက်သည်။

"ဟင်…"

အံ့သြစရာအဖြစ်က ထပ်မံတိုးလာရသည်။ ဟင်တစ်လုံးမှအပ စကားသံထပ်မထွက်။

"ရဲအရာရှိကတော် ဖြစ်နေတော့ ကျွန်တော့်ကို စကားမပြောချင်တော့ဘူးလား ဒေါ်မေသက်လွင်၊ ခင်ဗျားနဲ့မှလာပြီး ဆုံရတယ်နော်"

ဆိုသောစကားကို ကြားရသည်။ မေသက်လွင် သတိကို ပြန်ထိန်းလိုက်ရသည်။ မျက်နှာကို ပြန်မြင်လိုက်သည်။ ထိုသူက အိပ်ခန်းတံခါးဝကို မှီနေရာမှ ရှေ့တိုးလာသည်။

"ရှင် ဘယ်လိုရောက်လာတာလဲ ဟင်"

"ကိုယ့်အဖြစ်တွေက မင်းသိရင် စိတ်ဆင်းရဲစရာတွေဖြစ်လိမ့်မယ်။ ဒါတွေဟာ မင်းကြောင့် မေသက်လွင်၊ မင်းကြောင့်။ မင်းကြောင့် ငါဘဝပျက်ခဲ့ရတယ်"

"လာပြန်ပြီလား ဒီစကား။ ဒီစကားတွေ ရပ်လိုက်တော့ ကိုခင်ထွေး။ ရှင်အခု ဘာလိုချင်လဲ ပြော"

"အေးလေ၊ မင်းက ရဲအရာရှိကတော် ဖြစ်နေပြီကိုး။ ငါလိုချင်တာကတော့ မင်းယောက်ျားကိုသတ်ပြီး မင်းကို ယူဖို့ပဲ"

ဖျတ်ခနဲ သတိရလိုက်သည်။ မောင်ပြောတဲ့ တရားခံပြေးဆိုသည့် အကြောင်း။

သူက ရှေ့တိုးလာသည်။ မေသက်လွင်က နောက်ဆုတ်သည်။ ညှပ်ခန်းထဲသို့ရောက်သည်နှင့် သူက ဆိုဖာပေါ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ထိုင်သည်။ ဘယ်ခြေပေါ် ညာခြေထောက်ကို တင်ပြီး ကိုယ်ကို ခပ်လျှော့လျှော့နှင့် ခေါင်းကို ကုလားထိုင်နောက်မှီပေါ် တင်လိုက်သည်။ မျက်စိက မေသက်လွင်ကို အလစ်မပေး။ သေနတ်ကိုင် ညာလက်ကို ကုလားထိုင်နောက်မှီမှ ကျော်ပြီး တွဲလောင်းချထားသည်။

"ရှင် သိပ်ပင်ပန်းနေတယ်။ ဆာလည်း ဆာနေပုံပဲ"

မေသက်လွင်၏ လေပြေစကား။

"ဟုတ်တယ်။ ကိုယ် ဟုတ်တိပတ်တိ အစာမစားရသေးတာ သုံးရက်လောက်ရှိပြီ"

"ဒါဆို စားပါလား။ ကျွန်မပြင်လိုက်မယ်လေ။ အဆင်သင့်ရှိပါတယ်"

"မင်းက ငါ့ကို စေတနာရှိတုန်းပဲကိုး"

"ဒါက လူတစ်ယောက်အနေနဲ့ပါ"

မေသက်လွင်က ပြောပြောဆိုဆို ထိုင်ရာမှ ထသည်။ သူက ခါးကို ပြန်မတ်ပြီး "ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်နဲ့နော်။ ငါက မထူးတော့ဘူး။ အကုန်ပစ်သတ်မှာ" ဟု ပြောသည်။ မေသက်လွင်က "ရှင့်ကို ကျွန်မက ဘာလုပ်နိုင်မှာလဲ" ဟုပြောပြီး မီးဖိုထဲသို့ ထွက်သွားသည်။ သူ နောက်က လိုက်သွားသည်။

× × ×

ကားပေါ်က ဝိုင်ယာလက် စက်ကုန်ဖွင့်လိုက်သည်။

တီတီတီ၊ ဝူးဝူးဝေါဝေါ အသံများ ကြားရသည်။ ကြားလား။ ကြားလားဟု လွင်မောင်မောင်က မေးသည်။ တစ်ဖက်မှ ကြားတယ်ဆိုသောအသံ ကြားရ၍ လာခဲ့မယ်ပြောပြီး စက်ကို ပိတ်သည်။ ထားမှ မြို့နယ်မှူးကို...

"ကိုဘဇံတို့ဘက်က သတင်းရပြီ ဗိုလ်ကြီး"

"အခြေအနေက"

"တွေ့ပြီလို့ပြောတယ်၊ ကျွန်တော်တို့ လိုက်ကြမှထင်တယ်"

"ဘဇံတို့က ဘယ်နားမှာလဲ"

"ဈေးဟိုဘက် အတက်မှာ"

ပြောပြောဆိုဆိုနှင့် စက်နှိုးပြီး လီဗာနင်းသည်။ ကားဦးခေါင်းကို တစ်ဖက်လှည့်စေသည်။

လမ်းကွေ့တွင် ရဲကြပ်ကြီးဘဇံကို စက်ဘီးနှင့်တွေ့သည်။ သူက အလေးပြုပြီး...

"ဆရာကောင်တော့ ဆရာ့အိမ်ထဲ ဝင်သွားတာ ဖော်ဖော်က မြင်လိုက်တယ် ပြောတယ်။ အဲဒါ သူ့ကို အဲဒီနားမှာပဲ စောင့်ခိုင်းထားတယ်"

ဒိုင်းခနဲဟု ထင်လိုက်ရသော အသံ။ နှလုံးသွေးနှင့် ဦးခေါင်းတွင် လာဆောင့်သည်ဟု ထင်လိုက်ရသည်။ မနေ့တစ်နေ့ကသာ သည်အဖြစ်မျိုးဖြစ်က သူကိုယ်တိုင် သူ့အိမ်ထဲ ဝင်လိုက်လိုက်ချင်သည်။ ယခုတော့...။

"ဘယ်လောက်ကြာပြီလဲ ဆရာဘဇံ"

မြို့နယ်မှူးက မေးသည်။

"ဆယ့်ငါးမိနစ်လောက် ရှိသွားပြီ"

"အခု အခြေအနေကကော"

"အခြေအနေက ငြိမ်နေတယ်။ အိမ်မှာက ဘယ်သူရှိသလဲ။ အခန်းတံခါးတွေ ပွင့်နေတယ်။ လူရှိနေပုံပဲ"

ဆရာဘဇံအပြောကြောင့် မြို့နယ်မှူးကြီးက လွင်မောင်မောင်ဘက်ကြည့်ပြီး လွင်မောင်မောင့်ဇနီးလောင်း ရောက်နေတယ်လေဟု ပြောသည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

ရဲကြပ်ကြီးဘဇံက မေးသည်။ ဘယ်သူမျှ အဖြေမပေးနိုင်သေး။ စိုးရိမ်ခြင်းလက္ခဏာ လွင်မောင်မောင့်မျက်နှာပေါ်တွင် ခိုနားနေသည်။ အတန်ကြာမှ

"ဒီနားမှာ တယ်လီဖုန်းရှိသလား"

"ရှေ့တစ်အိမ်ကျော်မှာ ရှိတယ်"

ရဲကြပ်ကြီးက ဖြေသည်။ လွင်မောင်မောင်က -

"ကျွန်တော်တို့ အရိပ်ခထား ဖျောက်ထားရင် ကောင်းမယ် ဗိုလ်ကြီး။ ဗိုလ်ကြီးကားကို ရှေ့ကခြံထဲမှာ သွင်းစောင့်နေပါ။ ကျွန်တော် ဖုန်းဆက်ကြည့်မယ်"

ဟု ပြောပြီး ရဲကြပ်ကြီးကို ခေါ်သွားသည်။

× × ×

တယ်လီဖုန်းအသံမြည်လာသည်။

မေသက်လွင်က ခင်ထွေးမျက်နှာကို လှမ်းကြည့်သည်။ ကိုင်လိုက်ရမလားဟု မျက်လုံးဖြင့် မေးသည်။ ခင်ထွေးက ထမင်းပန်းကန်ကို ရွှေ့ပြီး ထိုင်ရာက ထသည်။ မေသက်လွင်က ရှေ့မှ လျှောက်သွားသည်။ ခင်ထွေးက အိပ်ခန်းထဲကို မျက်စိဖြင့်ပြသည်။ မေသက်လွင် ဒိတ်ခနဲ ရင်ခုန်သွားသည်။ ခင်ထွေးက အိမ်ရှေ့ခန်းမှ တယ်လီဖုန်းကို ကိုင်သည်။ မေသက်လွင်က အိပ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ ဖုန်းကို ယူလိုက်သည်။ ဟဲလိုဟု အသံပြုလိုက်သည်။

"လွင်လား၊ ဘယ်လိုဖြစ်နေလို့ ကြာနေတာလဲ"

စိုးရိမ်မှုဖြင့် အလောတကြီး မေးမြန်းသံ။

"မောင်..."

မေသက်လွင်က တစ်လုံးတည်း ခေါ်လိုက်သည်။ တစ်ဖက်မှ တုံ့ပြန်သံ မကြားရ။ အသံကို အကဲခတ်နေဟန်တူသည်။ မေသက်လွင်က -

"မောင်တို့ အလုပ်တွေ မပြီးသေးဘူးလား"

"ပြီးပြီ လွင်။ အဲဒါ လွင့်ဆီကို ဖုန်းဆက်တာ။ မောင်လာမလို့"

"ဒါနဲ့ မောင်ပြောတဲ့တရားခံကော"

"သူလား၊ တစ်ဖက်မြို့နယ်ထဲ ကူးသွားပြီ။ အဲဒါ မောင်တို့ဘက်က လူတွေကို အနားပေးလိုက်ပြီလေ။ မောင်လည်း အနားရပြီ"

"ဒါဖြင့် မောင်တို့လူတွေ တစ်ယောက်မှ မရှိတော့ဘူးပေါ့"

"ဟုတ်တယ် လွင်။ မောင်တို့ အရင်က အစောင့်ချထားတဲ့ အပေါက်တွေ ဖွင့်လိုက်ပြီ။ ဒါနဲ့ လွင် ဘာလုပ်နေလဲ"

"မောင့်ကိုစောင့်ရင်း စာဖတ်နေတာပေါ့။ မောင်ဘယ်တော့လာမှာလဲ"

"တစ်နာရီလောက်ကြာရင် ရောက်လာမယ်။ ဒါပဲနော်"

ရှတ်ခနဲအသံ ကြားရသည်။ မေသက်လွင်က ဖုန်းချလိုက်ပြီး အိပ်ခန်းထဲမှ ကမန်းကတန်း ထွက်လိုက်သည်။ သူနှင့် ဧည့်ခန်းထဲတွင် ဆုံသည်။

"ကိုခင်ထွေး၊ သူပြန်လာတော့မယ်။ အဲဒါ ရှင်သွားဖို့ပြင်တော့"

"ကျေးဇူးတင်ပါတယ် ဒေါ်မေသက်လွင်။ အခုလို ကျွေးမွေးစောင့်ရှောက်တာ ဒေါ်မေသက်လွင်တို့ ရာသက်ပန်ပေါင်းနိုင်ဖို့ ဆုတောင်းပေးပါတယ်။ ဒါနဲ့ ကိုယ်က ဒီက ဘယ်လိုထွက်ရမလဲ။ ကိုယ့်ပုံကိုလည်း ကြည့်ပါဦး"

"လွယ်ပါတယ်ရှင်။ မောင့်အဝတ်တစ်စုံ-နှစ်စုံလောက် ယူသွားလေ။ နောက်ပြီး ဂိုဒေါင်ထဲမှာ ကားလည်းရှိတယ်။ ယူသွားပေါ့"

"ကျေးဇူးထပ်တင်ရပြန်ပြီ ဒေါ်မေသက်လွင်"

မေသက်လွင် ဘာမှပြန်မပြော။ ဗီရိုကိုဖွင့်ပြီး ရှပ်အင်္ကျီနှင့် ပုဆိုးတစ်စုံစီကို ထုတ်ပေးလိုက်သည်။ သူ့သေတ္တာထဲက ငွေနှစ်ရာနှင့် ဗီရိုပေါ်က ကားသော့ပါ ပေးလိုက်သည်။

ခင်ထွေးက အဝတ်အစားလဲပြီး တယ်လီဖုန်းနေရာသွားပြီး လိုင်းကြိုးကို ဖြတ်ချပုက်သည်။ ဒါကတော့ လုပ်ရဦးမယ် ဒေါ်မေသက်လွင်ဟု ပြောပြီး ဘယ်အပေါက်က ထွက်ရမလဲဆိုသော အမေးကို မျက်လုံးဖြင့် မေးသည်။

မေသက်လွင်က နောက်ဖေးပေါက်မှ ခေါ်လာသည်။ အိမ်ဘေးကို ပတ်သည်။ ကားဂိုဒေါင်ကို ဖွင့်သည်။ သူက ကားကိုစက်နိုးသည်။ ပြီး မေသက်လွင်ကို ပြုံးပြသည်။ ကားခေါင်းပိုင်းက ကားဂိုဒေါင်ကို ကျော်ထွက်လာသည်။

မေသက်လွင် မျက်ဝန်းစတွင် မျက်ရည်ဥများ။

ဘယ်တတ်နိုင်ပါ့မလဲ ကိုခင်ထွေးရယ်...။

တကယ်တော့ လွင့်နှလုံးသားမှာ မောင်တစ်ယောက်ကလွဲလို့ ဘယ်သူ့မှ ရှိခွင့်မပေးနိုင်တော့ပါဘူးဟု စိတ်ထဲက ပြောမိသည်။

× × ×

"ဆရာမက သတ္တိကောင်းသားပဲ"

"အမယ်လေး...သတ္တိကောင်းတယ်လို့တော့ ဘယ်ဟုတ်မလဲရှင်။ ဟန်ကိုယ့်ဖို့ပေါ့"

ဒေါ်မေသက်လွင်က ပြုံးပြီးပြောသည်။

"ဒါနဲ့ အဲဒီလို ကားမောင်းထွက်လာတော့ ဆရာလွင်မောင်မောင်ကကော ဘယ်ကစောင့်နေလဲ။ အဲဒီလူကော သေသွားလား"

"ဒီလိုဗျာ။ ကျွန်တော်က မြို့နယ်မှူးကို သတင်းပို့ပြီးတာနဲ့ တယ်လီဖုန်းဆက်တယ် မဟုတ်လား။ ရင်ကတော့ တထိတ်ထိတ်ပေါ့ဗျာ။ အခြေအနေက ဘယ်လိုများလဲပေါ့။ အလွယ်တကူ ဖုန်းဆက်ရတော့ ဝမ်းသာသွားတယ်။ တယ်လီဖုန်းထဲမှာ လွင့်အသံကြားလိုက်ရတော့မှ ဝမ်းသာသွားတယ်။ နောက် လွင်ကလည်း အခြေအနေကောင်းပုံပါပဲ။ နောက်ပြီး လွင့်အရည်အချင်းကိုလည်း သိတယ်လေ။ တယ်လီဖုန်းဆက်ရတာလည်း အကြောင်းရှိတယ်လေ။ တယ်လီဖုန်းက နှစ်လုံးမဟုတ်လား။ သူဖြတ်နားထောင်လို့ရတယ်လေ။ အဲဒါနဲ့ ကျွန်တော်လည်း အိမ်နဲ့မလှမ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com

ကနေ မှန်ပြောင်းတစ်လက်နဲ့ ကြည့်နေရတယ်"

"နေဦးဆရာ။ ကျွန်တော် ဖြတ်မေးပါရစေဦး။ အားတော့နာပါတယ်။ အဲဒီတရားခံ ကိုခင်ထွေးဟာ ဆရာမဒေါ်မြေသက်လွင်ရဲ့ ပထမလူဆိုတာ ဆရာမသိဘူးလား"

စခန်းမှူး ဦးလွင်မောင်မောင်က ပြုံးပြီး...

"ခင်ဗျားလည်း အတော်ကွက်စေ့သားပဲဗျ။ အမှန်တော့ မသိဘူးဗျ။ သူနဲ့ ကျွန်တော် ဆုံမိတာကလည်း ညနေဝင်ရီတရောအချိန်မှာ တစ်ခါတည်း တွေ့ဖူးတာ။ တွေ့တာကလည်း အေးအေးဆေးဆေး မဟုတ်တော့ ကျွန်တော်က သတိမထားမိဘူး။ နောက်ပြီး သူက ကျွန်တော်တို့နဲ့ မဆိုင်တဲ့ တရားခံဗျာ။ အဲဒီတော့ ရာဇဝင်တွေ၊ ဘာတွေက လည်း ချက်ချင်းရောက်မလာခဲ့ဘူး။ ဓာတ်ပုံလောက်သာ ရောက်လာတော့ ကျွန်တော်တို့ (ရဲ)ဓာတ်ပုံဆိုတာလည်း ခင်ဗျားအသိပဲ။ ကာလာတွေ ဘာတွေနဲ့ အလှမှမဟုတ်တာ။ အဲဒီတော့ မသိဘူးပေါ့ဗျာ"

"ဆရာမကကော အဲဒီအချိန်က အံ့ဩမသွားဘူးလား။ နောက်ပြီး ... ကြောက်မသွားဘူးလား"

"ဘယ့်နှယ်မေးပါလိမ့်ရှင်...။ ကြောက်တာပေါ့။ ဒါပေမယ့် အရင်က ရင်းနှီးပြီးသားလူဆိုတော့ သူ့အားနည်းချက်တွေ သိထားတယ်လေ"

ဒေါ်မြေသက်လွင်က ဦးလွင်မောင်မောင်ဘက် တစ်ချက်ကြည့်ပြောသည်။ ဦးလွင်မောင်မောင်က ပြုံးရုံမျှသာ တုံ့ပြန်သည်။

"ကျွန်တော်မရှင်းတာ တစ်ချက်က ဆရာမနဲ့သူက အရင်က ကျွမ်းဝင်ဖူးသား။ နောက်ပြီး သူက ဆရာမကို စွန့်လွှတ်ခဲ့ရတဲ့သူ။ တစ်အိမ်တည်းမှာ အခွင့်အရေးရရဲ့သားနဲ့ သူက ဆရာမအပေါ် အနိုင်အထက် မပြုတာကိုပါ"

"ဒါက ကျွန်မပြောပြီးသွားပကော။ သူ့မှာ အားနည်းချက်တွေ ရှိတယ်ဆိုတာ။ တကယ်တော့ သူက ပါးစပ်ကသာ ခြိမ်းခြောက်ပြောဆိုတတ်တာ။ တကယ့်တကယ် ကျွန်မက လက်မြန်ခြေမြန်ဆိုတာကို သူက သိပြီးသားပါ"

ရယ်ပြောပြောသည်။ ဦးလွင်မောင်မောင်က -

"ဟုတ်တယ်ဗျ။ သူက ပါးစပ်ကသိပ်ပြောတာမဟုတ်ဘူး။ စိတ်ကထောင်းခနဲဆို လက်ပါသွားတတ်တာ"

ဟု ရယ်ပြီးပြောသည်။

"နောက်ပြီး သူက စည်းရုံးရေးကကောင်းတယ်။ ဘယ်လောက်ဒေါသကြီးနေ သူနဲ့တွေ့ရင် ပြေပဲ"

မောင်နော်ဟု မျက်စောင်းထိုးသည်။ ဦးလွင်မောင်မောင်ကရယ်လျက်။

"ကျွန်တော်မေးတာ အဲ...သူသေသွားသလားဆိုတာလေး လုပ်ပါဦး"

"ဒီလိုဗျ။ သူ ကားနဲ့ထွက်လာတာ တွေ့လိုက်တော့ ကျွန်တော်လည်း ဝမ်းသာသွားတယ်။ ဆရာဘဇံက လိုက်ရတော့မလားတဲ့။ ကျွန်တော်က မလိုက်နဲ့ဦး။ ကားက ဘရိတ်သိပ်ကောင်းတာ မဟုတ်ဘူး။ မြို့ပြင်ဘက်ထွက်စေဦးပေါ့။ ကျွန်တော်တို့ သူ့ကိုလွှတ်ပေးလိုက်သေးတယ်။ မြို့ပြင်ဘက်နားနီးမှ အယောင်လိုက်တော့ ငနဲက ကာကို အတင်းမောင်းတာ ရှေ့က နွားတစ်အုပ် ဖြတ်အပြေး သူလည်း မထိန်းနိုင်ဘဲ ကားက မြောင်းထဲကျ။ ကျွန်တော်တို့ဝိုင်းမိပေါ့ဗျာ။ နောက်ဆုံးတော့ ခင်ဗျားတို့ရေးနေ၊ ပြောနေသလိုပေါ့။ ရာဇဝတ်ဘေးပြေးမလွတ်ဆိုတာပေါ့"

"ကဲ...ရှင်လည်း ဝတ္ထုတစ်ပုဒ်ရရောပေါ့ ဟုတ်ပလား"ဟု ဒေါ်မြေသက်လွင်က ပြောသည်။

"အင်း...ဆရာမကိုတော့ နှိုးကျူးပါတယ်ဗျာ"

"ဘာဖြစ်လို့"

"ဩ်...လက်နက်နဲ့ လူတစ်ယောက်ကို ထိန်းထားနိုင်တာ"

"ကျွန်မကြောင့် မဟုတ်ပါဘူးရှင်။ မေတ္တာကြောင့်ပါ။ ကျွန်မ မပျက်ဘဲ ထားတတ်တဲ့ မေတ္တာကြောင့်ပါ။ သူ ကျွန်မအပေါ် ဘယ်လိုပဲ ပြုပြင်ခဲ့ပါစေ၊ ကျွန်မမေတ္တာထားလို့ပါ။ တကယ်တော့ ရှင်...မေတ္တာတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ ဒီမေတ္တာစက်ဝန်းထဲမှာ ကျရောက်တဲ့လူမှန်ရင် ဘယ်လိုမှ ရုန်းမထွက်နိုင်ပါဘူး။ ကဲ...အချိန်လည်းနှောင်းသွားပြီ။ ကျွန်မတို့ ပြန်ကြရအောင်ဟု ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထသည်။

ဒေါ်မြေသက်လွင်၏ နဖူး၊ ဆံစနှင့် လည်ကုပ်အစ်အစ်တွင် ချွေးများစိုလျက်။

**မောင်မောင်မြင့်အေး**

*မြစ်မှုမဂ္ဂဇင်း၊ ၁၉၈၆၊ ဒီဇင်ဘာလ။*



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

® Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (ဖ) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၇၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ငရဲခွာထိလိုက်မယ်

❒ မောင်ရွှေစိန်

ယခင်လမှအဆက်

"ဦးဇော်ထွန်းတို့ သားအဖနဲ့ ဆက်ဆံရင် ဂရုစိုက်ပြီး ဆက်ဆံပါ" လွှန်းလွှန်းပြောလိုက်သော စကားသံကလေးမှာ ကောင်း၏နားထဲ၌တရစ်ဝဲဝဲ ပြန်လည်ပေါ်လာ၏။ ကောင်း တစ်ယောက်ထဲ သဘောကျစွာ ပြုံးလိုက်မိသည်။

ဒီညမှာပင် သူ၏လုပ်ငန်းကို အကောင်အထည် ဖော်ရပေမည်။

* * *

ညနေဘက်တွင် ကားဂိုဒေါင်ထဲသို့ ကားထားစဉ်ကပင် ကောင်းသည် စိတ်ဝင်စားဖွယ်ရာကောင်းသော အခြေအနေများကို တွေ့ခဲ့ရလေသည်။ အခုတ်နံရံကြီး တစ်ခုပေါ်တွင် သံပြားကြီးများယှက်ထားပြီး သော့ကြီးတစ်လုံး ခတ်ထားသည်ကို တွေ့ရသည်။

မည်သည့်ထွက်ပေါက်မှ မတွေ့ရဘဲနှင့် သော့ခလောက်ကြီး ခတ်ထားသည်ကို တွေ့ရသည့် ကောင်း အဖို့ အထူးအဆန်းဖြစ်နေသည်။ သော့ခတ်ထားသော ကိစ္စနှင့်ပတ်သက်၍ထူးဆန်းနေသည်ကို တွေ့ရပါလျှင် ကောင်းသည် မိမိ တတ်ကျွမ်းထားသော ပညာကို အသုံးချကြည့်ချင်လာသည်။

သို့သော်...ကြိုတင်စီစဉ်မှုရှိပါမှ အစစအရာရာ အဆင်ပြေမည်ဖြစ်ကြောင်း တွေးမိကာ ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ရေချိုးခန်းတွင် အလင်းရောင်ဝင်ရန် တပ်ဆင်ထားသော တံခါးရွက်နှစ်ခုကို ဖွင့်ကြည့်မိသည်။ အလွယ်တကူ ပွင့်သွား၏။ ထိုပြတင်းပေါက်မှ အပြင်သို့ထွက်ရန် ဆုံးဖြတ်လိုက်သည်။

ညနေစောင်း ထမင်းမစားခင်မှာပင် မဝေဠုထည့်ပေးသော အရက်တစ်ခွက်ကို သောက်ထားမိသဖြင့် ထိုသောက်မိသောအရက်ကို အကြောင်းပြကာ ခေါင်းထဲတွင်မကြည်သဖြင့် စောစောအိပ်ခွင့်ပြုပါဟု ခွင့်တောင်းလျက် မီးမှိတ်ပြီး အခန်းထဲတွင် အောင်းနေခဲ့ရလေသည်။

ညတော်တော် နက်သွားသောအခါတွင် အပြင်ဖက်သို့ နားစွင့်ကြည့်မိသည်။ တစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်နေသည်ကို တွေ့ရသည်။ ကောင်းသည် လုပ်ငန်းစ,ရန်အတွက် လိုအပ်သောပစ္စည်းများကို မိမိနှင့်အတူ ယူလာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ၎င်းနောက် ရေချိုးခန်းအတွင်းသို့ဝင်ကာ အတွင်းမှ ကလန့်ချထားလိုက်သည်။ မှန်ပြတင်းပေါက်ကို ဖွင့်လျက် ပြတင်းပေါက်မှ အပြင်ဖက်သို့ ထွက်ခဲ့သည်။ ကားဂိုဒေါင်တံခါးသော့ကို ကားဂိုဒေါင်ဘေးတွင်ရှိသော မီးသတ်ဗုံးအနီး သံချောင်းကလေးတစ်ချောင်းတွင် ချိတ်ထားသည်ကို တွေ့ရသည်။ ကားဂိုဒေါင်တံခါး ဖွင့်ရေးအတွက်မှာလည်းကောင်း စွန့်စားရမည့်အလုပ်တစ်ခုပင် ဖြစ်သည်။ ကားဂိုဒေါင်တံခါးကို သူ ဖွင့်သည်နှင့် ဆီမရှိသော ပတ္တာများက တကျွီကျွီ မြည်ပေတော့မည်။

ကောင်း သည် ဘယ်လိုနည်းနှင့် ရောက်ရောက် ကားဂိုဒေါင်အတွင်းသို့ ရောက်ရှိရေးသာ အဓိကဖြစ်သည်။ ကောင်း စိတ်ကူးအာရုံလေး လက်ကနဲ ဝင်းလာသည်။

ကားဂိုဒေါင်တွင် ကာရံထားသော သွပ်ပြားများကိုခွာပြီး အတွင်းဖက်သို့ ဝင်ရန် ဖြစ်သည်။

သွပ်ပြားခွာရန် ဆိုသော်လည်း လွယ်လွယ်ကူကူ တွေ့သည့်နေရာမှ ခွာ၍မဖြစ်။ အခြေအနေအရ ပြန်ပြီး ဖုံးမိထားလျှင် လူ မသိနိုင်သော နေရာမျိုးမှဖြစ်မည်။ ကားဂိုဒေါင်အမိုးကို ရွေးချယ်လိုက်သည်။ ကားဂိုဒေါင်ပေါ်သို့ တက်လိုက်သည်။ ကြွနေသော သံချက်များကို လက်နှိပ်ဓာတ်မီး အသေးစားကလေးဖြင့် လိုက်ထိုးကြည့်သည်။ တစ်နေရာတွင် ခွာလို့ရနိုင်သည့် လက္ခဏာများကိုတွေ့ရသည်။ ကောင်း သည် သူနှင့်အတူတူပါလာသော ပစ္စည်းအိတ်ကလေးအတွင်းမှသံချောင်းများကိုအလွယ်တကူဖြုတ်၍ရနိုင်သော သူ၏လက်သုံးတော် ကိရိယာလေးကို ထုတ်လိုက်သည်။

သံချောင်း၏ နဖားတည့်တည့်ပေါ်တွင် ထိုကိရိယာလေးကို အသေအချာ ကပ်လျက် သံချောင်းနဖားနှင့်အရွယ်တူသော အခြေအနေသို့ရောက်အောင် လှည့်၍လှည့်၍ ကျဉ်းပေးလိုက်၏။ အတော်ကလေး လှည့်လိုက်ပါများသောအခါ အမိုးတွင်ရိုက်ထားသောသံချောင်း နဖားကလေးမှာ သူ၏ ကိရိယာလေးနှင့် အတော်ကလေး အံကိုက်သွားတော့သည်။ ထိုအခါ ထိုကိရိယာလေးကို ဟိုဘက် သည်ဖက်သို့ ဆွဲလှည့်ကြည့်သည်။ သံချောင်းနဖားလေးက ချောင်ထွက်မသွား။ ကောင်းသည် စမ်းသပ်မှုပြုပြီးသောအခါ ထိုကိရိယာလေးကို အားကိုးပြုလျက် သံချောင်းနဖားမှနေ၍ အားနှင့် သံနှုတ်နှင့်ညှပ်၍ နှုတ်သည်ကဲ့သို့ ဆွဲနှုတ်လိုက်၏။

အမိုးသွပ်တွင် ရိုက်ထားသော သံချောင်းမှာ ပြုတ်ထွက်လာသည်။ အခြေအနေကောင်းသဖြင့် ကောင်းသည် မိမိ၏လုပ်ရပ်များကို တွေးပြီး တစ်ယောက်တည်း သဘောကျစွာ ပြုံးလိုက်မိသည်။ နောက်ထပ် သံချောင်းတစ်ချောင်းကို ကြိုးစားပြီး ဖြုတ်ကြည့်ပြန်သည်။ သံချောင်း ကျွတ်ထွက်ပြီး ပါလာပြန်သည်။ သံချက်နှစ်ချက် လွတ်သွားပြီဆိုသောအခါ သွပ်ပြားကိုအသာမ,ကြည့်သည်။ လူ တစ်ကိုယ်စာဝင်နိုင်သည့် အပေါက်တစ်ပေါက်တော့ ရလာသည်။ ကောင်းသည် ထိုအပေါက်မှကားဂိုဒေါင်အတွင်းသို့ဝင်ခဲ့သည်။ ကားဂိုဒေါင်ထဲသို့ ရောက်သော်လည်း ခဲရာခဲဆစ်မဟုတ်။ အမိုးပေါ်မှ ဆင်းလိုက်သည့်အခါ ဂျစ်ကားခေါင်းမိုးပေါ်သို့ ခြေထောက်မိလျက်သား ဖြစ်နေ၏။ ဂျစ်ကားအမိုးပေါ်မှ တဆင့် ဆင်းလိုက်သည်။

ကားဂိုဒေါင်အတွင်းသို့ ရောက်ပြီဖြစ်၍ ကောင်း စိတ်အေးသွားသည်။ သို့သော် မြန်မြန်ဆန်ဆန် ဆောင်ရွက်စရာရှိသည်ကို ဆောင်ရွက်မှဖြစ်မည်။

သော့ဝိဇ္ဇာလေးကို ထုတ်ယူလိုက်သည်။ လက်နှိပ်ဓာတ်မီးလေးဖြင့် ပိတ်ထားသော သော့ခလောက်ကို မီးဖြင့်ထိုးကြည့်၏။ သော့က နှစ်ချက်ခတ်သော့။ ဒီလောက်တော့ ကောင်း အဖို့ လွယ်လိုက်သည့်ဖြစ်ခြင်း။ သော့ဝိဇ္ဇာကို လိုအပ်သလို ကြိုးကိုက်သည်။ သော့ချောင်းသေးသေးလေးမှ သော့ခလောက်တွင် ပါရှိသောအပေါက်နှင့် အနေတော်အရွယ် သော့တံဖြစ်လာ၏။

သော့ခလောက် အပေါက်အတွင်းသို့လှည့်ကာ ဖြေးညှင်းစွာ လှည့်လိုက်၏။ တစ်ချက်ပွင့်သွားသည်။ ကောင်း အဖို့ သူကြိုးစားရသော အလုပ် အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

ပြီးဟူသော အတွေးဖြင့်ပြုံးလိုက်မိသည်။ နောက်တစ်ချက် ဖွင့်သည်။ သော့ပွင့်သွားပြီ။ သော့ခလောက်ကြီးကို ဖြုတ်ယူ၍ ဂျစ်ကားဘော့စ်နက်ပေါ်တွင် တင်ထားလိုက်၏။

ပြီးတော့ ပယက်ထားသည့်သံချောင်းကြီးများကို ဖြုတ်လိုက်သည်။ တံခါးနှင့်တူသော အခြေအနေကိုတွေ့ရသည်။ ကောင်းသည် အသာဆွဲကြည့်သည်။ တံခါးမှာ ပွင့်ချင်၏။ သို့သော် အတွင်းဖက်မှ တစ်စုံတစ်ခုဖြင့် ချိတ်ဆွဲထားဟန်တူကြောင်း တွေ့ရ၏။

သူ၏ အိတ်ကလေးထဲမှကော်ပြားလေးတစ်ချောင်းကိုဆွဲထုတ်လိုက်သည်။ တံခါးရွက်နှစ်ခုပမာဖြစ်နေသော ဟ,နေသည့် အကြားကလေးအတွင်းသို့ ကော်ပြားလေးကို ထိုးထည့်လိုက်၏။ အသာအယာပွတ်တိုက်လျက် အပေါ်သို့တဖြေးဖြေးမ,လာ၏။

မျောက်လက်ကဲ့သို့ သော့ကွင်းနှင့် ချိတ်ထားရသော သံချိတ်များ ဖြစ်နေလျှင် သံကွင်းထဲသို့ သံချောင်းချိတ်ထားသည့်အခါ အပေါ်မှ အောက်သို့သာ များသောအားဖြင့် ဖိချိတ်တတ်သည့်သဘောကို ကောင်း တွက်မိ၏။ ထို့ကြောင့် ကော်ပြားချောင်းကလေးဖြင့် မ,ပြီး ဖြုတ်လိုက်သည်ကဲ့သို့ ကြံစည်ကြည့်နေမိခြင်းဖြစ်သည်။

အတော်ကလေးကြာတော့ သံချောင်းကလေးတစ်ခုနှင့် သွားတိုက်မိ၏။ အားပြုပြီး ခွဲမ,ကြည့်လိုက်သည်။

ပြုတ်ထွက်သွား၏။ အတွင်းတွင် အခန်း ဖွဲ့လေးတစ်ခု ဖွဲ့ထားသည်ကို တွေ့ရသည်။ ထိုအခန်းဖွဲ့လေးသည် မှောင်နေသည်။ သူ၏လက်နိပ် ဓာတ်မီးဖြင့် ဟိုဟို သည်သည် ထိုးကြည့်သည်။ မီးလုံးတစ် လုံးကိုတွေ့ရသည်။ ကောင်းသည်နောက်ထပ် မီးလုံးနှင့် သွယ်ထားသော ခလုတ်နေရာကို ရှာကြည့်ပြန်သည်။

ခလုတ်ကိုလည်း တွေ့ရသည်။ သို့သော် မီးလုံးကို သူ အသုံးမချရဲ။ တချို့က မီးလုံးသည် ဗို့အားနည်းသော မီးလုံးကို သုံးထား၏။ အကယ်၍ခလုတ်ဖွင့်လိုက်လျှင် မီးလုံးသည် လျှပ်စစ်ဓာတ်အား စီးဆင်းမှုကို မခံနိုင်ဘဲ ပေါက်ထွက်မည်။ သို့မဟုတ် ကျွမ်းမည်။ ရိုးရိုးကျွမ်းသွားလျှင် ကိစ္စကမထူး။ ပေါက်ကွဲထွက်လျှင် ဤအခန်းထဲ၌ တခြား ဘာပစ္စည်းတွေရှိသည်ဟု ကောင်း မသိသေး။ ထို့ကြောင့် မီးခေါင်းမှ မီးလုံးကို အသာချွတ်ယူပြီး ကြည့်လိုက်သည်။

ကောင်းသတိကောင်းသောကြောင့်သာဖြစ်သည်။ မီးသီးမှာ အလွန်အားနည်းသော မီးသီးတမျိုးဖြစ်သည်။ထို့ပြင် ထိုမီးသီးမှာ မီးဖွင့်လိုက်လျှင် နီရဲပြီးလာမည်။ အတော်ကြာလျှင် ပေါက်ကွဲသွားမည်။ သူ့ထံမှ လွင့်စင် ကျလာသော မီးခဲစ,သည် တခြားသော ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုတစ်ခုနှင့် ထိတွေ့လျှင် ပေါက်ကွဲထွက်မည်။

ကောင်းသည် သူ့ထံတွင် ပါလာခဲ့သော ဝါယာကြိုးတပ်ထားသည့် လေးဆယ်အား မီးလုံးနှင့် ၆ သီးကို ထုတ်ယူလိုက်သည်။ "အစာပတာ"နှင့် မီးသီးဖြုတ်ယူထားသော မီးခေါင်းတွင် ဆက်သွယ်လိုက်သည်။ ပြီးတော့ မီးခလုတ်ကို ဖွင့်လိုက်၏။ မှောင်နေသော အခန်းကလေးသည် ခဏအတွင်း လင်းထိန်လာသည်။ ထိုအခါ မီးလုံးဖြင့် ဟိုဟို သည်သည် လျှောက်ကြည့်သည်။ ကောင်း မယုံကြည်နိုင်လောက်အောင် ပစ္စည်းတွေ အမြောက်အမြား တွေ့ရသည်။

တရုတ်ပြည်၊ အိန္ဒိယပြည်ဖက်မှ ဝင်လာသော ပစ္စည်းများ၊ ယိုးဒယားဖက်မှလာသော ပစ္စည်းများ၊ ထိုးဆေးမျိုးစုံအပြင် ကျည်ဆံသေတ္တာများကိုပင် တွေ့ရသည်။

ကောင်းသည် အခြေအနေ အရပ်ရပ်များကို လေ့လာကြည့်ပြီးသွားသောအခါ အခန်းတွင်းမှ ပြန်ထွက်ရန် စီစဉ်ရတော့သည်။ ခပ်သုတ်သုတ် ပြန်ထွက်လာရုံနှင့် မပြီးသေး။ နောက်တစ်ခေါက်ဝင်ရန်အတွက် အစီအစဉ်များ ကြံစည်ပြီးထားခဲ့သည်။

အပြင်သို့ ပြန်ရောက်သောအခါ ဝင်လာသော ဝင်ပေါက်အတိုင်း ဂိုဒေါင်အမိုးပေါ်မှ ပြန်ထွက်ခဲ့သည်။ ရေချိုးခန်းတံခါးဆီသို့ ပြန်လျှောက်ခဲ့၏။ ရေချိုးခန်းအတွင်းသို့ ပြန်ဝင်ခဲ့၏။ တံခါးဖွင့်ပြီး ထွက်လာသည့်အခါ မိမိ၏ အခန်း

www.burmeseclassic.com

တွင်း၌ မမျှော်လင့်ဘဲ မဝေဠှကို တွေ့လိုက်ရသည်။ မဝေဠှကို ရုတ်တရက် တွေ့လိုက်ရခြင်းအတွက် ကောင်း မိမိကိုယ်မိမိ မလုံမလဲ ဖြစ်သွား၏။

"မဝေဠှ ... ဘာလာလုပ်သလဲ...ဟင်"

မဝေဠှ အိပ်လို့ မပျော်တာနဲ့ ကောင်း ဆီလာခဲ့တာ"

"မဝေဠှ ကျွန်တော့်အခန်းထဲမှာ ရှိနေတာ ဦးမြင်သွားရင် မကောင်းဘူး မဝေဠှ"

"ဖေဖေ ...အိပ်မောကျနေပါပြီ"

"ဘာများ အရေးတကြီး ပြောစရာ တွေ့ရှိလို့လဲ"

"ကောင်း...ကိုတော့ မဝေဠှ ပြောသင့်တာတွေ ဖွင့်ပြောရလိမ့်မယ် ထင်တယ်"

"ဘာတွေလဲ မဝေဠှ...ပြောပါ"

"ကောင်း...အပြင်ဧည့်ခန်းကို လာခဲ့ပါလား"

"ကောင်းပြီလေ...အနွေးထည် ဝတ်ပြီး ကောင်း လိုက်ခဲ့ပါ့မယ်"

မဝေဠှသည် ကောင်း အခန်းထဲမှ ပြန်လှည့်ထွက်သွားသည်။ကောင်းသည် ဆွယ်တာတစ်ထည်ကို ဆွဲယူပြီး မဝေဠှနောက်မှ ကပ်လျက် လိုက်သွားခဲ့၏။ ဧည့်ခန်းထဲတွင် မဝေဠှသည် မလှုပ်မယှက်ရပ်နေသည်။ ကောင်းသည် မဝေဠှအနီးသို့ ရောက်လာ၏။

"ထိုင်ပါ...ကောင်း"

မဝေဠှသည် ကောင်းကို ထိုင်ခိုင်းနေသဖြင့် ကောင်းထိုင်လိုက်သည်။

"ကောင်း..."

မဝေဠှက ကောင်းကို လှမ်းခေါ်လိုက်သည်။

"ပြောပါ...မဝေဠှ ကောင်း နားထောင်နေပါတယ်"

"ကောင်းနဲ့ မဝေဠှတို့နောက်ကို စိတ္တ...လိုက်လာတယ်"

"ကောင်းနဲ့ မဝေဠှနောက်ကို စိတ္တလိုက်လာတယ် ဟုတ်လား။ ဘယ်က စိတ္တလဲ"

"ဦးသိုက်ထွန်းရဲ့ တပည့်လေ... တခါက ကောင်းကို ရန်မူဘို့ကြံစည်တဲ့ သူပေါ့"

"ခုလဲ သူက ရန်မူအုံးမယ် ဆိုပါတော့"

"ဆိုပါတော့ မဟုတ်ဖူးကောင်း။ သူ တစ်ယောက်ယောက်ကို ဒုက္ခပေးဘို့ ရောက်လာတာ ဆိုတာတော့ သေချာတယ်၊ ကောင်းနဲ့ မဝေဠှ အတူရှိနေတာကို သူ သိသွားပုံရတယ်၊ ကောင်း တစ်ယောက်ထဲ အပြင်သွားတဲ့အခါ ပတ်ဝန်းကျင်ကို ဂရုစိုက်ပါ ကောင်း"

"မဝေဠှ သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကျေးဇူးမတင်ခံချင်သော ကောင်းလို နှုတ်ဖျားမှ "ကျေးဇူးတင်ပါတယ်" ဟူသော စကားကို ကြားလိုက်ရသော အခါ မဝေဠှသည် ကောင်းအား လှမ်းကြည့်လိုက်သည်။

ကောင်းသည် မဝေဠှ သူ့အား ဤသို့ လှမ်းကြည့်လိုက်သော အဓိပ္ပါယ်ကို ကောင်းစွာ နားလည်လိုက်ပါ၏။

"တကယ့်ကို တင်ထိုက်တဲ့ ကျေးဇူးမို့လို့ ကောင်း ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်တာပါ"

မဝေဠှက ဘာမှမပြော။ ကောင်း စကားကိုသာ မပွင့်တပွင့် ပြုံးပြလိုက်သည်။

"နောက်တခု မဝေဠှ ပြောချင်သေးတယ်..."

မဝေဠှသည် ကောင်းအား ထိုမျှ ပြောပြီးနောက် ကောင်းနှင့်မျက်နှာချင်းဆိုင်တွင်ရှိသော ဆိုဖာတခုပေါ်တွင် ဝင်ထိုင်လိုက်သည်။ ကောင်း ဘာမှမပြော၊ မဝေဠှ ပြောစရာရှိသည်ကို နားထောင်ရုံသာ နားထောင်နေလိုက်တော့မည်ဟု စိတ်ကူးလိုက်သည်။

"ကောင်း ဘဝဟောင်းကို စွန့်ပယ်ပစ်လိုက်ပါတော့လားဟင်..."

မဝေဠှ စကားကို ကြားလိုက်သည့်တိုင်အောင် ကောင်း ဘာမှမပြောသေး၊ စားပွဲပေါ်ရှိ ပွန်းထည်ဗူးကလေးအတွင်းမှ စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်သည်။

ပြီးတော့ မဝေဠှကိုသာ ဘာဆက်ပြောလေမလဲဟု ကြည့်နေ၏။ တကယ်ဆိုတော့ မဝေဠှစကားကို ကောင်းခွန်းတုံ့ပြန်ရမည့် အခြေအနေ မှာရှိနေ၏။ သို့တိုင် ကောင်း တစ်လုံးမှ မဟ,သေးချေ။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းလုပ်ချင်တဲ့အလုပ်ကို ဖြစ်အောင်လုပ်စေချင်တယ်။ မဝေ့ကို တိုက်တွန်းပါတယ်"

"ဘယ်လို အတိုင်းအတာမျိုးနဲ့ ကြည့်ပြီး ပြောနေတာလဲ မဝေ့…"

"ကောင်းကို မဝေ့ ပြောထားတာ မှတ်မိသေးလား…"

ကောင်းသည် မဝေ့စကားကို ကြားသောအခါ စဉ်းစားသလို ခပ်တွေတွေကလေး လုပ်လိုက်၏။ တကယ်ဆိုတော့ မဝေ့ ဘာပြောဘူးသည်ကို ကောင်း အမှတ်ရနေပါသည်။ အခုမှ ပြောသော စကားမဟုတ်၊ တွေ့စတုန်းကပြောလိုက်သော စကားများအထိ ကောင်း မဝေ့နှင့်ပတ်သက်လျှင် အားလုံးမှတ်မိနေပါသည်။ သို့သော် ဘာစကားမှ မပြောဘဲ နေလိုက်ခြင်းကြောင့် မဝေ့ထံမှ အဓိက ထွက်လာမည်ဖြစ်သော စကားများကို မိမိကြားရမည်။ ထိုအခါတွင် မဝေ့စကားနောက်ကို ကောင်း အသာပင် လိုက်သွားရုံရှိတော့သည်။

"ကောင်း ကို မဝေ့ အလုပ်တခု လုပ်ခိုင်းမယ်ဆိုတာလေ"

"အော်…ဒါလား မှတ်မိတာပေါ့။ အလုပ်တခုလုပ်ခိုင်း။ အလုပ်နဲ့ပတ်သက်လို့ ပေးစရာရှိတဲ့ ပိုက်ဆံကို ပေးမယ်၊ အဲဒီငွေနဲ့ ကောင်းက ကောင်းအလုပ်ကို လုပ်။ ဒါဘဲမဟုတ်လား မဝေ့"

ကောင်းစကားကို မဝေ့ မကျေနပ်ချေ။ ကောင်းအပေါ်တွင် မိမိ၏ စေတနာတရားထား၍ ပြောနေကြောင်း ကောင်း မသိနိုင်သည့်အတွက်ကြောင့်လည်း ကောင်းအပေါ်တွင် ထားရသော မိမိစိတ်ထားကို ဘယ်လိုများ ပေါ်လွင်အောင် လုပ်ရပါလိမ့်ဟု တွေးနေမိပြန်သည်။

"မဝေ့ခိုင်းတဲ့အလုပ်ကို ကောင်း လုပ်မလား…"

မဝေ့အသံကလည်း ခပ်ဆတ်ဆတ်လေး ထွက်လာတော့သည်။

"အဲဒီအလုပ်အတွက် ကောင်းကို ငွေလယ်လောက်ပေးမလဲ"

ကောင်းကိုယ်တိုင်ကလည်း မဝေ့စကားသံလိုပင် သံပြတ်နှင့် မေးလိုက်၏။

"ကောင်း ဘယ်လောက် လိုချင်သလဲ…"

"အနဲဆုံး မဝေ့အလုပ်ကို လုပ်ပေးရမဲ့ အလုပ်ရဲ့ ငါးပုံတပုံ ပေးရမယ်လေ"

"မဝေ့ပြောမဲ့ အလုပ်က တန်ဘိုးမဖြတ်နိုင်အောင်ရှိနေတယ်ဆိုရင်ကော"

မဝေ့သည် ကောင်းအား မျက်လုံးကလေး ဝင့်၍ မေးလာသည်။ ကောင်း အဖြေရခက်သွားတော့သည်။ တန်ဘိုးသတ်မှတ်လို့မရအောင် အဘိုးတန်နေတယ်ဆိုလျှင် ဦးသိုက်ထွန်းဆီမှ ရလာသော ကျောက်စိမ်းတုံးများကို တနေရာသို့ ပို့ပေးရမည်။ ဒါဘဲဖြစ်မည်။

"တခါတုန်းက မဝေ့ပြောခဲ့သလောက် ပေးနိုင်မလား"

မဝေ့သည် ကောင်းစကားကို ကြားသောအခါ ပြုံးလိုက်သည်။

"တော်ပြီလားကောင်း…"

"တော်ပါပြီလေ မဝေ့ပေးနိုင်တာ မပေးနိုင်တာကိုသာပြောပါ"

"ငွေနှစ်သောင်းလောက်တော့ မဝေ့ အချိန်မရွေးပေးနိုင်ပါတယ်"

"ကဲ…အလုပ်ကိစ္စ အပေးအယူတဲ့သွားပြီဆိုရင် ကျွန်တော့်ကို ခိုင်းမဲ့ အလုပ်ကိုပြောပါ"

ကောင်းစကားကိုကြားသောအခါ မဝေ့သည် ရယ်လိုက်၏။

အသံလွင်လွင်လေး ထွက်လာအောင်ပင် ရယ်လိုက်သည်။

တိတ်ဆိတ်သောညငြိမ်သက်သော အဆောက်အဦ၊ ကျယ်ပြန့်လှသော ဧည့်ခန်းကလေး အတွင်း၌ မဝေ့၏ ရယ်သံသည် ဆည်းလည်းသံ လွင်လွင်ကလေးတို့ ပဲ့တင်ထပ်ရိုက်ခတ်နေသလို ရှိနေတော့သည်။ ကောင်းသည် စီးကရက်ကိုသာ ဖွာရင်း မဝေ့ပြောလာမည့် အလုပ်ကိစ္စကိုသာ နားထောင်နေမိသည်။ မဝေ့ကို လုံးလုံး မကြည့်။

"ကောင်း ဘဝပေးကောင်းက အလုပ်ကို လုံးဝ စွန့်လွှတ်လိုက်ပါ့မယ်ဆိုတဲ့ အလုပ်ပါဘဲ…"

မဝေ့စကားကို ကြားလိုက်ရသော ကောင်းသည် မဝေ့အား ဆတ်ကနဲ လှည့်ကြည့်လိုက်လေသည်။

* * *

www.burmeseclassic.com

(၁၁)

ကောင်း စကားကိုကြားလိုက်သော အခါ လွှန်းလွှန်းသည် ကောင်းအား ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။

"တကယ် ပြောနေတာပါလွှန်းလွှန်း လွှန်းလွှန်းကို အကို ညီမလေးတစ်ယောက်လို ချစ်တယ်။ ဒါကြောင့်လဲ အစ်ကိုဟာ လွှန်းလွှန်းကို ချစ်ပေမဲ့ ရင်ထဲမှာဘဲ သိမ်းထားဖို့ ကြိုးစားခဲ့တာပေါ့"

လွှန်းလွှန်းသည် ဘာမှ မပြော၊ မျက်ရည်တို့သာ မျက်လုံးအိမ်ထဲတွင် ပြည့်လာသည်။ ပြီးတော့ လျှံကျလာ၏။

မိန်းကလေးတွေ့ရှိမှုကြည့်ကောင်း သော၊ အဆင်ပြေသော မိန်းကလေး တွေရှိသလို၊ ငိုမှ ကြည့်၍ အဆင်ပြေ သည့် လှသည့် မိန်းကလေးတွေရှိသည်။ တချို့က တည်တည်ကလေးနေလျှင် ကြည့်ရသူ မြင်ရသူမှာ ကြည်နူးစရာ၊ ဘဝင်အေးစရာ ခံစားရ၏။ တချို့ကမူ ငိုနေမှ ကြည့်၍ အဆင်ပြေ၏။

ယခု လွှန်းလွှန်းသည် မျက်ရည် များယိုစီးကျနေမှုနှင့် နှုတ်ခမ်းလွှာက လေးနှစ်ခု တဆတ်ဆတ် ရိုက်ခတ်နေမှု သည် ပို၍ ကြည့်လှသည်။ အဆင်ပြေ သည်၊ ချစ်စရာကောင်းနေသည်။

"အစ်ကို...နောက်နှစ်ရက် နေပြီး ရင် ရန်ကုန်ပြန်မယ် လွှန်းလွှန်း"

သည်တစ်ကြိမ်တွင်တော့လွှန်းလွှန်း ငြိမ်မနေတော့ လှုပ်ရှားလာသည်။

"အစ်ကို...လွှန်းလွှန်းက ခွင့်မပေး ဘဲနဲ့ မမြို့က မပြန်ရသေးဘူး"

"အလိုဗျာ...အစ်ကိုက အစ်ကို့ ကိစ္စနဲ့ လာခဲ့တာဘဲ။ အစ်ကို့ကိစ္စပြီးရင် အစ်ကိုပြန်မှာပေါ့"

"အစ်ကို့ကိစ္စပြီးပေမဲ့ လွှန်းလွှန်း ကိစ္စ မပြီးသေးဘူး"

လွှန်းလွှန်းစကားကြောင့် ကောင်း သည် မပွင့်တပွင့် ရယ်လိုက်၏။

"ရီ...အားရအောင် ရီထား အစ်ကို။ တစ်နေ့မှာ အစ်ကို မရီနိုင် အောင် ခံစားရလိမ့်မယ်"

လွှန်းလွှန်းထံမှ ထွက်လာသော စကားက အဆန်းသား။ လွှန်းလွှန်း ဘာကို ရည်ရွယ်ပြီး ပြောလိုက်မှန်း ကောင်းတွေး၍မရ။

"ဖေဖေနဲ့ မေမေတို့လဲ ပြန်ရောက် ဖို့ လေးငါးရက်ပဲ လိုတော့တာဘဲအစ် ကို၊ လွှန်းလွှန်းဖေဖေ မေမေတို့နဲ့အစ်ကို တွေ့သွားပါအုံးလား"

လွှန်းလွှန်း အသံက စာစာက ထက် ပျော့ပျောင်းလာသည်။ အသံက တိုးတိုးညင်သာရှိသည်။ လွှန်းလွှန်းမျက် လုံးများက အသနားခံနေဟန် ဖော်ပြ၏။ လွှန်းလွှန်း၏ နှုတ်ခမ်းများက ကောင်း အား အကြင်နာတရားတို့ကို ဖော်ပြနေ ၏။

"ကောင်းပြီလေ...လွှန်းလွှန်း မိဘတွေ ပြန်ရောက်လာပြီး နောက် ရက်မှာ အစ်ကိုပြန်မယ် လွှန်းလွှန်း။ ခုတော့ အစ်ကိုခေါ်တဲ့နောက်ကို လွှန်း လွှန်း လိုက်ခဲ့ရမယ်"

"ဘယ်ကို သွားမှာလဲ အစ်ကို"

"ဘာမှ မမေးနေနဲ့၊ ဒီမြို့ထဲကိုဘဲ သွားမှာပါ"

"အစ်ကိုနဲ့ဆိုရင် လွှန်းလွှန်းက ငရဲ အထိ လိုက်ဝံ့ပါတယ် အစ်ကို"

"တကယ်ပြောတာလား လွှန်းလွှန်း"

လွှန်းလွှန်းက ခေါင်းကလေးကို ဆတ်ကနဲ ညိတ်ပြပြီး ပြုံးသည်။ မျက် ရည်စ,များနှင့် ပြုံးနေသော လွှန်းလွှန်း၏ အလှသည် ညနေချမ်း နေညိုချိန် အလှကဲ့သို့ လှပနေ၏။

ကောင်းသည် ဂျစ်ကားပေါ်သို့ တက်ထိုင်လိုက်သည်။ လွှန်းလွှန်းသည် သူ၏ ဆလင်းဘက် အိတ်ကလေးထဲမှ တို့ပတ်ကလေးထုတ်ကာ မျက်ရည်စ, များကို သုတ်ပစ်နေသည်။ တကယ်ဆို တော့ ချစ်သူတစ်ယောက် ငိုပြီးလျှင် ချစ်သူရဲ့ ချစ်သူမောင်က တယုတယ သုတ်ပေးကြမည်သာဖြစ်သည်။ ယခု တော့ လွှန်းလွှန်းချစ်သူမှာ ကောင်းဖြစ်ပါ လျက် ကောင်း၏ချစ်သူမှာ လွှန်းလွှန်း မဖြစ်ခဲ့ရှာ။ ဒါကြောင့်လည်း လွှန်းလွှန်း သည် သူ့မျက်ရည်စ,တို့ကို သူ့ဖာသာ သူ သုတ်နေရခြင်းပင်ဖြစ်သည်။

"နေကြာမြိုင်" ခြံကလေးအတွင်းမှ ကောင်း မောင်းနှင်ထွက်လာသော ဂျစ် ကားကလေးသည် မေမြို့၏အေးမြသော ဥတုရာသီအောက်တွင် သာသာညင်း



www.burmeseclassic.com

www.burmeseclassic.com

ညှင်းကလေး ပြေးနေသည်။ လမ်းချိုးတစ်ခုကို ကွေ့ချလိုက်သည်။ ပြီးတော့ မြို့ပတ်လမ်းအတိုင်း မောင်းလာ၏။

"ပန်းကမ္ဘာ"

ခြံဝင်းအဝတွင် ချိတ်ဆွဲထားသော အစိမ်းရောင် အောက်ခံပေါ်တွင် အပေါ်မှ ငွေမှင်စာလုံးဝိုင်းဖြင့် ရေးထားသည်ကို လွန်းလွန်းတွေ့လိုက်ရသည်။

"လွန်းလွန်းနဲ့ မဝေဠှကို မိတ်ဆက်ပေးမလို့"

ကောင်း စကားကို လွန်းလွန်း ဘာမှမပြော၊ ငြိမ်ပြီးနားထောင်နေသည်။

"လွန်းလွန်းကို အစ်ကို့ညီမတစ်ယောက်အဖြစ် မိတ်ဆက်ပေးမှာနော်"

"မဝေဠှကရော အစ်ကို့ညီမဆိုတာ ယုံပါ့မလား"

"လွန်းလွန်းနဲ့ အစ်ကိုနဲ့ မောင်နှမဆိုရင် ယုံပါတယ်ကွယ်"

ကောင်းသည် ပြောပြီးသည်နှင့် ကားကို အိမ်ရှေ့အဝင်အဝတွင် ရပ်ပစ်လိုက်သည်။ အိမ်တွင်းမှ မဝေဠှ ထွက်လာသည်။ ကောင်းနှင့်အတူပါလာသော လွန်းလွန်းကို တွေ့သောအခါ ကိုယ်ရှိန်နည်းနည်း တန့်သွားသည်။ နောက်တော့မှ အားပြု၍ ပြုံးပြလိုက်သည်။

"မဝေဠှကို မိတ်ဆက်ပေးမလို့ လွန်းလွန်းကို ခေါ်လာတာ"

"လာပါကွယ် ညီမနာမည်က လွန်းလွန်းတဲ့လား၊ နာမည်လေးနဲ့ လူနဲ့ သိပ်လိုက်တာဘဲ"

မဝေဠှစကားကို ကြားတော့ ကောင်းက လွန်းလွန်းကို ကြည့်သည်။ လွန်းလွန်းသည် ပြုံးနေ၏။

"လွန်းလွန်းက ကောင်းရဲ့ ညီမဝမ်းကွဲလေ စကားစပ်မိကြရင်မှ လွန်းလွန်းအဖေနဲ့ ကောင်းရဲ့ အမေတို့ဟာ မောင်နှမဝမ်းကွဲဖြစ်နေတာ သိခဲ့ကြတယ်။ လွန်းလွန်းတို့လဲ မေမြို့ပြောင်းလာတာ သိပ်မကြာသေးဘူး မဝေဠှရဲ့"

ကောင်းသည် ပြောပြောဆိုဆိုနှင့် အိမ်ဧည့်ခန်းအတွင်းသို့ ဝင်လာသည်။ လွန်းလွန်းနှင့် မဝေဠှသည် ကောင်းအနောက်မှ နှစ်ယောက်ကပ်လျက် လိုက်လာကြသည်။

အတွင်းသို့ ရောက်ကြသောအခါ လွန်းလွန်းသည် ဧည့်ခန်းအပြင်အဆင်နှင့် အိမ်၏ ဖွဲ့စည်းမှုများကို လျှောက်ကြည့်နေသည်။ ကောင်းသည် လွန်းလွန်းနှင့် မဝေဠှကို ထားခဲ့ပြီး အနွေးထည်ကို ချွတ်လျက် သူ့အခန်းကလေးထဲသို့ ဝင်သွားသည်။

လွန်းလွန်းသည် စားပွဲခုံကလေးတစ်ခုအနားတွင် တွေ့လိုက်ရသော ဦးဇော်ထွန်း၏ ဓာတ်ပုံကိုတွေ့ရသောအခါ အသေအချာ အကဲခတ်ကြည့်လိုက်သည်။

လွန်းလွန်းနှင့် မဝေဠှတို့ တစ်ယောက်နှင့် တစ်ယောက် စကားများ ပြောဆိုကြပြီးသောအခါ လွန်းလွန်းကို ပြန်ပို့ပေးရန် ကောင်းသည် မဝေဠှအား နှုတ်ဆက်ပြီး ထွက်လာကြသည်။

လွန်းလွန်းနှင့် ကောင်းတို့သည် တစ်လမ်းလုံး ဘာစကားမှ မပြောဖြစ်ခဲ့ကြချေ။

လွန်းလွန်းတို့၏ နေကြာမြိုင်ခြံကလေးထဲသို့ ဂျစ်ကားကလေး ဝင်လိုက်တော့မှ လွန်းလွန်းထံမှ စကားတစ်ခွန်း ထွက်လာလေသည်။

"အစ်ကို့အတွက် ကောင်းသော နေ့ရက်တွေ ဖြစ်ပါစေ . . ."

လွန်းလွန်းသည် ကောင်းကို ထိုမျှသာပြောပြီး အိမ်ထဲသို့ပြေးဝင်သွားလေသည်။ ကောင်းသည် မိမိနှင့် မဝေဠှတို့ အခြေအနေကို ကြည့်လျက် လွန်းလွန်းတစ်ယောက် အဘယ်ကဲ့သို့ ခံစားနေရပြီဆိုသော အတွေးဖြင့် တွေးရင်း ပြန်၍ မောင်းနှင်လာခဲ့၏။

ကောင်းသည်နံနက်စာစားသောက်ပြီးသွားသည်နှင့် သူ၏အခန်းကလေးအတွင်းသို့ ဝင်သွားပြီး အိပ်နေလိုက်သည်။ နေ့လယ်ဖက်တွင် အိပ်ရာမှ နိုးသောအခါ ခရီးသွားမည့်သူ တစ်ဦးကဲ့သို့ အထုပ်အပိုးများ၊ လိုအပ်သော ပစ္စည်းများကို ပြင်ဆင်နေသည့် မဝေဠှကိုတွေ့ရလေသည်။

"ဒါတွေက ဘာလုပ်တာလဲ မဝေဠှ"

"ဖေဖေ . . . ခရီးသွားမလို့ . . ."

"ဘယ်တော့သွားမှာလဲ မဝေဠှ"

"နက်ဖြန် နေ့လယ်ခလေ . . ."

ကောင်း ဘာမှ ဆက်မမေးတော့



www.burmeseclassic.com

www.burmeseclassic.com

ရေမိုးချိုးပြီးနောက် မေမြို့ မြို့ထဲသို့ လျှောက်လည်ခဲ့မည်၊ အချိန်ရလျှင် အိမ်ပြန် ထမင်းစားမည်၊ မရလျှင် မစားတော့ဟု အကျိုးအကြောင်းပြောပြကာ ရေမိုးချိုးရန်ပြင်ဆင်နေလေသည်။

မဝေရွှေသည် သူ၏ ဖခင်အတွက် ပြင်ဆင်စရာ ရှိသည်များကို ဆက်လက် ပြင်ဆင်ပေးနေသည်။ လိုအပ်သော ပစ္စည်းများကို ခရီးဆောင်အိတ်ထဲသို့ ထည့်နေသည်။

"သိပ်မိုးချုပ်မနေနဲ့နော် ကောင်း"

"မချုပ်ပါဘူး။ စောစော ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်"

ကောင်းသည် ရည်ရွယ်ချက်မရှိ သွားစရာ လာစရာမရှိဘဲ ကားကို မောင်းထွက်လာမိသည်။ နာရီကိုကြည့်လိုက်သောအခါ ဘီအီးရေတံခွန်ကို သွားချိန်ရသေး၏။ သို့နှင့် ဘီအီးရေတံခွန်ဖက်သို့ သွားရန် စိတ်ကူးပြီး ကားကို မောင်းလာခဲ့၏။

လမ်းတစ်နေရာသို့ အရောက်တွင် ကားတစ်စီး လမ်းဘေးထိုးရပ်ပြီး သူ၏ ကားကို လက်တားနေသည်ကို တွေ့ရသဖြင့် ကားအရှိန်ကိုလျှော့ပြီး ထိုကား အနီးတွင် ကပ်လျက် ရပ်လိုက်လေသည်။

"ကဲ…သူရဲကောင်းကြီး ကိုယ့်အသက် ကိုယ်နမြောတယ်ဆိုရင် ဘာမှ လှုပ်လှုပ်ရှားရှား မလုပ်နဲ့နော်။ ပြောရင် ပြောတဲ့အတိုင်းနေပါ"

သူကားပေါ်မှ အဆင်းတွင် သူ၏ နံကြားသို့ မာကျောသော အရာတစ်ခု လာရောက်ထောက်လာပြီး အမိန့်ပေးသံကို ကြားလိုက်ရသည်။

ကောင်းသည် မိမိဘဝအတွက် အထူးဆန်းဆုံးသော အတွေ့အကြုံ တစ်ရပ်ကို တွေ့ကြုံလိုက်ရသောကြောင့် တော်တော်ကို အံ့သြသွားမိသည်။ မိမိ အနေဖြင့် ဘယ်ကိစ္စမှ ဝင်မရှုပ်ခဲ့ပါဘဲ နှင့် ယခုသူ့အား အဓမ္မဖမ်းဆီးရန် ကြိုးစားသူကို တွေ့၍ မရအောင်ဖြစ်နေသည်၊ ဒါပေမဲ့ သိလိုက်သည်၊ စဉ်းစားလိုက်သည်။ စိတ္တတို့ လူစုပင် ဖြစ်လိမ့်မည်။

တောလမ်းထဲသို့ သူ့ကို ခေါ်သွားကြ၏။ အသွားနည်းနည်း ပြတ်တောက်နေသောကြောင့် မိမိအား တောထဲသို့ ခေါ်သွားသည်ကို မည်သူမှ တွေ့လိုက်လိမ့်မည် မဟုတ်ကြောင်း ကောင်းတွေးမိကာ လိမ်မာပါးနပ်စွာဖြင့် ဆက်ဆံပြောဆိုရန်အတွက် စိတ်ကူးလိုက်သည်။

တောလမ်းကလေး၏ အဆုံးတွင် ညာဖက်သို့ ချိုးကွေ့ကြသည်။ ထင်းရှူးပင်တစ်ပင်အောက်တွင်ရှိသော လူတစ်ယောက်ထံသို့ မိမိကို ခေါ်သွားကြသည်။

မိမိသာ အိမ်မှ မထွက်ခဲ့လျှင် ဘီအီးရေတံခွန်ဘက် မသွားခဲ့လျှင် သင်းတို့လူစုနှင့် တွေ့ရလိမ့်မည် မဟုတ်ကြောင်းကောင်း တွေးမိပြန်၏။

"မင်း…မေမြို့ကို ဘာလာလုပ်တာလဲ"

မေးသူက သူ့အား လှည့်မကြည့်၊ တစ်ဖက်သို့လှည့်ရင်း မေးလိုက်၏။ ထိုအသံကို ကောင်း ကြားဘူးသည်။

"ကျုပ်…ရစရာရှိတဲ့ငွေကို လာတောင်းတာ"

"ဘယ်သူ့ဆီက ရစရာရှိတာလဲ၊ ဘာကိစ္စကြောင့် ရစရာရှိတာလဲ"

ကောင်း…… နှုတ်ဆွံ့သွားသည်။

တကယ်ဆိုတော့ မဝေရွှေ ဆီမှ ငွေလာတောင်းခြင်း ဖြစ်သော်လည်း မဝေရွှေ ကိုယ်တိုင်ပင် ဦးသိုက်ထွန်း သေဆုံးမှု နှင့်ပတ်သက်၍ မိမိ မရခဲ့ပါ၊ မသိခဲ့ပါဟု ဆိုထားခဲ့သည်။

ဒါကြောင့်လဲ သေချာသည်ထက် သေချာအောင်လိုက်လာပြီး အကဲခတ်ခြင်း ဖြစ်သည်။

"ကြွေးရစရာရှိလို့ပါ။ ပစ္စည်းရောင်းထားတဲ့ ကြွေးပါ"

"ဘယ်သူ့ဆီကလဲ…."

"နေကြာမြိုင်ခြံက လွန်းလွန်းပါ"

"မင်းနဲ့ လွန်းလွန်း ဘာအရောင်းအဝယ် လုပ်ခဲ့ကြသလဲ…၊ လွန်းလွန်း ဘယ်သူဘယ်ဝါဆိုတာရော မင်းသိသလား"

"မက်မန်းရောင်းထားတဲ့ ကိစ္စပါ။ လွန်းလွန်း ဘယ်သူဘယ်ဝါ ဆိုတာ အထူး သိစရာမလိုပါဘူး…ခြံ လုပ်

www.burmeseclassic.com

တယ်။ ကျောင်းတက်နေတုန်း ကျောင်းသူတစ်ယောက်ပေါ့"

ကောင်းစကားကို ကြားတော့ သူ့အား ကျောခိုင်းလျက် မေးနေသူက ရယ်လိုက်လေသည်။ ကောင်းသည် စိတ်မရှည်တော့။ ထိုသူ၏ မျက်နှာကို ပြေးပြီး ကြည့်ချင်လာသည်။

"သူ့ကို ဒီတစ်ည ကောင်းကောင်းလေး အိပ်မောကျအောင် စီစဉ်ထားလိုက်ကြပါကွယ်..."

ကျောခိုင်းထားသူ၏ စကားအဆုံးတွင် ကောင်း၏ မျက်လုံးအစုံသည် နေခုနစ်စင်းနှင့် ပက်ပင်းတိုးသလို အလင်းရောင်များ ပြင်းထန်စွာ ခံစားလိုက်ရသည်။ လူလဲ မိုက်ကနဲဖြစ်သွားသည်။

ထိုလူစုသည် ကောင်းအား တစ်ယောက်သောသူက ထမ်း၍ခေါ်သွား၏။

သူတို့အား ညွှန်ကြားသည့် သူ၏ အစီအမံအတိုင်း ကောင်း၏ ဂျစ်ကားကို လမ်းဘေးတစ်နေရာသို့ ထိုးပြီး အသီးသီးပြန်လှည့် သွားကြလေသည်။

မဝေ့ရှုသည် ကောင်းတော်တော်နှင့် ပြန်မလာသည့်အတွက် စိတ်ပူနေသည်။

"သမီးရဲ့ သူငယ်ချင်းလဲ ညဉ့်နက်လှပြီ ပြန်မလာသေးဘူးလား"

"သူ ညီမဝမ်းကွဲ အိမ်ကများ ဆွဲထားလို့ ကြာနေတာလား မသိဘူး"

"အော်... ဒီမြို့မှာ သူ့ဆွေမျိုးတွေ ရှိကြသလား"

"အစကတော့ အသိမရှိဘူးလို့ ထင်တာဘဲ။ နောက်မှ တွေ့ကြတာတဲ့"

"အော်...အော်...ကဲ၊ ကဲ သမီး အိပ်ချေတော့ဟု ပြောသောကြောင့်သာ အိပ်ရာတွင်းသို့ ဝင်လာခဲ့ရသော်လည်း အိပ်၍မရအောင် စိတ်လှုပ်ရှားနေမိသည်။

လမ်းပေါ်မှ ဖြတ်သန်းသွားသောကားသံများကြားတိုင်း ကောင်းများ ပြန်လာပြီလား ဟု၍...တွေးနေမိသည်။ သို့သော် ကောင်းမှာ ယခုအချိန်ထိ ပြန်မရောက်သေးချေ။ မဝေ့ရှု ညဉ့်တော်တော်နက်မှ အိပ်ပျော်သွားသည်။

မနက်စောစော ဝေလီဝေလင်းတွင် အပြင်ဖက်မှ ဆူဆူညံညံ အသံတွေ ကြားရသဖြင့် လန့်နိုးလာသည်။ အိပ်ခန်းတွင်းမှ အပြေးကလေး ထွက်ကြည့်သည်။ ခေါင်းတွင် ပတ်တည်းပတ်ထားသော ကောင်းကို တွေ့ရ၏။ ထို့ပြင် ရဲသား သုံးလေးယောက်နှင့် ရဲအရာရှိ တစ်ဦးကို တွေ့ရသည်။

ကော ်းသည် မဝေ့ရှု၏ ဖခင် ဦးဇော်ထွန်းအား စူးစူးစိုက်စိုက် ကြည့်နေ၏။

"ဘာဖြစ်ကြတာလဲ ...ဖေဖေ။ ဘယ်လိုဖြစ်တာလဲ ကောင်း"

မဝေ့ရှုသည် စိုးရိမ်သော မျက်နှာဖြင့် မေးလိုက်သော်လည်း မိမိဖခင်ဖြစ်သူနှင့် ကောင်းတို့နှစ်ဦးစလုံးကပါ မဖြေကြချေ

"ကဲ...ဦး။ တဆိတ်ကျေးဇူးပြုပြီး ရဲဌာနကို ကြွပါ။ ပြီးတော့ ဦးအိမ်ကိုလဲ ရှာပါရစေ"

"ကောင်းပြီလေ...ကျုပ် စာဖတ်ခန်းထဲမှာ ကျန်ခဲ့တဲ့ တရားစာအုပ်ကလေးတော့ ယူပါရစေ"

"အား...ယူပါ...ယူပါ..."

ဦးဇော်ထွန်းသည် တည်တည်ငြိမ်ငြိမ်ပင် စာဖတ်ခန်းတွင်းသို့ ဝင်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ကောင်း"

"ပြောရမှာတော့ စိတ်မကောင်းစရာပဲ မဝေ့ရှု"

"မဝေ့ရှု ရင်ထိတ်လိုက်တာ ကောင်းရယ်၊ မြန်မြန်ပြောစမ်းပါ"

"မဝေ့ရှုရဲ့ ဖေဖေပေါ့ ကောင်းကို ဖမ်းဆီးပြီး သူတပည့်တွေကို ချုပ်ထားခိုင်းတယ်။ ကောင်းလဲ သတိမေ့နေတော့ ဘာမှမသိဘူး။ သတိရတဲ့အချိန်မှာ ပတ်ဝန်းကျင်ကို လှေ့လာလိုက်တော့ ဦး အင်မတန်ကြိုက်တဲ့ စီးကရက် အစီခံလေးကိုတွေ့လိုက်ရတယ်။ ဘာဘဲ ဖြစ်ဖြစ် ဦးဟာ ကောင်းကို တစ်နည်းနည်းနဲ့ လုပ်ကြံဖို့ စီစဉ်တာဘဲဖြစ်မယ် ဆိုပြီး ဟောဒီစီးကရက်အစီခံကို သိမ်းလာခဲ့တယ်။ သူတို့ရဲ့ တပည့်နှစ်ဦးကိုလဲ ကောင်း ခုခံခဲ့တယ်။ အစောင့်တစ်ဦးက ပြေးလာပြီး ကောင်းကို ဖမ်းဖို့ ကြံစည်တော့ မတတ်သာတာနဲ့ ဂျစ်ကားနဲ့ ဝင်တိုက်ပြီး ရဲဌာနကို ဝင်ပို့ စစ်ဆေးတော့ ပေါ်တော့တာဘဲ"



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည် မဝေဠှုအား အလုံးစုံ ပြောပြီးသွားသောအခါတွင် စာကြည့်ခန်းထဲသို့ လှမ်းကြည့်လိုက်သည် ဦးဇော်ထွန်း၏ အရိပ်အယောင်ကို မတွေ့ရချေ။

"ကိုင်း...မဝေဠှု ခင်ဗျားအဖေကို ခင်ဗျားပဲ ဝင်ခေါ်လိုက်ပါ။ အချိန်သိပ်မရှိတော့ဘူး"

ရဲအရာရှိက လှမ်းပြောလိုက်သဖြင့် မဝေဠှု စာကြည့်ခန်းတွင်းသို့ ပြေးဝင်သွားသည်။ သူ၏ ဖခင်အား တကြော်ကြော်ခေါ်ကြည့်သည်။ ပြန်၍ ထူးသံ၊ စကားသံ၊ လှုပ်ရှားမှုတို့ မတွေ့ရချေ။ မဝေဠှုသည် မျက်ရည်များ စီးကျလာပြန်သည်။

"ဥပဒေကို ရင်ဆိုင်လိုက်ပါ ဖေဖေရယ်...သမီးကို ငဲ့ပါအုံး"

မဝေဠှု၏ တောင်းပန်သံက ထွက်ပေါ်လာပြန်သည်။

ရဲအရာရှိက သူ၏ ရဲသားတစ်ယောက်ကို ဝင်လိုက်သွားရန် အချက်ပြလိုက်၏။ ရဲသား ဝင်သွားပြီး ရှာသည် ဦးဇော်ထွန်းကို မတွေ့။ ပြန်ထွက်လာပြီး အခြေအနေကို ပြောပြသည်။ ကောင်း အနီးမှ ရဲအရာရှိနှင့် ရဲသားများ စာဖတ်ခန်းအတွင်းသို့ ခပ်သုတ်သုတ် ဝင်လိုက်သွားကြပြန်သည်။ ပြီးတော့ ပြန်ထွက်လာ၏ မဝေဠှုလဲ ထွက်လာသည်။

ဧည့်ခန်းတွင် ပြန်ဆုံကြသောအခါ ကောင်းသည် လှုပ်ရှားလာ၏။

"ခဏစောင့်နေကြပါ။ ကျွန်တော် ကြိုးစားကြည့်အုံးမယ်"

ကောင်းသည် မိမိအခန်းတွင်းသို့ ခပ်သုတ်သုတ် ပြေးဝင်သွားသည်။ ပြီးတော့ သူ၏ လက်ဆွဲအိတ်ထဲမှ သော့ဝိဇ္ဇာလေးကို ဆွဲယူပြီး ထွက်လာသည်။

"ကဲ...အားလုံး အပြင်ကို လိုက်ခဲ့ကြပါ"

ကောင်း အပြုအမူကို ကြည့်၍ မဝေဠှုရော၊ ရဲအဖွဲ့ဝင်များပါ နားမလည်နိုင်ဘဲ ကောင်းနောက်မှ ထပ်ချပ်မကွာ လိုက်လာခဲ့ကြသည်။

ကောင်းသည် ကားဂိုဒေါင်အတွင်းသို့ ဝင်သွား၏ ဂိုဒေါင်အတွင်း၌ ခတ်ထားသော နံရံပေါ်မှ သော့ခလောက်ကို သူ၏ သော့ဝိဇ္ဇာတန်ခိုးဖြင့် လှည့်၍ ဖွင့်လိုက်သည်။

ရဲအဖွဲ့ဝင်များသည် ကောင်း၏ သော့ဝိဇ္ဇာအစွမ်းကို ကြည့်လျက် အံ့သြနေသလိုပင် ကောင်းသည် ဘာမှ မဟုတ်သော သော့ကိုဘာကြောင့်များ ဖွင့်နေပါလိမ့်ဟု စောင့်ကြည့်နေကြသည်။

မကြာခင် အံဖုံးတံခါးသဖွယ် တံခါးချပ်များကို တွေ့ရ၏။

ကောင်းက တံခါးများကို တွန်းဖယ်၍ ဖွင့်ပြီး အတွင်းသို့ဝင်ရန် ကြံရွယ်လိုက်သည်။

"ဟေ့လူ...အရမ်းမဝင်နဲ့အုံး"

ရဲသားတစ်ဦးက ကောင်းအား လှမ်း၍ တားလိုက်၏။

မဝေဠှုသည် ထိုသို့သော အခြေအနေများကို ကောင်းဘယ်အချိန်က များ လေ့လာလိုက်ပါလိမ့်ဟု တွေတွေလေး ငေးကြည့်နေရာမှ ကောင်းနောက်သို့ အပြေးရောက်လာသည်။

ကောင်းသည် မဝေဠှု ပြေးဝင်လာသည်ကို သိ၍ လှမ်းတားလိုက်သည်။

"မဝင်နဲ့ မဝေဠှု...အထဲမှာ အန္တရာယ်ရှိတယ်"

မဝေဠှုမှာ...ကောင်း တားမြစ်နေပေမဲ့မရ။ အတွင်းသို့ အတင်းတိုးဝင်သွားသည်။ ရဲအဖွဲ့ဝင်များက ပြန်ထွက်လာရန် အော်ဟစ်ခေါ်သည်။ လက်နှိပ်ဓာတ်မီးများဖြင့် ဟိုသည် ထိုးကြည့်ရင်း ၎င်းတို့ပါ ကောင်းနှင့် အတူ ဝင်လာခဲ့၏။

အတွင်း၌ မှောင်မဲနေသည်။

"မီးခလုတ်ရှိလား မသိဘူး"

ကောင်းသည် ရဲအရာရှိပြောသော စကားကို ကြားရသောအခါ သတိရလာ၏။

ရှေ့လဆက်ရန်

မောင်ရွှေစွန်



www.burmeseclassic.com

www.burmeseclassic.com

# လောကီပညာသည်များ တွေ့ကြုံခံစားနေရသော
# စုန်းဆိုးများ
## Nation Where Witches are a hot item

● သန်းဝင်း(ဘဂျ်)

လောကီပညာသည်များအား မီးရှို့ကွပ်မျက်မှုများ ရှိနေသေးကြောင်းကို သတင်းစာစောင်အသီးသီးတွင် ဖော်ပြလျက်ရှိနေပေသေးသည်။

အရိုင်းအစိုင်းကောင်များသဖွယ် လက်ကိုင်ကျင့်သုံးနေသည့် ယင်းဓလေ့ထုံးတမ်းများမှာ တောင်အာဖရိကတိုက်တွင် ယခုတိုင်ပင် ရှင်သန်လျက်ရှိနေသေးသည်။

တောင်အာဖရိကနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဒေသများတွင် လောကီပညာသည်များအား မီးရှို့သတ်ဖြတ်ခြင်းများမှာ ယခုအခါ သာမန်ဖြစ်ရိုးဖြစ်စဉ်များသဖွယ် ဖြစ်နေပါတော့သည်။ မယုံနိုင်ဖွယ်ရာပါတည်။

မယုံနိုင်ဖွယ်ရာ ရှိသော်ငြားလည်း တောင်အာဖရိကနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ပြောဆိုချက်အရ လောကီပညာသည်



www.burmeseclassic.com

www.burmeseclassic.com

**သရဲသဘက်စီးဝင်နေဟန်ရှိသော လူအုပ်စုကြီးသည် အသက် ၂၀ နှစ်အရွယ်ရှိ သမီးဖြစ်သူအားလည်း ညှာတာမှုမပေး။ ခဲများဖြင့် ပစ်ပေါက်၍ နှိပ်စက်မှုများ ပြုကြပြန်သည်။ သည်မျှနှင့် အားရဟန်မတူသေး။ သူမအား မီးတင်ရှို့သတ်ဖြတ်လိုက်ပြန်သည်။**

များဟု သံသယရှိသူများအား ယခုနှစ်အတွင်း (၁၉၉၄ ခုနှစ်အတွင်း) မီးရှို့သတ်ဖြတ်ခြင်း ခံခဲ့ရသည်များမှာ ၇၃ ဦးရှိနေပြီ ဖြစ်ကြောင်းနှင့် ယင်းဒေသမှာ လီဘိုးဝါးဒေသဖြစ်၍ မြောက်ပိုင်း ဆိုဟိုလူမျိုးများနေထိုင်ရာ ဇာတိဖြစ်သည်ဟူ၏။

မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ နီးသောဘဒီးဆိုသည့် မြို့တွင် လောကီပညာသည်တစ်ဦးအား မကြာသေးသော ကာလက မီးရှို့သတ်ဖြတ်ခဲ့သည်ကို အသည်းထိတ်ဖွယ် မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။

ယင်းမြို့တွင် လူအများက ဆင်နာမင်ကွန်း အမည်ရှိ အမျိုးသမီးတစ်ဦးအား သူမ၏ အိမ်ရှေ့တွင်ပင် ရိုက်နှက်တိုက်ခိုက်ခဲ့ကြပေသည်။ သူမအား ချုပ်နှောင်ထားပြီးနောက် ဓာတ်ဆီဆွတ်ထားသည့် တာယာများကို လက်မောင်းပေါ်တွင် တင်ထားခဲ့ပေသည်။

ပြီးနောက် သူမ၏ ခင်ပွန်းသည်ဖြစ်သူ ဂျိုဟန်းဆိုသူအား သူတို့အိမ်မှ ဆင့်ခေါ်ယူခဲ့ပြီး မီးခြစ်တစ်ဘူးကို ပေးအပ်ခဲ့သည်။ ခင်ပွန်းသည်ဖြစ်သူကိုလည်း မိမိဇနီးသည်အား မိမိကိုယ်တိုင်ကိုယ်ကျ မီးရှို့သတ်ဖြတ်ရန် အခမ့်ပြုစေခိုင်းလေ၏။

ယင်းသို့ ဖခင်ဖြစ်သူက အမေဖြစ်သူကို မီးရှို့သတ်သည့် မြင်ကွင်းအား သားနှင့်သမီးဖြစ်သူတို့မှ စောင့်ကြည့်နေကြရသည်။ ကြေကွဲရိပ်များ သန်းနေကြပေလိမ့်မည်။

သို့ဖြင့် မပြီးသေး...။

နောက်တစ်နေ့ရောက်သော် ဒေါသမပြေပျောက်သေးသည့် ရွာသူရွာသားများသည် ဂျိုဟန်း၏ နေအိမ်ဆီသို့ ဦးတည်ကာ ပြန်လည်ရောက်ရှိလာပြန်သည်။ ဂျိုဟန်းအား ဖမ်းဆီးချုပ်နှောင်ပြီး ဓာတ်ဆီများဖြင့် ဂျိုဟန်း၏တစ်ကိုယ်လုံးအား ပက်ဖျန်းပြီး အရှင်လတ်လတ် မီးတင်ရှို့သတ်ဖြတ်ခဲ့ကြလေ၏။

သရဲသဘက်စီးဝင်နေဟန်ရှိသော လူအုပ်စုကြီးသည် အသက် ၂၀ နှစ်အရွယ်ရှိ သမီးဖြစ်သူအားလည်း ညှာတာမှုမပေး။ ခဲများဖြင့် ပစ်ပေါက်၍ နှိပ်စက်မှုများ ပြုကြပြန်သည်။ သည်မျှနှင့် အားရဟန်မတူသေး။ သူမအား မီးတင်ရှို့သတ်ဖြတ်လိုက်ပြန်သည်။

ကျန်ရှိနေသေးသော အသက် ၁၅ နှစ်အရွယ်သာ ရှိနေသေးသည့် သားဖြစ်သူအားလည်း မရမနေ ရှာဖွေကြပြန်သည်။ ၎င်းတို့၏ ရည်မှန်းချက်အား သားငယ်ဖြစ်သူအား ရှာဖွေတွေ့ရှိသည်နှင့် မီးတင်ရှို့ခြင်းဖြင့် ပြည့်ဝစေခဲ့လေတော့၏။

ယင်းသို့ မိသားစုတစ်ခုလုံး ယခုကဲ့သို့ မီးရှို့သတ်ဖြတ်ခံရခြင်းအကြောင်းရင်းမှာ သူတို့၏ အိမ်နီးနားချင်းတစ်ဦးအား လောကီမှော်အတတ်ပညာဖြင့် ပြုစားခဲ့သည်ဆိုသော စွပ်စွဲချက်ကြောင့် ဖြစ်သည်ဟူ၏။

လူ့မှုအခွင့်အရေး လှုပ်ရှားသူများက ယခုကဲ့သို့ လောကီပညာသည်များအား မီးရှို့သတ်ဖြတ်နေခြင်းမှာ လူမျိုးစုခေါင်းဆောင်များက ဦးဆောင်ပြုလုပ်နေခြင်းမဟုတ်ကြောင်းကို ပြောပြခဲ့ပေသည်။

ယင်းသို့သော လုပ်ရပ်များမှာ နိုးကြားထကြွနေသည့် စစ်ရေးအစွန်းရောက် တစ်ယူသန်လူငယ်များ၏ လက်ချက်ပင် ဖြစ်နေပါတော့သတည်း။

သန်းဝင်း(ဘဏ်)

***Ref; 'SUN' Nov, 29. 1994***



www.burmeseclassic.com

www.burmeseclassic.com

# နော်မန်ဒီကမ်းခြေမှ
# ဝိညာဉ်များ၏တိုက်ပွဲ

**မင်းသဏ်ာဝင်း**

၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မဟာမိတ်တို့က ကမ္ဘာကျော် နော်မန်ဒီကမ်းတက် တိုက်ပွဲကြီးကို အလုံးအရင်းဖြင့် စတင်ဆင်နွှဲခဲ့ကြလေ၏။

ထိုစဉ်က အမေရိကန် စစ်ဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါးက စစ်ဆင်မှုတစ်ခုလုံးကို ဦးစီးကွပ်ကဲခဲ့ပါ၏။ ဗြိတိသျှနှင့် ကနေဒီယန်တပ်ဖွဲ့များက DIEPPE (ဒိုက်ပီ)ဆိပ်ကမ်းမြို့ကို ကြံ့ကြံ့ခံကာကွယ်ထားသော နာဇီဂျာမန်တို့လက်မှ အသေအပျောက် အကျအဆုံးများစွာဖြင့် ပြန်လည်တိုက်ယူနိုင်ခဲ့လေ၏။

ယင်းသို့ မတိုက်ယူမီ မဟာမိတ်တို့ဖက်မှ အကြိမ်ကြိမ်ရှုံးနိမ့် ဆုတ်ခွာခဲ့ရသည်။ ယင်းတိုက်ပွဲများ၌ မဟာမိတ်စစ်သည် ၆၀၀၀ ပါဝင်ဆင်နွှဲခဲ့ရလေရာ တစ်ဝက်ကျော်ခန့်မှာ အသက်ပေးခဲ့ရပြီး ကျန်မဟာမိတ်စစ်သည်များမှာလည်း နာဇီဂျာမဏီတို့ထံ လက်နက်ချ အညံ့ခံခဲ့ရလေ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း ၆၀ နီးပါးမျှပင် ရှိခဲ့ပေပြီ။ သို့သော်ငြားလည်း ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့ကြပါသော နှစ်ဖက်စစ်သည်များက တမလွန်ဘဝရောက်နေသည်အထိ တာဝန်များကို ဆက်လက်ထမ်းဆောင်နေနေဆဲဟူ၏။ တိုက်ပွဲများ ဆက်လက်တိုက်နေဆဲဖြစ်လေ၏။ ဝိညာဉ်တို့၏တိုက်ပွဲသည်ကား အဆုံးမသတ်နိုင်ကြသေးပေ။

အသက်နှင့်ခန္ဓာကိုယ် ဒွန်တွဲပေါင်းစပ်ထားစဉ်က တစ်ဖက်နှင့်တစ်ဖက် သဲသဲမဲမဲ ကျားကုတ်ကျားခဲ တိုက်ပွဲဆင်နွှဲနေကြခြင်း ဖြစ်၍ ပစ်ရင်းခတ်ရင်း သေပွဲဝင်သွားသည့်တိုင် ပြင်းထန်သော သံမဏိ'မာန်'များက တမလွန်ဘဝအထိ ကူးလူးရောက်ရှိပြီး နောက်မှာပင် တစ်ဖက်နှင့်တစ်ဖက် ရန်သူအသွင် ဖြစ်နေကြဆဲ ရှိနေဖြစ်နေလေ၏။

ယင်းသို့သော အစွဲအလမ်းကြီးသည့် 'ဝိညာဉ်'စစ်သည်များကို ကမ္ဘာစစ်တလင်းမြေပြင်တို့တွင် ယနေ့တိုင် တွေ့မြင်နေကြရသေး၏။

အထင်ရှားဆုံးသော သာဓကတစ်ခုမှာ ပြင်သစ်ပြည်၊ နော်မန်ဒီကမ်းခြေမှ DIEPPE ဆိုသော ပင်လယ်ကမ်းရိုးတန်းမြို့ကလေးမှ ထူးခြားဆန်းကြယ်သော မြင်ကွင်းနှင့် အသံဗလံများပင် ဖြစ်သည်။

"အဲဒီဆိပ်ကမ်း မြို့ဟောင်းနေရာကို ရောက်သွားသူများရဲ့ ပြန်လည်ပြောကြားချက်ကတော့ သေနတ်သံ၊ လေယာဉ်သံတွေကို ဆူဆူညံညံ ကြားနေရတယ်လို့ ဆိုပါတယ်။ တချို့ကဆိုရင် တိုက်ပွဲဖြစ်ပုံ အသေးစိတ်ကိုတောင် မိမိတို့ တွေ့မြင်ခဲ့ရကြောင်း ပြောကြပါတယ်"ဟု စစ်ရေးဆိုင်ရာ သရုပ်ခွဲသူတော်သီ 'ဂရီဂိုရီဝပ်ဆင်' ဆိုသူက ပြန်လည်ပြောပြလေ၏။

နော်မန်ဒီ ကမ်းတက်တိုက်ပွဲကြီး ဆင်နွှဲပြီးနောက်ပိုင်း ကိုးနှစ်ခန့်အကြာတွင် စစ်တလင်းဖြစ်ပွားရာ ကမ်းခြေတစ်လျှောက်မှ ထူးထူးခြားခြားအဖြစ်များ၊ အသံဗလံများကို တစ်စတစ်စ ကြားသိတွေ့မြင်လာကြလေ၏။

၁၉၅၁ ခုနှစ်တွင် 'မာသာဘောစ် ဝဲလ်'နှင့် 'ရီတာကူရှင်'ဆိုသူ သမီးယောက်မနှစ်ဦးက ပထမဆုံး တွေ့မြင်ကြားသိခဲ့ရပြီး သက်ဆိုင်ရာသို့ သတင်းပေးပို့ အကြောင်းကြားခဲ့ပါ၏။

သူတို့နှစ်ဦးသည် 'ဒိုက်ပီ'ဆိပ်ကမ်းမြို့အနီးမှ ပင်လယ်ကမ်းခြေကျေးရွာလေးတစ်ခုသို့ အပန်းဖြေခရီးထွက်ကြစဉ် ယင်းသို့သော အဖြစ်ဆန်းများ



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ကြုံခဲ့ရခြင်းဖြစ်လေ၏။ ကမ်းခြေသောင်ပြင်ကြီးထဲမှ ထိုရွာကလေး၌ သူတို့နှစ်ဦး အနားယူအပန်းဖြေနေကြခိုက် တစ်ခုသော နံနက် ၄ နာရီခန့်တွင် သေနတ်သံများ ရုတ်တရက်ထွက်ပေါ်လာသဖြင့် အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့ကြ၏။ နောက်ထပ် သုံးနာရီကြာ မြင့်သည့်တိုင်အောင်ပင် အမြောက်သံကြီးများ၊ စက်သေနတ်ဆွဲသံများနှင့် အခြားလက်နက်ကြီးငယ်တို့ ပစ်ခတ်ပေါက်ကွဲသံများကို ဆူညံမြည်ဟည်းစွာ ကြားနေခဲ့ကြရသည်ဟူ၏။

ထိုမျှသာမက တစ်ချက်တစ်ချက် ကောင်းကင်မှ ဗုံးကြဲလေယာဉ်များကလည်း မြေပြင်ပေါ်သို့ ထိုးစိုက်ဆင်းသက်ပြီး တဝေါဝေါဖြင့် ဗုံးကြဲချသွားသည်ကိုလည်း ကြားသိနေကြရလေ၏။ ယင်းသို့ ပစ်ခတ်ဗုံးကြဲသံများ အဆုံးတွင် ထိခိုက်သေဆုံးသူ စစ်သည်တို့၏ ညည်းညူအော်ဟစ်နေသော အသံနက်ကြီးများကို ချောက်ချားဖွယ်ရာ ကြားလိုက်ရလေ၏။

မာသာနှင့် ရီတာတို့အနေဖြင့် အမျိုးသားတို့၏ ညည်းညူအော်ဟစ်သံများက သေနတ်သံများနှင့် လေယာဉ်ဗုံးကြဲသံများကို နောက်ခံပြု၍ ထွက်ပေါ်လာကြောင်း သတိပြုမိကြလေ၏။ နောက်ခံ အသံဗလံများသည် အစပထမတွင် အဝေးဆီလောက်မှ ခပ်သဲ့သဲ့မျှလောက်သာ ထွက်ပေါ်နေခဲ့ရာမှ တဖြည်းဖြည်း နီးကပ်ကျယ်လောင်လာကြ၏။ အသံဗလံများနှင့် ဆူညံစွာပစ်ခတ်သံများသည် တစ်နာရီခန့်ကြာမျှ ထွက်ပေါ်နေခဲ့ကြ၏။

ထို့နောက် သေနတ်သံ၊ ဗုံးသံများ ရုတ်ခြည်းတိတ်ဆိတ်သွားကြ၏။ ၁၅ မိနစ်ခန့်အကြာတွင် စောစောကသေနတ်သံ၊ ဗုံးသံများ ပြန်လည်ကြားရပြန်လေ၏။ နောက် ခပ်လှမ်းလှမ်းမှ ညည်းညူအော်ဟစ်သံများ ကြားရလေ၏။ သေအံ့မူးမူးစစ်သည်များ၏ ညည်းညူအော်ဟစ်သံများ ဖြစ်ဖွယ်ရှိ၏။

ယင်းသို့ အော်ဟစ်ညည်းညူနေစဉ်မှာပင် ကောင်းကင်မှ မြေပြင်သို့ တစ်ဟုန်ထိုးဆင်းလာကြသည့် ဗုံးကြဲလေယာဉ်များ၏ အသံကိုကြားရပြီး ဗုံးကြဲချသွားသည်ကို ဆက်တိုက်ကြားရလေ၏။ တစ်နာရီနီးပါး ထိုအသံဗလံများကို ကြားရပြီး ၁၀ မိနစ်ခန့် ငြိမ်သက် တိတ်ဆိတ်သွား၏။ ထို့နောက် တစ်ဖန် ပတ်ဝန်းကျင်လေထုထဲ ဗုံးသံ၊ အမြောက်သံများကို ထပ်မံကြားရပြန်လေ၏။

ပစ်ခတ်သံများ ဆူညံစွာ ထွက်ပေါ်လာလိုက် ပြန်လည်တိတ်ဆိတ်သွားလိုက်ဖြင့် အကြိမ်ကြိမ်ဖြစ်ပေါ်ပြောင်းလဲနေခဲ့ရာ နံနက် ၇ နာရီထိုးလောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး အသံဗလံများ တိတ်ဆိတ်ငြိမ်သက်သွားကြလေတော့၏။

ထိုအချိန်နောက်ပိုင်းတွင် ကမ်းခြေတစ်လျှောက်မှ ဆူညံမြည်ဟည်းသော တိုက်ပွဲသံများကို နံနက် ၈ နာရီခွဲမှာ ကြားသိနေခဲ့ရ၏။ အသက်မသေဘဲ ကျန်နေခဲ့သော မဟာမိတ်စစ်သည်များက ဂျာမန်တို့ထံ လက်နက်ချ အညံ့ခံလိုက်ချိန် ဖြစ်လေ၏။

ရှုံးနိမ့်မှုကို ခါးသီးစွာခံလိုက်ရဟန်ရှိသော တမလွန်ရောက် မဟာမိတ်ဝိညာဉ်စစ်သည်များသည် တိုက်ပွဲအခြေအနေ ပြောင်းလိုပြောင်းငြားဟူသော မျှော်လင့်ချက်ဖြင့် နာဇီဂျာမန်တို့နှင့် ဆက်လက်တိုက်ပွဲဝင်နေကြဆဲ ရှိသည်ဟု ဗြိတိသျှစိတ်ဝိညာဉ် သုတေသနအသင်းကြီး၏ အသင်းဝင်တစ်ဦးဖြစ်သော 'အာနိုးလ်တေဆာ'မှ ပြောဆိုသွားလေ၏။

ဝိညာဉ်တို့၏ ရှုံးနိမ့်မှု အစွဲအလမ်းများက ယင်းတို့အား တိုက်ပွဲပြီးဆုံးသွားမှန်း ပကတိအသိတရား ပေါ်ပေါက်နိုင်စွမ်းမရှိ ဖြစ်နေကြရလေ၏။ သို့ဖြင့် တမလွန်ဘဝရောက်နေသည့် တိုင် ရန်ငြိုးအာဃာတ ကြီးမားစွာဖြင့် နှစ်ဖက်စလုံးမှ စစ်သည်များ တိုက်ခိုက်နေကြခြင်း ဖြစ်ပေ၏။

ယင်းတိုက်ပွဲများသည် အချိန်တည်းဟူသော ကာလယန္တရား အကြားတွင် လှောင်ပိတ်မိနေဟန် ရှိ၏။ ဤသို့ဖြင့် ကမ္ဘာစစ်တလင်းပြင် အချို့တွင် ဝိညာဉ်များက ဆက်လက်ဆင်နွှဲနေကြဦးမည်ဟု ထင်မှတ်ဖွယ်ရာပင်တည်း။

**မင်းသထက်ဝင်း**


***Ref:-"SUN" MAGAZINE***
***Jan 25, 1944***





www.burmeseclassic.com

www.burmeseclassic.com



### သန်လျင်မြို့၏

# ရှေးဟောင်းပေါ်တူဂီ

### ခရစ်ယာန်ဘုရားရှိခိုးကျောင်းဟောင်းအတွင်းရှိ

# သချိုင်းဂူ

အံ့ပွား(စလေ)

သန်လျင်မြို့သည် ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်မြစ်တို့၏ မြစ်သုံးမြစ်ဆုံရာ အရှေ့ဘက်ကမ်း ကုန်းမြင့်ပေါ်တွင် တည်ရှိပါသည်။

ရန်ကုန်–သန်လျင်တံတားကြီး တည်ဆောက်ဖွင့်လှစ်ချိန်မှစ၍ သန်လျင်သည် ယခင်ကနှင့် နှိုင်းယှဉ်၍ မရလောက်အောင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေခြင်းကြောင့် သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း စသည့်မြို့နယ်၊ ကျေးရွာများအထိ ကူးသန်းတုံ့လှယ် သွားလာလွယ်ကူ၍ ပိုမိုစည်ကားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူ ပြုစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သန်လျင်သည် ပဝေသဏီက မြို့နယ်တစ်မြို့နယ်သာ ဖြစ်ပြီး ယခု ရန်ကုန်တောင်ပိုင်းခရိုင် (ခရိုင်)မြို့ ဖြစ်ပါသည်။ **သန်လျင်တွင် နိုင်မာသည့် သမိုင်းအထောက်အထားတွေရှိပြီး** လွမ်းမောဖွယ်ရာ၊ သံဝေဂယူစရာ ရာဇဝင်နောက်ကြောင်းတွေ လည်း ပြည့်နှက်နေ၏။ သန်လျင်မြို့သို့ ရန်ကုန်-သန်လျင် တံတားကြီးမှ ချိန်ခါမရွေး လာရောက်နိုင်ခြင်းသည်ကား နိုင်ငံတော်၏ ကြီးမားသော ကျေးဇူးတရားပင် ဖြစ်ပါသည်။

ရန်ကုန်ဘက်မှ သန်လျင်မြို့သို့ လာရောက်မည်ဆိုလျှင် တံတားအတက်သို့ ရောက်သည်နှင့် သန်လျင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် တံတားထိပ်တည့်တည့်ရှိ မြို့အဝင် ကုန်းမြင့်ထက်၌ ရွှေရောင်ဝင်းပြောင်လျက် စေတီတော်တစ်ဆူကို ဦးခိုက်ဖူးမြော်ရပါမည်။ ထိုစေတီကား သန်လျင်ရေနံချက်စက်ရုံ နယ်နိမိတ်အတွင်း၊ သာယာကုန်းရပ်ကွက်ရှိ မျှော်တော်တောင်တွင် တည်ထားသော 'ရှင်မွေ့နွန်း'လွမ်းစေတီပင် ဖြစ်ပါသည်။

ထိုစေတီ၏ ယာဘက်ယွန်းယွန်း စက်ရုံခေါင်းတိုင်များနှင့် အလှမ်းမဝေး၊ ကုန်းမြင့်ပေါ်တွင် ရွှေရောင်တောက်ပနေသော 'ဓာတ်တော်ကုန်းစေတီတော်မြတ်'ကြီးကိုလည်း ဗောဓိညောင်ပင်ကြီးအားအစွဲပြု၍ ဗောဓိကုန်းရပ်ကွက်တွင် ထင်ရှားစွာ မြင်တွေ့ဖူးမြော်ရမည် ဖြစ်ပါသည်။

မျှော်တော်တောင်ရှိ ရှင်မွေ့နွန်းစေတီ၏ ရင်ပြင်ပေါ်မှ အနောက်မြောက်ဘက်သို့ မျှော်ကြည့်လျှင် ရွှေသားကျောက်တောင်တော်ကြီးပမာ ထီးထီးမားမား တင့်တယ်သပ္ပာယ်စွာဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း ဦးခိုက်ကြည်ညို ဖူးတွေ့ရမည့်အပြင် သန်လျင်-ရန်ကုန်တံတားကြီး၏ ခံ့ထည်ဝင့်ကြွားမှုနှင့် မြစ်ပြင်အလှ ပသာဒတို့ကို မြင်တွေ့ခံစားရမည့် ယခုမျက်မြင် သန်လျင်ပင် ဖြစ်ပါသည်။

ရှင်မွေ့နွန်းစေတီတော်၏ အရှေ့ဘက် ကိုက် (၅၀၀) ခန့်အကွာတွင် ရေနံချက်စက်ရုံနယ်မြေ တိုက်ကြီးကုန်းဟု အမည်တွင်သည့် အရာထမ်းအိမ်ရာရပ်ကွက်အတွင်း တောင်ကုန်းထိပ်တွင် တသီးတခြား တည်ရှိနေသော ပေါ်တူဂီတို့၏ ခရစ်ယာန်ဘုရားရှိခိုးကျောင်းဟောင်းကြီးတစ်ကျောင်း တည်ရှိနေသည်ကို ထိုကုန်းအား ကားဖြင့်တက်ရောက်လာလျှင် သွားခနဲ မြင်တွေ့ရမည် ဖြစ်ပါသည်။

ထိုခရစ်ယာန်ဘုရားရှိခိုးကျောင်းဟောင်း ဖြစ်ပေါ်တည်ရှိခြင်းသည်ကား မြန်မာနိုင်ငံသည် ရေ မြေ တောတောင် သဘာဝအနေအထားအရ ဥတုသုံးပါး ညီမျှ၏။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ ပေါကြွယ်ဝ၏။ မြို့သန်လျင်သည်လည်း မြစ်ကမ်းစပ်၏ ပင်လယ်ဆိပ်ကမ်းမြို့အဖြစ် တည်ရှိသည့်အတွက် ဆိပ်ခံမြို့လုပ်ရန် အဆင်ပြေ၏။ စီးပွားရေးလုပ်ကွက်ကောင်း၏။ ထိုအခြေအနေနှင့် အနေအထားကို သိရှိသည့် ပေါ်တူဂီတို့ အပါအဝင်၊ အာမေးနီးယန်း၊ မဂို၊ ဗင်းနစ်၊ တူရကီ၊ ဂျူး၊ အိန္ဒိယ၊ ဂျာဗားကျွန်းတို့မှ လူမျိုးစုများသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်ပိုင်းဒေသများသို့ (၁၆)ရာစု အစောပိုင်းကာလများကစ၍ ဝင်ရောက်လာကြသည်။ ယင်းတို့၏ အဓိကရည်ရွယ်ချက်မှာ နယ်ပယ်အသစ်ကို ရယူလိုခြင်းနှင့် ကြွယ်ဝချမ်းသာသော အရှေ့တိုင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်လိုကြခြင်းပင် ဖြစ်သည်။

ထိုသို့သော အကြောင်းများကြောင့် ယင်းတို့နှင့် အမျိုးဘာသာမတူသည့် ဗမာ၊ မွန်၊ ရခိုင် စသည့် ဘုရင်များထံတွင် အခစားအမှုထမ်းခြင်း၊ လက်ဆောင်ပဏ္ဏာပေး၍ ကုန်သွယ်မှုလုပ်ငန်း ပြုလုပ်ကြခြင်းပင် ဖြစ်ပေသည်။

၁၈ ရာစု ပတ်ဝန်းကျင်တွင် ဒဂုံ၊ သန်လျင် ပဲခူးသို့ လာရောက်နေထိုင်ကြသော နိုင်ငံခြားသားတို့၏ အခြေအနေမှာ အင်္ဂလိပ်နှင့် ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကုမ္ပဏီများ တည်ထောင်၍ သန်လျင်တွင်ပင် ကုန်တိုက်များဖွင့်ကာ အခြေချနေထိုင်လာခဲ့ကြောင်းနှင့် ခရစ်နှစ် ၁၆၈၈ ခုနှစ်တွင် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသည် သန်လျင်တွင်ပင် အခြေချနေထိုင်ခဲ့ကြောင်း သိရပါသည်။

ယင်းတို့သည် မြန်မာနိုင်ငံမှထွက်ရှိသော အဖိုးတန်ကျောက်မျက်ရတနာများ၊ ချိပ်၊ ဖယောင်း၊ ဆင်စွယ်၊ သားကောင်တို့၏ ဦးချိုများ၊ သံဖြူ စသည်တို့ကို ဝယ်ယူကြပြီး ဥရောပတိုင်းပြည်များသို့ ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ် ရရှိကြ၏။

ထို့ကြောင့် မြန်မာပြည်အတွင်းမှ ကာလအတန်ကြာသည်အထိ ပြန်လည်ထွက်ခွာခြင်းမပြုဘဲ မိသားစုနှင့်အတူ အခြေချနေထိုင်လာခြင်းကြောင့် ၎င်းတို့၏ လူမျိုး၊ ဘာသာနှင့် ဆက်နွယ်နေသည့် ဘာသာရေး ဘုရားရှိခိုးကျောင်းများ၊ သေဆုံးသည့်အခါ မြှုပ်နှံသည့် သင်္ချိုင်းစာများ ရှိနေခြင်းပင် ဖြစ်ပါသည်။

ယခု အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၏ စက်ရုံနယ်နိမိတ်အတွင်းရှိ တိုက်ကြီးကုန်းရပ်ကွက်၊ အရာထမ်းအိမ်ရာဝင်းအတွင်းရှိ တသီးတခြား တည်ရှိနေသည့် ပေါ်တူဂီဘုရားရှိခိုးကျောင်းဟောင်းကြီးသည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ရှေးဟောင်းအဆောက်အအုံများ စာရင်းဝင်ပြီး ၁၉၀၈-ခုနှစ်စ၍ နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ထားသော သမိုင်းဝင်လက်ရာ အဆောက်အအုံတစ်ခု ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းဘုရားရှိခိုးကျောင်းကြီးအား ၁၈ ရာစုနှစ်က သန်လျင်၊ ဟံသာဝတီသို့ ရောက်ရှိခဲ့သော ဘရင်ဂျီသာသနာပြုအဖွဲ့၊ ဒုတိယသာသနာပိုင် ဘုန်းတော်ကြီး နရိန်မှ ဆောက်လုပ်ခဲ့ပြီး အလှူရှင်မှာ အာမေးနီးယန်းကုန်သည်ကြီး နီကိုလပ်ဒီအဂ္ဂီလာ ဖြစ်ပါသည်။

ယခု သန်လျင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းဟောင်းကြီး၏ ကျောက်ဆစ်စာမှာ ပေါ်တူဂီ၊ လက်တင်၊ မြန်မာအက္ခရာတို့ဖြင့် ရေးထိုးထားပါသည်။

လက်တင်ဘာသာ စာတမ်းပါ ကျောက်စာအရ စိန့်ပေါလ်ဂိုဏ်းဘုန်းတော်ကြီးများ၊ သာသနာပြု၍ 'နီကိုလပ်ဒီအဂ္ဂီလာ'နှင့် ၎င်း၏ဇနီး 'မာဂရစ်တာ'တို့သည် ဤဘုရားရှိခိုးကျောင်းကြီးကို ခရစ်တော်၏ မွန်မြတ်သော ၁၇၅၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းသည့် ဇနီးမောင်နှံ၏ကောင်းမှုကို အရှည်သိစေရန် ရေးထိုးထားသည့် ကျောက်စာရှိကြောင်း သိရှိရပါသည်။

ဘုရားရှိခိုးကျောင်းမှ ဖော်ပြပါကျောက်စာ ပျောက်ဆုံးသွားခဲ့ကြောင်း။ ကျောက်စာပါ လက်တင်အက္ခရာစာတမ်းကို ဗြိတိသျှဘားမား ဂဇက်တီးယားအဖွဲ့(၂)တွင် ဖော်ပြထားကြောင်းနှင့် ၁၉၃၀ ပြည့်နှစ်၊ ပြေလထုတ် သူရိယမဂ္ဂဇင်းတွင် မော်ပီဆရာသိန်းကြီးက ၁၂၉၀ ပြည့်နှစ်တွင် ၎င်းကျောင်းကြီးအတွင်းမှကျောက်စာကို ရေးက ကူးယူထားသော်လည်း ပျောက်ဆုံးသွားကြောင်း သိရှိရပါသည်။ မည်သို့ပင်ရှိစေ ဖြန်လည်တွေ့ရှိရသော ကျောက်စာအစောက်အထားများအရ ရှေးဟောင်းအဆောက်အအုံအဖြစ် မှတ်တမ်းတင်ခဲ့သည်ကား အမှန်ပင်ဖြစ်ပါသည်။

နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ထားသော ရှေးဟောင်းသမိုင်းဝင် ဘုရားရှိခိုးကျောင်းကြီးအား ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးစိုးညွန့် (ကမ္ဘာ့ဘုရားကြီးထီးလာစစ်သူ) တာဝန်ထမ်းဆောင်စဉ်က ကြည့်ရှုစစ်ဆေးမှုများနှင့်အညီ နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသည်များ ယနေ့အထိ လာရောက်ကြည့်ရှုလေ့လာ မှတ်တမ်းတင်လျက်ရှိပါသည်။

ယင်းဘုရားရှိခိုးကျောင်းဟောင်းကြီးအလယ်၌ သင်္ချိုင်းဂူတစ်ခု တည်ရှိနေခြင်းနှင့် ပတ်သက်၍ အချို့က 'ဖေဒင်ကာဂူ'ဟု၍လည်းကောင်း၊ 'ရှင်မွေ့နွန်း'ဂူဟူ၍လည်းကောင်း အသိအမှတ်များစွာ ပြောဆိုကြပါသည်။ အမှန်ကား ဖေဒင်ကာဂူလည်းမဟုတ်၊ ရှင်မွေ့နွန်းဂူလည်း မဟုတ်ပါ။ တည်ရှိသော သင်္ချိုင်းဂူကား သန်လျင်သူအမျိုးသမီး 'မေရီယာဒိတ်'ဆိုသူ၏ ဂူသာ ဖြစ်ပါသည်။

*

ခရစ်ယာန်ကျောင်းဟောင်းကြီး၏ အလယ်၌ ဂူတစ်လုံးရောက်ရှိလာခြင်းမှာ B.O.C ကုမ္ပဏီက ဘုရားရှိခိုးကျောင်းဟောင်းအနီး မြေညှိမြေတူးစဉ် မြေအောက်မှ အုတ်အပိုင်းအစများ ပေါ်ထွက်လာပြီး ကျောက်ပြား၊ ကျောက်စာ၊ ကျောက်ဂူများတွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ တင်ပြပြီး ရှေးဟောင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းအတွင်း မြေပြင်ပြောင်းရွှေ့၍ ပြန်လည်ဆက်စပ်ပေးခဲ့ကြောင်း သိရှိရပါသည်။

၎င်းအုတ်ဂူ၏ သင်္ချိုင်းစာတမ်းမှာ ပေါ်တူဂီ၊ လက်တင်ဘာသာ၊ မြန်မာအက္ခရာတို့ဖြင့် ရေးထိုးထားပါသည်။

ပေါ်တူဂီစာဖြင့် ရေးထိုးထားခြင်းမှာ –

**Aquiesta Sepultada**

**(o) Corpo de Maria Dais**

**Mulher que joi de**

**Antonio Fernandes**

**Natural de Siriao de**

**Y dade de 48, Annos**

**... a qual jalleceoem**

**... de Marcode 1732**

ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ –

သန်လျင်မြို့သူ အသက် ၄၈–နှစ်အရွယ်ရှိ အန်တိုနီဖလင်းဒတ်၏ဇနီး မေရီယာဒိတ် ၁၇၃၂–ခုနှစ်၊ မတ်လ ၂ရက်နေ့တွင် ကွယ်လွန်သဖြင့် မြှုပ်နှံထားသည် ဟူ၍ ဖြစ်ပါသည်။

လက်တင်ဘာသာ၏ အဓိပ္ပာယ်မှာ –

သူမ ငြိမ်းချမ်းစွာနားပါစေ (Rest in Peace) ဟူ၍ ဖြစ်သည်။

မြန်မာအက္ခရာ၏ အဓိပ္ပာယ်မှာ –

(––––ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၄ နေ့ထဲ၊ တိကျော်တွင် 'ဆရာဟာနိတ် မွေးသမိခင် ၄၈ နှစ်တွင် ကံနဲသည်။') ဟူ၍ ဖော်ပြထားပါသည်။ သင်္ချိုင်းဂူ၏ ကျောက်စာပင် ဖြစ်ပါသည်။

တစ်ချိန်က သန်လျင်သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။ နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်သည်။ ထိုစဉ်က မလက္ကာဇာတိ၊ သင်္ဘောမာလိန်မှူး အန်တိုနီဖလင်းဒတ်ဆိုသူသည် သန်လျင်သူ မေရီယာဒိတ်နှင့် အကြောင်းပါပြီး သားဖြစ်သူ သာသနာပြုဆရာဟာနိတ်အား မွေးဖွားခဲ့သူ ဖြစ်ပါသည်။

ဤအခည်ကား ဘုရားရှိခိုးကျောင်းအတွင်းရှိ သန်လျင်



www.burmeseclassic.com

www.burmeseclassic.com

သူ မေရီယာဒိတ်၏ သချိုင်းဂူပင် ဖြစ်ပါသည်။

မြန်မာမြေပေါ်တွင် လွန်ခဲ့သည့်နှစ်ပေါင်း (၂၇၀)ခန့်က ကွယ်လွန်ခဲ့ကြသော ပေါ်တူဂီနှင့် အာမေးနီးယန်း သချိုင်းစာများမှာ တသီးတခြား ကွဲပြားတည်ရှိကြပြီး ပထမသချိုင်းစာတမ်းများတည်ရှိရာမှာ မဟာဗန္ဓုလလမ်းနှင့် ၄၈–လမ်းထောင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအနီး မြေတွင် နစ်မြုပ်နေသော ကျောက်စာတိုင်များဖြစ်ပြီး၊ ဒုတိယသချိုင်းစာတမ်းစုမှာ ပဲခူး၊ ကလျာဏီကျောက်စာကုန်းအတွင်းရှိကြောင်း၊ တတိယအစုမှာ ရှင်မွေ့နွန်းစေတီအနီး တိုက်ကြီးကုန်းရပ်ကွက်တွင်ရှိသည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်းရှိကြောင်းပင် ဖြစ်ပါသည်။

ကျောက်စာချပ်ကြီးများ၏ ပမာဏမှာ အလျား ၆–ပေ ၃–လက်မ၊ အနံ ၃–ပေ ၃–လက်မ၊ ထု ၅–လက်မ၊ အလေးချိန် ၅–တန်ခန့်ရှိကြောင်း၊ သိရပါသည်။ ယခု ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် တွေ့ရှိသော ကျောက်စာကို အကျဉ်းချုပ်ပါက –

(က) ပေါ်တူဂီအက္ခရာဖြင့် အန်တိုနီဖလင်းဒတ်၏ဇနီး ၄၈–နှစ်အရွယ်ရှိ သန်လျင်ဇာတိ မေရီယာဒိတ်သည် ၁၇၃၂–ခုနှစ်၊ မတ်လ ၂–ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း။ မြန်မာအက္ခရာဖြင့် ၁၀၉၃–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂–ရက်၊ ဗုဒ္ဓဟူးနေ့ သုံးချက်တီးကျော်အချိန်တွင် ဆရာဟာနိတ်၏ မွေးသမိခင် ၄၈–နှစ်အရွယ် အနိစ္စရောက်သည်။

(ခ) ၁၀၉၁–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅–ရက်နေ့ နှစ်ချက်တီးကျော်အချိန်တွင် ဆရာဟာနိတ်၏ ဖခင် သင်္ဘောမာလိန်မှူး အန်တိုနီဖလင်းဒတ် (ဖလင်းဒတ်) အသက် ၆၆–နှစ်အရွယ်၌ အနိစ္စရောက်ကြောင်း (မြန်မာအက္ခရာဖြင့် ရေးထိုးထားသည်) ပေါ်တူဂီစာတမ်းအရ ထိုသူမှာ မလက္ကာဇာတိ၊ မေရီယာဒိတ်နှင့် လက်ဆက်သူဖြစ်ကြောင်း။ အနိစ္စရောက်သည့်နှစ် ၁၇၃၀–ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄–ရက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ သချိုင်းစာများအား စုစည်း၍ လေ့လာမည်ဆိုလျှင် အောက်ပါအချက်အလက်များကို သိရှိနိုင်ပါသည်။

(ဂ) မလက္ကာဇာတိ၊ သင်္ဘောမာလိန်မှူး အန်တိုနီဖလင်းဒတ်က သန်လျင်သူ မေရီယာဒိတ်နှင့် အကြောင်းပါပြီး သားဖြစ်သူ သာသနာပြုဆရာ ဟာနိတ်ကို မွေးဖွားခဲ့ကြောင်း။

(ဃ) မာလိန်မှူး အန်တိုနီဖလင်းဒတ်သည် ခရစ် ၁၇၃၀–ပြည့်၊ အသက် ၆၆–နှစ်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးမေရီယာဒိတ်သည် ခရစ် ၁၇၃၂၊ အသက် ၄၈–နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း လေ့လာသိရှိနိုင်ပါသည်။

ထိုထိုသော အထောက်အထားများကြောင့် ရှင်မွေ့နွန်းဂူလည်းမဟုတ်၊ ဇေင်ကာဂူလည်းမဟုတ်၊ သန်လျင်သူ အမျိုးသမီး 'မေရီယာဒိတ်'၏ ဂူသာ ဖြစ်ပါကြောင်း လေ့လာသိရှိနိုင်ပါရန် တင်ပြရပါသည်။

အံပွား(စလေ)

စာကိုး


၁၆-၁-၉၄ လုပ်သားသတင်းစာ
၁၉၉၄–ခုနှစ်၊ ဩဂုတ်လ ငွေတာရီမဂ္ဂဇင်း
၁၉၉၄–ခုနှစ်၊ စက်တင်ဘာလ ငွေတာရီမဂ္ဂဇင်း
မောင်အေးသန့်၏ သချိုင်းကပြောသော သမိုင်းအကြောင်း တစေ့တစောင်း

စာမူကိစ္စများ ဆက်သွယ်ဆောင်ရွက်လိုပါက
အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး
လှဘုန်းမိုးရွှေ စာပေ
အမှတ်(၂၁၂)၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဖုန်း-၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅




www.burmeseclassic.com


www.burmeseclassic.com



ဘုရားကျောင်းအတွင်းရှိ သင်္ချိုင်းဂူပုံ
အလျားလိုက်ပုံ




ဘုရားရှိခိုးကျောင်းဟောင်းအတွင်းရှိ အုတ်ဂူ
သန်လျင်သူ အမျိုးသမီး 'မေရိယာဒိတ်' ၏ ဂူ
ဖြစ်ပါသည်။
ငင်ကာဂူ မဟုတ်ပါ။
ရှင်မွေ့နွန်းဂူလည်း မဟုတ်ပါ။



သန်လျင်မြို့၏ ရှေးဟောင်းပေါ်တူဂီ ခရစ်ယာန်
ဘုရားရှိခိုးကျောင်းဟောင်းပုံ

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# သချိုင်းစာများက ပြောသော သမိုင်းအကြောင်း

# တစေ့တစောင်း

မောင်အေးသန့်

၁၆ ရာစုအစပိုင်းကာလတွင် မြန်မာနိုင်ငံအပါအဝင် အာရှတောင်ပိုင်းဒေသများသည် ပေါ်တူဂီတို့၏ ကျက်စားရာဒေသဖြစ်ခဲ့သည်။ ယင်းသို့ ပေါ်တူဂီတို့ အရှေ့တိုင်းနိုင်ငံများသို့ လာရောက်ခြင်းမှာလည်း နယ်ပယ်သစ်ရလိုခြင်း၊ ကြွယ်ဝ ချမ်းသာသော အရှေ့တိုင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်လိုကြခြင်းတို့ကြောင့်ပင် ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍မူ မြန်မာနိုင်ငံ၏ သဘာဝအဖိုးတန်ပစ္စည်းများဖြစ်သော ကျောက်မျက်ရတနာများ၊ ချိပ်၊ ပျားဖယောင်း၊ ဆင်စွယ်၊ သားကောင် ဦးချို သံဖြူစသည်တို့ကို ပေါ်တူဂီတို့က အလိုရှိကြ၏။ ထို့ကြောင့် ပေါ်တူဂီတို့ သည် မြန်မာ့ဆိပ်ကမ်းမြို့များဖြစ်သော ဒလ၊ ပဲခူး၊ မုတ္တမနှင့် တနင်္သာရီဒေသများသို့ မကြာခဏလာရောက်ကာ မြန်မာ့ထွက်ကုန်ပစ္စည်းများကို သယ်ဆောင်၍ ဥရောပနိုင်ငံများသို့ သွားရောက်ရောင်းချခြင်းဖြင့် အမြတ်အစွန်းများ များစွာရရှိကြလေသည်။

ဤသို့ နယ်ပယ်သစ်ရှာဖွေရင်းဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ပေါ်တူဂီတို့သည် မြန်မာ၊ မွန်၊ ရခိုင်မင်းများလက်အောက်တွင် အမှုထမ်းခဲ့ကြသည့်နည်းတူ ဂရိ၊ ဗင်းနစ်၊ တူရကီ၊ ဂျူး၊ အာမေးနီးယန်း၊ မဂို၊ အိန္ဒိယတိုင်းရင်းသားများ၊ ဂျာဗားကျွန်းမှ တိုင်းရင်းသားများလည်း ပါဝင်အမှုထမ်းခဲ့ကြပေသည်။ ယင်းသို့ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်မှု၊ သာသနာပြုမှုစသည့်လုပ်ငန်းများကို အထူးသဖြင့် ပေါ်တူဂီတို့က ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့မြေပေါ်တွင် အိုးအိမ်ထူထောင်၍ အခြေတကျနေထိုင်ကာ မြန်မာ့မြေပေါ်တွင်ပင် ကွယ်လွန်ခဲ့ကြသူများ ရှိခဲ့သည်။ ဤနေရာတွင် ယင်းကွယ်လွန်သူများ၏ သချိုင်းစာတမ်းများက ပြောသောသမိုင်းကို တတ်အားသမျှ ဖော်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့မြေပေါ်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၇၀ ခန့်က ကွယ်လွန်ခဲ့ကြသော ပေါ်တူဂီနှင့် အာမေးနီးယန်းသင်္ချိုင်းစာများမှာ တသီးတခြားကွဲပြားတည်ရှိနေကြပါသည်၊ ပထမ သင်္ချိုင်းစာတမ်းများ တည်ရှိရာ နေရာမှာ မဟာဗန္ဓုလလမ်းနှင့် ၄၈ လမ်းထောင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးအနီး မြေတွင် နစ်မြုပ်နေသော ကျောက်စာချပ်များဖြစ်ပြီး ဒုတိယ သင်္ချိုင်းစာတမ်းစုမှာ ပဲခူး ကလျာဏီကျောက်စာရုံအတွင်း တည်ရှိပါသည်၊ တတိယအစုမှာ သန်လျင်မြို့ရှင်မွေးလွန်းကုန်းပေါ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်း တည်ရှိသည်၊

ဦးစွာ ပထမ မဟာဗန္ဓုလလမ်းနှင့် ၄၈ လမ်းထောင့်ရှိ ကြေးတိုင်နှင့် မြေစာရင်းရုံးအနီးမှ သင်္ချိုင်းစာများအကြောင်းကို အမှတ်စဉ်ထိုး၍ ဖော်ပြလိုပါသည်၊

အမှတ်(၁)ကျောက်စာတွင် လက်တင်အက္ခရာဖြင့် . . .

Ego resuscitabo eumin novissimo die

ဟူ၍ ကျောက်စာအထက်ပိုင်းတွင် ရေးထိုးထားသည်၊ ယင်းကျောက်စာ၏ အောက်ပိုင်းကိုမူ မတွေ့ရ၊ မည်သည့်နေရာမှ သင်္ချိုင်းစာဖြစ်သည်ကိုလည်း မသိရှိရပေ၊ အမည်မသိ ပုဂ္ဂိုလ်တစ်ဦးအား မြှုပ်နှံထားကြောင်းနှင့် လက်တင်အက္ခရာ၏ မြန်မာပြန်ဆိုချက်အရ (ငါသည် သူ့အား နောက်ဆုံးနေ့တွင် ရှင်ပြန်ထမြောက်စေမည်)ဟူသည့် အကြောင်းရပ်ကိုသာ သိရှိရပါသည်၊

အမှတ်(၂)သင်္ချိုင်းစာတွင် ပေါ်တူဂီ၊ လက်တင်၊ မြန်မာအက္ခရာများဖြင့် ရေးထိုးထားရာ ပေါ်တူဂီအက္ခရာဖြင့် -

Aqui esta Sepultado o Corpo de Antonio Fernands

o qual foi Cazado com Maria Dias, natural de Malaca de jdade de Cefsenta fette annos que falleceo Em(14) de Dezembro de 1730.

လက်တင်အက္ခရာ

REQUIESCATINPACE

ဟူ၍လည်းကောင်း၊ လက်တင်ဘာသာဖြင့် သူငြိမ်းချမ်းစွာ နားနေပါစေသတည်း၊ (Rest in peace) ဟူ၍ အဓိပ္ပာယ်ရသော စာတမ်းကိုလည်းကောင်း၊ မြန်မာအက္ခရာဖြင့် (၁၀၉၁ ခု၊ ပြာသိုလပြည့် ၅ ရက်နေ့ ၂ ချက်တီးကျော်တွင် ဆာရာယာနိတ်ဘာသင်သော မာလိန်အံထော်နီ ဖရနတ် အသက် ၆၆ နှစ်မှ တံနဲသည်း)ဟူ၍ လည်းကောင်း ရေးထိုးထားပါသည်၊ ပေါ်တူဂီ အက္ခရာဖြင့် ဘာသာပြန်မှာ အသက် ၆၇ နှစ်အရွယ် ၁၇၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကွယ်လွန်သော မလက္ကားဇာတိ၊ မာရီယာဒိတ်နှင့် လက်ဆက်သူ အင်တိုနီယိုဖာနင်ဒတ်စ်အား ဤနေရာတွင် မြှုပ်နှံထားသည်ဟု အဓိပ္ပာယ်ရပါသည်၊

အမှတ်(၃)ကျောက်စာ၌ အာမေးနီးယန်း၊ ပေါ်တူဂီ၊ လက်တင်၊ မြန်မာအက္ခရာတို့ဖြင့်ပင် ရေးထိုးထားသော ကျောက်စာဖြစ်ပြီး ပေါ်တူဂီအက္ခရာဖြင့် -

Aqui esta Sepultado o Corpo de Coja Petrus de Saruc Natural de Malaca de lulfa, que, sendo de ydade de 47, annos, falleceo Im 20, de Outubro de 1725.

ဟူ၍ ဖော်ပြပါရှိပြီး လက်တင်အက္ခရာဖြင့် သူငြိမ်းချမ်းစွာ နားနေပါစေဟူသော စာတမ်းပါရှိပါသည်၊ မြန်မာအက္ခရာဖြင့် ဖော်ပြရာတွင် (၁၀၈၇-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့တွင် သင်ဘောသူကြီး ပေထရူ သေလွှဲ) ဟူ၍ ရေးထိုးထားပါသည်၊ ပေါ်တူဂီအက္ခရာမှ ဘာသာပြန်ဆိုချက်မှာ (အသက် ၄၇ နှစ်အရွယ်၊ တိုဂျာစီထရုစ်ဒီရုစ်၊ အူလ်ဖာဇာတိ၊ ၁၇၂၅ ခု၊ အောက်တိုဘာ ၂၀ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဤနေရာ၌ မြှုပ်နှံထားသည်)ဟူ၍ ဖြစ်သည်၊

အမှတ် (၄) သင်္ချိုင်းစာတွင် အာမေးနီးယန်း၊ ပေါ်တူဂီ၊ လက်တင်၊ မြန်မာအက္ခရာများဖြင့် ရေးထိုးထားသည်၊ ပေါ်တူဂီအက္ခရာမှာ -

Aqui esta scpultado o Corpo de Joannes Avac

de nacao Armenia natural

de Persia, o qual falleceo de

www.burmeseclassic.com

Ydade de 48 Annos Aos 29, de Decembro de 1737.

ဖြစ်ပြီး - . မြန်မာအက္ခရာမှာ (သက္ကရာဇ် ၁၀၉၉ ခု၊ တပို့တွဲလဆန်း ရှစ်ရက် စနေနေ့တွင် ဟင်သာဒမြို့နေ အဝါနတ် တရားတော်နောက်သို့ လိုက်သည်) ဟူ၍ ဖြစ်ပါသည်၊ ပေါ်တူဂီအက္ခရာဘာသာပြန်ဆိုချက်အရ (အာမေးနီးယန်းလူမျိုး၊ ပါရှားပြည်ဇာတိ၊ အသက် ၄၈ နှစ်အရွယ်ရှိ အဝါနီအဘက် အမည်ရှိသူသည် ၁၇၃၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကွယ်လွန်သဖြင့် ဤနေရာ၌ မြှုပ်နှံသည်)ဟူ၍ အဓိပ္ပာယ် ရရှိပါသည်၊

အမှတ် (၅)သင်္ချိုင်းစာတွင် ရေးထိုးထားသည့် ပေါ်တူဂီအက္ခရာနှင့် မြန်မာအက္ခရာတို့ကို ဆက်လက်ဖော်ပြလိုပါသည်၊ ပေါ်တူဂီ အက္ခရာမှာ -

Aquis esta Sepultado o Corpo de Zacarias filho de Joannes Acrau natural de Siriao de 1732. Janr; 18.

ဟူ၍ ဖြစ်ပြီး မြန်မာအက္ခရာဖြင့် ရေးထိုးထားသည်မှာ (၁၀၉၃ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့၊ အဝါနတ်သား စက်ကရားကံပြစ်သည်)ဟူ၍ ဖြစ်သည်၊ ပေါ်တူဂီအက္ခရာကို ဘာသာပြန်ဆိုချက်အရ သိရသည်မှာ (သန်လျင်ဇာတိ၊ အဝါနတ်အက်ကရော၏သား စက်ကရား၊ ၁၇၃၂ ခု ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အနိစ္စရောက်၍ ဤနေရာတွင် မြှုပ်နှံထားသည်)ဟူ၍ ဖြစ်ပါသည်၊

ဆက်လက်၍ ပဲခူးမြို့ တောင်ဘက် ၃ မိုင်ကွာရှိ မြို့ကလေးတွင် တွေ့ရှိရသော ကျောက်စာ (၄) ချပ်ကို ဖော်ပြပါမည်၊

အမှတ်စဉ်(၁) ကျောက်စာတွင် ပေါ်တူဂီအက္ခရာဖြင့် -

Aqui Isa Izaqbel Soubrinha de Abreu,

Filha Legitima ..Frco Soubrinho de Abr.

ဟု ဖော်ပြထားရာ အဓိပ္ပာယ်မှာ (ဤနေရာတွင် ဖရန်စစ္စကို ဆိုဗရင် ဒီအက်ဗရူး၏ တရားဝင်သမီး အီဇဘယ် ဆိုဗရင်ဟာ ဒီဘက်ဗရူး၏ အမြှုပ်ရှိသည်) ဟူ၍ ဖြစ်ပါသည်၊

ကျောက်စာအမှတ်(၂)တွင်လည်း လက်တင်အက္ခရာ၊ အာမေးနီးယန်း အက္ခရာတို့ဖြင့် ရေးထိုးထားသည်၊ လက်တင်အက္ခရာမှာ . .

AEDEM HANC AD FIDEM PROPANGANDAM,

cis 'ius ti Cler: Re: S: Pauli Nicholaus de Agualar Et Margarita Conjux Aedificabant Anno Dominil Sancto MDCCL.

ဖြင့်ပြီး အဓိပ္ပာယ်အားဖြင့် (စိန်ပေါဝိုက်းဘုန်းတော်ကြီးများသာသနာပြုရန် နီကိုလတ်ဒီအဂွိလာနှင့် ဇနီးမာဂရစ်တာတို့သည် ဤအဆောက်အအုံကို ခရစ်တော်၏ မွန်မြတ်သော ၁၇၅၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းသည်) ဟု ဆိုလိုပါသည်၊

အမှတ်(၃) ကျောက်စာပါ ပေါ်တူဂီအက္ခရာတွင် -

Aqui esta Sepultado o Corpo de Gvilhermo.Stringfellow filho legitimo de Henry Strigfellow, ede Anna Simoens,oqual falleceó de Idede de 8. annos nomez de Nouembro do Anno 1742.

ဟု ရေးထိုးထားပြီး အဓိပ္ပာယ်မှာ (ဟင်နရီစထရင်းဖဲလိုးနှင့် (ဇနီး) အင်နာဆိုင်မွန်တို့၏ သား အသက် ၈ နှစ်အရွယ်၊ ၁၇၄၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကွယ်လွန်သူ ဝီလျံစထရင်းဖဲလိုး၏ (အလောင်း) ဤနေရာတွင် မြှုပ်နှံသည်)ဟူ၍ ဖြစ်ပါသည်၊

အမှတ်(၄) ကျောက်စာတွင် အာမေးနီးယန်းအက္ခရာ၊ ပေါ်တူဂီအက္ခရာ၊ မြန်မာအက္ခရာတို့ဖြင့် ရေးထိုးထားပါသည်၊ ပေါ်တူဂီအက္ခရာမှာ -

Aquiesta Sepultado o Corpo de Pedro, natural do Reyno de Ava, q falleceo do I. de mayo de 1749.

ဟူ၍ ဖြစ်ပြီး မြန်မာအက္ခရာဖြင့် ရေးထိုးရာတွင် (သက္ကရာဇ် ၁၁၁၁ ခု တော်သလင်းသဆ် ၄ ရက် ၆ ရက်နေ့တွင် သင်ဘောသူကြီးနကလော်ယောက်ဘာ



www.burmeseclassic.com

www.burmeseclassic.com

မောင်ညွန့် အသက် ၃၆ နှစ် လွန်သည်) ဟူ၍ ဖြစ်ပါသည်။ ဤအမှတ် (၄) ကျောက်စာပါ ပေါ်တူဂီအက္ခရာဘာသာ ပြန်ချက်မှာ (အင်းဝနိုင်ငံသား ဇာတိ၊ ၁၇၄၉ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကွယ်လွန်သော ပီဒရိုက်(အလောင်း) ဤနေရာတွင် မြှုပ်နှံသည်)ဟူ၍လည်းကောင်း၊ အာမေးနီးယား အက္ခရာဘာသာပြန်ချက်တွင် (ဤကား ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာ၍ ပီဒရိုစ်ဟူ၍ အမည်ပေးခံရပြီး ၁၇၄၉ ခုနှစ်တွင် သေဆုံးသူ သချိုင်းတည်း)ဟု လည်းကောင်း အဓိပ္ပာယ်ပေါ်ထွက်ပါသည်။

ပဲခူးမြို့ကလေးမှ တွေ့ရှိရသော ကျောက်စာ (၄)ချပ်ကို ဖော်ပြပြီးနောက် သန်လျင်၊ ရှင်မွေးလွန်းကုန်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်းရှိ ပေါ်တူဂီ၊ လက်တင်၊ မြန်မာအက္ခရာတို့ဖြင့် ရေးထိုးထားသည့် သချိုင်းစာတမ်းအမှတ်(၁)ကို ဖော်ပြပါဦးမည်။ ယင်းသချိုင်းစာတမ်းပါ ပေါ်တူဂီအက္ခရာမှာ -

Aqui esta Sepultada (o) Corpo de Maria Dias Mulher que joi de Antonio Fernandes Natural de Siriao de y dede de 48, Annos ... a qual Jalleceo em .... de Marco de 1732.

ဟူ၍ ဖြစ်ပြီး၊ အဓိပ္ပာယ်မှာ (သန်လျင်မြို့သူ အသက် ၄၈ နှစ် အရွယ်ရှိ အန်ထော်နီ ဖနင်ဒက်၏ ဇနီး မေရီယာ ဒိတ်၊ ၁၇၃၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကွယ်လွန်သဖြင့် မြှုပ်နှံထားသည်)ဟူ၍ ဖြစ်ပါသည်။ လက်တင်အက္ခရာများ၏ အနက်အဓိပ္ပာယ်မှာ သူမ ငြိမ်းချမ်းစွာ နားနေပါစေ (Rest in peace) ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။

မြန်မာအက္ခရာဖြင့် ရေးထိုးရာတွင် မူ ( ခု၊ တဘောင်လပြည်ကျော် ၂ ရက်၊ နေ ---- တ်၊ တိတော့်တွင် ဆရာယာနိတ် မွေးသမိသတ် ၄၈ နှစ်တွင် တံနဲသည်)ဟူ၍ ဖော်ပြထားပါသည်။

နောက်ဆုံး တင်ပြလိုသည့် သချိုင်းစာတမ်းတစ်ချပ်မှာ သန်လျင်ဘုရားရှိခိုးကျောင်းသစ်အတွင်းတည်ရှိသည်ဟု အမှတ်အသား တွေ့ရှိရသော သချိုင်းစာ အမှတ် (၂) ဖြစ်ပါသည်။ (မာရီယာဒိတ် သချိုင်းစာတမ်းနှင့် မသက်ဆိုင်ပါ)။ ယင်းကျောက်စာတွင် လက်တင်အက္ခရာဖြင့် -

Hio. Jacet. Petrus. Joannis Filius.
Asphami. Natus.
Armenus. Genere.
Officio. Sacerdos.
Qui. in Cathol a.
Ecclesiae Sinu.
Moriens.
VIII Idus Junii Auno.
Domini MDCCL III.
Aetatis Suae. Lxi Praeclarum.
Religionis. Exemplum. Suis.
Imitandum. Religuit.

ဖော်ပြထားရာ အဓိပ္ပာယ်မှာ ပီတာ အမည်ရှိ ဂျိုဟာနစ်၏ သား အာမေးနီးယန်းလူမျိုး ဘုန်းကြီး အစ္စပဟန်တွင် မွေးဖွားသော အသက် ၆၁ နှစ်အရွယ်ရှိသူ၊ ၁၇၅၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အရင်ဂိုဏ်းဘာသာဝင်အဖြစ် အနိစ္စရောက်ရာ ထိုအမျိုးသားအတွက် ကောင်းမွန်သော နမူနာတစ်ခုကို အတုယူလိုက်နာရန် ထားရစ်သည်ဟူ၍ ဖြစ်ပါသည်။

အချုပ်အားဖြင့် လွန်ခဲ့သော နှစ် ၂၇၀ ခန့်က မြန်မာနိုင်ငံတွင် ကွယ်လွန်ခဲ့ကြသည့် အာမေးနီးယန်း၊ ပေါ်တူဂီ၊ လက်တင်၊ မြန်မာအက္ခရာစာတမ်းများပါ သချိုင်းစာ ၁၁ ချပ်ကို မူရင်းအတိုင်း တင်ပြထားပါသည်။ ဆက်လက်၍ ဖော်ပြပါ ကျောက်စာများကို မည်သို့ရှာဖွေတွေ့ရှိခဲ့ပုံ၊ ကျောက်စာတစ်ချပ်ချင်းတွင်ပါရှိသည့် အကြောင်းအရာအချက်အလက်များ။ ထို ခေတ်စီးပွားရေး၊ လူမှုရေးဆိုင်ရာစသည်များကို ဆက်လက်ဖော်ပြသွားလိုပါသည်။

## ကျောက်စာများတွေ့ရှိပုံ

မဟာဗန္ဓုလလမ်းနှင့် ၄၈ လမ်းထောင့်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးအနီး သချိုင်းကျောက်စာများ တွေ့ရှိပုံမှာ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စာရေးသူ၏ မိတ်ဆွေဒေါက်တာဦးကျော်ဝင်း(ပါမောက္ခ၊ သမိုင်းဌာန) နေထိုင်ရာ ၄၈ လမ်းသို့ သွားရောက်ခဲ့ရာ

www.burmeseclassic.com

မဟာဗန္ဓုလလမ်းဘက်မှ ၄၈ လမ်းသို့ အဝင် လက်ယာဘက် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ရုံးအနီး အမှိုက်ပုံ မြေကြီးအတွင်း တစ်ဝက် တစ်ပျက် နစ်မြုပ်နေသော ကျောက်စာ ချပ်များကို တွေ့ရှိရပါသည်၊ ဆရာ ဦးကျော်ဝင်း၏ နေအိမ်သို့ရောက်ပြီး တွေ့ရာလေးပါး စကားပြောနေကြစဉ် ... စာရေးသူက ဦးကျော်ဝင်းအား ၄၈ လမ်းထိပ်တွင် ကျောက်စာအပိုင်းအစများ တွေ့ခဲ့ကြောင်း၊ ဤကျောက်စာများမှာ တစ်ချိန်က ကြေးတိုင်နှင့် မြေစာရင်းရုံးတွင် ရှိခဲ့ဖူးသော ပေါ်တူဂီကျောက်စာများ ဖြစ်သည်ကို ဖတ်မှတ်ဖူးကြောင်း ပြောပြပါသည်၊ ထို့နောက် သူငယ်ချင်းနှစ်ယောက် ကျောက်စာများရှိသည့်နေရာကို သွားရောက်ကြည့်ရှုရာ မြေတွင် နစ်မြုပ်နေသဖြင့် ကျောက်စာပါအကြောင်းအရာများကို တိကျစွာ မသိရှိခဲ့ပါ။

နောက်တစ်ရက်၊ နှစ်ရက်ခန့်တွင် ဆရာဦးကျော်ဝင်းက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနသို့ အကြောင်းကြားသဖြင့် ဒေါက်တာ ခင်မောင်ညွန့်ဦးဆောင်သော ဆရာ၊ ဆရာမများ ကျောက်စာချပ်များ ရှိရာနေရာသို့ လာရောက်တူးဖော်လေ့လာ ကြပါသည်၊ စာရေးသူလည်း ထိုနေရာသို့ ရောက်ရှိသွားခဲ့ပါသည်၊ ထို့နောက် ကျောက်စာများကို စနစ်တကျ တူးဖော် ရေးကူး မှတ်တမ်းတင်ပြီး ယခင် နိုင်ငံ သမိုင်းဦးစီးဌာနမှ စာရေးသူ၏ မိတ်ဆွေ ဦးတင့်(သုတေသနလက်ထောက်-၃) ဤသချိုင်းပါ အကြောင်းအရာများကို ၂၄. ၃. ၇၉ နေ့က စာတမ်းဖတ်ကြားခဲ့ပါ သည်၊

ဤနေရာတွင် ကျောက်စာချပ်များ၏ ထူးခြားပုံကို တင်ပြလိုပါသည်၊ ယင်း ကျောက်စာချပ်ကြီးများ၏ ပမာဏမှာ အလျား ၆ ပေ၊ ၃ လက်မ၊ အနံ ၃ ပေ ၃ လက်မ၊ ထု ၅ လက်မ၊ အလေးချိန် ၅ တန်ခန့်ရှိပြီး လှပသော အနုပညာကျောက် ဆစ်လက်ရာပြောင်မြောက်စွာဖြင့် ထုလုပ် ထားပါသည်၊ ထူးခြားချက်တစ်ရပ်မှာ ကမ္ပည်းစာသားများထုရာတွင် အလွန်သေ သပ်လှပသည့် ဖောင်းကြွအက္ခရာများဖြင့် ထုဆစ်ထားခြင်းပင် ဖြစ်သည်၊ မြန်မာ နိုင်ငံတွင် ရှေးဟောင်းပျူခေတ်မှ ယခု အချိန်အထိ ကျောက်စာထွင်းထုရာ၌ များ သောအားဖြင့် ကျောက်မျက်နှာပြင်တွင် ထွင်း၍ စာလုံးအက္ခရာများ ရေးထိုးလေ့ ရှိပါသည်၊ ယခု မြန်မာနိုင်ငံတွင် တွေ့ရ သော ပေါ်တူဂီ၊ အာမေးနီးယန်း ကျောက် စာများမှာ ကျောက်သားမျက်နှာပြင်ထက် ဖောင်းကြွသောအက္ခရာစာလုံးများဖြင့်သာ ထုဆစ်ထားပါသည်၊ (သန်လျင်ရှင်မွေးနွန်း ကုန်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပျက် အတွင်းရှိ မာရီယာဒိတ်၏ သချိုင်းမှ စာတမ်းကို လေ့လာနိုင်ပါသည်၊) ထို့ပြင် ဖော်ပြပါကျောက်စာများ၏ အဓိကထူး ခြားချက်မှာ သေဆုံးသူ၏ ကျောက်စာ တွင် ဘာသာသုံးမျိုး သို့မဟုတ် လေးမျိုး (အာမေးနီးယန်း၊ ပေါ်တူဂီ၊ လက်တင်၊ မြန်မာ)တို့ဖြင့် ရေးထိုးထားခြင်းပင် ဖြစ် သည်။

မိတ်ဆွေ ဦးတင့်၏ လေ့လာစုံစမ်း ချက်အရ အထက်ဖော်ပြပါ ပေါ်တူဂီ အာမေးနီးယန်းစာပါ ကျောက်စာသုံး ချပ်မှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ယခင် ကြေးတိုင်မင်းကြီးရုံးစိုက်ရာကြေး တိုင်ရုံး)မြေညီထပ် လှေကားအောက်သို့ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်ကြောင်း ထိုရုံးဝန်ထမ်းများက ယင်းကျောက်စာများ မှာ သချိုင်းစာများဖြစ်သည်ကိုလည်း ယခင်ကပင် သိရှိကြကြောင်း၊ ယင်းသချိုင်း စာများ မိမိတို့ရုံးဌာနတွင် ရှိနေသဖြင့် စိတ် မသိုးမသန့်ဖြစ်ခဲ့ကြသည့်ပြင် တစ်ခါတစ်ရံ ဝန်ထမ်းတချို့ ဖျားနာလာသည်ကိုပင် ဤ ကျောက်စာများကြောင့်ဟု စွဲလမ်းခဲ့ကြ ကြောင်း၊ နောက်ဆုံးတွင် ဝန်ထမ်းတစ်ဦး လှေကားမှ ချော်ကျဖျားနာသေဆုံးသည် ကို အကြောင်းပြု၍ ၁၉၆၂ ခုနှစ်ခန့် ... ယင်းကျောက်စာသုံးချပ်ကို လှေ... အောက်မှ လမ်းဘေးသို့ ပြော... ... ခဲ့ကြောင်းများကို သိခွင့်ရပါသည်၊

မဟာဗန္ဓုလလမ်းနှင့် ၄... လမ်း ထောင့်ရှိ ပေါ်တူဂီ၊ အာမေးနီးယန် ကျောက်စာများ တွေ့ရှိပုံကို ဖော်ပြပြီး နောက် ပဲခူးကလျာဏီကျောက်စာရုံ အတွင်း ထားရှိခဲ့သော ကျောက်စာ... ချပ်တွေ့ရှိပုံကို ဆက်လက်တင်ပြ... သည်၊ ၁၉၃၅-၃၆ ခုနှစ်၊ ... ...

www.burmeseclassic.com

ဟောင်းသုတေသနဌာန(ထိုစဉ်က အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံရသော မြန်မာနိုင်ငံရှေးဟောင်းသုတေသနဆိုင်ရာ)အစီရင်ခံစာအရ ပေါ်တူဂီ၊ အာမေးနီးယန်းအက္ခရာစာတမ်းများပါ ကျောက်စာလေးချပ်ကို ပဲခူးမြို့တောင်ဘက်သုံးမိုင်ခန့်ကွာဝေးသော မြို့ကလေးအရှေ့စီးတီးရွာ ဘုရားပျက်တစ်ဆူမှ တွေ့ရပါသည်။ တွေ့ရှိပုံမှာ ဤသို့ ဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ မေလဆန်းခန့်တွင် ကုတ္တိုပင်ကို မိုးကြိုးပစ်ရာအနီးရှိ ဘုရားတစ်ဆူမှာ ကွဲအက်သွားခဲ့၏။ ထိုစဉ်အနီးရှိ ရွာသားအချို့က ဘုရားကို တူးဖော်ကြည့်ရာမှ ဖော်ပြပါ ကျောက်စာချပ်များနှင့် ကြေးဆင်းတု၊ ငွေဆင်းတုများကို တွေ့ရှိရခြင်း ဖြစ်သည်။ ကျောက်ပြားများမှာ မျက်နှာတစ်ဖက်တွင်သာ စာများ ရေးထိုးထားသည်။ ကျောက်စာလေးချပ်အနက် နှစ်ချပ်မှာ ပေါ်တူဂီအက္ခရာများဖြင့် လည်းကောင်း၊ တစ်ချပ်တွင် လက်တင်နှင့် အာမေးနီးယန်းအက္ခရာဖြင့် လည်းကောင်း၊ ကျန်အချပ်တွင် အာမေးနီးယန်း၊ ပေါ်တူဂီနှင့် လက်တင်အက္ခရာများဖြင့်လည်းကောင်း ရေးထိုးထားပါသည်။

သန်လျင်အုပ်စုတွင် ပါရှိသော ပေါ်တူဂီစာပါရှိသည့် ယနေ့သန်လျင်မြို့ ရှင်မွေးနွန်းကုန်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်းရှိ မာရိယာဒိတ်၏ သင်္ချိုင်းစာတွေ့ရှိပုံမှာလည်း ဤသို့ ဖြစ်သည်။ တစ်နေ့တွင် ဘီဖိုစီကုမ္ပဏီက ခရစ်ယာန်ဘုရားရှိခိုးကျောင်းပျက်ကြီးအနီး . . အဆောက်အအုံဆောက်ရန် မြေကြီးတူးစဉ် အုတ်အပိုင်းများပေါ်ထွက်လာခဲ့သည်။ သို့ဖြင့် ယင်းအုတ်ဝူအပိုင်းအစများကို သက်ဆိုင်ရာက ဘုရားရှိခိုးကျောင်းအတွင်းရွှေ့ပြောင်း၍ ပြန်လည်ဆက်စပ်ထားကြောင်း လေ့လာသိရှိရပါသည်။

## ရှင်းလင်းချက်

သင်္ချိုင်းစာများတွေ့ရှိပုံကို ဖော်ပြပြီးနောက် သင်္ချိုင်းစာတမ်းများနှင့် စပ်လျဉ်း၍ လိုရင်းအချက်ကို ရှင်းလင်းဖော်ပြရန် လိုပါသည်။ အမှတ်(၁) ကျောက်စာအရ အမည်မသိသူတစ်ဦးအား ဤနေရာတွင် မြှုပ်နှံထားကြောင်းနှင့် ငါသည် နောက်ဆုံးနေ့တွင် ရှင်ပြန်ထမြောက်စေမည်ဟူ၍ လက်တင်ဘာသာဖြင့် ရေထိုးထားသည်ကို သိရှိခွင့်ရပါသည်။

အမှတ်(၂) ကျောက်စာတွင် ၁၀၉၁ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်နေ့ ၂ ချက်တီးကျော် အချိန်တွင် ဆာရာယာနိတ်၏ ဖခင်သဘော်မာလိန် အံ့ဆာ်နီဖရနတ် (ဖာနင်းဒတ်)အသက် ၆၆ နှစ်အရွယ်၌ အနိစ္စရောက်ကြောင်း မြန်မာအက္ခရာဖြင့် ရေးထိုးထားပြီး ပေါ်တူဂီစာတန်းအရ ထိုသူမှာ မလက္ကားဇာတိ၊ မာရီယာဒိတ်နှင့် လက်ဆက်သူဖြစ်ကြောင်း၊အနိစ္စရောက်သည့်ခုနှစ်မှာ ၁၇၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်ဖြစ်ကြောင်း သိရပေသည်။

ကျောက်စာအမှတ် (၃)တွင် ၁၀၈၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် စနေနေ့တွင် သဘော်သူကြီး ပေထရုသေလွန်သည်ဟူ၍ မြန်မာအက္ခရာဖြင့် ရေးထိုးထားပြီး ပေါ်တူဂီအက္ခရာအရ သေသူ၏ အမည်အပြည့်အစုံမှာ ကိုဂျာပီထရိဆရစ်၊ အူလ်ဖာဇာတိ၊ အသက် ၄၇ နှစ်အရွယ်တွင် အနိစ္စရောက်သည်ကိုလည်းကော်း၊ အာမေးနီးယန်းဘာသာဖြင့် ခရစ်ယာန်သာသနာကို ပွင့်လင်းအောင်ထောက်ပံ့သူ၊ သူဆင်းရဲတို့အား ပေးကမ်းစွန့်ကြဲရာ၌ ရက်ရောသူ၊ ချမ်းသာကြွယ်ဝသည့် ကုန်သည်တစ်ဦးဖြစ်ကြောင်းများကို ထပ်မံ မှတ်သားရပါသည်။

ကျောက်စာအမှတ် (၄)အရ သက္ကရာဇ် ၁၀၉၉ ခု၊ တပို့တွဲလဆန်း ၈ ရက်၊ စနေနေ့တွင် ဟသ်ာတမြို့နေ အဝါနုတ် အနိစ္စရောက်ကြောင်း မြန်မာအက္ခရာအရ သိရှိရပြီး ပေါ်တူဂီအက္ခရာအရ အာမေးနီးယန်းလူမျိုးပါရှားပြည်ဇာတိ၊ ဂျိုဟာနစ်အာဗက်သည် ခရစ်နှစ် ၁၃၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ အသက် ၄၈ နှစ်အရွယ်တွင် အနိစ္စရောက်ကြောင်းများ သိရှိရပါသည်။

အမှတ်(၅)ကျောက်စာတွင် မြန်မာစာတန်းအရ ၁၀၉၃ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့၊ အဝါနုတ်သားစက်ကရား ကံပြစ်သည်ဟု ရေးထိုးထားပြီး ပေါ်တူဂီအက္ခရာအရ သန်လျင်ဇာတိအက်ကရော၏ သား စက်ကရားကို



www.burmeseclassic.com

www.burmeseclassic.com

၁၇၇၂ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဤနေရာ၌ မြှုပ်နှံထားကြောင်းကို ထပ်မံတွေ့သိရှိရသည့်အပြင် သေဆုံးသူ၏ အမည်မှာ အဝါနုတ်အက်ကရောဖြစ်ကြောင်း ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

ဆက်လက်၍ ပဲခူးမြို့၊ မြို့ကလေးတွင် တွေ့ရသော ကျောက်စာများနှင့် စပ်လျဉ်း၍ ဖော်ပြရသော် အမှတ် (၁) ပေါ်တူဂီကျောက်စာအရ ဤနေရာတွင် ဖရန်စစ္စကို ဆိုဇရင် ဒီ အက်ဗရွေး၏ တရားဝင်သမီး အီဇဘယ်ဆိုဇရင်ဟာဒီအက်ဗရွေး၏ အရိုးစုရှိသည်ဟု သိခွင့်ရပေသည်။

အမှတ် (၂) ကျောက်စာတွင် လက်တင်ဘာသာစာတန်းအရ စိန်ပေါဂိုဏ်း၊ ဘုန်းတော်ကြီးများသာသနာပြုရန် နိကိုလက်အင်ဂွိလာနှင့် ဇနီး မာဂရက်တာတို့သည် ဤအဆောက်အအုံကို ခရစ်တော်၏ မွန်မြတ်သော ၁၇၅၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းသည်ဟု ဖော်ပြထားပါသည်။

ယင်းကျောက်စာမှာ သန်လျင် ရှင်မွေးနွန်းကုန်းပေါ်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို ဆောက်လုပ်လှူဒါန်းသူ ဇနီးမောင်နှံ၏ ကောင်းမှုကို အရှည်သိနိုင်ရန် ရေးထိုးထားသည့် ကျောက်စာဖြစ်ပါသည်။ ဘုရားရှိခိုးကျောင်းအတွင်းမှ ဖော်ပြပါ ကျောက်စာပျောက်ဆုံးသွားသော်လည်း ကျောက်စာပါ လက်တင်အက္ခရာစာတန်းကို ဗြိတိသျှဘားမားဂဇက်တီးယားအတွဲ ၂ တွင် ဖော်ပြထားပါသည်။

၁၉၃၀ ပြည့်နှစ်၊ ဧပြီလထုတ် သူရိယ မဂ္ဂဇင်းတွင်မူ မော်ပီဆရာသိန်းကြီးက "၁၂၄၀ ပြည့်နှစ်တွင် ၎င်းတိုက်ကြီးအတွင်း တောခြုံအားကြီးလျက် အတွင်း၌တျားသစ်များ ခိုအောင်းနေသည်ကို တွေ့ရကြောင်း၊ ၎င်းမှ ကျောက်စာကို ရှေးက ကူးယူထားသော်လည်း ပျောက်ဆုံးသွားကြောင်း"ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

အမှတ်(၃) ကျောက်စာအရ ဟင်နရီ စထရင်းဖဲလိုးနှင့် ဇနီးအင်နာဆိုင်မွန်တို့၏ သား အသက် ၈ နှစ် အရွယ်ရှိ ကွယ်လွန်သူ ဝီလီယံစထရင်းဖဲလိုး၏ အလောင်းကို ၁၇၄၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဤနေရာ၌ မြှုပ်နှံကြောင်း သိရှိရသည်။

အမှတ်(၄) ကျောက်စာတွင် အင်းဝမြို့သား ဇာတိ၊ သဘော်သူကြီး နကလော် (နိကိုလပ်)၏ ယောက်ဖ မောင်ညွန့်သည် အသက် ၃၆ နှစ်အရွယ်၊ မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ သောကြာနေ့တွင် ကွယ်လွန်ကြောင်း၊ မောင်ညွန့်သည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းရာတွင် ပီဒရိုအမည်ခံယူကြောင်းနှင့် မောင်ညွန့်ကွယ်လွန်သည့် နှစ်မှာ ခရစ်နှစ် ၁၇၄၉ ခုနှစ်ဖြစ်ကြောင်းများ သိရ၏။ ယင်းမောင်ညွန့်မှာ သန်လျင်ဘုရားရှိခိုးကျောင်း ဒါယကာ နိကိုလပ် ဒီ အင်ဂွိးလားနှင့် ယောက်ဖတော်စပ်ကောင်း တော်စပ်မည်လောဟု ယူဆဖွယ်ရာ ရှိပါ ည်။

ဆက်လက်၍ ရှင်မွေ့နွန်းကုန်းရှိ သင်္ချိုင်းစာတန်းကို ဖော်ပြရသော် ကျောက်စာ အမှတ် (၁)တွင် အန်တိုနီယိုဖနင်းဒတ်ဇနီး၊ အသက် ၄၈ နှစ်အရွယ်ရှိ သန်လျင်ဇာတိ မာရီယာဒိတ်သည် ၁၇၇၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ကြောင်းကို ပေါ်တူဂီအက္ခရာအရလည်းကောင်း၊ မြန်မာစာတန်းအရ ၁၀၉၃ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (သုံးချက်တီး)ကျော်အချိန်တွင် ဆရာယာနိတ်မွေးသမိခင်၊ ၄၈ နှစ်အရွယ်တွင် အနိစ္စရောက်သည်ကိုလည်းကောင်း သိရပေသည်။ ဤသင်္ချိုင်းစာတန်းအရ မာရီယာဒိတ်သည် သန်လျင်သူဖြစ်ပြီး မလက္ကားဇာတိ၊ အန်တိုနီဖနင်းဒတ်နှင့် လတ်ဆက်ခဲ့ရာ သက္ကရာဇ် ၁၀၉၃ ခု အသက် ၄၈ နှစ်တွင် အနိစ္စရောက်ခဲ့သည်။ စင်စစ်အားဖြင့် သဘော်မာလိန်ဖနင်းဒတ်သည် ရေကြောင်းခရီးသွားလာရင်း သန်လျင်သူနှင့် ဖူးစာဆုံခဲ့ရာ သာသနာပြု ဆရာယာနိတ်ကို မွေးဖွားခဲ့ပါသည်။ သေဆုံးသူများ၏ အသက်ကို တွက်စစ်ကြည့်မည်ဆိုက မာလိန်ဖနင်းဒတ်သည် ခရစ်နှစ် ၁၇၃၀ ပြည့်၊ အသက် ၆၆ နှစ်တွင် အနိစ္စရောက်ပြီး မာရီယာဒိတ်မှာ ၁၇၇၂ ခုနှစ်၊ အသက် ၄၈ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စသဖြင့် လင်ယောကျ်ားမှ မိမိ ဇနီးထက် အသက် ၂၀ ကြီးသည်ကို

www.burmeseclassic.com

တွေ့ရပါသည်။ နောက်ဆုံးတင်ပြလိုသော ကျောက်စာမှာ သန်လျင်တွင် တွေ့ရှိသည်ဟု အမှတ်အသားရှိသည့် အမှတ် (၂) ကျောက်စာဖြစ်ပြီး ယင်းကျောက်စာအရ ပိတာအမည်ရှိ ဘုန်းတော်ကြီး၊ အာမေးနီးယန်းလူမျိုး၊ အစ္စပတန်တွင် မွေးဖွားသည့် အသက် ၆၁ နှစ်အရွယ်ရှိသူ ၁၇၅၃ ခု၊ ဇွန်လ ၃ ရက်နေ့တွင် ဘရင်ဂျီဘာသာသို့ ကူးပြောင်း၍ အနိစ္စရောက်ရာ ၎င်းအမျိုးသားများအတွက် အတုယူလိုက်နာရန် စံနမူနာကောင်းတစ်ခုကို ထားရစ်ခဲ့ကြောင်း သိရပါသည်။

တစ်နည်းအားဖြင့် အာမေးနီးယန်းဘာသာမှ ဘရင်ဂျီဘာသာသို့ ကူးပြောင်းအနိစ္စရောက်သော ပိတာ၏ ထူးခြားသော အကြောင်းရပ်များကို ဖော်ပြပါ သင်္ချိုင်းစာတန်းအရ သိခွင့်ရပါသည်။ (မှတ်ချက်။ အထက်ဖော်ပြပါ သင်္ချိုင်းစာတန်းများကို အမှတ်စဉ် ရေးထိုးထားခြင်းမှာ စာရှုသူများ လွယ်ကူရှင်းလင်းစေရန် ရည်ရွယ်၍ စာရေးသူ၏သဘောအရ ရေးထိုးထားခြင်း ဖြစ်ပါသည်။)

## နောက်ခံသမိုင်း

အထက်ဖော်ပြပါ ကျောက်စာများတွင် ပါရှိသော အထောက်အထားများအရ သေဆုံးသူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ကြည့်လျှင် ဆရာယာနိတ်၏ ဖခင် အန်ထော်နီဖာနင်းဒတ်သည် သင်္ဘောမာလိန်တစ်ဦးဖြစ်သည်။ အလားတူပင် ကိုရာဗီထရှသည်လည်း သင်္ဘောသူကြီး၊ ခရစ်ယာန်ဘာသာကို ချီးမြှင့်ထောက်ပံ့သူ ဆင်းရဲသားတို့အား ရက်ရက်ရောရောပေးကမ်းစွန့်ကြဲသူ၊ ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်ပေသည်။ နီကိုလပ်အင်ဗွီလာနှင့် ဇနီးဖြစ်သူ မာဂရစ်တာတို့မှာမူ သန်လျင်ရှိ ဘုရားရှိခိုးကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းသူ ဇနီးမောင်နှံများ ဖြစ်ကြပါသည်။

၁၈ ရာစုဝန်းကျင်တွင် ဒဂုံ၊ သန်လျင်၊ ပဲခူးသို့ လာရောက်နေထိုင်ကြသော နိုင်ငံခြားသားတို့၏ အခြေအနေကို သုံးသပ်ကြည့်မည်ဆိုလျှင် ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များအတွင်း အင်္ဂလိပ်နှင့် ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကုမ္ပဏီများ တည်ထောင်၍ သန်လျင်တွင် တုန်တိုက်များ ဖွင့်ကာ အခြေချနေထိုင်လာခဲ့ကြကြောင်း တွေ့ရှိရသည်။ ခရစ်နှစ် ၁၆၈၈ ခုနှစ်တွင် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသည် သန်လျင်တွင်ပင် အခြေချလုပ်ဆောင်လာခဲ့ပြန်သည်။ မြန်မာနိုင်ငံ၏ သွင်းကုန်၊ ပို့ကုန်များကိုလည်း သန်လျင်ကိုပင် ဆိပ်ခံမြို့အဖြစ်အခြေပြုလုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်အဖြစ် ဆင်စွယ်၊ သစ်စေး၊ ဝါ၊ ပိုးထည်နှင့် ရေနံများ တင်ပို့ပြီး မြန်မာနိုင်ငံသို့ လက်နက်ခဲယမ်းမီးကျောက်များ၊ အထည်အလိပ်နှင့် အခြားကုန်ပစ္စည်းများကို သွင်းကုန်များအဖြစ် တင်သွင်းခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံသို့ လာရောက်ကြသော နိုင်ငံခြားသားများအနက် ပြင်သစ်၊ အီတလီ၊ ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးများ၊ စွန့်စားသွားလာသူပေါ်တူဂီများ ပါဝင်ပေသည်။

## ရန်ကုန်မြို့ရှိ အစောဆုံးတွေ့ရသော သင်္ချိုင်းများ

ရန်ကုန်မြို့တွင် ခရစ်ယာန်သင်္ချိုင်း သုံးခုကို အစောဆုံးတွေ့ရှိရပေရာ ပထမသင်္ချိုင်းမှာ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် မြဝတီလိမိတက်အနီး ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားရာ နေရာရှိ အာမေးနီးယန်းသင်္ချိုင်း ဖြစ်ပါသည်။ ၁၉၃၈ ခုမတိုင်မီက ထိုသင်္ချိုင်းတွင် အုတ်ဂူ ၂၄ လုံးရှိရာ အုတ်ဂူ ၈ လုံးတွင်သာ ကမ္ပည်းစာများ ရေးထိုးထားသည်။ ယင်း အုတ်ဂူ ၈ လုံးအနက် အစောဆုံး ကွယ်လွန်သူ၏ ရက်စွဲမှာ ဟာရပြီယက်မက်ကာတွန်း (၂၇. ၅. ၁၈၁၁) ဖြစ်ပါသည်။

ဒုတိယသင်္ချိုင်းမှာ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သိမ်ဖြူလမ်းနှင့် မီးရထားလမ်းအကြား အိုးအိမ်ဦးစီးဌာန မြောက်ဘက်ရှိ အာမေးနီးယန်းသင်္ချိုင်း ဖြစ်ပြီး အစောဆုံးကွယ်လွန်သူ၏ အုတ်ဂူပါ ရက်စွဲမှာ မာနွေးပြေတ္တရပ် ၁၆. ၆. ၁၈၃၀ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုပုဂ္ဂိုလ်၏ သင်္ချိုင်းဂူကျောက်စာတွင် အာမေးနီးယန်း၊ အင်္ဂလိပ်၊ မြန်မာသုံးဘာသာဖြင့် ရေးထိုးထားရာ မြန်မာဘာသာဖြင့် (သင်္ဘောသူကြီး မဟာဘောဂရာဇသူ



www.burmeseclassic.com

www.burmeseclassic.com

အဖ မန္တလေးပြေတ္တရပ် အသက် ၇၄ နှစ်ရှိသူသည် ၁၁၉၂ ခု၊ နယုန်လဆန်းတွင် ကံကုန်၍ သည်နေရာမှ သင်္ဂြိုဟ်သည်ကို မှတ်သည်)ဟု ဖော်ပြထားပါသည်။

တတိယသင်္ချိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်း တောင်ဘက် ၃၃ လမ်းရှိ ခရစ် (Crisp)မိသားစုများ မြှုပ်နှံထားရာ သင်္ချိုင်းဖြစ်ပါသည်။ ထိုသင်္ချိုင်းတွင် အစောဆုံးကွယ်လွန်သူ ဆာရာခရစ် (Sarah Crisp)၏ သေဆုံးရက်စွဲမှာ (၂၈. ၂. ၁၈၂၄) ဖြစ်ပါသည်။

ထို့အပြင် အရေးပေါ် မြှုပ်နှံခဲ့သည် သင်္ချိုင်းများဟု ဆိုရမည်ဖြစ်သော ဗိုလ်တထောင်သင်္ချိုင်း၊ ရွှေတိဂုံသင်္ချိုင်း၊ ပုဇွန်တောင် သင်္ချိုင်းများလည်း ရှိပေသေးသည်။

ဗိုလ်တထောင်သင်္ချိုင်း(ဗိုလ်တထောင် ဘုရားပရဝုဏ်အတွင်း)တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၅၃) အတွင်း ကျဆုံးသော ဗြိတိသျှဘက်မှ အရာရှိအရာခံအကြပ်များကို မြှုပ်နှံထားရာ အစောဆုံး သေဆုံးသူမှာ မဒရပ် အမြောက်တပ်မှ ဧအက်(ဖ်)အုတ် (A.F.Okaes)(၁၄. ၄. ၁၈၅၂) ဖြစ်ပါသည်။ ရွှေတိဂုံရင်ပြင်ပေါ်ရှိ သင်္ချိုင်း (၁၉၂၉ ခုနှစ်က ရွှေ့ပြောင်းပြီး)မှာလည်း ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် ကျဆုံးသူ ဗြိတိသျှတပ်သားများကို မြှုပ်နှံထားရာ သင်္ချိုင်းပင် ဖြစ်သည်။ ရွှေတိဂုံတိုက်ပွဲတွင် ကျဆုံးသူ အမှတ် (၁၈) အိုင်းရစ်တပ်ရင်းမှ ဗိုလ်အဆင့်ရှိသူ ရောဘတ်ဒိုရန် (Robart Doran)၏ သေဆုံးရက်မှာ (၁၄. ၄. ၁၈၅၂)ဖြစ်ပြီး ပုဇွန်တောင် သင်္ချိုင်းတွင် တွေ့ရှိရသော အစောဆုံး သေဆုံးသူမှာ စီအမ်ခရို့(C.M. Criap) (၂၀. ၅. ၁၈၆၂) ဖြစ်ပါသည်။

ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)ရှိ စိန့်ဂွန်းရိုမန်ကတ်သလစ်ဘုရားကျောင်းဝင်းအတွင်း ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄-၂၆)တွင် ကျဆုံးသည့် မဒရပ် ကြည်းတပ်မှ ဗိုလ်မှူး တီဝေါကာ (Major T Walker)၏ ကျောက်စာတစ်ချပ် ရှိပေသေးသည်။ ထိုကျောက်စာအရ ဗိုလ်မှူးဝေါ့ကာ၏ သေဆုံးရက်မှာ (၅. ၁၂. ၁၈၂၄)ဟု ဖော်ပြပါရှိပါသည်။

အထက်ဖော်ပြပါ ရန်ကုန်မြို့ရှိ အစောဆုံး တွေ့ရသည့် သင်္ချိုင်းများမှ သေဆုံးသည့် ခုနှစ်သက္ကရာဇ်များကို ဆန်းစစ်လျှင် ဆူးလေဘုရားလမ်းရှိ အာမေနီးယန်းသင်္ချိုင်းမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၇၀ ခန့်က တည်ရှိခဲ့သော အစောဆုံး သင်္ချိုင်းပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၁၈၃၆ ခုနှစ်က ရန်ကုန်သို့ ရောက်ရှိလာသော ဘဲင်းနက်ဆိုသူ၏ "လွန်ခဲ့သောနှစ် ၅၀ ခန့်က ရန်ကုန်" မှတ်တမ်းတွင် ရန်ကုန်တွင် နိုင်ငံခြားသားများ၏ ဘုရားရှိခိုးကျောင်း ၄-၅ ကျောင်း ရှိသည်ဟု ဖော်ပြခြင်း၊ ဂရန့်ရေးသားသော "ရန်ကုန်သို့ခရီးကြမ်း"စာအုပ်တွင် ရန်ကုန်မြို့၌ အာမေနီးယန်းဘုရားရှိခိုးကျောင်း တစ်ဆောင်၊ ရိုမန်ကတ်သလစ်ဘုရားရှိခိုးကျောင်းတစ်ဆောင်၊ ၎င်းအနီးတွင် သင်္ချိုင်းတစ်ခုရှိကြောင်း ဖော်ပြထားခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။ ယင်းမှတ်တမ်းတွင် ဖော်ပြသော ရိုမန်ကတ်သလစ်ဘုရားရှိခိုးကျောင်းမှာ ယနေ့တွေ့နေရသော ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)ရှိ ရိုမန်ကတ်သလစ်ဘုရားရှိခိုးကျောင်း နေရာပင် ဖြစ်ပါသည်။ ယင်းအနီးရှိ အာမေနီးယန်းသင်္ချိုင်းဆိုသည်မှာလည်း အိမ်စောင့်အစိုးရလက်ထက် ရွှေ့ပြောင်းခဲ့သော ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အာမေနီးယန်းသင်္ချိုင်းပင် ဖြစ်ပါသည်။ ထိုသင်္ချိုင်းမှ အုတ်ဂူစာတမ်းများမှာ ၄၈ လမ်းရှိ ကြေးတိုင်မင်းကြီးရုံးသို့လည်းကောင်း၊ အချို့သန်လျင်နှင့် ပဲခူး(မြို့တလေး)သို့လည်းကောင်း ခေတ်ကာလအခြေအနေအရ ပြောင်းရွှေ့ရောက်ရှိသွားသည်ဟု ယူဆပါသည်။

စာရေးသူ၏ မိတ်ဆွေဦးတင့်၏ သင်္ချိုင်းစာတမ်းပါ ကောက်ချက်အရ ရှေးဟောင်း အမွေအနှစ်ကို မြတ်နိုးသူ၊ သုတေသနလုပ်ငန်းတွင် အာရုံစူးစိုက်သူ ကြေးတိုင်မင်းကြီးအဖြစ် အမှုထမ်းခဲ့သူ ဂျေအက်(စ်)ဖာနီဗယ်က ဝါသနာအလျောက် အာမေနီးယန်းသင်္ချိုင်း ကျောက်စာများကို စုစည်းထိန်းသိမ်းခဲ့ခြင်းပင် ဖြစ်သည်။ စာရေးသူ၏ သဘောအရ ကြေးတိုင်မင်းကြီးဖာနီဗယ်ကိုယ်တိုင်ပင် အာမေနီးယန်းသင်္ချိုင်းမှ ကျောက်ချပ်များ



www.burmeseclassic.com

www.burmeseclassic.com

ကို မိမိနှုံးသို့ ရွှေပြောင်း၍ ပြတိုက်သဖွယ် ပြုလုပ်ထားဖွယ်ရှိသည်ဟု ယူဆပါသည်။

ပဲခူးမြို့ မြို့ကလေးအနီး စေတီတစ်ဆူအတွင်းမှ တွေ့ရှိရသော သန်လျင်ဘုရားရှိခိုးကျောင်းကျောက်စာအပါအဝင် ခရစ်ယာန်သင်္ချိုင်းစာ ၄ ချပ်မှာ မူလက မည်သည့်နေရာတွင် မြှုပ်နှံ၍ မည်သို့ပြောင်းရွှေ့သွားသည်ကို မသိရှိရပေ။ မော်ပီ ဆရာသိန်းကြီး၏ မှတ်တမ်းအရ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်မတိုင်မီက တောခြုံအားကြီး၍ သစ်ကျားများ ခိုအောင်းနေသော သန်လျင်ဘုရားရှိခိုးကျောင်းအတွင်းနံရံရှိ ကျောက်စာကို ကူးယူဖူးကြောင်း ဖတ်ရှုရသဖြင့် ခရစ်နှစ် ၁၈၇၈ ခုနှစ် ပတ်ဝန်းကျင်လောက်အထိ ထိုကျောက်စာမှ ဘုရားရှိခိုးကျောင်း နံရံတွင်ပင် ရှိနေသေးကြောင်း မှတ်ယူနိုင်ပါသည်။ သို့သော် ဘုရားရှိခိုးကျောင်းကျောက်စာအပါအဝင် ကျန်သင်္ချိုင်းစာ ၃ ချပ်မှာ မည်သို့ မည်ပုံ ပဲခူးမြို့ကလေးအနီးရှိ စေတီတစ်ဆူအတွင်း သွတ်သွင်းထားခဲ့သည်ကို စဉ်းစား၍ မရနိုင်ခဲ့ပါ။

ဖြစ်နိုင်ချေတစ်ရပ်မှာ ထိုစဉ်က ခရစ်ယာန် သာသနာရောင်ထွန်းပြောင်ခဲ့သော သန်လျင်နှင့် ပဲခူးတို့ တစ်ဆက်တစ်စပ်တည်းရှိခဲ့ရာ ကွယ်လွန်သူများနှင့် သက်ဆိုင်သော ကျန်ရစ်သူများက ခေတ်ကာလ အခြေအနေအရ အထက်ဖော်ပြပါ သမိုင်းစာတမ်းပါ ကျောက်စာများကို လုံခြုံစိတ်ချရသော သာသနိကအဆောက်အအုံ အတွင်း သွတ်သွင်းထားခဲ့ပေသလော။ သို့တည်းမဟုတ် ယင်းကျောက်စာချပ်များမှာ သာသနာရေးနှင့် နှီးနွယ်နေသည်ဟု ယူဆသူများက စေတီတစ်ဆူအတွင်း ထည့်သွင်းဌာပနာခဲ့ပေသလောတု တွေးတောကြံဆမိပါသည်။

### သင်္ချိုင်းစာတမ်းပါ မြန်မာစာ အသုံးအနှုန်း

အထက်ဖော်ပြပါ သမိုင်းစာတမ်းများပါသော သေဆုံးသည့်ခုနှစ်များကို ကြည့်ရှုလျှင် ခရစ်နှစ် ၁၇၂၅၊ ၁၇၃၀၊ ၁၇၃၂၊ ၁၇၃၇၊ ၁၇၄၂၊ ၁၇၄၃ စသည့် ခုနှစ်များတွေ့ရှိရမည်ဖြစ်ပါသည်။ ခေတ်ကာလအပိုင်းအခြားအားဖြင့် အလောင်းမင်းတရားကြီး တည်ထောင်သော ကုန်းဘောင်ခေတ်မတိုင်မီ ညောင်ရမ်းခေတ်နှောင်းပိုင်းတွင် ကွယ်လွန်သူများဖြစ်ရာ နှစ်ပေါင်း ၁၇၀ နီးပါးခန့်ရှိပြီဖြစ်သည်။

ယင်းညောင်ရမ်းခေတ် နှောင်းပိုင်း ခရစ်ယာန်ဘာသာဝင်ကွယ်လွန်သူများ၏ မြန်မာဘာသာဖြင့် ရေးထိုးသော သင်္ချိုင်းစာတမ်းများကိုလေ့လာလျှင် ကံနဲသည်၊ သေလွန်၊ လွန်သည်၊ ကံပြစ်သည်၊ တရားတော်နောက်လိုက်သည် . . ဟူသော အသုံးအနှုန်းများကို တွေ့ရပေရာ အလွန်ထိမိသော တရားတော်များနှင့် ညီညွတ်သော၊ သိပ်သည်းကျစ်လျစ်သည့် အသုံးအနှုန်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

နိဂုံးချုပ်အနေဖြင့် ညောင်ရမ်းခေတ်နှောင်းပိုင်းမှ ခရစ်ယာန်သင်္ချိုင်းဘုတ်ဂူစာတမ်းများကို လေ့လာခြင်းအားဖြင့် ထိုခေတ် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် နယ်ပယ်ကို တစေ့တစောင်းလေ့လာသိရှိခွင့်ရရှိပါကြောင်း တင်ပြအပ်ပါသည်။

မောင်အေးသန့်

ရည်ညွှန်း



- ဦးသိမ်းမောင်၊ ရန်ကုန်ရာဇဝင်သမိုင်း။
- ရွှေဟောင်းသုတေသနဌာန အစီရင်ခံစာ (၁၉၃၅-၃၆)
- နဂါးပိုလ်ထိပ်တင်ထွေး၊ ရန်ကုန်ရာဇဝင်၊
- မောင်တင့်၊ သုတေသနလက်ထောက်(ငြိမ်း)၊ သင်္ချိုင်းစာတမ်း၊
- ဦးအေးကျော်၊ "အလောင်းမင်းတရားလက်ထက် ရန်ကုန်"ပညာပဒေသာစာစောင်၊ အတွဲ ၂၊ အပိုင်း ၁၊
- British Burma Gazetter Vol. II.
- B.R.Pearn. A History of Rangoon
- D.E. Hall. Europe and Burma.
- A Rough Trip to Rangoon
- Rangoon 50 years ago.




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မွေတက်သော အမွေ

(ယခင်လမှအဆက်)

ကျော်မြသန်း

ကတ်(စ်)ဘီခေါ် အင်္ဂလိပ်အုပ်ချုပ်ရေးကာလ အစဦးပိုင်းတွင် သူတို့တိုက်ကို နေဖြစ်ရုံပြင်ဆင်ပြီး ရန်ကုန်ကို ပြန်လည်ပြောင်းရွှေ့ခဲ့ကြသည်။

ထိုသို့ ပြောင်းရွှေ့နေထိုင်ပြီးမှ ပတ်ကား ပြင်ဆင်မှုကို ဆက်လုပ်ရသည်။

ဦးသင်းမောင်က အင်္ဂလိပ်ငွေစက္ကူများကို ရတနာပစ္စည်းများနှင့်အတူ စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားခဲ့သောကြောင့် ထောင်မလဲ သဲကော် ဂျပန်ငွေစက္ကူများ လုံးဝတန်ဖိုးမဲ့သွားစေကာမူ ဦးသင်းမောင်အတွက် ထိခိုက်မှု လုံးဝမရှိခဲ့။

အင်္ဂလိပ်ပြန်အဝင် အင်္ဂလိပ်ငွေစက္ကူများ ရွှေနှင့်အလားတူ တန်ဖိုးရှိနေသောအချိန်တွင် ဦးသင်းမောင်လက်ဝယ်မှာ အင်္ဂလိပ်ငွေစက္ကူများ သောင်းနှင့်ချီ၍ရှိနေသည်။

အင်္ဂလိပ်ငွေစက္ကူများမှာ လူများစု လက်ထဲတွင်မရှိ။ ဂျပန်ခေတ်က အင်္ဂလိပ်ငွေစက္ကူ လက်ဝယ်တွေ့သွားလျှင် အနည်းဆုံး လက်သည်းခွံ အခွာခံရမည်မို့ လိုရမည်ရ သိမ်းဆည်းသားသူများပင် မီးရှို့ဖျက်ဆီးပစ်ကြရသည်။

အင်္ဂလိပ်ငွေတန်ဖိုး အတက်ဆုံးအချိန်။ ရွှေ စိန်သည်ပင် အင်္ဂလိပ်ငွေစက္ကူနှင့် လဲလှယ်ရန် ဖလှယ်ပစ္စည်းဖြစ်ပြီး ဈေးအကျဆုံးအချိန်ဖြစ်သွားသည်။

ဦးသင်းမောင်က ပထမတန်း စိန်ထည်များကို ထပ်မံ၍ ဝယ်ယူထားလိုက်ပြန်သည်။

သူ၏ မူလစီးပွားရေးလုပ်ငန်း ပြန်စဖို့အတွက် အချိန်စောင့်ရဦးမည်။ ဘယ်အချိန်တွင် လုပ်ငန်းပြန်စနိုင်မည်ကို ခန့်မှန်းလို့ မရနိုင်သေး။

စိန်အရောင်းအဝယ်လုပ်ငန်း ဘက်သို့ အလှည့်အပြောင်းလုပ်လိုက်သည်။ အင်္ဂလိပ်ခေတ် စိန်အရောင်းအဝယ်လောကကို လက်ဝါးကြီးအုပ်ကိုင်တွယ်သားသည့် အိန္ဒိယသို့ ပြန်သွားကြသော စိန်ဘာဘူများ ပြန်မရောက်ကြသေး။

စိန်ဘာဘူများနှင့် အရောင်းအဝယ်လုပ်နေကျ နာမည်ရ စိန်ပွဲစားကြီးများကို စုံစမ်း၍ အဆက်အသွယ်ရှာရသည်။

ရှေးခေတ် စိန်ပွဲစားများမှာ လူကုံထံအမျိုးသမီးကြီးများ ဖြစ်ကြ၏။ အထက်တန်းလွှာလောကမှ နာမည်တစ်လုံးရှိသူ လူသန့်သန့်များသာ စိန်လောကမှာ ဝင်ဆံ့သည်။

ခုခေတ်လို သောကောရောကော ပြောက်သောက်ခေတ်မဟုတ်။ စိန်ဘာဘူတွေကလည်း သူတို့နှင့် ဆက်ဆံရင်းစွဲရှိသူ စိတ်ချရသူများနှင့်သာ ဆက်ဆံလုပ်ကိုင်သည်။

ဘောက်သမားကို လက်မခံ။ သူတို့ထံ အဝင်အထွက် လုပ်သည်မျိုးကိုပင် လက်မခံ။

တကယ့် နာမည်ရ ဂရိတ် စိန်ပွဲစားကြီးများမှာ အမျိုးသမီးကြီးများဖြစ်၍ အရေအတွက်အားဖြင့် လက်ချိုးရေတွက်လို့ပင် ရသည်။

အင်္ဂလိပ်ခေတ် ပွဲစားလောကတွင် စိန်ပွဲစား၊ စပါးပွဲစား၊ အထက်အောက် စားသောက်ကုန်ပွဲစားဟူ၍ ပွဲ စားသုံးမျိုးသာရှိသည်။

ပွဲစားကြီး ဦးဘယ်သူဘယ်ဝါခေါ် ဘယ်သူဘယ်ဝါဟူ၍ ဂုဏ်တင်ခေါ်ဝေါ်ကြသည်။

ကျေးလက်တောရွာ နွားပွဲတွေမှာ နွားပွဲစားဟူ၍ ရှိ၏။ အောက်ဆုံးအဆင့် ပွဲစားအမျိုးအစား။

ခုခေတ်လို ကျောက်ပွဲစား၊ ဆိမ်

www.burmeseclassic.com

ပွဲစား၊ မြေပွဲစား၊ ကားပွဲစား၊ ဟိုသင်းသည်သင်း ပွဲစားဟူ၍ မရှိ။ ပွဲစားပေါင်းစုံခေတ်က ခုမှဖြစ်ရှိလာသည်။ ပေါ်ပေါက်လာသည်။

ဟိုခေတ်က ပွဲစားကြီးများမှာ အမှန်အကန်။ ခုခေတ် ပွဲစားပေါင်းစုံကတော့ အကြံအဖန်။

တွင်းထွက် ကျောက်မျက်ရတနာများကို ရောင်းသူနှင့် ဝယ်သူ တိုက်ရိုက်ထိတွေ့ဆက်ဆံ၍ ရောင်းဝယ်ကြသည်။

ပြင်သစ်နှင့်အင်္ဂလန်မှာ မြန်မာလူမျိုးများကိုယ်တိုင် ကျောက်မျက်ရတနာဆိုင်ကြီးများဖွင့်ပြီး ရောင်းဝယ်ကြသည်လည်း ရှိသည်။

စပါးပွဲစားကြီးများထဲမှာ စတီးဘရားသားကခန့်ထားသည့် ကိုယ်စားလှယ် စပါးပွဲစားကြီးများမှာ နှယ်နှယ်ရရ မဟုတ်။

ခေါင်းပေါင်းစ တလူလူနှင့် မော်မော်ကြွားကြွားကြီးနေကြသည်။ ဘယ်နေရာရောက်ရောက် ဦးစားပေး နေရာမျိုးတွင် နေရသည်။ ဧည့်ဝတ်ပြု ဧည့်ခံရသည်။

ပွဲစားကြီးများ လက်အောက်မှာ လက်ခွဲပွဲစားကြီးငယ်တွေ ရှိကြသည်။ လက်ခွဲပွဲစားကြီးငယ်များက တရိုတသေ ဆက်ဆံရသည်။

စတီးဘရားသား၊ ဘာလုတ်ဘရားသား ကုမ္ပဏီမျက်နှာဖြူများသည်ပင် အသိအမှတ်ပြု ပွဲစားကြီးများနှင့် ဆက်ဆံရာတွင် တလေးတစား မဟုတ်သည့်တိုင် အရာထားပြီး နေရာပေး ဆက်ဆံကြသည်။

အထက်ကုန် ငရုတ်၊ ကြက်သွန်၊ ပဲ၊ နှမ်းနှင့် အောက်ထွက်ကုန် ပုစွန်ခြောက်၊ ငါးခြောက်၊ ငါးပိ၊ ဆားအရောင်းအဝယ်လုပ်ငန်း ပွဲစားကြီးများဆိုလျှင် ကြိုတင်ငွေ၊ လိုအပ်ငွေများ ထုတ်ပေးနိုင်သည်အထိ ကုန်သိုလှောင်ရန် နေရာများထား၍ လုပ်ကိုင်ကြသည်။

သူတို့မှာ ပွဲခအပြင် အရောင်းအဝယ်ပေါ်မှ အမြတ်အစွန်းငွေကို ပါ ရကြသည်။ သူတို့ကိုလည်း ပွဲစားကြီးဟုပင် ခေါ်ကြသည်။

စိန်ပွဲစားကြီးဟူ၍လည်း သီးသန့်ရှိသည်။ သူတို့က အခြားကျောက်မျက်ရ တနာများကို မကိုင်။ စိန်သန့်သန့်သာ။

အမျိုးသား စိန်ပွဲစားမရှိ။ အမျိုးသမီး စိန်ပွဲစားသာရှိသည်။ စိန်နှင့်ပတ်သက်၍ ဆက်ဆံရာတွင် အမျိုးသမီးချင်းသာ အဆက်အဆံ များကြသည်။

စိန်ကို အမျိုးသားကမရောင်း။ အမျိုးသမီးများကသာ ရောင်းလေ့ရှိကြသည်မို့ အမျိုးသမီးချင်းသာ အဆက်အဆံရှိကြသည်။

စိန်ပွဲစား အမျိုးသမီးကတော့ စိန်ဘာဘူနှင့် အဆက်အဆံလုပ်ကြသည်။ ဟိုခေတ်မှာ ပွဲစားဆိုတာ တည်တည်တံ့တံ့နေထိုင်သည်။ လုပ်ကိုင်ကြသည်။

ခုခေတ်မှာလို ပွဲစားလက်ထဲ ပေးလိုက်သည့်ပစ္စည်း ကိုယ့်လက်ဝယ် ပြန်ရောက်မှ ဟင်းချရသည့် အဖြစ်မျိုးမရှိ။ လည်ပင်းတရှည်ရှည် မျှော်ရသည်မျိုးလည်း မရှိ။

ပွဲစားကလိမ်လို့ ရဲစခန်းတို့၊ တရားရုံးတို့ ရောက်ရသည်မျိုးလည်း မရှိ။ အနီ၊ အပြာ၊ အစိမ်း ကျောက်ပွဲစားဟူ၍ သီးသန့်မရှိ။

အနီ၊ အပြာ၊ အစိမ်း ကျောက်မျက်များကို စကော့ဈေး(ဗိုလ်ချုပ်ဈေး)မှာ ဆိုင်ကြီးများဖွင့်၍ ပေါ်ပေါ်ထင်ထင် ရောင်းကြသည်။

တစ်ပွင့် နှစ်ပွင့် လိုချင်သလား၊ တစ်ဆင်စာ လိုချင်သလား၊ ဒင်လုံးကြီး လိုချင်သလား။ အချိန်မရွေး သွားဝယ်။ အဲဒီတော့လည်း ကျောက်ပွဲစား ဘယ်ရှိပါ့မလဲ။

ကားပွဲစား။ ဟိုတုန်းက ကားပွဲစားဝေါဟာရ မရှိခဲ့။ ကိုယ်ပိုင်စီးကားအရေအတွက်လည်း အလွန်နည်းပါးသည်။

ကားအသစ်ရောင်းသည့် ကားရောင် တိုက်ကြီးများရှိသည်။ လိုချင်သည့်ကားကို ကားရောင်းသည့် ပြခန်းမှာ သွားကြည့်။ ကြိုက်နှစ်သက်ရာကားကို လက်ညှိုးထိုးပြီး ဝယ်လို့ရသည်။ အရောင်းခန်းမ ဖွင့်ချိန် အချိန်မရွေး သွားဝယ်။

ကိုယ်က ဟောင်းသွားလို့၊ ဒါမှမဟုတ် မော်ဒယ်(လ်)အသစ်ပေါ်လို့ လက်ဝယ်ရှိကားနှင့် လဲလိုလျှင် ငွေအလိုက်ပေးပြီး လဲလို့ရသည်၊ ဖလှယ်လို့ရသည်။ သို့တည်းမဟုတ် ကား အရောင်းတိုက်မှာ ငွေအလိုက်ပေး

www.burmeseclassic.com

ပြီး ဖလှယ်ရတာ နစ်နာသည်ထင် လျှင် သတင်းစာထဲမှာ ကားရောင်း ရန်ရှိသည် ကြော်ငြာထည့်လိုက်ရုံ သာ။ ရောင်းချသူနှင့် ဝယ်လိုသူ တော့ တော့ဆိုင်ဆိုင် တွေ့ပြီး အရောင်း အဝယ် စကားပြောရုံသာ။

ကိုယ်ပိုင်စီး ကားအပြင် ကြည့် မြင်တိုင်-စက်ဆန်း ခရီးသည်တင် ပြေးဆွဲသည့် ဘတ်(စ်)ကားများလည်း ရှိသည်။ ကားကြီးတွေ မဟုတ်။ မျက် နှာချင်းဆိုင် ထိုင်စီးရသည့် အမိုးနိမ့် ကားအသေးလေးတွေ။

သို့တစေ ဘတ်(စ်)ကားစီးသူ အရေအတွက်နည်းသည်။ ဥဒဟို ထွက်နေသော မီးရထား၊ ဓာတ် ရထား၊ အာအီးတီ ဘတ်(စ်)ကား ကြီးများနှင့် လော်လီများလည်း ရှိ သောကြောင့် ချောင်ချောင်ချိချိ စီးရ သော မီးရထား ဓာတ်ရထားများကို သာ စီးကြသည်။

ဘတ်(စ်)ကား အရောင်းအဝယ် လည်း မရှိ။ သို့မို့ကြောင့် ကားပွဲစား ဟူ၍ မရှိ။

အိမ်ပွဲစား။ ကားပွဲစား ဝေါဟာ ရမရှိသလို အိမ်ပွဲစား ဝေါဟာရ လည်းမရှိပါ။ ဆောက်ပြီးသား လက် ဝယ်ပိုင်ဆိုင်သည့်အိမ်၊ မြေကိုပြန် ရောင်းသူမှာ မရှိသလောက်ပင်။

အကြောင်းမသင့်၍ အခိုက် အလှည့်မသင့်၍ ပြန်ရောင်းချင်သူရှိ ပါကလည်း ရောင်းမည့်အိမ်ရှေ့မှာ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဆိုင်းဘုတ်ကလေး ချိတ်ထားလိုက်ရုံ သာ။ "ဖော်ဆဲ(လ်)"၊ "ရောင်းရန်" ဟူ၍။

ပွဲစားမလို။ ရောင်းချင်သူနှင့် ဝယ်လိုသူ ဈေးညှိ၍ အရောင်းအဝယ် လုပ်ကြသည်။ အိမ်ငှားမှာလည်း ထို နည်းလည်းကောင်း။

အပျောက်ငွေ၊ အဆမတန် စပေါ်ငွေစနစ် မရှိ။ ငှားမည့်အိမ်ရှင် က အိမ်ရှေ့မှာ ဆိုင်းဘုတ်ကလေး ချိတ်လိုက်ရုံသာ။

"တူလက်"၊ "ငှားရန်"

ငှားလိုသူက နေရာနှင့်အိမ်ကို ကြိုက်လျှင် အိမ်ရှင်နှင့် တိုက်ရိုက် ပြော။ စပေါ်တစ်လခ ပြီးရော။ အိမ် ပွဲစားဟူ၍ မရှိ။

ကတ်(စ်)ဘီ လက်ထက်နှင့် ကက်(စ်)ဘီနောက်ပိုင်း လက်ထက် အထိ စစ်သုံးကားငယ် ကားကြီးများ ကို လေလံစနစ်သဘောဖြင့် ရောင်း ချခဲ့သည်။

သူတို့ အသုံးမလိုတော့သည့် ဂျစ်ကား၊ ဒေါ့ဂျစ်ကားနှင့် စစ်ကား အကြီးစားများကို အတွဲလိုက်လည်း ကောင်း၊ တစ်စီးချင်းလည်းကောင်း ရောင်းချခဲ့သည်။

အခု အသံလွှင့်ရုံ နေရာဝင်း ကြီးထဲတွင် သံဆူးကြိုးခတ်၍ ကား များကို အစုလိုက်၊ အပုံလိုက်ထား သည်။ ကားရောင်းချသည့် နေရာ တွင် မျက်နှာဖြူမေဂျာ (ဗိုလ်မှူး)တစ် ယောက်မှာ အဓိကဖြစ်သည်။ သူနှင့် ပြေလည်ရင် ပြေလည်သလို လုပ်လို့ ရသည်။

ကားများကို အုပ်စုသုံးစု ခွဲ ထားသည်။ အေ၊ ဘီ၊ စီ။

အေအုပ်စုကားများမှာ အနည်း အကျဉ်းသာ ပြုပြင်ရမည်။ ဘီအုပ်စု ကားများမှာ အလယ်အလတ် ပြုပြင် ရမည်။ စီအုပ်စု အင်ဂျင်ရော ဘော် ဒီပါ ဗုန်းဗုန်းကျနေသည့်ကားများ။

မေဂျာနှင့် ပြေလည်နေလျှင် အေအုပ်စုဝင်ကားများမှာ ဘီအုပ်စု ဝင်ဖြစ်သွားသောကြောင့် ဘီအုပ်စု ဝင်ဈေးနှင့် ရသည်။

ဆိုပါတော့။

အေအုပ်စုဝင် သုံးစီး၊ ဘီအုပ်စု ဝင် နှစ်စီးကို ငါးစီးစလုံး ဘီအုပ်စုဝင် စာရင်းထဲသို့ ဝင်လျှင် ကိုယ့်အတွက် အိုကေသည်။ စိုပြည်မည်။ တွက်ခြေ ကိုက်ဖို့ သေချာသည်။

သူ့အတွက်လည်း ထိုက်သင့် သလောက် အပေးအကမ်း (ဝါ) ပရဲ စင်း လက်ဆောင်ပေးရသည်။

မေဂျာကြီးအတွက် လက် ဆောင်ပစ္စည်းမှာ ငွေစက္ကူပေးလို့ မရ။ ရွှေဒင်္ဂါးပဲ ပေးရသည်။ လက် သုံးချောင်းထောင်လျှင် သုံးပြား၊ ငါး ချောင်းထောင်လျှင် ငါးပြား။

သူလက်ထောင်လျှင် ဈေးဆစ် လို့ မရ။ ရက်(စ်) မေဂျာ၊ အောရိုက် ဂျင်တယ်လ်မင်း။ ဒါဆို ကိစ္စပြီးသည်။

သူတောင်းသည့်အတိုင်း မပေး နိုင်လျှင် "ဆောရီးမေဂျာ"ပြော၍ ထွက်ပေါက်ကို ပြန်ပေတော့။ အဲဒီ တုန်းက ကားဈေးနှုန်းမှာ တစ် ထောင့်ငါးရာ အများဆုံး။



www.burmeseclassic.com

www.burmeseclassic.com

ပြုပြင်ပြီး ဇျစ်ကားတစ်စီး ရောင်းဈေးနှုန်းကလည်း လေးထောင်နှင့်ငါးထောင်ဝန်းကျင်သာရှိသည်။ ပြင်ဆင်စရိတ်ကလည်း သက်သာသည်။ အပိုပစ္စည်းကလည်း မရှား။

ကားတွေထားသည့် ဝင်းထဲပဲရသည်။ သူ့နည်းသူ့ဟန်တော့ ရှိသပေါ့။ အထာသိရင် ဘာမဆိုပေါက်သည်။ သုံးစီးကို ရောင်းတန်းဝင်နှစ်စီးပြန်လုပ်ရင်တောင် ထက်ဝက်နီးပါး မြတ်သည်။

ခုခေတ်လို ပေါင်းဆေးတို့ မှုတ်ဆေးတို့ မလို။ လက်သုတ်ဆေးနှင့် ကိစ္စပြတ်သည်။ ဇျစ်ကားတစ်စီး လေးငါးထောင်ပင် ဝယ်စီးနိုင်သူ နည်းသည်။

ဦးသင်းမောင်က အဲဒီဘက်ကိုလည်း အလှည့်အပြောင်း လုပ်လိုက်သေးသည်။ မေဂျာကြီးနှင့် လက်ချင်းချိတ်မိသွားသည့်နောက် အတော်ပင် အလုပ်ဖြစ်လိုက်သည်။

သူနှင့်ခေတ်ပြိုင် စီးပွားရေးလုပ်ကိုင်သူတွေ အကွက်မတွေ့၊ လမ်းပေါက်ရှာနေဆဲ။ အလုပ်မဖြစ်စမ်းတဝါးဝါး။

ဦးသင်းမောင်ကမူ မူလလုပ်ကိုင်ခဲ့သည့် လုပ်ငန်းကြီးကို ဆက်လက် မလုပ်ကိုင်နိုင်သေးသော်လည်း လုပ်ငန်းသေးများဖြင့် အလုပ်ဖြစ်နေသည်။ အကွက်မိနေသည်။

ကိုသက်အောင်တို့ ဖခင်ကြီးက အဲဒီလို စီးပွားရှာဖွေခဲ့သူ ဖြစ်သည့်အလျောက် သူတို့၏ လူနေမှုအဆင့်မှာ လူလားမြောက်သည်အထိ ရွှေပေါ်မြတင် နေခဲ့ရသည်ဟု ဆိုရမည်ပါ။

အကယ်၍ ... အစ်ကိုဖြစ်သူကိုမင်းအောင်သာ မိသားစုအပေါ် မေတ္တာတရားနှင့် မျှတစိတ် ထားရှိခဲ့လျှင် သူတို့မိသားစု၏ ဘဝခရီးလမ်းကြောင်း ဖြောင့်ဖြူးသာယာနေမည်မှာ သေချာသည်။

ခုတော့ . . . ။ မဖြစ်သင့်တာတွေ ဖြစ်ကုန်သည်။ မိသားစု ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကျော်မကောင်း ကြားမကောင်း ဖြစ်ရပ်အထွေထွေနှင့် ထွေးရစ်ခဲ့ရသည်။

ဖခင်ကြီး အသက်ရှင်စဉ်အထိ ထိန်းသိမ်းတည်ရှိခဲ့သော မျိုးရိုးအစဉ်အလာ ဂုဏ်သိက္ခာများ ပျက်ယွင်းခဲ့ရသည်။

ညီအစ်ကိုချင်း ဖြစ်ရသည့်ကိစ္စတွင် တစ်ယောက်သောသူမှာ အရွယ်မတိုင်မီ သေခြင်းမကောင်းသော လမ်းကြောင်းပေါ်သို့ ရောက်သွားခဲ့ရသည်။ တစ်ယောက်သောသူမှာလည်း နေခြင်းမကောင်းသော နေရာသို့ ရောက်ခဲ့ရသည်။

နေခြင်း မကောင်းသည်သာ မဟုတ်၊ သေခြင်းမကောင်းသော အလှည့်အပြောင်းဘက်သို့ပါ မျက်နှာမူနေရပြီ ဖြစ်၏။

ဒေါသပေါက်ကွဲသွားစဉ် ထိန်းသိမ်းမှုဘက်က အားလျော့သည်မှာ လူ့သဘာဝ ဖြစ်စမြဲ။ ဒေါသငြိမ်သက်သွားသောအခါတွင်မူ အမှားကို ပြုလိုက်မိပြီဆိုသော အသိတရား ထပ်လွှမ်းလာသည်မှာလည်း လူ့သဘာဝ ဖြစ်ရိုးဖြစ်စဉ်သာပင်။

**သူမ၏အသံမှာ တိုးညင်းလွန်းနေသောကြောင့် မနည်းကြိုး အာရုံစိုက်နားထောင်ရသည်။ နဂိုအသံတော့ မဟုတ်နိုင်ရာပေ။ စိတ်ကျဝေဒနာကို အလူးအလိမ့်ခံစားရပြီး စိတ်ထောင်းကိုယ်ကြေဖြစ်နေသူ တစ်ယောက်၏ အားနွဲ့သံဖြစ်ပေလိမ့်မည်။**

သို့တစေ နောင်တကို နောင်မှတ၍မရ ဆိုသကဲ့သို့ အမှားပြုမိသည်ကို ပြန်လည်ပြုပြင်၍လည်း မရစကောင်းပေ။

ဥပဒေနှင့်အကျုံးဝင်သော ပြစ်မှုကျူးလွန်ခြင်း သက်ရောက်သွားပြီ ဖြစ်သည့်အလျောက် တရားဥပဒေကို ဆက်လက် ရင်ဆိုင်ရတော့မည်သာ။

□□□□□



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

ထောင်မှူးလေး ကိုတင်မောင်စိုးက သူပြောသွားသည့် အတိုင်းပင် ကိုသက်အောင်တို့အိမ်သို့ သွားပေးခဲ့သည်။ ထိုနေ့က ကိုတင်မောင်စိုးမှာ ၄ နာရီထွက်။

လမ်းကျော်လိုက်လျှင် ရောက်သော ဌာနမှပေးထားသောအိမ်သို့ ခြေလှမ်းသွက်သွက်လှမ်း၍ ပြန်ခဲ့သည်။ တာဝန်ပြီးချိန်တွင် အိမ်သို့ ပြန်၍ အဝတ်အစားလဲပြီး ကိုသက်မောင်ပေးထားသည့် လိပ်စာအတိုင်း သူတို့အိမ်သို့ ထွက်ခဲ့သည်။

ညဘက်တွင် ဂျူတီပြန်ဝင်ရဦးမည်မို့ အေးအေးဆေးဆေး လုပ်လို့မရ၊ တက်သုတ်ရိုက်ရသည်။ ကိုတင်မောင်စိုး ကိုသက်အောင်တို့ တိုက်ခန်းသို့ ရောက်သွားသည့်အချိန်မှာ နေဝင်ရီတရောအချိန်။

သစ်သားတံခါး ဘေးနားရှိ လူခေါ်အချက်ပေး လျှပ်စစ်ခလုတ်ကလေးကို နှိပ်လိုက်သည်။

အဝင်တံခါး ထိပ်ပေါ်ရှိ မီးလုံးပွင့်လာပြီးနောက် သစ်သားတံခါးပွင့်လာသည်နှင့် ကိုတင်မောင်စိုးနှင့် သက်ရွယ်မတိမ်းမယိမ်းရှိမည့် အမျိုးသမီးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်လိုက်ရသည်။

အမျိုးသမီး၏ဘေးတွင် ဆယ့်ရှစ်နှစ်ခန့်ရှိ လူရွယ်တစ်ယောက်လည်း ရပ်နေသည်။

သူတို့က ဘာမှမမေးမြန်းခင် သူကပင် စတင်၍ သူဘယ်သူဘယ်ဝါ ဖြစ်သည့်အကြောင်းနှင့် လာရင်းကိစ္စကို ပြောပြလိုက်သည်။

ကိုတင်မောင်စိုးမှာ သူတို့ တစ်ခါမှ တွေ့မြင်ဖူးခြင်း မရှိသူတစ်ယောက် ဖြစ်နေသောကြောင့် အတွင်းမှသော့ခတ်ထားသည့် ဘာဂျာတံခါးကို ချက်ချင်းမဖွင့်ဘဲ စဉ်းစားနေတုန်း အမူအရာဖြင့် တွေတွေလေး ရပ်နေသည်။

သူကလည်း သဘောပေါက်လိုက်ပါသည်။ ဒီလိုဖြစ်ရကောင်းလားဟု စိတ်ခုခြင်း မဖြစ်ဘဲ သူတို့ သံသယစိတ် ပြေလျော့သွားရန် ကိုသက်အောင်အကြောင်း တစ်စိတ်တစ်ပိုင်းကို ထပ်မံပြောပြလိုက်ရသည်။ ဒီတော့မှ တောင်းပန်စကားနှင့်အတူ ဘာဂျာတံခါးကို ဖွင့်ပေးသည်။

သူနှင့် ကိုသက်အောင်တို့ တစ်ကျောင်းတည်း အတူနေခဲ့ရပုံနှင့် အခုပြန်လည်တွေ့ဆုံသည့်အကြောင်းများနှင့်အတူ ကိုသက်အောင်အား အတတ်နိုင်ဆုံး အကူအညီပေးထားသည့်အကြောင်းနှင့်အတူ ကိုသက်အောင် ကျန်းကျန်းမာမာနှင့် အေးအေးဆေးဆေးရှိနေကြောင်း ပြောပြလိုက်၏။

အမျိုးသမီးက ဦးတင်မောင်စိုး ခဏနေဦးဟု ခွင့်ပန်စကားပြောပြီး အတွင်းခန်းဘက်သို့ ဝင်သွားသည်။

အတွင်းခန်းဘက်မှ လိုက်ကာကိုဖယ်၍ လေးတွဲ့စွာ လျှောက်လှမ်းထွက်လာသည့် အမျိုးသမီးကြီးမှာ အရွယ်နှင့်မလိုက်အောင်သာ အိုစာရုပ်သွင် ပေါ်လွင်နေသည်။

အတူထိုင်နေသည့် ကောင်လေးက ထပြီးတွဲခေါ်ရန် ဟန်ပြင်လိုက်ရာ အမျိုးသမီးကြီးက လက်ကာပြပြီး ပြန်ထိုင်ခိုင်းလိုက်သည်။

ကုလားထိုင်တွင် ဝင်ထိုင်ပြီး မောင်ဖြစ်သူကို ခုလို အကူအညီပေးသည့်အတွက် သိပ်ကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အဲဒီကျေးဇူးကို တုံ့ပြန်ခွင့်ရနိုင်သမျှ တုံ့ပြန်သွားမည့်အကြောင်း အပျိုးစကားပြောပြီးနောက် ကိုသက်အောင်၏ ကျန်းမာရေးနှင့် နေရေးထိုင်ရေးအကြောင်း မေးသည်။

သူမ၏အသံမှာ တိုးညင်းလွန်းနေသောကြောင့် မနည်းကြိုး အာရုံစိုက်နားထောင်ရသည်။ နဂိုအသံတော့ မဟုတ်နိုင်ရာပေ။

စိတ်ကျဝေဒနာကို အလူးအလှိမ့်ခံစားရပြီး စိတ်ထောင်းကိုယ်ကြေဖြစ်နေသူတစ်ယောက်၏ အားနွဲ့သံဖြစ်ပေလိမ့်မည်။

စောစောက နောက်ဖေးဘက်ဝင်သွားသည့် ကိုသက်အောင်၏ ညီမဖြစ်ဟန်ရှိသူက လက်ဖက်ရည်နှင့်မုန့်ပွဲယူလာပြီး ဧည့်ခံတည်ခင်းပြုသည်။

"အစ်မကြီးကတော့ မောင်နှစ်ယောက်စလုံးအတွက် တော်တော်ကြီး စိတ်ထိခိုက်နေရတာကြောင့် ကျန်းမာရေးပါ ပိုပြီးထိခိုက်လာတယ်လေ။ အမှုကိစ္စအတွက် ဦးလေးနဲ့ ညီမလေးတို့ပဲ လုပ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုတင်မောင်စိုး ခုနပြောတာတွေ ညီမလေးကိုပဲ ပြန်ပြောပြပေးပါလား"

အစ်မဖြစ်သူက ထိုသို့ပြောလိုက်သည်နှင့် စတင်တွေ့ရှိသည့် အမျိုးသမီးက သူ့နာမည်ကို သူ့ဟာသူ မိတ်ဆက်ပေးပြီး အမှုနှင့်ပတ်သက်သည့် လုပ်ပြီးသမျှ ကိစ္စများကို ပြောပြသည်။

နာမည်ကြီး ဗဟိုတရားရုံးရှေ့နေ ဦးငွေလှိုင်အား ငှားရမ်းထားပြီးပြီ။ သူက အကူအညီပေးမည် ဖြစ်သော်လည်း လာမည့်ရက်ကို တစ်ရက်ကြိုတင်ပြီး အကြောင်းကြားဖို့နှင့် သူက တစ်ယောက်တည်း နေရသူဖြစ်သည့်ပြင် အားလပ်ချိန်ကို အတိအကျ ပြော၍မရသောကြောင့် စာရေးပြီး အောက်ထပ်က ထောင်မှူးအိမ်မှာ ပေးခဲ့ဖို့အကြောင်း ပြောပြီး အားလုံးကို နှုတ်ဆက်၍ပြန်ခဲ့သည်။

မပြန်မီ မှာစရာရှိရင် မှာဖို့နှင့် ပေးစရာရှိရင် ပေးလိုက်ဖို့ ပြောခဲ့ရာ မှာစရာရှိတာများပြော၍ အိမ်မှာရှိသည့် မုန့်ထုပ်နှစ်ထုပ် ပေးလိုက်သည်။

တကယ်တော့ ထောင်မှူးလေးအား ငွေပေးလိုက်လျှင် ကိုသက်အောင်လိုအပ်သည်များကို ဝယ်ခြမ်း၍ အလီလီသွင်းယူပေးလို့ရသည်။

သို့တစေ ငွေရေးကြေးရေးကိစ္စ ဖြစ်နေသောကြောင့် တစ်မျိုးထင်မည် ဖြစ်သွားမည်စိုးသောကြောင့် သူကလည်း မပြောခဲ့။

နောက်တစ်နေ့ . . . ။

ဂျူတီဝင်ချိန်တွင် ကိုတင်မောင်စိုးက အချုပ်ဆောင်သို့သွား၍ သူ့အိမ်သို့ရောက်ခဲ့သည့်အကြောင်းနှင့် သိခဲ့ရသည့်အကြောင်းများ ပြောပြသည်။

ကိုသက်အောင်က အမှုနှင့်ပတ်သက်သည့် အခြေအနေကိစ္စနှင့် ရှေ့နေကိစ္စကို မမေး။

အစ်မဖြစ်သူ၏ ကျန်းမာရေးနှင့် သူတို့အနေအထိုင်ကိစ္စကိုသာ အဓိကထား မေးခဲ့သည်။

ကိုတင်မောင်စိုးက အစ်မဖြစ်သူ၏ ကျန်းမာရေးအခြေအနေ အနည်းငယ်မကောင်းသည်ကလွဲ၍ နေရေးထိုင်ရေး အဆင်ပြေပုံရသည့်အကြောင်း သူ၏အမြင်တွေကို ပြောပြရသည်။

"ကျွန်တော် ကြားဖူးသလောက်တော့ ဦးငွေလှိုင်ဆိုတာ နာမည်ကြီးဗဟိုတရားရုံးရှေ့နေကြီးပဲ။ ရာဇဝတ်ဘက်မှာတော့တော်တယ်လို့ နာမည်ကြီးတယ်"

"ဒါဆို တော်တော့ကို ပေးရမှာပဲနော်"

"ဟာ . . . ကိုသက်အောင်ကလည်း ငွေထက် အမှုက ပိုအရေးကြီးပါတယ်ဗျာ"

"ဟုတ်ပါတယ်လေ။ ဒါပေမယ့် အိမ်က သိပ်အကုန်အကျ များနေမလားလို့ပါ။ ကျွန်တော့်အတွက်ကတော့ အကြောင်းမထူးပါဘူးဗျာ။ ဟာ . . . ဆောရီးဗျာ။ ကျွန်တော်ပြောတာကို ကိုတင်မောင်စိုးများ သဘောပေါက် လွဲသွားမလားလို့"

"ကျွန်တော် နားလည်ပါတယ်ဗျာ။ ဒါမျိုးက ဖြစ်တတ်တဲ့ သဘာဝပါ။ ဒါပေမယ့် အမှုအခင်းတစ်ခု ဖြစ်လာရင်တော့ ရှေ့နေဟာ အရေးအကြီးဆုံးအခရာပဲ။ ကိုသက်အောင်တို့ အမှုမျိုးမှာ အတွေ့အကြုံရင့်ကျက်တဲ့ ရှေ့နေသိပ်လိုတာပေါ့"

"အေးဗျာ . . ကျွန်တော်ပြောမိတာ ဆောရီးပဲ"

နောက်တစ်နေ့ . . . ။

သူ့ဘက်က လိုက်ပါဆောင်ရွက်မည့်ရှေ့နေကြီး လာတွေ့သည်။ ရှေ့နေကြီး ဦးငွေလှိုင်ကိုယ်တိုင်တော့ မဟုတ်။ ရှေ့နေကြီး ဦးငွေလှိုင်၏ လက်ထောက်ရှေ့နေကြီး။

ထောင်မှူးကြီးရုံးခန်းတွင် တွေ့ရသည်။ တရားရုံးမှ ခွင့်ပြုမိန့်ဖြင့် တွေ့ဆုံခြင်း။

မှုခင်းဖြစ် အကြောင်းများကို မေးမြန်း၍ စံပြသက်သေများအဖြစ် မည်သည့်ပုဂ္ဂိုလ်များကို ပြမည့်အကြောင်းနှင့် ရဲစခန်းတွင် အစစ်ခံချက်၊ ဖြောင့်ချက်ကိစ္စများကို မိနစ်လေးဆယ်နီးပါးပြောဆိုဖြစ်ကြသည်။

ကိုသက်အောင်က အထူးတန်းကိစ္စပြောပြရာ ရှေ့နေကြီးက သူတို့အစွမ်းကုန် ဆောင်ရွက်ပေးမည့်အကြောင်း၊ အချိန်ပိုင်းကိုတော့ သည်းခံပြီး စောင့်ရလိမ့်မည့်အကြောင်း ပြော၍ အမှုအတွက် အကြမ်းဖျင်းအားဖြင့် ဇစ်ပတီး၊ ဖစ်ပတီး အခွင့်အရေးရှိနိုင်ကြောင်း အားပေးစကား

www.burmeseclassic.com

**ဟာကယ်တော့ သူ၏အမှုမှာ ကွင်းလုံးကျွတ် လွတ်ဖို့မလွယ်။ ကြိုးမကျသည့်တိုင် ထောင်ဒဏ်အနည်း အများတော့ ခံရဖို့သေချာသည်။ အလွန်အမင်း သက်သက်ညှာညှာ စဉ်းစားသော်မှ ပြစ်ဒဏ်(၇)နှစ်ထက် မလျော့နိုင်။**

ပြော၍ ပြန်သွားသည်။

ရှေ့နေနှင့် အမှုသည် ပြောလေ့ပြောထရှိသည့် စကားမျိုး ပြောမသွား။ ပြောလေ့ပြောထရှိသည့် စကားမှာ . . .

"အမှုအတွက် ဘာမှပူမနေနဲ့။ နိုင်ကိုနိုင်ရမယ်။ နိုင်အောင်လည်း လုပ်မယ်"

တရားလိုကိုဖြစ်စေ၊ တရားခံကို ဖြစ်စေ ထိုသို့ပင် ရာခိုင်နှုန်းပြည့် စကားမျိုး ပြောလေ့ပြောထရှိသည်။

ခုရှေ့နေကြီးကတော့ ဒီစကားမျိုး မပြော။ အနိုင်အရှုံး ငါးဆယ်ရာခိုင်နှုန်းရှိသည်ဟု ပြောသွားသည်။

တကယ်တော့ သူ၏အမှုမှာ ကွင်းလုံးကျွတ် လွတ်ဖို့မလွယ်။ ကြိုးမကျသည့်တိုင် ထောင်ဒဏ် အနည်းအများတော့ ခံရဖို့ သေချာသည်။

အလွန်အမင်း သက်သက်ညှာညှာ စဉ်းစားသော်မှ ပြစ်ဒဏ် (၇)နှစ်ထက် မလျော့နိုင်။

အမွေမှုတွင် အစ်ကိုဖြစ်သူက မည်သို့ပင် မတရားလုပ်ထားစေကာမူ ထိုပြဿနာကိုရှင်းလင်းရန် တရားဥပဒေရှိပြီးသား။ မိမိ၏နစ်နာမှုကို တိုင်တန်းလျှောက်ထားလျှင် လက်ခံစစ်ဆေး ဆုံးဖြတ်ပေးမည့် တရားရုံးလည်း ရှိပြီးသား။

အမွေဆိုင် ညီအစ်ကိုမောင်နှမသားချင်း လေးယောက်ရှိသည့်အနက် သုံးယောက်နှင့် တစ်ယောက် အမှုဆိုင်ရမည့် တရားမမှု။

သူတို့သုံးယောက်က အလေးသာသည်ဟု ဆိုနိုင်စေကာမူ ရှေ့နေ ရှေ့ရပ် ငှားရမ်းရမည့်စရိတ်၊ တရားရုံးစရိတ် စသည်များမှာ ထောင်သောင်းဂဏန်းလောက်နှင့်မရ။

တရားမမှုမှာ ရာဇဝတ်မှုထက်ကြာတတ်သောကြောင့် စိတ်မောလူပန်း အချိန်ကုန်ငွေကုန်မည်။

တရားမမှု ရှေ့နေ ခ (ဝါ) အကျိုးဆောင်အား ပေးရမည့် ငွေကြေးမှာ မနည်း။ နာမည်ကြီးလျှင် ကြီးသလိုတောင်းကြေးပေးရသည်။

ရာဇဝတ်မှု၊ တရားမမှု။

ရာဇဝတ်မှုတွင် နာမည်ကြီးသော ရှေ့နေကြီးများ၊ တရားမမှုတွင် နာမည်ကြီးသော ရှေ့နေကြီးများ။ သို့ကလိုရှိသည့်အနက် နာမည်ကြီးတရားမမှု ရှေ့နေကြီးများ၏ အထွေထွေစရိတ်စကမှာ ပြောမယုံကြုံဖူးမှသိလို့ ပြောစရာမျိုးပင်ရှိသည်။

ကွယ်လွန်သူမိဘများ၏ နာမည် ပြန်လည်ရှင်သန်လာမည်ကလည်း ရှိသေးသည်။ ဆွေမျိုး မိတ်သင်္ဂဟများ နှုတ်ဖျားတွင် မိဘများ၏နာမည် တွဲခိုလာတော့မည်။

ဘယ်သူ့ဘယ်ဝါ၏ သားသမီးတွေ အမွေမှုကြီး ဖြစ်နေလို့တဲ့။ ဘယ်သို့တယ်ညာ ထင်ရာဆွဲ အပြောတွေ သောသောညံလာမှာ သေချာသည်။ ကရုဏာအပြောပါသလို၊ မလိုတမာအပြောတွေလည်း ရှိလာမည်။

လူ့သဘောသဘာဝအရ မလိုတမာအပြောက ပိုရှိများလိမ့်မည်။ ဘယ်သူ့ဘက်ကိုပဲဦးတည်ပြောပြော မိဘများ၏အမည်ကို ခွဲပြောလို့ မရစကောင်း။

ပြီး . . နယ်လီတို့အဖေ ဦးဘသောင်းက ဗဟိုတရားရုံးရှေ့နေကြီး။ ဦးဘသောင်းကလည်း နှယ်နှယ်ရရ မဟုတ်။ ရှေ့နေလောကမှာ နာမည်တစ်လုံးနှင့် ကျော်ကြားသူ။

ကျော်ကြားသည်မှာ ဥပဒေပညာ တော်စွမ်းသည်ထက် ပေါ်း



www.burmeseclassic.com

www.burmeseclassic.com

သင်းဆက်ဆံရေး ဝင်ဆံ့မှုဖြင့် ကျော်ကြားခြင်း ဖြစ်၏။

အလှည့်အပြောင်း ကျွမ်းသည်။ အဝိုင်းကို အဝိုင်းနှင့်မှ အံဝင်ခွင်ကျ ဝင်သည်။ လေးထောင့်ကွက်ထဲကို အဝိုင်းရိုက်သွင်းလို့ အံမဝင်။

ဦးဘသောင်းက အဲဒီလိုမျိုး သူ့အထာနှင့်သူ အံဝင်အောင် အဝိုင်းလား၊ လေးထောင့်လား၊ သုံးမြှောင့်လားဆိုသည်ကို အရွေးတော်သည်။

ဥပဒေပညာရော . . . အထာသဘောပါ ကျွမ်းသည်မို့ သူကိုင်သောအမှုများမှာ အဆင်ချောသည်ဟု အပြောတွင်သည်။

အဓမ္မမှုတို့အတွက် တရားရုံးတက်လျှင် သူတို့ဘက်က ခြေတစ်လှမ်းသာမည်မှာ သေချာသည်။

သူတို့မောင်နှမ သုံးယောက်ဘက်က မားမားမတ်မတ် ရပ်တည်ပေးနေသူ ဦးလေး ဦးဝင်းတင်က တရားရုံးကို ဒုတိယအဆင့်ထားပြီး၊ ပထမအဆင့် နှစ်ဦးနှစ်ဖက် ပြေလည်စေရန် ညှိနှိုင်းဆွေးနွေးဖို့ ပြောသည်။ ဒီကိစ္စအတွက် ဦးလေးဖြစ်သူက ကြားဝင်မည်။

ဦးဝင်းတင်မှာ ဦးသင်းမောင်၏ ညီအရင်း။ သူတို့ညီအစ်ကိုမှာ စီးပွားရေးလုပ်ငန်း မတူညီသော်လည်း အချင်းချင်းအနေနီးစပ်သည်။ အဝင်အထွက် မပြတ်ရှိခဲ့ကြသည်။

ဒါကြောင့်လည်း သူတို့ ငယ်စဉ်ကတည်းက လက်ပွန်းတတီးရှိသလို လေးစားသမှုလည်းရှိကြသည်။

ကိုမင်းမောင်သည်ပင် ခုထက်တိုင် ဦးလေးဖြစ်သူကို ကလန်ကဆန် မပြောရဲ။ ကျေနကျေနပ်နပ် ခေါင်းမညိတ်သည့်တိုင် ဦးလေးဖြစ်သူ အပြောအဆိုရှိသည်များကို ပြေရာပြေကြောင်း အသုံးအနှုန်းဖြင့် ဆက်ဆံရသည်။

သူတို့ ညီအစ်ကို မောင်နှမများ၏ အမွေကိစ္စတွင် အစ်ကိုကြီးဖြစ်သူဘက်က ပြောစရာပြဿနာတစ်ရပ် ရှိနေသည်။

သမီးနှစ်ယောက်ကို တစ်ဆင်စာပေးထားသည့် စိန်ထည်တွေကိစ္စ။ သူအိမ်ထောင်ပြုပြီး ချွေးမနှင့် မပြေမလည် မသင့်မမြတ်ဖြစ်လာရာတွင် မိခင်ကြီးက တသီးတသန့် သိမ်းဆည်းထားသည့် ရတီကြီး စိန်ကောင်းစိန်လုံးများကို လက်သိပ်ထိုးပေးထားသည့်ကိစ္စ၊ ရွှေထည်များကိစ္စ။

ကိုမင်းမောင်က ခန့်မှန်းခြေတန်ဖိုးတွက်ပြသည်။ စိန်ရတီ ဘယ်လောက် ဘယ်ရွှေ ဘယ်မျှ တန်ဖိုးရှိမည်ဆိုသည်ကိုတော့ အတိအကျတွက်မပြနိုင်။ စိတ်ထင်တန်ဖိုးကို ပါးစပ်ထဲရှိသလိုပြောနေခြင်းဖြစ်သည်။

တကယ်တော့ သမီးနှစ်ယောက်ကို စိန်တစ်ဆင်စာစီ လုပ်ပေးသည်မှာ သူအိမ်ထောင်ကျပြီးမှ လက်သိပ်ထိုးပေးခြင်းမဟုတ်။

ဖခင်ကြီး ရှိစဉ်ကတည်းက နှစ်ယောက်တိုင်ပင်ပြီး ပြုလုပ်ပေးထားခြင်း ဖြစ်သည်။ သူတို့ညီအစ်ကို နှစ်ယောက်အတွက်လည်း စိန်လက်စွပ်တစ်ကွင်းစီ လုပ်ပေးခဲ့သည်။

ထိုသို့ပေးစဉ်က လက်သိပ်ထိုးပေးခြင်း မဟုတ်။ ပန်းထိမ်ဖိုတစ်ခုတည်းမှာ သူတို့အတွက်ရော၊ သမီးတွေအတွက်ပါ လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်တုန်းက ဘာမှပြဿနာမပေါ်သလို ဘယ်လိုအပြောအဆိုမျိုးမှလည်း မရှိခဲ့။

မိခင်ကြီး မကွယ်လွန်မီ လက်သိပ်ထိုးပေးခဲ့သည်ဆိုသော ပစ္စည်းများမှာလည်း သူ့ထင်ကြေးနှင့် ပြောသလောက် မဟုတ်။

သူတို့ မိသားစုတွင်းပြဿနာကို ကြိုတင်မြင်သည့် မိခင်ကြီးက ကျန်းမာရေးရော၊ ပညာရေးပါ ချို့တဲ့သည့် သမီးကြီးအတွက် စိုးရိမ်ပူပန်မှုရှိသောကြောင့် တစ်ကြောင်း၊ သမီးက စိတ်ရင်းမှုတ၍ အရေးကြုံလျှင် သားချင်းများအပေါ် ပစ်ပစ်ခါခါမလုပ်ဟု ယုံကြည်သောကြောင့် တစ်ကြောင်း ပေးခဲ့ခြင်း ဖြစ်သည်။

မိခင်ကြီးက သူသက်ရှိထင်ရှားရှိနေစဉ်မှာပင် နေ့စဉ်နှင့်အမျှ ပြဿနာ တစ်မျိုးမဟုတ်တစ်မျိုး ပေါ်နေသော အခြေအနေအရ သူသာမရှိလျှင် တစ်ပေါင်းတစ်စည်းတည်း ဆက်လက်နေထိုင်ကြမည် မဟုတ်သည်ကို သိသည့်အလျောက် သမီးကို မှာစရာ၊ ပြောစရာရှိသည်ကို အထိုက်အလျောက် မှာပြောပြီး ပေးခဲ့ခြင်းဖြစ်သည်။

မိခင်ကြီး တိမ်းပါးသွားသည့်



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် ကျန်ရစ်သည့် အထုပ်ကို ဖြေသည့်အခါ ဘယ်နည်းနှင့်မျှ ဒီလောက်သာမဟုတ်ဆိုသည်ကို စပြောလာသူမှာ နယ်လီ။

ရက်လည်ပြီးနောက် ပြဿနာမီးကို မွှေနှောက်လိုက်သူမှာ နယ်လီ။ ခေါင်းညိတ်ထောက်ခံသူမှာ ကိုမင်းမောင်။

မရွေ့ပြောင်းနိုင်သော အမွေပစ္စည်းများအနက် ဘယ်ရွှေ့ဘယ်မျှသော ပစ္စည်းများကို သို့ဝှက်အပိုင်စီးထားသည်ဟု သူတို့မောင်နှမသုံးယောက်ကို စွဲချက်တင်ခဲ့သည်။

သူတို့ချင်း ပြောကြ၊ ဆိုကြ၊ ငြင်းကြ၊ ခုံကြဖြင့် အခြေအနေမှာ လိပ်ခဲတည်းလည်း ဖြစ်လာသည်။ ကိုသက်အောင်က ဦးလေးဖြစ်သူအားသွားရောက်ပြောဆိုပြီး အကူအညီတောင်းခဲ့ရသည်။

ဦးလေးဖြစ်သူက ပြဿနာကြားထဲသို့ သူတစ်ယောက်တည်း ဝင်သည်ထက် ဆွေမျိုးထဲက ပါသင့်သူများကိုပါခေါ်ပြီး နှစ်ဖက်မျက်နှာစုံညီရှင်းဖို့ ကြိုးစားခဲ့သည်။

ရလဒ် အဖြေမပေါ်။ ကိုမင်းမောင်နှင့် ခင်မေရီတို့ ထိပ်တိုက်တွေ့ကြသည့်ပွဲ။ အစ်ကိုအကြီးဆုံးနှင့် ညီမအငယ်ဆုံးတို့၏ အပြောအဆိုမှာ ရင့်သီးလာ...က သူစိမ်းပြင်ပြင် အပြောအဆိုများ ပါလာသည်အထိ ပြင်းထန်လာသည်။

အကယ်၍ ဒီပွဲမှာ နယ်လီသာရှိနေခဲ့လျှင် မဖြစ်သင့်တာတွေအထိ ဖြစ်ကုန်မှာ သေချာသည်။

ဦးလေးဖြစ်သူ၏ ကြိုတင်အစီအစဉ်အရ နယ်လီမပါဖို့ အဆုံးအဖြတ်ပေးခဲ့သောကြောင့်သာ ကိုယ်ထိလက်ရောက်မှုပါသည့် ပွဲအကြမ်းအဖြစ်သို့ မသက်ရောက်ခဲ့ရခြင်း ဖြစ်ပေသည်။

ဒီကိစ္စမျိုးဆိုသည်က တစ်ကြိမ်တည်း တစ်ထိုင်းတည်းနှင့် အဆုံးအဖြတ် အဖြေပေါ် ထွက်မလာနိုင်ပေ။

ဦးဝင်းတင်က မင်းမောင်၏ သဘောထား ပြုပြင်ရမည်ဖြစ်သလို ခင်မေရီ၏ ကြွက်ခေါင်းဆိတ်မခံ အပြောအဆိုများကို ထိန်းသိမ်းပြီး အစ်ကိုဖြစ်သူအပေါ် လေးစားရိုသေသမှု ရှိရမည့်အကြောင်း ပြောဆိုဆုံးမ၍ ပွဲရပ်စေလိုက်ရသည်။

ဦးဝင်းတင်က ဒီကိစ္စကို ခုလိုပုံမျိုး မျက်နှာစုံညီ ဖြေရှင်းဖို့ရန် မဖြစ်နိုင်သည်ကို သဘောပေါက်သည့်အလျောက် သူ့တို့ကို သီးခြားစီတွေ့ဆုံပြီး ဖျောင်းဖျနားချ၍ ဖြေရှင်းမှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

တစ်ဆက်တည်း သူတို့လေးယောက်အား ဆုံးမစကား ပြောခဲ့သည်။

"မေတ္တာဆိုတာ ကိုယ့်ကိုယ်ကို ချစ်တာမဟုတ်ဘူး။ ကိုယ်ဖြစ်စေချင်တာကိုယ် ဖြစ်အောင်လုပ်တာမဟုတ်ဘူးနော်။ သူတစ်ပါးကို ချစ်တတ်မှ မေတ္တာဆိုတာ ထိရောက်မှုရှိတယ်။ မိဘက သားသမီးကိုချစ်တာ သားသမီးက မိဘကိုချစ်တာ၊ ညီအစ်ကိုမောင်နှမချင်း တစ်ဦးပေါ် တစ်ဦးချစ်တာ၊ ကိုယ်နဲ့ ပတ်သက်ရာပတ်သက်ကြောင်း ရှိရှိ မရှိရှိ သူတစ်ပါးကို ချစ်တာဟာ မေတ္တာ၊ မေတ္တာပို့တယ်၊ မေတ္တာပေးတယ်ဆိုတဲ့စကားမင်းတို့လည်းကြားဖူးမှာပေါ့။ မေတ္တာစစ်ဆိုတာ ကိုယ့်ကိုယ်ကိုထက် သူတစ်ပါးကိုချစ်တာ။ မေတ္တာဆိုတာ ရဖို့မဟုတ်ဘူးနော်။ ပေးဖို့၊ တုံ့ပြန်ဖို့ မိဘမေတ္တာကို မိဘတွေရှိစဉ်က တုံ့ပြန်ခဲ့သလို မရှိတဲ့နောက် ပိုပြီးတုံ့ပြန်ရမယ်။ ဦးလေးပြောချင်တဲ့ အဓိကအချက်က မိဘတွေရဲ့နာမည်နဲ့ မျိုးရိုး ဂုဏ်သိက္ခာကို ထိန်းသိမ်းတဲ့ သားကောင်း၊ သမီးကောင်းတွေဖြစ်အောင် လုပ်ဖို့ပဲ။ ဒီတော့ ပြဿနာကို ဟိုးလေးတကျော် မဖြစ်အောင် အေးအေးဆေးဆေး၊ သိုသိုသိပ်သိပ် ဖြေရှင်းနိုင်တဲ့ လမ်းကြောင်းကို ရွေးကြဖို့ပဲ။ တဲ . . . နောက်မှ ဆက်ပြောကြတာပေါ့"

ပထမဆုံး စုံညီတွေ့ဆုံပွဲမှာ ထိုမျှနှင့်ပင် ပြီးဆုံးသွားခဲ့သည်။

"အမွေ"ဆိုသည့် စကားရပ်ကို "အမွှေ"ဟု ပြောင်းလျှင် ပို၍မှန်ပေမည်လား။

မွေမှ မွှေအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီးနောက် ပထမဆုံး ရှုံးချိန်း။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော . . .

( ယခင်လမှအဆက် )

ကျော်ဆွေဝင်း(ရွှေအင်း)

အခန်း (၉)

သကြံန်ပြီး ကာလဖြစ်၍ နွေနေ၏အပူက ကြာလေပြင်းလေ ပြင်းထန်လာသည်။

ကြွေဖိုးထိန်နှင့် နေလွှမ်းတို့နှစ်ဦးမှာ တစ်နေ့တစ်နေ့ ထမင်းချက်စားခြင်း၊ ရေချိုးခြင်း၊ စာဖတ်ခြင်း၊ တစ်ခါတစ်ရံ နေ့လယ်ခင်းဘက် အိပ်ကြခြင်း၊ ညအခါ ခြံထဲတွင်ချထားသော ကွပ်ပျစ်ပေါ်တွင် လေညင်းခံရင်း စကားထိုင်ပြောကြခြင်းများဖြင့်သာ ပူပြင်းသောနွေရက်များကို ဖြတ်သန်းနေကြလေသည်။

ဤနွေရက်များအတွင်း ကြွေဖိုးထိန်ထံ ကြွေသီးအပ်သူလည်း မရှိ။ လုပ်ပြီးသားကြွေသီးများကို လာဝယ်မယ့်သူလည်း မရှိသဖြင့် အလုပ်လုပ်စရာ မရှိသလို ဝင်ငွေလည်းမရှိဘဲ ရှိသည့်ငွေကလေးနှင့် ထိုင်စားလာကြရာ နှစ်ဦးသားလက်ထဲတွင်လည်း ငွေခန်းလာပြီး အိတ်စောင့်လောက်သာ ကျန်ရှိလေတော့သည်။

အမှန်စင်စစ် နေလွှမ်းမှာ အလုပ်ရွေးတတ်သူ မဟုတ်သလို မိမိ၏ခွန်အားကို အရင်းပြု၍ အလုပ်ကြမ်းလုပ်ပြီး ငွေရှာရမည်ကိုလည်း ကြောက်သူမဟုတ်ပေ။ သို့ရာတွင် သူ၏ကျေးဇူးရှင်လည်းဖြစ်ပြီး၊ ဆရာသမားတစ်ယောက်လို လေးစားနေရသော ဦးဖိုးထိန်က ဘာမျှအစီအစဉ် မဆွဲသေးသောကြောင့် သူ့အနေဖြင့် ယခုကဲ့သို့ အချိန်ကုန်ခံပြီး ထိုင်နေရခြင်းဖြစ်သည်။

တစ်ရက်တွင်တော့ နေလွှမ်းက ပင်စပြီး ဦးဖိုးထိန်အား အလုပ်အကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးလေသည်။

"ဦးလေး အခု ကျွန်တော်တို့နှစ်ယောက် ဝင်ငွေမရှိဘဲ ထိုင်စားလာတာ တော်တော်ကြာပြီ။ ကျွန်တော်တို့မှာ ငွေလည်းမရှိတော့ဘူး။ ဒီတော့ ကျွန်တော် အလုပ်တစ်ခုခု ထွက်လုပ်ပြီး ငွေရှာမယ်ဦးလေး။ ဦးလေးက အသက်ကြီးပြီဆိုတော့ နားနားနေနေပဲ အိမ်မှာထိုင်စားပါ"

နေလွှမ်းက ထိုသို့ပြောလိုက်သောအခါ ကြွေဖိုးထိန်က နေလွှမ်းကို ပြုံးပြုံးကြီးကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။ ပြီးမှ သူ့အစီအစဉ်ကိုပြောသည်။

"ငါသိပါတယ် မောင်နေရာ။ မင်းပြောသလို ငါတို့ ဝင်ငွေမရှိဘဲ ထိုင်စားနေတာ ကြာပြီဆိုတာလည်း ဟုတ်တယ်။ အခု နွေနှောင်းပိုင်းကို ရောက်လာပြီ။ မကြာမီ မိုးဦးကျတော့မယ်။ မိုးကျသွားရင် ငါတို့အတွက် မိုးတွင်းစာ ငွေလိုတော့မယ်။ ဒါကိုလည်း ငါစဉ်းစားပြီးသား။ မင်း အခုလိုပြောတာ ငါကျေးဇူးတင်ပါတယ်။ မင်းဟာ ငါ့ရဲ့ တပည့်ဆိုလည်းဟုတ်၊ တူသားဆိုလည်း ဟုတ်ပဲ။ မင်းအပင်ပန်းခံပြီး ဘာမှလုပ်စရာမလိုသေးဘူး။ ငါလည်း အနားမယူသေးဘူး။ ငါတို့ တူဝရီးနှစ်ယောက် ခရီးတစ်ခေါက်လောက်ထွက်လိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ။ ဒီတော့ မင်းနဲ့ငါ မနက်ဖြန်ကစပြီး ခရီးထွက်ကြမယ်။ ခရီးဆောင်အိတ်တွေပြင်ဆင်ပြီး တို့နှစ်ယောက်အတွက် မရှိမဖြစ် လိုမယ့်အသုံးအဆောင်တွေ ထည့်ထားပေါ့ကွာ"

ကြွေဖိုးထိန်က ထိုသို့ပြောလိုက်သောအခါ နေလွှမ်းမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ နောက်တစ်နေ့တွင် ခရီးထွက်ရန်အတွက် လိုအပ်သည်များကို ပြင်ဆင်ရတော့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် သူတို့နှစ်ဦး တောင်ငူ–ဖြူး ကားဂိတ်မှ မော်တော်ကားစီး၍ ဖြူးမြို့သို့ လိုက်ပါခဲ့ကြလေသည်။ ဖြူးမြို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ ဂုံးကျော်အရှေ့ဘက်ရှိ မြင်းလှည်းဂိတ်မှ မြင်းလှည်းတစ်စီးငှားပြီး တံခွန်တိုင်ကျေးရွာသို့ လိုက်ခဲ့ကြသည်။ တံခွန်တိုင်အရှေ့ဘက် ဇာတ်တားကြီးထိပ်ရှိ မြင်းလှည်းဂိတ်တွင်ဆင်းပြီး လမ်းဘေးဆိုင်တစ်ဆိုင်တွင် အကြော်နှင့်မုန့်ဟင်းခါး တစ်ပွဲစီမှာစားကာ ဦးဖိုးထိန်ကပင် ရွှေတောင်ကျေးရွာတွင် ကစားဝိုင်း ရှိမရှိ တီးခေါက်စုံစမ်းလေသည်။

ဆိုင်ရှင်အမျိုးသမီးက ရွှေတောင်ကျေးရွာတွင် ကစားဝိုင်း အကြီးအကျယ်ရှိနေကြောင်း၊ ကစားဝိုင်းမှာ ဘုန်းကြီးပျံပွဲအတွက် လုပ်နေခြင်းဖြစ်ကြောင်းနှင့် ပွဲရက်နှာ နောက်ထပ်သုံးရက်လိုသေးကြောင်း၊ ညဘက် ညဘက်တွင် ပွဲမကမီ အငြိမ့်ပွဲများအဖြစ် ဗွီဒီယိုဇာတ်ကားများ အလကားပြသပေးနေခြင်းကြောင့် ဗွီဒီယိုကြည့်သူများနှင့် စည်ကားနေပြီး ကစားဝိုင်းများ တိုးမပေါက်ကြောင်း၊ ဈေးသည်များလည်း ဈေးရောင်းကောင်းကြောင်း တသီတတန်းကြီး ဖောက်သည်ချလေသည်။

ဦးဖိုးထိန်ကပင် ထိုရွှေတောင်ရွာသို့ သွားလိုလျှင် မည်သို့သွားရမည်ကို မေးသောအခါ သူမကပင် ဤနေရာမှ တောင်ဘက်သို့သွားသော လူသွားလမ်းမအတိုင်း ဆင်းသွားပြီး တံတားထိပ်မှ အနောက်တောင်ဘက်သို့ ခွဲသောလမ်းအတိုင်းလိုက်လျှင် ပဒတ်ခင်ကျေးရွာသို့ရောက်မည်ဖြစ်ကြောင်း၊ ပဒတ်ခင်မှထွက်၍ အနောက်တောင်ဘက် လယ်ကန်သင်းလမ်းအတိုင်း လျှောက်လျှင် တိုင်းလုံးခင်ရွာသို့ ရောက်မည်ဖြစ်ပြီး ထိုရွာရောက်လျှင် တစ်ဆင့်မေး၍ ရွှေတောင်ရွာ အပြင်ဘက်ရှိ ပွဲခင်းထဲသို့ တန်းဖြတ်သွားနိုင်ကြောင်း ပြောပြလေသည်။

ဦးဖိုးထိန်က ရွှေတောင်ရွာသို့ သွားရန် လမ်းကိုသိပြီမို့ သူတို့နှစ်ဦး စားထားသည့် မုန့်ဖိုးနှင့် အကြော်ဖိုးတို့ကို ရှင်းပေးပြီး သွားရန်ဟန်ပြင်ကြသည်။ ထိုအချိန်မှာပင် မြို့မှပြန်လာသော မြင်းလှည်းတစ်စီးက ဆိုင်ရှေ့ ထိုးရပ်လိုက်သည်။ မြင်းလှည်းပေါ်တွင် မြင်းလှည်းမောင်းသူအပြင် ခပ်ဝဝအမျိုးသမီးတစ်ယောက်နှင့် ကုန်ပစ္စည်းခြင်းများသာ ပါသည်။

"ဟဲ့ ... စန်းရီ၊ နင် အဲဒီကုန်တွေက ပွဲဈေးကို ယူသွားမှာလားဟဲ့"

ဆိုင်ရှင်က မြင်းလှည်းပေါ်မှ အမျိုးသမီးကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် အစ်မ၊ ဘာဖြစ်လို့လဲ"

"နင် ဒီကနေ အဲဒီပစ္စည်းတွေ ပွဲကို ဘာနဲ့သယ်မှာလဲ"

"ဟိုမှာ လှည်းကြိုလာနေပြီလေ။ လှည်းနဲ့သွားမှာပေါ့"

မြင်းလှည်းပေါ်မှ အမျိုးသမီးက ကားလမ်းမှ တောင်ဘက်သို့ဆင်းသော လမ်းဘေးသစ်ပင်ရိပ်တွင် ရပ်ထားသည့် နွားလှည်းတစ်စီးကို လက်ညှိုးထိုးပြရင်း ပြောသည်။

"ဟဲ့ ... ဒါဆိုရင် ဒီဘကြီးနဲ့ မောင်လေးကိုပါ လှည်းနဲ့ခေါ်သွားလိုက်ပါဟယ်။ သူတို့က အဲဒီကိုသွားချင်တာ မသွားတတ်လို့တဲ့"

သူမက ရှေ့မှစကားဦးကြောင်းလိုက်သောအခါ ဦးဖိုးထိန်ကလည်း

"အေးပါ ... ကလေးမရယ်။ ဖြစ်နိုင်ရင် တို့နှစ်ယောက် လှည်းနဲ့လိုက်ပါရစေ။ လှည်းခလည်း ကျသင့်သလောက် ပေးပါ့မယ်"

ဟု ဝင်ပြောလေသည်။

"ရပါတယ် ဘကြီးရယ်။ ကျွန်မပစ္စည်းတွေကလည်း မများလှပါဘူး။ ကျွန်မတို့လှည်းနဲ့ပဲ လိုက်ခဲ့ပေါ့"

သဘောကောင်းသော ထိုအမျိုးသမီးက ထိုသို့ပြောလိုက်သောအခါ နေလွှမ်းတို့နှစ်ဦးမှာ ဝမ်းသာသွားလေသည်။ ထိုအမျိုးသမီး မြင်းလှည်းပေါ်မှ ဆင်းပြီး ပစ္စည်းများ လှည်းပေါ်ရွှေ့တင်ချိန်တွင် အလိုက်သိသော နေလွှမ်းက လှည်းသမားနှင့်အတူ ဝိုင်းကူသယ်ပေးသည်။ ပစ္စည်းများ နွားလှည်းပေါ် အကုန်တင်ပြီးချိန်တွင် နွားလှည်းသမားက လှည်းကောက်ပြီး ထွက်လေရာ နေလွှမ်းတို့နှစ်ဦးလည်း ထိုအမျိုးသမီးနှင့်အတူ လှည်းပေါ်သို့ တက်လိုက်ခဲ့တော့သည်။ လှည်းပေါ်တွင် အတူစီးရင်း မေးကြည့်သောအခါမှ ထိုအမျိုးသမီးမှာ ပွဲဈေးတန်းတွင် ထမင်းရောင်းသော ထမင်းဆိုင်တစ်ဆိုင်မှဖြစ်ကြောင်း သိရသည်။ ဤသို့ဖြင့် နေလွှမ်းတို့တူဝရီးနှစ်ယောက်မှာ နေ့လယ် ၁၁ နာရီလောက်တွင် ပွဲဈေးတန်းသို့ ချောမောစွာ ရောက်သွားခဲ့တော့သည်။ သူတို့က "နွားလှည်းခ ဘယ်လောက်ပေးရမလဲ"ဟု မေးသောအခါ အမျိုးသမီးက "မပေးပါနဲ့"ဟု ပြောသော်လည်း နေလွှမ်းက ခုနစ်ဆယ့်ငါးကျပ်တန် တစ်ရွက်ကို နွားလှည်းသမား၏လက်ထဲသို့ အတင်းထိုးထည့်ပေးခဲ့လေသည်။

သူတို့နှစ်ဦးမှာ ရောက်ရောက်ချင်း ထိုအမျိုးသမီး၏ ဈေးဆိုင်တွင်



www.burmeseclassic.com

www.burmeseclassic.com

ခဏထိုင်ပြီး ကစားဝိုင်းတန်းဘက်သို့ လျှောက်ကြည့်ကြလေသည်။ ပွဲရက်လည်း မဟုတ်သေးသည့်အပြင် ပူပြင်းသောနေ့ခင်းကြောင်တောင် ဖြစ်နေသောကြောင့် ကစားဝိုင်းတန်းတွင် လူပါးနေပြီး အနီတောင်ဝိုင်းကြီးများက နားနေကြသည်။ ကလေးငယ်များနှင့် မိန်းမများ စုစုစုစုနှင့် ဝိုင်းထိုးနေသော ရွှေဘိုဂေါက်ဂက်ခုံ သုံးလေးခုံနှင့် လူခပ်ပါးပါးနှင့် ဖွင့်နေသော အနီတောင်ဝိုင်းနှစ်ဝိုင်းကိုသာ တွေ့ရသည်။ သူတို့နှစ်ဦးက ထိုဝိုင်းများကို ကျော်ဖြတ်ပြီး ဆိုင်တန်းအမိုးများအောက်မှ ဖြတ်သွားနေရာ တစ်နေရာအရောက်တွင် ဝိုင်း နားပြီးဖျာပေါ်၌ တုံးလုံးလှဲနေကြသော သူများထဲမှ တစ်ဦးက သူတို့နှစ်ဦးကို လှမ်းမြင်သွားပြီး "ဟာ ... ဟိုမှာ ဆရာထိန်တို့ပါလား"ဟု ရေရွတ်လိုက်ကာ တစ်ဆက်တည်းပင်

"ဆရာထိန်တို့ ဆရာတပည့်နှစ်ယောက် ဒီကိုလာဗျို့"

ဟု လှမ်းခေါ်လေသည်။ ထိုသူမှာ တောင်ငူမြို့ ဖေယျာခင်ဦးထဲမှ အနီထောင်ဒိုင် ကိုမြင့်ဖြစ်ပြီး ဦးဖိုးထိန်ဆီသို့ မကြာခဏ လာလည်တတ်သောကြောင့် နေလွှမ်းနှင့်လည်း သိနေလေသည်။

"ဟာ ... မင်းတို့ကလည်းကွာ၊ ငါတို့ ဒီအတန်းကို စဝင်လာကတည်းက လှမ်းခေါ်ပါတော့လား။ ငါတို့မှာ ဘုမသိ ဘမသိနဲ့ မင်းတို့ကို လိုက်ရှာနေရတာ"

ဦးဖိုးထိန်က ထိုသို့ပြောရင်း ကိုမြင့်တို့ထိုင်နေသော ဆိုင်ခန်းဆီသို့ လျှောက်လေသည်။ နေလွှမ်းကလည်း ကိုမြင့်ကို လှမ်းပြုံးပြရင်း နောက်မှ လိုက်သွားသည်။

"ကဲ ... လာ၊ ဒီမှာထိုင်ကြ။ ဆရာထိန်တို့က လာမယ်လို့မှ ကြို မပြောထားပဲဗျ။ ကြိုပြောထားရင်တော့ ကျွန်တော်ထွက်စောင့်ပါတယ်"

သူတို့အနား ရောက်သွားချိန်တွင် ကိုမြင့်နှင့် တစ်ဖွဲ့တည်းဖြစ်သော ကိုလှသန်းက ထိုင်ရန်နေရာပေးရင်း ပြောလိုက်သည်။ နေလွှမ်းတို့နှစ်ဦးမှာလည်း သူတို့ရှေ့ဖျာပေါ်တွင် ဝင်ထိုင်လိုက်ပြီး အိုက်စပ်မှု ပြေပျောက်သွားစေရန် ကိုယ့်ဦးထုပ်ကိုယ်ချွတ်ပြီး ယပ်ခတ်နေလိုက်ကြသည်။ ပြီးမှ ဦးဖိုးထိန်က –

"ငါလည်း အစတုန်းက ဒီဝိုင်းတွေထဲကို လိုက်လာဖို့ စိတ်ကူးမရှိဘူးကွ။ အခု အလုပ်ပါးပြီး ငွေကလည်း ပြတ်နေတယ်"

ဟု ပြောလေရာ ကိုမြင့်က ပြုံးဖြဲဖြဲလုပ်ရင်း –

"အခု ဆရာတပည့်နှစ်ယောက် မိုးတွင်းစာရှာဖို့ ထွက်လာတယ်ဆိုပါတော့"

ဟု ပြောလေသည်။ ထိုအခါ ဦးဖိုးထိန်ကလည်း

"ဒါပေါ့ကွ"

ဟုပြောပြီး ရယ်နေလေသည်။

"ကဲ ... နောက်မှ စကားအေးအေးဆေးဆေး ပြောကြတာပေါ့။ အခု မနက်စာ ထမင်းမစားရသေးဘူး မဟုတ်လား"

ကိုမြင့်က ပြောလိုက်ခြင်း ဖြစ်သည်။

"မစားရသေးဘူးလေကွာ။ အခုပဲ ငါတို့လည်းပေါ်က ဆင်းလာကြတာကွ"

"ဒါဆိုရင်သွားမယ်လေ။ ထမင်းသွားစားကြမယ်။ လှသန်း ... မင်းရော လိုက်ခဲ့ပါလား"

ကိုမြင့်က ဖိုးထိန်တို့ကို ခြောခင်း ကိုလှသန်းကိုပါ ခေါ်သည်။

"ငါ မလိုက်တော့ပါဘူးကွာ။ မင်းပဲ ဆရာထိန်တို့ကို လိုက်ကျွေးလိုက်ပါ။ ငါ ဒီမှာစောင့်နေလိုက်ဦးမယ်။ တကယ်လို့ လူကျလာတော့လည်း ထိုးမယ့်သူရှိရင် ငါဖွင့်ထားလို့ရတာပေါ့"

ကိုလှသန်းက ထိုသို့ပြန်ပြောလိုက်သောကြောင့် သူတို့နှစ်ဦး ကိုမြင့်နှင့်အတူ ဈေးဆိုင်တန်းများဆီ ထွက်ခဲ့ကြတော့သည်။

ကိုမြင့်ခေါ်သွားသော ထမင်းဆိုင်မှာ သူတို့လှည်းကြုံစီးလာခဲ့သော မစန်းရီ၏ ထမင်းဆိုင်ပင် ဖြစ်နေသည်။ ဆိုင်ရှင် မစန်းရီက သူတို့နှစ်ဦးကို မြင်သောအခါ ပြုံးပြပြီး နှုတ်ဆက်လေသည်။

နံနက်စာ ထမင်းဟင်းများကို စားသောက်နေရင်းပင် သူတို့နှစ်ဦးအား ကိုမြင့်က ဝိုင်းအခြေအနေကို ပြောပြနေသည်။

"ဒီဇယားက ထိုးသားပေါပြီး ငွေသိပ်မကျဘူး ဆရာထိန်ရေ။ ဘာဖြစ်လို့လဲဆိုတော့ အခု ဒီကြားရက်တွေမှာ လာထိုးနေတာကလည်း အနီထောင်သမားစစ်စစ် နည်းတယ်။ ဝါသနာပါလို့ လာထိုးတဲ့သူနဲ့၊ တစ်ခါမှ မထိုးဖူးဘဲ အပျင်းပြေ လာထိုးတဲ့သူနဲ့။ ဒါမျိုးတွေပဲများတော့ တစ်ဝိုင်းနှစ်ဝိုင်းနဲ့ အချိုကြီးစားရတာမျိုး မရှိဘူး။ စားတာတော့ စားနေရတာပဲ။ ရက်ရှည်လာတော့လည်း မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီဖယားထဲမှာ ငါတို့တောင်ငူက ဒိုင်တွေ ဘယ်နှဒိုင်လောက်ပါလဲ"

ဦးဖိုးထိန်က ထမင်းစားနေရင်းမှ မေးလိုက်သည်။

"အောက်ဖယား သမားတွေကတော့ တောင်ငူကများပါတယ်။ အနီထောင်ဒိုင်ကတော့ ကျွန်တော်တို့ရယ်၊ မောင်ငွေးတို့ရယ်၊ ကိုသန်းရယ်၊ ဒေါ်မြရယ်၊ ဒေါ်တင်ရယ် ငါးဒိုင်ပေါ့။ ကျန်တဲ့လေးဒိုင်မှာက နှစ်ဒိုင်က မန်ကျည်းကုန်းက မောင်သောင်းနဲ့ ဖြူးက ဇော်ကြီး"

"ဒါဆိုရင် ကိုယ့်ကောင်တွေ ချည်းပါပဲလားကွ။ တခြားကဒိုင် မရှိတော့ဘူးလား"

"ရှိတယ် ဆရာထိန်။ အလုပ်လုပ်ချင်ရင်တော့ ကျွန်တော်တို့အတန်းက တောင်ဘက်ဆုံးနှစ်ဒိုင်က သူစိမ်းတွေဗျ"

"ဘယ်ကလဲ"

"တစ်ဒိုင်က လူအဝဲကြီးကလို့ ပြောတယ်။ နောက်တစ်ဒိုင်က ညောင်လေးပင်ဒိုင်။ အဲဒီညောင်လေးပင်ဒိုင်က ငွေတော်တော်တောင့်တယ်"

"အေးကွာ ..။ ညဘက်ကျမှ အခြေအနေ လျှောက်ကြည့်တာပေါ့"

ဦးဖိုးထိန်က စကားကိုဖြတ်ပြီး ထမင်းကိုပြီးအောင် စားလိုက်သည်။ ထိုအချိန်တွင် နေလွှမ်းမှာလည်း ထမင်းစား၍ ပြီးသွားပြီဖြစ်သည်။

"ဆရာထိန်တို့ ဆရာတပည့်နှစ်ယောက် ဒီမှာပဲနေမလား။ ဒါမှမဟုတ်ရင် ရွာထဲက ကျွန်တော်တို့တည်းတဲ့ အိမ်မှာပဲ သွားနားမလား"

ကိုမြင့်က ထမင်းဖိုးငွေရှင်းရင်း ဦးဖိုးထိန်ကို လှမ်းမေးသည်။

"ဒီမှာနေရတာ ပူပါတယ်ကွာ။ ရေလေးဘာလေးချိုးပြီး တစ်ရေးတစ်မော အိပ်ချင်သေးတယ်ကွ။ ဒီတော့ ရွာထဲက အိမ်မှာပဲ သွားနားမယ်။ ညနေမိုးချုပ်မှ ဒီကိုပြန်လာကြတာပေါ့"

"ဒါဆိုလည်း သွားကြမယ်"

*ဖျာခင်းသုံးရာ ဆိုသည်မှာ အနီထောင်ဝိုင်းဖွင့်ရန် စခင်းလိုက်လျှင်ပင် ထိုနေ့တစ်နေ့ ကျန်တစ်ဝိုင်းပဲ ဖွင့်ရသည်ဖြစ်စေ မဖွင့်ရသည်ဖြစ်စေ၊ သို့တည်းမဟုတ် တစ်နေ့လုံး မနားရဘဲ တစ်ဝိုင်းပြီးတစ်ဝိုင်း ဆက်ဖွင့်နေရသည်ဖြစ်စေ အကောက်ဒိုင်ကို အောင်လံကြေး သုံးရာပေးရမည်ဟု ဆိုလိုရင်းဖြစ်သည်။*

ကိုမြင့်က ပြောပြီး သူတို့နှစ်ဦးအား ဦးဆောင်ခေါ်သွားကာ ရွာထိပ်နားရှိ သူတို့တည်းခိုသော အိမ်သို့ ပို့ပေးလေသည်။ ကိုမြင့်က သူတို့ကိုပို့ပြီးသည်နှင့် ပြန်သွားရာ သူတို့ဆရာတပည့်နှစ်ဦး ထိုအိမ်မှာပင် နားရင်းကျန်ခဲ့တော့သည်။

*****

### အခန်း (၁၀)

ကြွေဖိုးထိန်နှင့် နေလွှမ်းတို့မှာ တစ်ရေးတစ်မော အိပ်ခဲ့ကြပြီး ညနေ ၄ နာရီလောက်တွင်မှ အိပ်ရာမှ နိုးခဲ့ကြသည်။ အိပ်ရာမှနိုးသည်နှင့် နှစ်ဦးသား ရေအဝချိုးကြပြန်သည်။ ရေချိုးပြီး၍ အဝတ်အစားလဲချိန်မှာပင် ကိုမြင့်တို့အဖွဲ့တစ်ဖွဲ့လုံး အိမ်သို့ ပြန်ရောက်လာကြသည်။

"ဘယ်လိုလဲဟေ့။ မင်းတို့ နေ့ခင်းက ဖယားခင်းခဲ့ရသေးလား"

ဦးဖိုးထိန်က ဆီးကြိုမေးလိုက်ခြင်းဖြစ်သည်။

"ဝိုင်းပိန်လေးတစ်ဝိုင်းပဲ ဖွင့်လိုက်ရပါတယ်ဗျာ။ ဒါပေမယ့် အဲဒီဝိုင်းပိန်လေးကလည်း အောင်လံကြေးကျေပြီး တစ်နေကုန် စားစရိတ်လောက်တော့ ရလိုက်သေးတယ်ဗျ"

ကိုလှသန်းက ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ သူပြောသည့် အောင်လံကြေး ဆိုသည်မှာ ဤပွဲဖယားကို တာဝန်ယူသော ကန်ထရိုက်များမှ အနီထောင်ဝိုင်းတစ်ဝိုင်းဖွင့်လျှင် နေ့ခင်းဘက်ဖွင့်က မည်ရွေ့မည်မျှ အကောက်ပေးရမည်၊ ညခင်းဘက်ဖွင့်က မည်ရွေ့မည်မျှ အကောက်ပေးရမည်ဟု သတ်မှတ်ထားသောကြေး



www.burmeseclassic.com

www.burmeseclassic.com

ကို ဆိုလိုခြင်းဖြစ်လေသည်။

"အောင်လံကြေးက . . . ဘယ်လောက်တဲ့လဲဗျ"

နေလွှမ်းက ဝင်မေးခြင်းဖြစ်သည်။

"ဖျာခင်းသုံးရာတဲ့ကွာ"

ဖျာခင်း သုံးရာဆိုသည်မှာ အနီထောင်ဝိုင်းဖွင့်ရန် စခင်းလိုက်လျှင်ပင် ထိုနေ့တစ်နေ့ ကျန်တစ်ဝိုင်းပဲ ဖွင့်ရသည်ဖြစ်စေ မဖွင့်ရသည်ဖြစ်စေ၊ သို့တည်းမဟုတ် တစ်နေ့လုံး မနားရဘဲ တစ်ဝိုင်းပြီးတစ်ဝိုင်း ဆက်ဖွင့်နေရသည်ဖြစ်စေ အကောက်ဒိုင်ကို အောင်လံကြေး သုံးရာပေးရမည်ဟု ဆိုလိုရင်းဖြစ်သည်။ ညခင်းဘက်တွင်လည်း ထိုနည်းအတူပင် ဖြစ်လေသည်။

"များတော့များတယ်ဗျနော်"

"များတာပေါ့ကွ။ ငါတို့ ဒီတစ်နေ့လုံး ကစားလာတာ ဘယ်ဖယားမှာမှ ဒီလောက်မပေးရသေးဘူး"

နေလွှမ်းအပြောကို ကိုမြင့်က ထပ်ဆင့်ထောက်ခံပြီး ပြောခြင်းဖြစ်သည်။

"ဒါပေမယ့် ဝိုင်းလေးတွေက ညညလူကျနေလို့ တော်သေးတာပေါ့"

ကိုလှသန်းက ထိုသို့ပြောပြီး ရေချိုးရန် ထွက်သွားသောအခါ ကိုမြင့်နှင့် သူတို့အဖွဲ့မှ ကျန်နှစ်ယောက်လည်း လိုက်ပါသွားကြသည်။

သူတို့အားလုံး ရေချိုးပြီး၍ အဝတ်အစားများ လဲပြီးချိန်တွင် တည်းခိုအိမ်မှချက်ကျွေးသော ကာလသားချက် ကြက်သားဟင်းနှင့် ညစာကို မြိန်ရှက်စွာ ဝိုင်း၍စားကြသည်။ အမှန်မှာ ကိုမြင့်တို့အဖွဲ့က အိမ်ရှင်အား စရိတ်ပေး၍ ထမင်းချက်ကျွေးစေခြင်းပင် ဖြစ်သည်။

သူတို့ ထမင်းစားသောက်ပြီးချိန်တွင် ညနေ ၅ နာရီခွဲနေပြီမို့ သူတို့အားလုံး ပွဲခင်းထဲသို့ထွက်လာကြသည်။

ကစားဝိုင်းတန်းသို့ ရောက်သည်နှင့် ကိုမြင့်တို့အဖွဲ့က သူတို့နေရာယူထားသော ဆိုင်ခန်းနေရာတွင် ဖယားကို စတင်ခင်း၍ ဝိုင်းအစပျိုးရန် ပြင်ဆင်ကြသည်။ ဦးဖိုးထိန်နှင့် နေလွှမ်းတို့လည်း သူတို့နှင့်ရောထိုင်ပြီး လူအခြေအနေကို စောင့်ကြည့်နေကြလေသည်။

မှောင်ရီသန်းလာချိန်တွင် ပွဲခင်းတစ်ခုလုံး အင်ဂျင်ဖြင့်ပေးသော လျှပ်စစ်မီးများ ထိန်လင်းနေပြီး လူများလည်း တဖွဲဖွဲရောက်ရှိလာတော့သည်။

အချိန်အတော်ကြာသည်အထိ သူတို့ထိုင်စောင့်နေကြသော်လည်း ဖယားခင်းထားသော ရှေ့မှဖြတ်လျှောက်သူများက တချို့ မတ်တတ်ရပ်လျက် ကြည့်နေကြပြီး တချို့က ရှေ့မှ ဆိုင်းငံ့ဆိုင်းငံ့ လှည့်ကြည့်လှည့်ကြည့် လုပ်သွားကာ ဝင်ထိုးမည့်သူ မရှိသောကြောင့် ဦးဖိုးထိန်က နေလွှမ်းအား

"မောင်နေ . . . ရှေ့ကနေ အုပ်သွားဖတ်ပြီး ပိုက်ဆံနည်းနည်း ချထိုးနေစမ်းကွာ။ ဝိုင်းပျိုးရအောင်"

ဟု ပြောလိုက်လေသည်။

နေလွှမ်းကလည်း သူ့ဆရာ၏ စကားကို မငြင်းပယ်ဘဲ ရှေ့သို့ထွက်ကာ အုပ်မင်းသားနေရာတွင် ထိုင်ပြီး တစ် ယောက်တည်း အုပ်လှည့်လိုက် ပိုက်ဆံချထိုးလိုက်၊ အုပ်ကိုဆွဲဖွင့်လိုက်နှင့် ကစားနေရာ ကိုမြင့်တို့အုပ်စုလည်း တိုက်လျှင်လျော်လိုက်၊ မတိုက်လျှင် စားလိုက်နှင့် ခပ်တည်တည်ပင် လုပ်နေကြသည်။ အမှန်စင်စစ် နေလွှမ်းသည် အနီထောင်လောကတွင် သမ္ဘာကြီးများဖြစ်သော ဦးဖိုးထိန်တို့၊ ကိုမြင့်တို့အုပ်စုနှင့် အတူနေနေသော်လည်း ယခင်က အနီထောင်တစ်ခါက မထိုးဖူးသူဖြစ်ခြင်းကြောင့် အုပ်ကိုလည်း ဟုတ်တိပတ်တိ ဖတ်တတ်သူမဟုတ်ပေ။ ဤသို့ နေလွှမ်းတစ်ယောက်တည်း အုပ်ဖတ်ပြီး ထိုးနေရင်း သုံးလေးလှည့်ခန့်ပြီးသောအခါ ရှေ့နားမှရပ်ကြည့်နေသူများမှာ စိတ်ပါဝင်စားလာပြီး သူ့ဘေးမှလာထိုင်၍ ပိုက်ဆံများ ချထိုးတော့သည်။

အစတွင် နှစ်ယောက် သုံးယောက်၊ နောက်တော့ တစ်အုပ်တစ်မကြီးဖြစ်လာကာ ဖယားပေါ်တွင်လည်း ပိုက်ဆံများ များပြားလာသည်။ နေလွှမ်းကလည်း အုပ်ကို လှည့်ချင်သလိုလှည့်ပြီး ထိုးချင်သလို ထိုးပြသည်။ ကျန်သည့်လူများကလည်း သူတို့ထိုးချင်သည့် ဂဏန်းများကို စိတ်ကူးတည့်သလို ထိုးကြသည်။ အုပ်ဆွဲဖွင့်သောအခါ တိုက်ချင်သည့်အကွက်သွားတိုက်ပြီး တချို့က အလျော်ရ၍ တချို့က အစားခံရသည်။

နေလွှမ်းက ဘာမျှမတတ်ဘဲ ဝိုင်းဖြစ်မြောက်ရေးအတွက် ရိုးသားစွာ လုပ်ပေးနေခြင်းဖြစ်သောကြောင့် ကျန်သည့်ထိုးသား အားလုံးကလည်း နေလွှမ်းကို သံသယမဖြစ်ချေ။ ဤသို့ဖြင့် ဝိုင်းစည်လာချိန်တွင် နေလွှမ်းက သူ့ဘေးနားမှ ပိုက်ဆံများကိုကိုင်ပြီး ထိုင်ထိုးနေသူအား . . .

"ကျွန်တော် ခဏနားဦးမယ်ဗျာ"

www.burmeseclassic.com

ဟုပြောကာ အုပ်ကိုထိုးပေးလိုက်ရာ ထိုလူကလည်း လိုလိုချင်ချင်ပင် နေလွှမ်းနေရာ ဝင်ထိုင်၍ အုပ်မင်းသားလုပ်ပြီး ဆက်ထိုးနေလေသည်။

ဝိုင်းမှာ တဖြည်းဖြည်း အရှိန်ရလာပြီမို့ ကိုမြင့်တို့နောက်နားတွင် ကပ်ထိုင်နေသော ဦးဖိုးထိန်အား မျက်ရိပ်မျက်ခြည်ဖြင့် လှမ်းကြည့်သည်။ အဓိပ္ပါယ်သိသော ဦးဖိုးထိန်ကလည်း ထိုနေရာမှထလာပြီး နှစ်ယောက်သား ကစားဝိုင်းတန်းအပြင်ဘက်သို့ ထွက်လာကာ ကွမ်းယာဆိုင်တစ်ဆိုင်တွင် ဝယ်၍စားကြသည်။

"မောင်နေ ... ဟိုကောင်တွေကို မင်းဝင်ပြီး ဝိုင်းပျိုးပေးလိုက်တာ တော်တော်ကောင်းတယ်ကွ။ အဲဒီလိုမှ မပျိုးပေးရင် ဝိုင်းက တော်တော်နှင့်ဖြစ်မှာ မဟုတ်ဘူးကွ။ မင်းပိုက်ဆံ ချထိုးတဲ့ထဲက သူတို့စားထားတဲ့ ငွေလေးရာငါးဆယ်ကို ငါ့ကို ပြန်ပေးလိုက်ပြီ ရော့ ..."

ဦးဖိုးထိန်က ပြောရင်းပင် ကိုမြင့်တို့ထံမှ သူယူလာသော ခုနစ်ဆယ့်ငါးကျပ်တန် ခြောက်ရွက်ကို နေလွှမ်းအား ထုတ်ပေးလိုက်သည်။

နေလွှမ်းမှာ ဝိုင်းပျိုးပေးသည့်သဘောဖြင့် သူ၏အိတ်ကပ်ထဲမှ ပိုက်ဆံများကို ချထိုးပေးခဲ့ရင်း အစားခံရ၍ ပိုက်ဆံများ လျော့ကုန်သည်ကို သိသော်လည်း မည်မျှလျော့မည်မှုဖြစ်သည်ကို မသိခဲ့ပေ။ ယခု ဦးဖိုးထိန်ပြောမှ မိမိထည့်လာသောပိုက်ဆံနှင့် အိတ်ကပ်ထဲမှ အကျန်ကို ပြန်တွက်ကြည့်လိုက်သောအခါ အမှန်ပင် ငွေလေးရာငါးဆယ် လျော့နေသည်ကို တွေ့လိုက်ရလေသည်။ ထို့ကြောင့်လည်း သူ၏စိတ်ထဲတွင် ကစားသမားလုပ်စားသူတို့၏ မျက်စိလျှင်ပုံ၊ စိတ်တွက်ကောင်းပုံတို့ကိုလည်း အံ့ဩချီးကျူးနေမိတော့သည်။

သူတို့နှစ်ဦး ကွမ်းယာဆိုင်မှ ထွက်လာပြီး ကစားဝိုင်းတန်းဘက်ကို ပြန်လျှောက်ကြသည်။ သည့်တစ်ကြိမ်တွင် ဦးဖိုးထိန်က –

"အောက်ဖယားတွေဘက် အရင်သွားကြည့်ရအောင်ကွာ"

ဟုဆိုကာ အနီထောင်ဝိုင်းများဆင်ထားရာ အတန်းဘက်သို့မသွားဘဲ ထိုအတန်း၏ မြောက်ဘက်ထိပ်မှ အနောက်ဘက်သို့ သွယ်တန်းထားသော ဆိုင်ခန်းများဆီသို့ ဦးတည်သွားခဲ့လေသည်။ ထိုအတန်းတစ်တန်းလုံးတွင်ရှိသော ကစားဝိုင်းများမှာ အနီထောင်ဝိုင်းများမပါဘဲ အောက်ဖယားဟုခေါ်သည့် ရွှေဘို ဂေါက်ဂက်၊ သုံးကောင်ဂျင်၊ စုံမ၊ တစ်စုံနှစ်စုံစက်ဝိုင်း၊ ဖဲသုံးချပ်၊ ကြိုးခွေ စသည့် ကစားဝိုင်းများသာ ဖြစ်လေသည်။

သူတို့နှစ်ဦး အနောက်ဘက်ထိပ်မှ ဆိုင်တန်းများအတွင်း စဝင်ခဲ့ရာ ရှေးဦးစွာ အံစာသီးသုံးလုံးကို ဘူးထဲထည့်၍ အဖုံးပိတ်ပြီးခေါက်ရင်း –

"ထိုး .. ထိုး .. တစ်ကောင်ပေါ်ရင် တစ်ဆလျော်မယ်၊ နှစ်ကောင်ပေါ်ရင် နှစ်ဆလျော်မယ်။ သုံးကောင်ပေါ်ရင် သုံးဆလျော်မယ်"

ဟု အော်ဟစ်ကာ ဝက်၊ ငါး၊ လိပ်၊ ယုန်၊ ဒေါင်း၊ ကျား စသည့် အရုပ်များပါသော ဖယားခင်းထားသည့် ဝိုင်းလေးများကို စတွေ့ရသည်။ ထို့နောက်တွင် သုံးကောင်ဂျင်ဖယား၊ ကြက်မိသားစုနှင့် ဝက်မိသားအုပ်၊ ပုစွန်မိသားအုပ် စသည်ဖြင့် ပေါ်သည့်အကောင်၏ အရေအတွက်ရှိသလောက် ထိုးသည့်ငွေပေါ်တွင် အဆတင်၍ လျော်ပေးသော စက်ဝိုင်းဖယား၊ လက်ဖြင့်လှည့်ဖျား ကစားကာ စိတ်ကိုဆွပေး၍ ကစားချင်သူကို မြူဆွယ်သည့် ဖဲသုံးချပ်ဖယား စသည်တို့ကို တစ်ခုပြီးတစ်ခု တွေ့ရလေသည်။ ထိုဖယားများတွင် ထိုးသားများ မစည်ကားလှဘဲ ကလေးသူငယ်များနှင့် မိန်းမများ တစ်ယောက်စ နှစ်ယောက်စ၊ အရက်မူးသမား တစ်ယောက်စ နှစ်ယောက်စလောက်သာ ထိုင်ကစားနေသည်ကို တွေ့ရလေသည်။

"ပွဲတစ်ပွဲမှာ ဒီလိုအကြွမ်းသမားတွေပါလာတာ မကောင်းဘူးကွ။ သူတို့ဆီကနေ ပြဿနာစပြီး တစ်ဖယားလုံး ပျက်သွားနိုင်တယ်"

ဦးဖိုးထိန်က ထိုသို့ပြောလိုက်ရာ နေလွှမ်းက နားမလည်သဖြင့် –

"ဦးလေး အကြွမ်းဆိုတာက ဘာကိုပြောတာလဲဗျ"

ဟု မေးလိုက်လေသည်။

"အကြွမ်းဆိုတာ အခု မင်းမြင်ခဲ့ရတဲ့ လက်ခေါက်အန်စာသီးတို့၊ သုံးကောင်ဂျင်တို့၊ စုံမဂုဏ်တာတို့၊ ဖဲသုံးချပ်တို့ဆိုတဲ့ ကစားနည်းတွေပေါ့ကွာ။ ဒီနည်းတွေက ကံပေးကံတိုက် မဟုတ်ဘူးကွ။ လက်လှည့်ပညာနဲ့ လိုချင်တာပေါ်ချင်တာကို ပေါ်အောင်လုပ်ယူလို့ရတဲ့ ကစားနည်းကွ"

"သူတို့ကို ဘာကြောင့် အကြွမ်းလို့ခေါ်တာလဲ"

"သူတို့က လာကစားတဲ့ထိုးသားတွေရဲ့ အိတ်ထဲက ပိုက်ဆံတွေကို လူမြင်အောင်လုမယူတာကွ ဒါ့ကြောင့်လို့



www.burmeseclassic.com

www.burmeseclassic.com

အကြင်းနှိုက်ယူနေတာမျိုးလေကွာ။ ဒါကြောင့် သူတို့ကို အကြမ်းလို့ခေါ်တာပေါ့''

''ဩော် ... ဒီလိုကိုး''

နေလွှမ်းမှာ ကြွေဖိုးထိန်က သေသေချာချာ ရှင်းပြမှ 'အကြမ်း'ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို သေသေချာချာ နားလည်သွားပြီး သဘောကျစွာ ပြုံးလိုက်သည်။

သူတို့ဆရာတပည့် နှစ်ဦးမှာ အကြမ်းဝိုင်းများကို လွန်လာပြီး ရွှေဘိုဂေါက်ဂက်စုံများချည်း ဘယ်ညာနှစ်ဖက် အတန်းလိုက်ဆင်ထားသော ဆိုင်တန်းများဆီ ဝင်ခဲ့သည်။

ဆိုင်တန်းများမှာ တစ်တန်းနှင့်တစ်တန်း မျက်နှာချင်းဆိုင်ထိုးထားပြီး အလယ်တွင် လူသွားလမ်း မထားရှိဘဲ ခင်းထားသော ရွှေဘိုဂေါက်ဂက်ခုံများမှာ တစ်ဖက်လျှင် အနည်းဆုံး ဆယ်ခုံရှိသောကြောင့် စုစုပေါင်း စုံနှစ်ဆယ်ခန့် ရှိမည်ထင်ရသည်။ ထိုခုံများအားလုံး အကြီးအသေး၊ အရွယ်အစား မတူညီသော်လည်း စိတ်ဝင်စားစွာ ဝိုင်း၍ထိုးနေသူများက ခုံတိုင်းလိုလိုတွင် ပြည့်နှက်စည်ကားနေသည်။

ကစားနေကြသည့် ထိုးသားများမှာ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်၍၊ မင်းသမီးရှုံးလောက်အောင် လိမ်းခြယ်ထားသော မိန်းမပျို ကလေးများ၊ သူတို့နှင့်ရွယ်တူ ငယ်ရွယ်သန့်ပြန့်သည့် လူငယ်ကလေးများ၊ ကလေးတွဲလောင်းဆွဲထားသည့် မိန်းမများ၊ အဘိုးအိုကြီးများအပြင် ကလေးငယ်များနှင့် ကိုရင်သေးသေး ကလေးများ စသည်ဖြင့် စုံလင်လှလေသည်။ လူမမည်ကလေးများကို ခါးပေါ်ခါးတစ်ခွပြီး လူအုပ်ကြားမှာ ကုန်းကုန်းကွကွနှင့် ဖွဲကြီးစွာထိုးနေသည့် အမျိုးသမီးများကိုလည်း တွေ့ရလေသည်။

အပေါ်တန်းတွင် ဝက်ရုပ်၊ ငါးရုပ်၊ ကျားရုပ်များပါသည့် ခင်းထားသောဇယားပေါ်တွင်လည်း အကွက်တိုင်းလိုလို ပိုက်ဆံများ ပြည့်နေတတ်ပြီး ထိုးထားသော ပိုက်ဆံများမှာ အသေးဆုံး တစ်ကျပ်တန် ငွေစက္ကူမှစ၍ ငါးကျပ်တန်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန် စသည်များတွေ့နေပြီး အကြီးဆုံးမှာတော့ နှစ်ဆယ့်ငါးကျပ်တန်လောက်သာ ပါလေသည်။

နေလွှမ်းတို့နှစ်ယောက် ခေတ္တရပ်ကြည့်နေသောဝိုင်းမှာ အန်စာသီးအကြီးများဖြင့် ဆင်ထားသော ခုံကြီးဖြစ်ပြီး အန်စာလုံးမျက်နှာပြင် ခြောက်ဘက်တွင်ရှိသော အရုပ်များမှာလည်း ဆေးသားတောက်ပြောင်၍ ကြည့်ရသူအဖို့ အားရစရာကောင်းသဖြင့် ထိုးသားများ ဝိုင်းဝိုင်းလည်နေလေသည်။

ထိုခုံတွင် ကြိုးဆွဲသည့် ကြိုးမင်းသားမှာ နေလွှမ်းတို့အရွယ် လူငယ်တစ်ယောက်ဖြစ်ပြီး ဆံပင်ရှည်ရှည်၊ မျက်နှာသွယ်သွယ်နှင့် ဖြစ်သည်။ သူ၏လှုပ်ရှားမှုများက သွက်သွက်လက်လက်ရှိသလို သူ့မျက်လုံးများက ဇယားတစ်ခုလုံးကိုရော၊ ခုံဘေးမှ ငွေအလျော်အစားလုပ်သော ဒိုင်နှစ်ဦးနှင့် နောက်ဘက်မှ အန်စာသီးတင်သူကိုပါ အလွတ်မပေးဘဲ ကျီးကန်းတောင်းမှောက် လျှောက်ကြည့်နေတတ်လေသည်။

''ကဲ ... ထိုးကြ .. ထိုးထားကြ။ ငွေထိုးရင် ငွေလျော်မယ်၊ လေထိုးရင် လေလျော်မယ်။ စိတ်ကူးကောင်းရင် အိတ်ကြီးဖောင်းမယ်''

အန်စာသီးတင်သူက အန်စာသီးသုံးလုံးကို တင်ခုံပေါ်တွင် အတန်းလိုက်ကောက်တင်ရင်း အော်နေသည်။

အန်စာသီးများ တင်ရာတွင် ပထမတစ်ကြိမ်က ပေါ်ခဲ့ပြီးသော ယုန်၊ ကျား၊ ငါး စသည့် အကောင်များကို မျက်နှာပြင်ဖော်ပြ၍ တန်းစီတင်ထားခြင်းဖြစ်သည်။

''ကဲ ... ထိုးထားကြ ထိုးထားကြ။ လက်ရှောင်ရင် ပေါက်ကောင်ဆွဲပြမယ်''

ဤအသံမှာ ကြိုးမင်းသားလုပ်သူက ပြောနေသောအသံ ဖြစ်သည်။ ထိုးသားများကလည်း –

''ယုန်ပြန်ပေါ်မှာကွ''

''ဒီတစ်ခါ လိပ်လာမှာကွ''

''ကျားပြီးရင် ငါးဆက်ပေါ်တတ်တယ်ကွ''

စသည်ဖြင့် ကိုယ်ထင်ရာကိုယ်ပြောပြီး ဇယားပေါ်မှ ကိုယ်ကြိုက်သည့် အကောင်ပေါ်ကို ပိုက်ဆံများ ပစ်တင်နေကြသည်။

''ထိုးတဲ့လူတွေ ကိုယ်ထိုးတဲ့ ပိုက်ဆံကိုယ်ကြည့်ထားနော်။ လျော်တဲ့အခါကျမှ သူ့ဟာကိုယ့်ဟာ မငြင်းကြနဲ့။ တို့ကတော့ ဒေါင်းပဲကြိုက်တယ်''

ကြိုးမင်းသားက အာဘောင်အာရင်းသန်သန်နှင့် လူကြားကောင်းအောင်ပြောရင်း တို့ကတော့ ဒေါင်းပဲဟုဆိုနေသော်လည်း ဒေါင်းပေါ်တွင် ပြန့်ကျဲစွာထိုးထားသော ပိုက်ဆံများထဲတွင် သူ့ပိုက်ဆံမပါသေးပေ။ ဒီသူ



www.burmeseclassic.com

www.burmeseclassic.com

မှာ လက်တစ်ဖက်က ကြိုးစကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်ထဲတွင် နှစ်ဆယ့်ငါးကျပ်တန်တစ်ရွက်ကို လုံးချေ၍ကိုင်ထားပြီး မည်သည့်အကောင်ပေါ်မှ ပိုက်ဆံထိုးမထားသေးချေ။ ဤသည်ကို သူ့ကိုစိတ်ဝင်စားသဖြင့် နောက်ကရိပ်မိုးကြည့်နေသော နေလွှမ်းက သတိထားမိနေသည်။

"ကဲ . . ဆွဲမယ် လက်ရှောင်"

ကြိုးမင်းသားက ထိုသို့အော်လိုက်သောအခါ ဝိုင်းတစ်ဝိုင်းလုံးမှ လူများ၏ မျက်လုံးများက ခုံပေါ်မှ အန်စာသီးများထံ မျက်လုံးရောက်သွားကြသည်။

ကြိုးဆွဲသူက ကြိုးကို ဖြည်းဖြည်းချင်းဆွဲလျှင် သုံးလုံးစလုံး တစ်ပြိုင်တည်းမကျဘဲ တစ်လုံးချင်း ကျစေရန်အတွက် မောင်းတံကို တစ်ဖက်လျှော့ တစ်ဖက်တင်ထားသဖြင့် ကြိုးမင်းသား စဆွဲသောအခါ ကြိုးချည်ထားသည့်ဘက်မှ အလုံးက ပထမဦးဆုံး ကျလာသည်။

အန်စာသီးမှာ မောင်းတံမှလွတ်၍ ခုံစောင်းဆင်ခြေလျှောအတိုင်း တလိမ့်ကွေးကျလာပြီး အောက်ခံခုံထဲတွင် ချာလပတ်လည်ပြီးမှ ဖတ်ခနဲငြိမ်ပြီး ရပ်သွားသည်။

"ဒေါင်း"

ကြည့်နေသူများအားလုံး သံပြိုင်အော်လိုက်ကြသကဲ့သို့ ဆူညံစွာထွက်ပေါ်လာသည်။ ဒေါင်းထိုးထားသူများက လက်ခုပ်တီး ညီညာသည်။

"ကဲ . . . ထိုးသားတွေ လိုရာဆုတောင်းထားကြပေတော့။ အားလုံး စိတ်ချမ်းသာစေရမယ်"

ကြိုးမင်းသားက စကားတွေဖောင်အောင်ပြောပြီး နောက်တစ်လုံးကျရန် ကြိုးကို ဖြည်းဖြည်းချင်း ဆွဲချနေသည်။ ထိုအချိန်တွင် ထိုးသားများကလည်း –

"ကျားကွ"

"ဝက်ကွ"

"ယုန်ကွာ"

"ဟာ . . . နောက်တစ်ဒေါင်းကွာ"

စသည်ဖြင့် ပါးစပ်က ဆူညံပွက်အောင် ပြောနေကြရင်း အန်စာသီးကို ဝိုင်းကြည့်နေကြသည်။

အန်စာသီးမောင်းတံမှ လွတ်ထွက်လာခါနီးတွင် ကြိုးမင်းသားက ကြိုးကို ခပ်ဆတ်ဆတ်လေး ဆောင့်ဆွဲလိုက်ရာ အန်စာသီးက လိုအပ်သည်ထက် အရှိန်ပိုပြင်းစွာ လျှောကျသွားပြီး အောက်ခံခုံထဲတွင် လိမ့်၍ပတ်ပြေးနေသည်။ ထိုအချိန်တွင် ဒိုင်များအားလုံးရော၊ ထိုးသားများအားလုံးပါ မည်သည့်အကောင်ပေါ်၌ ရပ်သွားမည်ကို သိချင်ဇောဖြင့် ပတ်ပြေးနေသော အန်စာသီးပေါ်၌သာ အကြည့်ကို ပို့ထားကြချိန်ဖြစ်သည်။ ထိုသို့ အန်စာသီးက မငြိမ်သေးဘဲ ပတ်ပြေးနေဆဲမှာပင် ကြိုးမင်းသားက . .

"အဲဒါ နောက်တစ်ဒေါင်းကွ ဟောဒီဒေါင်း၊ ဟောဒီဒေါင်း . . ."

ဟုဆိုကာ ကြိုးမကိုင်ထားသော လက်တစ်ဖက်ဖြင့် ဒေါင်းရုပ်ကို ပုတ်ပြနေလေသည်။ ထိုအချိန်တွင် အန်စာသီးက ပြေးနေရာမှ ငြိမ်သက်သွားရာ ပေါ်ကောင်မှာ ငါးရုပ်ဖြစ်နေသည်။

"ငါးကွငါး"

"အဲဒါ ငါတို့ငါးပေါ့"

"ရွှေငါးကွ"

ငါးရုပ်ပေါ်တွင် ပိုက်ဆံချထိုးထားသူများက တစ်ယောက်တစ်ပေါက် ဝမ်းသာအားရ အော်ဟစ်နေကြလေသည်။ သို့ရာတွင် ကြိုးမင်းသားကတော့ သူတို့ မအော်မီကတည်းကပင် အပိုင်ပေါ်ပြီးသား ဒေါင်းရုပ်ပေါ်သို့ သူ၏လက်ထဲမှ လုံးချေပြီးကိုင်ထားသော အစိတ်တန်တစ်ရွက်ကို တင်ထားခဲ့ပြီးဖြစ်သည်။ ဤအချက်ကို အံစာသီးများအပေါ်၌ သာ အာရုံရောက်နေသော ဒိုင်နှင့်အခြား ထိုးသားများမသိလိုက်သော်လည်း နောက်တွင်ရပ်နေသော နေလွှမ်းက သိလိုက်သည်။

အမှန်စင်စစ် –

"အဲဒါ နောက်တစ်ဒေါင်းကွ။ ဟောဒီဒေါင်း . . . ဟောဒီဒေါင်း"

ဟု အော်ကာ ဒေါင်းရုပ်ကို လက်ဖြင့်ပုတ်ပြလိုက်ကတည်းက သူ့လက်ထဲမှ အစိတ်တန်ကို မူလရှိပြီးသား ပိုက်ဆံပုံထဲသို့ ချထားပစ်ခဲ့ခြင်းသာ ဖြစ်သည်။

ကြိုးမင်းသားက နောက်ဆုံးကျန်သည့် တစ်လုံးကို ဆက်ဆွဲချလိုက်သည်။ ကံအားလျော်စွာ ဒေါင်းတစ်ကောင် ထပ်ပေါ်သွားသည်။ ကြိုးမင်းသားမှာ မချိမချဉ်မျက်နှာဖြင့် ပျော်မြူးနေသည်။ ကံပေးကံတိုက်မဟုတ်ဘဲ ပေါ်ပြီးသားအကောင်ပေါ်တွင် အပိုင်ခိုးထိုးသွားသည့် ကြိုးမင်းသားက နေရင်းထိုင်ရင်း နှစ်ဆအလျော်ရလိုက်လေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

---

ကျော်ဆွေဝင်း(ရွှေအင်း)

---



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

ခေတ်တစ်ခေတ်မှ တစ်ခေတ်၊ စနစ်တစ်ခုမှတစ်ခု ပြောင်းလဲရာတွင် ခေတ်ဟောင်း၊ စနစ်ဟောင်းက အစွဲအလမ်း၊ အယူအဆ၊ အကျင့်များသည် ရေကိုအရောင်ပြောင်းဆိုးလိုက်သလို အလွယ်တကူ ပြောင်းလဲ၍ မရနိုင်ပေ။ ခေတ်ဟောင်း၊ စနစ်ဟောင်းကို မစွန့်နိုင်သူများ၊ ဖက်တွယ်နေချင်သူများ ရှိနေတတ်ပေသည်။ ဤသည်မှာ နိုင်ငံတစ်နိုင်ငံတည်းကို ရည်ညွှန်းဆိုလိုခြင်းမဟုတ်၊ နိုင်ငံအားလုံးလိုလိုအတွက် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးအာဏာ၊ စီမံခန့်ခွဲရေးအာဏာ၊ တရားစီရင်ရေးအာဏာဟူ၍ ရှိရာ အာဏာသုံးရပ်သည် တသီးတခြားစီ ခွဲခြားရပ်တည်၍မရဘဲ အပြန်အလှန် ထောက်ကန်၍ ကျေးဇူးပြုနေရပေမည်။ ဤသို့ဆိုခြင်းမှာ အပြန်အလှန် ကြိုက်သလို စွက်ဖက်နိုင်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ အပြန်အလှန် လေးစားမှုရှိရပေမည်။

တပ်မတော်အစိုးရ လက်ထက်တွင် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် တရားစီရင်ရေးအာဏာကို စွက်ဖက်မှုကင်းသည်ဟု မဆိုနိုင်သေးပေ။ အနှောင်အဖွဲ့ကား ရှိနေဆဲပင်။ လွတ်လပ်စွာ တရားစီရင်ရေးဆိုသော်လည်း လက်တွေ့တွင် အဟန့်အတား၊ အခက်အခဲများ ရှိနေပေသည်။

မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်း/ပြည်နယ်အဆင့်အထိ အချို့သော မှုခင်းကိစ္စများတွင် စစ်ဆေးစီရင်ရသည့် တရားသူကြီးအမြင်၊ အယူအဆ၊ ဆန္ဒနှင့် မကိုက်ညီဘဲလျက် မျက်စိမှိတ်ကာ သက်ဆိုင်ရာက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရသည်များ ရှိပေသည်။ ရံဖန်ရံခါ ပေါ်လစီအရ ဆောင်ရွက်ရသည်များလည်း ရှိပြန်သည်။

လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှု၊ လူမှောင်ခိုမှု စသည့် မှုခင်းကိစ္စများကို နိုင်ငံတော်က အထူးစီမံချက်များ ချမှတ်၍ နှိမ်နင်းမှုများ ပြုလုပ်သည့် စီမံချက်ကာလများ ရှိပါသည်။ တရားသူကြီးများကလည်း စီမံချက်ဆိုသည်နှင့် မဟောလည်းသုတ်၊ ဟောလည်းသုတ် ဆိုသကဲ့သို့ တရားခံများကို အမြင့်ဆုံးပြစ်ဒဏ် စီရင်ပေတော့သည်။ အကယ်၍ တရားခံတစ်ဦးတစ်ယောက်ကို လွှတ်သည်ဆိုလျှင် အစီရင်ခံစာတွေ တင်ရတာ၊ ဖြေရှင်းစာတောင်းတာတွေ ရှိနေတော့ ဦးနှောက်ခြောက်မခံတော့ဘဲ ပြစ်ဒဏ်သာ ချမှတ်လိုက်တော့သည်။ ဒါမှ တာဝန်ကင်းတော့သည်။ ဥပဒေပါအခွင့်အရေးကို တရားခံမရတော့။ ဥပဒေမှာက တရားခံအပေါ် သံသယကင်းကင်းနဲ့ ပြစ်ဒဏ်စီရင်နိုင်အောင် တရားလိုဘက်က သက်သေအထောက်အထား ခိုင်ခိုင်မာမာ ပြနိုင်ရမည်။ မပြနိုင်လျှင် တရားခံကို လွှတ်ရမည်။

မူးယစ်ဆေးဝါးအမှုတစ်မှုမှာ ကွင်းဆက်တရားခံဆိုပြီး တရားခံနှစ်ယောက် အဖမ်းခံရတယ်။ အဖမ်းခံရတဲ့ တရားခံနှစ်ယောက်မှာ တစ်ယောက်က လက်ကိုင်ဖုန်း အသိမ်းခံရတယ်၊ ကျန်တစ်ယောက်ဆီက မူးယစ်ဆေးဝါး ဆေးပြားတွေ့တယ်။ လက်ကိုင်ဖုန်း အသိမ်းခံရတဲ့ တရားခံနဲ့ ကျန်တရားခံတွေ အဆက်အသွယ်ရှိကြောင်း အထောက်အထားမရှိဘူး။ ပြစ်ချက်ဟောင်း၊ ကျော်စောသတင်းမရှိဘူး။ လက်ကိုင်ဖုန်း အသိမ်းခံရစဉ်က မူးယစ်ဆေးဝါး ဆေးပြား လက်ဝယ်ရှိသူနဲ့ အတူရပ်စကားပြောနေတာကလွဲလို့ အခြားအထောက်အထား ဘာမှမရှိဘူး။

စီရင်ထုံးတစ်ခု ယခင်က တင်ပြခဲ့ဖူးပါသည်။ အကြောင်းအရာလေး အနည်းငယ် ရှင်းလင်းတင်ပြချင်ပါသည်။ မန္တလေးမြို့တွင် ဖြစ်ပွားသော အမှုဖြစ်သည်။ စက်ဘီးစီးလာသည့် သူငယ်ချင်းကိုတားပြီး လမ်းကြုံစီးရှ



www.burmeseclassic.com

www.burmeseclassic.com

မှ အဖမ်းခံရသော အမှုဖြစ်သည်။ ငရုတ်သီးနဲ့ပေါင်းမိလို့ ကြက်သွန်ပါ ရောပြီးအထောင်းခံရသည့်ကိန်း။ စက်ဘီးစီးလာသည့် သူငယ်ချင်းမှာ မူးယစ်ဆေးဝါး ဆေးပြားပါတာ တားစီးသည့် သူငယ်ချင်း ဘယ်သိနိုင်ပါ့မလဲ။ နှစ်ယောက်လုံး မူးယစ်ဆေးဝါးဆေးပြား တွေ့ရှိမှုနဲ့ အဖမ်းခံရသည်။ တရားရုံးချုပ်အဆင့်ထိ အဆင့်ဆင့်တက်ရောက်မှ စက်ဘီးတားစီးသည့် သူငယ်ချင်း ပြစ်ဒဏ်မှလွတ်သွားသည်။ မူလရုံး စတင်အဖမ်းခံရချိန်မှ တရားရုံးချုပ်မှ လွတ်သည့်ကာလအတွင်း အမှုဆိုင်ရာ အချိန်ကုန်၊ ငွေကုန်သာမက အချုပ်အနှောင်နေရသည့်ဒုက္ခ၊ မိသားစု ဘယ်လောက်သောကရောက်မည်နည်း။

ဥပဒေဆိုရိုးမှာ "အပြစ်ရှိသူ ဆယ်ယောက် လွတ်ချင်လွတ်သွားပါစေ၊ အပြစ်မဲ့သူတစ်ယောက်ကို မှားယွင်းပြီး ပြစ်ဒဏ်မစီရင်မိပါစေနှင့်" ဟု ရှိသည်။ လက်တွေ့တွင် လိုက်နာခြင်းမရှိ။ ယခု ခေတ်စနစ်တွေပြောင်းလာသည့်အချိန်တွင် တရားသူကြီးများ၏ အတွေးအမြင်၊ အယူအဆတွေ ပြောင်းလဲသင့်ပေပြီ။ ဆက်သွယ်ရေးနည်းပညာတွေ၊ အင်တာနက်တွေ၊ အွန်လိုင်းတွေ၊ ဖေ့စ်ဘုတ်တွေ ထွန်းကားလာခြင်း၊ ဂျာနယ်များ၊ သတင်းစာများသည်လည်း အထိုက်အလျောက် လွတ်လပ်ခွင့် ရှိနေပေရာ ပွင့်လင်းသော ရေးသားမှုများ ရှိလာခြင်းတို့ကြောင့် တရားသူကြီးများအပေါ် မလျော်ကြဲဇာသုံးစွဲလာမည်ဆိုပါက ပြည်သူများ အလွယ်တကူသိရှိနိုင်ပေရာ တရားသူကြီးများအပေါ် အလွယ်တကူ မလျော်ကြဲဇာ သုံးစွဲရန် မရှိပါ။

အမှုတွင် ငြိစွန်းကြောင်း မပေါ်ပေါက်၍ အနှောင်အဖွဲ့ကင်းကင်းဖြင့် လွတ်စရာရှိ၍လွတ်လျှင် စိုးရိမ်ရန်မလိုအပ်ပါ။ အမှုတွဲကြည့်ပြီး အထက်အဆင့်မြင့်ရုံးက လက်ခံမည်သာ ဖြစ်ပါသည်။ သို့မှသာ တရားရုံးများအပေါ် ပြည်သူများ လေးစားလာပေမည်။ အပြစ်ရှိသူကို ပြစ်ဒဏ်စီရင်ရန် ဖြစ်ပါသည်။ ဤနည်းအားဖြင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ပြီး ဖြစ်ပေလိမ့်မည်။ ဤသို့မဟုတ်ပါက ဆန့်ကျင်ဘက်အမြင်များ တရားရုံးများအပေါ် မြင်လာပေလိမ့်မည်။

လက်ကိုင်ဖုန်းမျှသာ သိမ်းဆည်းရမိသူ တရားခံကို မူးယစ်ဆေးဝါး ဆေးပြားလက်ဝယ်တွေ့ရှိသူနှင့် တစ်တန်းတစ်စားတည်း ထားပြီး ပြစ်ဒဏ်စီရင်သည်မှာ ဦးစလင်းအမြင်တွင် မှားသည်ဟု မြင်သည်။ တရားသူကြီးတွေကို အတွင်းစည်းက ညွှန်ကြားချက်တွေ ရှိကောင်းရှိမည်ထင်ပါသည်။ အဲဒီ ညွှန်ကြားချက်တွေကြောင့်လည်း ဖြစ်နိုင်သည်။ လွတ်လပ်စွာ တရားစီရင်ရေးကို ဟန့်တားစေရာရောက်သည့် ညွှန်ကြားချက်အမိန့်မျိုး မထုတ်သင့်ဟု မြင်သည်။ သွားချင်ရာသွားဆိုပြီး မလှုပ်နိုင်အောင် ကြိုးတုပ်ထားသည့်သဘောမျိုး မရှိသင့်၊ မပြုသင့်။ လွတ်လပ်စွာ တရားစီရင်နိုင်အောင် အားပေးဆောင်ရွက်ရမည်။ တရားသူကြီးများက "အထက်ရုံးတက်လိုက်ပါ။ ဒီမှာလုပ်မရလို့ပါ။ အဆင်ပြေသွားမှာပါ" ဆိုသော စကားမျိုး မကြာမကြာ ကြားရသည်။ အမှုသည်များထံမှ "ဒီမှာဖြတ်လို့ရရင်ဖြတ်ပါ။ အထက်ရုံးရောက်လေ ကုန်ကျစရိတ်များလေမို့ပါ။ အင်ဂျင်ပါဝါကြီးလေ ဆီပိုစားလေပဲလေ" ဟု ကြားရသည်။

ပင်ကိုဓာတ်ခံအားဖြင့် အများစုသည် အမှန်တရားနှင့် တရားမျှတမှုကို လေးစားမြတ်နိုးကြပါသည်။ တွေးခေါ်ဆင်ခြင်မှု ကျွမ်းကျင်မှုကြောင့် ဆိုသည်ထက် ဘေးပယောဂများကြောင့် အမှန်တရားနှင့် ဝေးသွားရခြင်းဖြစ်သည်က ပိုများပါသည်။ ဘေးပယောဂဆိုသည်မှာ ပင်ကိုဓာတ်ခံစိတ်ကို ပြောင်းလဲစေသည့် အကြောင်းအချက်များဖြစ်ရာ ဆန္ဒ၊ ဒေါသ၊ ဘယာအပြင် လာဘ်ပေးလာဘ်ယူမှုများလည်း ပါဝင်ပါသည်။ အမှန်တရားနှင့် ဝေးသည်ဆိုခြင်းမှာ ဆန့်ကျင်ဆောင်ရွက် ဆုံးဖြတ်ခြင်း၊ တရားမျှတမှု ကင်းဝေးခြင်းဆီသို့ ရောက်ရှိသွားခြင်းပင် ဖြစ်ပါသည်။ တရားစီရင်ရေးစနစ်တွင် အခြေခံကျသည့် လွတ်လပ်စွာတရားစီရင်နိုင်ရေးကို အလေးပေးသည့်စနစ်သို့ ဦးတည်သင့်သည်။ တရားသူကြီးများကို လွတ်လွတ်လပ်လပ် စစ်ဆေးစီရင်နိုင်ခွင့်ပေးရမည်။ ရှေးယခင်က ကျင့်သုံးခဲ့ဖူးသည့် နည်းလမ်းအတိုင်း ဆုံးဖြတ်ချက်များကို ယူဆောင်ကြည့်ရှုခြင်းဖြင့် တရားသူကြီး၏ အရည်အသွေးကို ခန့်မှန်းနိုင်ပါသည်။ အရည်အချင်းပေါ်မူတည်၍ ရာထူးတိုးပေးခြင်း၊ အပြစ်အနာအဆာ တိုင်ကြားခံရမှု၊ သတိပေးခံရမှုများကို ထည့်သွင်းစဉ်းစားပြီး ရာထူးအဆင့်လျှော့မှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆို



www.burmeseclassic.com

www.burmeseclassic.com

ပါက တရားရုံးများလောကသည် သန့်ရှင်းလာပြီး အမည်သတင်းကောင်းများ ထွက်ပေါ်နိုင်စရာ ရှိပါသည်။

မှားသင့်သောအမှား၊ မမှားသင့်သောအမှား ခွဲခြားရပါမည်။ အယူအဆချင်း မတူ၍ မှားယွင်းသည်ကို လက်ခံနိုင်သော်လည်း သာမန်ကျင့်ထုံးဆိုင်ရာ မှားယွင်းမှုမျိုးတော့ မမှားသင့်ဟု ယူဆပါသည်။ ဝိရောဓိဖြစ်နေလျှင် အထက်ဆရာသမားများကို မေးမြန်းဆောင်ရွက်သင့်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အောင်လောဟာအမှု၊ ၁၉၉၀ ပြည့်နှစ် တရားစီရင်ထုံး စာမျက်နှာ ၅၂ ပါ အမှုကို ဆွေးနွေးတင်ပြပါမည်။ အမှုအဖြစ်အပျက်က တောင်ပေါ်ဘုရားဖူးရန် ကားမောင်းအပို့ အတက်ခရီးတွင် မတက်ဘဲ နောက်လိမ့်လာရာမှ နံရံနှင့်တိုက်မိပြီး တိမ်းမှောက်သွားရာမှ ယာဉ်ပေါ်ပါခရီးသည်တစ်ဦး ခြေသလုံးရိုး ကျိုးသွားသောအမှုဖြစ်သည်။

ကားမောင်းသူ အောင်လောဟာကို ပြစ်မှုပုဒ်မ-၃၃၈ အရ စွဲချက်တင်သည်။ တရားခံက ဝန်ခံသည်။ တရားသူကြီးက အမှုမှ အပြီးအပြတ် လွှတ်လိုက်သည်။

ဒါဟာ မမှားသင့်သော အမှားဖြစ်သည်။

ဝန်ခံလျှင် ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ရန် ဖြစ်ပါလျက် အပြီးအပြတ် လွှတ်ခြင်းသည် လုပ်ထုံးလုပ်နည်း မှားယွင်းနေသည်။ အကယ်၍ မူလကတည်းက လွှတ်ချင်သည်ဆိုလျှင်လည်း စွဲချက်မတင်မီ တရားရှင်လွှတ်ရန်သာဖြစ်သည်။

စွဲချက်နှင့် ပတ်သက်၍ စိတ်ဆန္ဒရှိသမျှ တင်ပြနေလျှင် ဆုံးတော့မည်မဟုတ်။ စွဲချက်၏သဘောမှာ စွပ်စွဲခံရသူသည် အမှုတွဲတွင် ပေါ်ပေါက်သည့် အချက်များအရ ကျူးလွန်ဟန်ရှိသော (သို့မဟုတ်) ငြိစွန်းနေသော ဥပဒေပါ အချက်အလက်များကို ဖြေရှင်းစေရန်သာ ဖြစ်ပါသည်။ ငြိစွန်းချက်ရှိသော်လည်း ရာဇဝတ်ပြစ်မှုမမြောက်လျှင် စွဲချက်မတင်ဘဲ တရားရှင်လွှတ်ရန် ဖြစ်ပါသည်။

၁၉၉၄ ခုနှစ် တရားစီရင်ထုံး စာမျက်နှာ-၁၆၇ ပါ မောင်လှမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ အမှုကို ဆက်လက်တင်ပြချင်ပါသည်။ တိုက်ကြီးမြို့နယ်၊ အုတ်ပုံကျေးရွာ ဦးမောင်ဆိုင်၏ လယ်တွင် စာရင်းငှား (သူရင်းငှား) ကျော်ဝင်း၊ လှမြင့်တို့ ထယ်ထိုးရာ ကျော်ဝင်းသည် ရွှေဟု ထင်ရသော သတ္တုချောင်း ကောက်ရသည်။ နောက်ပိုင်းတွင် ရွှေအစစ်ဖြစ်နေသည်။ လှမြင့်က အချိုးကျမရရှိ၍ (ရ·ဝ·တ)ဉက္ကဋ္ဌသို့ တိုင်သည်။ ဉက္ကဋ္ဌက (မ·ဝ·တ)သို့ တင်ပြသည်။ ရဲက ပြစ်မှုပုဒ်မ-၄၀၃ ဖြင့် အမှုဖွင့်သည်။

သက်သေခံပစ္စည်း စီမံခန့်ခွဲသည့် အမိန့်များမှာ ယခုဆောင်းပါးအတွက် တင်ပြလိုရင်းမဟုတ်၍ ချန်လှပ်ထားပါမည်။

မောင်ကျော်ဝင်းကို ပြစ်မှုပုဒ်မ-၄၀၃ ဖြင့် စွဲချက်တင်သည်။

ဝန်ခံသဖြင့် ပြစ်ဒဏ်စီရင်သည်။ ဒဏ်ငွေ ၃၀၀ဝိ ရိုက်သည်။ မဆောင်က ထောင်ဒဏ်(၆)လ ကျခံရန် အမိန့်ချသည်။

မောင်ကျော်ဝင်းက ရန်ကုန်တိုင်းတရားရုံး(မြောက်ပိုင်းခရိုင်)သို့ ပြင်ဆင်မှုတင်သည်။ (စွဲချက်ကို ဝန်ခံ၍ ပြစ်ဒဏ်စီရင်သည့်အပေါ် အယူခံဝင်ခွင့်မရှိပါ။ စောဒက(ပြင်ဆင်မှု) တက်နိုင်သည်။)

ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်)က မူလရုံး၏ ဆောင်ရွက်ချက်သည် ဥပဒေနှင့်ကိုက်ညီကြောင်း သုံးသပ်သည်။ သို့သော် တောသူတောင်သား မသိနားမလည်၍ စွဲချက်တင်သည်ကို ဝန်ခံခြင်းအပေါ် တရားမျှတမှုအတွက်ဟုဆိုကာ မူလရုံးအမိန့်ကို ပယ်ဖျက်၍ အပြီးအပြတ်လွှတ်လိုက်သည်။

အဲဒါ အမှားပဲ။

ကျင့်ထုံးအရ မှားနေပြီ။ ဝန်ခံသည့် တရားခံ ပြစ်ဒဏ်စီရင်ရမည်။ ပြင်ဆင်မှုရုံးက ပြစ်ဒဏ်တိုးခြင်း၊ လျှော့ခြင်းသာ ပြုလုပ်ခွင့်ရှိသည်။ အပြီးအပြတ်လွှတ်၍မရ။

ထို့ကြောင့် တရားရုံးချုပ်က မူလအမှုအမှတ်ဖြင့်ပင် မြို့နယ်တရားရုံးသည် စွဲချက်တင်သည့်အဆင့်မှ ဆက်လက်စစ်ဆေးရန် ညွှန်ကြားခဲ့ရသည်။ အမှားတစ်ခုကြောင့် မကြန့်ကြာသင့်ဘဲ ကြန့်ကြာ၊ အမှုသည်တွေ တရားရုံးတွေ နစ်ကြိမ်စီလျှောက်ကြပေတော့။

မမှားသင့်တာ၊ မမှားရအောင် ကြံဆောင်ကြပါစို့။

ကိုယ်ရောစိတ်ပါ နစ်ဖြာပြည့်ဝ ချမ်းသာကြပါစေ။

စလင်း-ဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘဝအဖော် ပြေသောအခါ

ခင်မောင်အေး(မန္တလေး)

(တစ်)

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုခန့်က ကျွန်တော် မော်ဘီမြို့ တပ်ကြီးကုန်းကျေးရွာ သီရိရတနာရပ်ကွက်တွင် နေထိုင်ခဲ့ဖူးသည်။ ကျွန်တော်၏အိမ်ကလေးသည် သီရိရတနာရပ်ကွက်တွင် ရှိ၏။ အိမ်ရှေ့မှာ ရန်ကုန်-ပြည် မော်တော်ကားလမ်းမကြီးရှိသည်။ မော်ဘီမှ ထောက်ကြန့်၊ မင်္ဂလာဒုံအထိ ပြေးဆွဲသော ဘတ်စ်ကားခေါင်းတိုများရှိသည်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှ အမှတ်(၉)လိုင်းကားကြီးများရှိသည်။ လိုင်းကားများမှာ ဟီးနိုးကားငယ်များ၊ ရှိမ်းဂျားကားများ ဖြစ်ကြပါသည်။ ယင်းတို့အပြင် အမြန်ယာဉ်များ၊ ဟိုင်းလပ်အမြန်ယာဉ်များလည်း ပြေးဆွဲသည်။ ကျွန်တော်က သီရိရတနာရပ်ကွက်မှ အိမ်ရှေ့ခြံထဲတွင် ဂန္ဓမာပန်းများ စိုက်ထားသည်။ စီးပွားဖြစ်စိုက်ခြင်းဖြစ်ပါသည်။ လုပ်ငန်းတာဝန်မှ နှစ်ပြည့်အငြိမ်းစားယူခဲ့ရပြီး ရရှိသော ပင်စင်လစာတစ်လလျှင် တစ်ထောင့်ရှစ်ရာမျှနှင့် မည်သို့မျှ ရပ်တည်နိုင်စွမ်းမရှိသောကြောင့် ပန်းစိုက်စားရခြင်းဖြစ်ပါသည်။

ပန်းပေါင်ငါးပေါင်၊ အပင်ငါးထောင် စိုက်ထားသည်။ မော်ဘီမြို့မှ ခြောက်မိုင်ဝေးပြီး ထောက်ကြန့်နှင့် သုံးမိုင်ကွာတွင် တည်ရှိသော သဂန္ဓပင်ကျေးရွာတွင် ကျွန်တော့်အား ၈၀ ပေ၊ ၆၀ ပေရှိ မြေရိုင်းတစ်ကွက် အစ်မကြီးက ပေးထားသည်။ အစ်မကြီးက သည်မြေကွက်ကို မည်သို့မျှ အသုံးမပြုနိုင်၍ ကျွန်တော့်အားပေးထားခြင်း ဖြစ်၏။ သို့ဖြစ်၍ ကျွန်တော်က ယင်းမြေကွက်တွင် ပန်းစိုက်ထား၏။ အိမ်ရှေ့လမ်းမပေါ်သို့ ထွက်လိုက်သည်နှင့် ခဏပင်မကြာချေ။ မော်တော်ယာဉ်တစ်စီးစီး ရောက်ရှိလာတတ်သည်။ မော်တော်ယာဉ်ကိုတားလျက် တက်၍စီးနင်းလိုက်ပါသွားပါမူ သဂန္ဓပင်သို့ ရောက်သွားနိုင်ပါသည်။ တစ်ခုတော့ရှိ၏။ နေရာရဖို့တော့မသေချာပေ။

တိုးတက်မှုရှိသည်။ အတွယ်အတာဖြစ်မည်။ လိုင်းကားမို့ ခရီးသည်တွေနှင့် ပြည့်ကျပ်နေသဖြင့် တိုးဝှေ့တက်ရခြင်းဖြစ်သည်။ မော်တော်ယာဉ်အတွင်း၌ ရပ်စရာပင်မရှိပါက နောက်မြီးခြေနင်းခုံမှာ ရပ်ကာ အမိုးကိုင်းကို တွယ်လျက်စီးနင်းလိုက်ပါရသည်ဖြစ်၍ အတွယ်အတာဟု ဆိုရခြင်းဖြစ်ပါသည်။ ရံဖန်ရံခါ အလွန်ကံကောင်းလျှင် နှစ်ကုန်းတစ်ကော့ ဖြစ်ရတတ်သေးသည်။ တွယ်၍လည်းမရ၊ အတွင်းသို့လည်းမရောက်၊ အမြန်ယာဉ်အတွင်းမှာ နေရာလည်းမရှိသဖြင့် ထိုင်ရမည်လိုလို၊ ထရမည်လိုလိုနှင့် ကိုးရိုးကားရား နှစ်ကုန်းတစ်ကော့ ဖြစ်ရပေါင်းလည်း များလှပြီ။ ထို့ကြောင့် တိုးဝှေ့တွယ်တာ ဘာဘာညာညာ မစဉ်းစားအား။ တိုးတွယ်ကုန်း အားလုံးလုပ်ကာ လိုက်ပါသွားရပါသည်။ စီးပွားရေးပဲမဟုတ်ပါလား။

(နှစ်)

သဂန္ဓပင်ရှိ ဂန္ဓမာခြံသို့ နေ့စဉ်သွားရောက်ရပြီး ခြံစည်းရိုးပြုပြင်၊ တဲအိမ်အမိုးအကာ စနစ်တကျကာ၊ ပန်းပေါင်များအတွင်း ပေါင်းမြက်သုတ်သင်စသည့်လုပ်ငန်းတွေကို တစ်နေကုန်နေ့မအား ညမနား လုပ်ရလေသည်။ အလုပ်ထဲမှာ စိတ်ကရောက်နေသောကြောင့် ဝန်းကျင်ကို ဂရုမစိုက်အားပေ။ ကျွန်တော့်ခြံကို ခြံစည်းရိုးစတင်ကာသောနေ့တွင် ကျွန်တော့်ခြံနှင့် ကပ်လျက်ခြံတွင် ကလေးတစ်ယောက်မွေးကြောင်း ကြားသိရ၏။ ပေရှစ်ဆယ်၊ ပေနှစ်ဆယ်ခြံတွင် မြေစိုက်တဲကလေးတစ်လုံးရှိသည်။ ထိုတဲကလေးတွင် မချိုချိုအောင်ဆိုသည့် အမျိုးသမီးတစ်ဦး ကလေးလေးယောက်နှင့် အတူနေထိုင်သည်။ နို့သွာကလေးက တစ်နှစ်ခွဲနှစ်နှစ်လောက်တော့ ရှိမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက်တော့ အယူတော် မင်္ဂလာအတိုင်း နိမိတ်ကောက်လိုက်သည်။ လာဘ်ကောင်းသည်။ ပန်းတွေ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းလို့ကုန်နိုင်မည်။ ဈေးကောင်းလည်းရမည်။ ထို့ကြောင့် ကလေးမိခင် မချိုချိုအောင်အတွက် အောင်အတိတ်၊ အောင်နိမိတ်ဆောင်စိမ့်သောငှာ ကလေးအတွက် မုန့်ဖိုးငွေငါးရာ ပေးခိုင်းလိုက်ပါသည်။ သို့တစေ ကျွန်တော်ကပဲ ကံမကောင်းတာလား၊ မချိုကပဲ ကံမကောင်းတာလား မသိ။ ကလေးက ငါးရက်အရမှာ သေဆုံးသွားသည်။

"ဒါလည်း တစ်မျိုးကောင်းပါတယ်လေ။ ကလေးလေးယောက်နဲ့တောင် ခမျာဒုက္ခရောက်လုပြီ။ မကြင်နာ၊ မစာနာ၍ ပြောကြခြင်းတော့ မဟုတ်ပါ။ မချိုတွင် သနားဖွယ်ရာ အကြောင်းအချက်များ ရှိနေလိမ့်မည် ဖြစ်နိုင်ပါသည်။ ကျွန်တော်က ဝန်းကျင်က ဘာကြောင့်များ သည်ကဲ့သို့ မစာမနာပြောကြသည်ကို စောကြောစူးစမ်းမိ၏။

"မချိုချိုအောင်ရဲ့ ယောက်ျားလည်း မမြင်ပါကလား။ ခရီးသွားနေလို့လား"

"သည်မှာမရှိဘူး အဘ၊ ထောင်ကျနေတယ်"

ကျွန်တော့်ခြံကို ကူညီစောင့်ရှောက်ပေးနေသော ခြံနီးချင်း ကိုအောင်မြင့်ကြည်က ပြောသည်။

"ဟင်…ဘာဖြစ်လို့လဲ အောင်မြင့်ကြည်ရယ်"

"စိတ်ကြွဆေးပြားတွေနဲ့ ဖမ်းမိသွားလို့ပါ အဘ။ ကျွန်တော် သူ့ယောက်ျားအကြောင်း ပြောပြပါ့မယ်။ သနားစရာတော့ ကောင်းပါတယ်။ မချို ယောက်ျားနာမည်က ဝိဇ္ဇာတဲ့။ ဝိဇ္ဇာက ဒီခြံကွက်မှာ ရာသီပင်တွေစိုက်တယ်။ ဂန္ဓမာတော့ အရင်းအနှီးကကြီးလို့ မစိုက်နိုင်ရှာဘူး။ ရုံးပတီ၊ ပဲတောင့်ရှည်နဲ့ ချဉ်ပေါင်စိုက်တယ်။ အသီးသီးတော့ မချိုက ရွာနီးဝန်းကျင်ကို လှည့်သွားပြီး ရောင်းတယ်။ စားလောက်ရုံပဲရတယ်

> ရာဇဝတ်ဘေး
> ပြေးလို့မလွတ်နိုင်။
> မချိုက ယောက်ျား
> ထောင်ကျနေသောကြောင့်
> ကလေးလေးယောက်နှင့်
> ဖိုသီဖတ်သီရုန်းကန်ရှာဖွေ
> လုပ်ကိုင်နေရ၏။
> စားဖို့နှင့်
> ကလေးနို့မှုန့်ဖိုးက
> အရေးကြီးလှသည်
> မဟုတ်လား။

လေ။ ဝတ်ဖို့ကျတော့ မလုံလောက်ဘူး။ သည်အထဲ ကလေးက တစ်နှစ်တစ်ယောက် မွေးတာမို့ မွဲတေနုံချာနေကြတာပေါ့။ သည်လို ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေနေရင်း မြိုးမြိုးမြက်မြက်ရမယ့်လမ်း တွေ့သွားတယ်။ လမ်းပြတဲ့သူက ဘယ်သူမှတ်သလဲ၊ သူ့ယောက္ခမပေါ့။ မချိုရဲ့အဖေပဲ။ သူဌေးဖြစ်မလားဆိုပြီး ထောက်ကြန့်က လူတစ်ယောက်ရဲ့ ကယ်ရီလုပ်တယ်။ ဝယ်လက်ရှာပေးတယ်၊ ဝိဇ္ဇာက ရောင်းတယ်။ ရဲကဖမ်းမိသွားလို့ ထောင်ခုနစ်နှစ်ကျသွားကြတယ်။ ယောက္ခမက ထောင်ထဲမှာ ဆေးပြတ်လို့ သွေးဝမ်းတွေသွားပြီး ဆုံးသွားတယ်။ ဝိဇ္ဇာကတော့ ပြစ်ဒဏ်ကျခံနေရတုန်းပဲ"

ရာဇဝတ်ဘေး ပြေးလို့မလွတ်နိုင်။ မချိုက ယောက်ျားထောင်ကျနေသောကြောင့် ကလေးလေးယောက်နှင့် ဖိုသီဖတ်သီ ရုန်းကန်ရှာဖွေ လုပ်ကိုင်နေရ၏။ စားဖို့နှင့် ကလေးနို့မှုန့်ဖိုးက အရေးကြီးလှသည်မဟုတ်လား။ သို့ဖြစ်၍ နံနက်စောစော ထောက်ကြန့်ဈေးသို့ ရောက်အောင်ပြေးလျက် ငါးကျည်း၊ ငါးခူ၊ ငါးရံ့ ကောင်သေးလေးများဝယ်ကာ အမှတ်(၁) သံချပ်ကာတပ်ရင်း၊ တပ်တွင်းဈေးသို့ သွားရောက်ရောင်းချရသည်။ တပ်တွင်းဈေးမှာက ဈေးဝယ်သူပေါသည်။ ခဏနှင့် ရောင်း၍ကုန်သည်။ ငွေကလေးလက်ထဲကိုင်မိသည်နှင့် ဆန်၊ ဆီနှင့် ဆားဝယ်ယူကာ ရွာသို့ပြန်ပြေးလျက် မိသားစုချက်စားကြသည်။ အသားငါးတော့ မစားနိုင်ကြ။ ခြံထွက်အသီးအရွက်တို့နှင့်သာ ပြီး

www.burmeseclassic.com

လိုက်ကြရ၏။ ကလေးများက ဘုစုခရု အရွယ်တွေ။ အကြီးဆုံးဇော်ကြီးက ရှိလှ ကိုးနှစ်။ နောက်ကလေးများက တစ်နှစ်တစ်ယောက်မွေးထားသဖြင့် တစ်နှစ်ကြီး၊ တစ်နှစ်ငယ်တွေပင်။

ဖြစ်သလိုစားကြ ကြံသလိုနေလို့ ရသော်လည်း အဝတ်ကျတော့ သည်လိုမဟုတ်ပြန်ချေ။ တစ်ထည်စိုလို့ တစ်ထည်မလဲနိုင်ပါ။ လျှော်ထားဆဲမှာ ကလေးတွေခမျာ အဝတ်ဗလာပါ။ ကာကဝလ္လိယ မောင်နံလို အိုးတစ်လုံး၊ ဖျာကတစ်ချပ်၊ ဘုမ္မိကမ္ဗလာမြေမွေ့ရာနှင့် အိပ်ကြရသည်။ ကလေးတွေက စရိုက်အလွန်ကြမ်းသည်။ အရုဏ်ရောက်စ မိုးလင်းစကာလမှာ ရောင်နီပင် အရေ့ဆီမှ ပြူမလာသေး။

"ဖအေသေရာကလေး··· ထစမ်း၊ ရေသွားခပ်တော့။ ရေအိုးထဲမှာ မိကျောင်းဝင်နေတာ မတွေ့ဘူးလား။ သွားစမ်း။ ကာလနာလေး··နေဖင်ထိုးတော့မယ်ဟဲ့"

မချိုချိုအောင်၏ ကျယ်လောင်စူးရှလှသည့်အသံကို စတင်နားဆင်ရလေသည်။ ထိတ်ထိတ်ပျာပျာ ရင်မ, သည်းဖိုဖွယ်ရာ ဖြစ်၏။

"ဟဲ့···ဟိုမသာကောင်မလေးကော ဘာလုပ်နေသေးတာတုံး။ မျက်ခွက်ကိုပွတ်၊ ဖင်ကိုပွတ်နဲ့။ သွား··· နင့်ဖင်ကိုရော၊ နင့်မျက်ခွက်ကိုရော ရေနဲ့သွားဆေး"

"အမယ်လေး မြတ်စွာဘုရား"

ကျွန်တော်၏နှုတ်မှ အာမေဍိတ်သံ တစ်ချက်ပင် ထွက်သွားမိပါသည်။ မနေ့က ဂန္ထမာပင်တွေကို ပိုးသတ်ဆေးဖျန်းကြရသဖြင့် တော်တော်နေစောင်းတော့မှ ကျွန်တော်ရော၊ တပည့်ကလေးနှစ်ယောက်ပါ အတော်ပင်ပန်းသွားကြသည်ဖြစ်ရာ အိပ်ရာမှပင် မထသေးမိ သည်အသံတွေကြောင့် လန့်ဖျပ်သွားရသည်က အမှန်ပါ။

"အဲဒါပဲကြည့်ပါတော့ အဘရေ။ မြန်မာ့အသံက ထုတ်လွှင့်တဲ့ သောတရှင်တို့လိုရာ အသံလွှင့်တာနဲ့ မကွာဘူးလား။ အဘနေ့တိုင်း ဒီမှာလာအိပ်ရင် မိုးလင်းတာနဲ့ မချိုချိုအောင်ရဲ့ သောတရှင်တို့လိုရာ ဒီသီချင်းသံတွေ ကြားရပါလိမ့်မယ် အဘ"

ကျွန်တော့်တပည့် မောင်ရွှေပိုင်းက ပြောသည်။ ဆက်လက်၍ -

"အဘ···ခဏနေနားထောင်ကြည့်ဦး။ တစ်နေ့လုံး တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ကြားရပါလိမ့်မယ်ခင်ဗျ။ ကျွန်တော်တို့အတွက်ကတော့ ရေဒီယိုဖွင့်စရာမလိုတော့ဘူး။ နားရည်ဝသွားပြီ"

(သုံး)

"မောင်ရွှေပိုင်းရေ မင်းတို့ အိမ်နီးချင်းကောင်း ရထားတာပဲ။ တို့အခု ကြားနေရတာ မချိုက သူ့ကလေးတွေကို ဩဝါဒပေးနေတာပေါ့။ ဒီလိုလား"

"ဟုတ်ပါတယ် အဘ။ သူ့ကလေးတွေကို သူက ဆဲနေတာလေ"

"ဖြစ်မှဖြစ်ရတယ်လေ မောင်ရွှေပိုင်းရယ်"

ကျွန်တော်ညည်းညူမိပါသည်။ ရင်တွင်းမှလည်း နင့်ခနဲနေအောင် ခံစားလိုက်ရပါသည်။ မိခင်တစ်ယောက်၏ စိတ်ထား မချိုချိုအောင်ထံမှာ အမှန်ပင်ရှိပါလိမ့်မည်။ မိမိ၏ ရင်မှဖြစ်သော မိမိရင်သွေး ကလေးငယ်များအား နင့်နင့်နဲ့နဲ့ ဆဲဆိုရေရွတ်လိုစိတ် သူမတွင် စင်စစ်ရှိရှာလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ တစ်စုံတစ်ရာအကြောင်းတစ်ခုခု သူမတွင် မုချရှိပေလိမ့်မည်။

ဂန္ထမာပန်းတွေ အဖူးများတအား တက်လာသောကြောင့် ခြံတွင်းမှာ ကျွန်တော်အနေစိပ်လာသည်။ ထို့ကြောင့် မချိုချိုအောင်၏ နားဆင်စရာ၊ ကြားချင်စရာ ထံတွာတေးများကို အခါမလပ်ကြားလာရသည်။ ခြံထဲမှာ မချိုရှိမနေလျှင် နားဆင်စရာ၊ ကြားချင်စရာများ မကြားရ။ ပူညံပူညံ ဆူသံတွေ စီခနဲ စီခနဲ ကြားရပြီဆိုပါမှ မချိုဈေးမှ ပြန်ရောက်လာပြီ ဖြစ်ပါသည်။ သည်အခါ၌မူ -

"ဟိုမသာလေးရော ဘယ်တွေသွားပြီး အလေလိုက်နေတာလဲ။ ဟဲ့ သနာကောင်၊ မြန်မြန်လာစမ်း။ ရွာလယ်က ကိုအုန်းမောင်တို့ဆိုင်က ဆီတစ်ဆယ်သား သွားဝယ်ခဲ့။ အမေက မနက်ဖြန် ဈေးကပြန်လာလာချင်း လာပေးပါ့မယ်လို့ပြော။ လမ်းမှာ ကမြင်းကြော ထမနေနဲ့ဦး၊ သေနေဦးမယ်။ ကြားရဲ့လား။ မြန်မြန်သွား···"

သည်သို့သည်နှယ် အသံများကို ကြားရဖန်များလာတော့ စိတ်တွင်းမှာ သရီးသရင် ဖြစ်လာလေသည်။ မချိုချိုအောင် ဆိုနေသည်မှာ သာယာနာပျော်ဖွယ် သီချင်းတွေမှ မဟုတ်လေဘဲကိုး။

"ငါ့တပည့်တွေ ···အဘက ကက်ဆက်တစ်လုံး ဝယ်ပေးထားမလား



www.burmeseclassic.com

www.burmeseclassic.com

**ထိုအခိုက်မှာပင် နာနာကျင်ကျင် စူးစူးဝါးဝါး အော်ဟစ်လိုက်သည့် ကလေးတစ်ယောက် အသံကို ကြားလိုက်ရ၏။ တစ်ယောက်ေ ာက်က တစ်စုံတစ်ရာနှင့် ထုနက်ပစ်ပေါက်လိုက်သံ ဂလိုးဂလောင် ပေါ်ထွက်လာသည်။**

လို့။ ခုလိုဆိုတော့ ကာက်ဆက်မလိုပါဘူး ထင်တယ်ဟော့။ သီချင်းသံတွေ အမြဲကြားနေရတာပဲ၊ မဟုတ်ဘူးလား"

"မလုပ်ပါနဲ့ အဘရယ်။ ကျွန်တော်တို့ချည်း ပျင်းလွန်းလို့ပါခင်ဗျာ"

မောင်ရွှေဝိုင်းက ပြောလေသည်။

ကျွန်တော်၏ ခြံနီးချင်း အောင်မြင့်ကြည်ကတော့ မချိုဘက်မှနေ၍ သာသာထိုးထိုး ကာကွယ်ပြောပေးလေသည်။

"ဒီလိုရှိပါတယ် အဘရယ်။ မချိုချိုအောင်က အခုမှ အသက်နှစ်ဆယ့်ခုနစ်နှစ်ရှိသေးတယ်။ ငယ်ငယ်လေးနဲ့ သူ့အဖေက ယောက်ျားပေးစားလိုက်တာ။ ငယ်သေးတော့ မိန်းကလေးပီပီ လှချင်တာပေါ့။ ဒါပေမယ်လို့ သူ့ဘာသာ မလှလိုက်ရရှာဘူး။ အဘ အခုတွေ့နေရတဲ့အတိုင်း ကလေးတွေက တစ်နှစ်တစ်ယောက်မွေး၊ ပြီးတော့လည်း အားကိုးရမယ့် ယောက်ျားက ထောင်နန်းစံသွားရ၊ ကလေးလေးယောက်နဲ့ စားစရာမရှိ၊ ဝတ်စရာနတ္ထိနဲ့ တစ်ယောက်တည်း ရုန်းကန်ရှာဖွေ စားသောက်နေရတာမို့ အားလုံးကို မကျေမနပ်ဖြစ်ပြီး ဒီလိုပေါက်ကွဲရတယ်လို့ အဘယူဆလိုက်ပါ။ သူမက အစတုန်းက ဒီလိုတော့ စရိုက်မကြမ်းဘူးဗျ"

"ဟုတ်ပါတယ် အဘရယ်။ မချိုချိုအောင်က သမီးတို့နဲ့ ငယ်ငယ်တုန်းကတည်းက တစ်ရွာတည်းသားချင်း ကျောင်းနေဘက်ချင်းတွေလေ။ ခင်လည်း ခင်ခင်မင်မင်ပါပဲ။ စိတ်ရင်းစိတ်ထားလည်း ကောင်းပါတယ်ရှင့်။ ကလေးတွေက ဆိုးလွန်းလို့ ပြောစကားဆိုစကား လုံးဝနားမထောင်ကြဘူး။ ပြန်မပြော နားမထောင်တွေလို့ ပြောရမလားဘဲ။ တစ်အိမ်လုံး ဗျတ်ဝိ၊ ဗျတ္တမွှေထားသလို ဆော့ကြ၊ အချင်းချင်း သတ်နေကြတယ်လေ။ ကြာတော့ မချိုချိုအောင်ခမျာ မခံနိုင်ရှာတော့ဘူးပေါ့။ စိတ်က တိုတိုလာတော့ကာ ဒီလိုဖြစ်ကုန်တာပါပဲ အဘ"

ထိုအခိုက်မှာပင် နာနာကျင်ကျင် စူးစူးဝါးဝါးအော်ဟစ်လိုက်သည့် ကလေးတစ်ယောက်အသံကို ကြားလိုက်ရ၏။ တစ်ယောက်ယောက်က တစ်စုံတစ်ရာနှင့် ထုနက်ပစ်ပေါက်လိုက်သံ ဂလိုးဂလောင် ပေါ်ထွက်လာသည်။ နောက် "ဖုန်း" ခနဲ၊ "ဖြန်း" ခနဲ ရိုက်သံတွေပါ နောက်ဆက်တွဲအဖြစ် ထွက်ပေါ်လာလေသည်။

လူသားများ၏ သဘာဝကိုက အလိုမကျလာလျှင် အရာခပ်သိမ်းကို မကျေမနပ်ဖြစ်လာတတ်သည်။ အကောင်းဟူ၍ မမြင်၊ အဆိုးကိုသာမြင်လေသည်။ စိတ်ကလည်း တိုလာသည်။ တစ်ဆုံးတစ်စ လုပ်လိုရာ လုပ်ပစ်လိုက်တတ်သည်။ စိတ်က လူနှင့်မကပ်တော့ဘဲ ဆင်ခြင်စဉ်းစား အဆုံးအဖြတ်လွဲမှားပြီး ပြေရာပြေကြောင်း ညှိညှိနှိုင်းနှိုင်း မပြုလုပ်တော့။ ကိုယ်ထင်ရာကိုယ်စိုင်း။ သေမထူ့နေမထူ ဦးတည်ရာပင် ပျောက်သွားတော့သည်။ မချိုချိုအောင်က ငယ်ငယ်ကလေးရှိပါသေးသည်။ လောကဓံဟု လှလှပပလေးသုံးတားသော ရက်စက်မှုအပေါင်း သရဖူဆောင်းထားသည့် အထုအထောင်း ဒဏ်ကို ခါးစည်းလျက် ခံရရှာသော အခါ၌မူ လောကဓံကို မည်သို့မျှ ကြံ့ကြံ့ခံနိုင်တော့မဟန် မတူချေ။ လက်မြှောက်အရှုံးပေး၊ အဆိုးအပေမလေး အဖြစ် ပြောင်းလဲသွားတော့သည်။

ဘဝအမော ပြေသောအချိန်တွင် မချိုချိုအောင်သီဆိုသော သီချင်းသံကလေးများကို ကျွန်တော်တို့ ဘယ်သောအခါ ဘယ်ကာလများမှ ကြားကြရလိမ့်မည်လဲ မပြောတတ်နိုင်…။


**ခင်မောင်အေး(မန္တလေး)**

www.burmeseclassic.com










## သီပေါကိုလတ် ၏

အရှေ့ဆီက ကြာဖြူတစ်ပွင့် (သို့မဟုတ်) မိုင်းဖုန်းဆရာတော်

(ဒုတိယအကြိမ်)

(မိုင်းဖုန်းဆရာတော်အကြောင်း ဓာတ်ပုံများနှင့်တကွ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်)

ထွက်ပြီ

---

သီပေါဟော်နန်း နှင့် တော်ဝင်နွယ်အလွမ်း (ဒုတိယအကြိမ်)

(သီပေါဟော်နန်း အတွင်းရေးနှင့် ရှမ်းစော်ဘွားများအကြောင်း ဖော်ပြထားသည်)

ထွက်ပြီ

---

ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ (တတိယအကြိမ်)

(ရှမ်းမင်းသမီး စောမွန်လှ၏ ဘဝဇာတ်ကြောင်း ဖော်ပြထားသည်)

ထွက်ပြီ

ဖြန့်ချိရေး – မိုင်းမောဝ်ကေရီစာပေ၊ ဦးလှမောင်လတ်၊ သီပေါမြို့၊ ဖုန်း–၀၉–၄၀၃၇၀၈၈၉၇

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အမှတ်မထင်မှ အမှတ်ထင်ထင်

■ မြမြလှိုင်

"မင်းရဲ့နာမည်"

"လင်းလင်းထက်"

"ကလေးမရဲ့ နာမည်က တယ်လှပါလား။ အဲဒါ နာမည်အရင်းပဲလား"

"အမေမွေ့ကတည်းက ပေးထားတဲ့ နာမည်ပါ။ ဗုဒ္ဓဟူးသမီးဖြစ်လို့ နေ့နံနဲ့ကိုက်အောင် မှည့်ပေးထားတာ"

"ကဲလေ . . . ထားပါတော့။ ပညာအရည်အချင်းကရော"

"ဟောတော့ . . . ကျွန်မက ဒီအိမ်မှာ အိမ်ဖော်လုပ်ဖို့ လာခဲ့တာလေ။ အိမ်မှုကိစ္စ၊ ဝေယျာဝစ္စတွေ လုပ်ဖို့အတွက် လာလျှောက်တာ ပညာအရည်အချင်းက လိုသေးလို့လား။ ကျွန်မက မြန်မာစာ ရေးတတ်ဖတ်တတ်ရုံပါ"

"ဒီလိုရှိတယ် . . ကလေးမရဲ့။ တစ်ခါတလေ နိုင်ငံခြားတို့ နယ်တို့က စာတွေဘာတွေလာရင် စာအိတ်ပေါ်မှာ မြန်မာလိုမရေးဘဲ အင်္ဂလိပ်လို ရေးတာတွေလည်း ရှိတယ်။ အဲဒီတော့ နည်းနည်းပါးပါးများ ဖတ်တတ်ရင် ကောင်းမလားလို့"

"အဲဒီလို လာတော့လည်း အိမ်ရှေ့ခြံဝမှာရှိတဲ့ စာတိုက်ပုံးထဲ ထည့်ပေးမှာပဲ မဟုတ်လား။ ကျွန်မ ယူစရာမှ မလိုတာ။ ငယ်ငယ်လေးထဲက သူများအိမ်မှာ အလုပ်လုပ်ခဲ့ရတာပါ။ စာဆိုတာ မနည်းပေါင်းဖတ်ရတာ။ ကျွန်မ အိမ်မှုကိစ္စတွေကို တာဝန်ကျေအောင် လုပ်ပါ့မယ်"

အိမ်ရှင်လူကြီးက လင်းလင်း၏စကားကို နားထောင်ပြီး စဉ်းစားနေသည်။ လင်းလင်းနှင့်အတူ အလုပ်လုပ်ရန် လာရောက်ပို့ပေးသည့် ဒေါ်ကြီးလှကလည်း အိမ်ရှင်လူကြီး၏ မျက်နှာကို သေသေချာချာ ငေးကြည့်ကာ အဖြေကိုစောင့်နေသည်။

"မင်း . . . အခု ဒီကို ဘယ်သူက လိုက်ပို့တာလဲ"

"ဒီ . . . ဒီ ဒေါ်ကြီးလှနဲ့ လာတာပါ။ ဒေါ်ကြီးသူက မြို့က အိမ်တစ်အိမ်မှာ အိမ်ဖော်လိုတယ်ဆိုတာနဲ့ ကျွန်မလိုက်လာခဲ့တာပါ"

"ဒီ . . . မလှဆိုတာနဲ့ မင်းနဲ့ ခင်သလား"

"ဟုတ်အင်း၊ အလုပ်ကိစ္စနဲ့ဆက်သွယ်တဲ့အခါမှ တွေ့ဖူးကြတာပါ။ ဒါကလည်း အဘကြွယ်ကြောင့်ပါ"

"အဘကြွယ်ဆိုတာ ဘယ်လိုပတ်သက်သလဲ"

တရားခံစစ် စစ်နေသူကို လင်း သေသေချာချာ ရှင်းပြရတော့သည်။

"အဘကြွယ်က ကျွန်မနဲ့ တစ်မြို့တည်းသားပါ။ ကျွန်မရဲ့ မိဘတွေနဲ့ ယာထဲကိုင်းထဲမှာ အတူတူ လုပ်ခဲ့ကြတာပါ။ ကျွန်မရဲ့ အဖေနဲ့ အမေက ကျွန်မ ငါးနှစ်သမီးထဲက ရှေ့ဆင့်နောက်ဆင့် အသက်လေး ဆယ်ကျော်လောက်မှာပဲ ဆုံးသွားကြတယ်။ ကျွန်မကငယ်သေးတော့ ရောဂါအကြောင်းကို သိပ်မသိခဲ့ဘူး။ မောင်နှမသားချင်း အရင်းအချာကလည်းမရှိတော့ အဘကြွယ်တို့မိသားစုနဲ့ဘဲ လိုက်နေခဲ့တယ်။ စာကို ရွာထဲက ဘုန်းကြီးကျောင်းမှာပဲ ရေးတတ်၊ ဖတ်တတ်ရုံလေး သင်ခဲ့ရတယ်။ အဘကြွယ်တို့မိသားစုကလည်း ကျရာကျပန်းအလုပ် ရရစားစားတွေ ဖြစ်ကြတော့ ကျွန်မလည်း ဝိုင်းကူလုပ်ပေးရတယ်။ အဘကြွယ်ရဲ့မိန်းမ အရီးလေးက ဒေါ်လှတို့အိမ်မှာ အဝတ်လျှော်တော့ စကားစပ်မိကြပြီး ကျွန်မရောက်လာတာပါ"

အိမ်ရှင်လူကြီးက ကျွန်မစကားကို အသိအမှတ်ပြုသည့် အနေနှင့် ခေါင်းညိတ်သည်။

www.burmeseclassic.com

"ဒါဆို မင်းကိုပေးရမယ့် လခကို ဘယ်လိုယူမှာလဲ"

"ဒေါ်ကြီးလှနဲ့ပဲပြောပါ။ သူက ကျွန်မကိစ္စကို အားလုံးစီစဉ်ပေးမယ်တဲ့။ နောက်မှ အဆင်ပြေရင်တော့ အဘကြွယ်တို့ဆီကို ကျွန်မ ငွေပို့ပေးချင်ပါတယ်"

"ဒါဆိုလည်း မလှ ငါ့မိန်းမ တင်တင်နဲ့ ဒီကလေးမလေးရဲ့ လုပ်အားခ ဘယ်လိုပေးမယ်ဆိုတာ ညည်းတို့မိန်းမသူချင်း ညှိနှိုင်းကြပေါ့"

လင်းလင်းတစ်ယောက် အလုပ်ရဖို့အတွက် တော်တော်လေး ကြိုးစားခဲ့ရသည်။ အလုပ်ရကိုရမှဖြစ်မည်။ အဘကြွယ်တို့အား မနည်း အပူကပ်ကာ အလုပ်ရဖို့အရေး စိတ်အားထက်သန်စွာ ကြိုးစားခဲ့ရသည်။

"ငါ့တူမရယ် . . . အလုပ်လုပ်ချင်တယ်ဆိုလို့သာ ပြောပေးရတာ။ ကလေးကို ဒီမှာပဲ ရှိစေချင်တာ"

"ကျွန်မ ဒီအသက်အရွယ်ထိ ရောက်အောင် ပြုစုကျွေးမွေး စောင့်ရှောက်လာခဲ့တာကို ကျေးဇူးဆပ်ချင်လို့ပါ။ ပညာက မတတ်တော့ ဒီလိုအလုပ်မျိုးကိုပဲရှာပြီး လုပ်ရမှာပေါ့"

လင်းလင်းတစ်ယောက် ထိုအိမ်ကြီးတွင် အလုပ်ရမှ သူ့ဘဝ အဆင်ပြေမည်။ ဒေါ်ကြီးလှက ထိုအိမ်ကြီးတွင် အဝင်အထွက်ရှိမှန်းသိ၍ အဘကြွယ်မှတစ်ဆင့် ဒေါ်ကြီးလှကို အပူကပ်ရသည်။ ပိုက်ဆံရှိပြီး အသက်အရွယ်ကြီးသော လင်မယားနှစ်ယောက်တွင် သားသမီးလည်း မရှိ။ ငွေတိုးပေးစားကာ အေးအေးဆေးဆေးနေကြသည်ဟု သတင်းကြားထား၍ သက်သက်သာသာ လုပ်ရသောအိမ်တွင် အလုပ်လုပ်ချင်၍ ဖြစ်သည်။ ဒေါ်ကြီးလှနှင့် ထိုအိမ်ကြီးမှ အိမ်ရှင်တို့ ခင်မင်ရင်းနှီး၍ အလုပ်ရဖို့ရာ ပိုပြီးလွယ်ကူလေသည်။

ဒေါ်ကြီးလှနှင့်လည်း အလုပ်ကိစ္စနှင့် လစာကို ပြောစေသည်။ ထိုအိမ်ကြီးသည် ခံ့ထည်သည်။ အနီးကကြည့်ကြည့်၊ အဝေးကကြည့်ကြည့် ခမ်းနားထည်ဝါမှုကို မှန်းဆလို့ရသည်။ ပိတောက်မြိုင်ဆိုသည့်အတိုင်း ခြံဝင်းတစ်ဝင်းလုံး ပတ်ပတ်လည်တွင် ပိတောက်ပင်ပျို ပင်အိုတို့မှာ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့နှင့် စိမ်းစိုနေသည်။ ခြံမည်မျှကျယ်သည်ကိုတော့ လင်းလင်း မခန့်မှန်းတတ်၊ ကျယ်တော့ အတော်လေး ကျယ်သည်ဟု ဆိုရမည်။ အုတ်၊ သဲ၊ ကျောက်တို့ဖြင့် အခိုင်အခံ့ ဆောက်ထားသော နှစ်ထပ်တိုက်ကြီးမှာ တစ်အိမ်လုံးကို ညိုပုပ်ပုပ်ဆေးရောင် ခြယ်ထား၍ ခမ်းနားသော်လည်း တောက်ပမှု မရှိပေ။

အိမ်အတွင်း အဆင်အပြင်မှာ ငွေကြေးချမ်းသာသူတို့၏ ရှိသင့်သော အသုံးအဆောင်ပစ္စည်းတို့မှာ သူ့နေရာနှင့်သူ၊ ဧည့်ခန်းရှိ ပရိဘောဂတို့မှာ ကြွားကြွားထည်ထည် ရှိလှသည်။

"ကဲ . . . ကလေးမ၊ ဦးလေး မိန်းမ လာလိမ့်မယ်။ ဦးလေးကတော့ ဘုရားခန်းမှာသွားပြီး တရားစာအုပ်တွေ ဖတ်လိုက်ဦးမယ်"

ဧည့်ခန်းတွင်း လင်းလင်းတို့ကို ထားခဲ့ပြီး သူထိုင်နေသည့် ဘီးတပ်ကုလားထိုင်လှည်းကို သူကိုယ်တိုင် လက်နှစ်ဖက်နှင့် တွန်းကာ ဘုရားခန်းဘက်သို့ထွက်သွားသည်။ ဒေါ်ကြီးလှက လင်းလင်းကို ပြောပြသည်။ ထိုအိမ်ရှင်လူကြီးမှာ လေဖြတ်ပြီး အောက်ပိုင်းသေသွား၍ ယခုလို ဘီးတပ်ကုလားထိုင်နှင့် သွားလာနေရရှာသည်ဟု သိရသည်။

"လင်းလင်း"

"ရှင်"

လင်းလင်းနှင့် ဒေါ်လှတို့၏ အနားသို့ ရောက်လာသော ဖြူဖြူ၊ သန့်သန့်၊ ခန့်ခန့်ချောချော အသက်အရွယ်ကို မှန်းဆ၍မရသော ခေတ်မီလှပသည့် အဆင်တန်ဆာတို့ဖြင့် ဝတ်ဆင်ခြယ်မှုန်းထားသည့် အမျိုးသမီးတစ်ယောက် လင်းလင်းတို့အနားသို့ရောက်လာစဉ် ဒေါ်လှက လင်းလင်းအား လက်တို့ပြီးခေါ်လိုက်သည်။

"ဟောဒါက ဒီအိမ်က သူဌေးကြီး ဦးထွန်းဖေရဲ့ဇနီး ဒေါ်တင်မမတဲ့။ ညည်းဘာလုပ်ရမယ်ဆိုတာကို အစ်မကြီးက ပြောပြလိမ့်မယ်။ အခု ညည်းကို လာပို့ရတဲ့ ပွဲခအတွက် တစ်လစာကို ငါယူသွားမယ်။ နောက်ပိုင်းရတဲ့ လစာတွေကို ညည်းရလိမ့်မယ်။ လိမ်လိမ်မာမာနေနော်။ ဘာပဲဖြစ်ဖြစ် ခိုင်းတာကို သေသေချာချာ လုပ်ပေး။ ဒီအိမ်မှာက ကလေးသား



www.burmeseclassic.com

www.burmeseclassic.com

**ဦးဘခင်၏နောက်တွင် ထမင်းချိုင့်လာပို့သူ။ သူ့နောက်တွင် လူစိမ်းနှစ်ယောက် ပါလာသည်။ ထိုလူနှစ်ယောက်က ဦးထွန်းဖေတို့ လင်မယားနှစ်ယောက်၏ နောက်တွင် အသင့်အနေအထားပမာ ဝင်ရပ်လိုက်သည်။**

မြေး ငယ်ငယ်ရွယ်ရွယ်တွေလည်း ရှိတာမဟုတ်ဘူး။ ညည်း လုပ်ရမယ့် အလုပ်က သက်သာပါတယ်"

"ဟုတ် ဟုတ်ကဲ့ပါ ဒေါ်ကြီးလှ"

"မင်းနာမည် . . . ဩော် . . သိပြီ၊ လင်းလင်း။ တို့အိမ်မှာက လူက သိပ်ရှိတာမဟုတ်ဘူး။ သားသမီးတွေကလည်း နိုင်ငံခြားမှာ။ ထမင်းဟင်းကို ချက်မစားဘူး။ ချိုင့်နဲ့ ဟင်းကို စားချင်တာမှာပြီး လာပို့ခိုင်းတယ်။ အိမ်မှာ ထမင်း တစ်အိုး လောက်ပဲ ချက်တာ။ ဒေါ်ဒေါ်အမျိုးသားက တစ်ခါတလေသူစားချင်တဲ့ ဟင်းရှိရင် ခြံစောင့်ကိုသာဒင်ကြီးကို ချက်ခိုင်းတယ်။ အခု ညည်းရောက်လာပြီဆိုတော့ ထမင်းချိုင့်ကို သုံးယောက်စာ မှာလိုက်မယ်"

"ကျွန်မအတွက်ဆိုရင် ဦးဘခင်နဲ့ပဲ အဆင်ပြေသလို ချက်စားပါ့မယ်။ သီးသီးသန့်သန့် ထပ်မမှာပါနဲ့ အဒေါ်"

"ဒါဆိုလည်း အဆင်ပြေတာပေါ့။ ညည်းအတွက် အခန်းကို ဟောဒီလှေကားနားမှာ အခန်းတစ်ခန်းရှိတယ်။ အသုံးမလိုသေးတဲ့ ပစ္စည်းတချို့ထားတယ်။ တစ်ယောက်အိပ် ကွပ်ပျစ်တစ်လုံးရှိတယ်။ လှဲကျင်း သန့်ရှင်းပြီး ညည်းအတွက် ခြင်ထောင်၊ ခေါင်းအုံး၊ စောင်တို့ဘာတို့ ပေးမယ်။ အဲဒီမှာ ညည်းအိပ်ရင် တံခါးကို အထဲက သေသေချာချာပိတ်ပြီး အိပ်လို့ရတယ်။ မီးလုံးတစ်လုံးလည်း ရှိတယ်"

လင်းလင်းတစ်ယောက် အိမ်ကြီးကိုရောက်ပြီး မကြာမီ ဝတ်ဝန်းကျင်ကိုလေ့လာမိသည်။ ခြံ၏နောက်ဘက်တွင် တံခါးပေါက်တစ်ခု ရှိသည်။ ပိတ်ထားတာကြာပြီဟု သိရသည်။ အသွားအလာမရှိ၊ လူသူအရောက်အပေါက်နည်း၍ နောက်ဘက်တွင် စပါးလင်ပင်တို့မှာလည်း ပွားချင်တိုင်းပွား၊ များချင်တိုင်းများပြီး တောထနေသည်။ လာရောက်ခူးကြသူတွေလည်း မရှိပေ။

"ဦးဘခင်"

"ဘာလဲ လင်းလင်း၊ ထမင်းစားတော့မလား"

"ဟင့်အင်း၊ မစားသေးပါဘူး။ စားရင်လည်း လင်းလင်းဘာသာ ခူးစားပါ့မယ်။ ဦးဘခင်ကို လင်းလင်း တစ်ခုမေးချင်လို့ပါ"

"ဘာမေးမလို့လဲ"

"ဟိုလေ ဦးလေးဦးထွန်းဖေက ဘာဖြစ်လို့ အောက်ပိုင်းသေသွားတာလဲဟင်။ အဲဒီလို ဖြစ်နေတာ ကြာပြီလား"

"လေဖြတ်သွားလို့ အောက်ပိုင်းက မသန်တော့ဘဲ သေသွားတာတဲ့။ ဒီအိမ်ကြီးကို ပြောင်းလာကတည်းက အခုလို ဘီးတပ်ကုလားထိုင်နဲ့ပဲ သွားလာလှုပ်ရှားနေရတာတဲ့။ သားသမီးတွေရှိကြတယ်။ နိုင်ငံခြားမှာလို့ ပြောတယ်။ မကြာခဏ ဖုန်းလာတယ်။ ပိုက်ဆံတွေ ဘာတွေ ပို့ပေးတယ်လို့ ဆိုတယ်။ ဒီမှာ အေးအေးဆေးဆေး နေချင်လို့ ခြံဝယ်ပြီး လာနေတာတဲ့။ ကျုပ်က ဒီကိုရောက်တာ တစ်နှစ်လောက်ပဲ ရှိသေးတယ်"

ထမင်း အတူတူစားကြရင်း ဦးဘခင်က လင်းလင်းကို သူသိသမျှ အကြောင်းစုံရှင်းပြနေသည်။ ဦးဘခင်၏ တာဝန်က သိပ်ပြီး ကြီးကြီးမားမားမရှိ၊ ခြံထဲတွင်ရှင်းသည်။ ဈေးလေးဘာလေးလိုအပ်လျှင် သွားဝယ်ပေးသည်။ ညအိပ်ရာဝင်လျှင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ပုလင်းတစ်ခွက်မော့ကာ စည်းစိမ်ယူ အိပ်တော့သည်။ ဒါက ဦးဘခင်၏ နေ့စဉ်ဝတ္တရား ဖြစ်သည်။ မနက်စာစားပြီးနောက် ဆေးစရာ၊ ကြောစရာရှိသာတွေကို လင်းလင်းက လုပ်ကိုင်ပေးသည်။

"ကဲ . . . လင်းလင်း အိမ်ကြီးဆီသွားလိုက်ဦးမယ်။ ဦးလေးဦးထွန်းဖေရဲ့ ခြေထောက်တွေကို သန့်ရှင်းရေးလုပ်ပြီး ခြေသည်းတွေ ညှပ်ပေးမလို့"

လင်းလင်း အိမ်မကြီးဆီသို့လာခဲ့သည်။ ဦးဘခင်နေသည့် အခန်းက မီးဖိုချောင်နှင့် ကပ်လျက်အခန်းဖြစ်သည်။

အိမ်ရှေ့သို့ ထွက်လာလျှင် ဘီးတပ်ကုလားထိုင်ပေါ်တွင် နေစာလှုံနေသော ဦးထွန်းဖေကို တွေ့ရသည်။ ပေါင်ရင်းမှ ခြေဖျားအထိ လွှာချင်းစောင်ပါးလေး ဖုံးထားသည်။

"ဦးလေး"

"ဩ် . . ကလေးမ၊ ထမင်းစားပြီးပြီလား"

"စားပြီးပါပြီ။ ဦးလေးတို့ ထမင်းချိုင့် မလာသေးဘူးလား"

"ဟေ့အေး . . မလာသေးဘူး ကွယ့်၊ ဦးလေးလည်း စောင့်နေတာ"

"ဒါဆိုလည်း ဦးလေးရယ် . . ကျွန်မချက်မှာပေါ့။ ထမင်းချိုင့်ကို မမှာနဲ့တော့"

"နေ . . နေ၊ ကိစ္စများတယ်။ အလုပ်ရှုပ်ပါတယ်။ မင်းလည်း သွားရလာရနဲ့ ဒုက္ခများတယ်"

"ဒုက္ခများတယ်လို့ ဘယ်ဟုတ်ပါ့မလဲ။ ကျွန်မက ဦးလေးတို့အိမ်မှာ အလုပ်လုပ်ဖို့ လာခဲ့တာပဲလေ။ ဒါဟာ ကျွန်မတာဝန်ပဲပေါ့"

"ရပါတယ် လင်းလင်းရယ်"

"ဩ် . . . ခုမှသတိရတယ်။ ဒီကိုကျွန်မ်ရောက်တာ နှစ်လနီးပါးရှိတော့မယ်။ ဦးလေးခြေထောက်က ခြေသည်းတွေ ရှည်ရောပေါ့။ ကျွန်မ ညှပ်ပေးဦးမှ"

"နေပါစေ လင်းလင်း၊ ရ . . . ရပါတယ်"

"အို မဟုတ်တာ၊ အဲဒါတွေက ကျွန်မလုပ်ပေးရမှာ။ ကိုယ့်ဦးလေး သားချင်းလို သဘောထားပြီး လုပ်ပေးမှာပါ"

လင်းလင်းက ရေနွေးဇလုံကို သွားယူလာသည်။ ဦးထွန်းဖေ၏ခြေထောက်ကို သန့်ရှင်းရေးလုပ်ပေးရန် ပြင်ဆင်သည်။ ခြေထောက်ကို အမြဲတမ်းခြေအိတ်ဝတ်ထား၍ ခြေသည်း အတိုအရှည်ကို မှန်း၍မရ။ လင်းလင်းရောက်သည်မှာ နှစ်လနီးပါးရှိပြီ။ ထို့ကြောင့် ခြေသည်းတွေ ရှည်လောက်ပြီဟု ထင်သည်။ ထို့ကြောင့် ခြေသည်း၊ လက်သည်းတွေ သန့်စင်ပေးရန် ပြောခြင်းဖြစ်သည်။ ဦးထွန်းဖေ၏ ညာဘက်ခြေရင်းတွင် ထိုင်ချပြီး ခြေဖဝါးတို့တွင် စွပ်ထားသော ခြေအိတ်တို့ကို ညင်ညင်သာသာ ချွတ်လိုက်သည်။ ချွေးကြောင့်လားမသိ ခြေအိတ်တို့က စိုစိုစွတ်စွတ်နှင့် စေးထန်းထန်း ဖြစ်နေသည်။

ခြေသည်းညှပ်ရန်အတွက် ခြေဖဝါးတစ်ဖက်ကို မယူလိုက်သည်။ အောက်ပိုင်းသေနေသူအဖို့ တစ်ဦးတစ်ယောက်က ကူညီပေးမှ ဖြစ်သည်။ ရေမချိုးသည့်နေ့ဖြစ်၍ ခြေထောက်ကို ရေနွေးဝတ်ဖြင့် သန့်စင်ပေးရသည်။

ခြေသည်းတွေညှပ်လျှင် ခြေမကစပြီး ညှပ်မည်ဖြစ်သည်။ ခြေသည်းညှပ်ရန် ခြေမကိုယူပြီး အတွင်းဘက်သို့ ကပ်ဝင်နေသော ခြေသည်းကို လက်သည်းညှပ်မှ ဦးချွန်တံလေးဖြင့် ကလော်လိုက်သည်။

"အ . . . အ"

"ဟင် . . ဦးလေး နာလို့လား"

မသိမသာ တွန့်သွားသော ခြေထောက်ကို နေသားတကျ ပြန်ထားလိုက်သည်။

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ လက်တင်ထားတာကြာတော့ နည်းနည်းကျင်သွားလို့။ အောက်ပိုင်းက နာတယ်၊ မနာဘူးဆိုတာ ဘယ်သိနိုင်ပါ့မလဲကွယ်။ ဦးလေးက အောက်ပိုင်းသေနေတဲ့ သူပဲလေ"

ခြေသည်းကို ဆက်ပြီး ညှပ်ပေးသည်။ ရေချိုးသည့် နေ့တွေက စင်ကြယ်အောင် မလုပ်ခဲ့လို့များလား မသိ။ ခြေထောက်ကြားတွင် ချေးတွေ တင်နေသည်။ ခြေဖမိုး၊ ခြေဖဝါး၊ ခြေချောင်းကြားမှ အညစ်အကြေးတို့ကို တစ်သျှူးစက္ကူဖြင့် သေသေချာချာ သုတ်ပေးသည်။ လွှင့်ပစ်ရန်အတွက် ယူထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ထမင်းချိုင့် လာပို့ပါတယ်"

"ဟော . . . အေး . . . အေး၊ တင်တင်ရေ၊ ထမင်းချိုင့်ယူပြီး လှယ်ပေးပါဦး"

"အဒေါ်ကို မခေါ်ပါနဲ့တော့၊ ကျွန်မပဲ လှယ်ပြီး ဦးလေးတို့ကို ထမင်းပြင်ပေးမယ်လေ"

"ဟဲ့ဟဲ့ . . လင်းလင်း၊ နေနေ ညည်းမယူနဲ့၊ သွား . . သွား . . ညည်းလုပ်စရာရှိတာ သွားလုပ်၊ ညည်းအခန်း ရှင်းချင်လည်း သွားရှင်း၊ ဒါမှမဟုတ် ဦးဘခင်နဲ့ သွားပြီးဝိုင်းလုပ်"

"ညနေစာပါ ချက်ခဲ့ပြီးပါပြီ၊ ဒါဆိုလည်း ကျွန်မခြံထဲမှာ အမှိုက်သွားကောက်လိုက်မယ်"

"အေး . . အေး . . သွား သွား၊ တို့ဘာသာတို့ ပြင်စားမယ်"

လင်းလင်း ထွက်လာခဲ့သည်။ ထမင်းချိုင့်လာပို့သူမှာ ကလေးအမေလား မသိ၊ အဝတ်အစားက ခပ်နွမ်းနွမ်း၊ နေပူထဲမှ လာခဲ့ရသည်ထင်သည်။ ခေါင်းတွင် ပုဆိုးဟောင်းကို ခြုံထားသည်၊ လူနှစ်ယောက်စာ လာပို့သော ထမင်းချိုင့်မှာ စတီးချိုင့် ခြောက်ဆင့်ချိုင့် ဖြစ်သည်၊ ဟင်းအမည် စုံမည်ထင်ရသည်၊ နေ့စဉ်မနက်တိုင်း ထိုသို့ လာပို့တတ်သည်။ ထမင်းချိုင့်လှယ်ပေးခြင်း၊ ချိုင့်ဆေးပေးခြင်းကို လင်းလင်းတစ်ခုမှ မလုပ်ပေးရပေ။

"စာဗျို့ . . စာ . . စာ"

"ဩော် . . . အေးအေး၊ စာတိုက်ပုံးထဲသာ ထည့်ခဲ့ပါကွယ်"

နိုင်ငံခြားရှိ သားသမီးများထံမှ စာလာသည်နှင့်တူသည်၊ စာအိတ်နှစ်အိတ် ခပ်ထူထူကို စာတိုက်ပုံးထဲသို့ ဒေါ်တင်မမက ထည့်ခိုင်းသည်။ စာလာပို့သူလည်း တာဝန်ပြီး၍ ပြန်သွားသည်။

"ဟဲ့ . . . ကလေးမ၊ ညည်း ထမင်းချိုင့်ပြန်ယူသွားရင် အဒေါ်ကို ဒီစာလေးနှစ်စောင်လောက်ကို လမ်းထိပ်ကစာတိုက်ပုံးထဲ ထည့်ခဲ့ပေးပါဦး"

"လင်းလင်း သွားထည့်ပေးမယ်လေ"

"ရတယ် ရတယ်၊ လင်းလင်းက သီးသီးသန့်သန့် သွားနေရဦးမယ်၊ သူ့ကိုပဲ တစ်ပါတည်း ပေးလိုက်တော့ အေးတာပေါ့၊ သူက လုပ် ပေးနေကျလေ"

စာပုံးထဲမှာ စာအိတ်တွေကို ဒေါ်တင်မမကိုယ်တိုင် သော့ဖွင့်ကာ သွားယူသည်၊ အခန်းထဲဝင်ကာ ထမင်းချိုင့်ပါယူသွားသည်။ ဒေါ်တင်မမက သူကိုယ်တိုင် ခူးခပ်ကျွေးသည်၊ စားပြီးသည့် ထမင်းချိုင့်ကိုလည်း လင်းလင်းကို မဆေးခိုင်းပေ။ သူတို့ထမင်းစားတုန်း အခန်းသန့်ရှင်းရေးလုပ်ရန် အိမ်အပေါ်ထပ်သို့ လင်းလင်း တက်လာခဲ့သည်။

"ဟဲ့ . . . လင်းလင်း၊ ဘာလုပ်တာလဲ"

"ဟိုလေ ကျွန်မ ဒီခလုတ်လေးတွေ လျှောက်နှိပ်တာ၊ တစ်ဖက်က စကားပြောသံကြားတာနဲ့ ပြန်ချလိုက်တာ"

တယ်လီဖုန်း ခလုတ်လေးတွေကို လျှောက်နှိပ်ပြီး ဖုန်းခွက်ကိုမကာနားထောင်ကြည့်သည်။ တစ်ဖက်က ပြန်ထူးသံကြားရသည်။ လင်းလင်းကလည်း ရောယောင်ပြီး စကားပြောကာပြန်ချလိုက်သည်။ ဒေါ်တင်မမက အိမ်ပေါ်ထပ်သို့ တက်လာရင်းက မေးလိုက်ခြင်းဖြစ်သည်။ လင်းလင်းက အမြန်ဖြေလိုက်ရသည်။ ဒေါ်တင်မမများ ဆူလေမလားဟု စိုးရိမ်သွားသည်။

"ဘာမှာဦးမလဲ၊ ဘာချက်ယူလာရမလဲ"

"မမှာပါဘူးကွယ်၊ အားလုံးအဆင်ပြေပါတယ်၊ ပေးလိုက်တဲ့ စာကိုသာ ထည့်ဖြစ်အောင် ထည့်နော်"

ဒေါ်တင်မမက မည်သို့မျှ အမူမထားဘဲ ထမင်းချိုင့် လာပို့သူကို သာ ပြုံးပြုံးလေးနှင့်ပြောလိုက်သည်။ ယခုမှပင် လင်းလင်းစိတ်ထဲ ရင်အေးသွားရတော့သည်။ နာရီဝက်ခန့်အကြာတွင် ဦးဘခင်ဝင်လာသည်။

"ဦးဘခင် ဘာကိစ္စရှိလို့လဲ"

ဦးဘခင်၏နောက်တွင် ထမင်းချိုင့်လာပို့သူ၊ သူ့နောက်တွင် လူစိမ်းနှစ်ယောက် ပါလာသည်။ ထိုလူနှစ်ယောက်က ဦးထွန်းဖေတို့လင်မယားနှစ်ယောက်၏နောက်တွင် အသင့်အနေအထားပမာ ဝင်ရပ်လိုက်သည်။

"သူတို့က ဘယ်သူတွေလဲ၊ ဘာလုပ်ကြတာလဲ"

"သူတို့က မှုးယစ်အဖွဲ့က ဏ"



www.burmeseclassic.com

www.burmeseclassic.com

ဝန်ရှိသူတွေပါ”

“အေးလေ။ အဲဒါ ကျုပ်နဲ့ ဘာဆိုင်လို့လဲ”

မျက်နှာထား တည်တည်ဖြင့် ပြောလိုက်သည်။ ဒေါ်တင်မမက ထမင်းချိုင့်လာပို့သည့် အမျိုးသမီးကို ခပ်စူးစူးကြည့်သည်။

“ညည်း . . . ညည်းက အရင်ကလာပို့တဲ့ မိချောမှ မဟုတ်တာ။ ပုဆိုးခြုံထားတော့ ငါက သတိမထားမိလိုက်ဘူး”

“မူးယစ်ဆေးဝါး ရောင်းဝယ်ရေးလုပ်နေတယ်ဆိုတာ သတင်းရနေတာ ကြာပါပြီ”

“ဘာတွေ။ မင်းတို့ အဓိပ္ပာယ်မရှိတာတွေ ပြောနေတယ်။ ငါ့အိမ်ထဲကို ဝင်ထွက်သွားလာသူတွေလည်း မရှိ။ နောက်ပြီး . . . ကျုပ်ကလည်း အောက်ပိုင်းသေနေတဲ့ ဒုက္ခိတ။ ကျုပ်မိန်းမကလည်း အိမ်မှာအမြဲရှိနေတဲ့သူ။ ဒီမှာ သူစိမ်းဆိုလို့ ဦးဘခင်နဲ့ ဒီကလေးမပဲ ရှိတယ်။ အပြင်နဲ့ ဘယ်လောက်ကင်းအောင်နေသလဲဆိုရင် ထမင်းတောင်ချိုင့်မှာစားတာ”

“ဒုက္ခိတဆိုပေမယ့် ညအချိန်ညဉ့်နက်မှ စပါးလင်တွေနားသွားပြီး တပည့်တွေကို လိုအပ်တာတွေ ညွှန်ကြားနိုင်သားပဲ”

“ခင်ဗျားတို့ မဟုတ်ဘဲနဲ့ မစွပ်စွဲကြနဲ့။ ဘာ . . . ဘာ အထောက်အထားတွေ ရှိလို့လဲ။ မတရားလာစွပ်စွဲရင် ကျုပ်က ခံမှာမဟုတ်ဘူးနော်”

“ဦးလေး ဟုတ်လား၊ မဟုတ်လားဆိုတာ လင်းလင်းက ဖြေရှင်းပေးပါ့မယ်”

“ဟော. . လင်းလင်း၊ အကောင်ပဲ။ ဦးလေး ဒုက္ခိတဖြစ်လို့ လင်းလင်း ပြုစုပေးရတာကို ပြောပြလိုက်စမ်းပါ။ ဒီကလေးမလေးက ကျုပ်ကို ခြေသည်း၊ လက်သည်းကအစ ညှပ်ပေးနေရတာ ကျုပ်ကဘာလုပ်နိုင်မှာလဲ”

“ဟုတ်ပါတယ်။ ဦးလေးက ဒုက္ခိတဆိုတာ လင်းလင်းစရောက်ကတည်းက သိတာပါ။ ရေချိုး၊ ထမင်းစားတာကအစ အဒေါ်ကပဲ လုပ်ပေးရတာပါ။ အဲ . . ခြေသည်း၊ လက်သည်း ညှပ်ပေးရတယ်လေ”

“ဟုတ်ကဲ့ ဆက်ပြော ဒေါ်လင်းလက်ခိုင်။ သူက ကျွန်တော်တို့ မူးယစ်အဖွဲ့က ဒုရဲအုပ်လင်းလက်ခိုင်ပါ။ ဒီဦးဘခင်ကလည်း ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဆရာခင်ပါ။ ကဲ . . . ပြောပါဦး၊ ဒေါ်လင်းလက်ခိုင်”

“ကျွန်မ ဦးလေးကို ခြေသည်းညှပ်ပေးတော့ ခြေအိမ်မှာ ပေနေတဲ့ မြေကြီးနဲ့ စပါးလင့်စတွေရယ်၊ ခြေသည်းညှပ်တော့ နာလို့ရုန်းသွားတဲ့ ခြေထောက်အခြေအနေ၊ ဒါတွေဟာ အောက်တစ်ပိုင်းသေနေတဲ့ ဒုက္ခတ အယောင်ဆောင်ဆိုတာပြနေတယ်။ နောက်ပြီး ဦးဘခင်က ညဘက်အရက်မူးပြီး အိပ်ချင်ယောင်ဆောင်တာကို အလေးမထားကြတော့ . . ဦးထွန်းဖေရဲ့ လုပ်ရပ်ကို သိရတယ်။ တခြားတစ်မြို့တစ်ရွာကနေ ခြေရာဖျောက်ပြီး ဒီမှာ အခြေချကာ မူးယစ်ဆေးဝါး လာဖြန့်တာကို သတင်းရထားလို့ သတင်းအတိအကျသိချင်တာနဲ့ လင်းလက်ခိုင်နဲ့အတူ ဆရာခင်ကြီးပါ အတွင်းဝင်ပြီး ထောက်လှမ်းခဲ့ရတာပါ။ ထမင်းချိုင့်ထဲမှာ မူးယစ်ဆေးဝါးတွေ ယူဆောင်လာပြီး စာလာပို့တဲ့သူနဲ့ ထမင်းချိုင့်ပို့တဲ့သူကို တစ်ဆင့်ပြန်ခိုင်းနေတာကို လက်ပူးလက်ကြပ်မိဖို့အတွက် စီစဉ်ရတာပါ”

❖—❖—❖

“အဲဒါပါပဲ ဆရာကြီးရယ်။ လောဘဇောတွေနဲ့ မမိနိုင်ဘူးဆိုပြီး ကိုယ်ရောင်ဖျောက်ပြီး ရှောင်ခဲ့ပေမယ့် ဥပဒေဘက်တော်သားတွေရဲ့ အရိပ်လိုလိုက်နေတာကို မသိတဲ့အတွက် အခုတော့ ထိုက်သင့်တဲ့ အပြစ်ဒဏ်နဲ့ ဟောဒီ လေးဘက်လေးတန်ကာရံထားတဲ့ အုတ်ရိုးကြီးထဲက အဆောင်ထဲမှာ သံတိုင်တွေကာရံပြီး အပြစ်ကြွေးဆပ်ဖို့ လွတ်ရက်ကို ကျွန်တော်မျှော်နေရပြီ”

ထောင်ဝင်စာတွေ့ပြီး ပြန်ဝင်သွားသော ဦးထွန်းဖေအား ထောင်အရာထမ်းတစ်ဦးက သံဝေဂရစွာဖြင့် ခေါင်းတညိတ်ညိတ် . . .။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# မယုတ်မလွန် လေ့ကျင့်ခန်းလုပ်ခြင်းသည်
# သက်ကြီးရွယ်အိုများ လွတ်လပ်စွာလှုပ်ရှားနိုင်
## /မောင်မောင်စန်းထွေး/

တစ်နေ့လျှင် အနည်းဆုံး မိနစ် ၂၀ ခန့် လမ်းလျှောက်ပေးခြင်းသည် သက်ကြီးရွယ်အိုများ အမှီအခိုကင်းမဲ့စွာ လှုပ်ရှားသွားလာနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုမှ လေ့လာမှုတစ်ရပ်အရ သိရသည်။ အဆိုပါ လေ့လာမှုအရ သက်ကြီးရွယ်အိုများသည် လမ်းလျှောက်တုတ်၊ သို့မဟုတ် အဖော်တစ်ဦးဖြင့် သွားလာလှုပ်ရှားနေရမှုကြောင့် တွေးခေါ်မှုအရည်အသွေးများ ကျဆင်းစေသည်ဆို၏။ ၎င်းလေ့လာမှုကို အမေရိကန်ဆေးပညာအသင်းဂျာနယ် (Journal of the American Medical Association) တွင် ဖော်ပြပါရှိသည်။ ၎င်းဖော်ပြချက်အရ မယုတ်မလွန် (Moderate) လေ့ကျင့်ခန်း(လမ်းလျှောက်ခြင်းအပါအဝင်) လုပ်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ သွားလာလှုပ်ရှားမှုကို ထိန်းသိမ်းပေးနိုင်သည်၊ သို့မဟုတ် လမ်းလျှောက်ရာတွင် လမ်းလျှောက်တုတ်၊ သို့မဟုတ် အဖော်တို့မလိုအပ်ဘဲ အကူအညီမဲ့ လမ်းလျှောက်နိုင်ခြင်းဖြစ်၍ မယုတ်မလွန် လေ့ကျင့်ခန်း(လမ်းလျှောက်ခြင်းအပါအဝင်)လုပ်သော သက်ကြီးရွယ်အိုများသည် လေ့ကျင့်ခန်းမလုပ်သည့် သက်ကြီးရွယ်အိုများထက် လမ်း လျှောက်နှုန်း ၁၈ ရာခိုင်နှုန်း မြင့်မားသည်ဟု ဆို၏။

ယင်းမယုတ်မလွန်သော လေ့ကျင့်ခန်းမျိုးကို Lifestyle Interventions and Independence for Elders (LIFE) ဟု ခေါ်ဆိုသည်။ စမ်းသပ်စစ်ဆေးမှုအရ အသက် ၇၀ မှ ၈၉ နှစ်အကြား သက်ကြီးရွယ်အိုများ ကျား/မ ၁၆၃၅ ယောက် စုဆောင်းသိမ်းသွင်းလျက် ၎င်းတို့၏ နေ့စဉ် ကိုယ်ကာယလှုပ်ရှားမှုကို စစ်ဆေးရန်နှင့် သက်ကြီးရွယ်အိုပိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော သွားလာလှုပ်ရှားမှု ဆုံးရှုံးနေခြင်းတို့မှ အကာအကွယ်ပေးရန် ဖြစ်သည်ဆို၏။ လေ့လာမှုအရ မီတာ ၄၀၀၊ သို့မဟုတ် မိုင်ဝက်ခရီးကို သာမန်လူများလို သက်ကြီးရွယ်အိုများ လျှောက်နိုင်ရန် ပေးထားသည်ဟု လေ့လာမှုကို ဖလော်ရီဒါတက္ကသိုလ် (University of Florida) (UF) မှ သုတေသီများက ဆိုသည်။

"မီတာလေးရာဆိုတာ အပြေးလမ်းကြောင်းတစ်ပိုက်၊ ဒါမှမဟုတ် ကားရပ်ထားတဲ့နေရာမှ စတိုးဆိုင်တစ်ဆိုင်အထိ၊ ဒါမှမဟုတ် ဘလောက်(Block)နှစ်ခု၊ သို့မဟုတ် သုံးခုဝေးတဲ့ အိမ်နီးချင်းနေရာတွေပါဟု မေရီလန်းတက္ကသိုလ် (University of Maryland)မှ ပါမောက္ခလည်းဖြစ်၊ ဖလော်ရီဒါတက္ကသိုလ် ဌာနကြီးမှူးတာဝန်ကိုယူထားသူ ပူးတွဲစစ်ဆေးရေးအကြီးအကဲ ဂျက်ဂူရယ်(Jack Gural)က ဆိုပါသည်။

"ဒါကတော့ သိပ်အရေးကြီးတဲ့ အကွာအဝေးပါ။ ဒါဟာ ဘဝတစ်ခုကို လွတ်လပ်စွာ အမှီအခိုမဲ့ ရပ်တည်နိုင် ဖို့အတွက် ထိန်းသိမ်းခြင်းပဲ ဖြစ်ပါတယ်"ဟု ဆိုသည်။ အဆိုပါ လေ့လာမှုတွင် ပါဝင်သူများသည် တစ်မိုင်၏ လေးပုံတစ်ပုံ ခရီးအကွာအဝေးကို ၁၅ မိနစ်အတွင်း လျှောက်နိုင်သော်လည်း အပြင်းအထန် လုပ်ရသည့်အတွက် ကိုယ်ခံစွမ်းအားနည်းသူများ၏ လုပ်ဆောင်ချက်သည် သက်ကြီးရွယ်အိုများအတွက် ဖြစ်နေကျ စွန့်စားရသည့်အချက်ဖြစ်သည်။ တချို့မှာ နေမကောင်းဖြစ်ခြင်း၊ ဆေးရုံတက်ရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးမှုများပင် ဖြစ်သည်ဆို၏။

"ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ တွေမြင်နေရတာကတော့ လူနာအဖြစ် တွေ့ရခြင်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလေ့လာဆန်းစစ်မှုဟာ ဘယ်လောက်အရေးကြီးတယ် ဆိုတာပါပဲ။ အဲဒီအထဲမှာ ရိုးရိုးသားသားနဲ့ နားမလည်တဲ့လူတွေလည်း ပါနေသေးတယ်"ဟု ဖလော်ရီဒါတက္ကသိုလ်သက် ကြီးရွယ်အို (Institute on Again) စုံစမ်းစစ်ဆေးရေးအကြီး အကဲလည်းဖြစ်၊ ညွှန်ကြားရေးမှူးဖြစ်သူ မာရီယိုပါဟော (Mario Pahor)က ဆိုပါသည်။

မောင်မောင်စန်းထွေး

***REF: Reuters***

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(ဖြစ်ရပ်မှန် ရသဝတ္ထုရှည်)

# နယ်မြို့လေးထဲက သားရဲ

ယခင်လမှအဆက်

**သတင်းစကားများကို စုံစမ်းခြင်း**

တစ်နေ့တွင် ဒုရဲအုပ် ဦးဖိုးထိန်ရှိရာသို့ ကိုခင်မောင်(စာအုပ်ဆိုင်)တစ်ယောက် ပေါက်ချလာပြန်သည်။ ဦးဖိုးထိန်က သက်ပြင်းချလိုက်ရင်းမှ . . .

"ဘာတိစ္စလဲ . . ကိုခင်မောင်။ ဒီမှာက လက်ကျန်အမှုတွေရော ထပ်တိုးအမှုတွေနဲ့ပါ အလုပ်ရှုပ်နေတယ်ဗျို့။ ခင်ဗျားကို အချိန်မပေးနိုင်လောက်ဘူးဗျ"

"ဟုတ်ကဲ့ပါဗျာ။ သတင်းက နည်းနည်းထူးလာလို့ပါ။ လူရှုပ်ကမ္ဘာ လှသန်းနှင့် လူလိမ်တရုတ် မောင်ဝင်းတို့နှစ်ယောက် ခြေရှုပ်နေကြတယ်ခင်ဗျ။ အကြောင်းက သစ်တောထွက်ပစ္စည်းဝယ်တဲ့ တရုတ်အပိုတို့၊ ဟုတ်ကွမ်းတို့နဲ့ ဈေးစကားပြောနေကြတယ်ဆိုတာပဲ။ အဓိကအကြောင်းက ဝက်ဝံသည်းခြေနဲ့ ဝက်ဝံအရိုး၊ အရေခွံအရောင်းအဝယ်ကိစ္စလို့ ဆိုပါတယ်။ အဲဒါ ခုထိတော့ ဈေးမတည့်ကြသေးဘူးတဲ့"

"ဒီသတင်းတော့ ကျုပ်လည်း နားစွန်နားဖျားကြားတယ်။ ဒါပေမယ့်"

"ဒါပေမယ့် မနေပါနဲ့ဗျာ။ ခုသတင်းက အခိုင်အမာပါ။ လေထိုးကျွတ်ဖာတဲ့ ဦးဝင်းမော်နဲ့ ကြားဖောက်လုပ်သားမှူး ဦးသိန်းအောင်တို့က တိတိကျကျ ပြောလာတာပါ။ အဲဒါ သွားစုံစမ်းရင် ကောင်းမလားလို့"

"ဦးဝင်းမော်ဆိုတာ ကျောက်ပေါက်ခွက် ဗရပျစ်နဲ့ အရပ်ပုပု၊ လေဖောဖောလူလား။ ဦးသိန်းအောင်နဲ့သူက လူခွစာတွေနော်၊ သတိထားဦး"

"လာပါဗျာ . . . သွားကြည့်တော့ သိရတာပေါ့"

"အေးဗျာ . . . ဒီလိုဆိုလည်း ခါးဆန့်ရင်း၊ လက်ဖက်ရည်သောက်ရင်း သွားကြရတာပေါ့။ ကဲလာ"

ကိုခင်မောင်တို့ နှစ်ယောက်သား ရဲစခန်းမှ လမ်းလျှောက်၍ ထွက်လာခဲ့ကြသည်။ ဘီအိုစီလမ်းအတိုင်း လျှောက်လာခဲ့ကြရာမှ မကြာမီ "ဆရာဦးဝင်းမော် လေထိုးကျွတ်ဖာ"ဟု သံပြားပေါ်တွင် ထုံးဖြူနဲ့ ကိုးရိုးကားရားရေးထားသော ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် တဲတစ်တဲသို့ ရောက်ရှိခဲ့ကြသည်။ ဦးဖိုးထိန်က . . .

"ဦးဝင်းမော် ကျန်းမာရဲ့ မဟုတ်လား"

အမေးခံရသော ကျောက်ပေါက်မာဗရပျစ် မျက်နှာနှင့်လူက

"ကျန်းမာပကတိ ချမ်းသာစွာရှိကြောင်းပါ ရဲအရာရှိမင်း ခင်ဗျား"

ဟူ၍ ဟာသလိုလို၊ ဇာတ်စကားလိုလိုနှင့် ပြောရင်း ပုတက်တက်ရှိသော အရပ်ကို ခြေဖျားထောက်၍ ရပ်လိုက်သည်။ ပုံစံက မြောက်ကြွကြွဖြစ်နေသည်။

"ဦးသိန်းအောင်လည်း ရောက်နေတာကိုးဗျ"

ဦးဖိုးထိန်က မှုန်ကုပ်ကုပ်နှင့် ထိုင်နေသော ပုဂ္ဂိုလ်အားလည်း နှုတ်ဆက်လိုက်ရာ . . .

"ရောက်နေလို့ တွေ့တာပေါ့ဗျ"

ဦးသိန်းအောင်က ဘုတန့်လန့်ဖြင့် ပြန်၍ဖြေလိုက်သည်။ မြို့ကလေး၏ ချဉ်ဖတ်များဖြစ်သော လူပွဲစားများ ပီသပါပေသည်ဟု ကိုခင်မောင်က တွေးတောရင်း တဲတွင်းရှိ တန်းလျားတစ်ခုပေါ်သို့ ဦးဖိုးထိန်နှင့်အတူ ထိုင်ချလိုက်လေသည်။

"ဆိုစမ်းဘာကိစ္စ၊ ရဲအရာရှိမင်း"

ဦးဝင်းမော်က မခိုးမခန့် မေးလိုက်သဖြင့် ဦးဖိုးထိန်ကပြုံးရင်း . .

"သိချင်တာလေးတွေ ရှိလို့ဗျာ။ ခုတလော သစ်တောထွက်ပစ္စည်းအဝယ်တွေရောက်နေတယ်လို့ သိရ

သစ်ထူးအိမ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒါ ခင်ဗျားနဲ့ ဦးသိန်းအောင်တို့လည်း ပွဲစားလုပ်တဲ့အထဲမှာ ပါတယ်လို့ သိရတယ်။ ဒီကိစ္စ သိသလောက်ပြောစမ်းပါဦး ဦးဝင်းမော်"

"ဒီမှာ ဒုရဲအုပ်ကြီး။ ဘယ်အရာမှ အလကားမရပါတဲ့။ ရေ၊ လေ၊ မြေ၊ မီး ဓာတ်ကြီးလေးပါးနဲ့ လုပ်စားနေတဲ့ ဆရာဝင်းမော်ဆိုတာ သိတယ်မို့လား"

"ခင်ဗျားက ရဲကိုတောင် ငွေတောင်းတဲ့ သဘောလား"

"ဘယ် . . . ဒီလိုဟုတ်မလဲဗျာ။ ပြည်သူ့ရဲတပ်ဖွဲ့ရဲ့ အမာခံ သတင်းပေးလေဗျာ။ သတင်းပေးတစ်ယောက်ရဲ့ သက်သာချောင်ချိရေးလောက်တော့ ဆိုရှယ်လစ်ခေတ်ကြီးမှာ ရဲအုပ်ကြီး သိတတ်ဖို့ ကောင်းပါတယ်"

ဦးဖိုးထိန်က ခေါင်းတစ်ချက်ညိတ်ကာ အကျႌအိတ်ကပ်ထဲမှ တစ်ဆယ်ကျပ်တန် ငွေစက္ကူသုံးရွက်ကို ထုတ်လိုက်ရင်း . . .

"ဒီမှာ . . . ငွေသုံးဆယ်တိတိ။ ခင်ဗျားသတင်းက အဖိုးတန်ရင် အားလုံးရမယ်။ တန်ဖိုးမရှိတဲ့ သတင်းဆိုရင် တစ်ကျပ်မှ မပေးဘူး"

"ဒီလိုလား"

"ဒီလိုပေါ့ဗျာ။ သဘောတူရင် ပြောပေါ့"

"ရတယ် . . ရတယ် ပြောမယ်။ ကျုပ်တို့နှစ်ယောက်က ဆတ်ခေါင်းနဲ့ စပါးကြီးမြွေအရေခွံ ပွဲစားလုပ်တာပါ။ ဒါလည်း ကိစ္စပြီးလို့ ပွဲစားခရပြီးပြီ။ ခင်ဗျားတို့အတွက် သတင်းကတော့ အဖိုးတန်ပါ။ လူရှုပ် ကမ္ဘာလှသန်းနှင့် လူလိမ်တရုတ်မောင်ဝင်းတို့က ဝက်ဝံတစ်ကောင်ရဲ့ပစ္စည်းကို ပွဲစားလုပ်ကြတယ်။ တရုတ်အပိနဲ့ ဟုတ်ကွမ်းက ပစ္စည်းပြပါဆိုတော့ မပြနိုင်သေးလို့ အလုပ်မဖြစ်သေးဘူး"

"ပစ္စည်းက ဘယ်သူ့ပစ္စည်းတွေလဲဗျ"

"အရှည်ကြီးဖေသန်း၊ ဗိုက်ပူညွန့်လှိုင်၊ ငမူးဇော်ဝင်းတို့ လေးယောက်ရဲ့ ပစ္စည်းတဲ့။ ကမ္ဘာလှသန်းနှင့် တရုတ်မောင်ဝင်းတို့နှစ်ယောက် ဒီလူတွေနဲ့ တွဲတွဲနေတာ ရဲတွေက သတိမထားမိဘူးလား"

"ဒီမှာ ဦးဝင်းမော် ကျောက်ရှူးထပြီး လျှောက်ပြောမနေနဲ့။ ပြည်သူ့ရဲဆိုတိုင်း မြို့ထဲမှာရှိတဲ့ လူအားလုံးကို တစ်ယောက်ချင်း အချိန်တိုင်းမှာ စေ့စေ့စပ်စပ်ကြည့်မနေနိုင်ဘူးဗျ။ ကဲဗျာ . . . ခင်ဗျားသိတာဆက်ပြောပါ"

"ဗိုက်ပူညွန့်လှိုင်တို့ မဟာမြိုင်တောစပ်မှာ သစ်တောထွက်ပစ္စည်းငှခေါက်တွေ သွားဝယ်ရင်း ဝက်ဝံပေါက်တစ်ကောင် ရခဲ့သတဲ့။ အတူပါတဲ့ ငပုဘကြည်က ဝက်ဝံကုတ်တဲ့ ဒဏ်ရာကြောင့် ရွာကလေးတစ်ရွာမှာ ဆေးကုရင်း နားနေခဲ့တယ်။ ခေါ်လာလို့ မေးမြန်းရင်လည်း ဖြေနေလို့ သတင်းပေါ့သွားနိုင်တာမို့ ထားခဲ့တာတဲ့။ ဒီကိစ္စကို ကမ္ဘာလှသန်းနဲ့ လူလိမ်မောင်ဝင်းက ကိုင်ကြတယ်။ ဗိုက်ပူညွန့်လှိုင်တို့လူသိုက်က ဗျာယာခတ်နေတယ်လေ"

သတင်းကား တန်ဖိုးရှိသော သတင်း ဖြစ်နေပါတော့သည်။

* * * * *

## အစည်းအဝေးကြီးမှ သဘောတူဆုံးဖြတ်ချက်

မြို့လေး၏ မြို့နယ်ပြည်သူ့ကောင်စီရုံး အစည်းအဝေးခန်းမတွင် ဖြစ်သည်။ မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးရာဆိုင်၊ အတွင်းရေးမှူး ဦးသာခိုင်၊ မြို့နယ်ရဲမှူး ဦးသောင်းညွှန့်၊ ရဲစခန်းမှူး ဦးရွှေဘ၊ သစ်တောဦးစီးမှူး ဦးတင်လှနှင့် မြို့နယ်ကောင်စီဝင်များ ရပ်ကွက်သုံးခုစလုံးမှ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အတူ စုံစမ်းရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ဦးဖိုးထိန်အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ အစည်းအဝေးထိုင်နေကြသည်။ အကြောင်းကိစ္စမှာ "မည်းမည်းကြီးနှင့် ခြေရာရှင် ရှာဖွေရေးကိစ္စ"ပင်ဖြစ်သည်။

မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးရာဆိုင်က စတင်၍

"မည်းမည်းကြီးကိစ္စရဲ့ ထူးခြားချက်၊ တွေ့ရှိချက်တွေကို တင်ပြကြပါ။ ဒီကိစ္စကို ပါတီယူနစ်ကလည်း ဖိအားပေးနေပါတယ်။ ပြည်သူလူထုအတွင်းမှာ ကောလဟာလတွေ ပြန့်နေတယ်။ နာနာဘာဝက ဖန်ဆင်းလာတာ။ မိစ္ဆာကောင်တွေ မြို့ထဲဝင်လာတာ။ စတဲ့သတင်းတွေ ဖြစ်နေတယ်။ နာနာဘာဝကို မယုံကြည်တဲ့သူတွေ အနေနဲ့ကျတော့ ဝက်ဝံကြီးသုံးကောင် မြို့ထဲမှာ ဝင်ရောက်ခိုအောင်းနေကြတယ်လို့ ပြောနေကြပြန်တယ်။ ဒီကိစ္စကို အမြန်ဆုံး ရှင်းလင်းဖော်ထုတ်ပါလို့ ပါတီက ဖိအားပေး လမ်းညွှန်လာ

www.burmeseclassic.com

တယ်။ ဒါပေမယ့် သဘာဝကြောင့် မဟုတ်ဘဲ ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့မှာ၊ အနှောင့်အယှက်ဖြစ်မှာကိုတော့ အထူးရှောင်ကြဉ်ရမယ်လို့ လမ်းညွှန်ထားတယ်"

အစည်းအဝေး တက်ရောက်ကြသူများကို တစ်ချက်ကြည့်လျက်

"ဒီကိစ္စ ဘယ်လိုအခြေအနေရှိသလဲဆိုတာတင်ပြပါ။ အစည်းအဝေးကို ကြာရှည်အချိန်မပေးနိုင်ဘူးနော်။ ဖြစ်နိုင်ရင် လုပ်ငန်းစီမံချက်ပါ တစ်ခါတည်း တင်ပြပါ။ ကဲ . . . မြို့နယ်မှူးကြီး၊ ခင်ဗျားက စဗျာ"

ရဲမှူးက ရိုသေစွာရပ်လျက် . .

"ယခုကိစ္စကို အောက်ခြေမှာ ကျွန်တော့်အနေနဲ့ စိစစ်ပြီးဖြစ်ပါတယ်။ အခြေအနေ ကိစ္စအားလုံးနှင့် တကွ လုပ်ငန်းစီမံချက်ကို ဒုရဲအုပ်ဦးဖိုးထိန်က တာဝန်ယူ ရှင်းပြပါလိမ့်မယ် ဥက္ကဋ္ဌကြီးခင်ဗျား"

ရဲမှူးက ခေါင်းဆတ်၍ ဦးဖိုးထိန်ကို အချက်ပြလိုက်သည်။

ဦးဖိုးထိန်က ရိုသေစွာ မတ်တတ်ရပ်လိုက်ရင်း . . .

"ဥက္ကဋ္ဌကြီးနှင့်တကွ တာဝန်ရှိလူကြီးမင်းများခင်ဗျား။ မည်းမည်းကြီးကိစ္စဟာ ယခုအစည်းအဝေးမှာ တင်ပြခဲ့သည့်အတိုင်း နာနာဘာဝ မဟုတ်ဘဲ ဝက်ဝံကြီး တစ်ကောင်သာ ဖြစ်ကြောင်း တိတိကျကျ တင်ပြပါရစေ။ ဝက်ဝံကြီးနှစ်ကောင်သုံးကောင်ဆိုတဲ့ သတင်းကတော့ မဟုတ်တာ သေချာပါတယ်။ ဝက်ဝံတစ်ကောင်တည်းရဲ့ ခြေရာသာဖြစ်ပါတယ်။ တချို့နေရာမှာ နှစ်ကောင်ဖြစ်မလား ဆိုတဲ့ သံသယမျိုး ဖြစ်စေတာက ဝက်ဝံဟာ တိရစ္ဆာန်မို့ လေးဖက်ထောက်သွားလာတဲ့အခါ ရှေ့ဘက်လက်ရာ ထင်ကျန်ခဲ့တာပဲ ဖြစ်ပါတယ်။ ရှေ့လက်နှစ်ဖက်ရာကို ခြေရာထင်တာမျိုး၊ အကြီးအငယ်ကွဲတာကြောင့်ရော၊ မြေပျော့မြေမာ ကွဲတာကြောင့် ခြေရာအားလုံးကိုကြည့်ပြီး ဝက်ဝံကြီး နှစ်ကောင်-သုံးကောင်လို့ ထင်မှားကြခြင်း ဖြစ်ပါတယ်။ ခြေရာအားလုံးကို တိုက်ဆိုင်စစ်ဆေးပြီး ဖြစ်ပါတယ်"

ဥက္ကဋ္ဌမှ –

"ဒါကိုတော့ ထပ်ရှင်းပြပါဦး"

ဦးဖိုးထိန်က –

"ဟုတ်ကဲ့၊ တိရစ္ဆာန်ဆရာဝန်ဒေါက်တာဦးမောင်မောင်ညွန့်၊ ဒေါက်တာခင်ဆွေတို့ရဲ့ စစ်ဆေးမှုကို ခံယူခဲ့သလို တောရိုင်းတိရစ္ဆာန်ပညာရှင် ဦးအေးကျော်ခိုင်၊ ဦးဆွတ်ဇာလန်းတို့ရဲ့ သုံးသပ်မှုကို ရယူခဲ့ပါတယ်။ အားလုံးရဲ့ ဆုံးဖြတ်ချက်ကလည်း ဝက်ဝံတစ်ကောင်တည်းရဲ့ ခြေရာဖြစ်ကြောင်း အတည်ပြုနိုင်ကြပါတယ်။ စာပေဗဟုသုတရှိတဲ့ စာရေးဆရာမောင်ခင်မောင်(ပယင်း)နှင့် ပြန်ကြားရေးမှူး ဦးမြင့်ကျော်တို့ရဲ့ စာပေသုံးသပ်ချက်ကလည်း ဝက်ဝံတစ်ကောင်တည်းရဲ့ ခြေရာဖြစ်ကြောင်း အတည်ပြုကြပါတယ်။ ဒါကြောင့်"

ဥက္ကဋ္ဌက –

"စာရေးဆရာ မောင်ခင်မောင်ဆိုတာ သူက ဘယ်သူလဲ"

ဦးဖိုးထိန်က –

"မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် ရုံးတာဝန်ခံလည်းဖြစ်၊ စာအုပ်ဆိုင်ပိုင်ရှင်လည်း ဖြစ်ပါတယ်။ စုံစမ်းရေးကော်မတီမှာ အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်နေသူပါ"

"ဟို . . . ရုပ်ရှင်မင်းသားဇော်ဝမ်းစတိုင်နဲ့ ရှိုးထုတ်နေတဲ့ ပုဂ္ဂိုလ်လား။ ဒီလို အကြောင်းကြားကောင်မျိုးကို ထည့်မပြောပါနဲ့"

"သူက တင်းပြည့်ပါတီဝင်ပါ။ ပါတီဆိုက်အနေနဲ့"

"တော်တော် . . . ခင်ဗျားကိစ္စသာ ဆက်တင်ပြပါ"

ဦးဖိုးထိန်မှာ မျက်နှာမရရှာသော ကိုခင်မောင်(စာအုပ်ဆိုင်)ကို စိတ်မကောင်းစွာဖြင့် သတိရလိုက်မိသည်။

"ဟုတ်ကဲ့ . . . ဆက်လက်တင်ပြပါ့မယ်။ ခြေရာရှင်နှင့် မည်းမည်းကြီးဟာ ဝက်ဝံကြီးတစ်ကောင်အဖြစ် အားလုံးယူဆသလို အကြောင်းကလည်း ဝက်ဝံဟာ သူ့သားပေါက်တစ်ကောင်ကိုရှာရင်း မြို့ထဲရောက်လာတယ်။ နောက် ဆာလောင်တဲ့အချိန်မှာ ပျားရည်နံ့ရလို့ ပျားရည်သိုလှောင်ရုံမှာ ဝင်တယ်။ ဒါကြောင့် ခြေရာတွေ တွေ့ရတယ်"

"ဒါပေမယ့် ခြေရာတွေ မကြာခဏတွေ့ရခြင်းအားဖြင့် သူရှာနေတဲ့ သားပေါက် ဒီမြို့ထဲမှာ ရှိနေသေးကြောင်း သုံးသပ်လို့ရပါတယ်။ ဝက်ဝံဟာ အကြောင်းမရှိဘဲ မြို့ထဲကို မကြာ



www.burmeseclassic.com

www.burmeseclassic.com

ခဏ မလာနိုင်ပါဘူး။ သူ့သားပေါက်မတွေ့မချင်း လာရောက်နေမယ့်သဘော ရှိပါတယ်။ ဝက်ဝံသားပေါက်ကို ဖမ်းယူထိန်းသိမ်းထားတယ်လို့ ယူဆရတဲ့သူများကို မြို့နယ်ရဲတပ်ဖွဲ့မှူးရဲ့ ခွင့်ပြုမိန့်ဝရမ်းနဲ့ ရှာဖွေပေမယ့် သက်သေခံကအစ ဘာမှမတွေ့ရပါဘူး။ အတင်းအကျပ် စစ်မေးရင်လည်း ရဲဝိနည်းနဲ့ငြိနိုင်သလို ဝက်ဝံသားပေါက်လေး သေဆုံးသွားမှာ စိုးရိမ်ရပါတယ်။ သတင်းကလည်း ဒီကိစ္စမှာ အဆုံးသတ်ဖြစ်နေတာမို့ ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ အမြဲနေ့ညစောင့်ကြည့် တာဝန်ယူထားပါတယ်။ ကျွန်တော်တို့မှာ ခြေရာရှင်ကို သိရပေမယ့် တိရစ္ဆာန်ဆိုတော့ ဘာမှ မတတ်နိုင်ဖြစ်တာမို့ အချိန်ပေးစောင့်ကြည့် စီမံထားရုံကလွဲလို့ ဘာမှလုပ်လို့ မရသေးပါဘူး"

"ဒါဖြင့် လုပ်ငန်းစဉ်စီမံချက်တင်ပြချင်တယ်ဆိုတာက ဘာလဲ"

ဉက္ကဋ္ဌအမေးကို ဒုရဲအုပ် ဦးဖိုးထိန်က ဆက်လက်၍ –

"စောင့်ကြည့်တယ်ဆိုပေမယ့် ဒီအတိုင်း အချိန်ကုန်တာ မဖြစ်အောင်စီမံထားပါတယ်။ ဝက်ဝံကြီးဟာ သူ့သားပေါက်မရမချင်း မြို့ထဲကို မကြာခဏ ဝင်ရောက်ရှာဖွေနေမှာ အမှန်ပဲဖြစ်ပါတယ်။ ဝက်ဝံကြီးလာချိန်ဟာ လကွယ်ည၊ လမိုက်ရက်တွေမှာ လာရောက်နေခြင်းဖြစ်တာကို လေ့လာမိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မြို့တောစပ် ထိတွေ့တဲ့နေရာတိုင်းကို စည်းကြောင်း သတ်မှတ်ပြီး ပတ်ပတ်လည်မှာ စိတ်ချရတဲ့ မုဆိုးအချို့နဲ့ ရဲတပ်ဖွဲ့ဝင်အချို့ကို ကင်းပုန်းဝပ်ချထားမှာပါ"

"မြို့ထဲမှာတော့ ပါတီဝင်တွေ၊ လမ်းစဉ်လူငယ်တွေ၊ မီးသတ်၊ ကြက်ခြေနီနဲ့ ဝန်ထမ်းတွေ၊ စေတနာရှင်လူငယ်တွေကို စုစည်းပြီး ညလုံးပေါက်အကွက်နှင်းပြီး ရှာကြပါမယ်။ တစ်ပြိုင်နက်၊ တစ်ချိန်တည်းမှာပဲ ရပ်ကွက် (၁၊၂၊၃)အားလုံး တောနင်း . . အဲ . . အကွက်နှင်း ရှင်းကြမှာပါ"

ဉက္ကဋ္ဌက –

"ဆူညံပြီး မြို့လူထုထိတ်လန့်တကြားဖြစ်သွားရင် ဘယ်လိုဖြစ်သွားမယ်လို့ ခင်ဗျားတင်သလဲ"

"ဒါကတော့ မဖြစ်မနေ လုပ်ရတဲ့ ကိစ္စပါ။ မြို့လူထုကို တစ်ညလောက်ကြိုပြီး သည်းခံကြဖို့ ကြိုတင်အသိပေးထားရမှာပါ။ ဒါပေမယ့် အကွက်နှင်းသူတွေဟာ ပုံးတီး၊ သံချောင်းခေါက်၊ အော်ဟစ်တာမျိုး မလုပ်ရပါဘူး။ ဘာကြောင့်လဲဆိုရင် အသံထွက်ဆူညံနေရင် ဝက်ဝံက အပြင်ထွက်မလာဘဲ ပုန်းရှောင်နေမှာစိုးရပါတယ်။ ဒါကြောင့် အဖွဲ့ခွဲတွေအားလုံး အကွက်နှင်းသူတစ်ဦးမကျန် လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားမကျန်၊ အသံတိတ်နဲ့ပဲ အကွက်နှင်းရှင်းသွားကြမှာပါ။ မြို့ထဲမှာ တွေ့ရင်တော့ ပစ်ခတ်ခြင်းမလုပ်ရဘဲ မြို့ပင်တောစပ်ထိ မောင်းထုတ်ဖို့ပါပဲ"

"တောစပ်တွေချုံမှာ ခိုစောင့်နေတဲ့ မုဆိုးကျော်အဖွဲ့တွေဟာ တတ်နိုင်သလောက် ပိုက်တွေ၊ ထောင်ချောက်တွေ၊ ကျော့ကွင်းတွေနဲ့ ရအောင်ဖမ်းကြရမှာ ဖြစ်ပါတယ်။ ဖမ်းဖို့ခက်ခဲတယ်၊ ရန်ပြုတယ်၊ အန္တရာယ်ရှိတယ်ဆိုမှ သေနတ်ကို အသုံးပြုပစ်ခတ်ဖို့ အမိန့်ပေးထားပါတယ်။ မြို့ထဲမှာ ဖမ်းဆီးခြင်း၊ ပစ်ခတ် ခြင်းလုံးဝမဖြစ်အောင် ဆောင်ရွက်ထားပါတယ်။ ဒါပေမယ့် လူပေါင်းများစွာဆိုတော့ အသံကတော့ ထွက်မှာတော့ သေချာပါတယ်။ အသံလုံခြုံဖို့ခက်ခဲပါတယ်။ အဖွဲ့ငယ်ခေါင်းဆောင်တွေက ဂရုစိုက်ကြပ်မတ်ရမှာပါ"

ဉက္ကဋ္ဌက ခေါင်းတညိတ်ညိတ်။

"ခင်ဗျားအနေနဲ့ စီမံချက်အသေးစိတ် တာဝန်ပေးခြင်း၊ တာဝန်ယူခြင်းအားလုံး မှတ်တမ်းရေးပြီးပလား"

"ဟုတ်ကဲ့ . . . အသေးစိတ်တင်ပြထားပြီး ဖြစ်ပါတယ်"

"အေးလေ၊ ဒါဆိုရင် ကောင်းပါတယ်။ ဘယ်နေ့၊ ဘယ်အချိန်လဲ"

"လာမယ့် လကွယ်နေ့ ညသန်းခေါင်ကျော် နံနက် ၁ နာရီအချိန်မှာ တစ်ပြိုင်နက်တည်း စတင် ကွင်းနင်းကြမှာပါ"

* * * * *

## လကွယ်ည သန်းခေါင်ယံ

လကွယ်ညသို့ ရောက်ခဲ့ပြီ။

ဒုရဲအုပ် ဦးဖိုးထိန်နှင့် တာဝန်ရှိသူများအားလုံးသည် ရက်များစွာကကြိုတင်ဆောင်ရွက်ခဲ့ကြသည့် အတိုင်း ည၌ သန်းခေါင်မတိုင်မီအတွင်း သတ်မှတ်ထားသော နေရာများသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ကြသော အဖွဲ့ငယ်များကို အပြီးသတ် စစ်ဆေးလိုက်ကြသည်။ လမ်းအတိုအရှည်လိုက် လည်းကောင်း၊ လမ်းအကျယ်အဝန်းနှင့် အိမ်အကျယ်အဝန်းကိုလိုက်၍လည်းကောင်း အဖွဲ့ငယ်တစ်ဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ငါးယောက်၊ ခုနစ်ယောက်၊ ဆယ်ယောက် စသဖြင့် ထားရှိသည်။ သတ်မှတ်သည့် လမ်းရှိ အကြိုအကြားအားလုံး ရှင်းလင်းကြရမည်။ ကွင်းနင်းကြရမည်။ လစ်ဟာမှု၊ ကျန်ရစ်မှု မရှိစေရန် အထူးသတိပြုကြရန် နှိုးဆော်ထားရသည်။

လိုအပ်ပါက မှောင်မိုက်သောရက် ဖြစ်သဖြင့် သစ်ပင်ကြိုကြား၊ ချုံကြားများ အုပ်ဆိုင်းသော ကုက္ကိုပင်ကြီးများကဲ့သို့ အပင်များကို လက်နှိပ်ဓာတ်မီး အသုံးပြု၍ ကြည့်ရမည်။ ရှင်းလင်းရမည်။ ထပ်မံလိုအပ်ပါက လေးခွကိုအသုံးပြု၍ ပစ်ခတ်ခြောက်လှန့်နိုင်သည်။ အိမ်ကျယ်၊ ခြံကျယ်များကို အိမ်ရှင်ခွင့်ပြုချက်ဖြင့် ရှာဖွေရှင်းလင်းရမည်။ လမ်းကျဉ်း လမ်းတို ဘယ်ညာဆုံနေပါက အဖွဲ့ကို သုံးဖွဲ့ခွဲ၍ ရှင်းကြရမည်။ သတ်မှတ်ထားသော လမ်းဆုံနေရာသည် အခြားအဖွဲ့ငယ် တစ်ဖွဲ့၏ စုရပ်အစနေရာဖြစ်ရမည်။ လမ်းဆုံစုရပ်ရောက်လျှင် လာလမ်းအတိုင်း ဖြည်းဖြည်းကွင်းနင်း၍ ယခင်စုရပ် အစနေရာသို့ ပြန်၍ရောက်ရှိ စုစည်းနေရမည်။

မြို့လေး၏လမ်းများမှာ ကျဉ်း၍ တိုတောင်းသဖြင့် သန်းခေါင်ကျော် ၁ နာရီမှ နံနက် ၄ နာရီအတွင်း အထပ်ထပ် ရှင်းလင်းနေရမည်။ ၅ နာရီ အရုဏ်တက်ချိန်တွင် အထက်တန်းကျောင်းဝင်းအတွင်းသို့ အားလုံးစုစည်းမည်။ ထူးခြားချက်များကို ဆွေးနွေးကြရမည်။ ကုန်သည်ကြီးများဖြစ်သော ဦးသိန်းဖေ၊ ဦးမွတ်တား၊ ဦးဘကျော် စသော မြို့မျက်နှာဖုံး ပုဂ္ဂိုလ်များက ကျွေးမွေးသော ကောက်ညှင်းပေါင်း၊ အကြော်၊ ကော်ဖီတို့ကို စားသုံးပြီး တာဝန်ပြီးဆုံးမည်။ ညှော်ခံကျွေးမွေးမှုကို ရပ်ကွက်(၁)မှ ဒေါ်လှကြည်၊ ဒေါ်ရီ၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်နွဲ့ရီ၊ ဒေါ်စန်းစန်း၊ ဒေါ်ခရာထွန်း၊ မချိုတူး၊ ဒေါ်ငွေစံ၊ ဒေါ်ခင်နွဲ့ကြည်တို့မှ ညှော်ခံကျွေးမွေးကြမည်။

ငှက်ပျော်ခြံ၊ ဆီးခြံ၊ သရက်ခြံများကို အဖွဲ့ဝင်အင်အား နှစ်ဆတိုး၍ ချထားသည်။ ထူးခြားမှုတွေ့လျှင် ဆက်သားလွှတ်၍ ကြီးကြပ်အဖွဲ့ကို ချက်ချင်းတင်ပြရမည်။ အရေးကြီးလာပါက ခရာမှုတ်၍ အချက်ပေးရမည်။ ဝက်ဝံကြီးအား တွေ့ရှိပါက တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချက်ပေးစုစည်း၍ နီးစပ်ရာ မုဆိုးကျော်များရှိရာ စည်းကြောင်းသို့အရောက် စုပေါင်းမောင်း ထုတ်ကြရမည်။ ထို့နောက် မုဆိုးများက တာဝန်ယူ၍ ဖမ်းဆီးခြင်းနှင့် နောက်ဆုံးကျမှ ပစ်ခတ်ခြင်းများ လုပ်ကြရမည်။ မုဆိုးများ တာဝန်ကား နံနက် ၇ နာရီအထိဖြစ်သည်။

ကွက်နင်းသော အဖွဲ့ဝင်များ အားလုံး သေနတ်၊ တူမီး၊ လေသေနတ်၊ ဒူးလေး၊ လင်းလေး၊ မှုတ်ပြောင်း၊ လေးမြား စသော အဝေးပစ် လက်နက်များ မကိုင်တွယ်ရ။ ဝက်ဝံကြီးအားတွေ့လျှင် အနီးကပ် ရင်ဆိုင်မတွေ့ရ၊ သေအောင် မသတ်ဖြတ်ရ၊ ဒဏ်ရာကြီးစွာရအောင် မပစ်ခတ် မတိုက်ခိုက်ရ စသဖြင့် သတ်မှတ်ထားရသည်။

အဖွဲ့ဝင်အားလုံး လိုက်နာရန်မှာ ည ၁၂ နာရီတွင် စုစည်းကြသော်လည်း လုံးဝမအိပ်ကြရ၊ ဂစ်တာတီး သီချင်းမဆိုရ၊ ကက်ဆက်မဖွင့်ရ၊ အပျော်ကစားမဟုတ်၍ မီးဖိုခြင်း၊ ချက်ပြုတ်စားသောက်ခြင်း မပြုရ၊ မီးအလင်းထား၍ ဝိုင်းဖွဲ့စကားပြောမနေရ။ နီးစပ်ရာ အိမ်ပေါ် အိမ်ဝင်းထဲသို့လည်ပတ်၍ စုဝေးမနေရ။ စုရပ်တွင်သာ အားလုံး ငြိမ်သက်စွာနေရမည်။ နံနက် ၁ နာရီမှ ၄ နာရီအတွင်း အဖွဲ့ပိုင် သတ်မှတ်နယ်မြေကို အခါခါ ရှင်းလင်းနေရမည်။ ကြီးကြပ်အဖွဲ့ကလည်း နားမနေဘဲ အမြဲတမ်း လှုပ်ရှား စစ်ဆေးနေရမည်။

မြို့လူထုအနေနဲ့ တစ်ညမျှ သည်းခံနေကြရန်နှင့် တိတ်ဆိတ်စွာ နေခြင်းဖြင့် ကူညီပေးကြရန် ကြိုတင်အကြောင်းကြားထားသည်။ ကလေးနှင့် မိန်းမများ၊ သက်ကြီးရွယ်အိုများအား အိမ်တွင်းမှအိမ်ပြင် မထွက်ကြရန်နှင့် နံနက် ၅ နာရီ မထိုးမချင်း ချက်ပြုတ်စားသောက်ခြင်း၊ ရေနွေးတည်ခြင်း၊ ဝိုင်းဖွဲ့စကားပြောနေခြင်း မပြုရန် မေတ္တာရပ်ခံထားရသည်။

အကယ်၍ တစ်စုံတစ်ယောက်၊ တစ်ဖွဲ့ဖွဲ့ ဒဏ်ရာအနာတရဖြစ်လျှင် ဆေးရုံကြီးမှ ဒေါက်တာရွှေမန်း၊



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာကျော်ရင်၊ အပြင်ဆေးခန်းများမှ ဆရာဝန်များနှင့် သူနာပြုဆရာမများဖြစ်သည့် ဒေါ်ကြူကြူ၊ ဒေါ်ခင်အေးဝင်း၊ ဒေါ်ရီရီ၊ ဒေါ်မွေးမွေးဝင်း၊ ဒေါ်သန်းသန်းရီ၊ ဒေါ်တင်လှတို့မှ ကူညီရန် အဆင်သင့် စောင့်နေရမည်။ လိုအပ်လျှင် အသုံးပြုရန် ကားငါးစီးကို ယာဉ်မောင်းနှင့်တကွ အသင့်ထားရှိသည်။

အရေးကြုံလျှင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကူညီကြရန် အသိပေးထားသည်။

စီမံချက်အား လစ်ဟာချက်၊ ယိုယွင်းချက်မရှိအောင် စီမံထားရသလို မြို့လေးအတွင်းရှိ လူတန်းစားမျိုးစုံ၊ အဆင့်အတန်းမျိုးစုံကိုလည်း ကြိုတင်စည်းရုံးထားရသည်။ မလွယ်လှပါ။ "မည်းမည်းကောင်ကြီး" မြန်မြန်ဖမ်းမိမှ၊ သို့မဟုတ် မြန်မြန်မြို့ကလေးမှ အဝေးသို့ထွက်ခွာမှ စိတ်အေးရပေမည်။ သို့မဟုတ်ပါက "မည်းမည်းကြီးဟေ့"အော်လိုက်သည်နှင့် တစ်မြို့လုံး ရှုန်းရင်းဆန်ခတ်ဖြင့် ပြေးလွှားကြသည်၊ အိပ်ရေးပျက်ကြရသည်။ အဆုံးမှာ ကနဦးလူကလွဲလို့ ဘာမျှမတွေ့ကြရ။ ဖမ်းလို့ မမိနိုင် ခက်လှသည်။

ဒုရဲအုပ် ဦးဖိုးထိန်အနေဖြင့်မူ သတ္တဝါကြီးအား တွေ့ရှိပါက ပစ်သတ်လိုစိတ် ဇာတ်သိမ်းပေးလိုစိတ်သာ ရှိသည်။ မြို့နယ်ပါတီယူနစ်နှင့် မြို့နယ်ကောင်စီတို့က ပစ်သတ်ခွင့်ကို လက်သင့်မခံ ခွင့်ပြုချက် မပေးပါ။ သစ်တောဌာနနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် မြို့မိမြို့ဖများကလည်း ပစ်သတ်ခြင်းကို ကန့်ကွက်ထားကြသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်၍ မြို့တွင်း အမဲလိုက်သလို သတ်ဖြတ်ခြင်းကို အမင်္ဂလာမို့ ကန့်ကွက်ကြပြန်သည်။

မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးနှင့် ဒုရဲအုပ် ဦးဖိုးထိန်တို့အဖို့ ပေးအပ်သော တာဝန်တစ်ရပ်မို့ ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်သော်လည်း ယခုတာဝန်က ခက်ခဲသည်။ မမြင်ရသော ရန်သူဟာ ဘာမှန်းတိတိကျကျ မသိရသော ကိစ္စရပ်ကြီးမို့ ဖြစ်နိုင်ခြေကို စိတ်ကူးနှင့် ပုံဖော်၍သာ ဆောင်ရွက်နေကြရခြင်းသာ ဖြစ်သည်။

မြို့လူထုက လွယ်ကူစွာ အဖက်ဖက်မှကူညီကြသဖြင့်သာ ယခုစီမံချက်ကို အကောင်အထည်ဖော်ခွင့် ရရှိခဲ့ခြင်း ဖြစ်လေသည်။

ဒုရဲအုပ်ဦးဖိုးထိန်နှင့် ကြီးကြပ်ရေးအဖွဲ့ခွဲ-၆ မှာ အခြားကြီးကြပ်ရေးအဖွဲ့များကဲ့သို့ လှုပ်ရှားစစ်ဆေးနေရသည်။ ယခုလည်း အောင်မင်္ဂလာရပ်ကွက်ရှိ လမ်းသွယ်တစ်ခုကို စစ်ဆေးလျက်ရှိသည်။ အဖွဲ့သားများမှာ ည ၁၂ နာရီ မထိုးသေးသဖြင့် မှောင်မည်းမည်းတွင် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ သို့သော် တီးတိုး တီးတိုးနှင့် သဖန်းပိုးထိုးသလို စကားသံသဲ့သဲ့များကို ကြားနေရသည်။

"ခြင်ကလည်း ကိုက်သေးတယ်ကွာ"

"လေတိုက်လို့ ဒီလောက်လည်း မကိုက်ပါဘူးကွာ။ ရန်ကုန်နှင့် မန္တလေးဆို သဲနှင့်ဆုပ်ပက်သလို ကိုက်တာကွ"

"မြို့တော်ကြီးတွေပဲကွာ။ ဟုတ်ပါ့မလား"

"ဟုတ်သမှ ဟုတ်ဟုတ် ဟုတ်ဟုတ်နဲ့တောင် မြည်သေးကွ။ ညနေဆို တိုက်ခန်းတွေမှာ အကာအကွယ်မဲ့ ငုတ်တုတ်ထိုင်နေလို့ မရဘူးကွ။ 'ဝင်းနစ်' ကမ္ဘာ့စံချိန်တင် စာအုပ်မှာ ခြင်ဆေးခွေ အသုံးပြုဆုံးမြို့ အဖြစ် ပါဝင်နိုင်တယ် ဆိုလားပဲ"

ဦးဖိုးထိန်အဖွဲ့ ရောက်လာသည်။

"အဖွဲ့ခေါင်းဆောင် ဘယ်သူလဲ"

"ကျွန်တော် ကိုညိုဦး(သစ်ဆိုင်)ပါ"

"သြော် . . . ခင်ဗျားက 'ဖြိုး' ကာလာရောင်စုံ ဓာတ်ပုံဆိုင်ကပေါ့"

"ဟုတ်ပါတယ်"

"အဖွဲ့ဝင် ဘယ်နှစ်ယောက်လဲ၊ စုံစေ့ရဲ့လား"

"အဖွဲ့ဝင် ခုနစ်ယောက်ပါ . . ။ ကိုနေဝင်း(ဘဏ်)၊ ကိုကြင်မွှေး၊ ကိုကျော်ထွေး၊ ကိုမောင်ကြည်(သမဦးစီး) ကိုတင်ဆောင်(သမဦးစီး)၊ ကိုသိန်းဝင်း၊ ပေါင်းခုနစ်ယောက်။ အားလုံးလာကြပါတယ်"

"အေးဗျာ . . . ည ၁၂ နာရီ ထိုးတာနဲ့ လှည့်ကင်းစမယ်၊ အစစ သတိရှိပါစေ။ ကဲ . . ဆက်သွားမယ်"

တစ်နေရာတွင် မုန့်မျိုးစုံဆိုင်မှ ကိုပြေဆိုသူက သူ့အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်သော ကိုသန်းထွန်း၊ ကိုအေးငွေ၊ ကိုအေးချို၊ ကိုစောထွေးတို့ လေးဦးမလာသဖြင့် ပူညံပူညံဖြစ်နေသည်။ မလာကြသည်မှာ အပြစ်ဖြစ်သော်လည်း စည်းရုံးရေးကိစ္စဖြစ်၍ အနေ



www.burmeseclassic.com

www.burmeseclassic.com

ယူလို့ မရနိုင်ပါ။ ဒုရဲအုပ်ဦးဖိုးထိန်မှာ သက်ပြင်းအသာချ၍ လူအင်အားကို အချိန်မီ ဖြည့်ပေးရလေသည်။

"ဒေါင်ဒေါင် . . . ဒေါင်ဒေါင် . . . ဒေါင်ဒေါင် . . . ဒေါင်ဒေါင် . . . ဒေါင်ဒေါင် . . ဒေါင်ဒေါင်"

ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ သန်းခေါင်ရောက်ကြောင်း သတိပေးလိုက်သလိုဖြစ်သော ည ၁၂ နာရီ သံချောင်းခေါက်သံကို အတိုင်းသားကြားချိန်တွင် ကွင်းနင်းအဖွဲ့များ စတင်လှုပ်ရှားကြတော့သည်။ တစ်မြို့လုံး တစ်ပြိုင်နက်တည်း လှုပ်ရှားကြသဖြင့် ထောင်ချီအင်အားရှိသော လူအုပ်ကြီးဖြစ်၍ ခပ်အုပ်အုပ် အသံများကား ကြားနေကြရသည်။ တစ်ခါတစ်ရံ အော် ဟစ်သတိပေးသံ၊ လူခေါ်သံ၊ ချော်လဲ၍ အလန့်တကြားအော်သံ၊ တချို့ကိုတော့ အောင့်အည်း၍ ရယ်မောသံများနှင့်အတူ ကြားနေရပါသည်။

အထက်တန်းကျောင်းတွင် ဗဟိုတွပ်ကဲရုံး ဖွင့်လှစ်ထားသဖြင့် မြို့နယ်ပါတီကောင်စီမှ လူကြီးများကလည်း သတင်းပို့ချက်တစ်စုံတစ်ရာကို ဂရုတစိုက် အဆင်သင့်စောင့်နေကြရသည်။

သန်းခေါင်ကျော် နာရီပြန် ၁ ချက်ထိုးပြီ။

"မနက် ၁ နာရီထိုးပြီ။ ဘာထူးသလဲ"

"ဘာမှမထူးသေးပါဘူး ဥက္ကဋ္ဌကြီး"

ရင်မောစွာ စောင့်စားနေကြရသော်လည်း မထူးခြားသေးသဖြင့် သက်ပြင်းချ၍သာ နေကြရသည်။ စိတ်ကူးအတွေးများမှာကား ဝက်ဝံကြီးကို အန္တရာယ်ကင်းစွာ တွေ့စေချင်ကြသည်။ အဖွဲ့ဝင် မြို့သူမြို့သားများကိုလည်း အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေချင်သလို သားရဲတိရစ္ဆာန်တစ်ကောင်အားလည်း အေးဆေးစွာ ထိန်းသိမ်းထားဖို့လည်း လိုအပ်သည်။ "မည်းမည်းကြီးကိစ္စ"ကို အမြန်ပြီးဆုံးစေချင်သည်။

လဆုတ် ၁ ရက်၊ နံနက် ၂ နာရီတိတိ ရှိသွားပြီ။

တစ်မြို့လုံး ကွင်းနင်းရှင်းလင်းခြင်းမှာ ဘာမျှမထူးခြားသေး။ ထူးခြားသည်ကား အဖွဲ့ဝင်နှစ်ဦးအား ခွေးသားအုပ်မတစ်ကောင်က ကိုက်ဆွဲသဖြင့် ဆေးကုပေးရခြင်းသာ ဖြစ်သည်။ ခွေးကိုက်ခံရသူများမှာ ဘီအိုစီဝန်ထမ်းများဖြစ်သော ကိုအောင်ဝင်းနှင့် ကိုညဏ်တင်တို့ ဖြစ်သည်။ ခွေးမက လိုက်ဆွဲရာ နှစ်ဦးသား ချော်လဲသဖြင့် ကိုက်ခံခဲ့ရခြင်း ဖြစ်သည်။

တစ်ဖွဲ့မှာ ခြံဝင်းတစ်ခုထဲတွင် ဝင်ရောက်ရှင်းလင်းရာ ရပ်ကွက်(၁)မှ ကိုထွန်းလွင်နှင့် ကိုစံလုံး၊ ကိုခင်မောင်စိန်တို့ သုံးဦး ဘူးစင်ပြိုကျ၍ ပွန်းပဲ့ဒဏ်ရာ ရရှိသည်။

မီးသတ်တပ်ဖွဲ့မှူး ဦးရဲမြင့်ဦး (သမဦးစီး)နှင့် ဦးမြတ်တို(ယူကလစ်မြိုင်)တို့နှစ်ဦး မတော်တဆ အိမ်သာတွင်းထဲသို့ကျသဖြင့် မြစ်သာမြစ်ထဲ သယ်ယူ၍ ရေချိုးပေးရခြင်းလည်း ကြုံတွေ့လိုက်ရသေးသည်။

"ဒီ ရဲမြင့်ဦးဆိုတဲ့ လူကတော့ အရာရာနဲ့ အကြောင်းကြောင်းပဲပေါ့"

စိတ်မဆိုးသော်လည်း ကဲ့ရဲ့ခံရခြင်းကတော့ မလွတ်ပေ။ ဒီလိုဖြင့် တဖြည်းဖြည်း အလင်းရောင်က မိုးကောင်းကင်တွင် ယှက်သန်းလာသည်။

"ဒေါင် . . . ဒေါင် . . . ဒေါင်"

နံနက် ၃ နာရီတိတိ။

ဘာမျှမထူးခြား။ အဖွဲ့များ တဖွဲ့ဖွဲ့ရောက်လာကြပြီ။ ဘာမျှ-မထူးခြားကြသော်လည်း တပျော်တပါးဖြင့် မြို့၏စည်းရုံးမှုကို ပြဆိုနိုင်ခဲ့သည်ဟုသာ ဖြေသိမ့်ရတော့သည်။ ဒုရဲအုပ် ဦးဖိုးထိန်နှင့်အဖွဲ့ကား မျက်နှာအောက်ချ၍ နေကြရသည်။ ကုန်သည်သူဌေးကြီးများဧည့်ခံသော ကော်ဖီ၊ ကောက်ညှင်းပေါင်း၊ အကြော်တို့ကိုသာ တစ်မြို့လုံး လက်ဆုံစားရင်း နှစ်သိမ့်ကြရသည်။ အချို့မှာ မကျေနပ်ကြ။

"အိပ်ရေးပျက်တာပဲ အဖတ်တင်တယ်ကွာ"

"မကောင်းဆိုးဝါးပဲ နေမှာပါကွာ"

စည်းဝိုင်းစောင့် မုဆိုးကျော်များအဖွဲ့လည်း အောင်မြင်စွာဖြင့် ဆုတ်ခွာလာခဲ့ကြရလေသည်။ အခြေအနေကား ထူးမခြားနားပင်ဖြစ်တော့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**သစ်ထူးအိမ်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြစ်ဆုံမှာပွင့်တဲ့ ငွေပန်းဖြူလေးများ

အောင်ဘုန်းမြင့်(ကချင်မြေ)

မြေမှာပွင့်တဲ့ အဖြူရောင် ငွေပန်းဖြူလေးများက စိန်ရောင်နှင်းရည် နှင်းပွင့်၊ နှင်းစက်များကြား ဖူးပွင့်ပြီး လှပတင့်တယ်နေကြ၏။ အဆင်းရနံ့များဖြင့် လောကကြီးကို အလှပန်းဆင်နေကြ၏။ အခြေအနေတွေ၊ ရာသီတွေ ဘယ်လိုပဲ ပြောင်းလဲသွား ပြောင်းလဲသွား ဒီဇင်ဘာလရောက်လာတိုင်း ငွေပန်းဖြူလေးတွေက သစ္စာရှိစွာဖြင့် ဖူးလာကြ၊ ပွင့်လာကြစမြဲ ဖြစ်လေ၏။

"ဪ . . . ဇော်ဆန်းရေ၊ ငွေပန်းဖြူတွေလည်း တောင်ခြေအနှံ့ ပွင့်လာကြတော့မယ်နော်"

မေခနဲ့ မလိခ မြစ်နှစ်သွယ် ဆုံစည်းကြတဲ့ ဧရာဝတီမြစ်ဆုံရဲ့ အနီးပတ်လည်မှာရှိတဲ့ ရွှေတောင်ကြီးတောင်၊ ဆီးဖြူတောင်၊ လွယ်လင်တောင်တွေရဲ့ တောင်ခြေဝန်းကျင်ပတ်လည်တွေမှာ ခရစ်စမတ်ပွဲတော်အမီ ငွေပန်းဖြူလေးတွေ ပွင့်လာကြတော့မယ်။ ဆီးဖြူတောင်နဲ့ လွယ်လင်တောင်ကတော့ ဧရာဝတီမြစ်တစ်ဖက်ကမ်းမှာမို့ နှစ်စဉ်မရောက်နိုင်ကြပေမယ့် ရွာနဲ့နီးတဲ့ ရွှေတောင်ကြီးတောင်ရဲ့ တောင်ခြေဘက်ကိုတော့ ဇော်ဆန်းနဲ့ဆိုင်းရာတို့ ခရစ်စမတ်လရောက်တိုင်း ရောက်နေကျ မဟုတ်လား။

ဇော်ဆန်းတို့၊ ဆိုင်းရာတို့မှာ ပျော်စရာဆိုလို့ ခရစ်စမတ်ပွဲပဲရှိတာ။ ဒါကြောင့် ခရစ်စမတ်ရောက်မယ့်လကို လက်ချိုးရေပြီး စောင့်နေရတာလေ။ မြစ်ဆုံနားက တောင်ခြေမှာပဲ ပျော်ပွဲစားသွားကြရင်း ငွေပန်းဖြူတွေကို သက်သေပြုပြီး ဇော်ဆန်းနဲ့ ဆိုင်းရာတို့ စချစ်ခဲ့ကြတာပဲ မဟုတ်လား။ ခရစ်စမတ်လ ရောက်လာတိုင်း ဆောင်းနှင်းနဲ့အတူ မြစ်ဆုံအနှံ့မှာ ပွင့်လေ့ပွင့်ထရှိတဲ့ ငွေပန်းဖြူတွေဟာ မြစ်ဆုံနားမှာနေထိုင်ကြတဲ့ ဇော်ဆန်းတို့ ဆိုင်းရာတို့ရဲ့ ကိုယ်ပွားဝိညာဉ်သင်္ကေတတွေပါ။ မြေမှာပွင့်တဲ့ ပန်းလေးတွေဖြစ်ပေမယ့် ထက်ဝဋ္ဋာမှာပွင့်တဲ့ ကြယ်လေးတွေလို အခွန့်ရှည်ကြပါစေလို့ ဆုတောင်းမိတယ်။

တောင်ခြေတွေမှာ အစီအရီပွင့်နေကြတဲ့ ငွေပန်းဖြူတွေရဲ့ ကိုယ်ပွားအရိပ်တွေဟာ ကြည်လင်အေးမြသန့်ရှင်းတဲ့ မြစ်ဆုံရဲ့ ကြေးမုံပြင်အောက်မှာ မှော်ဝင်ပန်းချီကားချပ်လို အံ့ဘနန်းလှပစွာ အရိပ်ထင်နေကြလျက်ပါ။ ဇော်ဆန်းနဲ့ ဆိုင်းရာတို့ စခင်ကြတုန်းက သူငယ်ချင်းတွေ တိုက်တွန်းလို့ ဇော်ဆန်းက ဂစ်တာလေးတီးပြီး ဆိုင်းရာက ရှက်ရှက်နဲ့ပဲ ဂျချင်ရိုးရာအက ကခဲ့ရတယ်လေ။ ဒီလိုနဲ့ပဲ ဇော်ဆန်းနဲ့ ဆိုင်းရာတို့ ချစ်သူတို့ဘဝ ရောက်သွားကြတယ်။ နေနတ်သားနဲ့ လနတ်သမီးလေးလို ပျော်လိုက်ကြတာနော်။ ငွေပန်းဖြူတွေရဲ့အလှနဲ့ မွမ်းမံထားတဲ့ မြစ်ဆုံအလှကို ဘယ်ပန်းချီကားကမှ ယှဉ်နိုင်လိမ့်မယ် မထင်ဘူး။

ဇော်ဆန်းနဲ့ ဆိုင်းရာတို့ လက်ထပ်ခဲ့ကြတုန်းကလည်း ငွေပန်းဖြူတွေ ဝေဝေဆာဆာပွင့်တဲ့ ခရစ်စမတ်လထဲမှာပဲ မဟုတ်လား။ ငွေပန်းဖြူတွေဝေနေတဲ့ တောင်တန်းပြာကြီးကို နောက်ခံထားပြီး ဇော်ဆန်းနဲ့ဆိုင်းရာ အမှတ်တရ မင်္ဂလာလက်ထပ်ဓာတ်ပုံ ရိုက်ကြသေးတယ်လေ။ ဆင်းရဲလို့ ရွှေမတတ်နိုင်တာနဲ့ လက်ထပ်လက်စွပ်တောင် မလဲနိုင်ခဲ့ကြပေမယ့် အဲဒီနေ့မှာ ဆိုင်းရာ



www.burmeseclassic.com

www.burmeseclassic.com

ပျော်လွန်းလို့ မျက်ရည်တောင် လျှံမိတယ်။ ဆိုင်းရာရင်ထဲမှာ အရှိုးရိုပ်လေး ထင်ကျန်ရစ်စေခဲ့တဲ့ နေ့ပါ။

ဘုရားကျောင်းမှာ အကျဉ်းချုံးပြီး ရိုးရာထုံးစံနဲ့ပဲ လက်ထပ်ဖြစ်ခဲ့ကြတယ်။ ဆိုင်းရာတို့ တောင်ပေါ်သားတွေမှာက ငွေကြေးတတ်နိုင်သူတွေ မဟုတ်တော့ လက်ထပ်ပွဲဆိုတဲ့အမည် တပ်ပြီး ပျော်ကြတာကလွဲလို့ ဘာမှ စည်စည်ကားကား မရှိလှပါဘူး။ ဘုရားကျောင်းမှာ စတီလေး လက်ထပ်နိုင်ကြတာတောင် အမေမွေးထားတဲ့ ဝက်တစ်ကောင်ပေါ်ပြီး မင်္ဂလာထမင်း ကျွေးနိုင်လို့ပါ။ ညနေပိုင်းရောက်တော့ အပေါင်းအသင်းတွေနဲ့ ခေါင်ရည်သောက်ရင်း ရိုးရာသီချင်းနဲ့ ရိုးရာအကစုကကြပြီး အိမ်ထောင်သည်ဆိုတဲ့ အချုပ်အထိန်းမကင်းတဲ့ ဘဝထဲကို ရောက်သွားကြတယ်။

ဒီလိုနဲ့ပဲ ဘဝဆိုတာကို သူညနဲ့ စခဲ့ကြတယ်။ တောင်ယာခုတ်ကြ၊ ကျပန်းအလုပ်လုပ်ကြနဲ့ မြစ်ဆုံနားက ရွာလေးထဲမှာပဲ ဘဝကို လုပ်အားနဲ့ရင်းနှီးပြီး မနားတမ်း ကြိုးစားအားထုတ်လာခဲ့ကြတာ သီးပင်၊ စားပင်တွေ အပွင့်သင်ခါစနှင့်အတူ သမီးဦးလေး နမ်ဖရော့်ပန်ကို မွေးခဲ့ကြတယ်။ နမ်ဖရော့်ပန်ဆိုတာ ငွေပန်းဖြူလို့ အဓိပ္ပာယ်ရတဲ့ ကချင်နာမည်လေးပါ။ နမ်ဖရော့်ပန်ကိုမွေးတုန်းက ရှေတောင်ကြီးတောင်ခြေ တစ်လျှောက်လုံးနဲ့ မြစ်ဆုံဝန်းကျင် တစ်ခုလုံးမှာ ငွေပန်းတွေ ဝေနေပြီး သာယာတဲ့ ခရစ်စမတ်တေးသံတွေကို ကြားနေရတဲ့ အချိန်ပါ။

*****

ဒီနှစ်မှာလည်း ဇော်ဆန်းနဲ့ ဆိုင်းရာတို့ လက်ထပ်ခဲ့ကြတုန်းကလို ငွေပန်းဖြူလေးတွေ အပွင့်သန်လိုက်ကြတာနော်။ အိမ်ပတ်လည် မြေလွတ်တွေပေါ်မှာ ခြံစည်းရိုးမရှိဘဲ စိုက်ပျိုးထားတဲ့ နှင်းဆီပန်းတွေကလည်း အလှချင်းပြိုင်ပြီး ယှဉ်ပွင့်နေကြတယ်။ မြေဆီသြဇာကောင်းတဲ့အရပ်မို့ ထင်ပါရဲ့။ ရှေ့မီ နောက်မီ သက်ကြီးများက ပြောကြတယ်လေ။ မြစ်ဆုံဒေသလေးဟာ စိုက်ရပျိုးရ ကောင်းလွန်းလို့ တို့တောင်ပေါ်တိုင်းရင်းသားတွေအတွက်တော့ ရွှေထီးရွှေနန်းပဲတဲ့။ လောဘနည်းကြတဲ့ တိုင်းရင်းသားတွေအတွက်တော့ လုံးချင်းအိမ်မလို၊ သိန်းထောင်တန်ကားလည်း မမက်။ ဒီမြေဒီရေပေါ်မှာပဲ တောင်ယာကရတဲ့ စပါးလေး၊ မြစ်ဆုံကရတဲ့ ငါးပုစွန်လေး၊ ဧရာဝတီမြစ်ကမ်းဘေးက လက်နဲ့ကျင်လို့ရတဲ့ ပဲစုမှုးစု ရွှေစရွှေနလေး၊ ပြီးတော့ ဥယျာဉ်ခြံမြေလေးတွေကရတဲ့ သစ်သီးဝလံလေးတွေနဲ့ပဲ သူဌေးစည်းစိမ်ဆိုတာမျိုး ရနေကြမဟုတ်လား။ အဘိုးအဘွားတွေကလည်း ဒီမြေဒီရေမှာမွေးပြီး ဒီမြေဒီရေပေါ်မှာပဲ ခေါင်းချသွားတာဆိုတော့ ဇော်ဆန်းတို့၊ ဆိုင်းရာတို့ မျိုးဆက်တွေလည်း ဒီမြေ၊ ဒီရေမှာပဲ ခေါင်းချသွားချင်ကြတာပါ။ ဒီတော့ အောင်စည်ပန်းတိုင်ရောက်အောင် သန့်တဲ့ဂုဏ်နဲ့ ကြိုးစားသွားကြရမယ်။

ငွေပန်းဖြူနဲ့ နှင်းဆီပန်းတွေက ပွင့်အားကောင်းနေချိန် ခရစ်စမတ်တေးသီချင်းသံတွေ မစဲမီမှာဘဲ ဒုတိယမြောက်သမီးလေး နမ်ရိပန်ကို မွေးပြန်တယ်။ နမ်ရိပန်ဆိုတာ ကချင်ဘာသာနဲ့ နှင်းဆီပန်းဆိုတဲ့ အဓိပ္ပာယ်ပါ။ ဇော်ဆန်းက ယောကျ်ားလေးလိုချင်တယ်ဆိုပေမယ့် ဘုရားသခင်က သမီးလေးပဲ ပေးတာကိုး။ ဘယ်တတ်နိုင်ပါ့မလဲ။ အမေကတောင် ပြောနေသေးတယ်။ သမီးကလေးမွေးတော့ မြေးစစ်စစ် ချီရတာပေါ့တဲ့။ အမေ့စကားက တစ်မျိုးကြီးပဲ။ ဟိုမလွတ် ဒီမလွတ်နဲ့ ပြောထည့်လိုက်တာ ဆိုင်းရာ နားမရှင်းသလိုပဲ။

ဆိုင်းရာကတော့ ချို့တဲ့နွမ်းပါးကြလို့ အရပ်လက်သည်နဲ့ပဲ မွေးဖွားခဲ့ရတဲ့ နမ်ဖရောင်ပန်နဲ့ နမ်ရိပန် သမီးနှစ်ယောက်ကို ဆရာဝန်မကြီးတွေ ဖြစ်စေချင်တယ်။ ဒါမှပဲ ဆင်းရဲလို့ ငွေမတတ်နိုင်တဲ့ တောသူတောင်သားတွေအတွက် အသေအပျောက်များတဲ့ လက်သည်နဲ့ မွေးဖွားရတဲ့ ဘဝမျိုးက လွတ်နိုင်ကြမှာလေ။ ဒါကြောင့်ပဲ သံယောဇဉ်ကြီးကြီး၊ မျှော်လင့်ချက်များများနဲ့ မြစ်ဆုံနားကရွာလေးမှာပဲ ဆုံးဖြတ်ချက်လေးတွေ ကိုယ်စီနဲ့ ဘဝကို ရည်ဆောက်လာခဲ့ကြတာ။

www.burmeseclassic.com

နှစ်အတန်ကြာလို့ ရွာလေး စည်ကားစပြုလာတော့ မြို့ဘက်က ဆိုတဲ့ ပုဂ္ဂိုလ်တွေ မကြာခဏဆို သလို ဆိုင်းရာတို့နေတဲ့ မြစ်ဆုံနားကို လာတတ်ကြတယ်။ မျက်နှာစိမ်းတွေ ဆိုတော့ နည်းနည်းဆန်းသလိုပါပဲ။ ပျော်ပွဲစားလာကြတာတော့ မဖြစ် နိုင်ဘူး။ ဒါပေမယ့် အသွားအလာ များလာလို့ တွေ့ဖန်များလာတော့ လေ မေ့မေ့ပျောက်ပျောက် ဖြစ်သွား ကြတယ်။

ဒီလိုနဲ့ပဲ ဇော်ဆန်းနဲ့ဆိုင်းရာတို့ မှာလည်း သံယောဇဉ်အစွဲအလမ်း နှစ်ယောက်နဲ့ စားအိုးလေးက ကြီး လာတော့ ကြုံကြုံ ဖန်ကြရတော့ တယ်။ ရှိစုမဲ့စုငွေလေးတွေနဲ့ပဲ သစ် သီးခြံလေးကို တိုးချဲ့လုပ်ကိုင်ကြ တယ်။ အိမ်လေးကိုလည်း ဟိုနားဖာ၊ ဒီနားပြုပြင်နဲ့ ဘဝအနည်ထိုင်လာ သလိုပဲ။ ယုံကြည်မှု သစ္စာတရားဟာ တောင်ကြီးကိုတောင် ရွှေ့ပစ်နိုင် တယ် ဆိုတာကိုး။

*****

ခရစ်စမတ်ပွဲတော်ရက်နဲ့ နီး လာတယ်ဆိုရင်ပဲ ထုံးစံအတိုင်း တောင် ကြောတောင်ခြေအနှံ့မှာ ငွေ ပန်းဖြူလေးတွေက အပြိုင်ပွင့်လာ ကြတော့တယ်။ အိမ်ဝိုင်းနားက နှင်း ဆီပန်းတွေဆိုရင်လည်း ဝွေးဝွေးစွင့် စွင့်၊ အပြုံးပန်းတွေကဝေဝေ။ ခြံတိုင်း က သစ်သီးဝလံတွေလည်း ဖွံ့ထွား အထွက်ကောင်းကြတယ်။ မြေကြီး က ရွှေသီးပြီပေါ့။ ဝမ်းသာစရာကြီး ပဲ။ ဒါပေမယ့် ဘာမှန်းညာမှန်းမသိ တဲ့ သတင်းတွေလည်း တစ်ယောက် တစ်မျိုးနဲ့ အမျိုးမျိုးအဖုံဖုံ ကြားနေ ကြရတယ်။

နောက်ပိုင်း သီလာရတာက တော့ ဧရာဝတီမြစ်ဆုံပေါ်မှာ မိုး ဓာတ်စက်ဆိုလား။ ရေကာတာစက် ဆိုလား တည်ဆောက်ကြတော့မယ် ဆိုတဲ့ သတင်းတွေ။ ရွာသူရွာသား တွေအားလုံး ဘုမသိဘမသိနဲ့ ဝမ်း သာနေကြတယ်။ တို့ရွာနားမှာ စက် ကြီးဆိုတာ လာတည်ဆောက်ပေးရင် တော့ တို့ရွာလေး စည်စည်ကားကား လေး ဖြစ်လာမယ်။ ကံကောင်းရင် မြို့လေးတောင်ဖြစ်လာနိုင်တယ်ပေါ့။

သမီးကြီး နမ်ဖရော့်ပန် နှစ် တန်းအရောက်မှာ သမီးငယ်လေး နမ်ရိပန်လေး ကျောင်းစနေဖြစ် တယ်။ မချမ်းသာတဲ့မိဘ တောသူ တောင်သားတွေဆိုတော့ အဖာ အထေးလေးတွေနဲ့ ကျောင်းနေကြရ တာပါ။ ဆိုင်းရာတောင် ကိုးတန်းနဲ့ပဲ ကျောင်းကထွက်ပြီး တောင်ယာထဲ ဆင်းခဲ့ရတယ်မဟုတ်လား။ ကံ ကောင်းလာလို့ သစ်သီးလေးတွေ အောင်လာရင်တော့ ကလေးတွေကို အဝတ်သစ်လေးတွေ ဆင်ပေးရဦး မယ် စိတ်ကူးလေးတော့ ရှိထား တယ်။ ဒါပေမယ့် ရာသီဥတုက ကောင်းဦးမှ၊ သစ်သီးက ထွက်သန် ဦးမှ။ ကြိုတင်မမြင်မတွေ့နိုင်တဲ့ ဘေးဆိုးရန်ဆိုးတွေရဲ့ အန္တရာယ် အပေါင်းကလည်း ကင်းဦးမှ ဖြစ်နိုင် မှာပါ။

*****

ဒါပေမယ့် တကယ်တော့ ဇော် ဆန်းတို့ ဆိုင်းရာတို့ ဆုတောင်း မပြည့်ခဲ့ကြပါဘူး။ ရေကာတာဆို တဲ့စက်ကြီး တည်ဆောက်ရမှာမို့ ရွာ သူရွာသားတွေ ရွာသစ်ကို ရွှေ့ ပြောင်းပေးရမယ်ဆိုတဲ့ သတင်းက ဇော်ဆန်းတို့၊ ဆိုင်းရာတို့ "ဘယ် တော့မှ"မျှော်လင့်မထားခဲ့တဲ့ သတင်း ဆိုးကြီးက ဇော်ဆန်းနဲ့ ဆိုင်းရာတို့ရဲ့ မဟာမျှော်လင့်ချက်ကြီးကို အစွမ်း ထက်လှတဲ့ မိုးကြိုးလက်နက်ဆိုတာ ကြီးနဲ့ ပစ်ခွင်းဖြိုခွဲပစ်လိုက်သလို ယူ ကျုံးမရ ခံစားကြရတယ်လေ။

သတင်းကြားကြားချင်း ရွာသူ ရွာသားတွေအားလုံး ဝမ်းနည်းပမ်း နည်း ဖြစ်ကြရတယ်။ သက်ကြီးရွယ် အိုတွေဆိုရင် မျက်ရည်ဝဲကြလို့ပဲ။ ဒါပေမယ့် ဖယ်ပေးဆိုတော့လည်း ဘာတတ်နိုင်ကြမှာမို့လေ။ အသံ ဗလံတွေ အမျိုးမျိုးနဲ့ မုဒိတာပွားပြီး ဖယ်ပေးရှောင်ပေးကြရတာပေါ့လေ။ ဂျူးလူမျိုးတို့ အီဂျစ်ပြည်ကနေ ပါလက်စတိုင်းဒေသကို လက်ချည်း သက်သက် ပြန်ကြရသလိုပါပဲ။

နေရာသစ်က ရွာသစ်ရောက် ကြတော့ နေသားထိုင်သားမကျဘူး။ ဘာလုပ်ကိုင်စားသောက်ရမှန်း မသိ ဘဲ အခက်တွေ့နေကြရတော့ နေရာ ဟောင်းကိုပဲ တမ်းတသတိရ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

နည်းနှမြောနေကြရတယ်။ နေရာသစ်တစ်ခုမှာ ဘဝအစပြုရတာ တကယ်တော့ ဘယ်လွယ်ပါ့မလဲ။ ဘဝရဲ့တန်ဖိုးတွေ၊ လုပ်အားတွေ၊ အချိန်တွေ အများကြီး ရင်းနှီးကြရတာပါ။

ငွေပန်းဖြူတွေကို နောက်ခံထားပြီး တွဲရိုက်ထားတဲ့ ဖော်ဆန်းနဲ့ ဆိုင်းရာရဲ့ မင်္ဂလာဆောင်ဓာတ်ပုံလေးကို ကြည့်ရင်း ဆိုင်းရာ မကြာမကြာ မျက်ရည်ဝဲမိတယ်။ ဒါနဲ့ပဲ ရရာအလုပ်သစ် ရှာဖွေကြရတော့တာပါပဲ။ ဖားကန့်ဘက်ဆင်းပြီး တွင်းသားလိုက်ရင် ကောင်းမလား၊ ရွှေမော်တွေဘက်သွားရကောင်းမလားပေါ့။ သတင်းစကားတွေက အမျိုးမျိုး။

ဒါနဲ့ မိသားစုဘဝ ရှင်သန်နိုင်ရေးအတွက် ဖားကန့်ဘက် တွင်းသားလိုက်ဖို့ ဆုံးဖြတ်ဖြစ်ကြတယ်။ ဖော်ဆန်း ဖားကန့်ရောက်တော့ ရရာအလုပ်လေးနဲ့ပဲ ချွေချွေတာတာသုံးပြီး မိသားစုကို ငွေပို့ပေးရှာတယ်။ လောက်တယ်တော့မဟုတ်ဘူး။ စားရရုံလေးပဲ ဆိုရမှာပါ။ ငွေကိုင်နိုင်တဲ့ လူတွေကတော့ နိုင်ငံခြားဘက် ထွက်ကြတယ်ဆိုလား။

နည်းနည်းလေး အဆင်ပြေလလာတော့ ဖော်ဆန်း ရွာကိုတစ်ခေါက် ရောက်လာတယ်။ မိသားစုတွေ ဘဝအဆင်မပြေပေမယ့် စုစုရုရုနဲ့ စုံစုံစေ့စေ့လေး ပြန်နေကြရတော့ ဆိုင်းရာရော၊ ကလေးတွေရော နွေးနွေးထွေးထွေးလေး ဖြစ်သွားကြတယ်။ ငွေပန်းဖြူတွေကြားမှာ မင်္ဂလာဆောင်ခဲ့တဲ့နေ့ကလိုပဲ ဆိုင်းရာတို့ အရမ်းပျော်ကြရတယ်။

ကြာကြာ မပျော်လိုက်ရပါဘူး။ ငွေပန်းဖြူတွေပွင့်ပြီး ခရစ်စမတ်ရက်လေး လွန်သွားတော့ ဖော်ဆန်း ဖားကန့်ကိုပြန်သွားဖို့ တိုတိုထွာထွာလေးတွေ စီစဉ်ကြရတယ်။ ဒီလိုနဲ့ပဲ စားဝတ်နေရေးအတွက် ခွဲခွာရမယ့်ရက် နီးလာတယ်။ ပျော်နေရရင် အချိန်ဟာ မြန်တယ်ထင်ရပေမယ့် မပျော်နိုင်တဲ့ အချိန်တွေမှာကျတော့ ကြာတယ်ထင်ကြတာပဲလေ။ ဖော်ဆန်း ဖားကန့်သွားမယ့်နေ့မှာ ငွေပန်းဖြူတွေနောက်ခံထားပြီး မိသားစုစုရိုက်ထားတဲ့ မိသားစုဓာတ်ပုံလေးကို ပလတ်စတစ်အိတ်လေးနဲ့ ထုပ်ပြီး ဖော်ဆန်းရဲ့ အဆက်မပြတ်ခုန်နေတဲ့ နှလုံးသားနားက ဘယ်ဘက်အိတ်ကပ်ထဲ အသေအချာထည့်လိုက်တယ်။ သမီးငယ်လေး နမ်ရိပန်ကိုဖက်ထားပြီး နဖူးလေးကိုနမ်းတယ်။ ဒီနောက် သမီးကြီး နမ်ဖရော်ပန်ရဲ့ ပါးနှစ်ဖက်ကို အားရပါးရ အသံထွက်အောင်နမ်းပေးရှာတယ်။ ပြီးတော့ ဆိုင်းရာရဲ့နဖူးကို နှုတ်ခမ်းလေးနဲ့ထိထားပြီး အနမ်းပန်းတွေ ပေးသွားတယ်။ ဖော်ဆန်းနဲ့ ဆိုင်းရာတို့ တွေ့စတုန်းကလိုပဲ ဆိုင်းရာရင်တွေ ခုန်မိလိုက်တာနော်။ ဖော်ဆန်းရဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်စလေးတွေနဲ့။

ဖော်ဆန်းက "ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် လိုရာဆန္ဒပြည့်ဝပါစေ"တဲ့။ ဆုတောင်းပေးပြီးနောက် ကျောပိုးအိတ်လွယ်ထားလျက်နဲ့ ကျောပေးပြီး ထွက်ခွာသွားရှာတယ်။ ဆိုင်းရာလည်း အသံမထွက်ဘဲ "ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် လိုရာဆန္ဒပြည့်ဝပါစေ"လို့ စိတ်ထဲက နှစ်နှစ်ကာကာ လိုက်ဆိုမိသေးတယ်။

ဆိုင်းရာရယ်၊ သမီးကြီး နမ်ဖရော်ပန်ရယ်၊ သမီးငယ်လေး နမ်ရိပန်ရယ် မျှော်လင့်ချက်တွေကိုယ်စီနဲ့ ဟိုးအဝေးကြီးကို ရောက်သွားပြီးမှ မိသားစုဘက်ကို ပြန်လှည့်ကြည့်ပြီး လက်မြှောက်နှုတ်ဆက်သွားတဲ့ ဖော်ဆန်းကို လူရိပ်ပျောက်သွားတဲ့ထိ အကြာကြီးပဲ လက်ယမ်းနှုတ်ဆက်ကြရင်းနဲ့ ခွဲခွာသွားတာ စိတ်မချမ်းမြေ့စရာပဲလေ။

*****

မိသားစုကို အနမ်းပန်းတွေဝေအောင် ပေးသွားခဲ့တဲ့ ဖော်ဆန်းရဲ့ သာကြောင်းမာကြောင်း သတင်းလေးတွေနဲ့ မကြာမကြာငွေအနည်းငယ် ရောက်လာတတ်ပါတယ်။ ရတဲ့ငွေစလေးတွေကို ခြစ်ခြုတ်ပြီး သမီးကြီးနမ်ဖရော်ပန်နဲ့ သမီးငယ် နမ်ရိပန်ကို ဈေးချုပ်ဂါဝန်အကျီလေးတွေ ဆင်ပေးလိုက်တယ်။ ဟိုပြောင်းရ ဒီရွှေ့ရနဲ့ပဲ အသစ်မတတ်နိုင်တာလည်း ကြာလှပြီကိုး။ သူဌေးရွှေအိ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်တာထက် ဆင်းရဲသား သံပန်းကန်ပြား ပျောက်တဲ့ဒုက္ခ မသေးပါလား။

ဒီနောက်တော့ ဖော်ဆန်းရဲ့ စာနဲ့ ငွေအနည်းငယ်စီ မှန်မှန်ရောက်လာတယ် ဆိုပေမယ့် စားရရုံပါပဲ။ ခါးပေါ်တောင် မတင်နိုင်ပါဘူး။ ဗလာစာရွက်ကြမ်းကြမ်းပေါ်မှာ ရေးထားတဲ့ ဖော်ဆန်းရဲ့ စာလေးတွေကတော့ စာကြောင်းနည်းနည်းလေးရယ်ပါ။ ဒါပေမယ့် ဆိုင်းရာအတွက်ကတော့ ဓမ္မကျမ်းစာထဲက ဩဝါဒလိုပါပဲ။ ဖတ်လို့ကို မဝနိုင်ဘူး။ စာတောင်ကြေကုန်ပါပြီ။ ဘဝသစ်ကို ပြန်တည်ထောင်ကြမယ်။ စိုက်ခင်းသစ်တွေ ပြန်စိုက်ပျိုးကြမယ်။ သစ်သီးခြံတွေ ပြန်စကြမယ်ပေါ့။

ပြီးတော့ နမ်ဖရော်ပန်နဲ့ နမ်ရိပန် သမီးနှစ်ယောက်ကို ဆရာဝန်မကြီးတွေဖြစ်အောင် ပြန်ကြိုးစားကြရမယ် ဆိုတာတွေလည်း ပါတယ်။ အခြေခံမပြည့်စုံပေမယ့် ဖော်ဆန်းရဲ့ စာဖတ်ရတာ ဆိုင်းရာအတွက် ယုံကြည်မှုတွေ ပြန်ရလာတယ်။ စိတ်ရောရုပ်ကိုပါ အားပြန်သွင်းတဲ့ ဘတ္တရီအိုးလိုပဲ အားသစ်တွေပြန်ရလာတယ်။ မျှော်လင့်ချက်ရောင်ခြည်တွေ ပေါ်လာတယ်။

ငွေပန်းဖြူတွေလည်း တောင်ခြေအနှံ့ ပွင့်နေကြပြီ။ မကြာမီ ခရစ်စမတ်ပွဲတော်ကြီးလည်း ရောက်လာတော့မယ်။ ဒီလို မင်္ဂလာရှိတဲ့အချိန်မှာ ဆိုင်းရာအိပ်မက်တွေက မကောင်းချင်ဘူး။ အမျိုးမျိုး မက်တတ်တယ်။ အဆိုးဆုံးကတော့ လောကကြီးတစ်ခုလုံး မရဏာမင်းကြောင့် အမှောင်ထုကြီး ဖုံးလွှမ်းသွားတယ်ဆိုတဲ့ အိပ်မက်။ ဆိုင်းရာ ဉာဏ်မီသလောက် စဉ်းစားကြည့်မိတယ်။ အဓိပ္ပာယ်က အဝေးကြီးပါပဲ။ အမေ့ကိုမေးကြည့်တော့ "ပူမနေနဲ့ ဆိုင်းရာရယ်။ အိပ်မက်မကောင်းရင် စိတ်မပူရဘူး။ အိပ်မက်သိပ်ကောင်းနေမှ သတိထားရမယ်"တဲ့။ အမေက အစ်ကိုကြီးနဲ့ အတူနေတာဆိုတော့ ဆိုင်းရာ အမေနဲ့ကြုံမှပဲ မေးချင်တာလေးတွေ မေးကြည့်ရတာ။ အမေ့စကားကြောင့် ဆိုင်းရာ စိတ်သက်သာမှု အနည်းငယ်ရသွားပေမယ့် စိတ်ထဲမှာ လုံးဝကြီးရှင်းသွားတယ်လို့တော့ မဟုတ်ဘူး။

ဖော်ဆန်းတို့ ကျောက်တူးနေတဲ့ ဖားကန့်ဘက်မှာ မကြာမကြာ ကျောက်တွင်းတွေ တောင်တွန်းလို့ မြေတွေပြိုပြီး လူတောင်သေကြတယ်ဆို့ သတင်းတွေ မပြတ်ကြားနေရတော့ ဆိုင်းရာ ဘာပဲလုပ်ရလုပ်ရ တထိတ်ထိတ်နဲ့ စိတ်မဖြောင့်ဘူး။ ဆုပဲတောင်းနေရတယ်။ အားကိုးရာမဲ့နေသူတွေအတွက်တော့ ဘုရားမှာ ဆုတောင်းတာကလွဲလို့ ဘာတတ်နိုင်ကြမှာလဲ။

ဆိုင်းရာတို့မိသားစုတွေ ဖားကန့်ရောက်နေတဲ့ ဖော်ဆန်းကို ပို့ပေးဖို့နဲ့ ခရစ်စမတ်လက်ဆောင်ပေးကြဖို့ဆိုပြီး 'ဘာပါ'လုပ်ကြတယ်။ ကောက်ညှင်းခေါပုတ်ကို ကချင်လို ဘာပါလို့ခေါ်ကြတာပါ။ သမီးလေးနှစ်ယောက်ကတော့ သူတို့အဖေကြီးစားဖို့ဆိုပြီး ကြိုးစားလုပ်ရှာကြတယ်။ ဘာပါတွေကို လှလှလေးပေ့ ဖြစ်အောင် ဂရုစိုက်ဝိုင်းကြပါတယ်။

BAPA = ကောက်ညှင်းခေါပုတ်

*****

သိပ်မကြာလှပါဘူး ဆိုရမှာပါ။ မိသားစုတွေ ဖော်ဆန်းအတွက် စားဖို့သောက်ဖို့နဲ့ ဆေးလေးဝါးလေးတွေ ပြင်ဆင်ကြနေတုန်းမှာပဲ မမျှော်လင့်ထားဘဲ ဖော်ဆန်းနဲ့ ဖားကန့်ကျောက်တွင်းကို အတူသွားကြတဲ့ ကိုဂမ်ရှောင် ရောက်လာတယ်။ မျက်နှာလည်း သိပ်မကောင်းလှဘူး။ ပစ္စည်းထုပ်တွေလည်း ထမ်းလာတာတွေ့ရတယ်။ ဆိုင်းရာစိတ်ထဲမှာ ထစ်သွားမိတယ်။ ဒါနဲ့ စိတ်ထဲက ကောင်းတဲ့သတင်းတွေ ဖြစ်ပါစေလို့ အကြိမ်ကြိမ်ဆုတောင်းနေမိတယ်။

ဒါပေမယ့် ဆိုင်းရာဆုတောင်း မပြည့်ခဲ့ပါဘူး။ ကိုဂမ်ရှောင်နဲ့ပါလာတဲ့သတင်းကတော့ ဆိုင်းရာအတွက် ဘဝ တစ်သက်ဘယ်တော့မှ မျှော်လင့်မထားခဲ့တဲ့ အမှောင်တကာ့ အမှောင်ဆုံး သတင်းဆိုးကြီးဖြစ်နေတယ်။ ဖော်ဆန်းတစ်ယောက် ကျောက်တွင်းမြေပြိုလို့ ဆုံးသွားရှာပြီ ဆိုတဲ့သတင်း။ သတင်းကြားကြားချင်းပဲ တစ်ဆို့ပြီး မူးမေ့သွားမိတယ်



www.burmeseclassic.com

www.burmeseclassic.com

ရင်ဝကိုဓားနဲ့ထိုးပြီး တအားမွှေလိုက်သလို ခံစားရပြီး ဆောက်တည်ရာမရ ချာချာလည်သွားတယ်။ ခြေထောက်ပေါ်မှာ ဆက်မရပ်တည်နိုင်တော့လို့ အိမ်ဘိုင်ကြီးကို တအားဖက်ထားပြီး အကြာကြီး ရှိုက်ကြီးတငင် ငိုကြွေးနေမိတယ်။ အိပ်မက်ပဲဖြစ်ပါစေလို့ ဆိုင်းရာ အကြိမ်ကြိမ်မနားတမ်း ဘုရားသခင်ထံ ဆုတောင်းမိတယ်။

ဆိုင်းရာ ဆက်တိုက်မြင်မက်ခဲ့တဲ့ မရဏမင်းကြောင့် ကြောက်စရာအမှောင်ထုကြီး ဖုံးလွှမ်းသွားတယ်ဆိုတဲ့ အိပ်မက်အတိတ်နိမိတ်တွေဟာ ဆိုင်းရာတို့အတွက်ပါလား။ ခိုကိုးရာမဲ့နေကြတဲ့ ဆိုင်းရာတို့ရဲ့ ဘဝကို အရှင်ထာဝရ ဘုရားသခင်ကယ်တင်ပေးသနားတော်မူပါဘုရား။ ဆိုင်းရာရဲ့ဝိညာဉ်ထဲမှာ "ချစ်သမီးစိုးရိမ်ကြောင့်ကြကင်းပါစေ"ဟူသောတုံ့ပြန်သံ ကြားလိုက်ရတယ်။

ဒါပေမယ့် ဆိုင်းရာတို့ဘဝမှာ အမြဲမပြတ် လန်းလန်းဆန်းဆန်း ပွင့်နေကြတဲ့ ဟိုးအဝေးတောင်ခြေတစ်လျှောက်က ငွေပန်းဖြူတွေကိုကြည့်ပြီး ဆိုင်းရာ အားတင်းလိုက်တယ်။ ဓမ္မကျမ်းစာထဲက လွတ်မြောက်ရာဩဝါဒဂုဏ်တော်ကို အထပ်ထပ်ရွတ်ဆိုပြီး သုညအောက်ရောက်သွားတဲ့ စိတ်ကို ပြန်ဆယ်တင်လိုက်တယ်။ လောကကြီးရဲ့အကြောင်းဘာမှမသိကြသေးတဲ့အရွယ် သမီးလေးနှစ်ယောက်ကို ပူဆွေးမျက်ရည်ကျပြီး ဝမ်းနည်းသောကနဲ့ အားငယ်တတ်တဲ့ အမွေအနှစ်မျိုးကို မပေးခဲ့ချင်ဘူး။ ဘဝမျှော်လင့်ချက်မှန်သမျှ ဆိတ်သုဉ်းကင်းမဲ့နေကြတဲ့ သမီးကြီးနမ်ဖရော်ပန်နဲ့ သမီးငယ်နမ်ရိပန်တို့ကို ဘယ်ညာရင်ခွင်ထဲမှာ သိုင်းဖက်ထားလိုက်ပြီး အကြောင်းစုံကို ကလေးတွေ ဉာဏ်မီနိုင်သလောက် ရှင်းပြလိုက်တယ်။

ကလေးတွေရဲ့ရှေ့မှာ ဆိုင်းရာမငိုမိအောင် အားတင်းကြိုးစားပေမယ့် မရဘူး။ မငိုပါပဲနဲ့ မျက်လုံးအိမ်ထဲက မျက်ရည်တွေက အလိုလိုစီးကျနေကြတာဟာ ငိုနေတဲ့အတိုင်းပါပဲ။ ဆိုင်းရာတို့ရဲ့ဘဝမှာ ဆိုင်းရာတို့လို အတိဒုက္ခရောက်ပြီး ကယ်တင်ပေးနိုင်မယ့်သူ ကင်းမဲ့နေတဲ့ မိသားစုတွေ အများကြီးပဲ ရှိနေကြဦးမှာပါ။ "ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် လိုရာဆန္ဒပြည့်ဝပါစေ"ဆိုပြီး ဇော်ဆန်းနောက်ဆုံးပေးသွားခဲ့တဲ့ ဆုတောင်းပေးသွားသံလေးဟာ ဆိုင်းရာရဲ့ရင်ထဲကနေ ဘယ်တော့မှ မထွက်နိုင်ဘူး။ နားထဲ၊ နှလုံးထဲက အဇ္ဈတ္တအတွင်း စိတ်သန္တာန်တွေထဲ အမြဲပဲ ကြားယောင်နေမိတုန်းပါပဲ။

ဇော်ဆန်းနဲ့ဆိုင်းရာတို့ ဆရာဝန်မကြီးတွေ ဖြစ်စေချင်ပေမယ့် ကျောင်း မှန်မှန်ဆက်မတက်နိုင်ကြတော့လို့ မိခင်ကို အလုပ်ထဲဝိုင်းကူလုပ်ပေးနေကြရတဲ့ သမီးကြီး နမ်ဖရော်ပန်နဲ့ သမီးငယ် နမ်ရိပန်တို့ရဲ့ ချုပ်ရိုးကွဲနေတဲ့ ကချင်လွယ်အိတ်ထဲက ကျောင်းစာအုပ်တွေကတော့ မလှုပ်မယှက်နဲ့ လောကကြီးကိုပဲ ပြောင်လှောင်နေကြတာလား၊ ဒါမှမဟုတ် သမီးနှစ်ယောက်ကို ဆရာဝန်မကြီးတွေဖြစ်အောင် ကြိုးစားမယ်ဆိုပြီး သန္နိဋ္ဌာန်ချခဲ့တဲ့ ဆိုင်းရာကိုပဲ သနားကရုဏာသက်ကြတာလား၊ ဒါမှမဟုတ် မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ကလေးတွေရဲ့ ဘဝကိုပဲ လှစ်ပြနေကြတာလား။

လှပတဲ့ ငွေပန်းဖြူတွေနဲ့ အမှန်တရားကို မြတ်နိုးတဲ့တောင်တန်းပြာတွေကြားမှာ မျှော်လင့်ချက်မရှိတော့တဲ့၊ ကြမ်းတမ်းဒုက္ခဆင်းရဲတွေနဲ့ ပြွမ်းတီးနေတဲ့ သဘာဝဘေးအန္တရာယ်များ ဝိုင်းပတ်နေတဲ့ မရေရာမလှမပတဲ့ ဆိုင်းရာတို့ရဲ့ ဘဝကြီးဟာ အနာဂတ်ဆိုတဲ့ သံသရာခရီးရှည်ကြီးကို ငိုလိုက်ရယ်လိုက်၊ ဝမ်းနည်းဝမ်းသာပုံစံအမျိုးမျိုးနဲ့ပဲ ဆက်ပြီး သက်ဝင်လှုပ်ရှား လျှောက်လှမ်းသွားနေကြရဦးမှာပါ။ မေခနှင့် မလိခမြစ်နှစ်သွယ် ဆုံစည်းစီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးကတော့ မြန်မာဆိုတဲ့ တိုင်းရင်းသားတွေအားလုံးအတွက် ဆက်ပြီးတော့ရှင်သန်စီးဆင်းနိုင်ပါစေ။

*ပန်းလို၊ စမ်းလို၊ လမင်းလို*
*သာယာချမ်းမြေ့ကြပါစေ . . .*

**အောင်ဘုန်းမြင့်(ကချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com

# သန္တာကျောက်တန်းများ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေး

ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းဒေသ အချို့တွင် တည်ရှိနေသော သန္တာကျောက်တန်းများ (Coral Reefs) သည် သဘာဝဘေးအန္တရာယ်ကျရောက်မှုကို အကာအကွယ်ပေးရန် လူတို့ဆောက်လုပ်ထားသည့် အဆောက်အအုံများထက် အကုန်အကျစရိတ် ပိုမိုသက်သာသည်ဟု ဆိုပါသည်။ ကမ္ဘာပေါ်ရှိ အချို့သော ကမ်းရိုးတန်းဒေသရှိ မြို့များတွင် ဒီလှိုင်းများ မုန်တိုင်းများနှင့် ပင်လယ်ရေမြင့်တက်မှုဘေးအန္တရာယ်များမှ ကာကွယ်ရန်အတွက် အဆောက်အအုံများ ဆောက်လုပ်ထားရကြောင်း နိုင်ငံတကာ သုတေသီအဖွဲ့တစ်ဖွဲ့က ဆိုပါသည်။ ၎င်းအဖွဲ့က -

"သန္တာကျောက်တန်းတွေဟာ ရေ့တန်းကနေပြီး အကာအကွယ်ပေးတဲ့အတွက် ထိရောက်တဲ့အကျိုးသက်ရောက်မှုရှိတဲ့အပြင် ဒီအကျိုးကျေးဇူးတွေဟာ ကမ်းရိုးတန်းနိုင်ငံတွေအတွက် အရေးကြီးတယ်"ဟု သုတေသီခေါင်းဆောင် မိုက်ကယ်ဘက်ခ် (Michael Beck)က British Journal of Nature Communication) စာစောင်တွင် ရေးသားခဲ့သည်။

အဆိုပါ သုတေသီများသည် ယခင်က အသေးစိတ် လေ့လာမှုပေါင်း ၂၇ ခု လုပ်ခဲ့ပြီးဖြစ်သည်။ လေ့လာမှုတွင် ကမ္ဘာတစ်ဝန်းရှိ သန္တာကျောက်တန်းများသည် ဒီလှိုင်း၏ စွမ်းပကားကို ပျံ့လွင့်စေသည်။ ဒီလှိုင်း၏ စွမ်းပကားကြောင့် ဖြစ်ပေါ်လာသည့် သာမန်ဒီလှိုင်းမှသည် ဟာရီကိန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသည့် ဒီလှိုင်းများကို ပျံ့လွင့်သွားအောင် စွမ်းဆောင်နိုင်သည်။ သုတေသီများတွေ့ရှိချက်အရ သန္တာကျောက်တန်း၏ ဦးအချွန်း သို့မဟုတ် ရေအတိမ်ဆုံးနေရာရှိ သန္တာကျောက်တန်းက လှိုင်းကို ကနဦးခွဲထုတ်ခဲ့သည်။ ထိုသန္တာကျောက်တန်းဦးအချွန်ကြောင့် လှိုင်း၏စွမ်းအင် ၈၀ ရာခိုင်နှုန်း ပျံ့လွင့်စေသည်ဟု ဆိုပါသည်။

"ဒါဟာ ရေမ[illegible]သွားခြင်းပါပဲ"ဟု လေ့လာစူးစမ်းသူလည်းဖြစ်၊ စာရေး[illegible]ည်းဖြစ်သူ စတင်းဖို့တက္ကသိုလ်မှ ဇီဝဗေဒသိပ္ပံပညာ ပါမောက္ခ ဖီဟိုရင်ဇာမီရှယ်လီ (Fiorenza Michelli)က လူတို့ဆောက်လုပ်ထားသည့် အဆောက်အအုံ၊ သို့မဟုတ် စက်လည်းရှိကြောင်း ထပ်လောင်းနိုင်းယှဉ်သည်ဆို၏။ သန္တာကျောက်တန်းများကို ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုစရိတ်ကိုလည်း စီးပွားရေးရှုထောင့်မှကြည့်ဖို့လိုသည်ဟု ဆိုသည်။ လူတို့ဆောက်လုပ်ထားသည့် ရေခွဲစက် (Breek waters) ၏ ပြုပြင်မွမ်းမံထိန်းသိမ်းခစရိတ်သည် တစ်မီတာလျှင် အမေရိကန်ဒေါ်လာ ၁၉၇,၉၁၁ ကုန်ကျပြီး သန္တာကျောက်တန်းပြုပြင်မွမ်းမံထိန်းသိမ်းခ ကုန်ကျစရိတ်မှာ တစ်မီတာလျှင် အမေရိကန်ဒေါ်လာ ၁၂၉၀ သာ ကုန်ကျသည်ဟု နှိုင်းယှဉ်ဖော်ပြထားသည်။

"ပျမ်းမျှပြုပြင်မွမ်းမံထိန်းသိမ်းမှု စရိတ်ဟာ သန္တာကျောက်တန်းကို ပြုပြင်မွမ်းမံရာမှာ ကုန်ကျစရိတ်ဟာ လူလုပ်အဆောက်အအုံရဲ့ ပြုပြင်မွမ်းမံစရိတ်ထက် ထူးခြားအံ့ဖွယ်လောက်အောင် အကုန်အကျသက်သာတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်"ဟု သုတေသီများက ရေးသားဖော်ပြခဲ့ကြသည်။

"လက်ရှိတည်ရှိနေတဲ့ အဆောက်အအုံတွေ၊ သန္တာကျောက်တန်းတွေကို ကိုယ်တိုင်ကိုယ်ကျ ပြုပြင်မွမ်းမံကြတယ်။ ဒါကြောင့် ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်ဟာ အဲဒီနှစ်ခုကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လူတို့ဆောက်လုပ်ထားတဲ့ အဆောက်အအုံရဲ့ ပြုပြင်မွမ်းမံစရိတ်ဟာ ပိုမိုများပြားနေတာကို တွေ့ရပါတယ်"ဟု ဆိုပါသည်။ သုတေသီများက ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၁၉၇ သန်းသည် သန္တာကျောက်တန်း တစ်ခုတည်းမှ ရရှိနိုင်သည်။ သို့တည်းမဟုတ် အကာယ်၍များ သန္တာကျောက်တန်းကို အဆင့်လျှော့ချလိုက်မည်ဆိုလျှင် သဘာဝဘေးဒုက္ခသည်များအတွက် ကုန်ကျစရိတ် ပိုမိုမြင့်တက်လာသည့် အကျိုးဆက်ကို ခံစားနိုင်သည်ဟု ခန့်မှန်းကြသည်။


**မောင်မောင်စန်းထွေး**

***REF: XINHUA***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သိန်းမြနှင့်အောင် အမှန်တကယ်ကို နှုတ်ဆောင်ခြင်း

မြမိုး

"ဟဲ့ ... နွားတွေ ခြံထဲရောက် နေတာ ကြာပါပကော။ နုကြည်က ခုထိ အိမ်ပြန်မရောက်သေးပါလား။ ဒီကောင်မလေး ဘယ်များလျှောက် သွားနေလဲ မသိပါဘူး"

အဘွား ဒေါ်သိန်းမြက နွားခြံ တံခါးပိတ်ရင်း ညည်းညူရင်း ပြော လိုက်ပါလေ၏။ သူရိန်နေမင်းက ကန်ဦးရွာကိုပင် နှုတ်ဆက်နေချေပြီ။ အချိန်အားဖြင့်ဆိုလျှင် ညနေ ၅ နာရီ သီသီပင် စွန်းခဲ့ချေပြီကော။ နေ့စဉ် လိုလို နုကြည်တစ်ယောက် နွားတွေ နှင့်အတူ ပြန်ရောက်လာတတ်သည်။ နုကြည်က ကလေးစိတ်မကုန်သေးပေ မယ့် အရွယ်ကဖြင့် အပျိုဖြန်းအရွယ်မို့ အဘွားဒေါ်သိန်းမြစိတ်ထဲ စိုးရိမ်စိတ် က ကြီးစိုးနေခြင်းလည်း ဖြစ်သည်။ ကလေးစိတ်မကုန်သဖြင့် အပျော် အပါးကို ဝါသနာကြီးလိုက်သည်က လည်း မပြောပါနှင့်တော့။ ဗီဒီယိုကို ကြည့်လိုက်ရမည်လား၊ ကြည့်ပြီး ဇာတ်ကြောင်းကို ပြန်ပြောင်း ပြော လိုက်ရမည်လား။ ထမင်းမေ့ ဟင်းမေ့ နှင့် ပြောပြတတ်သည်။ မြေးဖြစ်သူ နုကြည်အကြောင်းအား စဉ်းစားကာ အလုပ်ကို တလှုပ်လှုပ်လုပ်ရင်း ခြံဝိုင်း တံခါးဆီသို့မျှော်ကြည့်နေမိတော့သည်။

နုကြည်ပြန်လာနိုးဖြင့် စောင့်နေ ခဲ့သည်မှာ နေရောင်ကွယ်ပျောက် အမှောင်သိုပ်င ရောက်ခဲ့ချေပြီ။ အဘွား ဖြစ်သူ ဒေါ်သိန်းမြ မနေနိုင်ပါလေ တော့။ နုကြည်သွားတတ်ရာရာ ကျင်မြ တို့အိမ်သို့ ထွက်လာခဲ့တော့သည်။

"ဟဲ့ ... မိကျင်မြ၊ နုကြည်များ ညည်းအိမ်ရောက်နေသလား"

ဒေါ်သိန်းမြမှာ ပါးစပ်ကလည်း မေး။ လူကိုယ်တိုင်လည်း မကျင်မြ အိမ်တွင်းသို့ ဝင်ရင်း မျက်လုံးများက မြေးနုကြည်ကို ရှာကြည့်နေမိသည်။

"မလာပါဘူး ... အရီးမြရယ်။ ဘာလဲ ... အရီးမြမြေး ပြန်မရောက် သေးလို့လား"

"အေး ... ဟုတ်တယ်အေ့။ နွားတွေ ပြန်ရောက်လာပြီး နုကြည် ပြန်ရောက်မလာသေးလို့အေ့။ အဲဒါ ညည်းအိမ်များ ဝင်နေသလားလို့ ငါ လာရှာတာ။ ဒီကောင်မလေး ဘယ် ရောက်နေလဲ မသိပါဘူးအေ။ ညည်း ဆီများရောက်လာရင် ငါလိုက်ရှာနေ တယ်လို့ ပြောလိုက်စမ်း။ ညည်းအမေ ကြီးက ဆူနေတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သိန်းမြက အိမ်အပြန်တွင် သူ့မြေးသွားတတ်ရာရာ တစ်အိမ်နှစ်အိမ် ဝင်မေးကြည့်သေးသည်။ မည်သည့်အိမ်မှ ရှာမတွေ့သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လှည့်လာခဲ့တော့သည်။ အိမ်ပြန်ရောက်တော့လည်း နုကြည်ကို မတွေ့လိုက်ရသဖြင့် ပူပင်သောက စိတ်တို့က ကြီးစိုးလာတော့သည်။ အမှန်ဆိုရလျှင် နုကြည်က ရှုံ့တူးတူးပေါတောတောလေးဖြစ်၍ ကျပ်သိပ်မပြည့်။ တစ်ရွာလုံးက နုကြည်ကို လူဝင်စားလေးဟု သတ်မှတ်ယူဆထားကြသည်လေ။ နုကြည်ငယ်စဉ်ကပင် သူ့အမေမှာ နောက်ထပ်ကိုယ်ဝန်ရှိလာသဖြင့် နို့မျက်ရှာသဖြင့် အမေကြီးဖြစ်သူ ဒေါ်သိန်းမြက ခေါ်ယူမွေးစားထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဒေါ်သိန်းမြမှာ မြေးမလေး နုကြည်အပေါ် သံယောဇဉ်ကြီးနေရခြင်း ဖြစ်ပေသည်။ နုကြည်က ကျပ်မပြည့်သဖြင့် အဘွားဖြစ်သူက ပိုမိုစိုးရိမ်နေခြင်းဖြစ်ပါလေ၏။ အရွယ်လေးကလည်း ရလာသည် မဟုတ်ပါလား။

ဒေါ်သိန်းမြ၏ သောကအပူမှာ ပါဒမှာ နေမြင့်လေ အရှူးရင့်လေ မဟုတ်၊ မိုးချုပ်နေဝင်လေ သောကငင်လေ ဆိုဘိသို့ စိုးရိမ်စိတ်တို့က ထိပ်တက်လာတော့သည်။ နောက်ဆုံး၌ အိမ်မှာ ထိုင်စောင့်နေခြင်းထက် ရွာလူကြီး ဦးပေါ်ဒင်ထံသွားရန် ခင်ပွန်းသည် ဦးခင်ပန်အား ထန်းတောမှ ပြန်အလာမှာပင် အကျိုးအကြောင်း ပြောပြ၍ ရွာလူကြီး ဦးပေါ်ဒင်နေအိမ်သို့ ထွက်လာခဲ့လေတော့သည်။

ဦးပေါ်ဒင်ထံရောက်လျှင် အကျိုးအကြောင်းအားတင်ပြရာ ဦးပေါ်ဒင်မှာ အခြေအနေနှင့် အချိန်အခါအရ ထိုင်ကြည့်နေ၍ မဖြစ်တော့သဖြင့် နုကြည်ကို လိုက်ရှာပေးရန် ဆုံးဖြတ်မိသဖြင့် ရွာထဲမှ ယောကျာ်းသား လေးငါးယောက်ကို ခေါ်၍ ဒေါ်သိန်းမြတို့ လင်မယားနှင့်အတူ နုကြည် နွားကျောင်းသွားရာ ရွာမြောက်ဘက်ဆီသို့ ထွက်လာခဲ့ကြတော့သည်။ မကြာမီ အလင်းရောင်က ပျောက်တော့မည်ကို သိရှိထားကြသည့်အတွက် ကိုယ်စီ လျှပ်စစ်မီးတောင့်တွေပါ ယူလာကြသည်။ ရွာ၏ အနောက်တံခါးပေါက်မှ ထွက်၍ နုကြည်နွားကျောင်းထွက်ရာ အကွက်ဆီသို့ မီးရောင်တဝင်းဝင်းဖြင့် လိုက်ရှာကြသည်။ လိုက်ပါလာသူ အချို့က နုကြည်နာမည်ကို အော်ဟစ်၍ ခေါ်ကြည့်ကြသည်။ သို့ပေမင့် နုကြည်၏ ပြန်လည်ထူးသံကိုကား မကြားရ။

ရွာနှင့်လည်းဝေး၊ လူခြေကလည်း တိတ်ဆိတ်နေသဖြင့် သူတို့၏ အော်ဟစ်ခေါ်သံများက ဝန်းကျင်အနှံ့သို့ လွှမ်းမိုးသွားသည့်တိုင် လူသံဆို၍ စိုးစဉ်းမျှ မကြားရ။ ပိုးမွှားပုရစ်သံတို့မှလွဲ၍ ဘာဆို ဘာသံမျှ မကြားရ။ ပကတိညဥ့်အလွှာအောက်ဝယ် ထိုလူအုပ်၏ အသံမှလွဲ၍ ယာခင်းပြင်တို့မှာ အိပ်မောကျရန် ဟန်ပြင်နေကြသည်။

"တို့ ဒီလိုတစ်စုတည်း လိုက်ရှာနေလို့ မဖြစ်သေးဘူးကွ။ လူစုခွဲပြီး ရှာကြမယ်။ ကဲ ... လာ၊ ငါနဲ့လူသုံးယောက်လိုက်ခဲ့ကြ။ ဖိုးတေနဲ့ ကျန်တဲ့ လူတွေက မြို့ကိုသွားတဲ့ လမ်းဘက်ကို ခွဲရှာကြ"

ရွာလူကြီး ဦးပေါ်ဒင် စကားကြောင့် လူစုခွဲကာ လိုက်ရှာကြတော့သည်။ မိနစ်ပိုင်းမျှအကြာတွင် တစ်ဖက်မှ အော်ခေါ်သံကြောင့် ဦးပေါ်ဒင်တို့အဖွဲ့က အသံကြားရာဘက်သို့ မီးရောင်ထိုးရင်း လိုက်သွားကြရလေတော့သည်။ ဖိုးတေတို့ လူစုက အရာဝတ္ထုတစ်ခုကို ဓာတ်မီးရောင်ဖြင့် ထိုးကြည့်နေကြသည်ကို တွေ့လိုက်ကြရပါလေ၏။ သို့ရာတွင် ပျောက်ဆုံးနေသော နုကြည်ကား မဟုတ်ပါချေ။ ပုဆိုးဟောင်းတစ်ထည်နှင့် မလှမ်းမကမ်းဝယ် ကားတာယာဖိနပ်တစ်ရန်မှာ ဟိုတစ်ဖက် သည်တစ်ဖက်နှင့် တွေ့လိုက်ကြလေ၏။

"ဒေါ်သိန်းမြ ... ဟိုမှာတွေ့ရတဲ့ ဖိနပ်နဲ့ ပုဆိုးဟောင်းကို ကြည့်စမ်းပါဦး။ ခင်ဗျားမြေးရဲ့ ပစ္စည်းတွေများ ဖြစ်နေမလားဆိုတာ"

ဦးပေါ်ဒင်က မေးလိုက်သဖြင့် ဒေါ်သိန်းမြက ရှေ့သို့ထွက်လျက် ဓာတ်မီးရောင်အောက်မှ ပစ္စည်းများကို ငုံ၍ သေသေချာချာ ကြည့်လိုက်ပါလေ၏။ ခဏအကြာမှ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်လှည့်ပြောလိုက်သည်။

"ဟုတ်ပါ့တော် ... ဒါတွေက မိနုကြည်ဖိနပ်နဲ့ ကိုခင်ပန် ပုဆိုးအဟောင်းတွေတော့။ အမယ်လေး ဘုရား ... ဘုရား၊ ကျုပ်မြေးလေး တစ်ခုခုများ ..."

ဒေါ်သိန်းမြ၏အသံက စိုးရိမ်စိတ်တွေကြောင့် အသံတွေတုန်၍ တိမ်ဝင်သွားတော့သည်။ ဦးခင်ပန်ကမူ နှုတ်ဆိတ်လျက်သားဖြင့် မီးရောင်အောက်မှပစ္စည်းများကိုသာ စူးစူးစိုက်စိုက် ကြည့်နေတော့သည်။

"ကဲဟေ့ ... ဒါဆို ဒီနားဝန်းကျင် တစ်ဝိုက်ကို ပိုက်စိပ်တိုက်ပြီး လူခွဲရှာ

www.burmeseclassic.com

ကြစမ်း။ မြန်မြန်၊ အချိန်သိပ်မရှိဘူး''

ဦးပေါ်ဒင်မှ အမိန့်ပေးလိုက်သဖြင့် ရွာသားများက လူစုခွဲရင်း ဓာတ်မီးရောင်များ တဝင့်ဝင့်ဖြင့် လိုက်ရှာကြတော့သည်။ သူတို့မျက်စိထဲဝယ် တွေ့မြင်ရမည့်အရာအား စိတ်မောစွာဖြင့် မျက်လုံးကို ဒေါက်ထောက်ကြည့်ကာ လိုက်ရှာနေကြတော့သည်။ မကြာမီမှာပင် ရွာသားတစ်ယောက်ထံမှ အသံထွက်ပေါ်လာတော့သည်။

''ဟော ... ဒီမှာ ဒီမှာ၊ လာကြည့်ကြစမ်း၊ ဒီကိုလာကြည့်ကြစမ်းပါဦး''

ရွာသားတချို့က အသံကြားရာဆီသို့ ဝိုင်းသွားကြရင်း ဓာတ်မီးများဖြင့် ထိုးကြည့်ကြသည်။

''ဘာမှလည်း မတွေ့ပါလားဟ။ ကြောက်အားလန့်အားနဲ့ အရမ်းအော်ပြောနေတာပဲကိုး''

''ဒီမှာလေ ... သေသေချာချာကြည့်ကြစမ်းပါဦး။ ယာကွင်းထဲမှာ စွတ်ကြောင်းရာကြီးကို မမြင်ဘူးလား။ ဒါတစ်ခုခုကို ဆွဲသွားတဲ့ အရာလေ''

ထိုရွာသားက လေသံမာမာဖြင့် ပြန်ပြောလိုက်သဖြင့် အားလုံး၏ ဓာတ်မီးရောင်က သူညွှန်ပြရာသို့ ဝိုင်းထိုးကြည့်လိုက်ကြသည်။ ယာမြေပေါ်ဝယ် တစ်စုံတစ်ခုအား ဆွဲယူသွားသည့် စွတ်ကြောင်း ရာကြီးမှာ အထင်းသား။ ထိုစွတ်ကြောင်းရာကြီးမှာ တစ်ဖက်ပြောင်းခင်းအတွင်းသို့ ဦးတည်လျက် အတွင်းဘက်ဆီသို့တိုင်အောင် တွေ့နေရသည်။ ရွာသားများက စိတ်လောကြီးစွာနှင့် ပြောင်းခင်းအတွင်းတိုင်အောင် လိုက်ရှာကြည့်ကြတော့သည်။

''ဟာ ... ဒီမှာ တွေ့ပြီ တွေ့ပြီ။ လာကြည့်ကြပါဦး''

မှန်ပါသည်။ သူတို့အားလုံး နုကြည်ကို တွေ့လိုက်ရပါပြီ။ နုကြည်ကတော့ သူမ၏ရွာသားတွေအား ပြန်လည် နှုတ်ခွန်းဆက်ခြင်းငှာ မပြုံ။ ပကတိ မသိကျိုးကျွန်ပြုကာ တစ်ဖက်သို့လှည့်၍ပင် နေချေသေးတော့သည်။ ခါးမှ ထဘီကလည်း ခါးမှကျွတ်လျက် ပြေလျော့နေချေသည်။ စင်စစ် သူမ၏ အသက်ဝိညာဉ်သည် ခန္ဓာကိုယ်မှ ကင်းကွာနေချေပြီတည်း။ ဓာတ်မီးများ၏ အလင်းရောင်များမှာ မလှုပ်မယှက် ဖြစ်နေသော သူမ၏အလောင်းဆီသို့ ဦးတည်ထိုးကျလျက်ရှိနေသဖြင့် မြင်ရသူများမှာ မျက်နှာများပင် တစ်ဖက်သို့ လှည့်သွားကြပါလေ၏။

''အမယ်လေး ... ငါ့မြေးရယ်။ အဖြစ်ဆိုးလှချည်လားကွယ် ... အဟီး ... ဟီး''

အဘွားဒေါ်သိန်းမြ၏ ကြေကွဲဝမ်းနည်းစွာ ငိုလိုက်သည့်အသံက အမှောင်ထုထဲသို့ ဝင်ရောက်ထိုးဖောက်သွားလေတော့သည်။

***

(၂)

နုကြည်အလောင်းကို ကြည့်ရသည်မှာ ဖြစ်ရိုးဖြစ်စဉ် သာမန်သေမှုသေခင်းမျိုး မဟုတ်သဖြင့် ရွာလူကြီးဦးပေါ်ဒင်မှ ငယ်ထိပ်မွှေပေါက်သည့်နှယ် မျက်လုံးမျက်ဆန်များ ပြူးရတော့သည်။ အမှုကြီးသဖြင့် အချိန်ကိုစောင့်၍ မဖြစ်။ ထို့ကြောင့် ရွာမှ လူငယ်တစ်ဦးအား မော်တော်ဆိုင်ကယ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ အမြန်ဆုံး စေလွှတ်လိုက်ရတော့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ခံ အမှုလိုက် ဒုရဲအုပ်နှင့်အဖွဲ့ ရောက်လာသည်နှင့် အဖြစ်အပျက်အားလုံးကို ရှင်းလင်းတင်ပြ၍ အလောင်းရှိရာသို့ ခေါ်သွားကာ အခြေအနေအား တင်ပြလိုက်သည်။ တာဝန်ခံ ရဲအရာရှိနှင့် တပ်ဖွဲ့ဝင်များက သေဆုံးနေသူ နုကြည်၏ အလောင်းကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။ နုကြည်မှာ ငယ်စဉ်ကပင် ကျပ်ပြည့်သည့်ကလေး မဟုတ်သဖြင့် အမေကြီး၊ ဘကြီးများဖြစ်ကြသော ဦးခင်ပန်နှင့် ဒေါ်သိန်းမြတို့မှ ခေါ်ယူ၍ အရွယ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့သဖြင့် သံယောဇဉ်တွယ်တာနေခဲ့ခြင်းပင် ဖြစ်သည်။ ယခုလို နုကြည်အဖြစ်ဆိုးနှင့် ကြုံရသည့်အတွက် အဘိုးအဘွားမှာ ယူကျုံးမရဖြစ်ကာ တငိုငိုတရယ်ရယ်ဖြစ်နေသည့်အတွက် တစ်ရွာလုံးမှာ စိတ်မချမ်းမသာ ဖြစ်နေကြရတော့သည်။

စိတ်မကောင်း ဖြစ်ရသည့် အကြောင်းထဲဝယ် နုကြည်၏ ဘဝအကြောင်းတရားကလည်း အပါအဝင်ပင်။ နုကြည်မှာ ငယ်စဉ်ကပင် ရှုံးတူးပေါ်တောလေးမို့ တစ်ရွာလုံးကဝိုင်း၍ အသနားဖက်ကာ တွယ်တာချစ်ခင်နေကြသည်။ နုကြည်ကလည်း သူ့ကိုယ်သူ လူဝင်စားလိုလို၊ ဥစ္စာစောင့်လိုလို မကြာခဏ ပြောဆိုတတ်သည်။ တစ်ခါတစ်ရံ မိန်းမသားများက မြှောက်ပင့်ပေးလျှင် ဗီဒီယိုမင်းသမီးလို သရုပ်ဆောင်ပြသဖြင့် တဝါးဝါးဖြင့် အားလုံးက သဘောကျရယ်မောကြရသည်မှာ အမော။

နုကြည်အလောင်းအား စစ်ဆေးကြည့်ရာ မသမာသူတစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

မတရားကျင့်ကြံ၍ လည်ပင်းကို ညှစ်သတ်ခဲ့ကြောင်း သိရှိကြရသောအခါ တစ်ရွာလုံးက စုတ်တသပ်သပ်ဖြစ်ကာ လူသတ်သမား လူယုတ်မာအပေါ် မကျေမချမ်း ဖြစ်နေကြတော့သည်။ လူယုတ်မာက မတရားကျင့်ကြံကာ သတ်ဖြတ်ရုံမျှမက နုကြည်အား သူ့အဘိုးအဘွားမှ မရှိမဲ့ရှိမဲ့ ဆင်ပေးထားသော နားကပ်ကလေးကိုပါ ဖြုတ်ယူသွားသဖြင့် ကြားရသူအပေါင်းမှာ ဒေါသထွက်ခဲ့ကြရပြန်သည်။ ထို့အတူ နိုင်ငံတော်ရဲတပ်ဖွဲ့မှလည်း တရားခံအပေါ် ခံပြင်းမှုဖြင့် အမှုအား မနားမနေ စုံစမ်းရှာဖွေဖော်ထုတ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

အလောင်းအား မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ မြေပုံကြမ်း ရေးဆွဲခြင်း၊ သဲလွန်စများ ရှာဖွေခြင်းများ ပြုလုပ်၍ ရဲဆေးစာနှင့်အတူ အလောင်းအား မြို့နယ်ဆေးရုံသို့ပို့ရန် စီစဉ်ခဲ့လေတော့သည်။ ထို့နောက်မှ ဦးခင်ပန်း၊ ဒေါ်သိန်းမြတို့အား မေးမြန်းစုံစမ်းကြည့်ကြသည်။

၎င်းအပြင် အနီးအနားပတ်ဝန်းကျင်ရှိ လူအချို့အားခေါ်၍ အခြေအနေနှင့် သံသယဖြစ်ဖွယ်တို့ကို ဖော်ထုတ်နိုင်ရန် မေးမြန်းစုံစမ်းကြည့်ရပြန်သည်။ စုံစမ်းမေးမြန်းခြင်းမှာ အကျိုးမဲ့မဖြစ်ပါချေ။ အမှုဖြစ်ပွားသည့်နေ့က နုကြည့်နွားကျောင်းသည့် ယာခင်းအနီးသို့ ရောက်လာသည့် လူတစ်ယောက်ကို ဖော်ထုတ်ရရှိနိုင်ခဲ့သည်။ ထိုသူမှာ ဤရွာသား တင်ဖေဆိုသူပင် ဖြစ်သည်။ နောက်တစ်နေ့တွင် ရွာသားတင်ဖေအားခေါ်၍ စစ်ဆေးမေးမြန်းခဲ့လေတော့သည်။

"ငါ့ညီ အခင်းဖြစ်တဲ့နေ့က နုကြည်နွားကျောင်းတဲ့ ယာခင်းနားကို မင်းရောက်ခဲ့တယ် မဟုတ်လား"

စခန်းမှူး၏ မေးခွန်းကြောင့် တင်ဖေ မျက်နှာတစ်ချက် ပျက်သွားသည်။ နောက်မှ –

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်တော် အဲဒီယာခင်းကိုတော့ မဝင်ခဲ့ပါဘူး။ ဟို ... အဲဒီနားကတော့ ဖြတ်သွားမိခဲ့ပါတယ်"

"ဒါဖြင့် မင်းက ဘာကိစ္စနဲ့ အဲဒီယာခင်းနားက သွားခဲ့ရတာလဲ။ မင်းဖြတ်သွားစဉ်မှာ ယာခင်းထဲက ဘာသံကြားမိသေးလဲ။ သေချာစဉ်းစားပြီးတော့ ပြောနော်"

"ကြက်သွန်စိုက်ရာသီ ရောက်တော့မှာမို့ မောင်းရေတွင်းကိုဆယ်ဖို့ သွားကြည့်တာပါ။ ညနေခင်းရောက်မှ ရွာကို ပြန်လာခဲ့ပါတယ်"

တင်ဖေကို ကြည့်ရသည်မှာ ရဲတပ်ဖွဲ့၏ အမေးအမြန်းကို ခံရသဖြင့် ယောင်နန ဖြစ်နေပုံပေါ်သည်။ စခန်းမှူးက အတွေ့အကြုံရှိသူပီပီ တင်ဖေမျက်နှာအား စူးစိုက်ကြည့်ကာ ဆက်၍ မေးခွန်းထုတ်လိုက်လေ၏။

"ညနေပိုင်းမှာ မင်း ရွာပြန်လာတုန်း နုကြည်နွားကျောင်းတဲ့ ယာခင်းနားအရောက်မှာ ဘာသံညာသံ တစ်စုံတစ်ရာ မသင်္ကာစရာအသံများ ကြားမိတာရှိလား"

"ကျွန်တော်က ရွာရောက်ချင်စောနဲ့ ပြန်လာလို့လားမသိပါဘူး ဆရာရယ်။ ဘာသံမှလည်း မကြားမိပါဘူးခင်ဗျာ"

"စဉ်းစားကြည့်ပါဦးလေ။ ဒီအမှုက လူသတ်မှုဖြစ်နေတော့ အရေးကြီးတဲ့ သဲလွန်စ တစ်ခုခုကို ရှာတွေ့နိုင်ဖို့ အရေးကြီးတယ်လေ"

'လူသတ်မှု' ဆိုလိုက်သည်နှင့် တင်ဖေမျက်နှာ တစ်မျိုးပြောင်းသွားဟန် ရှိသည်။ ထိုအချက်အား စခန်းမှူးက သတိထားလိုက်မိပါ၏။

"အမှုကြီးတစ်ခုအပေါ် ကိုယ်သိထားတဲ့ အချက်တစ်ခုခုကို မပြောဘဲ ထိမ်ချန်ထားမယ်ဆိုရင် ပြစ်မှုရောက်တယ်ဆိုတာ ညီလေး သဘောပေါက်နားလည်ဖို့ လိုလိမ့်မယ်ထင်တယ်။ ရွာထဲနဲ့ ယာတောဆိုတာ အသွားအလာ များတတ်ကြတဲ့ သဘာဝရှိတတ်ကြပါတယ်။ သေသေချာချာ စဉ်းစားကြည့်ပါဦးလေ"

"ဟုတ်ကဲ့ ... ဆရာပြောလိုက်မှ ကျွန်တော် ပြန်စဉ်းစားကြည့်မိတယ်။ လူတစ်ယောက်ကိုတော့ တွေ့လိုက်မိသလိုပဲ။ ဘယ်သူလဲဆိုတာကို စဉ်းစားမရအောင် ဖြစ်နေတယ်"

"အေး ... ဖြည်းဖြည်းစဉ်းစားကြည့်ရင်း မင်းသတိရလာမှာပါ။ သေသေချာချာ စဉ်းစားကြည့်ပါဦး"

သဲလွန်စတစ်ခုကို ရှာဖွေရာ၌ လောကြီး၍ မဖြစ်။ စိတ်ရှည်ရှည်ထားဖို့ လိုအပ်ပါသည်။ ထို့ကြောင့် မျှော်လင့်ချက်ရှိနေခြင်းအပေါ် ပြန်လည်မြင်ယောင်လာအောင် စဉ်းစားချိန်ပေးရင်း စောင့်နေလိုက်ပါလေ၏။ ခဏအကြာမှာပင် တင်ဖေ့မျက်လုံးထဲ၌ တစ်စုံတစ်ရာအား ပြန်လည်စဉ်းစားမြင်ယောင်လာဟန်ဖြင့် –

"ဩော် ... စဉ်းစားမိပြီ ဆရာ။ ကျွန်တော်အိမ်မပြန်ခင်လေးတင် ရွာတံခါးပေါက်ဘက်ကို ခပ်သုတ်သုတ်သွားနေတဲ့ လူတစ်ယောက်ကို လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရပါတယ်''

"အေး ... သူ ဘယ်သူလဲဆိုတာ မင်း သိလိုက်တယ်မဟုတ်လား။ ပြောပြစမ်းပါဦး''

တင်ဖေက ကြာကြာစဉ်းစား မနေတော့ပါ။ ခပ်သွက်သွက်ပင် ပြန်ဖြေလိုက်ပါလေ၏။

"ဟုတ်ကဲ့ ... သိပါတယ်။ အဲဒီလူကတော့ မောင်ကံကောင်းပါ။ ဒီရွာက မောင်ကံကောင်းပါ ဆရာ''

တင်ဖေထံမှ အဖြေတစ်ခုကို ရလာပြီမို့ အမှုစစ်ရဲများမှာ အားတက်သွားရပြန်သည်။ အမှုတစ်ခုတွင် တွေ့ရာမြင်ရာ၊ ကြားရာတို့အား အကွက်စေ့စေ့ မေးမြန်းစုံစမ်း၍ တွေးခေါ်ဆင်ခြင်ကြည့်ခြင်းဖြင့် အမှုမှန်ပေါ်ပေါက်အောင် ဖော်ထုတ်ကြရသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်နှင့် ဝတ္တရားများပင် မဟုတ်ပါလား။ အမှုနှင့်ပတ်သက်သော သဲလွန်စတစ်ခုကိုရလိုက်ရသဖြင့် တင်ဖေအား အမှုမပြီးသေးခင် ခရီးဝေးမထွက်ဘဲ ကူညီရန်ပြောကြားကာ ပြန်လွှတ်လိုက်လေသည်။ ထို့နောက် သေဆုံးသူဖြင့် အတူနေသူ ဦးခင်ပန်နှင့် ဒေါ်သိန်းမြတို့ကို သွားတွေ့ရပြန်သည်။

"မရှိသေ့စကား သေဆုံးသူ မနုကြည်မှာ ချစ်ကြိုက်တဲ့ သမီးရည်းစားများ ရှိတယ်ဆိုတာ ကြားသိထားတာများ ရှိသလားဆိုတာ သိပါရစေ''

"အမယ်လေး .. ဗိုလ်ကြီးရယ်။ ကျုပ်မြေးလေးက ရှုးတူးပေါတောလေးပါရှင်။ ကျုပ်မြေးလေးက ဒီလိုစိတ်မျိုး မရှိပါဘူးတော်။ သူ့ကိုကြိုက်မယ့်သူလည်း ရှိမယ်မထင်ပါဘူးရှင်။ သူက အရွယ်လေးရောက်နေပေမယ့် ကလေးစိတ် မပျောက်သေးပါဘူးတော်။ တစ်ရွာလုံးကလည်း သိကြပါတယ်။ မယုံရင် မေးကြည့်နိုင်ပါတယ် ဗိုလ်ကြီးရယ်''

ဒေါ်သိန်းမြက ခါးခါးသီးသီးပင် ပြန်ဖြေပါလေ၏။ သူ့မြေးအတွက် မေးသည့်မေးခွန်းအပေါ် သိပ်ကျေနပ်ပုံမရပါချေ။ ထို့ကြောင့် ထိုကိစ္စနှင့် ပတ်သက်၍ မမေးတော့ဘဲ တခြားမေးခွန်းကို လှည့်မေးကြည့်ရပြန်သည်။

"ဒီလိုဆိုရင် ခင်ဗျားတို့နဲ့ အခန့်မသင့်၊ စကားမပြောတဲ့လူများ ရှိသလား။ ခင်ဗျားတို့နဲ့ မဟုတ်တောင် အထူးသဖြင့် နုကြည်နဲ့ စကားများဖူးတာများ ရှိခဲ့သလားဆိုတာ စဉ်းစားကြည့်စမ်းပါလား''

ထိုမေးခွန်းကြောင့် ဦးခင်ပန်တို့ လင်မယားနှစ်ယောက် တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။ မိမိတို့ သိထားသည်ကို ပြန်လည်စဉ်းစားကြရန် လှုံ့ဆော်သည့် အကြည့်မျိုးပင် ဖြစ်သည်။ နှစ်ယောက်သား တွေးနေကြပုံလည်းရသည်။ ခဏကြာတော့ ဒေါ်သိန်းမြထံမှ အသံထွက်ပေါ်လာတော့သည်။

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတော့ နုကြည် နွားကျောင်းကအပြန်မှာ ပြောဖူးတာတစ်ခုတော့ ရှိတယ်''

မေးပါများတော့ စကားရလာချေပြီတည်း။ ဦးခင်ပန်က သူ့ဇနီး ပြန်ပြောပြမည့်စကားကို နားစွင့်နေဟန်ပင်။ ရဲအရာရှိက စကားကို ကျောင်းပေးလိုက်ပါလေ၏။

"ကဲ ... ဒါဆိုလည်း ဆိုစမ်းပါဦး။ နုကြည်က ဘာများပြောဖူးသလဲဆိုတာ''

"ရဲအရာရှိကြီးမေးမှ ကျုပ်လည်း စဉ်းစားမိတာ။ အဲဒီတုန်းကတော့ အလေးမထားခဲ့ပါဘူး။ သူက ရှုးတူးပေါတောဆိုတော့ မေ့တောင်နေတာ''

"မင်း သိထားတာဆိုလည်း ပြောပြလိုက်လေကွာ။ နုကြည်က မင်းကို ဘာပြောသွားလို့လဲ''

"ဒါကလည်း မဖြစ်နိုင်ပါဘူးတော်။ သူကသာ ကောင်လေးကို အပြစ်တင်ပြောနေတာ။ အဲဒီကောင်လေးက သူတို့ဖြစ်ခဲ့ကြတာကို အမှတ်ထားမိပုံ မပေါ်ပါဘူးလေ။ သူသေလို့ ရွှေထည့်ပွဲမှာတောင် စိတ်မကောင်းလို့ ကူညီညာပြီး လာလုပ်ပေးခဲ့သေးတာ''

"ဟုတ်ကဲ့ ... ကျွန်တော်တို့ကလည်း အရမ်းကာရောနဲ့ ဖမ်းလားဆီးလားမလုပ်ပါဘူးဒေါ်ဒေါ်။ အမှုရဲ့အသွားအလာကို အကျိုးအကြောင်း ဆက်စပ်ကြည့်ရဦးမှာပါ။ မမျှော်လင့်တဲ့ စကားတစ်လုံးဟာ အမှုအတွက် တစ်နေရာရာမှာ အထောက်အကူပြုတတ်တာမို့ နုကြည်နဲ့ပတ်သက်တာ မှန်သမျှကို မေးမြန်းကြည့်နေတာပါ။ ကဲ ... ပြောပါဦး။ နုကြည်နဲ့ ဘယ်သူနဲ့ ဘယ်တုန်းက ဘာဖြစ်ခဲ့ကြသလဲဆိုတာ''

"ရွာအရှေ့ပိုင်းက ကိုဘသော်တို့ လင်မယားက ကျုပ်တို့မြေကွက်ကို ကြက်သွန်စိုက်ဖို့ ဒီနှစ်အတွက် ငှားထားတာလေ။ သူတို့ငှားထားတဲ့ မြေကွက်ထဲကို နုကြည်က ကြက်သွန် မစိုက်ခင် နွားသွားကျောင်းတာပေါ့။ အဲဒါကို ကိုဘသော်ရဲ့သားက မကြိုက်ဘူးဆိုပါတော့ ဆရာကြီးရယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဲဒီကောင်လေးနဲ့ နုကြည်တို့ တစ်ယောက်တစ်ခွန်း စကားများကြတယ် ထင်ပါတယ်။ ရေး

www.burmeseclassic.com

ကြီးခွန်းကျယ်လည်း မဟုတ်ပါဘူး တော်။ ကလေးချင်းဖြစ်တဲ့ သဘောပါ။ ဒါကို နုကြည်က မကျေမချမ်းဖြစ်ပြီး မိန်းကလေးလည်းဖြစ်ပြန်၊ ရှူးတူးတူး ပေါတောတောဆိုတော့ ဆဲလားဆိုလား လုပ်ကြရင်း ဖြစ်ခဲ့ကြတာပေါ့နော်''

''နုကြည်နဲ့ စကားများတဲ့ ကောင်လေးက ဘယ်သူတဲ့လဲ''

''ဩော် ... ကိုဘသော်ရဲ့သားလေးနာမည်က မောင်ကံကောင်းတဲ့''

အမှုလိုက်ရဲအုပ် စိတ်ထဲ၌ ကျေနပ်အားရသလို ခံစားလိုက်မိသည့်ဖြစ်ခြင်းရယ်လေ။ အစရှာရ ခက်နေလိမ့်မည်ဟု တွက်ဆထားသော ပုစ္ဆာတစ်ပုဒ်အတွက် အဖြေထွက်ရန် လမ်းစပေါ်လာခဲ့ချေပြီပဲ မဟုတ်ပါလား။

* * *

(၃)

''မင်းက ဦးဘသော်ရဲ့သား မောင်ကံကောင်းဆိုတာ မဟုတ်လား''

ဒေါ်သိန်းမြ၏ နောက်ဆုံးထွက်ဆိုချက်အရ မောင်ကံကောင်းဆိုသူကို ခေါ်တွေ့ မေးမြန်းခဲ့ရပြန်သည်။ မောင်ကံကောင်းမှာ အသက်အရွယ်အားဖြင့် ၂၀ ခန့်မျှ ရှိမည်ထင်သည်။ ရုပ်ရည်သန့်ပြန့်၍ ကြံ့ခိုင်နှင့် တည်တည်ငြိမ်ငြိမ်ပင်။

''အခင်းဖြစ်တဲ့နေ့ ညနေပိုင်းလောက်မှာ မောင်ကံကောင်း ရွာအပြင်ဘက်က ပြန်လာတာကို တွေ့မြင်လိုက်ရတယ် ပြောတယ်။ အဲဒါ မောင်ကံကောင်း ဘယ်ကပြန်လာတယ်ဆိုတာ ပြောပြပါလား''

''ကျွန်တော် အဲဒီရက်က ရွာအပြင် မထွက်မိပါဘူး။ အိမ်မှာပဲ ရှိနေပါတယ်''

ထွက်ပေါ်လာသည့် လေသံက ပုံမှန်ဆိုသော်ငြား မျက်နှာထားကတော့ ပြောင်းလဲသွားသည်ကို သတိထားလိုက်မိသည်။

''ကောင်းပြီနော် ... မောင်ကံကောင်း။ အဲဒီရက်က အိမ်မှာပဲ ရှိနေတယ်ဆိုတာကို သက်သေပြနိုင်ပါ့မလား''

''ကျွန်တော် အိမ်ထဲမှာ ရှိနေတုန်း ဘယ်သူမှ သွားတာလာတာ မရှိတော့ ဘယ်မှာသက်သေပြနိုင်ပါ့မလဲ''

''အေး ... မောင်ကံကောင်း ရွာအပြင်ကနေ ရွာထဲပြန်လာတာကို တွေ့မြင်တဲ့လူ ရှိနေတယ်ဆိုရင် ... မောင်ကံကောင်း ငြင်းချင်သလား''

အမှုလိုက်ရဲအုပ်စကားကြောင့် မောင်ကံကောင်းမှာ ငြိမ်သက်တွေဝေသွားတော့သည်။ ဆိတ်ဆိတ်နေခြင်းမှာ ဝန်ခံခြင်းပင် မဟုတ်ပါလား။ ထို့ကြောင့် စခန်းသို့ ဆက်လက်မေးမြန်းစရာရှိသည်ဟုဆိုကာ မောင်ကံကောင်းအား ရဲစခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ရဲစခန်းသို့ ရောက်သည့်တိုင်အောင် မောင်ကံကောင်းမှာ ဟန်မပျက်နေနိုင်သူတစ်ဦးဟုပင် ဆိုရချိမ့်မည်။ အမှုလိုက်ရဲအုပ်နှင့် မျက်နှာချင်းဆိုင်လိုက်သည် ဆိုလျှင်ပင် သူက စတင်မေးခွန်းထုတ်လေတော့သည်။

''ကျွန်တော့်ကို ရဲစခန်းထိခေါ်ပြီး မေးမြန်းစစ်ဆေးရအောင် ကျွန်တော့်မှာ ဘာပြစ်မှုများ ကျူးလွန်ခဲ့လို့လဲ။ အကြောင်းမရှိဘဲ အချိန်ကုန်မခံချင်ဘူး။ မေးစရာရှိရင်လည်း မေးကြပါဆရာ။ ကျွန်တော့်မှာ လုပ်ရာအလုပ်တွေ ရှိနေပါတယ်။ ရွာကိုပြန်ပါရစေတော့ဗျာ''

''ဖြည်းဖြည်းပေါ့ မောင်ကံကောင်းရယ်။ မင်းကို ရဲစခန်းထိ ခေါ်လာခဲ့တာကို တကယ်မသိဘူးလား။ တို့မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က လူဆိုးတစ်ယောက် လွတ်မြောက်သွားတာထက် အပြစ်မရှိတဲ့ လူကောင်းတစ်ဦးကို အပြစ်မရှိဘဲ ဖမ်းဆီးအပြစ်ပေးရိုး မရှိကြပါဘူး။ ခုလောက်ပြောရင် ... မောင်ကံကောင်းကို ရဲစခန်းကို ခေါ်လာခဲ့ရတဲ့အကြောင်းကို သဘောပေါက်မယ်ထင်ပါတယ်''

ထိုစကားက မောင်ကံကောင်း၏ အရိုက်အား လက်သီးဖြင့် ထိုးလိုက်ဘိသို့ မျက်နှာကွက်ခနဲ ပျက်သွားလေတော့၏။ သို့ပေမင့် သူက ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ပြန်လည်ပြောလိုက်ပြန်သည်။

''ဩော် ... ဒါဆို ကျွန်တော်သိလိုက်ပါပြီ ဆရာရယ်။ ကျွန်တော့်ကို နုကြည်အသတ်ခံရတဲ့ကိစ္စနဲ့ သင်္ကာမကင်းဖြစ်လို့ ဖမ်းဆီးခေါ်ဆောင်လာတယ်ဆိုရင်တော့ ဆရာတို့ ရေလိုက်လွဲနေပြီနဲ့ တူတယ်။ ကျွန်တော်တို့က တစ်ရွာတည်းသားတွေပါဗျာ။ နုကြည် ခုလိုဖြစ်သွားရတာကိုတောင် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ တကယ်တော့ နုကြည်ဟာ သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ ဆရာရယ်။ ကျွန်တော်တို့အနေနဲ့လည်း နုကြည်သတ်တဲ့ တရားခံကို အမြန်ဆုံး ဖမ်းစေချင်ကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အကူအညီပေးဖို့ အသင့်ပါပဲ ဆရာ''



www.burmeseclassic.com

www.burmeseclassic.com

မောင်ကံကောင်းက တကယ့် စိတ်မချမ်းမြေ့ဟန်ဖြင့် ပြောပြနေသည်။ မောင်ကံကောင်းကို ကြည့်၍ အမှုလိုက်ရဲအုပ်က သွေးအေးသော လူတစ်ယောက်ဟုသာ မှတ်ချက်ချလိုက်လေတော့သည်။ နောက်ပြီးမှ တည်ငြိမ်သော လေသံဖြင့် –

"မောင်ကံကောင်းနဲ့ နုကြည်တို့က တစ်ရွာတည်းသားတွေဆိုတော့ သံယောဇဉ် ရှိကြမှာပေါ့နော်။ နုကြည်ကိုကြိုက်တဲ့ရွာသား ဘယ်သူဆိုတာကိုကော မင်းသိထားတာ ရှိသလား"

"အို ‥ ဆရာကလည်း နုကြည်က အရွယ်လေးရှိပေမယ့် သူက ရုပ်ဆိုးပေါ်တောလေးဆိုတော့ ဘယ်သူက ကြိုက်မှာလဲဆရာရယ် ‥ ဟဲဟဲ"

"ဒါဖြင့် နုကြည်ကိုသတ်သွားတဲ့ တရားခံက ရုပ်ဆိုးပေါ်တောလေးဆိုပြီး သနားစိတ်မထားဘဲ ဘာဖြစ်လို့ ကျင့်ကြံပြီး သတ်ဖြတ်ခဲ့တာကို မောင်ကံကောင်း ဘယ်လိုထင်မြင်ချက် ပေးချင်သလဲဆိုတာ ပြောပြနိုင်မလား"

ထိုမေးခွန်းကိုတော့ မောင်ကံကောင်းက ချက်ချင်း အဖြေမပေးပါ။ စဉ်းစားဟန်ပြုပြီးမှ ပြောသည်။

"ဒါကတော့ ‥‥ ဆရာရယ်။ နုကြည်က ပေါ်တောတောဆိုပေမယ့် အရွယ်လေးက ရောက်နေပြီလေ။ မသမာတဲ့ကောင်တစ်ကောင်က အချိုသတ်ချော့မော့ သွေးဆောင်ဖြားယောင်းပြီးမှ လူသိမခံချင်လို့ လည်ပင်းညှစ်သတ်ခဲ့တာ နေမှာပေါ့ဆရာ"

အမှုလိုက်ရဲအုပ်က အပြုံးတစ်ချက်ကို မသိမသာ ဖွင့်လိုက်မိသည်။ နောက်ပြီးမှ မေးခွန်းတစ်ခုကို ဆက်၍ မေးကြည့်လိုက်ပြန်သည်။

"မောင်ကံကောင်းကသာ နုကြည်ကို တစ်ရွာတည်းသားမို့ သံယောဇဉ်ရှိတယ်ဆိုပြီး လွန်ခဲ့တဲ့နှစ်ပတ်လောက်က ဘာအကြောင်းနဲ့ စကားများပြီး ရန်ဖြစ်ခဲ့ကြရတာလဲ။ မင်းတို့နှစ်ယောက် ရန်ဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး နုကြည်က မကျေမချမ်းဖြစ်ပြီး သူ့အမေကြီးကို တိုင်ပြောဆိုပဲ။ ဘာအကြောင်းကြောင့် ရန်ဖြစ်ခဲ့ကြသလဲဆိုတာ ပြောပြပါလား"

မထင်မှတ်သော မေးခွန်းကြောင့် မောင်ကံကောင်း၏ ကိုယ်ခန္ဓာမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့၏။ မျက်နှာလည်း ပျက်သွားဟန်ရှိသည်။ အတန်ကြာလေမှ စဉ်းစဉ်းစားစားဖြင့် ပြန်ဖြေပါလေသည်။

"ဩော် ‥‥ နုကြည်နဲ့ ကျွန်တော် စကားများကြတယ်ဆိုတာ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး ဆရာ။ နောက်ရင်း ပြောင်ရင်းနဲ့ ဖြစ်ခဲ့ကြတာပါ။ ကျွန်တော့်စိတ်ထဲမှာ မေ့ပျောက်သလောက်တောင် ဖြစ်နေပါပြီလေ"

မောင်ကံကောင်းမှာ ထိုစကားကို ရယ်ရယ်မောမောနှင့်ပင် ပြောပြနေခြင်း ဖြစ်ပါ၏။ သို့စဉ်တွင် သူ့မျက်နှာတွင် စိုးရိမ်မှုပုံရိပ်က ပေါ်လွင်နေချေသည်။ သည်တစ်ခါတော့ အမှုလိုက်ရဲအုပ်၏ မျက်နှာမှာ တင်းမာသွားသယောင် ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရတော့သည်။ မျက်နှာအသွင်အပြင် ပြောင်းလဲသွားသကဲ့သို့ အသံလေယူလေသိမ်းကလည်း မာကျောသလိုလို ‥‥။

"အေး ‥‥ ခုတော့ ဒီအမှုက ရှင်းလင်းသင့်သလောက် ရှင်းလင်းသွားပြီလို့ ဆိုရတော့မှာပေါ့။ ပိုပြီး ရှင်းသွားအောင် စောစောက မပြီးပြတ်သေးတဲ့ မေးခွန်းကိုပဲ ဆက်မေးကြည့်ရုံ ကျန်ပါတော့တယ်။ အခင်းဖြစ်တဲ့ အဲဒီနေ့ညနေ ၃ နာရီလောက်မှာ မောင်ကံကောင်း ရွာအပြင်ကနေ ရွာထဲကို ခပ်သုတ်သုတ်နဲ့ ဝင်သွားတာကို တွေ့မြင်လိုက်တဲ့သူက ;တ်အားဖြင့်လည်း တို့ကိုထွက်ဆိုသွားပြီးပြီ။ သူက မင်းရှေ့မှာ ထုတ်ဖော်ပြောရမှာကို မျက်နှာပူလို့ဆိုပြီး စာနဲ့ရေးပြီး ထွက်ဆိုထားတာ ရှိနေတယ်။ ဒီစာကို မင်းဖတ်ကြည့်လိုက်ပါဦး။ နောက်ပြီးမှ ဆက်စကားပြောကြတာပေါ့"

ရဲစာရေးက စားပွဲအံဆွဲအတွင်းမှ စာရွက်ခေါက်လေးတစ်ခုကို ထုတ်ယူ၍ မောင်ကံကောင်းလက်ထဲသို့ လှမ်းပေးလိုက်ရင်း –

"စာကို အကုန်ကြားနိုင်အောင် အသံထွက် ဖတ်ပြလိုက်ပါ"

မောင်ကံကောင်းက စာရေးကြီး ပြောသည့်အတိုင်း စာရွက်ကိုဖြန့်ကာ အသံထွက်၍ ဖတ်လိုက်ပါသည်။

"*တာဝန်ရှိ စခန်းမှူးကြီးခင်ဗျား မနုကြည် အသတ်ခံရမှုနှင့် ပတ်သက်၍ ရွာသူရွာသားများအား ဒုက္ခမဖြစ်စေလိုသဖြင့်လည်းကောင်း၊ လူချင်းရင်းနှီးနေသော သူ့အား မသိစေလိုသဖြင့်လည်းကောင်း ယခုကဲ့သို့ စာရေးသား၍ ပေးပို့အကြောင်း ကြားလိုက်ရခြင်း ဖြစ်ပါသည်ခင်ဗျား။ မောင်ကံကောင်းအား ခေါ်ယူမေးမြန်းခြင်းဖြင့် တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်လိမ့်မည်ဟု အကြံပြုလိုက်ရပါသည် ခင်ဗျား။*

***တရားခံအစစ်အား***

***အတွင်းသိသူတစ်ဦး***

www.burmeseclassic.com

စာကို အသံထွက်ဖတ်နေရာမှ မောင်ကံကောင်းက အသံတိမ်ဝင်သွားစွာဖြင့် အဆုံးသတ်လိုက်လေတော့သည်။ သူ့မျက်လုံးများက စာရွက်ကို တစ်လှည့် ရဲအရာရှိကိုတစ်လှည့် လှမ်းကြည့်လိုက်ပါလေ၏။ ထို့နောက်တွင် သူ၏မျက်စိအကြည့်အာရုံမှာ ရဲစခန်းရုံး၏အပေါ်တွင် ရေးသားချိတ်ဆွဲထားသော ဆိုင်းဘုတ်ဆီသို့ ရောက်ရှိသွားလေတော့၏။

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ"

"ရဲနှံ့ပြည်သူလက်တွဲကူ ဒုစရိုက်ဟူသမျှ ဖော်ထုတ်ကြ"

"ရာဇဝတ်ဘေး ပြေး၍မလွတ်"

မောင်ကံကောင်းနည်းတူ အမှုလိုက်ရဲအုပ်၏ မျက်လုံးများကလည်း ထိုစာကြောင်းများပေါ်သို့ ရောက်ရှိသွားသည်။ ထို့နောက်မှ မောင်ကံကောင်းကိုကြည့်ရင်း အောင်မြင်လေးနက်သော လေသံမျိုးဖြင့် ပြောလိုက်ပြန်သည်။

"မင်း ...ဝန်ခံမယ် မဟုတ်လား မောင်ကံကောင်း။ တကယ်တော့ စောစောက မင်းပြောခဲ့တဲ့ စကားတစ်လုံးက မင်းဟာ တရားခံဆိုတာ ဝန်ခံသွားပြီး ဖြစ်နေခဲ့ပါပြီကွာ"

"ခင်ဗျာ ...စောစောက ကျွန် ကျွန်တော် ဘာများပြောခဲ့မိလို့လဲ ဆရာ"

"အေး ...လူဆိုတာ သတိမမူ ဂူမမြင်ဆိုသလိုပေါ့ကွာ။ တစ်ရွာလုံးက နုကြည်ဟာ မတရားပြုကျင့်ခံရပြီးမှ အသတ်ခံလိုက်ရတယ်ဆိုတာကိုပဲ သိထားကြတာလေ။ ဘယ်သူကမှ လည်ပင်းညှစ် အသတ်ခံရတယ်ဆိုတာ သိမထားကြဘူးလေ။ တို့တောင် ဆရာဝန်ရဲ့ ဆေးစစ်ချက်ဖတ်ရပြီးမှ သိခဲ့ကြရတာကွယ့်။ အဲဒါကို မောင်ကံကောင်းက နုကြည်ဟာ မတရားအကျင့်ခံရပြီးမှ လည်ပင်ညှစ် အသတ်ခံရတယ်လို့ ပြောသွားတဲ့စကားက မင်းကိုယ်တိုင် နုကြည်ကို လွန်ခဲ့တဲ့ နှစ်ပတ်လောက်က စကားများရန်ဖြစ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်လို့ မကျေမချမ်းဖြစ်ပြီး အခွင့်သာတဲ့အဲဒီနေ့က နုကြည်ကို မတရားကျင့်ကြံပြီး လည်ပင်းကိုညှစ်သတ်ခဲ့တယ်ဆိုတာ ပေါ်လွင်ထင်ရှားနေတဲ့ စကားတစ်လုံးဖြစ်နေလို့ပါပဲ မောင်ကံကောင်း။ ကဲ ...ဘယ့်နှယ့်လဲ။ မင်းတို့မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ကူညီမယ် မဟုတ်လား။ လုပ်ရဲရင် ခံရဲမှ ယောကျ်ားကွ။ မောင်ကံကောင်း အမှန်ကို ဝန်ခံမယ် မဟုတ်လား"

အမှုလိုက်ရဲအုပ်၏ စကားသံက အောင်မြင်စွာ လှို့ဆော်မှုဖြင့် လွှမ်းမိုးနေသည်။ မောင်ကံကောင်းက သူ့ကို စစ်ဆေးဖော်ထုတ်နေသော ရဲအရာရှိအား စူးစိုက်ကြည့်နေတော့သည်။ သူ ပြန်ပြောရမည့်စကားလုံးကို ရှာဖွေနေပုံပေါ်သည်။ ခဏကြာမှ ခိုင်မာသော ဆုံးဖြတ်ချက်ကို ဂျူလိုက်ဟန်ဖြင့် လေးတွဲစွာဖြင့် ထွက်ပေါ်လာတော့၏။

"ဟုတ်တယ် ဆရာ။ ကျွန်တော် နုကြည်ကို မတရားကျင့်ကြံပြီး လည်ပင်းကို ညှစ်သတ်ခဲ့မိပါတယ် ဆရာ"

***

(၄)

"လွန်ခဲ့တဲ့ တစ်ပတ်ကျော် နှစ်ပတ်လောက်ကပေါ့ဆရာ"ဟု အစချီကာ မောင်ကံကောင်းက ပြန်လည်ပြောပြပါတော့သည်။ မောင်ကံကောင်း၏ ဖွင့်ဟဝန်ခံချက်များကို ရဲစာရေးကြီးမှ လိုက်၍ ရေးမှတ်နေပေသည်။

"အဲဒီမတိုင်ခင်ရက်က တောသွားရင်းနဲ့ ကျွန်တော်တို့ငှားထားတဲ့ ဦးခင်ပန်၊ ဒေါ်သိန်းမြတို့ မြေကွက်ဆီကို သွားကြည့်ဖို့ စိတ်ကူးပေါက်လာတာနဲ့ လှည့်သွားလိုက်မိတယ် ...။ အကြောင်းကတော့ ကြက်သွန်စိုက်ဖို့အတွက် ပြင်ဆင်စရာရှိတာကို ပြင်ဆင်ဖို့ဆိုပါတော့ ဆရာ"

မောင်ကံကောင်းက သူ့စကားကို ခဏနားပြီးမှ ဆက်ပြောပြန်ပါသည်။

"ယာခင်းရောက်တော့ မမျှော်လင့်ဘဲ နုကြည်က ယာခင်းထဲမှာ သူ့နွားတွေ ကျောင်းနေတာကို တွေ့လိုက်ရတယ် ဆရာ။ ဒါနဲ့ ကျွန်တော်က ယာခင်းထဲကို နွားမကျောင်းဖို့ နုကြည်ကို ပြောတာပေါ့။ ဒီလောက်များတဲ့ နွားတွေကို ယာခင်းထဲမှာ နေ့စဉ်ရက်ဆက် ကျောင်းနေရင် မြေတွေကျစ်ပြီး ကြက်သွန်စိုက်ရာမှာ အခက်အခဲတွေ့မှာမို့ ကျွန်တော်က တားမိတာပါဆရာ။ နုကြည်က ကျွန်တော် ပြောတာကို အလေးမမူဘဲ ကျွန်တော့်ကို ရန်ထောင်ပြီး ဆဲရေးတိုင်းထွာ "ကိုယ့်ယာခင်းထဲကိုယ် နွားကျောင်းတာ ဘာဖြစ်လဲ။ ဘယ်သူ့ကိုမှ အ စိုက်စရာ မလိုဘူး။ တိုင်ချင်ရာသွား တိုင်"လို့ပြောလို့ တစ်ယောက်နဲ့တ ယောက် စကားများကြတော့တာပေါ့ ဆရာ"

မောင်ကံကောင်းမှာ သူ့ ကို ရပ်လိုက်ပြန်သည်။ သူ့မျက်နှာ စောစောကလို မဟုတ်တော့။ အနည်း



www.burmeseclassic.com

www.burmeseclassic.com

ငယ်တော့ ညှိုးလျော်သွားဘိသို့ပင် ခဏအကြာမှ ဆက်ပြောပြန်သည်။

"အစပထမတော့ ကျွန်တော့် စိတ်ထဲ ဘယ်လိုမှ သဘောမထားမိရိုး အမှန်ပါ ဆရာ။ ဒါပေမယ့် အခင်းဖြစ်တဲ့နေ့က ...''

မောင်ကံကောင်း ပြောသည့်အတိုင်းသာ မှန်ကန်မည်ဆိုလျှင်တော့ နုကြည်၏ ကျပ်မပြည့်မှုက တွေးခေါ်ဆင်ခြင်ခြင်းမရှိတော့ဘဲ ထင်ရာကို စွတ်လုပ်လိုက်သည့်အဖြစ်က သူ့ဘဝကို နိဂုံးချုပ်စေခြင်း ကြုံတွေ့လိုက်ခြင်း ပါတကား။

"ကျွန်တော့် မျက်လုံးတွေလည်း ပြာဝေသွားပြီး လက်သီးနဲ့ သူ့ကို ဆက်တိုက်ဆိုသလို ထိုးချလိုက်မိတာကို သတိရတော့ နုကြည်ဟာ ကျွန်တော့်ခြေရင်းမှာ ပါးစပ်က သွေးတွေထွက်တာကို လက်ဖဝါးနဲ့ သုတ်ရင်းက သူကြီးကို သွားတိုင်မယ်လို့ပြောပြီး ငိုနေလို့ သူကြီးကို မတိုင်ဖို့ ချော့မော့ပြောတာကို နုကြည်က လက်မခံဘဲ ထသွားမယ်လုပ်တာနဲ့ ကျွန်တော်လည်း မထူးတော့ဘူးဆိုပြီး သူ့ကို တွန်းလှဲချလိုက်မိတယ် ဆရာ။ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တော့ ဘယ် သူ့ကိုမှ မမြင်တာနဲ့ သူ့ကို ပြောင်းခင်းထဲ ဆွဲခေါ်ပြီး ...''

"ကဲ ... ကဲ ... ဒီလောက်ဆို တော်ပါပြီ။ ထပ်ပြောမယ့် မင်းရဲ့ထွက်ဆိုချက်ကို စာရေးကြီးကို အဆုံးထိ ပြောပြ။ သူဖတ်ပြတာကို နားထောင်ပြီးရင် လက်မှတ်ထိုးလိုက်ပေါ့ မောင်ကံကောင်း ကြားလား''

ပြောသည့်အတိုင်း ဆောင်ရွက်ပြီးသည်နှင့် မောင်ကံကောင်းအား အချုပ်တွင်းသို့ သွင်းလိုက်ကာ ပုဒ်မ (၃၀၂) (၃၇၆)ဖြင့် တရားစွဲဆိုရန်အတွက် ပြင်ဆင်ရတော့မည်ဖြစ်ပါသည်။ မောင်ကံကောင်းအဖြစ်မှာ မဖြစ်သင့်သည့် အကြောင်းတရားမျှသာ ဖြစ်ပါချေ၏။ စင်စစ် နုကြည်၏ စဉ်းစားဆင်ခြင်မှုကင်းသော ကျပ်မပြည့်သည့် အကြောင်းတရားသည်လည်းကောင်း၊ မောင်ကံကောင်း၏ ရည်ရွယ်ချက်မရှိသော်ငြား ဆင်ခြင်မှုကင်းမဲ့သော ဒေါသတရား အမှောင်အမှားကြောင့်လည်းကောင်း စိတ်မချမ်းမြေ့ဖွယ် အဖြစ်မျိုးဖြင့် ကြုံခဲ့ရသည့် မှုခင်းတစ်ပုဒ်သာ ဖြစ်ပေသည်။ သို့ပေမင့် တရားဥပဒေကား မည်သူ့ကိုမျှ ဘက်မလိုက်။ အမှန်တရားကိုသာ ဆုံးဖြတ်ရမည်သာ ဖြစ်ပါသည်။

တစ်ခုတော့ ရှိသည်လေ ...။

မောင်ကံကောင်း မသိလိုက်သည့် အကြောင်းအရာတစ်ခုတော့ ရှိနေပါ၏။ ထိုအချက်မှာ တရားခံတစ်ယောက်အနေဖြင့် ရှန်းထွက်မရနိုင်အောင် ဖန်တီးယူလိုက်သော အမှုလိုက် ရဲအုပ်အောင်သီဟ၏ ထောင်ချောက်ဆင်လိုက်ခြင်းပင် ဖြစ်ပေသည်။ စင်စစ် နုကြည်အမှုနှင့် ပတ်သက်၍ မောင်ကံကောင်းအပေါ် စွဲချက်တင်ရန်မှာ မျက်မြင်သက်သေကား တိတိပပမရှိပါ။ ကိုတင်ဖေ ပြောစကားမှာ အခင်းဖြစ်ပွားချိန်တွင် လှုပ်ရှားသွားလာသူ တစ်ဦးအနေဖြင့် မောင်ကံကောင်းအား တွေ့မြင်လိုက်ရခြင်းမျှသာ ဖြစ်နေသည်လေ။ ပြစ်မှုအား မောင်ကံကောင်းအား ကျူးလွန်သည်ဟု တပ်တပ်အပ်အပ် မပြောနိုင်ပါချေ။

သို့အတွက် မျက်မြင်တစ်ဦး၏ ပစ်စာသဘောမျိုး စာတစ်စောင်ရေးကာ မောင်ကံကောင်းအား ဖတ်စေခဲ့ခြင်း ဖြစ်သည်။ ဤနေရာ၌ မောင်ကံကောင်းသာ တရားခံအစစ် မဟုတ်ပါက ပွင့်ထွက်၍ အလွယ်တကူ ဖွင့်ဟဝန်ခံမည် မဟုတ်ပါချေ။ ယခုတော့ ပြစ်မှုကျူးလွန်ခဲ့သော မောင်ကံကောင်းမှာ မျက်မြင်သက်သေတစ်ဦး၏ သက်သေထွက်ဆိုချက်စာ အစစ်အမှန်ဟု ယူဆမိသဖြင့် သူအမှန်တကယ် ကျူးလွန်ခဲ့သော ပြစ်မှုကို ဖွင့်ဟဝန်ခံ ထွက်ဆိုသွားခဲ့ခြင်းသည် အမှုလိုက် ရဲအုပ်အောင်သီဟ၏ ထောင်ချောက်အတွင်းသို့ သက်ဆင်းလာခဲ့ခြင်းသာ ဖြစ်ပေသည်။ ဆိုရလျှင် တရားကို နတ်စောင့်ခြင်းပင် ဖြစ်ပါသတည်း။

နောက်ဆုံး၌ ကာယကံရှင် တရားခံ မောင်ကံကောင်းမှာ ငြင်းဆိုခြင်း အလျဉ်းမပြုတော့။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသည့် စကားရပ်ကို ထောက်ခံအတည်ပြုပေးလိုက်ခြင်းဟု ဆိုရမည်ပင် မဟုတ်ပါလား။ မောင်ကံကောင်းတစ်ယောက် မည်သို့ပင် ယခင်က ကံကောင်းနေသော်ငြား အမှန်တရားနှင့် ရင်ဆိုင်ရလေသောအခါ ...။

**မှတ်ချက်** ။ ။ ၁၉၈၉ ခုနှစ်က ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန် မှုခင်းတစ်ပုဒ်အား ဝတ္ထုအသွင် ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

---

**သိဏ်းသန်းအောင်(မြင်းခြံ)**

---



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးပိုးထင် နှင့် ထူးဆန်းသောသားကောင်

## တင့်ထူး (ဇေယျဝတီ)

နွေရက်များ ရောက်ရှိလာခဲ့သဖြင့် နေထွက်လာသည်နှင့် ပူအိုက်လာတော့သည်။ သဘာဝ တောတောင်တို့မှာလည်း စိမ်းစိမ်းစိုစို မရှိကြတော့ဘဲ သွေ့ခြောက်နေကြသည်။ လူတို့စိုက်ပျိုးထားသည့် သရက်ပင်၊ ပိန္နဲပင်၊ မာလကာပင် စသည်တို့မှာ ရွက်ဟောင်းများ ရင့်ရော်ကာ လေအဝေ့တွင် မြေပြင်ဆီသို့ဝဲပျံကာ ကျရောက်နေကြသည်။ အရိပ်ရသော ဗာဒံပင်၊ ညောင်ပင် စသည်တို့ပင် အရွက်များကြွေကာ ရွက်နုကလေးများ ထွက်ပြူကြသဖြင့် အပင်များကို ကြည့်မြင်ရသည်မှာ ရိုးတံပြိုင်းပြိုင်းနှင့် အရုပ်ဆိုးအကျည်းတန်လျက်ရှိကြသည်။ ငွေရောက်လာလျှင် မိုးအခါက တစ်သွင်သွင်စီးနေကြသော ချောင်း၊ မြောင်း၊ ရိုးတို့မှာ ရေများခမ်းခြောက်ကာနေကြသည်။

မိုးနှင့်ဆောင်းတွင် ကမ္ဗလာကော်ဇောအစိမ်းကို ဖြန့်ခင်းထားသည့်နှယ် ရှုကြည့်လေတိုင်း အစိမ်းရောင်စပါးခင်း မြက်ခင်းတို့ပင်လျှင် နွေရောက်သည့်အခါ မွဲခြောက်ခြောက်နှင့် အရောင်ပြောင်းလျက်ရှိကြသည်။

သည်လိုအချိန် အခါတွင် ရွာထဲရှိ နွားကျောင်းသား တစ်စုက မိမိတို့ကျောင်းရမည့် ကျွဲ၊ နွားများကို ရွာမှစားကျက်ရှိရာ လယ်ကွင်းရိုးပြတ်တောထဲသို့ ခပ်စောစော မောင်းထွက်လာခဲ့ကြသည်။

“ဟေ့··ပေါက်စရေ ငါတို့နွားတွေကို ယယ်ကွင်းထဲမောင်းသွားပြီဟေ့”

“အေးဟေ့··ခွေးပုရေ ငါ့နွားတွေလည်း ကြိုးဖြေပြီးလွှတ်နေပါပြီကွာ”

“ခွေးပု··မင်းလေးခွနဲ့ လောက်စာလုံး များများယူခဲ့ဖို့ မေ့နေဦးမယ်နော်”

“အို···လောက်စာက မနေ့က ရိုးထဲက ရွှံ့ခွာပြီး လယ်ထဲမှာတင်လုံးပြီး လှန်းထားခဲ့တာ၊ ဒီနေ့ဆို ခြောက်နေလောက်ပြီကွ”

နွားကျောင်းသားတစ်စုက လယ်ကွင်းထဲတွင် နွားများလွှတ်ကျောင်းထားကာ သူတို့က လေးခွတစ်လက်စီနှင့် လယ်ကွင်းဘေး၊ ရိုးချောင်းဘေးရှိ ချုံပုတ်များတွင် နားနေကြသော ငှက်ကလေး



www.burmeseclassic.com

www.burmeseclassic.com

များကို လိုက်လံ ချောင်းမြောင်းပစ်ခတ်ကြသည်။ ရရှိသည့်ငှက်ကို အမွေးနှုတ်ကာလယ်ထဲမှာပင် ရိုးပြတ်ကို မီးရှို့၍ မီးဖုတ်စားကြသည်။

လယ်ကွင်းထဲ ကျွဲနွားများ စောစောလွှတ်ကာ မွန်းတည့်ချိန်အထိ နွားကျောင်းနေကြရသည်မှာ ပျင်းစရာကောင်းလှသည်။ ထို့ကြောင့်နွားကျောင်းသားတစ်စုမှာ လယ်ထဲတွင် အပျင်းဖြေငှက်လိုက်ပစ်ကြခြင်းဖြစ်သည်။ ငှက်မပစ်သည့်နေ့တွင် ညောင်ပင်ပေါ်တက်ကာ ခွေးရူးလိုက်တမ်း ကစားတတ်ကြသည်။ ဘာမှလုပ်စရာ မရှိကြသည့်အခါ ညောင်ပင်အောက် အရိပ်တွင် အိပ်သူကအိပ်၊ ထိုင်သူကထိုင်ကာ နွားကျောင်းတတ်ကြလေသည်။

နွေကာလဆိုတော့ မိုးတွင်းအခါကလို သားငါးများမပေါ်ချေ။ တစ်နေ့လာ ငါးပိရည်၊ တို့စရာ၊ တစ်နေ့လာ ပဲဟင်း၊ ပဲပြုတ်ကြော်၊ တစ်နေ့လာ မန်ကျည်းရွက်ချဉ်ရေဟင်း တို့ဖြင့်သာ နှစ်ပါးသွားနေကြရသည်။ မိုးတွင်းအခါမှာတော့ လယ်ထဲ၊ ရိုးထဲ၊ ချောင်းထဲမှ ငါးရှာဖားရှာ၍ လွယ်ကူသည်။ တချို့က လယ်ကန်သင်းများတွင် ငါးရှဉ့်တွင်းရှာကာ ငါးရှဉ့်များယူကြသည်။ ငါးရှဉ့်ကို ကြိမ်တံကလေးသပ်၍ အလယ်တွင် အစာထည့်ကာ ကြိမ်ကိုခေါက်ပြီး ထိုအစာကို ငါးရှဉ့်တွင်းထဲထည့် မျှားလျှင် ငါးရှဉ့်က ဆိုအစာကို လာရောက်ကိုက်ဟပ်ပြီး လိမ်လေသည်။ ထိုသို့လိမ်သည့်အခါ ငါးရှဉ့်ကို တွင်းထဲမှဆွဲထုတ်၍ တုတ်နှင့်ရိုက်ယူရသည်။ မိုးကြီးကြီးရွာသောညဘက်များတွင် ညမှောင်မှောင်၌လယ်ဖားများက တအုံ့အုံ့တအင်အင် တအောက်အောက်နှင့် ဘာသာဘာဝ ပျော်မြူးအော်မြည်နေကြ၏။ ထိုညမျိုးတွင် မီးခွက်ထဲ ရေနံဆီ၊ ဒီဇယ်ဆီ အပြည့်ထည့်ကာ မီးအုပ်ထဲသွင်း၍ လက်ထဲတွင် တုတ်တစ်ချောင်းကိုင်ကာ လယ်ထဲမှ အော်နေသော ဖားများကို လိုက်ရိုက်ကြ၏။ မိုးမရွာလျှင် ဖားရှာရသည်က မလွယ်ချေ။ ဖားရိုက်လာသူ၏ မီးရောင်ကို လှမ်းမြင်သည်နှင့် လယ်ကွက်မြက်ဖုတ်ထဲတွင် ပြားနေအောင် ဝပ်နေကြသဖြင့် အရှာရခက်လေသည်။ ဖားရိုက်ထွက်စဉ် မိုးကြီးသည်းသည်းရွာနေလျှင် ဖားများက မျက်စိကို မိုးပေါက်မှန်သဖြင့် မျက်စိမှိတ်ပြီး အော်နေတတ်ကြသည်။ ဖားရိုက်သမားမီးအုပ်နှင့် အနားရောက်လာသည့်တိုင် မမြင်ကြသဖြင့် လွယ်လွယ်ကူကူပင် ရိုက်ယူနိုင်လေသည်။ မြွေများကလည်း ညဘက်တွင် အစာရှာထွက်ကြသည်ဖြစ်ရာ ဖားရိုက်ရင်း မြွေကိုက်ခံရပါက အသက်အန္တရာယ်ရှိနိုင်လေသည်။

သည်လို နွေကာလရောက်လာပြီဆိုလျှင် ဖိုးထင်အတွက် အကွက်ဆိုက်လာတော့၏။ ဖိုးထင်က မုဆိုးတစ်ယောက်ဖြစ်၏။ နှစ်ရက် သုံးရက်ခြား တစ်ခါ တောလည်ထွက်၏။ တောထဲမှ တောလည်ပစ်ခတ်၍ရလာသော သားကောင်များကို ဖျက်ကာ အသားတွဲများတွဲ၍ ရွာထဲလှည့်လည်ရောင်းချ၏။ နွေအခါ သားငါးရှားပါးချိန်တွင် ရွာသူရွာသားတို့မှာ ဖိုးထင်ကိုသာ အားထားနေကြရ၏။ ဖိုးထင်မုဆိုးလိုက်နေ၍သာ သူတို့ ဟင်းကောင်း စားကြရခြင်းဖြစ်သည်။

"ဖိုးထင် မင်းထမင်းစားနေတာလား။ ဘာဟင်းနဲ့စားလဲကွ"

"ဘာဟင်းမှ မရှိပါဘူး ကိုမြမောင်ရာ၊ ပဲပြုတ်ဆီဆမ်းနဲ့ စားနေတာပါ၊ စားပါဦးလားဗျ"

"မင်းနယ်ကွာ မုဆိုးဖြစ်နေပြီး ဟင်းစားပြတ်ရတယ်လို့ကွာ"

"ဟုတ်တယ်ဗျ၊ ကျုပ် နေမကောင်းဖြစ်နေတာနဲ့ တောလည်မထွက်နိုင်ခဲ့တာ တစ်ပတ်ကျော် ရှိနေပြီလေ"

"အင်း・・・မင်းမပြောနဲ့၊ ငါတို့ရွာကလူတွေလည်း မင်းတောမလည်တော့ ဟင်းစားပြတ်နေကြတာပဲကွ"

"အခုကော နေကောင်းသွားပြီလား ဖိုးထင်"

"ကောင်းသွားပြီဗျ၊ ဒီညပဲတောလည်ထွက်မလို့ ပြင်ဆင်တောင် ထားပြီးပြီလေ"

"မင်း・・・တောလည်ထွက်တဲ့အခါ ငါလည်း နောက်လိုက်အဖြစ် ခေါ်စမ်းပါဦး ဖိုးထင်ရာ"

"ခင်ဗျား လိုက်ချင်လို့လား"

"လိုက်ချင်တာပေါ့ကွ"

"ဒါဖြင့် ဒီည ကျုပ်နဲ့ တောလည်လိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com

ထိုညက ဖိုးထင်နှင့် ကိုမြမောင်တို့ နှစ်ယောက် ဟင်းစားရှာရန် တောထဲသို့ ညမိုးချုပ်စတွင် ရွာမှ ထွက်လာခဲ့ကြလေသည်။

"ကိုမြမောင် တောလည်လိုက်ချင်တယ်ဆိုလို့သာ ကျုပ်က ခေါ်ခဲ့ရတာ၊ တောလည်တဲ့ နေရာမှာ သတိပြုစရာတွေတော့ သိထားနိုင်အောင် ကြိုပြီး သတိပေးထားရဦးမယ်ဗျ"

"အေးပေါ့ကွာ··ကြိုပြောထားတော့ သတိထားတတ်တာပေါ့လေ"

"ဒီလိုဗျ ကိုမြမောင်ရ၊ တောထဲရောက်ပြီး သားကောင်ကို ရှာတဲ့အခါ ခြေသံလုံဖို့လိုတယ်ဗျ၊ အထူးသဖြင့် သစ်ကိုင်းခြောက်တို့၊ ဝါးလုံးခြောက်တို့ကို တက်မနင်းမိအောင် သတိထားရမယ်၊ နင်းမိလို့ အသံမြည်သွားရင် သားကောင်က ညဘက်မှာ ဟိုတော်တော်ဝေးဝေးကကြားနိုင်ပြီး ထွက်ပြေးသွားရောဗျ"

"မှောင်ထဲမှာ သွားနေရတာဆိုတော့ နင်းမိတဲ့အခါလည်း ရှိနိုင်တာပေါ့ ဖိုးထင်ရာ"

"ဟုတ်တယ်လေ အဲဒီလိုတက်နင်းမိရင် ခြေဖော့ပြီး အသံမထွက်အောင် နင်းရမယ်ဗျ"

"နောက်အချက်တွေက တောလည်နေတုန်းမှာ စကားမပြောရဘူး၊ ဆေးလိပ်မသောက်ရဘူး၊ ချောင်းမဟန့်ရဘူးဗျ"

"ဆေးလိပ်သောက်လို့ အနံ့ရတဲ့အခါ၊ စကားပြောသံ၊ ချောင်းဟန့်သံတို့ကို သားကောင်က ကြားသွားရင် ဝေးဝေးကို ပြေးရောဗျ"

"နောက် အရေးကြီးတဲ့ အချက်က သားကောင်ကို ပစ်ခတ်လိုက်လို့ ထိမိသွားရင်၊ ဟာ··ထိပဟ၊ သားကောင်ကျပဟဆိုပြီး ဝမ်းသာအားရမအော်မပြောရဘူးဗျ၊ တောပိုင် တောင်ပိုင်တွေကမကြိုက်ဘူး၊ အဲဒီလို ဝမ်းသာအားရအော်လိုက်ရင် လဲကျနေတဲ့ သားကောင်ဟာ သွေးပူပြီး ထွက်ပြေးရောဗျ"

ကိုမြမောင်မှာ တောလည်ထွက်စဉ်တွင် သတိထား ရှောင်ရှားစရာအချက်များကို ဖိုးထင်ပြောသည့်အတိုင်း သတိထားစရာတွေက များလှသည်။

"ဟာ··မင်းတောလည်ပြီး သားကောင်းတွေရလာတာသာ သိခဲ့တာကွ၊ မုဆိုးတစ်ယောက်မှာ ဒီလိုအချက်တွေ သတိထားပြီး တောလည်ရတယ်ဆိုတာ အခုမှပဲ သိရတော့တယ်ကွာ"

သူတို့နှစ်ယောက် တောထဲရောက်လာခဲ့ကြပြီ။ နှမ်းခင်းကုန်းတစ်ခုသို့ ရောက်လျှင် ဖိုးထင်က လက်နှိပ်ဓါတ်မီးငါးဆထိုး၍ အပေါ်ဘက်ထောင်၍ နှိပ်လိုက်သည်။ ဓါတ်မီးရောင်တန်းသည် မိုးကောင်းကင်ပေါ်သို့ လင်းတက်သွား၏။ ပြီးမှ ဓါတ်မီးရောင်ကို တဖြည်းဖြည်း မြေပြင်ပေါ်သို့ အလင်းရောင်ကို ချယူ၏။ ထိုသို့ ဓါတ်မီးအလင်းရောင်ကို အပေါ်ဘက်သို့ ထောင်ထိုးရခြင်းမှာ သားကောင်များ ဓါတ်မီးရောင်ကို ရုတ်တရက်ပက်ပင်း တွေ့မြင်လိုက်လျှင် လန့်ပြီး ထွက်မပြေးစေရန်ဖြစ်၏။ တောတောင်တွေထဲတွင် နေကြသော သားကောင်များမှာ ညဘက်တွင် အစာရှာထွက်သည်က များ၏။ ထိုအခါ ကောင်းကင်မှ ကြယ်ကြွေ၍ ထွက်သော အလင်းတန်းကို သူတို့တွေ့မြင်နေကျဖြစ်ခြင်းကြောင့် မကြောက်ကြတော့ပေ။ ယခု ဓါတ်မီး၏ အလင်းရောင်ကို အပေါ်ဘက်ထောင်ထိုးပြီးမှ မြေပြင်ပေါ်သို့အလင်းရောင်တန်း တဖြည်းဖြည်း ဆွဲချရခြင်းမှာ ကောင်းကင်မှ ကြယ်ကြွေကျသယောင် ပြုလုပ်လိုက်ခြင်းသာဖြစ်သည်။

"ဟင်···ဒီနှမ်းခင်းကွက်ထဲလည်း ဘာကောင်မှ မတွေ့ရပါလား"

"ငါတို့တောက သားကောင်တွေလည်း တော်တော်ရှားနေပြီပဲ"

ဖိုးထင်က နှမ်းခင်းကွက်ထဲ၌ သားကောင်တွေ့နိုးဖြင့် ကြယ်ကြွေသယောင် မီးထိုးရှာခဲ့ပေမယ့် သားကောင်မတွေ့၍ သဖြင့် ညည်းတွားပြောဆိုနေခြင်း ဖြစ်သည်။

သူတို့ သားကောင်ရှာတွေ့ရန် ခရီးဆက်လာကြပြန်သည်။ မှောင်ထဲအတိုင်း လျှောက်လာခဲ့ခြင်း၊ ဖိနပ်မပါခြင်းကြောင့် ခြေထောက်ကို ဆူးစူးလေသည်။

"အင်း··အိမ်ပြန်ရောက်ရင်တော့ ခြေထောက်ထဲ စူးနေတဲ့ ဆူးတွေထွင်ထုတ်ရရင် ဘယ်နှစ်ချောင်းတောင်ရမယ်မပြောနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာဗျာ . . ကိုမြမောင်ကလည်း စကားမပြောပါနဲ့ဆိုဗျာ ဆူးစူးလို့ သေမသွားပါဘူးဗျ"

ဖိုးထင်က ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သဖြင့် ကိုမြမောင်လည်း ဆူးစူးသည်ကို ကြိတ်မှိတ်ခံရင်း နောက်မှစကားမပြောဘဲ အသာငြိမ်၍ လိုက်လာရတော့သည်။

တစ်နေရာအရောက်တွင် သက်ကယ်ရိတ်ထားသော သက်ကယ်ကျင်းတစ်ခုသို့ သူတို့ရောက်လာကြ၏။ စောစောကလိုပင် ဓါတ်မီးထိုးပြီး ရှာကြရာ ဓါတ်မီးအလင်းရောင်တန်းကို ကြယ်ကြွေကျသည်အထင်နှင့် မိုးပေါ်မော့ကြည့်ကာ တအံ့တဩဖြစ်နေသော ချေတစ်ကောင်ကို တွေ့မြင်ရ၏။ ချေမှာ ချေပေါက်ဖြစ်၍ တော်တော်ကြီး၏။ မီးရောင်ကိုစူးစူးစိုက်စိုက် ကြည့်နေသည်ကို တွေ့ရ၏။ ထွက်မပြေးဘဲရပ်၍ ငြိမ်ကြည့်နေခြင်းဖြစ်၏။ ဖိုးထင်လည်း ကိုမြမောင်ကို ဓါတ်မီးထိုးပြခိုင်းပြီး သူက အသေအချာ ချိန်ရွယ်၍ သေနတ်မောင်းခလုတ်ကို ညင်သာစွာဆွဲလိုက်လေသည်။

"ဒိုင်း"

သေနတ်သံနှင့်အတူ ချေပေါက်မှာ နေရာတွင်လဲကျသွားခဲ့၏။ ထိုနေရာသို့ ရောက်လျှင် ချေပေါက်မှာ ဆန့်ငင်ဆန့်ငင်ဖြစ်နေကာ မကြာမီတွင် ငြိမ်ကျသွားတော့၏။

"အင်း . . . ဒီအချိန်မှာ သစ်တက်ညွန့်တွေ၊ သက်ကယ်ပေါက်အနုကလေးတွေစားရလို့လားမသိဘူး။ ချေကဝအစ်နေတာပဲဟေ့"

ထိုညက ရရှိသော ချေပေါက်ကို ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းကို နွယ်ကြိုးနှင့်ပူးချည်ကာ ဝါးလုံးတောင့်တောင့်တစ်လုံးကို ပိုင်း၍ လျှိုပြီး နှစ်ယောက်သား ရွာသို့ ထမ်းပြန်လာခဲ့ကြလေသည်။

✤ ✤ ✤ ✤ ✤

ရရှိသည့်ချေပေါက်က တစ်ရွာလုံးအတွက် အာမနံ့ လျှာမနံ့ ဖြစ်ရလေသည်။ လက်ဦးသူတွေက ရရှိသွားကြပေမယ့် နောက်မှသတင်းရပြီး အသားဝယ်ရန် ရောက်ရှိလာသူတွေအတွက် ရောင်းစရာအသားက မကျန်တော့သဖြင့် တချို့ဆိုလျှင် စိတ်ပင်ဆိုးသွားကြသေးသည်။

"သားကောင် ကြီးကြီးမားမားကို ပစ်လာခဲ့ပါလားကွ၊ အခုတော့ မဖြစ်စလောက်သားကောင်ကို ပစ်လာခဲ့တော့ ဆင်ခံတွင်း နှမ်းပက်သလိုမျိုး ဖြစ်ရတော့တာပေါ့ကွာ"

အသားဝယ်မရသူတွေက သူတို့လိုချင်သည်ကိုသာ ပြောသွားကြသည်။ တကယ်တော့ မုဆိုးဖိုးထင်မှာ သားကောင်ကြီးကို ရယူလိုချင်သည်တော့ အမှန်ပင်။ သားကောင်ကြီးရလျှင် အရပ်အတွက်လည်း လုံလောက်မည့်အပြင် သူ့အတွက်လည်း တွက်ခြေကိုက်မည်မဟုတ်ပါလား။

"ကဲ . . . မြမောင်ရေ၊ မင်းမြင်တဲ့အတိုင်းပဲ၊ အသားမရသွားတဲ့ သူတွေက ဖြစ်တင်ပြောဆိုသွားကြတာ ကြားတယ်မဟုတ်လား"

"အေးလေ . . . သူတို့က မုဆိုးလိုက်ရတာ ဘယ်လောက် ပင်ပန်းခက်ခဲတယ်ဆိုတာမှ မသိကြပဲကိုး"

"ဒီတစ်ခါ တောလည်ထွက်ရင်တော့ သားကောင်ကြီးကိုရှာပြီး ပစ်ကြရအောင်ကိုဖိုးထင်၊ ဒါမှ သူတို့အတွက် အသား လောက်လောက်ငင ရှိပြီး ကျုပ်တို့လည်း အပြောအဆိုခံရတာ သက်သာမှာဗျ"

သုံးရက်ခန့် အိမ်တွင် နားနေကြပြီးနောက် တစ်ညတွင် ကိုဖိုးထင်နှင့် ကိုမြမောင်တို့နှစ်ယောက် သားကောင်ကြီး ရှာဖွေပစ်ခတ်ကြရန် သားကောင်ကြီးများ အတွေ့များနိုင်သော တောနက်နက်ထဲသို့ ခပ်စောစောထွက်လာခဲ့ကြသည်။

ထိုသို့ထွက်လာကြရာ တောကြောင်၊ ယုန်ကလေးများကို တွေ့မြင်သော်လည်း ယူပို့မပစ်ခတ်ကြပေ။ ဒီတစ်ခေါက်တော့ သားကောင်ကြီးများဖြစ်သော ဆတ်၊ ပြောင် စသည့် သားကောင်ကြီးမျိုးကိုသာ ရှာဖွေပစ်ခတ်ကြမည်ဖြစ်သည်။ ထိုသားကောင်ကြီးများက လူသူအရောက်အပေါက်များသော နေရာများတွင် နေခဲ့သည်။ လူ



www.burmeseclassic.com

www.burmeseclassic.com

အရောက်အပေါက်နည်းရာ တောနက်များထဲတွင်သာ မှီနိနေထိုင်ကြလေသည်။

"မြမောင်ရေ· ·ဘေးဘီကိုသေချာကြည့်ပေါ့၊ နားလည်းစွင့်ကွ၊ တောကနက်လာပြီဆိုတော့ သားကောင်ကြီးတွေတွေ့နိုင်တယ်ပေါ့"

"ဟာ"

"မြန်လိုက်တဲ့ အကောင်က၊ မီးထိုးလိုက်တာနဲ့ လုစ်ကနဲ ခုန်ထွက်သွားတာ အစအနတောင် မတွေ့တော့ဘူး"

"ဘာကောင်ဖြစ်မလဲ ဖိုးထင်"

"ငါ့အထင်တော့ ဒီလောက်လျင်မြန်တာဆိုတော့ ကျားသစ်နဲ့တူတယ်ကွ"

သူတို့နှစ်ယောက် တောနက်ထဲတွင် မီးထိုးရှာဖွေရင်း လာခဲ့ကြရာ ခရီးပင် အတော်ရောက်လာခဲ့ကြပြီ ဖြစ်သည်။

"ဖျောက်"

"ဝုန်း· ·ဝရော· ·ဝရော· ·ဝရော"

"ဟာ"

"မြမောင်ရာ ငါသေသေချာချာမှာထားပါလျက်နဲ့ သစ်ကိုင်းခြောက်ကို တက်နင်းမိအောင် နင်းလိုက်တာ အခုတော့ ပစ်ခတ်ရမယ့် သားကောင်ကြီးထွက်ပြေးသွားတဲ့အသံ ကြားတယ်မဟုတ်လား"

"အေးကွာ· ·ဖိုးထင်ရာ သေသေချာချာသတိထားပြီး သွားနေကာမှ သစ်ကိုင်းခြောက်ကို တက်နင်းမိအောင် နင်းမိသေးတယ်၊ ငါကိုက ကန်းတာပါလေ"

"ဟာ· ·ဒီကောင် ဒီလောက်မှောင်ကြီးမည်းမည်းထဲမှာ ကန်းတယ်လို့ပြောရအောင် မင်းက ဘာမြင်နိုင်တာမှတ်လို့၊ ကန်းတာ မဟုတ်ဘူးဟ သတိ· ·သတိမရှိခဲ့တာကွ"

တစ်နေရာအရောက်တွင် ရေစီးနေသော မြောင်တစ်မြောင်ကို သူတို့ဖြတ်ကြရသည်။

"ကဲ· ·မြမောင်၊ ငါတို့ ဒီမြောင်မှာရေသောက်ပြီး ခဏနားကြရအောင်ပေါ့၊ ဆေးလိပ်သောက်ချင်လည်းသောက်"

သူတို့ မြောင်ထဲမှ စမ်းရေကြည်ကို လက်ခုပ်နှင့်ခပ်ယူ၍ သောက်ကြသည်။ ပြီးလျှင် ထိုင်ကာ ဆေးလိပ်မီးညှိကာ အမောပြေသောက်နေခဲ့ကြသည်။

"ကဲ· ·မြမောင် ခရီးဆက်လိုက်ကြဦးစို့ပေါ့"

"အခု ညသန်းခေါင်တော့ ကျော်လာပြီကွ၊ သားကောင်ပြူး တချို့က မိုးလင်းပိုင်းမှ အစာရှာထွက်တတ်ကြတယ်လေ၊ ရှေ့ဆက်သွားရင်တော့ သားကောင်ကြီးတစ်ကောင်ကောင် ကြိမ်းသေတွေ့နိုင်တယ်ပေါ့"

သူတို့ ထိုမြောင်ကို ဖြတ်ပြီး တောင်ကုန်းတစ်ခုပေါ်သို့ တက်လာခဲ့ကြ၏။ သစ်ပင်ကျဲသော နေရာတစ်ခုသို့ ရောက်လာကြပြီး၊ ထိုနေရာတွင် မီးထိုး၍ ရှာဖွေကြည့်ကြသည်။

"ဟာ"

"ဟင်"

"တော်တော် တောက်ပစူးရှတဲ့ မျက်လုံးပဲကွာ"

သူတို့နှစ်ယောက် ဓါတ်မီး ိုးရာကြည့်ကြရာ ခပ်လှမ်းလှမ်း တစ်နေရာတွင် တောက်ပစူးရှသော မျက်လုံးတစ်လုံးကို သူတို့ လှမ်းမြင်လိုက်ကြရသည်။

"ဟာ· ·ထူးဆန်းလှချည်လား၊ မျက်လုံးက နှစ်လုံးဖြစ်ရမှာ တစ်လုံးထဲကပဲ စူးရှတောက်ပနေတယ်ဟ"

"အိုကွာ · ·ဒီသားကောင်ကြီးက မုဆိုးတစ်ယောက်ရဲ့ ပစ်ခတ်ခံထားရလို့ မျက်လုံးတစ်လုံး ကန်းနေတာဖြစ်မှာပေါ့ကွ"

သူတို့ ထိုနေရာသို့ ဓါတ်မီးထိုးကြည့်ရာ သားကောင်ကြီးမှာ ရပ်မနေဘဲ သူတို့ဘက်သို့လှည့်ကာ မြေမှာ ဝပ်နေသည်ဟု ထင်ရသည်။ မီးရောင်တွင် မည်းမည်းသဏ္ဍာန်ကိုသာ တွေ့မြင်ရသည်။

"ဘယ်နှယ့်လဲ ဖိုးထင် ဒီအကောင်ကြီးက မီးရောင်ကိုမြင်ပေမယ့် ထမပြေးပါလားကွ"

"အေး· · ငါလည်း အဲ့ဒီအချက်ကိုပဲ စဉ်းစားမရ ဖြစ်နေတာကွ"

"တချို့ သားကောင်ကြီးတွေက မီးရောင်ကို တွေ့မြင်ရင် ထွက်ပြေးသွားကြတာ၊ ဒီအကောင်ကတော့ ဝပ်လျက် အနေအထားအတိုင်းပဲ ရှိနေတာကွ"

"ဟာ· · ·ငါသိပြီဖိုးထင်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဘာသိတာလဲဟ"

"ဒီသားကောင်ကြီးဟာ သူတို့အချင်းချင်း တစ်ကောင်နဲ့တစ်ကောင် တိုက်ခိုက်ကြလို့ပဲဖြစ်ဖြစ်၊ မုဆိုးတစ်ယောက်ယောက်ရဲ့ ပစ်ခတ်မှုကြောင့်ပဲ ဖြစ်ဖြစ် ဒဏ်ရာရပြီး မပြေးနိုင်တာ ဖြစ်မယ်ကွ"

"ဘာပဲဖြစ်ဖြစ်ကွာ သတိထားပြီး အနားတိုးကပ်သွားကြမယ်၊ ထပြေးမယ်ကြံရင်လည်း ပစ်ချလိုက်မယ်လေ"

"အေး · · ဟုတ်တယ်ကွ၊ ဒီအကောင်ကြီးကိုတော့ အလွတ်ပေးလို့ မဖြစ်ဘူးဟေ့"

"ရော့ မြမောင်၊ မင်းက မီးထိုးပြီးလိုက်၊ ငါက သေနတ်မောင်းတင်ပြီး အဆင်သင့် ချိန်ပြီး လိုက်မယ်"

နှစ်ယောက်သား တရွေ့ရွေ့ ရှေ့သို့ တိုးကပ်လာခဲ့ကြသည်။ သို့တိုင်အောင်လည်း သားကောင်ကြီး၏ မျက်လုံးတစ်လုံးမှာ သူတို့ကိုသာ စူးစိုက်ကြည့်နေမြဲ။ လုံးဝလှုပ်ရှားမှုမရှိ။ ပကတိငြိမ်သက်လျက်ရှိနေသည်။

"ဟင်"

"ဟာ"

အနားရောက်သွားပြီး မီးထိုးကြည့်လိုက်မိကြသောအခါ နှစ်ယောက်စလုံး၏ ပါးစပ်မှ အာမေဋိတ်သံများ ထွက်လာခဲ့ကြတော့သည်။ သူတို့အံ့သြမည်ဆိုလည်း အံ့သြလောက်စရာပင်။

သားကောင်ကြီး ဒဏ်ရာရနေ၍ မြေမှာဝပ်နေသည်ဟု ခပ်လှမ်းလှမ်းက တွေ့စဉ်က ထင်ထားခဲ့ကြသော်လည်း ယခု သူတို့အနီးကပ် တွေ့မြင်ကြသောအခါ သားကောင်အမည်းကြီး မြေမှာ ဝပ်နေခြင်းမဟုတ်ဘဲ မီးလောင်ထားသော သစ်ငုတ်တို မည်းမည်းကြီး ဖြစ်နေသောကြောင့် တအံ့တသြဖြစ်ခဲ့ကြရခြင်းဖြစ်လေသည်။

"သားကောင်ကြီး ဝပ်နေတာနဲ့ ချွတ်စွတ်တူတယ်ကွာ"

"ဟုတ်တယ်နော် သားကောင်အမည်းကြီး ဝပ်နေတဲ့အတိုင်းပဲ"

"ဟ · · နေအုံးဟ · · ငါတို့ မီးထိုးကြည့်တော့ တောက်ပစူးရှတဲ့ မျက်လုံးတစ်လုံးကို မြင်ရတာက ဘာများပါလိမ့်"

မြမောင် သတိပေးလာကာမှ ဖိုးထင်လည်း သတိရလာခဲ့သည်။

"အေး · · ဟုတ်တယ်၊ အဲဒီမျက်လုံးလို စူးရှ တောက်ပနေတာက ဘာလဲကွ"

သူတို့သစ်ငုတ်တိုကြီးကို ခါတ်မီးဖြင့် လှည့်ပတ်ထိုးကြည့်နေခဲ့ကြသည်။

"ဟာ · · · သစ်ငုတ်အခေါင်းထဲက အရောင်တောက် ထွက်နေတာကွ"

"အေး · · · ဟုတ်တယ်ဟေ့ ဒါ တစ်ခုခုပဲကွ"

သူတို့နှစ်ယောက် သစ်ငုတ်အခေါင်းကြီးကို ဓားနှင့် ခုတ်ဖြတ်လိုက်ကြသည်။ လက်နှိုက်၍ ရသောအခါ ထိုတောက်ပစူးရှသော အလင်းရောင်ထွက်ရာပစ္စည်းအား နှိုက်ယူလိုက်ကြသည်။

"ဟာ"

"ဒါ · · ဒါ ကျောက်တစ်တုံးပဲကွ"

"ဘာကျောက်လဲတော့ မသိဘူး၊ အလင်းရောင်ကတော့ တော်တော်ထွက်တယ်ကွ"

"ဟုတ်တယ်ဟေ့ တန်ဖိုးရှိတဲ့ ကျောက်တစ်တုံးဖြစ်နေရင်တော့ ငါတို့ နှစ်ယောက် ပွပေါက်တိုးပြီပေါ့ကွာ"

"ဟုတ်တယ်ဟေ့ ရွာပြန်ရောက်မှ နားလည်တဲ့ သူတွေကိုပြကြည့်ရမယ်၊ တန်ဖိုးရှိတဲ့ ကျောက်ဆိုရင်တော့ ထုခွဲရောင်းချပြီး ရွာက ရှင်မပြုနိုင်ရာတဲ့ ကလေးတွေကို သင်္ကန်းစည်းပေးရမယ်ကွ၊ အကြီးအကျယ် အလှူကြီးပေးမယ်၊ ငါတို့ မုဆိုးအလုပ်လည်း တစ်ခါတည်း စွန့်လွှတ်ပြီး ဒုလ္လဘ ရဟန်းခံကြမယ်လေကွာ"

မြမောင်က ဖိုးထင် အားရဝမ်းသာ ပြောပြနေသော အစီအစဉ်များကို သူကပါသဘောတူညီကြောင်း ခေါင်းညိတ်ပြခဲ့လေသည်။

နှစ်ယောက်သား သစ်ငုတ်တို အခေါင်းထဲမှရလာခဲ့သော ကျောက်တုံးကို အသေအချာ ထည့်သိမ်းကာ မိုးလင်းရန် အရုဏ်တက်ချိန် ရောက်ရှိလာသဖြင့် နှစ်ယောက်သား ပျော်ရွှင်ကြည်နူးကာ ရွာဆီသို့ ပြန်လာခဲ့ကြလေတော့သည်။

တင့်ထူး (ဇေယျဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# စစ်သွေးကြွများလက်တွင်းမှ သတ္တိရှိရှိထွက်ပြေးလွတ်မြောက်လာသော အမျိုးသမီးများ



အာဖရိကတိုက်၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၁၄၊ ဧပြီလ၌ ဘိုကိုဟာရမ်ဟု ယူဆရသော စစ်သွေးကြွများသည် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းရှိ ကျေးရွာများမှ အမျိုးသမီးကြီးငယ်ပေါင်း ၂၀၀ ကျော်ကျော်၊ ၃၀၀ နီးပါးခန့်ကို ဖမ်းဆီးသွားခဲ့ကြ၏။

စစ်သွေးကြွများက သူတို့တောင်းဆိုချက်များကို နိုင်ဂျီးရီးယားအစိုးရက မလိုက်လျောမချင်း ထိုအမျိုးသမီးများကို ပြန်မလွှတ်ဟု အကျပ်ကိုင်ထား၏။

သို့သော်လည်း အဆိုပါ စစ်သွေးကြွများသည် အစိုးရတပ်များကို တိုက်ခိုက်ရန် အခြားတစ်နေရာသို့ ထွက်ခွာသွားခိုက် အဖမ်းခံထားရသော အမျိုးသမီးများထဲမှ အမျိုးသမီးကြီးငယ် ၆၃ ယောက်သည် သတ္တိရှိရှိဖြင့် ထွက်ပြေးလာခဲ့ရာ သူတို့၏ မူလနေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ရောက်ရှိလာကြသည်ဟု နိုင်ဂျီးရီးယားနိုင်ငံ၊ မေဒုဂုရီမြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် ဖော်ပြထား၏။

သက်ဆိုင်ရာ ပြည်နယ်၏ မြို့တော်ရှိ လုံခြုံရေးအကြီးအကဲက အဆိုပါအမျိုးသမီး ၆၃ ယောက် ထွက်ပြေးလွတ်မြောက်လာခဲ့သည်မှာ မှန်ကန်ကြောင်း၊ စစ်သွေးကြွများလက်ထဲတွင် ပြန်ပေးဆွဲထားသော အမျိုးသမီးကြီးငယ် ၂၁၉ ယောက် ကျန်ရှိနေသေးသည်ဟု ပြောဆိုလိုက်၏။

ထိုအေအက်ဖ်ပီသတင်း၌ပင် ၂၀၁၄၊ ဇွန်လကုန်ရက် တစ်ရက်၌ အစိုးရတပ်များနှင့် စစ်သွေးကြွများအကြား ဒမ်ဘိုအာမြို့အနီး၌ တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွ ၅၃ ယောက် သေပြီး အစိုးရဘက်မှ စစ်သည်ခြောက်ယောက် ကျသည်ဟု ဖော်ပြထား၏။

နိုင်ဂျီးရီးယားနိုင်ငံရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် ကမ္ဘာ့ကုလသမဂ္ဂသို့ စစ်သွေးကြွများလက်ထဲတွင် ကျန်ရှိနေသေးသော အမျိုးသမီးများကို ကယ်ဆယ်ပေးရန်အတွက် ကူညီပါရန် အကြောင်းကြားထားသည်ဟုသိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ သောင်းကျန်းနေသော ဘိုကိုဟာရမ် စစ်သွေးကြွများသည် လွန်ခဲ့သော ငါးနှစ်ခန့်ကတည်းက နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ လွတ်လပ်သော အစ္စလာမ်မစ်နိုင်ငံ ထူထောင်ခွင့်ရရန် လက်နက်ကိုင်၍ အရေးဆိုခြင်းဖြစ်၏။

နိုင်ဂျီးရီးယားအစိုးရတွင်လည်း စစ်သည်အင်အား နည်းပါးသောကြောင့် ၎င်းသောင်းကျန်းသူများသည် ယခုကဲ့သို့ အတင့်ရဲလာခြင်းဖြစ်၏။

ငါးနှစ်အတွင်း၌ နိုင်ဂျီးရီးယားတွင် ၎င်းစစ်သွေးကြွများနှင့် အစိုးရတပ်များအကြား တိုက်ပွဲများဖြစ်လာမှုကြောင့် လူအသေအပျောက်မှာ ထောင်ဂဏန်းချီ၍ ရှိလာပြီဟု သိရသည်။

ဦးဦးသိန်း

*(Strait Times, 8.7.2014)*

www.burmeseclassic.com



# ခိုကိုးရာ
# မဲ့သွားကြသူများ

**မောင်မြင့်မား**
(ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com

ကွန့်တစ်လက်နှင့် မီသားစု ပါးစပ်ပေါက် ခုနစ်ပေါက်ကို အဆင်ပြေအောင် ရှာဖွေကျွေးနေသော ကိုလွန်းမောင်တစ်ယောက် ကွန်ပစ်ရင်း ပစ်ရင်းနှင့် ရွာနှင့်အတော်ဝေးဝေးကို ရောက်သွားသည်။ ရွာနီးချောက်စပ်တွင် သူ့လိုကွန်သမားများ အတော်များများ ရှိသောကြောင့် အရင်တုန်းကလို ငါးပုစွန် ပေါပေါများများ မရနိုင်တော့။ နေမွန်းတည့်ချိန်လောက် ရောက်မှ တစ်ယင်းစားလောက်သာ ရသည်။ ရောင်းစားဖို့ဆိုတာတော့ ဝေးရော။

ချောင်းအတွင်း တွေ့ကာဝိုက်ကာနှင့်ကွန်ပစ်လာခဲ့သည်မှာ တဖြည်းဖြည်းနှင့် ကညင်ပင်ကြီးနားပင် ရောက်လာခဲ့ပြီ။ ထိုကညင်ပင်ကြီးကို မိမိတို့ရွာကပင် လှမ်းမြင်နေရသည်။ ယခု အနားရောက်မှ သေသေချာချာ ကြည့်မိသည်။ အမြင့်က ပေ ၁၀၀ အောက်တော့ မလျော့။ လုံးပတ်ကလည်း သေးသေးမဟုတ်။ လက်ဆန့်ထားသော လူကြီး ၃-၄ ဖက်စာလောက် ရှိမည်။

ကညင်ပင်ကြီးနှင့် ချောင်းစပ်က သိပ်မဝေး။ ကိုက် ၂၀ လောက်သာ ရှိမည်။ ကိုလွန်းမောင်က ကွန်ပစ်လာရင်း ကညင်ပင်ကြီးနားအရောက်တွင် ပုစွန်ရော ကကတစ်ပေါက်များပါ အတော်များများ ရသည်။ အခြားနေရာများထက် ပိုရသည်ဟုဆိုရမည်။

ကိုလွန်းမောင်က ချောင်းစပ်တွင် လှေဦးထိုးလိုက်ကာ ကညင်ပင်ကြီးကို မော့ကြည့်လိုက်သည်။ နည်းနည်းနောနော အပင်ကြီးမဟုတ်။ သစ်ခွဲလိုက်ရင် အိမ်တစ်လုံးစာလောက်ကတော့ လုံလုံလောက်လောက်ရမည်ဟု တွက်လိုက်သည်။ သို့သော် ထိုကဲ့သို့သော အပင်ကြီးမျိုးတွင် အစောင့်






www.burmeseclassic.com

www.burmeseclassic.com

အရှောက် ပုဂ္ဂိုလ်များ၊ ရုက္ခစိုးများ ရှိတတ်ကြသည်ဟု ကြားဖူးသည်။ ကညင်ပင်ကြီးနားရောက်မှ ဟင်းစားများရသောကြောင့် အစောင့်အရှောက်ပုဂ္ဂိုလ်များကို ပူဇော်ပသလျှင် ကောင်းမည်ဟု စိတ်ကူးရသောကြောင့် ပုစွန်တုပ်နှစ်ကောင်နှင့် ငါးနှစ်ကောင်ကို ယူကာ တက်လာခဲ့သည်။

ချုံကြိုချုံကြားကို ဖြဲကာ တက်လာပြီးမှ ကညင်ပင်ကြီးခြေရင်းကို ရောက်လာသည်။ ကညင်ပင်ကြီး ပတ်ပတ်လည်လည်တွင် နတ်စင်နတ်ကွန်းလည်းမတွေ့။ အဆောင်အယောင်လည်း မတွေ့။

သို့သော် . . . မိမိအကြံအစည်အတိုင်း ပုစွန်တုပ်နှင့် ငါးနှစ်ကောင်ကို ရှေ့တွင်ချကာ ကညင်ပင်ကြီးကို ထိုင်ကန်တော့လိုက်သည်။ ပါးစပ်ကလည်း တတွတ်တွတ်ရွတ်ကာ ဆုတောင်းနေလိုက်သည်။ ကန်တော့ပြီး ခေါင်းထောင်၍ ရှေ့တွင်ချထားသော ပုစွန်တုပ်နှင့် ငါးနှစ်ကောင်ကို ကြည့်လိုက်သောအခါ တစ်ကောင်မျှမရှိတော့။

ပုစွန်ထုပ်ရော ငါးပါ အသေများဖြစ်၍ ခြေထောက်ပေါက်၍ မသွားနိုင်။ ပတ်ဝန်းကျင်တွင်လည်း မိမိမှလွဲ၍ တစ်ယောက်မျှမရှိ။ ကိုလွန်းမောင်တစ်ယောက် တစ်စုံတစ်ခုကို တွေးမိကာ ကြောက်လာသည်။ ထို့ကြောင့် လာလမ်းအတိုင်း ချုံများကို တိုးကာ ဖြဲကာ ထွက်လာခဲ့သည်။

သို့သော် မိမိနောက်မှ တစ်စုံတစ်ယောက် လိုက်လာသလို ခြေသံများကြားရသောကြောင့် ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ လှေပေါ်တွင်တက်ထိုင်ကာ လှော်တက်ကိုကိုင်လိုက်ချိန်တွင် လှေက သိမ့်ခနဲ လှုပ်သွားသည်။ ကိုလွန်းမောင်လည်း ကြောက်ကြောက်နှင့် ရေဆန်အတိုင်း လှေကို ကြုံးလှော်လာခဲ့သည်။ ရွာရောက်တော့ လှေအကန့်တစ်ကန့်ထဲတွင် ကွန်ပစ်၍ရသော ငါးပုစွန်များ တစ်ကောင်မျှ မရှိတော့။

ကျေးရွာဥက္ကဋ္ဌကြီးကို ကိုလွန်းမောင်က ရှင်းပြလိုက်သည်။ ဥက္ကဋ္ဌကြီးက . . .

"အေး . . . သီလရှင်တော့ မျက်စိလည်လမ်းမှားလေ ဆန်များများရလေ ဆိုသလိုပေါ့။ လွန်းမောင်မင်းက လူအေးဆိုတော့ ကွန်ပစ်ပြီး သားကျွေးမှု မယားကျွေးမှုပဲ အာရုံစိုက်နေတော့ ဒါတွေ နားမလည်ဘူးပေါ့။ အဲဒီကညင်ပင်ကြီးက အမိကရအပင်ကွ။ ငါ့အဘိုး ပြောဖူးတယ်။ အင်္ဂလိပ်လက်ထက်က သစ်တောအရေးပိုင်ကြီးက အဲဒီအပင်ကြီးကို သဘောကျလို့ တံဆိပ်တုံး လာရိုက်တယ်။ နောက်ပြီးတော့ သူ့လူတွေ လွှတ်လိုက်တယ်။ အဲဒီအပင်ကြီးကို လှဲဖို့ပေါ့။ အဲဒီလူတွေက အပင်ကြီးကိုလှဲဖို့ လက်နက်ကိရိယာတွေနဲ့ ရောက်လာပြီး ခုတ်ကြထစ်ကြပေါ့။ ဒါပေမယ့် အပင်ကြီးကို ခုတ်ထစ်နေကြရင်း စိတ်တွေပြောင်းလာပြီး တစ်ယောက်နဲ့တစ်ယောက် ခုတ်ကြထစ်ကြ လုပ်လိုက်ကြတာ အတုံးအရုံးသေကြတာပဲတဲ့။ အဲဒီကစပြီး အဲဒီအပင်ကြီးကို ဘယ်သူမှ ခုတ်ဖို့ မကြိုးစားတော့ဘူး"

"နောက် မှတ်မှတ်ရရ ဖြစ်ဖူးတာ ရှိသေးတယ်ကွ။ မော်တော်ဆိပ်က ကုန်စုံဆိုင်ပိုင်ရှင် ဦးကရင်ရဲ့သားအကြီးကောင်ကို သူ့အဖေက ကြွေးတောင်းခိုင်းလို့ တခြားရွာကနေ ကြွေးတောင်းပြီး ပြန်လာတော့ အဲဒီကညင်ပင်ကြီးနားလည်း ရောက်ရော အပေါ့သွားချင်တာနဲ့ ကြုံသလို သွားလိုက်တယ်ပေါ့ကွာ။ သွားပြီး လမ်းလျှောက်ပြန်လာတော့ သွားရင်း သွားရင်း လမ်းလျှောက်လို့ မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ဖွားဘက်တော်ကြီးက မတန်တဆကြီးပြီး ယောင်ကိုင်းနေတယ်။ တွေ့တဲ့လူကို အကူအညီတောင်းပြီး ထမ်းစင်နဲ့ ပြန်လာရတယ်။ ကုန်စုံဆိုင်ပိုင်ရှင် ဦးကရင်ရဲ့သားဆိုတော့ တစ်ရွာလုံးက သိနေလို့ တော်သေးတာပေါ့ကွာ။ အိမ်ရောက်မှ သူ့ကိုမေးပြီး ဘာဖြစ်ခဲ့တယ်ဆိုတာသိတော့ အဲဒီကညင်ပင်ကြီးအောက်ကို သွားပြီး ကန်တော့ပွဲတွေ၊ လက်ဖက်တွေနဲ့ တောင်းပန်လိုက်မှ . . မူလအတိုင်း ကောင်းသွားတယ်။ အဲဒါက ငါ့မျက်မြင် ပြောတာ"

"မျက်မြင် မဟုတ်ပေမယ့် ငါက လူကြီးဆိုတော့ လာလာပြောကြတာတွေရှိတယ်။ တို့ရွာက သားဖွားဆရာမ ရီရီမြင့်က အဲဒီရွာက မိန်းမတစ်ယောက်ကို ကလေးမွေးပေးပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

လာတော့ ကိုယ်ဝန်ဆောင် မိန်းမရဲ့ ယောကျ်ားလုပ်သူက ကျေးဇူးတင်လို့ ဆိုပြီး ငါးခြောက်ငါးခြမ်းတွေနဲ့ ချက်စားဖို့ ကြက်တစ်ကောင် ပေးလိုက်တယ်။ ရီရီမြင့်က အရှင်ကို မလုပ်ရဲဘူးဆိုလို့ သူ့ယောကျ်ားက ကြက်ကို ပေါ်ပြီး ပေးလိုက်တယ်။ ရီရီမြင့်က အဲဒီကညင်ပင်ကြီးအောက်က ပြန်လာရင်း ကြက်သီးတွေ တဖြန်းဖြန်း ထသွားတယ်။ ကြောက်စရာလန့်စရာတော့ မတွေ့ဘူး။ ဒါပေမယ့် အိမ်ရောက်တော့ အဲဒီပေါ်ပေးလိုက်တဲ့ ကြက်က တစ်ကောင်လုံး မရှိတော့ဘူး။ အမွေးတွေတော့ ကျန်နေခဲ့တယ်။ သားဖွားဆရာမလေး အဲဒီနေ့က ဖျားတော့တာပဲ"

ထိုင်နားတောင်နေသော ဆယ်အိမ်မှူး ကိုကုလားက . . .

"ဒါတင် ဘယ်ဟုတ်မလဲဗျ။ ကျွန်တော့်သား အငယ်ကောင်နဲ့ ကျွန်တော့်သမက်က အရက်ကြိုက်တယ်။ သမက်က အယုံအကြည် မရှိဘူး။ သားကတော့ ကြောက်တတ်တယ်။ ဟိုဘက်ရွာက အမဲသား တစ်ပိဿာဝယ်ပြီး အဲဒီကညင်ပင်အောက်က ပြန်ရမယ်။ ပြန်လာလို့ ထူးခြားချက်တွေ့ရင် သမက်က အမဲသားဖိုး ပေးရမယ်။ ဘာမှမထူးခြားရင် အမဲသားဖိုး ကျွန်တော့်သားက ပေးရမယ်။ ပြန်ရမယ့်အချိန်က နေ့ခင်းကြောင်တောင်ပဲ။ နှစ်ယောက်လုံးက စိန်လိုက်ဆိုပြီး လောင်းကြတယ်"

"အမဲသားတွဲ ဆွဲလာတဲ့ ကျွန်တော့်သမက်ဟာ အဲဒီ ကညင်ပင်အောက် ရောက်တော့ ကြက်သီးတွေ တဖြန်းဖြန်း ထလာတယ်။ လမ်းဘေးချုံတောတွေထဲကနေ လူတွေပြေးလိုက်လာသလို တဗျောဗျောနဲ့ အသံတွေကြားနေရတယ်။ ကျွန်တော့်သမက်က မကြောက်တတ်ပေမယ့် ထူးခြားတာတော့ အမှန်ပဲလို့တွေးရင်း ခပ်သွက်သွက်လျှောက်လာရင်း ဆွဲလာတဲ့ အမဲသားတွဲက ပေါ့နေပါလားလို့ မကြည့်လိုက်တော့ ချည်ထားတဲ့ ကြိုးပဲ တွေ့ရတော့တယ်။ အမဲသားတွေကတော့ မရှိတော့ဘူး။ ကျွန်တော့်သမက်လည်း အဲဒီတော့မှ ယုံသွားတယ်"

"အေး . . . အဲဒါကြောင့်မို့ တို့ရွာနဲ့ အဲဒီရွာကိုသွားတဲ့ လမ်းက နှစ်လမ်းဖြစ်နေတယ်။ ချောင်းနံဘေးက ကညင်ပင်ကြီးအောက်က သွားတဲ့ လမ်းရယ်၊ တာဖို့ထားတဲ့ တာပေါ်က သွားတဲ့လမ်းရယ်။ တာပေါ်က သွားတဲ့လမ်းက ဝေးတယ်။ ကညင်ပင်ကြီးရှိတဲ့လမ်းက နီးတယ်။ ဒါပေမယ့် အဲဒီကညင်ပင်ကြီးအကြောင်း သိလို့ အဲဒီလမ်းက သိပ်မသွားကြဘူး"

"ဥက္ကဋ္ဌကြီး၊ ဒါဆိုရင် ရုက္ခစိုးတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ရုက္ခစိုးဆိုရင် သားစိမ်းငါးစိမ်း ဘယ်စားမလဲ။ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲမို့လို့ အခုလိုမျိုး လုပ်တာပေါ့။ အဲဒီတော့ အကြောင်းသိရင် အဲဒီအပင်ကို ရှောင်တာ အကောင်းဆုံးပေါ့ကွာ"

ကညင်ပင်ကြီး အကြောင်းတသတင်းမွှေးလှသည်။ ပတ်ဝန်းကျင်ရွာနီးခြောက်စပ်က လူတွေကတော့ ကညင်ပင်ကြီးကို ရှောင်ကြသည်။ နှစ်ပေါင်းများစွာ ဇာတ်လမ်းပေါင်းများစွာနှင့် တန်ခိုးထွားနေဆဲ။

သို့သော် ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ သတင်းကြီးနေသော ကညင်ပင်ကြီးသည် ထိုနေရာမှ ရုတ်ခြည်းပျောက်ကွယ်သွားကာ အစအနပင် ရှာမတွေ့တော့။ ထိုအပင်ကြီးကို အစပျောက်အောင် မည်သို့သော ပုဂ္ဂိုလ်၊ သို့မဟုတ် လက်နက်၊ သို့မဟုတ် အတတ်ပညာရှင် တစ်ဦးဦးက အမြစ်နှုတ်လိုက်ပါသနည်း။

ထိုအပင်ကြီးနှင့်အတူ အခြားအပင်များ လူနေအိမ်ခြေ အဆောက်အဦများပါမကျန် စိစိညက်ညက်ကျေအောင် အမြစ်နှုတ်လိုက်သော တရားခံကား နာဂစ်ပင် ဖြစ်ပါသည်။

ရွာပျက်သွား၍ သက်ဆိုင်ရာက အသစ်ဆောက်လုပ်ပေးထားသော အိမ်သစ်ကလေးပေါ်တွင် ငုတ်တုတ်ထိုင်ကာ တစ်ချိန်က ကိုယ်တွေ့ကြုံခဲ့ဖူးသော ကိုလွန်းမောင်က စဉ်းစားနေသည်။

တွေးထဲတွင် . . .

ဒါလောက် တန်ခိုးထွားခဲ့သော ကညင်ပင်ကြီးမှ အစောင့်အရှောက်များသည် နာဂစ်နှင့်တွေ့သောအခါ ခိုကိုးရာမဲ့၍ ဘယ်ဆီများ ရောက်နေကြပါလိမ့်"ဟု . . .။

**မောင်မြင့်မား(ဘိုကလေး)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သွေးကြွေးကလဲ့စား

## သန္တာမြတ်သောင်း

(၁)

အချိန်ကား နေဝင်ဖျိုးဖျအချိန်၊ ဆည်းဆာချိန်၊

မင်းဒင်တစ်ယောက် ရွာထိပ်ရှိညောင်ပင်ကြီးအောက်တွင် ရပ်ရင်းစပါးခင်းထဲမှ လမ်းကလေးဆီ လှမ်းမျှော်ကြည့်နေမိသည်၊ မင်းဒင်မျှော်နေသူကား အုန်းနှဲရိုးရွာ၏ အချောအလှ ကွမ်းထောင်ကိုင် 'နှင်းမှုန်ခင်' ကိုဖြစ်သည်၊ မင်းဒင်စောင့်မျှော်နေကြောင်း နှင်းမှုန်ခင် သိမည် မဟုတ်ပါ။

မင်းဒင်သည် အုန်းနှဲရိုးရွာတွင် နာမည်ဆိုးဖြင့်ကျော်ကြားသူတစ်ဦးဖြစ်သည်၊ ရွာလူဆိုး လူမိုက်စာရင်းဝင်ဖြစ်သည်၊ မင်းဒင်သည် အရက်သောက် ဖဲရိုက်တတ်သည့်အပြင် အရက်မူးလျှင် သွေးဆိုးသူဖြစ်သည်၊ သို့သော် မိန်းမကိစ္စမရှုပ်၊ မည်သည့်မိန်းကလေးကိုမှ စိတ်ဝင်တစား မရှိခဲ့၊ စေ့စေ့ပင် မကြည့်ဖူးခဲ့၊

လွန်ခဲ့သော ဆယ်ရက်ခန့် ရွာဦးမာရဇိန်ဘုရားပွဲတော်နေ့တွင်မှ နှင်းမှုန်ခင်ကို သတိပြုမိခြင်း ဖြစ်သည်၊ ထိုနေ့က အိမ်အောက်ရှိ ကွပ်ပျစ်တွင် သူလှဲနေစဉ် ခြံပြင်မှ နှင်းခင်မှုန် ဝင်လာ သည်၊ မင်းဒင်၏ ညီမ ညှိညှိထွေးနှင့် နှင်းမှုန်ခင်မှာ သူငယ်ချင်းများ ဖြစ်ကြပြီး ဘုရားပွဲ သွားရန် ညှိညှိထွေးကို လာခေါ်ခြင်းဖြစ်သည်၊ ရွာ၏ ကွမ်းထောင်ကိုင် နှင်းမှုန်ခင်၏ အလှကို အဝေးမှ မြင်ဖူးသော်လည်း၊ ရွာရှိ ကာလသားများစကားကို ကြားဖူးသော်လည်း သူစိတ်မဝင်စား၊ ထိုနေ့ကမှ နှင်းမှုန်ခင်၏ အလှကို စေ့စေ့စပ်စပ်မြင်ဖူးသောအခါ သူရင်ခုန်ရသည်၊ သိပ်လှတဲ့ မိန်းကလေးပါ၊ တောရွာသူလေးမှ ဟုတ်ပါလေစဟု ထင်မှတ်ရသည်၊

ဖြူဝင်းသော အသားအရေ၊ သွယ်နွဲ့ပျော့ပျောင်းသော ကိုယ်နေဟန်က ဇာအဖြူလွှလွှ ဝမ်းဆက်ဖြင့် လိုက်ဖက်လှသည်၊ မိတ်ကပ်ပြေပြေလေးသာ လိမ်းထားသော်လည်း မျက်နှာ အလှမှာ ထင်ပေါ်နေသည်၊ စင်ရော်တောင်မျက်ခုံးအောက်မှ သမင်မမျက်လုံးများနှင့် ဆုံရသောအခါ မင်းဒင် ရင်တစ်ခုလုံး ပြောင်းဆန်မတတ်ခုန်နေသည်၊

အချစ်၊ ဟုတ်သည်၊ ဒါအချစ်ပါပဲ၊ နှင်းမှုန်ခင်ကို သူချစ်မိသွားပြီ၊ လူကြမ်းကြီး မင်းဒင် အချစ်ကိုတွေ့ခဲ့ပြီ၊ နှင်းမှုန်ခင်သည် မင်းဒင်၏ စူးစူးရဲရဲ အကြည့်များကြောင့် ရှက်သွေးဖြာကာ ပါးအို့လေးများရဲလာသည်ကို မင်းဒင် ကြည့်ကောင်းစွာထိုင်ငေးခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ညီမ ညိုညိုထွေးနှင့် နှင်းမှုန်ခင် ဘုရားသို့ ထွက်သွားပြီဖြစ်သော်လည်း မင်းဒင်၏ အာရုံတွင် နှင်းမှုန်ခင်သာ စိုးမိုးနေခဲ့သည်။ နှင်းမှုန်ခင်ကို ပိုင်ဆိုင်နိုင်ရန် ကြိုးစားမည်ဟု မင်းဒင်ဆုံးဖြတ်သည်။

ယနေ့ နေ့ခင်းတွင် နှင်းမှုန်ခင်တစ်ယောက် သူမ၏ စပါးခင်းသို့ သွားသည်ကို မင်းဒင် မြင်တွေ့ထားသည်။ ထို့ကြောင့် စပါးခင်းမှ ပြန်လာမည့် နှင်းမှုန်ခင်ကို စောင့်ကြို ချစ်ရေးဆိုရန် မင်းဒင်စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ ဟော လာပါပြီ။ မင်းဒင်မျှော်နေသော သူမ၊ ဝါဝင်းသော စပါးခင်းများအလယ်မှ လမ်းကလေးအတိုင်း သူမထွက်လာသည်ကိုတွေ့လိုက်ရသည်။ ဆည်းဆာချိန်သည် အကျည်းတန်သူကိုပင် လှစေသည်။ ကွမ်းထောင်ကိုင်မလေး နှင်းမှုန်ခင်သည် ရှန်သားအကျီ၊ ဗမာရက်ထဘီလေးနှင့်ပင် အလှကြီးလှနေသည်။ ပါးတစ်ဘက်တစ်ချက်မှ သနပ်ခါးပါးကွက် နှစ်ကွက်က မပျက်တပျက်။

မင်းဒင်၏ အကြည့်အာရုံထဲသို့ မမျှော်လင့်ထားသူတစ်ဦး ဝင်ရောက်လာသည်။ နှင်းမှုန်ခင် နံဘေးတွင် လက်ဂုံကုန်းရွာသား ဇော်ထိုက်ပါလား။ အုန်နဲ့ရိုးရွာသို့ ဇော်ထိုက် မကြာခဏ လာသည်ကို သတိထားမိသော်လည်း နှင်းမှုန်ခင်နှင့် ချစ်ကြိုက်နေမည်ဟု ထင်မထားခဲ့။ ဇော်ထိုက်နှင့် နှင်းမှုန်ခင်မှာ လောကကြီးတစ်ခုလုံး သူတို့နှစ်ဦးတည်းသာရှိသည်ဟု ထင်မှတ်နေဟန်တူသည်။ ကြည်နူးစွာရယ်မောရင်း အတူလျှောက်လာကြသည်။ ဇော်ထိုက်က တစ်စုံတစ်ရာကို အပြော၊ နှင်းမှုန်ခင်က ဇော်ထိုက်၏ လက်မောင်းကို ရှက်ကိုးရှက်ကန်းထုသောအခါ မင်းဒင်ရင်ကို မီးစနှင့် ထိုးခံလိုက်ရသလို ပူလောင်လှသည်။ ဒီကောင်ဇော်ထိုက် ငါ့ရန်သူ။ မြင်ခင်ကို ငါမရရအောင် ယူမည်။

'တောက်'

မင်းဒင်၏ ကျယ်လောင်စွာ တောက်ခေါက်လိုက်သော အသံကြောင့် ချစ်သူနှစ်ဦး၏ အထိတ်တလန့်အကြည့်များက မင်းဒင်ထံ ကျရောက်လာသည်။ မင်းဒင်သည် သူတို့နှစ်ဦးကို ကျော်ခိုင်းထွက်ခွာခဲ့သည်။ နှင်းမှုန်ခင်က ဇော်ထိုက်ကို တီးတိုးမေးသည်။

'အစ်ကို အဲဒီလူကြီးနဲ့ ဘာများပတ်သက်ထားသေးလဲဟင်။ နှင်းမှုန်တို့ကို ကြည့်ပြီး တောက်ခေါက်တာက ကြောက်စရာကြီး'

'နှင်းမှုန်ကလဲကွာ။ ကြံကြံဖန်ဖန် အဲဒီလူနဲ့ အစ်ကိုဘာမှမပတ်သက်ပါဘူး။ သူ့ဘာသာသူ တစ်ယောက်ယောက်နဲ့ ဒေါသထွက်လို့ တောက်ခေါက်တာ နေမှာပါ'

ဇော်ထိုက်သည် ပေါ့ပေါ့ဆဆတွေးခဲ့မိသည်။ ရက်မကြာမီ ချစ်သူနှစ်ဦးအတွက် မုန်တိုင်းဆိုးတိုက်ခတ်လာတော့မည်ကို သူတို့ မရိပ်စားမိခဲ့။

(၂)

နှင်းမှုန်ခင်သည် ကြေးမုံမှန်ထဲမှ မိမိရုပ်သွင်ကို နောက်တစ်ခေါက်ပြန်ကြည့်သည်။ ပါးပြင်ပေါ်တွင် ရှင်မတောင် [illegible]ခစ်စစ်ကို ပါးကွက်ဝိုင်းဝိုင်းလေးများ ကွက်ထားသည်မှာ ချစ်ဖို့ကောင်းလှသည်။ ချစ်သူ၏ အနမ်းများအတွက် ရည်ရွယ်ကာ ကွက်ထားသော ပါးကွက်လေးများ။ တစ်နေ့က အဖြစ်အပျက်ကို တွေးမိသောအခါ နှင်းမှုန်ခင် ရှက်ပြုံးပြုံးမိသည်။

အစ်ကိုဇော် လူဆိုး။ နှင်းမှုန်ခင်ကိုယ်တိုင်ကလည်း ချစ်သူ၏ အလိုဆန္ဒကို ကြည်ဖြူစွာ လိုက်လျှောမိခဲ့သည်ပဲ။ နှင်းမှုန်ခင်သည် ရှက်ပြုံးလေးပြုံးရင်း အပင်မှ ခူးထားသော နှင်းဆီဖူးလေးကို ကေသာကျော့တွင် ထိုးစိုက်သည်။

'ဟဲ့ အနှင်း မသွားသေးဘူးလား'

'သွားတော့မှာပါ အမေရဲ့'

နှင်းမှုန်ခင်သည် မိခင်၏လောဆော်မှုကြောင့် အတွေးစများကို ဖြတ်တောက်သည်။ အလှပြင်ဆင်ခြင်းကို လက်စသတ်သည်။ ရွာနှင့် နှစ်မိုင်ခန့် ဝေးသော အမေ့အစ်မကြီးဒေါ်အုန်း၏ အလှူသို့ ညအိပ်သွားရန် နှင်းမှုန်ခင် ပြင်ဆင်နေခြင်းဖြစ်သည်။ နံနက်အရုဏ်ဘုန်းကြီးဆွမ်းကပ်ခြင်းအတွက် နှင်းမှုန်ခင် ကူလုပ်ရမည်။ အမေနှင့် အဖေက နောက်တစ်နေ့ အလှူရက်တွင်မှ လာကြမည်။ ဇော်ထိုက်လမ်းမှစောင့်နေပေမည်။

'အနှင်း။ နောက်နေ့ အလှူမှာဝတ်ဖို့ ဝတ်စုံရော'

'ထည့်ပြီးပြီ အမေ'

နှင်းမှုန်ခင်သည် ဂျပန်ဘီးလေး၏ ရှေ့ခြင်းတွင် နောက်တစ်နေ့ အလှူပွဲတွင် ဝတ်မည့် အဝတ်အစားထုပ်ကို ထည့်သည်။ စိန်မိုက်ကယ် အဆင်နုပ်နုပ်ဝမ်းဆက်၊ ကျစ်ဆံမြီး တစ်ချောင်းကျစ်ထားကာ ပါးကွက်ဝိုင်းလေးများနှင့် နှင်းမှုန်ခင်၏ အသွင်မှာ ချစ်စဖွယ်ကောင်းလှသည်။

'အမေ သမီးသွားတော့မယ်'

'အေး အေး'

ခြံတံခါးကို ဖွင့်ပြီး စက်ဘီးလေးစီးကာ ထွက်ခဲ့သော နှင်းမှုန်ခင်သည် မကြာမီ အန္တရာယ်ဆိုးကြီးနှင့် ကြုံရတော့မည်မှန်း မရိပ်မိမိခဲ့ပါ။ ရွာလယ်လမ်းအတိုင်း စက်ဘီးစီးခဲ့သော နှင်းမှုန်ခင်သည် ရွာနှင့် အတန်ငယ်ဝေးသော လမ်းပေါ်တွင် ထော်လာဂျီပိတ်ရပ်နေသော မင်းဒင်ကို ရုတ်တရက်တွေ့လိုက်ရသည်။ မင်းဒင် ရပ်ထားသော ထော်လာဂျီမှာ လမ်းပိတ်ဆို့နေသဖြင့် နှင်းမှုန်ခင်သည် စက်ဘီးကို ရပ်၍ ဆင်းလိုက်ရသည်။ မင်းဒင်သည် နှင်းမှုန်ခင်ကို မျက်လောင်နီကြီးဖြင့် . စူးစူးရဲရဲကြည့်နေသည်မို့ နှင်းမှုန်ခင်မှာ [illegible]

www.burmeseclassic.com

စက်ဘီးကို တွန်းကာ ထော်လာဂျီဘေးမှ ကွေ့ထွက်ခဲ့သည်။

'ဖျောင်း'

နှင်းမှုန်ခင်၏ဖက်ပိုးမှာတစ်စုံတစ်ရာဖြင့် ပြင်းထန်စွာ အရိုက်ခံလိုက်ရသည်။ ရိုက်နေကျလက်ဖြစ်သော မင်းဒင်၏ လက်ဆမှာ ကွက်တိပင်၊ မေ့ဆေးမလို၊ မင်းဒင်သည် ပျော့ခွေသတိလစ်နေသော နှင်းမှုန်ခင်ကို ပွေ့၍ ထော်လာဂျီပေါ်တင်သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဝါတာစအထူကြီးဖြင့် ဖုံးအုပ်သည်။ စက်ဘီးကို ချုပ်ပုတ်ထဲဆွဲသွင်းသည်။ ထို့နောက် ထော်လာဂျီကို အပြင်းမောင်းကာ လစ်တော့သည်။ မင်းဒင်၏ ဦးတည်ရာမှာ ရိုးမတောင်ခြေဖြစ်သည်။ အခင်းဖြစ်ပွားသောနေရာမှာ ရွာနှင့် အလှမ်းဝေးကွာခြင်း၊ နှင်းမှုန်ခင်မှာ သတိလစ်မေ့မြော နေသဖြင့် အော်ဟစ်နိုင်မှု မရှိခြင်းကြောင့် မည်သူမှ သတိမထားလိုက်မိပါ။ အရှေ့ရိုးမတောင်ခြေရှိ တောအုပ်အတွင်းမှ လယ်တဲငယ်လေးသို့ အောင်မြင်စွာရောက်ခဲ့ပါပြီ။

နှင်းမှုန်ခင် သတိရလာသော အချိန်မှာ နေဝင်လုပြီ၊ နှင်းမှုန်ခင်၏ ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေခဲ့ပြီ၊ နှင်းမှုန်ခင် သည် ဖရိုဖရဲဖြစ်နေသော မိမိအနေအထားကို ရိပ်မိလိုက်သည်၊ လူဆိုးလူမိုက် မင်းဒင်၏ လက်တွင် မိမိဘဝပျက်ခဲ့ရပြီ၊

တံခါး အလုံပိတ်ထားသော တဲငယ်လေးအတွင်းရှိ ကောက်ရိုးပုံပေါ်တွင် မိမိနှင့် မင်းဒင်နှစ်ဦးတည်းသာရှိသည်၊ မင်းဒင်သည် ဆေးလိပ်ကို ရဲနေအောင် ဖွာရင်း စူးရဲတောင်ပြောင်သော မျက်လုံးကြီးဖြင့် နှင်းမှုန်ခင်ကို စူးစိုက်ကြည့်နေသည်၊ နှင်းမှုန်ခင်မှာ တစ်ကိုယ်လုံးကိုင်ရိုက်ခံရသလို ခြေလက်များ နာကျင်နေသည့်ကြားမှကြိုးစားထသည်၊ ထို့နောက် မင်းဒင်၏ပါးကို ဘယ်ပြန်ညာပြန်ချသည်၊ ငိုရှိုက်ရင်း မင်းဒင်၏ ရင်ဘတ်ကို ထုသည်၊ ကုတ်ဆွဲသည်၊

'ခွေးကြီး၊ တိရစ္ဆာန်ကောင်ကြီး'

မင်းဒင်က နှင်းမှုန်ခင် ရိုက်နှက်နေသမျှကို တုတ်တုတ်မှမလှုပ်၊ နှင်းမှုန်ခင်မှာ ရိုက်နှက်၍ မောသွားသောအခါ တဲမြေပြင်တွင်ထိုင်ချသည်၊ ထိုအခါတွင် မင်းဒင်က သွားခါးကြားမှ လက်နေသော ဓားမြှောင်ကိုပြကာ ပြောသည်၊

'ဒီမှာ နှင်းမှုန်ခင်၊ ထွက်ပြေးဖို့တော့ မကြိုးစားနဲ့၊ ဒီဓားကို ကြည့်ထား၊ နှစ်လောင်းပြိုင်သွားမယ်၊ နင့်ကိုငါ တစ်သက်လုံး မယားမှတ်မှတ်ပေါင်းဖို့ ခေါ်လာတယ်၊ ငါလုပ်ကျွေးမယ်၊ ဒါကို နင်ကျေနပ်ရမယ်'

နူးညံ့မှု ကင်းမဲ့သော မင်းဒင်၏ စကား၊ သွေးအေးသော မျက်လုံးနှင့် အမူအရာက နှင်းမှုန်ခင်ကို ကြောက်စိတ်ပိုစေသည်၊ ဒါလူကြမ်းတစ်ယောက်၏ အချစ်ပေလား၊ ချစ်သူဇော်ထိုက်နှင့် တစ်သက်တာ ဝေးရပြီဟု တွေးမိသောအခါ နှင်းမှုန်ခင်ငိုကြွေးရသည်၊ ဖြစ်လေရာဘဝတွင်ငွတ်နှစ်ရှုံမှလွဲ၍ သူမဘာတတ်နိုင်မည်နည်း၊ အရှေ့ရိုးမတောင်ခြေမှ လယ်တဲတွင် နှင်းမှုန်ခင်တို့ ဆယ်ရက်ခန့်နေခဲ့ရသည်၊

နှင်းမှုန်ခင်၏ မိဘများမှာ နောက်တစ်နေ့ အလှူပွဲရှိရာသို့ လာမှသာ သမီးရောက်မလာမှန်းသိရသည်၊ သိသိချင်းတွင် မောင်ဇော်ထိုက်နှင့် လူငယ်သဘာဝ ခိုးပြေးသည်ဟု ထင်ထားသော်လည်း ချစ်သူပျောက်ဆုံးနေခြင်းအပေါ် ဇော်ထိုက်ကိုယ်တိုင် ရတက်မအေးပူပန်နေကြောင်း မြင်တွေ့ရသောအခါ စဉ်းစားမရဖြစ်ရသည်၊ ရွာရှိကာလသားများကို အကဲခတ်သောအခါ လူမိုက် မင်းဒင် ပျောက်နေကြောင်းသိရသည်၊ မင်းဒင်၏ အိမ်ကို မေးမြန်းသောအခါ မင်းဒင်မိဘမောင်နှမများမှာ ဖြေရာစွာ မဖြေနိုင်ကြ၊ ယခင်က နှင်းမှုန်ခင်နှင့် မင်းဒင်မှာ လုံးဝအဆက်အစပ်မရှိခဲ့၊ မင်းဒင်က ပိုးပန်းခဲ့ဖူးသည်ဟုလည်း မရှိခဲ့သဖြင့် စဉ်းစားရခက်နေခဲ့သည်၊ နောက်ဆုံး မြို့တက်ကာ စခန်း၌ပင် အမှုဖွင့်ရတော့သည်၊

နှင်းမှုန်ခင် ပျောက်ဆုံးပြီး ဆယ်ရက်အကြာတွင်အရှေ့ဘက်ဆီမှထော်လာဂျီတစ်စီးဝင်လာသည်ကို တွေ့လိုက်ရသည်၊ ထော်လာဂျီကို မောင်းလာသူက မင်းဒင်၊ သူ့နံဘေးတွင် ညှိုးငယ်သောမျက်နှာနှင့် ပါလာသူမှာ နှင်းမှုန်ခင်၊ တစ်ရွာလုံးအုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်၊ မင်းဒင်ကတော့ မည်သူကိုမှ ဂရုမစိုက်ဘဲ ထော်လာဂျီကို ရွာလူကြီးဦးဖေတုတ် အိမ်သို့ တန်းမောင်းသွားသည်၊ နှင်းမှုန်ခင် ပြန်ရောက်ကြောင်းကြားသည်နှင့် နှင်းမှုန်ခင် မိဘများမှာ ဦးဖေတုတ် အိမ်သို့ အပြေးအလွှားရောက်လာကြသည်၊ မင်းဒင်က သွေးအေးအေးပင်၊

'ကျုပ် နှင်းမှုန်ခင်ကို မယားမှတ်မှတ်သားမှတ်မှတ် ပေါင်းဖို့ ခေါ်သွားတယ်၊ ကျုပ်ကို သမက်အဖြစ် လက်မခံရင်လည်း သူ့ဘာမီး အပျိုပြန်ဖြစ်မှာ မဟုတ်ဘူး၊ ကျုပ်ကို ထောင်ချချင်ရင်လည်းချ၊ ရတယ်၊ ထောင်ကထွက်လာရင်တော့ မင်းဒင်အကြောင်း တွေ့မှာပေါ့'

နှင်းမှုန်ခင်ကား ရှိုက်ကြီးတငင်သာ ငိုကြွေးနေသည်၊ တစ်ရွာလုံးမှာ သူမကို ကြည့်ရင်း သနားကြသည်၊ နောက်ဆုံး လူကြီးမှာ ဝိုင်းဝန်းညှိနှိုင်းကာ မင်းဒင်နှင့် နှင်းမှုန်ခင်အား အကြင်လင်မယားအဖြစ် အသိအမှတ်ပြုလိုက်သည်၊ မင်းဒင်၏ မယားဘဝတွင် နှင်းမှုန်ခင်မှာ အေးအေးချမ်းချမ်းနေရပါသည်၊ မင်းဒင်သည် သူမိခင်ထံမှ လယ်သုံးဧကကို တောင်း၍လုပ်သည်၊ တစ်ခါတစ်ရံ သောက်စားတတ်သည်မှ လွဲ၍ နှင်းမှုန်ခင်အပေါ် အနိုင်ကျင့် နှိပ်စက်ခြင်းမရှိ၊ နှင်းမှုန်ခင်ကား ဖြစ်ရာဘဝတွင် ပျော်နိုင်ဖို့သာ ကြိုးစားရပြီ၊

www.burmeseclassic.com

ရှာဦးမာရင်နံဘုရားပွဲတွင် ဇော်ထိုက်ကို မြင်ရသောအခါ နှင်းမှုန်ခင်မှာ အဟောင်းများအသစ်ဖြစ်ကာ ကျိတ်၍ ကြေကွဲငိုကြွေးရသည်။ ဇော်ထိုက်မှာလည်း မွေးဖွားခါနီး ဗိုက်ဖုံးအကျႌလေးနှင့် ချစ်သူကို မြင်ရသောအခါ ရင်ထဲနာကျင်ခဲ့ရသည်။ မင်းဒင်ကမူ အောင်ပွဲရစစ်သူကြီး၏ မျက်နှာဖြင့် အပြုံးမပျက်ဝင့်ကြွားနေသည်။

မကြာမီ နှင်းမှုန်ခင်သည် သားလေး ပြည့်စုံထိုက်ကို မွေးဖွားခဲ့သည်။ သားဦး ပြည့်စုံထိုက်သည် မင်းဒင်အတွက် ကြီးစွာသော စိတ်အနှောင့်အယှက် ဖြစ်ရသည်။ ကလေးက မင်းဒင်နှင့် လုံးဝမတူ။ အသားညိုညို၊ တုတ်တုတ်ခိုင်ခိုင် မျက်ခုံးမည်းမည်း သွေးအေးသော မျက်လုံးစင်းစင်း၊ နှုတ်ခမ်းပြာပြာ မင်းဒင်နှင့်မတူဘဲ ဇော်ထိုက်ကဲ့သို့ ဖြူဖြူ သွယ်သွယ် မျက်ခုံးပါးပါး မျက်လုံးကြည်ကြည် နှုတ်ခမ်းပါးပါးဖြင့် ချစ်စရာကောင်းလှသည်။

'ဟယ်.. ကလေးက ဇော်ထိုက်ရုပ်ကလေးတော့'

'ဟုတ်ပါရဲ့ မင်းဒင်နဲ့လည်း မတူဘူး'

ရွာသူရွာသားများ၏ စကားက **မင်းဒင်အသည်းကို ကျွဲခတ်သည့်နှယ်** ခံစားရသည်။ နွားမရွံ့ပိတ်ယူသည်ဟု စွပ်စွဲရန်မှာလည်း သူက ယူခဲ့ခြင်းမဟုတ် မိမိကိုယ်တိုင်က ဇွတ်အတင်းခိုးခဲ့ခြင်း ဖြစ်သည်။ စိတ်ညစ်ညစ်ဖြင့် မင်းဒင် သောက်စားမူးရူးလာသည်။ ပိုဆိုးသည်မှာ ကလေး၏ အမည်တွင် ထိုက်ဟူသောစာလုံးကို နှင်းမှုန်ခင်က ထည့်၍ မှည့်ခြင်းဖြစ်သည်။

'မင်းကွာ ထိုက်ကြီးထည့်မမှည့်စမ်းပါနဲ့'

'အလိုတော် ရှာဦးဆရာတော်က ကြာသပတေးရယ် အင်္ဂါရယ်တွဲပြီးစနေနံနောက်က ပိတ်လို့ တွက်ပေးထားတာ'

'ဒါဆိုလည်း ထက်တို့ထွန်းတို့ ရှည်ပါလားကွာ'

'ဖိုတော် ထိုက်ဆိုတာ ထိုက်ထိုက်တန်တန်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ကျေပ်ကြိုက်လို့ ကျေပ်မှည့်တာ ဘာဖြစ်လဲ'

နှင်းမှုန်ခင်ကား ထိမထင်မျက်နှာပေးဖြင့် ပြန်ပြောသည်။ နှင်းမှုန်ခင်တို့၏ အိမ်ထောင်ရေးတွင် အဖုအထစ်ဖြစ်လာသည်။ ထိုသတင်းစကားများသည် ဇော်ထိုက်နားသို့ ရောက်သည်။ ဇော်ထိုက်စိတ်ထဲတွင် ကလေးသည် မိမိကလေးများလားဟု တွေးမိလာသည်။ မင်းဒင် အတင်းအဓမ္မခိုးယူမီက နှင်းမှုန်ခင်မှာ မိမိ၏ချစ်သူဖြစ်သည်။ မိမိတို့ချင်း တစ်ကြိမ်တစ်ခါမှားယွင်းခဲ့ဖူးသည်။ သို့ဆိုလျှင် ဇော်ထိုက်ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ နှင်းမှုန်ခင် ရှိရာရွာသို့ ဇော်ထိုက်ရောက်လာသည်။ ဇော်ထိုက်သည် ခြံပြင်မှ ချောင်းကြည့်နေစဉ် ခြံထောင့်ရှိ ရေတွင်းတွင် ကလေးအဝတ်များ လျှော်နေသော နှင်းမှုန်ခင်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် လှမ်းခေါ်မိသည်။

'နှင်းမှုန်၊ နှင်းမှုန်'

'ဟယ် အစ်ကို'

နှင်းမှုန်သည် ခြံစည်းရိုးနားရောက်လာသည်။

'အစ်ကို ဘာလို့လာတာလဲ၊ တော်ကြာ ဟိုလူပြန်လာတော့မယ်'

'မနှင်ပါနဲ့ နှင်းမှုန်၊ အစ်ကိုပြန်မှာပါ။ အစ်ကို သိချင်တာလေး မေးပါရစေ၊ နှင်းမှုန်ရဲ့ သားလေး ပြည့်စုံထိုက်ရဲ့ ဖအေက ဘယ်သူလဲ'

'ဘာတွေ မေးနေတာလဲအစ်ကို ဘာများ အကျိုးထူးလာမှာမို့ သိချင်ရတာလဲ'

'ပြောပါ နှင်းမှုန်၊ အစ်ကို သိပါရစေ'

'ဟင့်အင်း၊ ဟင့်အင်း မပြောဘူး'

'ကလေးဟာ အစ်ကို့ကလေးမဟုတ်လား'

'မသိဘူး၊ မသိဘူး'

'ဒီလောက်ဆို အစ်ကိုသိပြီနှင်းမှုန်၊ ဒီကလေးဟာ အစ်ကို့ ကလေးပဲ၊ အစ်ကို သွားတော့မယ်'

ဇော်ထိုက် ပျောက်ကွယ်သွားသည်ကို ငေးရင်း နှင်းမှုန်ခင် မျက်ရည်ဝဲသည်။ ဇော်ထိုက် သွားပြီး မကြာမီပင် မင်းဒင်ပြန်ရောက်လာသည်။ အိမ်တိုင်ကို မှီရင်း မျက်ရည်ဝဲနေသော ဇနီးချောကို အမြင် ချက်ဆိုနားခွက်ကမီးတောက်သည်။

'နှင်းမှုန်ခင် နင်ရဲ့ မညားလိုက်ရတဲ့ လင်ဟောင်းလာသွားတယ်မဟုတ်လား'

'ဖို မဟုတ်ဘူး၊ မဟုတ်ဘူး'

'မလိမ်နဲ့။ နင်က ဘာဖြစ်နေရတာလဲ။ ငါက နင့်မျက်နှာကို မှန်လို အရိပ်ကြည့်နေတဲ့ကောင်ကွ။ နင့်ဟာနင် ငါနဲ့ မညားခင်မှာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ခွင့်လွှတ်တယ်။ ငါ့လက်ထဲကနေ သူများကို လွမ်းနေတာကို ခွင့်မလွှတ်ဘူး'

'ရှင်ဘာတွေ လျှောက်ပြောနေလဲ ကိုမင်းဒင်၊ ကျွန်မ ဘာသာခေါင်းကိုက်လို့ ငိုတာ'

'တော်စမ်း နှင်းမှုန်ခင်၊ တိတ်၊ ဟိုကောင်ရှိနေသမျှ နင်ဟိုကောင်ကို လွမ်းနေမှာပဲ၊ ဟိုကောင် မရှိမှအေးမှာ၊ ဒီတော့ ဟိုကောင့်ကို လူ့လောကထဲက မောင်းထုတ်ပစ်တာပဲ ကောင်းမယ်'

မင်းဒင်သည် မြနေအောင် သွေးထားသော ဓားကြီးတောင်ခါးကို ထရံထက်မှ ဆွဲဖြုတ်ကာ ခြံပြင်ထွက်သွားသည်။

'ဖို မလုပ်ပါနဲ့ ကိုမင်းဒင်၊ မှားမယ်၊ လုပ်ကြပါဦးရှင်၊ ဒီမှာ ကိုမင်းဒင် ဓားဆွဲထွက်သွားလို့၊ လုပ်ကြပါဦးရှင် ကယ်ကြပါဦး'

နှင်းမှုန်ခင်၏ အထိတ်တလန့် အော်သံကြောင့် အိမ်နီးချင်းများ ပြေးထွက်လာကြသော်လည်း ဓားကြီးတောင်ခါး တဝင်းဝင်းနှင့် မင်းဒင် နောက်သို့

www.burmeseclassic.com

မည်သူမှ မလိုက်ရဲကြပါ။ မင်းဒင်သည် ဖော်ထိုက်ရှိရာ လက်ပံကုန်းရွာသို့ လိုက်မသွားသေးဘဲ ရွာထိပ်ရှိ ထန်းတောထဲသို့ သွားသည်။ ထန်းရည်ဆိုင်ပိုင်ရှင် ကိုတုတ်မှာ မင်းဒင်ကို ပျာပျာသလဲ ကြိုဆိုသည်။

'ကိုတုတ် ရှိသမျှ အမြည်းချ၊ သောက်မယ်၊ ကျုပ်သောက်မယ်၊ မင်းဒင်အကြောင်း ခင်ဗျားသိတယ်နော်။ ကျုပ် ပိုက်ဆံပါမလာဘူး။ အကြွေးသောက်မယ်၊ ဒါပေမယ့် ကတိ၊ ကတိနော်။ မင်းဒင်က ကတိတည်တဲ့ကောင်၊ ပေးမယ်၊ ကျသင့်ငွေကို ပေးမယ် ဒါပဲ'

မသောက်ခင်ကတည်းက ရစ်နေသော မင်းဒင်ကို ကိုတုတ်က ချော့သည်။ မင်းဒင်လက်မှ ဓားကိုလည်း သတိထားမိသည်။

'အေးပါကွာ၊ အေးပါ၊ မင်းအကြိုက် သောက်ပါ မင်းဒင်ရာ'

ကိုတုတ်၏ ဇနီးမကျော့က အရက်ရောင်းသူပီပီ အရက်သမားများနှင့် ဆက်ဆံနေရသဖြင့် နှုတ်ကြမ်းအာကြမ်း အမူးသမားကို ကြောက်တတ်သူမဟုတ်၊ ကိုတုတ်က မကျော့ကို လက်ကုတ်ကာ သတိပေးရသည်။

'မကျော့နော် မင်းပါးစပ်ပိတ်ထား၊ ဒီကောင်ပုံစံကြည့်ရတာ တစ်ခုခုကို မွှန်လာသလိုပဲ'

မင်းဒင်သည် ချပေးသမျှ အမြည်းအားလုံးနှင့် အရက်တစ်ပုလင်းကုန်ခဲ့ပြီ၊ မင်းဒင်လည်း တော်တော်မူးပြီ။

'ကိုတုတ်၊ နောက်တစ်ပုလင်း ပေးဦး၊ အမြည်းလည်း ပေးဦး၊ ကျုပ်မဝသေးဘူး'

'အရက်ကတော့ရှိပါတယ်၊ ဒါပေမဲ့ ကြွက်ကြော်က ကုန်ပြီကွ၊ ပဲလှော်သုပ်စားနော်၊ ငါပဲလှော်သုပ်ပေးမယ်'

'မလိုချင်ဘူး၊ ကျုပ်က အရက်နဲ့ သက်သတ်လွတ်ဘုဉ်းတဲ့ ကိုယ်တော်မဟုတ်ဘူး၊ အသားကင်ရဲရဲ ဆီရွှဲရွှဲလေးမှ စားချင်တာ လုပ်ဗျာ ရှိတာလေး၊ မရှိရင် ကြွက်ရှိက်သတ်'

'တကယ်မရှိလို့ပါ မင်းဒင်ရယ်၊ ငါ တောင်းပန်ပါတယ်ကွာ'

'တောင်းပန်တာတွေ ဦးချတာတွေ လုပ်မနေနဲ့၊ ကျုပ်ဘုန်းကြီးမဟုတ်ဘူး၊ ကြွက်ရှိရင် ကြွက်သတ်၊ မရှိရင် ရှိတာသတ်'

မင်းဒင်၏ သွေးဆိုးတတ်သော ဇီဇာ ပြပြီ။

'မရှိလို့ပါ မင်းဒင်ရယ်၊ နက်ဖြန်ကျတော့ မင်းအကြိုက်စားပါ၊ ငါစပါးလင်လေးနဲ့ ကြွက်သားကာလသားချက် ချက်ပေးပါ့မယ်'

မင်းဒင်၏ မျက်လုံးများက တဲ့တန်းလျားပေါ်တွင် အိပ်နေသော မြူမွေးလုပသည့် ကြောင်ကြီးဆီသို့ ရောက်သွားသည်။

'သတ္တဝါဆိုတာ လူချွတ်ပေးမှ ကျွတ်တာ ကိုတုတ်ရဲ့ ဒီမှာလေ အမြည်း'

မင်းဒင်သည် ဖျတ်ခနဲ ထကာ ကိုတုတ်၏ ကြောင်ကြီးကို ခုတ်ချလိုက်သည်။ ဓားရောင်အောက်တွင် ကြောင်ကြီးမှာ ခေါင်းတခြား ကိုယ်တခြားသွေးအိုင်ထဲ၌ ဆန့်ငင် ဆန့်ငင် ဖြစ်သွားသည်။ ကိုတုတ်တို့ လင်မယားမှာ မှင်တက်နေမိခဲ့၊ တဲအပြင်၌ ဆော့ကစားနေသော ကိုတုတ်၏ သားလေး ပေတိုးမှာ ကလေးပီပီကြောက်ရကောင်းမှန်းမသိဘဲ ငိုယိုကာ ကြောင်သေဆီသို့ ပြေးလာသည်။

'ဟီး ဟီး သား ကြောင်သေသွားပြီ၊ သားကြောင်ကို ဒီလူကြီး သတ်ပစ်တယ် ဟီး ဟီး'

'ခွေးမသား နားငြီးတယ်၊ ခွေးမသားရဲ့'

နဂိုကတည်းက စရိုက်ကြမ်းသော မကျော့မှာ ခွေးမသားဟူသော အသုံးကြောင့် စိတ်ဆိုးမာန်ဆိုးဖြင့် မင်းဒင်ထံ ပြေးဝင်သွားသည်။

'ဟဲ့ အကောင်ရဲ့ နင့်ဓားကို ကိုင်ပြတိုင်း ငါက ကြောက်မယ်ထင်လား၊ ငါ့သားကိုများ ခွေးမသားတဲ့ နင့်အမေသာ ခွေးမ၊ နင်သာ ခွေးမသား'

'ဟာဗျာ ခင်ဗျားကြီး ခုတ်လိုက်ရ'

'အမယ်လေး ခုတ်ရဲရင် ခုတ်စမ်းပါ မကျော့က ကြောက်မယ်ထင်နေလား'

'တဲကွာ'

လူစိတ်ပျောက်နေသော မင်းဒင်၏ ဓားချက်က မကျော့၏ ကိုယ်ခန္ဓာပေါ်သို့ အဆက်မပြတ်ကျရောက်သွားသည်။ မယားဖြစ်သူ သွေးအိုင်ထဲတွင် ပုံလဲသည် မြင်သော ကိုတုတ်မှာ ထင်းခုတ်သော ဓားမကြီးကို ဆွဲ၍ မင်းဒင်ထံ ပြေးဝင်သွားတော့သည်။

'မင်း မင်း ငါ့မိန်းမကို သတ်တယ်'

'ခင်ဗျားကြီးကများ ဒီဓားမြိုးနဲ့ ကျုပ်ကို ယှဉ်ချင်သေးတယ်'

ကိုတုတ်ခမျာ ဓားပင် မရွယ်လိုက်နိုင်သေး၊ မြနေသော ငှက်ကြီးတောင်ဓားအောက်တွင် အသက်ပျောက်သွားသည်။

'သား အမေနဲ့ မေကြီးကို သတ်တယ်၊ လူသတ်သမားကြီး အမေနဲ့ အမေကြီး သေပြီ ဟီးဟီး'

ပေတိုးလေး၏ အော်ငိုသံက မင်းဒင်၏ ဒေါသကို ပိုမိုတောက်လောင်စေသည်။

'ခွေးသားလေး ကျူပင်ခုတ် ကျူငုတ်ပါမကျန်မှ သင်းလည်း သေပေတော့'

မင်းဒင် သတိဝင်လာချိန်တွင် သူ့ဓားချက်အောက်၌ လူသုံးယောက် အသက်ဝိညာဉ်ကင်းမဲ့ နေခဲ့ပြီ၊ သူသတ်ရန် ရည်ရွယ်ခဲ့သူကား ဖော်ထိုက်၊ ဖော်ထိုက်ကို သတ်ရန် အရက်များ သောက်၍ ရဲဆေးတင်ခဲ့သည်၊ အရက်ကြောင့် အသိတရားကင်းလွှတ်ကာ မရည်ရွယ်ထားသူ သုံးဦးအား သတ်ခဲ့မိပြီ။

ထိုစဉ်မှာပင် ကိုတုတ်၏ ထန်းတောသို့ ဖိုးပျော့တို့ သုံးဦး ထန်းရည်သောက်

www.burmeseclassic.com

ရန် ရောက်လာသည်။ ဓားကိုင်ထားသော မင်းဒင်နှင့် သွေးအိုင်ထဲမှ လူသုံးဦး၏ ဖြစ်ရပ်ကို မြင်သောအခါ ကြောက်လန့်တကြားအော်ဟစ် ထွက်ပြေးကြသည်။

'လာကြပါဦး ဒီမှာ မင်းဒင် လူသတ်ထားတယ်'

'ကိုတုတ်တို့ မိသားစုကို သတ်ထားတယ်'

မင်းဒင်သည် ဖိုးပျော့တို့ လူစုအား လိုက်ခုတ်ရန် စဉ်းစားသော်လည်း မူးနေသော သူ၏ ခြေလှမ်းများက ကြောက်လန့်တကြား ပြေးသောသူများကို မမီတော့၊ မင်းဒင်သည် ထွက်ပြေးရန် စဉ်းစားသည်။ မိမိထွက်မပြေးမီ ချစ်ဇနီး နှင်းမှုန်ခင်၏ မျက်နှာကို မြင်ချင်သေးသည်။ မင်းဒင်၏ ခြေလှမ်းများက အိမ်ဘက်ဆီသို့ ရောက်သွားသည်။ တစ်ကိုယ်လုံး သွေးစက်များ ပေပွကာ ရွာထဲဝင်လာသော မင်းဒင်ကို ရွာသားများက အနားမကပ်ရဲကြ။

ကလေးနို့တိုက်နေသော နှင်းမှုန်ခင်မှာ ခြံထဲဝင်လာသော မင်းဒင်၏ ပုံစံကို ကြည့်ကာ ကြောက်လန့်တကြား အော်ဟစ်သည်။

'ရှင်. . ရှင်. . လူသတ်လာပြီပေါ့။ ကိုဇော်ထိုက်ကို သတ်လာပြီပေါ့၊ သွေးတွေ ရှင့်ကိုယ်မှာ သွေးတွေနဲ့၊ လာကြပါဦးရှင် ဒီမှာ ကိုမင်းဒင် လူသတ်လာပါတယ်'

'ကောင်မ ဘာတွေအော်နေတာလဲ နင်ပါသေသွားမယ်၊ ငါကဖြင့် နင့်မျက်နှာကို တွေ့ချင်လို့လာတယ်၊ နင်က အိမ်ကဆီးပြီး အော်နေတယ်'

မင်းဒင်သည် သွေးပေနေသော အဝတ်အစားများအား လဲလှယ်နေစဉ်မှာပင် ရွာလူကြီး ဦးဖေတုတ်နှင့် ရဲများ ရောက်လာသည်။ မင်းဒင်သည် ထွက်မပြေးရန် ကြိုးစားသော်လည်း ရဲတပ်ဖွဲ့ဝင်များ၏ လုံးထွေးဖမ်းဆီးခြင်းခံလိုက်ရသည်။ အမှုကို ခိုင်မာစွာတည်ဆောက်၍ တရားရုံးသို့ ရောက်ခဲ့သည်။

မင်းဒင်၏ အပြစ်က ထင်ရှားနေသည်။ လွတ်ရန် မလွယ်၊ သူတစ်ပါး၏ အိမ်ခြံဝင်းအတွင်း ကျူးကျော်ဝင်ရောက်၍ အပြစ်မဲ့ လင်မယားနှစ်ဦးနှင့် လူမမယ် ကလေးငယ်အား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သောအမှု၊ တရားရုံးမှ မင်းဒင်အား ကြိုးမိန့်ချခဲ့သည်။ လူမိုက်မင်းဒင်တစ်ယောက် ကြိုးသမား အဖြစ် ----ထောင်သို့ ရောက်ခဲ့ပြီ။

နဂိုကတည်းက မင်းဒင်အပေါ် စိတ်ကုန်နေသော နှင်းမှုန်ခင်မှာ လင်သားဖြစ်သူကို လှည့်၍ပင်မကြည့်တော့ပါ။ မင်းဒင်၏ မိဘညီကို မောင်နှမများသာ မင်းဒင်အတွက် ပူပန်သောကရောက်စွာဖြင့် မင်းဒင်လွတ်မြောက်ရေးကို ကြိုးစားကြပါသည်။ ရှိသမျှ ပေါင်နှံရောင်းချကာ ရှေ့နေရှေ့ရပ်များငှား၍ အယူခံအဆင့်ဆင့်လိုက်ကြသည်။ မင်းဒင်ကား မိမိ ကြိုးဒဏ်ကျခြင်းကို လွတ်မြောက်ရန်ထက် ထောင်ဝင်စာတွေ့ရန် မိခင်နှင့် နှမလာတိုင်း မမြင်ရသော ဇနီးကိုသာ တွေ့လိုစိတ်ဖြင့် မေးမြန်းပါသည်။

'အမေ နှင်းမှုန်ခင် မပါဘူးလား'

'သားရယ် ကိုယ့်ဘာသာကိုယ် စိတ်ချမ်းသာအောင် ကျန်းမာရေးကောင်းအောင်နေပါ၊ ကိုယ့်အပေါ် မကြင်နာတဲ့ မိန်းမကို စိတ်မဝင်စားပါနဲ့ သတိမရပါနဲ့'

'အမေကလဲဗျာ၊ ကျွန်တော် ကျန်းမာရေး ကောင်းအောင်နေလည်း ကြိုးကွင်းစွပ်ခံရလို့ သေရမှာပဲ၊ စိတ်ကရော ဘယ်လိုချမ်းသာမှာလဲဗျ၊ တစ်နေ့ သေရမှာကို သိနေမှတော့ ဘယ်လို ပျော်မှာလဲ'

'ဒါပေမယ့် သားရယ် ဖောက်ပြန်တတ်တဲ့ မိန်းမ၊ မင်းနဲ့ညားပြီး ဇော်ထိုက်ရဲ့ ရင်သွေးလေးမွေးထားတဲ့ မိန်းမ၊ ဒီလို မိန်းမမျိုးကြောင့် ငါ့သား ဒေါသကြီးပြီး လူသတ်မှု ဖြစ်ခဲ့တာ၊ ဒီကောင်မကို မေ့ပစ်စမ်းပါသားရယ်'

မင်းဒင်သည် ဦးခေါင်းသာ ခါယမ်းပြမိသည်။ တကယ်တော့ နှင်းမှုန်ခင်သည် ဖောက်ပြန်တတ်သူမဟုတ်မှန်း သူသိသည်။ ငယ်ချစ်ဟောင်းကို မမေ့နိုင်သော နှင်းမှုန်ခင်ကို သူကလည်း အချစ်ကြီးချစ်မိခဲ့သည်ပဲ၊ မင်းဒင်သည် လုပ်ရပ်လျှင်ခံရဲသော သတ္တိရှိ၍ သေရမည်ကို မကြောက်သော်လည်း မိမိမရှိတော့လျှင် နှင်းမှုန်ခင် တစ်ယောက် ငယ်ချစ် ဇော်ထိုက်နှင့် လက်တွဲမည့် အရေးကိုဖြင့် လက်မခံနိုင်ဖြစ်နေသည်။ မင်းဒင်အတွက် စားလည်းဒီစိတ် သွားလည်းဒီစိတ်။

ဤသို့ဖြင့် မင်းဒင်တစ်ယောက် ကြိုးသမားဘဝနှင့် အယူခံရင်း ချုပ်ရက်မှာ နှစ်နှစ်နီးပါးရှိခဲ့ပါပြီ။ ဗဟိုအယူခံမှာလည်း ရှုံးခဲ့ပြီ၊ မင်းဒင် တစ်ယောက် သေရမည့်နေ့ကို စောင့်မျှော်နေဆဲတွင်ပင် မမျှော်လင့်ဘဲ နိုင်ငံတော်အစိုးရမှ ကြိုးသမားများအား သေဒဏ်အဖြစ်မှ ထောင်ဒဏ်ဆယ်နှစ်သို့ ပြောင်းလဲချမှတ်ခဲ့သည်။ မင်းဒင်နှင့် ဘဝတူ ကြိုးသမားအားလုံး ပျော်ရွှင်ကြသည်။ ကြိုးတိုက်ထဲမှ ပြင်ပဆောင်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ရခဲ့ပြီ။

'အမေ နှင်းမှုန်ခင်ရော၊ ကျွန်တော် သူ့ကို လွမ်းတယ် မြင်ချင်တွေ့ချင်နေပြီ'

'သား နှင်းမှုန်ခင်ကို မင်းခေါင်းထဲက ထုတ်လိုက်တော့၊ အမေရှင်းရှင်းပဲ ပြောမယ်၊ ဒင်းနောက်အိမ်ထောင်ပြုသွားပြီ သား သေဒဏ်က လွတ်ငြိမ်းခွင့်ရတယ် ကြားတော့ သင်းတို့ လင်မယား ရွာထဲမှာ မနေရဲလို့ သူ့လင်ရွာကို ပြောင်းသွားပြီ'

'တောက်. . . ရိုင်းလိုက်လေကွာ၊ ဘယ်သူနဲ့လဲ အမေ၊ ဇော်ထိုက်နဲ့ပဲလား'

'ဒါပဲပေါ့၊ မင်းထောင်ကျသွားကတည်းက ဇော်ထိုက်က တစ်ချိန်လုံး စောင့်ရှောက်အားပေးနေတာ၊ အခုသား

www.burmeseclassic.com

လိုလို့ အရိုးတောင်းနေတာ၊ နှင်းမှုန်ခင် မိဘတွေကိုယ်တိုင်က လိုလိုလားလား ပေးစားခဲ့တာ'

'ကျွန်တော်လွတ်တာနဲ့ တွေ့မယ်'

'သားရယ် မင်းဒေါသတွေ လျှော့တော့၊ ဒီကောင်မကြောင့် ထောင်ထဲ ထပ်မရောက်ပါစေနဲ့'

သူ့အမေ ဘာပြောပြော မင်းခင် နားမဝင်ပါ၊ လွတ်မည့်ရက်ကိုသာ လက်ချိုးရေတွက်မျှော်နေပြီ၊ သို့ဖြင့် မင်းခင် ထောင်မှ လွတ်သောနေ့ရောက်ခဲ့ပါပြီ၊ မင်းခင်တစ်ယောက် ရွာသို့ အပြေးပြန်ခဲ့သည်၊ မင်းခင်၏ မိဘမောင်နှမများက ဝမ်းသာအားရ ကြိုဆိုကြသည်၊ အစားကောင်းများ ချက်ပြုတ်ကျွေးမွေးသည်၊

'သား ဘာမှမတွေးနဲ့၊ စိတ်သစ်လူသစ်နဲ့ ဘဝသစ်ထူထောင်ဖို့ စဉ်းစား၊ ဟိုကောင်မကိုလည်း မေ့ပစ်လိုက်တော့၊ ဟိုကောင်မထက်သာတဲ့ မိန်းမ အမေတို့ ရှာပေးစားမယ်'

'အမေ ကျွန်တော်သူ့ကို မမေ့နိုင်ဘူး၊ သူနဲ့ ကျွန်တော်စာရင်းရှင်းရမှာဖြစ်မယ်'

'အမယ်လေးသားရယ်၊ အလကားသံသရာရှည်အောင်၊ စာရင်းလည်း ရှင်းမနေနဲ့၊ ရှင်းမှ ရှုပ်မယ်'

အမေဘာပြောပြော မင်းခင်နားမထောင်၊ မင်းခင်သည် ထောင်တွင်းဝတ်လာသမျှ အတိုးချကာ စားသည်၊ အိပ်ရေးဝဝအိပ်သည်၊ နှစ်ရက်ခန့် အနားယူပြီးသောအခါ ခြောက်လက်မခန့်အရှည်ရှိသော ဓားမြှောင်ကို မြနေအောင်သွေးကာ ခါးကြားထိုး၍ အိမ်မှ ထွက်သွားသည်၊ မင်းခင်ထွက်သွားချိန်မှာ ညနေငါးနာရီခန့်၊ မမှောင်သေး၊ ရွာထိပ်ထန်းတောသို့ ဦးစွာသွားသည်၊ ထန်းတောတွင် လူသစ်များရောက်ကာ ရောင်းချနေသည်၊ မင်းခင်သည် ရဲဆေးတင်ပြီးသောအခါ လက်ပံကုန်းရွာဆီသို့ ဦးတည်ထွက်ခွာခဲ့ပါသည်၊ မင်းခင်သွားချိန်မှာ မှောင်စပျိုးခဲ့ပြီ၊

(၃)

နောက်တစ်နေ့နံနက်တွင် လက်ပံကုန်းရွာထိပ်၌ အလောင်းကိုတွေ့ရသည် ဟူသော စကားက တောမီးပမာပျံ့နှံ့သွားသည်၊ မင်းခင်အလောင်းမှာ လက်ပံကုန်းရွာ အဝင်တွင် ရွာဘက်ခေါင်းပြု၍လဲနေသည်၊ မင်းခင်၏ ညာဘက် နောက်ကျောဇက်ပိုးတွင် လည်ပင်းပြတ်လုလု ဓားခုတ်ရာကိုတွေ့ရသည်၊ သွေးများမှာ အလောင်းတစ်ဝိုက် အိုင်ထွန်းနေသည်၊

မင်းခင် အမေနှင့် ညီမက အနှောင့်အသွားမလွတ်ငိုကြသည်၊

'သားရဲ့ မင်းကို ပြောသားပဲ၊ ဒီကောင်မရှိတဲ့ ရွာကို မသွားပါနဲ့ဆို၊ အခုတော့ ကောင်မရဲ့လင်က သတ်ပြီပေါ့'

'အမယ်လေး အစ်ကိုကြီးရဲ့၊ဒီကောင်မကြောင့် ထောင်တစ်ခါကျခဲ့ ရတာမမှတ်သေးဘဲ အခုတော့ အသက်ပါပေးလိုက်ရပြီပေါ့'

ရွာသားများက တီးတိုးဝေဖန်ကြသည်၊

'ဇော်ထိုက်ပဲ နေမှာပေါ့'

'သူ့ကို သတ်ဖို့လာတာဆိုတော့ ကြောက်ကြောက်နဲ့ လုပ်လိုက်မှာပေါ့'

အမှုကို ကိုင်တွယ်ရသော ဒုရဲအုပ်ကျော်စွာသည် သေချာစွာ လေ့လာသုံးသပ်သည်၊ တရားခံအဖြစ် စွပ်စွဲခံရသူ ဇော်ထိုက်မှာ ထိုနေ့က လက်ပံကုန်း ၐ မရှိ၊ မင်းခင်ပြန်ရောက်နေကြောင်းကြား၍ ကြောက်ရွံ့သောကြောင့် ညောင်ပင်သာရွာရှိ အစ်မဝမ်းကွဲ မချိုချိုစိုး အိမ်တွင် သွားရောက်အိပ်ကြောင်း မချိုချိုစိုးကို သက်သေပြထွက်ဆိုသည်၊

ဒုရဲအုပ် ကျော်စွာမှာ စဉ်းစားရသည်၊ မင်းခင်လို လူမျိုးကို မျက်နှာချင်းဆိုင်ရန် မလွယ်၊ မင်းခင်၏ ဒဏ်ရာမှာ နောက်ဘက်မှာ တိတ်တဆိတ်ခုတ်ထားသောဒဏ်ရာဖြစ်သည်၊ ဇော်ထိုက်များ ဇနီးနှင်းမှုန်ခင်ထံ ပြန်လာရင်း မင်းခင်ကို မြင်တွေ့သဖြင့် ခုတ်ထားခြင်းလော၊ မပြေးသော်လည်း ကန်ရာရှိ ဇော်ထိုက်တစ်ယောက် စစ်ဆေးမေးမြန်းခံရန် အချုပ်ခန်းသို့ ရောက်ခဲ့ပါပြီ၊

သို့သော် တရားကို နတ်စောင့်ပါသည်၊ တရားခံအစစ်မှာ ထန်းတဲပိုင်ရှင် ဦးလူဝဖြစ်သည်၊ ဦးလူဝသည် သေဆုံးသွားခဲ့သော ကိုတုတ်၏ ဇနီးမခကျော့၏ ဦးလေးဖြစ်သည်၊ ကိုတုတ်တို့လင်မယား မရှိသည့်နောက် ထန်းတဲတွင်လာရောက်နေထိုင်သည်၊ ကိုတုတ်တို့နှင့် ဆွေမျိုးတော်စပ်မှန်း မသိစေရန် ထန်းတဲကိုဝယ်လိုက်ခြင်းဟု သတင်းလွှင့်ထားသည်၊ ထိုနေ့ ညနေက ထန်းတောသို့ မင်းခင် ရောက်လာကာ သောက်စားသည်၊ မင်းခင်ကို မြင်လိုက်သောအခါ မျိုသိပ်ထားသောဒေါသမှာ ထွက်လာသည်၊ ထို့ကြောင့် မင်းခင်ပြန်သွားသောအခါ နောက်ယောင်ခံလိုက်သွားသည်၊ လက်ပံကုန်းရွာအဝင်တွင် နောက်မှ ခုတ်သတ်ခဲ့သည်၊

ဇော်ထိုက်အား စစ်ဆေးမေးမြန်းရန် ရဲစခန်းမှ ခေါ်ဆောင်သွားသောအခါ ဦးလူဝသည် လုပ်ရဲလျှင်ခံရဲသော သတ္တိရှိသူပီပီ စခန်း၌ လာရောက်အဖမ်းခံခဲ့သည်၊ လူမိုက်ကြီး မင်းခင်၏ဘဝဇာတ်သိမ်းကား မလှပခဲ့ပါ၊ သွေးကြွေးကို သွေးဖြင့် ပေးဆပ်ခဲ့သူ ဦးလူဝသည်လည်း သူ၏အမှားအတွက် ထိုက်တန်သော အပြစ်ဒဏ်ခံရတော့မည်၊

အချုပ်မှ လွတ်လာသော ဇော်ထိုက်၏ ခြေလှမ်းများကား ချစ်ဇနီး နှင်းမှုန်ခင်ထံသို့ ဦးတည်လျက် . . . . ၊

သန္တာမြတ်သောင်း

www.burmeseclassic.com




# သံသယစက်ကွင်း

တက္ကသိုလ်ရက္ခမျှာလ



www.burmeseclassic.com

www.burmeseclassic.com




# သံသယစက်ကွင်း

ပုံရိပ်တို့ ဝေဝါးသွားခဲ့လေပြီ။ တစ်စ တစ်စ ပျောက်ကွယ်
သွားပြီဖြစ်တဲ့ ထိုပုံရိပ်တို့ကို အတွေးနှင့်အတူ
ရပ်ဆိုင်းပစ်လိုက်သည်။
"မင်းပြောတာ တကယ်ပဲလား ကိုအောင်"
"တကယ်ပါကွာ၊ မင်းယုံ စမ်းပါ၊ ငါ့ မျက်စိနဲ့
တပ်အပ်မြင်ခဲ့ရတာကွ"
"မင်းကိုတော့ ငါယုံပါတယ်။ ဒါပေမယ့် ငါလက်တွေ့
မြင်ချင်သေးတယ်"
ကိုအောင် ဘာမှ မပြောဖြစ်။ ကိုထွန်းကိုသာ
စိုက်ကြည့်နေလိုက်သည်။
သူမှာ ပြောစရာ စကားမရှိတော့။ ဆက်ပြောနေလို့လည်း
ဘာမှ ထူးလာမည်မဟုတ်မှန်းလည်း သိနေသည်။
ကိုထွန်းနှင့် ကိုအောင်က ဟိုး . . ငယ်ငယ်လေးတည်းက
တွဲလာကြတဲ့ သူငယ်ချင်းတွေ မဟုတ်လား။
တစ်ယောက်အကြောင်း တစ်ယောက်
ကောင်းကောင်းသိတာပေါ့။
"ကဲပါကွာ၊ မင်းမျက်စိနဲ့ တပ်အပ်မြင်ချင်တယ်ဆိုရင်လည်း
အခုသွားရင် မီလောက်သေးတယ်။
ငါတို့ လိုက်ကြည့်ရအောင်"

**တက္ကသိုလ်ရက္ခပါလ**

www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်း ကိုအောင်ခေါ်ရာနောက်သို့ အဘွားစိရရှိဖြင့် လိုက်လာခဲ့သည်။ ရွာအနောက်ဘက်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ ချမ်းအေးလွန်းသော ဒီဇင်ဘာနှင်းထုအောက်တွင် ကိုထွန်းတစ်ယောက် ချမ်းရအေးရကောင်းမှန်းမသိ၊ မိမိမျက်မြင်ကိုယ်တွေ့မြင်ချင်လို့သာလိုက်လာခဲ့ခြင်း ဖြစ်သည်။ ကိုအောင်ပြောပြသဖြင့် အဖြေက ၁၀၀% လောက် သေချာနေပြီဆိုတာလည်း စိတ်ထဲတွင် အလိုလိုသိနေသည်။ မိမိခေါင်းမာခြင်းမဟုတ်ပါ။ မယုံကြည်နိုင်လောက်အောင် ဖြစ်နေခြင်း ဖြစ်သည်။ စိတ်ထဲမှာတော့ ကြေကွဲလျက်။

ဘယ်လိုမှ မျှော်လင့်မထားသော သတင်းဆိုးက မနက်စောစောစီးစီးရောက်လာခဲ့ခြင်းက အမြဲတမ်း လန်းဆန်းနေသော သူ့ကို ယနေ့အဖို့တော့ ထုံထိုင်းမှိုင်းနေမည်ကို တွေ့ရလိမ့်မည်။ နေမင်း၏ လင်းရောင်ခြည်အပြုံးတွေကို ကွယ်ပစေနိုင်လောက်အောင် စိုးမိုးထားနိုင်လွန်းသော နှင်းထုလွှာအောက်၌ နှင်းရည်စက်တို့က ခါးသက်၍နေသည်။ ရွာအနောက်ဘက် လယ်ကွင်းတို့ အလွန်ကွင် အရာဝတ္ထုတစ်ခုကို ဝိုင်းအုံကြည့်ရှုနေကြသော ရွာသားတချို့ရှိနေပေသည်။ ဘာရယ်လို့မဟုတ်၊ မိမိတို့၏ ထင်ရာမြင်ရာ ခန့်မှန်းတွက်ဆမိရာ အယူအဆပေါင်းအမျိုးမျိုးတို့ကိုသာ တစ်ယောက်တစ်ပေါက်ဖြင့် ပြောဆိုနေကြပေသည်။

"ဒါက လုံးဝမဖြစ်သင့်တာပဲ"

"ဖြစ်သင့်တာပေါ့ကွ"

"လုပ်စမ်းပါဦးဟော့၊ မင်းက ဘာကြောင့်ဖြစ်သင့်သလဲဆိုတာကို"

"အချိန်မတော်တဲ့ လူခြေတိတ်ဆိတ်တဲ့အချိန်မှာ အမျိုးသမီးတစ်ယောက်တည်း သွားလာတယ်ဆိုတာ မကောင်းဘူးလေ၊ ဒီလိုအချိန်မှာ အမျိုးမတော်စပ်တဲ့ ယောကျ်ားတစ်ယောက်ကမှ ကူညီစောင့်ရှောက်ဖို့ဆိုတာဟာ မလွယ်ကူဘူးလို့ထင်တယ်။ ပြီးတော့လည်း သူမ ဝတ်စားထားတဲ့ အဝတ်အစားတွေကိုလည်း မင်းပြန်ကြည့်ဦး။ သူမအဝတ်အစား၊ သူမဝတ်ပုံဆင်ပုံကကာမကို ဖိတ်ခေါ်ထားသလိုပဲလေ"

"အေးကွ၊ မင်းသုံးသပ်တာ ဖြစ်နိုင်တဲ့ အခြေအနေတွေပဲ"

"ဒီလိုအချိန်မှာဆို .. အရက်မူးနေတဲ့ သူတွေရော၊ အလုပ်ပြန်တဲ့သူတွေရော ပြတ်တယ်လေကွာ။ ဒီကြားထဲ အချိန်နောက်ကျမှ ပြန်လာတတ်တဲ့ လူက တစ်ယောက်စနှစ်ယောက်စပဲ ရှိမှာပေါ့"

"အေးလေကွာ၊ သူမတစ်ယောက်တည်း ပြန်လာတယ်ဆိုကတည်းက ဘယ်သူ့အမှားမှ မဟုတ်ဘူး။ ဒီကိစ္စက သူမကိုယ်တိုင်ရဲ့အမှား"

ဝေဖန်ချက်ပြုနေသူများ၏နောက်ဘက်နားသို့ ကိုထွန်းနှင့် ကိုအောင် ချဉ်းကပ်လာသည်။ နံနက်ခင်းရဲ့ နှင်းခသော မြက်ခင်းပြင်တွင် လဲလျောင်းအိပ်စက်နေသူ ကိုထွန်းတစ်ဖတ်သတ်ချစ်မြတ်နိုးမိတဲ့ "အမျိုး"တစ်ယောက်တော့ အသက်မရှုတော့။ အမျိုးကို သူသိပ်ချစ်ခဲ့သည်။ ဒါပေမယ့် သူဖွင့်မပြောဖြစ်ခဲ့။ အမျိုးတို့က ဒီရွာမှ အချမ်းသာဆုံး။ ကိုထွန်းက ဒီရွာမှာ အဆင်းရဲဆုံးထဲမှာ ပါဝင်သော လက်လုပ်လက်စား သမား။ သူမနှင့် ကိုထွန်းက ဆန့်ကျင်ဘက်အနေအထား၏အောက်တွင် ကျောခြင်းယှဉ်ရပ်နေသော ၃-နှင့် ၄ တို့လို။

အဆင့်ကွာခြားပေမယ့်လည်း အချစ်က မကွာခြားခဲ့ပါ။ ဘဝပေးအကျိုးကံတရား၏ ကြမ္မာကြောင့်သာ ရပ်တည်မှုခြင်း မတူသည်သာ။ သူမကိုလည်း ဒီရွာမှာမွေးပြီး ကိုထွန်းကိုလည်း ဒီရွာမှာ မွေးခြင်းသာ၊ တစ်ရွာတည်းမှာအတူမွေး၊ အတူကြီးလာခဲ့ကြခြင်းကတော့ အတူတူပါ။ ငွေကြေးချမ်းသာသော သူမမိဘများကြောင့် သူမကတော့ ၁၀ တန်းကို မြို့ပေါ်မှာ သွားတက်ခွင့်ရခဲ့သည်။ အထွန်းမှာတော့ ငွေကြေးမပြည့်စုံသလို ပညာရေးကလည်း မပြည့်စုံခဲ့။ ၇ တန်းမှာတင် ကျောင်းထွက်ခဲ့ရသည်။

သူမ ၁၀ တန်းအောင်တော့ မိမိတို့မြို့မှာရှိသော GTI ကို ဆက်တက်ခဲ့သည်။ ယခုလည်း ကျောင်းပိတ်သဖြင့် ရွာကို ပြန်လာခြင်းသာ။ အဖြစ်ဆိုးလိုက်လေခြင်း အမျိုးရယ်။ မြို့မှာနေ၍ မြို့သွေးပေါက်နေ

နံနက်ခင်းရဲ့ နှင်းခသော မြက်ခင်းပြင်တွင်
လဲလျောင်းအိပ်စက်နေသူ
ကိုထွန်းတစ်ဖတ်သတ်ချစ်မြတ်နိုးမိတဲ့
"အမျိုး" တစ်ယောက်တော့
အသက်မရှုတော့ ။

www.burmeseclassic.com

သော သူမ၊ ဝတ်စားဆင်ယင်မှုမှာလည်း မြို့နေစတိုင်၊ အနေအထိုင်မှာလည်း မြို့နေစရိုက်အတိုင်း မပြောင်းလဲသော သူမသည် ယခုတော့ ပုံပျက်ဆင်းပျက်ဖြင့် အကြွေစောခဲ့လေပြီ။

■

ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုကြောင့် သူတိတ်ဆိတ်နေခြင်း မဟုတ်ပေ။ အမျိုးအကြောင်းကို စဉ်းစားနေခြင်းပင်။ သူမသေဆုံးမှုနှင့် ပတ်သက်၍ တရားခံဘယ်သူလဲဆိုတာကို အားလုံးက သိချင်နေကြသည်။ အဖြစ်နိုင်ဆုံးက ထင်မြင်ချက်တို့ဖြင့် ရွာရှိလူများကို ဆက်စပ်တွေးကြည့်သော်လည်း သံသယဝင်နိုင်စရာတစ်ခုဖြင့်သာ အဖြေပေါ်သည်။ ထင်ထင်ရှားရှား လက်ပူးလက်ကြပ် သံသယဝင်လို့လည်း မရနိုင်လောက်အောင် အားလုံးမှာ အပြစ်ကင်းနေသည်။

မိမိကသာ သူတစ်ပါးတို့အပေါ် သံသယအနည်းငယ်ဝင်သော်လည်း ရွာရှိလူများက မိမိနှင့် မိမိအပေါင်းအသင်းကိုအောင်ကိုသာ သံသယဝင်နေကြတာ သူသိသည်။ အဖြေမှန်အပေါ် သေးခင် မည်သူ့ကိုမဆို သံသယဝင်နိုင်သည် မဟုတ်လား။

အေးချမ်းသာယာသော ရွာကလေးသည် အမျိုးသေဆုံးပြီးနောက် တစ်ရွာလုံးမက တစ်နယ်လုံးတို့ ပွက်လောရိုက်နေသည်။ ရိုးသား၍ ဖြူစင်သော တောသူတောင်သားတို့အပေါ်၌ မြင်မြင်သမျှ လူတို့ကို သံသယကိုယ်စီဖြင့် မအေးချမ်းနိုင်ကြတော့။ အားလုံးသော ရွာသူရွာသားတို့၏ တူညီသော အဖြစ်ချင်ဆုံးဆန္ဒမှာ တရားခံမြန်မြန်ပေါ်နိုင်ရေးပင်။

■

"ဒေါ်လေး. . ကိုအောင် ရှိလား"

"အေး . . ရှိတယ်ကွယ်၊ သားရေ . . ဒီမှာ မောင်ထွန်းလာတယ်"

ဒေါ်အေးငွေ၏ခေါ်သံကြောင့် အိမ်အပေါ်ထပ်မှ ကိုအောင် ပြေးဆင်းလာသည်။

"ဟကောင်. . ဘာတုန်း"

"ဘာတုန်းရမှာလဲကွ၊ ဒီနေ့ တောလည်ထွက်ရမယ့်နေ့လေ"

"ဟာ သေလိုက်ပါတော့၊ ငါမေ့နေတယ်ကွ၊ ခဏစောင့်ဦး"

ကိုအောင် သူ့နဖူးသူ ရိုက်ပြီး အိမ်အပေါ်ထပ်သို့ ပြေးတက်သွားသည်။ အမြဲတမ်း အဆင်သင့်ဖြစ်နေတတ်သော ကိုအောင်အဖို့ တောလည်ထွက်ရန် မေ့နေသော်လည်း အင်္ကျီတစ်ထည်ဝတ်လိုက်ရုံဖြင့် ပြီးစီးသွားသည်။ နံရံတွင် ချိတ်ဆွဲထားသော ဒူးလေးကို ကောက်လွယ်လိုက်ပြီး အစီအရီချိတ်ဆွဲထားသည်တို့ကို လက်ဖြင့်သယ်၍ ဆွဲယူလိုက်ရာ အတွဲလိုက်ပါလာပြီး ခါးတွင် ပတ်လိုက်သည်။ ပြီးပြီ၊ အားလုံး အဆင်သင့်ပါပဲ။

■

"ကိုအောင် ဒီခြေရာကို သေသေချာချာ ကြည့်စမ်းပါဦး၊ တော်တော်ထူးခြားတယ်"

"ဘာခြေရာမို့လို့လဲ"

"ဘာခြေရာမှန်းသေသေချာချာ မသိလို့မေးတာပေါ့ကွ"

"ဝံ(ဝင်ထီးတိုး)ခြေရာနဲ့လည်း တူတယ်။ ပြီးတော့ မျောက်ခြေရာလိုပဲ"

"မျောက်က အပင်ထက်မှာ နေတဲ့အကောင်ပဲ။ ဒီကောင့်ခြေရာ မင်းဘယ်နှစ်ခါ တွေ့ဖူးလို့လဲ"

"ငါတို့က အပျော်တမ်းမုဆိုးတွေပဲ။ ကိုယ်ထင်သလို လောလောဆယ်ကောက်ချက်ချရတာပေါ့"

"မုဆိုးကြီးတွေတောင် မနည်း(အတော်)ကို မှန်းရမှာ"

"ဝံကလည်း ဒီနယ်မှာ မမြင်ဖူးသလောက်ပဲကွ"

အစိမ်းလတ်လတ် တွေ့မြင်နေရသော ခြေရာတစ်ခုကို သူတို့လိုတစ်ပတ်တစ်ခါလောက်သာ တောပစ်ထွက်တတ်သော သင်ပစ် ပစ်နေသူများအဖို့ ဘယ်လိုမှ မသိရှိနိုင်ပါ။ သူတို့နှစ်ယောက်အဖို့မှာလည်း တောဝက်၊ တောကြက်၊ မျောက်၊ ချေတို့လောက်သာ မြင်ဖူးသူများသာ။ ဆတ်ကိုတောင် မြင်ဖူးသေးသည် မဟုတ်။ မုဆိုးကြီးတွေလောက်သာ မြင်ဖူးသူများသည်။ မုဆိုးကြီးတွေက တောနက်ထဲဝင်သဖြင့် တွေ့မြင်ရခြင်း ဖြစ်သည်။

ကိုထွန်းနှင့်ကိုအောင်တို့ ပစ်နေသော အကြီးဆုံးသတ္တဝါမှာတောဝက်သည်သာ။ တောဝက်ကလည်း စပါးခင်းများအား ခဏခဏ လာရောက်ဖျက်ဆီးတတ်သဖြင့် ခြောက်ပစ်လှန့်ပစ်ရင်းဖြင့် တောဝက်ရတတ်သည်မှစ၍ သူတို့ တောဝက်ပစ်ဝါသနာပါလာသည်။

တောဝက်ပစ်ရသည်ကလည်း မလွယ်။ အလွန်အန္တရာယ်များသော အကောင်ဖြစ်သည်။ တောဝက်ပစ်တော့မည်ဆိုလျှင် သစ်ပင်ပေါ်က တက်၍ ပစ်မှ ပို၍ အန္တရာယ်ကင်းသည်။ သို့မဟုတ်လျှင် တောဝက်၏ အစွယ်အောက်တွင် ဗိုက်ပေါက်ထွက်သွားနိုင်သည်။

ယခု တွေ့မြင်နေရသော ခြေရာကား မည်သည့်သားကောင်၏ခြေရာဖြစ်သနည်း။ သူတို့ မသိသေးပါ။ လှုံ့ခြေရာ

www.burmeseclassic.com

ထက်ကြီးသည်။ လူခြေရာလိုလည်း မဟုတ်။ ဒါဆို ဝံခြေရာလား၊ ဒါလည်း ဖြစ်နိုင်သည်။ ဝံကို သူတို့မတွေ့ဖူးပါ။ အနီးစပ်ဆုံး ခန့်မှန်းကြည့်ခြင်းရယ်။

ခြေရာက မနက်ကမှ နင်းဖြတ်သွားသည့်ခြေရာ ဖြစ်သည်။ သူတို့ မမြင်ဖူးသေးသော သားကောင်တစ်ကောင် ဖြစ်သည့်အတွက် ကိုအောင်နှင့် ကိုထွန်း မည်သို့ဖမ်းဆီးရမည်ကိုမှု မသိသေး။ မိမိတို့ တွင်ပါလာသော ပစ္စည်းတို့ဖြင့်တော့ လုံလောက်မှုရှိရဲ့လားဆိုတာတောင် မသိ။ ဘယ်လို သတ္တဝါမျိုးများပါလိမ့်နော်။

■

ရွာအနောက်ပိုင်းမှ ထင်းခွေသွားသော အဘွား ဦးသန္တာအိမ်နှင့် သူ့မြေး တေက်ခေါက်တို့နှစ်ယောက် တောထဲမှ အူလျားဖားလျား ထွက်ပြေးလာကြသည်။

"ကယ်ကြပါဦးဟေ့ . . ကယ်ကြပါဦး"

အဘွားဦးသန္တာအိမ်သည် စောစောကမှ ထင်းခွေသွားခြင်း ဖြစ်သည်။ ထိုသို့ အော်ဟစ်အကူအညီတောင်းသံကြောင့် ယခုမှ တောလည်ရန် ထွက်လာကြသော ကိုအောင်နှင့် ကိုထွန်းတို့ ကမန်းကတန်း (ကပျာကယာ)ပြေးလိုက်သွားခဲ့သည်။

အမှန်ဆို သူတို့ တောလည်ရက်မဟုတ်။ မနေ့က တွေ့ခဲ့သော သားကောင်၏ ခြေရာကြောင့် ယနေ့ထွက်လာခဲ့ခြင်း ဖြစ်သည်။ တောစပ်နားရောက်လုမှာပဲ ဒေါ်ဦးသန္တာအိမ်နှင့် တေက်ခေါက်တို့၏ အော်ဟစ်သံကို ကြားရမြင်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုအောင်နှင့် ကိုထွန်းလည်း အပြေးလိုက်ခဲ့ကြခြင်း ဖြစ်သည်။

ဒေါ်ဦးသန္တာအိမ်တို့ ပါးစပ်က အော်ဟစ်အကူအညီတောင်း၍ အော်ဟစ်နေသော်လည်း သူတို့နောက်မှ ဘာမှ ပါမလာပေ။ နောက်သို့ ပြန်လှည့်မကြည့်ဘဲ ပြေးလာခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့် ကိုအောင်တို့က ဆီး၍ မေးလိုက်သည်။

"အဘွားအိမ် ဘာဖြစ်တာလဲ"

အဘွားဒေါ်ဦးသန္တာအိမ်သည် ကိုထွန်းမေးလိုက်သံကို ကြားသော်လည်း ဘာမှပြန်မဖြေဘဲ ဆက်ပြေးရန် ဟန်ပြင်လိုက်သည်။ ကိုအောင်က လက်ကို ဆွဲထားလိုက်သည်။

"အဘွားအိမ် ဘယ်လိုဖြစ်လာတာလဲလို့"

ကိုထွန်း ထပ်မေးလိုက်သည်။ သူ့ခမျာ အမောတကောဖြင့် ပြေးလာရသောကြောင့် ချက်ချင်း ပြန်မဖြေနိုင်သေးပေ။ အသက် ၆၀ ကျော်သာ ရှိသေးသော အဘွားအိမ်သည် သန်သန်မာမာပင် ရှိနေသေးသည်။ ၁၃ နှစ်အရွယ် သူ့မြေး တေက်ခေါက်ထက်ပင် အ ပြေး မြန် သေး သည်။ ကြောက်အား လန့်အားဖြင့် ပြေးရသောကြောင့်လားတော့ မသိ။ အံ့ဩဖွယ်ကောင်းပေစွ။

"မောင်ထွန်းရေ၊ ဘာကောင်မှန်းကိုမသိဘူး။အဘွားတစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးသေးတဲ့ အကောင်ကြီးလိုက်လာလို့ ထွက်ပြေးလာတာ။ ဟူး . . မောလိုက်တာ သေချင်စော်နံကရောပဲ"

အဘွားအိမ် စကားကို ကြားရတော့ ကိုထွန်းက ကိုအောင့်ကို "ဘာကောင်လဲ"ဟု မေးဆတ်မေးသည်။ ကိုအောင်က မသိဟူသော သဘောဖြင့် ခေါင်းခါပြသည်။

"အဘွားအိမ်တွေ့ခဲ့တဲ့ အကောင်ရဲ့ ပုံသဏ္ဌာန်ကို ပြောပြနိုင်မလား"

"သေသေချာချာတော့ မတွေ့လိုက်ဘူး။ လူထက်တော့ ကိုယ်လုံးကြီးတယ်။ အရပ်လည်း မြင့်တယ်။ တစ်ကိုယ်လုံး အမွေးတွေနဲ့။ အမွေးကတော့ အမည်းရောင်ပဲ။ လက်သည်းခြေသည်းတွေလည်း အရှည်ကြီးပဲ။ သွားတွေက ခေါခေါ မျောက်မျက်နှာနဲ့တူတယ်။ လူလိုပဲ သွားတယ်။ အဘွားတွေ့တာ ဒီလောက်ပဲ"

"အဘွားအိမ်ကလည်း သေသေချာချာ မတွေ့လိုက်ဘူးသာပြောတယ်၊ ပြောပြတော့လည်း စုံနေတာပဲ။ ဒါ လူဝံဖြစ်ဖို့ များတယ်။ ဒီနယ်ကိုတော့ ယခုမှ ရောက်လာတာ ဖြစ်ရမယ်။ နယ်ကျွံလာတဲ့ အကောင်ပဲ"

"အေးအေး ငါ့မြေးတို့ ပြောတာ ဖြစ်ဖို့များတယ်။ လူဝံဆိုတာ ပြောသံပဲကြားဖူးတာ။ တွေ့မှမတွေ့ဘူးပဲကိုး"

"အဘွားက ဘယ်တွေ့ဖူးမလဲ။ ဒီကောင်ကြီးက အခုမှ ဒီနယ်ရောက်လာတာကိုး။ ကျွန်တော်တို့လည်း အပြင်မှာ မမြင်ဖူးပါဘူး။ ဒါပေမယ့် ဗီဒီယိုတို့ စာအုပ်တို့မှာပဲ ဓာတ်ပုံကို တွေ့ဖူးတာ။ ဗီဒီယိုမှာတော့ သူ့လှုပ်ရှားနေတာကို တွေ့ဖူးတာပေါ့။ ဒါကြောင့် လူဝံဖြစ်ရမယ်လို့ ပြောတာ"

အဘွားအိမ် မတွေ့ဖူးရတာလဲ အပြစ်မဆိုသာ . .။ အဘွားအိမ်က ရိုးသည်၊ ပြီးတော့ တောသူဖြစ်သည့်အလျောက် လေးတန်းတောင် မအောင်ခဲ့၊ ဗီဒီယိုတွေ ဘာတွေလည်း ပေါ်စကသာ ကြည့်ဖူးသည်။ ကြည့်တော့လည်း မြန်မာကားသာ။ ဒီလူဝံဆိုတာက နိုင်ငံခြားကားတွေမှာသာ ပါတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ- ကဲ . . အဘွားတို့လည်း ပြေးလာရလို့ မောရော့ပေါ့။ ကျွန်တော်တို့လည်း တောလည်သွားလိုက်ဦးမယ်။ အဘွားတို့ကတော့ အိမ်ကိုသာ ပြန်ပေတော့။ သွားပြီ အဘွားရေ"

အဘွားအိမ်ကိုနှုတ်ဆက်လျက် ကိုထွန်းနှင့် ကိုအောင် ရွာဦးတောင်သို့ ထွက်လာခဲ့သည်။ အဘွားအိမ်ကတော့ သူ့မြေးကို လက်ဆွဲလျက် ရွာဘက်သို့ ပြန်သွားခဲ့ကြသည်။

■

ဒီကနေ့ကတော့ တောလည်ရက် ဖြစ်သည်။ ကိုထွန်းနှင့် ကိုအောင်တို့ လိုက်လံစုံစမ်းနေသော သူတို့ လူဝံဟု ယူဆထားသော တောကောင်အား မတွေ့တွေ့အောင်လိုက်ရှာမည်ဟု သူတို့ ဆုံးဖြတ်ချက်ချထားခဲ့သည်။ ထို့ကြောင့် သူတို့ ရိက္ခာအပြည့်အစုံ၊ လက်နက်အပြည့်အစုံဖြင့် တောလည် ထွက်လာခဲ့ကြသည်။

နံနက်စောစော. . နေရောင်ခြည်ကို အားပြုရင်း ထွက်လာခဲ့ကြသည်။ ကိုထွန်းတို့ ရွာထိပ်က တောင်သည် ရခိုင်ရိုးမနှင့် တစ်ဆက်တည်း တည်ရှိနေသည်။ မုဆိုးကြီးတို့၏ ကျက်စားရာနေရာဆိုလျှင်လည်း ပို၍ မှန်ပေမည်။ ဒီနေ့တော့ကိုထွန်းတို့လည်း အမျှော်တမ်းဆုံးမှသည် လူဝံရှာဖွေသော မုဆိုးကြီးလုပ်ရန်ဆိုင်းငံ့မနေဘဲ ဆုံးဖြတ်ချက်ကို မပြင်တမ်း ချထားလိုက်သည်။

တောစပ်ကို ဝင်သည်ဆိုသည်နှင့် တစ်ညလုံး ကျဆင်းထားသော နှင်းရည်စက်တို့က စတင်၍ ကြိုဆိုလိုက်သည်။ ဖြည်းဖြည်းချင်း တိုက်ခတ်နေသော လေနုအေးက ပွေ့ဖက်လျက်။ ကျေးငှက်သာရကာတို့၏ တေးသီကျူးရင့်သံကို နားစွင့်ကြရင်း တွေ့တဲ့သားကောင်ကို ရအောင်ပစ်ခတ်ရန် ဒူးလေးကိုလည်း အဆင်သင့်ကိုင်ထားကြသည်။

တောကြက်ဖတို့၏ ဖိုသံပေးနေရာဘက်သို့ ထွက်ခဲ့ကြသည်။ တောကြက်တော့ဖြင့် ရရှိတော့မည်ဟု တွေးထင်လျက် သူတို့မျက်ဝန်းတို့၌ ကြည်လင်သန့်ရှင်းသော အရောင်တို့ပြေးလွှားလျက်ရှိသည်။ သားကောင်ကြီးကို မရခင် သားကောင်ငယ်ကိုလည်း ရရှိမှဖြစ်မည်။ သို့မှသာ မိမိတို့ ဝမ်းရေးအတွက် အဆင်ပြေမည်။

တောကြက်သံကြားရာသို့ ချဉ်းကပ်လာသော ကိုထွန်းတို့ ရုတ်ရက်ခြေလှမ်းရပ်တန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် မမျှော်လင့်ဘဲ သူတို့ ရှာဖွေနေသော လူဝံဟုခေါ်သော သတ္တဝါကြီးအား တွေ့လိုက်ရသောကြောင့်ပင်။ ယခင်နေ့တွေက တစ်တောလုံးအနှံ့ ရှာဖွေခဲ့သော်လည်း မတွေ့ခဲ့၊ ဟော . . ယခု တောနင်းရှာတော့မည်ဟု ဆုံးဖြတ်ကာ ရိက္ခာအပြည့်ဖြင့် ထွက်လာခါမှ တောစပ်အလွန်တွင် လာတွေ့နေခြင်း ဖြစ်သည်။ ကိုထွန်းက ဆောင့်ကြောင့်ထိုင်ရန် အချက်ပေးသဖြင့် ကိုအောင်လည်း ထိုင်ချလိုက်သည်။

လူဝံကောင်၏ ကျောဘက်တွင် တည်ရှိနေသဖြင့် ချုံပုတ်တို့ကို အားပြုလျက် သူတို့နှစ်ဦးရှေ့သို့ တိုးကပ်လိုက်ကြသည်။ လူဝံကောင်နှင့် ၁၀ ကိုက်အကွာခန့်တွင် ရပ်လိုက်သည်။ ပြီးတော့ လူဝံ၏ အခြေအနေကို ကြည့်လိုက်သည်။ လူဝံက အငြိမ်မနေ၊ ယိမ်းထိုးနေသည်။ သားကောင်တစ်ကောင်အား ရရှိထားဟန်တူသည်။

လူဝံရရှိထားသော သားကောင်သည် အသက်ရှင်လျက်ရှိပြီး လူဝံ၏လက်ထဲမှ လွတ်မြောက်ရန် အတင်းရုန်းနေသဖြင့် လူဝံက ရုန်းထွက်မသွားအောင် ဖိနေဟန်ကို လှမ်းမြင်နေရသည်။ လူဝံ၏ ခန္ဓာကိုယ်ဖြင့် ကွယ်နေသဖြင့် လူဝံဖမ်းမိထားသော သားကောင်ကိုမမြင်ရ။ သားကောင်က အတော်ကလေး ကြီးဟန်တူသည်။

ကိုထွန်းတို့လည်း လက်နက်ကို အသင့်ပြင်လျက် ရှေ့တိုးလိုက်ကြသည်။ လူဝံသည် မိမိရှေ့ကိုသာ အာရုံပြုနေသဖြင့် ကိုထွန်းတို့ ရဲရဲဝံ့ဝံ့ရှေ့သို့ နီးနိုင်သမျှနီးအောင် တိုးကပ်လိုက်သည်။ လူဝံနှင့် ငါးကိုက်ခန့်အရောက်တွင် ရပ်တန့်လိုက်သည်။

ကိုထွန်းက ကိုအောင့်ကို ရင်ဘတ်အား ပစ်ရန် ပြသည်။ ကိုထွန်းရော ကိုအောင်ပါ လူဝံ၏ ရင်ဘတ်တည့်တည့်ကို ချိန်

လူဝံရရှိထားသော သားကောင်သည်
အသက်ရှင်လျက်ရှိပြီး လူဝံ၏လက်ထဲမှ
လွတ်မြောက်ရန် အတင်းရုန်းနေသဖြင့်
လူဝံက ရုန်းထွက်မသွားအောင်
ဖိနေဟန်ကို လှမ်းမြင်နေရသည်။
လူဝံ၏ ခန္ဓာကိုယ်ဖြင့် ကွယ်နေသဖြင့်
လူဝံဖမ်းမိထားသော
သားကောင်ကိုမမြင်ရ။

www.burmeseclassic.com

လျက် တစ်ကိုက်ခန့် တိုးကပ်လိုက်ပြီး သူတို့နှစ်ဦးလည်း လူချင်းခွဲကာ တစ်ဖက်တစ်ချက်တွင် နေရာယူလိုက်ကြသည်။

ကိုအောင်က ကိုထွန်းကို ဘယ်လိုလုပ်မလဲဟု မေးဆတ်ပြသည်။ ကိုထွန်းခေါင်းကုတ်၍ စဉ်းစားလိုက်သည်။ ဟုတ်ပြီ . . အဖြေရပြီ။ ကိုထွန်း မိမိစဉ်းစားလိုက်သည့်အတိုင်း ကိုအောင်အား လူဝံကို ချိန်ထားရန်ပြသည်။ ကိုထွန်းပြသည်က လူဝံ၏ မျက်လုံးတည့်တည့်။ ကိုထွန်း ကျောက်ခဲခပ်ကြီးကြီး တစ်လုံးကို ကောက်ကိုင်လိုက်ပြီး လူဝံ၏ကျောတည့်တည့်သို့ ထုလိုက်သည်။ လူဝံကြီးသည် မိမိကျောသို့ ကျောက်ခဲလာရောက်ထိမှန်လာသဖြင့် ကျောဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုအောင်က ချိန်ထားသည့်အတိုင်း မျက်လုံးကို လှမ်းပစ်လိုက်သည်။

မြားချက်က တိကျသည်။ လူဝံ၏ မျက်လုံးအား မထိဘဲ လူဝံလည်အောက်မှ ဖြူစကွက်ကို စိုက်ဝင်သွားသည်။ ကိုထွန်းလည်း လျင်မြန်စွာ ကိုအောင်ပစ်လိုက်သော နေရာကိုသာ ထပ်ပစ်လိုက်သည်။ ဒေါသတကြီးဖြင့် လူဝံကြီးသည် ရှေ့သို့တိုးလာသော်လည်း လမ်းခုလတ်မှာပင် လဲကျသွားသည်။

ကိုထွန်းတို့လည်း ခါးတွင် မိတ်ခေါက်ချည်ထားသော ကြိုးစကို ဆွဲ၍ လူဝံကြီး၏ ခန္ဓာကိုယ်အား အတင်းချည်လိုက်ကြသည်။ ကျဉ်ကြိုးတစ်စအား သစ်ပင်တွင် ထပ်ချည်လိုက်သည်။ ပြီးပြီ . . မိပြီပေါ့။

"ဟ . . လုပ်ပါဦး ကိုထွန်း၊ ဒါ တို့ရွာက ဗွေထူမ မဟုတ်လား"

"ဘယ်မှာတုန်း"

ကိုထွန်း ပြေးကြည့်လိုက်သည်။

"အေး . . ဟုတ်တယ်၊ ဒါ ဗွေထူမပဲ။ ဘယ်လိုဖြစ်တာလဲ"

"စောစောက အတင်းရုန်းနေတဲ့ သားကောင်ဟာ ဗွေထူမလား"

"မဟုတ်သေးပါဘူး၊ ဗွေထူမက ဘယ်လိုလုပ်ပြီး လူဝံဆီမှာ အဖမ်းခံရတာတုန်း"

"ဒါနဲ့ အသက်ကောရှိသေးရဲ့လား ကြည့်ပါဦး"

ကိုအောင် ကိုင်ကြည့်သည်။

"မင်းက အသက်ရှိလား ကြည့်နိုင်းတာ၊ ဘာတွေသွားကိုင်နေတာတုန်း။ ဒီမှာ အသက်ရှူနေတာကို မကြည့်ဘဲနဲ့"

"လူဝံရန်က ရုန်းရင်းနဲ့ မေ့သွားတာနေမှာ။ လာ . . ယာ ရွာကို ခေါ်သွားရအောင်"

■

"ဗွေထူမကို တွေ့ပြီတဲ့"

ဗွေထူမကို တွေ့ပြီဟူသော စကားသည် တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။ ဗွေထူမတို့အိမ်ရှေ့တွင် တစ်ရွာလုံးစုပြုံရောက်ရှိနေကြသည်။ ရွာသားအားလုံး ပွစိပွစိဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ အတော်လေးကြာတော့ အဖြေက ပေါ်လာသည်။ မနက်က ဗွေထူမ ခံတက်ရိုးချိုးရန် တောသို့အသွား လူဝံနှင့်တွေ့ပြီး အဖမ်းခံရသည်။ သူမအသက်ကိုတော့ မသတ်ဘဲ ဖမ်းခေါ်သွားခြင်း ဖြစ်သည်။

ဗွေထူမက အတင်းရုန်းသော်လည်း မလွတ်၊ အော်ဟစ် အကူအညီတောင်းရန်မှာလည်း ပါးစပ်တွင် အဝတ်ဖြင့် ပိတ်ခံထားရသဖြင့် အော်ဟစ်အကူအညီတောင်း၍မရ။ ရုန်းရင်းဖြင့်ပင် လူဝံ၏ ကုတ်ခြစ်ခြင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတွင် ခြစ်ရာတွေ ဗလပွ။ လူဝံက အင်္ကျီတို့အား ဆုတ်ဖြဲထားသဖြင့် အတော်ကလေးပြဲသွားသည်။ လူဝံက သူမကို ဗလက္ကာယကျင့်ရန် ကြိုးစားနေသည်ဟု ဆိုသည်။ သူမလည်း ရုန်းရင်းဖြင့် ခဲထုသံကို ကြားရပြီး လူဝံက လွှတ်ချလိုက်သဖြင့် ခေါင်းနှင့်ထိပြီး မေ့သွားဟန်တူသည်။

ကိုထွန်းနှင့်ရွာသားတစ်ချို့က လူဝံဖမ်းဆီးထားရာသို့ သွားကြသည်။ တစ်ချိန်တည်းမှာပင် အမျိုးသေဆုံးမှုကြောင့် သွေးစစ်ရန်ပို့ထားသော ဆေးစစ်ချက်ကို မြို့မှဆရာဝန်နှင့် ရဲသားတို့ရောက်လာပြီး စစ်ချက်အတည်ပြုရာ ဗွေထူမရရှိသောဒဏ်ရာမှ သွေးနှင့်တိုက်ဆိုင်ကြည့်၍ ဗွေထူမထံမှ သွေးကို ပြန်ဖောက်ယူသွားသည်။ မြို့နှင့်ရွာအလွန်ဝေးသည်ကတစ်ကြောင်း၊ လမ်းခရီးကလည်း မကောင်းသဖြင့် ထိုသွေးစစ်ချက် တစ်ပတ်ခန့်အကြာတွင် ရောက်လာရာ အမျိုးအား ထိုလူဝံက သတ်ဖြတ်လိုက်ခြင်း ဖြစ်ကြောင်း အဖြေပေါ်တော့သည်။

တစ်ရွာလုံးက ထင်ထားကြသော ကိုထွန်းနှင့်ကိုအောင်တို့လည်း သံသယမှ သက်သာခွင့်ရရှိခဲ့ကြသည်။ ဗွေထူမကတော့ ဆရာဝန်၏ ကုသပေးမှုကြောင့် ပြန်လည်ကောင်းမွန်လာပြီး နဂိုက တိတ်ဆိတ်အေးချမ်းသော ကိုထွန်းတို့ရွာကလေးလည်း နဂိုအတိုင်းပြန်လည်အေးချမ်း၍တစ်ယောက်နှင့်တစ်ယောက် သံသယကင်းရှင်းခဲ့ရသည်။

**တက္ကသိုလ် ရက္ခပါလ**



www.burmeseclassic.com

www.burmeseclassic.com

# ဂိုဏ်းအုပ်ဘုန်းကြီးသတ်မှုဖြင့်

## အာဂျင်တီးနားစစ်ဘက်ဆိုင်ရာ လုပ်သက်ရင့်အရာရှိများ ပြစ်ဒဏ်ကျ

ဦးတိုး(တက္ကသိုလ)

၁၉၇၆ ခုနှစ် ဂိုဏ်းအုပ်ဘုန်းကြီး အင်ရစ်အန်ဂျယ်လဲလီ (Enrique Angelelli)အား သတ်မှုနှင့် ပတ်သက်၍ အာဂျင်တီးနားနိုင်ငံမှ စစ်ဘက်ဆိုင်ရာ အရာရှိကြီး (အမှုထမ်းဟောင်း)နှစ်ဦးအား ပြစ်ဒဏ်ချမှတ်လိုက်ပြီ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးဟောင်း လူစီယာနိုဘင်ဂျာမင်နင်ဒက်ဇ် (General Luciano Benjamin Menendez)နှင့် ဒုတိယရေတပ်ဗိုလ်မှူးချုပ်ဟောင်း လူးဝပ်ဖာနန်ဒို အက်စ်ထရီးလား(Vice-Commondore Luis Fernando Estrella) တို့အား ထောင်ဒဏ်တစ်သက်တစ်ကျွန်းစီ ချမှတ်လိုက်သည်။ စစ်တပ်မှ အာဏာသိမ်းပြီး မကြာမီမှာပင် အာဂျင်တီးနားနိုင်ငံ မြောက်ပိုင်းမှ လာရီယိုဂျာ(La Rioja) မြို့တွင် ကားမှောက်သွားသဖြင့် ဂိုဏ်းအုပ်ဘုန်းကြီး အင်ရစ်အန်ဂျယ်လဲလီ သေဆုံးသွားခဲ့မှုဖြစ်သည်။ ယာဉ်မတော်တဆတိုက်မှုထက် မပိုကြောင်း အဆိုပါအရာရှိကြီးများမှ အနိုင်အမာငြင်းဆိုခဲ့ကြသည်။

ကွယ်လွန်သွားသော ဂိုဏ်းအုပ်နှင့်အတူ ခရီးအတူသွားသော ခရစ်ယာန်ဘုန်းကြီး၏ ပြောပြချက်အရ အမှုကို ပြန်လည်ဖွင့်လှစ်ပြီး စစ်ဆေးခဲ့ရာ ထိုစဉ်က သူတို့စီးလာသည့်ကားကို အတိုက်ခံလိုက်ရသဖြင့် လမ်းမ၏ဘေးသို့ ထိုးဆင်းသွားခဲ့ကြောင်း သိရသည်။ ဂိုဏ်းအုပ် အန်ဂျယ်လဲလီသည် ခရစ်ယာန်ဘုန်းကြီးဂိုဏ်းမှ ထင်ပေါ်ကျော်ကြားသည့် လက်ဝဲယိမ်းသည့် အဖွဲ့ဝင်ဖြစ်ပေသည်။ လက်ဝဲယိမ်းသူများအား စီမံခွက်ဖြင့် စစ်တပ်မှရှင်းလင်းနေစဉ်လအနည်းငယ်အတွင်း ၁၉၇၆ ခုနှစ်၊ ဩဂုတ်လတွင် လာရီယိုဂျာမြို့ပြင်၌ ၎င်းတို့၏မော်တော်ကား တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ သို့သော်ငြားလည်း သူတို့စီးလာသောကားကို လမ်းဘေးသို့ရောက်သွားအောင် အတိုက်ခံလိုက်ရခြင်းဖြစ်ကြောင်း ခရီးအတူသွားခဲ့သော ဘုန်းတော်ကြီး အတ်တူရိုပင်တို(Arturo Pinto)မှ ပြောကြားသည်။


ထိုစဉ်က အာဂျင်တီးနားဂိုဏ်းအုပ်ဘုန်းကြီး၊ ယခု ပုပ်ရဟန်းမင်း ဖရန်စစ်(Pope Francis)ထံမှ တရားစွဲဆိုရာတွင် တင်ပြနိုင်ရန် သက်သေခံအထောက်အထားနှစ်ခုကို ပေးပို့ခဲ့သည်။ ဂိုဏ်းအုပ် အန်ဂျယ်လဲလီသည် မကွယ်လွန်မီ တစ်လအလို ခြိမ်းခြောက်ခြင်းခံနေရစဉ် ပုပ်ရဟန်းမင်းကြီးထံသို့ ရေးသားခဲ့သည့် စာတစ်စောင်မှာ သက်သေခံစာနှစ်စောင်အနက် တစ်ခုအပါအဝင်ဖြစ်သည်။ နောက်ထပ်တစ်စောင်သည် ခရစ်ယာန်ဘုန်းကြီးနှစ်ပါးအား သတ်မှုတွင် ဂိုဏ်းအုပ်ကိုယ်တိုင် စုံစမ်းစစ်ဆေးခဲ့သည့် သက်သေခံအထောက်အထားဖြစ်၍ စစ်တပ်မှ သူတို့ကို သတ်ခဲ့ကြောင်း သံသယဖြစ်ဖွယ်ရာ ရှိသည်ဟု ဖော်ပြပါရှိသည်။ ၁၉၇၆ မှ ၁၉၈၃ ခုနှစ်အတွင်း အာဂျင်တီးနားတွင် စစ်အုပ်ချုပ်ရေးကာလအတွင်း လူပေါင်း ၃၀၀၀၀ သေဆုံးခဲ့ရသည်။

ဦးတိုး(တက္ကသိုလ)

***Reference:***

**Argentina military offices convicted of bishop's murder.**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အရုဏ်းစီးလှည်း

## ကိုဇော်ဝင်း(လှတော)

(၁)

မောက်ကျိုးရွာ၏ အရှေ့မြောက်ရူးရူး နှစ်မိုင်ခန့်အကွာ၌ "ဘောင်းတော်ကျဘုရား" စေတီတစ်ဆူရှိသည်။

ဘောင်းတော်ကျဘုရား အရှေ့ဘက်သုံးမိုင်ကျော်ကျော်တွင် ရင်းတောရွာရှိသည်။ ရင်းတောရွာနှင့် ဘုရားအကြား မိုးရာသီ၌ ရေစီးကြမ်းသော "ခင်ပါချောင်း" ရှိသည်။ အနောက်ဘက်နှစ်မိုင်ဝန်းကျင်မှာ သားနားရွာရှိသည်။

ရေးမင်းတစ်ပါး တိုင်းခန်းလှည့်လာစဉ် ဤအရပ်သို့ ရောက်သောအခါ ကောင်းကင်ပြင်၌ သာယာစွာသော အသံများနှင့် ဝဲပျံနေသည့် ငှက်မျိုးစုံကို တွေ့မြင်ရသဖြင့် မော့ကြည့်ရာ ဘောင်းတော် (ခေါင်းပေါင်းတော်)ပြုတ်ကျခဲ့သည်။ နောင်လူများကိုးကွယ်ရန် "ဘောင်းတော်ကျဘုရား"ဘွဲ့အမည်ဖြင့် တည်ထားခဲ့သည်။

ဘုရားကုန်းမြေက ကျယ်ပြန့်သည်။ မို့မို့မောက်မောက်ရှိသည်။ သစ်ပင်ခြုံနွယ်မြက်များ ပေါက်ရောက်ခြင်းမရှိ၊ တိရစ္ဆာန်များ၊ ငှက်များ၏ မစင်များပင် မတွေ့ရ။ အတက်ကြမ်းသော ခင်ပါချောင်းရေသည် လယ်ကေမများစွာ ရေအောက် နစ်မြုပ်နိုင်လင့်ကစား ဘုရားကုန်းတော်ပေါ် မတက်နိုင်ပေ။ ဘုရားခြေတော်ရင်း၊ ဦးခိုက်ရပ်တဲ့ရမြဖြစ်သည်။

ပတ်ပတ်လည်တွင် စိမ်းစိမ်းညို့ညို့ လယ်ကွက်များက ဝန်းရံထားသည်။ မြောက်တည့်တည့်ဆယ်မိုင်ကျော်ကျော်အဝေး ရွှေဘိုမြို့ "မော်ဓောမြင်သာ ဘုရားစိန်ဖူးတော်"ကို ကုန်းတော်ပေါ်မှ ဖူးတွေ့နိုင်သည်။ ဘုရားကုန်းတော်က အလွန်သန့်ရှင်းသည်။

မောက်ကျိုးရွာသူ၊ ရွာသားများက နှစ်စဉ်ဘုရားပွဲကို ဇာတ်အငြိမ့်၊ ဆိုင်း၊ လက်ဝှေ့ပွဲများဖြင့် စည်စည်ကားကား ကျင်းပသည်။ ဘုရားအရှေ့ဘက် ကုန်းစွန်းတွင် သွပ်မိုး အုတ်ခင်း သုံးခန်းပတ်လည်အာရုံခံတန်ဆောင်း တစ်ခုလည်း မောက်ကျိုးရွာကောင်းမှုအဖြစ် တည်ရှိသည်။

ပွဲတော်ရက်မှအပ လူသူလေးပါး အရောက်အပေါက်မရှိပါ။ နွားကျောင်းသားငယ်များ စကျက်ကျောင်းရင်း တစ်ခါတစ်ရံ ရောက်သည်။

ဘုရားဝန်းကျင်က အေးအေးမြမြရှိသည်။ လေပြေတစ်သုန်သုန် ဆည်းလည်းသံတချွင်ချွင်ဖြင့်သာယာလှသည်။ အနီးအပါးမှာ သစ်ပင် ကြီးကြီး မားမား မရှိပါ။

မှန်တိုင်းမည်မျှကြီးကြီး၊ လေမည်မျှတိုက်တိုက် ဘောင်းတော်ကျဘုရား ဝန်းကျင်ရောက်လျှင် အစွယ်ကျိုးသော မြွေပမာ ငြိမ်သွားသည်။

အခါကြီးရက်ကြီး ရက်မြတ်များ၏ မနက်ခင်းများတွင် ကုန်းတော်ပေါ်မှ ဆိုင်းသံဘုံသံများ ကြားရတတ်သည်။ နေမွန်းမတည့်မီ ငှက်မျိုးစုံရောက်ရှိလာပြီး ဝဲပျံကာ သာယာသောအသံများ အော်ဟစ် မြည်ကြွေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းတောရွာ ကုန်းမြတ်ကြီးဘုရား၊ မောက်ကျိုးရွာ ရှစ်မျက်နှာဘုရား၊ ရေတွက်ရွာ မိုလ်ကျိုင်းဘုရား။ ရွှေဘို မော်စာမြင်သာဘုရားများနှင့် ဇရပ် ခြည်တော်များ ကွန့်မြူးတတ်သည်။

ဤဘောင်းတော်ကျ ဘုရား၏ အရှေ့မလှမ်းမကမ်းမှာ ဆရာတော်လေး၏ သုံးပင်နှစ်ခန်း ကပ်မိုးကပ်ကာ ကျောင်းလေးရှိသည်။

ဆရာတော်လေး သီတင်သုံးရာ ကျောင်းကလေး ဆောက်လုပ်ပြီးစီးမှုက မကြာသေး . . . လပိုင်းကလေးသာ ရှိသည်။

(၂)

ဆရာတော်လေးက မောက်ကျိုးရွာသားဖြစ်သည်။

ခမည်းတော်ဦးဘမောင်၊ မယ်တော်ဒေါ်ရှင်။ မောက်ကျိုးရွာ တောင်ပိုင်းတွင် နေထိုင်သော လယ်ပိုင်ရှင်ကြီးများ ဖြစ်သည်။

ဘမောင်မှာ ငြိမ်းဆောင်ဆိုသော သူငယ်ချင်းရှိသည်။ ငယ်ငယ်က မခွဲအတူတွဲခဲ့ကြသည်က လူပျို လူရွယ်ခန့် ရောက်သည်အထိ ရွာအနောက်တောကျောင်းဆရာတော် ဦးကုမာရထံ စာအတူ သင်ခဲ့ကြသူများဖြစ်သည်။

ဘမောင်တို့က ဆင်းရဲသည်။ မိခင်မုဆိုးမကြီးနှင့် အတူနေရသည်။ ငြိမ်းဆောင်တို့က လူချမ်းသာမျိုး တောင်သူကြီးမျိုး အဘိုးအဘွား အဆက်ဆက် ချမ်းသာကြွယ်ဝသူတွေ ဖြစ်သည်။

ကျောင်းအတူနေဘက် ဆင်းရဲနွမ်းပါးသောဘမောင်ကို ငြိမ်းဆောင်က အစစအရာရာ အနွံအတာခံသည်။ အပေးအကမ်း ရက်ရောသည်။ ငြိမ်းဆောင်အတွက် လုံချည်တစ်ထည်ဝယ်လျှင် ဘမောင်အတွက်ပါ ငြိမ်းဆောင်မိဘတွေက ဝယ်ပေးခဲ့သည်။ အချစ်ဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့သည်။

ရွာအလှူပွဲတစ်ခုတွင် မရှင်က ကွမ်းတောင်ကိုင်ခဲ့ရပြီး အလှသတင်း ကျော်ကြားလာချိန် အကြိုက်တူခဲ့ကြပြီး သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းကွဲသွားသည်။ မရှင်ကို အပြိုင်ပိုးပန်းကြတော့သည်။

ဘမောင်က လူရိုးလူအေး အလုပ်ကိုင်ကောင်းသည်။ အသောက်အစား လောင်းကစားမရှိ။ ဆင်းရဲနွမ်းပါးသည်မှအပ ငြင်းဖွယ်မရှိပါ။ ရပ်ရွာအတွက် တာဝန်ကျေပြီး လူချစ်လူခင်များသည်။

ငြိမ်းဆောင်က အပေါင်းအသင်းခံသည်။ အသောက်အစား၊ လောင်းကစားမကင်း။ ချမ်းသာသည့်အတွက် မောက်မာသည်။ ရွာအတွက် လုပ်ဆောင်ကူညီပေးခြင်းမရှိ။ လူမုန်းများသည်။

နောက်ဆုံး ဘမောင်နှင့် မရှင်ညားသည်။ မရှင်တို့က ချမ်းသာသည့်အတွက် ဘမောင် လူချမ်းသာစာရင်းဝင်ခဲ့ပြီ။ ဘမောင်အလုပ်ကို ပိုလုပ်ပြသည်။ စီးပွားအတက်ကြမ်းလာသည်။ ရွှေသမက် ငွေသမက်အဖြစ် ဘမောင်ကို ယောက္ခမများက မြှောက်စားကြသည်။ ရွာကလည်း ဘမောင်ကို နေရာပေးလာသည်။

ငြိမ်းဆောင် လုံးဝ မကျေနပ်။ အရက်မိုးမလင်းသောက်သည်။ ရုတ်တရက်ငြိမ်းဆောင် ရွာကပျောက်သွားသည်။ တစ်ရပ်တစ်ရွာ ရောက်သွားပြီး ငြိမ်းဆောင်မိန်းမရသည်။ ငြိမ်းဆောင်မိန်းမမျိုးရိုးက မညံ့ပါ။ ချမ်းသာထက်မြက်သော လူကြီးပိုင်းဝင်ဆံ့သော သူများဖြစ်သည်။ ငြိမ်းဆောင်ကိုမြှောက်ပေးလိုက်ကြသည်။

ငြိမ်းဆောင်တို့ သမီးလေးတစ်ယောက်ရပြီး ရွာကိုပြန်လာသည်။ မောက်ကျိုးရွာမြောက်ပိုင်း သုံးခန်းပတ်လည်တိုက်ခံအိမ်ကြီး ဆောက်ပြီး ခံ့ခံ့ညားညားနေသည်။ တစ်ဦးတည်းသော သမီးလေးကို မြို့မှာပို့ပြီး ကျောင်းထားသည်။ သမီးလေးနာမည်က "စိမ်းမြရီ"

သည်အချိန်မှာ ဘမောင်နှင့် မရှင်ကသားယောက်ျားလေးရှိနေပြီ။ တစ်ဦးတည်းသောသားမို့ သဲသဲလှုပ်အချစ်ပိုသည်။ ထွန်းထွန်းကားကား ဖြစ်စေချင်သည့်အတွက် မြို့ကိုပို့ပြီး ကျောင်းထားပြန်သည်။

ဘမောင် သားလေးနာမည်က "အောင်နိုင်သူ"၊ အောင်နိုင်သူနှင့်စိမ်းမြရီတို့ တစ်နှစ်တည်း ဆယ်တန်းအတူအောင်သည်။

(၃)

နှစ်ယောက်လုံး မြစ်ကြီးနားကောလိပ်ဝင်ခွင့်ရသည်။ မြစ်ကြီးနားမှာ တစ်ရွာတည်းသားတွေဆိုသော အသိမျှသာ ရှိသည်။ စိမ်းမြရီနှင့် အောင်နိုင်သူတို့ မရင်းနှီးကြသေး၊ ဒုတိယနှစ်အပြီး အောင်နိုင်သူနှင့် စိမ်းမြရီတို့ ရင



www.burmeseclassic.com

www.burmeseclassic.com

တစ်တွဲတည်း အတူပြန်ခဲ့ကြရာက အောင်နိုင်သူက လမ်းတစ်လျှောက်လုံး ကူညီခဲ့သည်။

မန္တလေးတက္ကသိုလ်မှာ ဆုံကြပြန်သည်။

အောင်နိုင်သူနှင့် စိမ်းမြရီတို့ တွဲနေကြပြီဆိုသော သတင်းက ရွာကိုရောက်လာချိန်မှာ ငြိမ်းဆောင် ယမ်းပုံမီးကျဖြစ်တော့သည်။ တစ်ခါတည်း သမီးကို မန္တလေးလိုက်ခေါ်သည်။ ကျောင်းဆက်တက်ခွင့်မပေး။ အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပေးပါ။ အစောင့်အကြပ်များ စွာနှင့်ထားသည်။

အောင်နိုင်သူတစ်ယောက် မန္တလေးတက္ကသိုလ်မှာ ကျန်ခဲ့သည်။

မောက်ကျိုးရွာ လူကြီးရွေးပွဲမှာ ဘမောင်နှင့်ငြိမ်းဆောင် ထိပ်တိုက်တွေ့သည်။ ဘမောင်ကို ရွာက သဘောကျသည်။ ဘမောင် လူကြီးမဖြစ်ပါ။ ယောက္ခမများပေါက်ပေါက်ရောက်ရောက် ရှိသဖြင့် ငြိမ်းဆောင် လူကြီးရသွားသည်။

ဘမောင်နှင့် ငြိမ်းဆောင် မျက်နှာချင်းဆိုင်မဖြစ်တော့ . . .။

ငြိမ်းဆောင် လူကြီးခန့်စာရသောနေ့ အိမ်မှာ သောက်ဝိုင်း စားဝိုင်းဖြင့် အောင်ပွဲခံသည်။ ပျော်ပျော်ပါးပါး အပြုံပြုံးအလဲလဲ အသံပေါင်းဆူဆူညံညံ။ ပုလင်းသံ ဖန်ခွက်သံ။ အောက်လင်းမီးကအိမ်ဝိုင်းတစ်ခုလုံးလင်းလင်းချင်းချင်း။ အဝင်အထွက်က ရှုပ်ရှုပ်ထွေးထွေး။ ငြိမ်းဆောင်ကိုယ်တိုင် မူးမူးယစ်ယစ်။ ည ၁၂ နာရီအထိ လူစုမကွဲသေး။ သောက်စားကောင်းတုန်း။

ရွာတောင်ဝိုင်းက "မီးမီး"ဆိုသော အသံနှင့် မီးတောက်မီးလျှံကြီးတက်လာသည်။ ရွာသူ ရွာသားတွေ ဝိုင်းငြိမ်းဖို့ ကြိုးစားသည်။ မရတော့၊ မမီတော့၊ လေကအားကောင်းကောင်းနှင့် တိုက်နေသဖြင့် တစ်ခဏချင်း အိမ်ဝိုင်းတစ်ခုလုံးပြာကျသွားသည်။

ဘမောင်မှာ အိမ်ဝိုင်းတစ်ခုလုံး ဆုံးရှုံးရသည့်အထဲ အမှုရင်ဆိုင်ရပြန်သည်။ ပိုင်ဆိုင်သမျှစီးပွား တစ်ဝက်နီးပါးကုန်သွားသည်။

ရှို့မီးဆိုသောသတင်း ထွက်လာသည်။ ငြိမ်းဆောင် တပည့်တွေ မူးမူးရူးရူးနှင့် ဝင်ရှို့ခြင်းဖြစ်သည်ဟု ပြောကြသည်။ မျက်မြင်သက်သေမရှိ။

တစ်ရက် လူကြီးမင်းငြိမ်းဆောင် မြို့ကအပြန် မိုးချုပ်သည်။ မြို့မှာ ငြိမ်းဆောင်နှင့် တပည့်များ သောက်ပွဲကျင်းပခဲ့သည်။

ရွာနှင့်မလှမ်းမကမ်းအရောက်မှာ မျက်နှာဖုံးစွပ် လူငါးယောက်က ဝိုင်းဝန်းပြီး ဓားနှင့်ခုတ်သည်။ အမူးလွန်နေသောကြောင့် မည်သို့မျှ မခုခံနိုင်။ ကံကောင်းထောက်မစွာ ငြိမ်းဆောင် မသေ။ မြို့ဆေးရုံမှာ သုံးလကျော်ကျော် နေလိုက်ရသည်။ မျက်နှာမှာ သေရာပါ ကန့်လန့်စင်းဒဏ်ရာ ထင်သည်။ ခြေထောက်တစ်ဖက်က ကောင်းကောင်း ထောက်မရ။ ဆာသွားခဲ့ပြီ။ အဲသည့်နေ့ကမှ ငြိမ်းဆောင် နှစ်လုံးပြူး သေနတ်ပါမသွား။ ကိုယ်ရံတော်လူမိုက် တစ်ယောက်မှမလိုက်နိုင်၊ ပါမသွား။

ဓားဖြင့် ဝိုင်းဝန်းခုတ်သူ လူငါးယောက်ထဲမှာ ဘမောင်ကိုယ်တိုင် ပါကြောင်းပြောသည့် လူကပြောနေသည်။ အရှေ့ဘက်အိမ် မိသားစုများက အဲသည့်အချိန်မှာ ဘမောင် သူတို့နှင့် အတူရေနွေးကြမ်းသောက်နေကြောင်း ပြောသည်။

ခက်တာက ငြိမ်းဆောင်ကိုယ်တိုင် ဓားနှင့်ခုတ်သူများကိုမသိ။ မမှတ်မိ။ ဆေးကုသစရိတ် တော်တော်ကုန်သွားသည်။

(၄)

တဖြည်းဖြည်း ရက်များကုန်လာသည်။

"ဘောင်းတော်ကျဘုရားပွဲ" ရက်နီးပြီ။ မန္တလေးက နာမည်ကြီးဇာတ် ငှားထားသဖြင့် တစ်ရွာလုံး တက်တက်ကြွကြွဖြစ်နေသည်။

အောင်နိုင်သူ ကျောင်းပြီးလာပြီ။ အုပ်ချုပ်ရေးအရာရှိလျှောက်ထားသည်။ ခန့်စာမရသေး။ ဖခင်ကြီးက မန္တလေးမှာ နေစေချင်သည်။ ဘုရားပွဲရက်အမီ အောင်နိုင်သူ ပြန်လာသည်။

စိမ်းမြရီ ဇာတ်ကြည့်ခွင့်ရသည်။ လူကြီးကတော်ကိုယ်တိုင် ကပ်ပါနေသည်။ အခြွေအရံ အထိန်းအသိမ်းများ ကတင်းကြပ်စွာ စောင့်သည်။ နှစ်လုံးပြူးကြီး တကားကားဖြင့် လူကြီးငြိမ်းဆောင်ပွဲလန့်နေသည်။ သမီးကို မျက်ခြည်ပြတ်မခံ။

စိမ်းမြရီက ကျွေ့နေရသည်။ အေးအေးချမ်းချမ်းပွဲကြည့်သည်။ ပွဲဈေးတန်း ပင်မထွက်။ ပွဲပထမည ပြီးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

အောင်နိုင်သူက ပွဲဝိုင်းထဲပင် ရောက်မလာခဲ့။

မြို့ကအရာရှိများကို လူကြီးငြိမ်းဆောင်ညှိခံနေရသည်။ လူကြီးကတော် ပါကူနေရသည်။ ဒုတိယညမှာ သမီးနှင့်အတူ တစ်ပါတည်းမလိုက်နိုင်။ တပည့်တပန်းများနှင့် ထည့်လိုက်ရသည်။

ဇာတ်ထွက်ရန် ပထမခေါင်းလောင်းတီးချိန်မှာ စိမ်းမြရီမရှိတော့။ အောင်နိုင်သူနောက် ပါသွားပြီ။ ပွဲခင်းအနောက်ဘက်အပြေးပြပြီး၊ အရှေ့ဘက်ကုန်းတန်းများပေါ် တက်လာသည်။ လမိုက်ရက်မို့ကြယ်ရောင်မှုသာရှိသည်။

အနောက်ဘက်မှာ အောင်နိုင်သူရဲ့ အဖော် ကာလသားတွေ အရိပ်ပြပြီး ပြေးနေသည်။ လူကြီးငြိမ်းဆောင်နှင့် အဖွဲ့က တရကြမ်းလိုက်သည်။ အနောက်ဘက် တောနင်းရှာသည်။

အောင်နိုင်သူနှင့် စိမ်းမြရီတစ်ယောက်လက် တစ်ယောက်ဆွဲလျက် ကုန်းတန်းများပေါ်ကျော်ပြီး စင်ပါချောင်းအတိုင်းပြေးလာသည်။ ချောင်းရိုးအတက်မှာစိမ်းမြရီလဲကျသွားသည်။ အမောလွန်ပြီးလဲကျတာလို့ထင်သည်။ လက်ကောက်ဝတ်ခန့်အတုတ်ရှိသော မြွေဖွေးတစ်ကောင်က စိမ်းမြရီ ခြေကျင်းဝတ်ကို အမိအရ ကိုက်လိုက်ခြင်းဖြစ်ကြောင်း ကြယ်ရောင်နှင့် သိလိုက်ရသည်။

*အောင်နိုင်သူ နှင့် စိမ်းမြရီ တစ်ယောက်လက် တစ်ယောက်ဆွဲလျက် ကုန်းတန်းများပေါ်ကျော်ပြီး စင်ပါချောင်းအတိုင်း ပြေးလာသည်။ ချောင်းရိုးအတက်မှာ စိမ်းမြရီ လဲကျသွားသည်။ အမောလွန်ပြီး လဲကျတာလို့ထင်သည်။ လက်ကောက်ဝတ်ခန့် အတုတ်ရှိသော မြွေဖွေးတစ်ကောင်က စိမ်းမြရီ ခြေကျင်းဝတ်ကို အမိအရ ကိုက်လိုက်ခြင်းဖြစ်ကြောင်း ကြယ်ရောင်နှင့် သိလိုက်ရသည်။*

သည်တောက အကောင်များ မည်မျှအဆိပ်ပြင်းကြောင်း အောင်နိုင်သူ သိသည်။ စိမ်းမြရီကို ပွေ့လျက် ဝက်လက်ဆေးရုံလေးရောက်အောင်ပြေးလာခဲ့သည်။ ဆေးရုံရောက်တော့ စိမ်းမြရီ အသက်ပါမလာတော့။ စိမ်းမြရီဆုံးပြီ။ အောင်နိုင်သူ အရူးတစ်ပိုင်းဖြစ်ရပြီ။ ဝိုင်းဝန်းဆွဲကြသည့်ကြားမှ ဆေးရုံရှေ့ သမံတလင်းမှာ လိမ့်ငိုသည်။

နေ့ဆယ်နာရီဝန်းကျင် လူကြီးမင်းငြိမ်းမောင်တို့အဖွဲ့ ဆေးရုံးရောက်လာသည်။ နှစ်လုံးပြူးဖြင့် ပစ်မည်တကဲကဲလုပ်နေသည်။ ပစ်လိုကပစ်ပါစေ။ အောင်နိုင်သူ မတိမ်းရှောင်ပါ။ စိမ်းမြရီ အလောင်းကို သယ်သွားကြသည်။

စိမ်းမြရီမျက်နှာလေးကို အောင်နိုင်သူ နောက်ဆုံးမြင်လိုက်ရခြင်းဖြစ်သည်။

(၅)

ဆရာတော်လေးက မောက်ကျိုးသားဖြစ်သည်။

အောင်နိုင်သူ အရာရှိခန့်စာရတော့ မသွားတော့။ လူတွေနှင့် နီးနီးကပ်ကပ် မနေလိုပါ။ စိမ်းမြရီမရှိသည့်နောက် အပျော်မရှိပါ။

အောင်နိုင်သူ ရဟန်းဝတ်ဖြစ်သည်။

"ဘောင်းတော်ကျဲဘုရား" အရှေ့ မလှမ်းမကမ်းမှာ သုံးပင်နှစ်ခန်းကပ်မိုးကပ်ကာ ကျောင်းကလေးဆောက်ပြီး နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းတောရွာသို့ ဆွမ်းခံကြသည်။ သားနားရွာသို့ ဆွမ်းခံကြသည်။ မောက်ကျိုးရွာကို ဆွမ်းခံမကြွဖြစ်၊ မယ်တော်ကြီးခဏခဏမှာသဖြင့် တစ်လတစ်ခေါက်ကြွပေးသည်။ ဆွမ်းခံပြီး ခမည်းတော်ကြီးနှင့် မယ်တော်ကြီးသီလပေးသည်၊ တရားအနည်းငယ် ဟောသည်။ ပြီးတော့ ပြန်ကြွသည်။

ကျောင်းမှာ ကိုယ်ရင်မရှိ၊ ကျောင်းသားမရှိ၊ ခုတင်၊ ဖိနပ်မရှိ။ ဝါးကွပ်ပျစ်ကလေးတစ်လုံးနှင့် ဝါးရေအိုးစင်ကလေးသာရှိသည်။ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးနှင့် အတတ်နိုင်ဆုံး ခြိုးခြံချွေတာပြီး ရဟန်းအလုပ်ကို လုပ်နေသည်။

"လပြည့်ညက ဘောင်းတော်ကျဘုရားကုန်းတော်ပေါ်မှာ ဆရာတော်လေးကို ကောင်မလေးတစ်ယောက် ထိုင်ကန်တော့နေတာ တွေ့ရတယ်။ ကောင်မလေးက စိမ်းမြရီနဲ့တူတယ်" ဆိုသော သတင်းစကားက မောက်ကျိုးရွာမှ ဘယ်သူက စလိုက်မှန်းမသိ ပျံ့နေသည်။ ယုံသူရှိသလို၊ မယုံသူလည်းရှိသည်။

"ကြီးမိုက်" ဆိုသော စကားရှိသည်။ ကြီးလေမိုက်လေဆိုသော စကားက ငြိမ်းဆောင်အတွက် မှန်သည်။

ယခုငြိမ်းဆောင် လူကြီးမဟုတ်တော့၊ အုပ်ချုပ်ရေး ပြောင်းခဲ့ပြီ။ မနှစ်ကငြိမ်းဆောင် မိန်းမဆုံးသည်။ အကွပ်မဲ့ငြိမ်းဆောင် သောက်စားရမ်းကားနေသည်၊ တပည့်တပန်း များစွာနှင့် သောက်စားရမ်းကားနေတုန်း . . .

သတင်းစကားကြားတော့ ငြိမ်းဆောင်ဒေါသဖြစ်သည်။

ဆရာတော်လေးကို သတ်မည်ဆိုပြီး ဓားသွေးသည်။ နောက်လိုက်နောက်ပါများနှင့် ဘောင်းတော်ကျဘုရားရှိရာ ထွက်လာသည်

ကျောင်းဘုရားခန်းမှာ ဆရာတော်လေးထိုင်နေသည်။

ငှက်ကြီးတောင်ဓား တစ်ဝင်းဝင်းနှင့် ငြိမ်းဆောင်တို့ကိုမြင်သည်။ ဆရာတော်ကလေး မတုန်လှုပ်ပါ။ မေတ္တာဓာတ်များပို့လွှတ်နေသည်။ ဆရာတော်လေးကို ခုတ်ပိုင်းရန် ငြိမ်းဆောင်အပြေးတက်လာသည်။

သို့သော် ဆရာတော်လေးရှေ့ ငြိမ်းဆောင်မရောက်မီ တရကြမ်း တဟုန်ထိုးတက်လာသော စင်ပါချောင်းရေက ရေလုံးဝင်ရိုက်သည်။

ငြိမ်းဆောင်နှင့်တစ်ဖွဲ့လုံး စင်ပါချောင်းရေနောက် ပါသွားသည်။ မိုးက တအုံးအုံးရွာနေသည်။ လျှပ်ရောင်က တဝင်းဝင်း။ မိုးချိန်းသံက တဒိုင်းဒိုင်း။ စင်ပါချောင်းရေက အဟုန်ပြင်းပြင်းတက်နေဆဲ၊ တွေ့သမျှ ဝါးမြို ရေနက် ပိုင်းဆွဲချ ဆွဲယူ နစ်မြုပ်နေဆဲ။ ဒေါသကြီးကြီး ရေစီးကြမ်းလှသည်။

"ဆရာတော်လေးကို သတ်မလို့ ငြိမ်းဆောင်တို့သွားကြပြီ" ဆိုသော သတင်းကြားကြားချင်း ဘမောင်တို့ တွေ့ရာလက်နက်ဆွဲပြီး လူစုလိုက်လာသည်။ လက်နှိပ်ဓာတ်မီးများ မရပ်တမ်းထိုးပြီး အပြေးတစ်ပိုင်းသွားသည်။ နောက်ကရွာသူ ရွာသားတွေလည်း ပါလာပြီ။

ဘမောင်တို့ "ဘောင်းတော်ကျဘုရားကုန်းပေါ်" ရောက်ခါနီးမှာ မိုးလေကငြိမ်သွားပြီ။

စင်ပါချောင်းလည်း ရေကျသွားပြီ။ ရေတက်လာတာသိသဖြင့် ဘမောင်တို့ တစ်ဖွဲ့လုံး ပူသွားသည်။ စိုးရိမ်သွားသည်။

ဘုရားအရှေ့ဘက် ဆရာတော်လေးကျောင်းထဲကို ဘမောင်တို့ဝင်လိုက်သည်။ သင်္ကန်းသုံးထည်နှင့် သပိတ်ကလေးတစ်လုံးက ဝါးကွပ်ပျစ်ကလေးပေါ်မှာရှိနေဆဲ၊ ဆရာတော်ကလေးကို မတွေ့။ ထိုနည်းအတူ ငြိမ်းဆောင်တို့အဖွဲ့ကိုလည်း မတွေ့ပါ။

အရှေ့က အလင်းရောင်တွေ လာချိန်လင်းလုလုမှာ ဘမောင်တို့ရွာကို ပြန်လာသည်။

ရက်အနည်းငယ်ကြာမှ ငြိမ်းဆောင်တို့အဖွဲ့ အလောင်းများ စစ်ကိုင်းနယ်ဘက် ကျွန်းတစ်ကျွန်းတွင် တင်နေကြောင်း ကြားရသည်။

အချို့က ဆရာတော်လေးကို ငြိမ်းဆောင်တို့နှင့်အတူ ရေလုံးရိုက်ပါသွားပြီး ပျံလွန်တော်မူပြီဆိုကြသည်။

အချို့က ဆရာတော်လေးကို အောက်မြေအောက်ရွာ (ရန်ကုန်ဘက်) ကကျောင်းတစ်ကျောင်းတွင် တွေ့ခဲ့ရကြောင်းပြောကြသည်။

အချို့က စိမ်းမြရီမသေ။ ဆရာတော်လေး လူဝတ်လဲပြီး စိမ်းမြရီနှင့်အတူ မြို့တစ်မြို့တွင် ရှိနေကြောင်း ဆိုသည်။

ကိုဇော်ဝင်း (လှတော)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ဝိပါတ် ကြမ္မာ မရှောင်သာ

(ဖြစ်ရပ်မှန်)

ကျော်ဇင်ဝင်း

သုံးနှစ်ဆိုသည့် အချိန်ကာလသည် မနေ့တစ်နေ့ကဟုပင် မှတ်ထင်ရပေသည်။

လူ့ဘုံလောကတွင် ကျင်လည်နေကြသော ပုထုဇဉ်လူသားများသည် ယခုလက်ရှိပစ္စုပ္ပန်ဘဝတွင် မိမိတို့ပြုလုပ်ခဲ့ကြသည့် ကောင်းမှု၊ မကောင်းမှုများအတွက် မိမိတို့အဘယ်ကဲ့သို့သော ကောင်းကျိုးဆိုးကျိုးများခံစား စံစားရမည်ကို တွေးယူမှန်းဆ၍ ရနိုင်ပေမည်။ သို့ပါသော်လည်း အတိတ်ဘဝကပြုခဲ့ကြသည့် ကောင်းမှုမကောင်းမှုများကို မူကား၊ ဘုရား၊ ပစ္စေကများမှတစ်ပါး၊ ပုထုဇဉ်လူသားများအနေဖြင့် တွေးခေါ်မှန်းဆ၍ မရနိုင်လျှင် ပုထုဇဉ်လူသားများမဆိုထားဘိ၊ ဘုရား၊ ရဟန္တာများပင်လျှင် ထိုဝဋ်ကြွေးကိုပြန်လည်ပေးဆပ်ရသည်မှာ၊ ဇာတ်နိပါတ်တော်များတွင် အထင်ကရဖော်ပြထားသည်ကို တွေ့မြင်ကြရပေလိမ့်မည်။

ဦးဘမောင်နှင့်ဒေါ်စန်းမြင့်တို့ဇနီးမောင်နှံမှာ သားသမီး ကိုးယောက်ဖွားမြင်ထားပြီး မိသားစုပေါင်း ၁၁ ယောက်မှာ စာရေးသူနေထိုင်ရာမြောက်ဥက္ကလာပသို့ ပြောင်းရွှေ့လာကာ၊ စာရေးသူနှင့်တစ်လမ်းတည်း အိမ်ချင်းကပ်နေထိုင်ကြလေသည်။

ဦးဘမောင်မှာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီး ဒေါ်စန်းမြင့်မှာ ယခင်က ဈေးရောင်းသည်ဟု သိရသော်လည်း၊ စာရေးသူနေထိုင်ရာလမ်းအတွင်းသို့ ပြောင်းရွှေ့လာချိန်တွင် သားသမီးကိုးယောက်ရှိနေပြီဖြစ်၍ အပြင်ပန်းဈေးရောင်းသည့် အလုပ်ကို မလုပ်နိုင်တော့ဘဲ၊ ကလေးများ၏ ကျောင်းဝေယျာဝစ္စနှင့် အိမ်တွင်းအချက်အပြုတ် အလျှော်အဖွပ်ကိစ္စများဖြင့် သာ တစ်နေကုန်ဂျင်ခြေလည်သကဲ့သို့ မရပ်မနားလုပ်ဆောင်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘမောင်မှာ မိသားစုစားဝတ်နေရေးအတွက် နေ့ဘက်တွင်အစိုးရရုံးတွင် တာဝန်ထမ်းဆောင်သလို ညဘက်တွင်လည်း တွင်ခုံအဟောင်းကလေးတစ်လုံးဖြင့် ပွလီဘီးများကို လက်ခစားလုပ်ကိုင်ကာ အိမ်စရိတ်ကာမိစေရန် လုပ်ဆောင်ရပြန်သည်။ အရွယ်ရောက်လာပြီဖြစ်သော သားယောကျ်ားလေးသုံးယောက်မှာ ဖခင်ကြီးလုပ်ကိုင်နေသော တွင်ခုံအလုပ်ကို ကျောင်းတစ်ဖက်ဖြင့်သင်ယူကာ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြလေသည်။

သမီးသုံးယောက်မှာလည်း အရွယ်ရောက်နေကြသဖြင့် အိမ်၏ဗါဟီရကိစ္စများကို မိခင်ကြီးအား ဝိုင်းဝန်းပံ့ပိုးလုပ်ဆောင်ရင်း အချက်အပြုတ်အလျှော်အဖွပ်မှအစသင်ယူတတ်မြောက်သွားလေသော် မိခင်ကြီးမှာ ဈေးသွားကာ ဝယ်ချမ်းသည့်အလုပ်မျှလောက်သာ လုပ်ဆောင်ရပြီး၊ ကျန်သောကိစ္စအဝဝကို သမီးအကြီးကသာ တာဝန်ယူလုပ်ဆောင်ပြီး၊ အငယ်ကလေးများ၏ပညာရေးကိုလည်း သင်ကြားပေးရင်း စည်းကမ်းကိုပါ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားလေသည်။

ဦးဘမောင်နှင့်ဒေါ်စန်းမြင့်တို့၏ ဆုံးမဩဝါဒများကို တစ်သဝေမတိမ်းလိုက်နာကြသော သားသမီးများဖြစ်၍ နောင်သောအခါ မိဘများကဆုံးမစရာပင် မလိုတော့ဘဲ၊ အစ်ကိုကြီး အစ်မကြီးများကသာ ဆက်လက်ထိန်းသိမ်းသွားကြလေသည်။

ပြောမယုံ ကြုံမှသိဆိုသကဲ့သို့ ယခု မျက်မြင်တွေ့ကြုံရလေမှ ဦးဘမောင်တို့၏ သား၊ သမီးများမှာ ဆင့်ကဲဆင့်ကဲပြောစကားများလိုက်နာကာ စည်းကမ်းသေဝပ်ကြသလို ပညာရေးတွင်လည်း မည်သည့်ကျူရှင်မျှမတက်ရပါဘဲလျက် တက္ကသိုလ်ဝင်တန်းကို နှစ်ချင်းပေါက် ငါးယောက်အောင်မြင်ကြပြီး အသီးသီးဘွဲ့များရသွားကြလေသည်။

ကျန်သောသားသမီးလေးယောက်မှာ တက္ကသိုလ်ဝင်တန်းအထိ သင်ယူ တတ်မြောက်ကြပြီး၊ မိဘကိုဝိုင်းဝန်း ကူညီကြလေသည်။ ဦးဘမောင်နှင့် ဒေါ်စန်းမြင့်တို့မှာ သားသမီးများဖြင့် သိုက်သိုက်ဝန်းဝန်းလုပ်ဆောင်ကြရင်း၊ အခါအားလျော်စွာ အလှူဒါန များပြုလုပ်ကြသလို ဦးဘမောင်မှာလည်း နှစ်စဉ်သင်္ကြန်ရုံးပိတ်ရက်များ တွင်၊ ပဋ္ဌင်းဝတ်ခြင်း၊ တရားထိုင်ခြင်းများကို တစ်ခုမဟုတ်တစ်ခုကိုတော့ နှစ်စဉ်လုပ်ဖြစ်သည်။ ဒေါ်စန်းမြင့်မှာမူကား သားသမီးများနှင့်မို့ အခါအားလျော်စွာ ဥပုသ်သီလကိုသာ ဆောက်တည်မှုပြုနိုင်လေသည်။

သူတို့မိသားစုမှာ မရှိအတူရှိအတူ အေးတူပူအမျှစိတ်ဓာတ်ဖြင့် အေးချမ်းစွာနေထိုင်ကြလေသည်။ အထူးသဖြင့် ဤမျှသားသမီးကိုးယောက်ရှိပြားသော်လည်း၊ ရပ်ကွက်အတွင်း၌ သူတို့သား၊ သမီးများရန်ဖြစ်သည်ဟူ၍ မကြားမိခဲ့ပေ။

ဤသို့ဖြင့် နှစ်ကာလကြာညောင်းအချိန်တွေပြောင်းခဲ့လေသော် သားကြီးမှာ အစိုးရဌာနတစ်ခုတွင် လက်ထောက်အရာရှိဖြစ်လာသလို၊ ဒုတိယသားနှင့်တတိယသားတို့မှာ အင်ဂျင်နီယာဘွဲ့ဖြင့်အောင်မြင်ခဲ့ကြပြီး နိုင်ငံခြားသင်္ဘောတွင် လက်ထောက်အရာရှိအဖြစ် ထမ်းဆောင်ရလေသည့်အပြင် အငယ်ဆုံးသားမှာလည်း သင်္ဘောသားအဖြစ် အလုပ်ရသွားလေသည်။ ထိုသို့အလုပ်အကိုင်ကိုယ်စီရ၍ စီးပွားရေးပြေလည်ကြသော်လည်း၊ သူတို့မိသားစုမှာ မာန်မာနထောင်လွှားခြင်းမရှိကြဘဲ၊ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်ဦးကိုတစ်ဦး ဖေးမလက်တွဲသွားသည်ကိုသာ မြင်ရလေသည်။

ထို့ပြင်တစ်ဝ သမီးသုံးယောက်မှာလည်း ကျောင်းဆရာမနှစ်ယောက်ဖြစ်ပြီး၊ တစ်ဦးမှာ ရုံးဝန်ထမ်းဖြစ်လေသည်။ ချိန်ခါရွယ်ရောက်၍ အိမ်ထောင်ရက်သားများ အသီးသီးပြုသွားကြသော်လည်း၊ တတိယမြောက်သမီး [illegible]ဝင်းသန်း၊ ပဋ္ဌမသမီးမမျိုးမျိုးဝင်းနှင့် အဋ္ဌမမြောက်နှီညွှာသား မောင်ထွန်းကျော်တို့ မောင်နှမသုံးဦးသာ အိမ်ထောင်မပြုကြသေးပေ။

ထိုမိသားစုမှာ တက်ညီလက်ညီလုပ်ကိုင်ကြရင်း ဖခင်ကြီးဆောက်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ထားသည့် သွပ်မိုးပျဉ်ထောင် ပျဉ်ခင်း အိမ်ကလေးမှာ မိသားစုနေထိုင်ရန် ကျဉ်းကျပ်သဖြင့် နှစ်ထပ်အသွင်ပြုပြင်ဆောက်လုပ်သော်ငြား လည်း တိုးပွားလာသည့် ပစ္စည်းပစ္စယများနှင့်စာသော် ကျဉ်းကျပ်လွန်းသည်။ သို့ပါ၍ ထိုအိမ်အားဖျက်ကာ နှစ်ထပ်တိုက်တစ်လုံးကို ဆောက်လုပ်ကာ မိသားစုသိုက်သိုက်ဝန်းဝန်းနေထိုင်ကြလေသည်။

ထိုမျှမကသေး စီးပွားဖြစ်ထွန်းလာသည့် သားသမီးများက သီခြားတိုက်များဖြင့် ပြောင်းရွှေ့နေထိုင်ကြပြန်သည်။ ထိုမှတစ်ဆင့် လိုင်းကားများပင်တည်ထောင်၍ လိုင်းပြေးဆွဲကြပြန်သည်။ ထိုလိုင်းကားများ နားရက်ရသောနေ့များတွင် လမ်းထဲမှ ရပ်ဆွေရပ်မျိုးမိတ်သင်္ဂဟများကို မြို့တွင်းနှင့်မြို့ပြင်ရှိဘုရားများသို့ မကြာခဏဆိုသလို ဘုရားဖူးအဖြစ် နိဗ္ဗာန်ကူးတို့ ပို့ဆောင်ပေးလေသည်။ အလှူအတန်းများလည်း မကြာခဏပြုလုပ်လေသည်။ စေတီပုထိုးဘုန်းတော်ကြီးကျောင်းများနှင့်လမ်းများကိုလည်း အခါအားလျော်စွာ ပြုပြင်လှူဒါန်းလေ့ရှိ၏။

ထိုသို့ ကုသိုလ်ကောင်းမှုပြုလုပ်လှူဒါန်းနေသဖြင့် စီးပွားရေးမှာလည်း ဆထက်ထမ်းပိုး ကြီးပွားချမ်းသာလာလေသည်။ ဤသည်ကားယခုမျက်မှောက်ပြုလုပ်သော ကောင်းကြိုး၏ခံစားရမှုပင်ဖြစ်ပေလိမ့်မည်။

ဝါဆိုလ၏ တစ်နေ့သော ညဉ့်

**ကားတစ်စီးလုံးရှိ မှန်များမှာ အစိတ်စိတ်အမြွှာမြွှာဖြစ်ကာပြန့်ကြဲနေလေသည်။ ထိုမှန်ကွဲစများလွင့်စင်ကာ လူများ၏ခန္ဓာကိုယ်အနှံ့အပြားသို့ စူးဝင်ကြသလို၊ ထိုင်ခုံများမှာလည်း ယာဉ်ချင်းတိုက်မိသည့်အရှိန်ကြောင့် ဖြိုလဲသွားသဖြင့်၊ ထိုထိုင်ခုံများအကြားတွင် လူများညပ်၍ ပိပြားကာနေသည်မှာ တော်ရုံဖြင့် ဆွဲထုတ်၍ မရဖြစ်နေလေသည်။**

နက်သန်းခေါင်အချိန်လောက်တွင် စာရေးသူတို့တစ်လမ်းလုံးအိပ်ရာသို့ ဝင်နေကြပြီဖြစ်သော်လည်း၊ အချို့မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျပြီဖြစ်သော်လည်း အချို့မှာ အိပ်မပျော်နိုင်ကြသေးပေ။

အိပ်မပျော်သေးသည့်သူများထဲတွင် စာရေးသူလည်း အပါအဝင်ဖြစ်နေသည်။ ထိုအချိန်တွင် တယ်လီဖုန်းရှိသော အိမ်မှအမျိုးသမီးတစ်ဦး၏ အသံစွာစွာဖြင့် ပြောသံကြားလိုက်ရသဖြင့် အိပ်ချင်မူးတူးဖြစ်နေသော စာရေးသူမှာ ခုတင်ပေါ်တွင် ထိုင်လျက်သားဖြစ်ကာ နားစွင့်၍နေမိလေသည်။

"မနက်ကဘုရားဖူးသွားတဲ့ကားလမ်းမှာ ကားတိုက်မှုဖြစ်လို့တဲ့" ဟု ထိုအမျိုးသမီးက ဒေါ်စန်းမြင့်တို့ အိမ်သို့ အသံကျယ်ကျယ်ဖြင့်လှမ်းပြောလေသည်။

"ဘယ်မှာဖြစ်တာလဲ အသွားလား အပြန်လား" ဟုဒေါ်စန်းမြင့်က မေးမြန်းလေသည်။

"ပြည်ကဘုရားဖူးပြီးအပြန် နတ္တလင်းအလွန်မှာဖြစ်တာလို့ ပြောတာပဲ ကျွန်မလဲသဲသဲကွဲကွဲပီပီသသ မကြားရဘူး၊ ဖုန်းဆက်တဲ့လူက အသံတွေတုန်နေတယ်" ဟု ဖုန်းနားထောင်ပြီးလာပြောသူ အမျိုးသမီးက ပြန်ပြောလေသည်။

ထိုအချိန်တွင် စာရေးသူလည်း ဆက်လက်အိပ်မရတော့ဘဲ အိပ်ရာမှ လူးလဲထကာလမ်းပေါ်သို့ ထွက်လာပြီး အကျိုးအကြောင်းသိလိုသဖြင့်..။

"ဘုရားဖူးခရီးသည်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com

အထိအခိုက်ရှိကြသေးသလား”ဟု မေးမြန်းမိလေသည်။

“ကျွန်မအတိအကျတော့ မသိဘူး၊ မိန်းမတစ်ယောက်တော့ သေသလိုလိုကြားလိုက်မိတယ်”ဟု ထိုအမျိုးသမီးက မရေမရာပြောလေသည်။

သူမဘက်ကကြည့်ပြန်တော့လည်း ဟုတ်ပေမပေါ့၊ သူမကိုယ်တိုင်ကိုယ်ကျ မြင်ရတာမှ မဟုတ်ဘဲကိုး၊ တစ်ဆင့်စကားဖြင့်သာ ပြန်ပြောရခြင်းဖြစ်သဖြင့် မသေချာ မရေရာဖြစ်နေပေမပေါ့၊ တဖြည်းဖြည်းဖြင့် တစ်ယောက်စ နှစ်ယောက်စဖြင့် တစ်လမ်းလုံးရှိ အိမ်တိုင်းလိုလိုနိုးထလာကြလေသည်။

အချို့မှာ မိမိတို့မိသားစုထဲမှ ဘုရားဖူးပါသွားသဖြင့် သို့လောသို့လော စိုးရိမ်စိတ်မကင်းကာ မျက်စိကိုဖွင့် နားကိုစွင့်၍ သတင်းအမှန်ကို မျှော်လင့်စောင့်စားနေကြလေသည်။

အချို့မှာလည်း မိမိအိမ်မှ မိသားစု ဘုရားဖူးယာဉ်တွင် မပါသွားသော်လည်း၊ တစ်လမ်းတည်းသားချင်း စိုးရိမ်ပူပန်စိတ်ဖြင့် မျှော်တလင့်လင့်ဖြင့် မအိပ်နိုင်ကြဘဲ သတင်းကိုသာ နားစွင့်နေကြလေသည်။

ယနေ့ဘုရားဖူးသွားကြသည့် သူများတွင် စာရေးသူလည်းလိုက်ပါရန်ဖြစ်သော်လည်း ဝမ်းဖောဝမ်းရောင်ဖြစ်ကာ ဝမ်းမခိုင်သဖြင့် လမ်းခရီးတွင် ဝမ်းသွားပါက အခြားသူများအား အနှောင့်အယှက်ဖြစ်မည်စိုး၍ လိုက်မသွားဘဲ ကျန်နေခဲ့ခြင်းဖြစ်သည်။

ဘုရားဖူးသွားသူများ၏ သတင်းအတိအကျကို သိရှိလိုသဖြင့် စိတ်မောစွာအသည်းတစ်ထိတ်ထိတ်ဖြင့် စောင့်စားနေကြစဉ်၊ ဘုရားဖူးပါသွားသူများထဲမှ ကျောင်းဆရာမနှစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့ ကားကြုံဖြင့်ပြန်လာသည်ကို တွေ့ရသဖြင့် သတင်းစုံသိရှိရပြီဟု ထင်မှတ်ကာ ထိုဆရာမများအား အကျိုးအကြောင်းကို ဝိုင်းဝန်းမေးမြန်းကြလေသည်။

အကျိုးအကြောင်းသိရန် မျှော်လင့်ထားသလိုဖြစ်မလာဘဲ၊ ကားကြုံဖြင့်ရောက်လာသော ဆရာမများကိုယ်တိုင်ပင်ဖြစ်ပျက်ပုံကို ဂဃနဏ ပြည့်ပြည့်စုံစုံပြန်ပြောနိုင်ဖို့ဝေးလေစွ သူမတို့ကိုပင်၊ စိတ်ငြိမ်ငြိမ်ထားပါ၊ ဘာမှသတိမရရင်လဲ၊ ဘာမှပြန်မပြောပါနှင့်ဟု ဝိုင်းဝန်းနှစ်သိမ့်ရလေသည်။ သူမတို့ကို ကြည့်ရသည်မှာ စိတ်မတည်ငြိမ်ဘဲ ကယောင်ချောက်ချားဖြစ်နေပုံပေါက်နေသလို သူတို့နှင့်အတူပြန်ပါလာသည့် အမျိုးသမီးငယ်မှာလည်း ဘာတစ်ခုမျှရေရေလည်လည်တိတိကျကျပြန်လည်မပြောနိုင်ဘဲ ငို၍သာနေသဖြင့် အကြောင်းတစ်ခုခုတော့ ထူးခြားနေပြီဟု ထင်လိုက်မိပါသည်။

စာရေးသူတို့ အုပ်စုလည်းဘာတစ်ခုမျှ မေးမြန်းမရသဖြင့် အချင်းဖြစ်ပွားရာသို့ ကားငှား၍လိုက်သွားကြသူများ၏ အပြန်ကိုသာမျှော်လင့်စောင့်စားရင်း တဖြည်းဖြည်း၊ အရုဏ်ကျဉ်းကာ လင်းရောင်ခြည်များပေါ်ထွန်းလာသည်အထိ အိပ်ချင်မူးတူးဖြစ်နေကြသော်လည်း ပြန်လာကြမည့်သူများကိုသာ စောင့်စားရင်း ငံ့လင့်နေကြလေသည်။

နံနက် ၁၀နာရီ လောက်တွင် အချို့သောကားများနှင့် ဒဏ်ရာမပြင်းထန်သူများပြန်လာကြသော်လည်း အတွင်းလူနာအဖြစ် ကုသရသည့် လူနာများအား သက်ဆိုင်ရာဆေးရုံများသို့ အသီးသီးဆေးဝါးကုသမှုကို ခံယူပို့ဆောင်ခဲ့ကြသည်ဟု သိလိုက်ရသော်လည်း ယခုအချိန်ထိ ဒဏ်ရာသက်သာသူများအပြည့်အစုံပြန်လည်ရောက်ရှိခြင်းမရှိ ကြသေးပေ။

ယခုဘုရားဖူးသွားကြသည့် သူများနှင့်စပ်လျဉ်း၍ ပြန်လည်ဆန်းစစ်လေသော်၊ ဘုရားဖူးလိုက်သွားကြသူများမှာ လူပေါင်း လေးဆယ်နည်းပါးခန့်ရှိသော်လည်း လူကြီးကများသည်။ ထိုလူကြီးများထဲတွင် ဘုရားတရားနှင့်အလှူအတန်းများကို မကြာခဏပြုလုပ်ပြီး ဂိတ်ေ..ာင်းစေတနာကောင်းရှိသူကများလှပါသည်။

ထိုသူများမှာ စာရေးသူနှင့်ခင်မင်ရင်းနှီးကြသော မိတ်ဆွေအပေါင်းအသင်းများဖြစ်နေကြသည်။ အထူးသဖြင့် ယနေ့ဘုရားဖူးထွက်မည့် (ပွန်ဒိုင်းမှန်လုံခရီးသည်တင်ကားကြီးမှာ လကျာ်မောင်းပြောင်းလွဲထားပြီး) ရောင်းရန်စကားကမ်းလှမ်းထားသဖြင့် ဝယ်ယူမည့်သူက စရန်ငွေပင်ပေး

www.burmeseclassic.com

လေသည်ကို ပိုင်ရှင်ဖြစ်သူကိုလှဝင်းက စရန်ငွေလက်မခံဘဲဘုရားဖူးပြန်လာမှ ငွေကြေးပေးရန် ပြောဆိုထားခြင်းဖြစ်လေသည်။

ယာဉ်တိုက်မှုဖြစ်သည့်နေရာအား လိုက်သွားကြသူများ၏ ပြန်လည်ပြောပြချက်အရ ပိုင်ရှင်ဖြစ်သူ ကိုလှဝင်း၏ ဖခင်ဦးဘမောင်မှာ ယာဉ်၏ လက်ဝဲဘက်ထိပ်ဆုံးထိုင်ခုံမှ စီးနင်းကာ အသွားအပြန်ခရီးလမ်းတစ်လျှောက်တွင် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်သွားသည်ဟု သိရှိရလေသည်။

မော်တော်ယာဉ်၏ လက်ဝဲဘက်အခြမ်းတွင် စီးနင်းလိုက်ပါလာသူများအနက်၊ အရှေ့ဆုံးမှ ခင်မောင်ထူးက မတ်တပ်ရပ်လျက်နှင့် ၄င်းနောက်ထိုင်ခုံမှ ဦးဘမောင်၊ ၄င်းနောက်မှ ဒေါ်ခင်အုန်းနှင့် အခြားသူများ၊ ယာဉ်၏ လကျ်ာဘက်ယာဉ်မောင်းသူ၏ အနောက်မှယာဉ်ပိုင်ရှင်ကိုလှဝင်းနှင့်ဇနီး၊ သား၊ ၄င်းတို့နောက်မှ တစ်အိမ်တည်းနေမိသားစုများ၊ ၄င်းတို့သည် အပြန်ခရီးတွင် ဘုရားစုံဖူးခဲ့ရသည့်အကြောင်းများ၊ လှူဒါန်းခဲ့ကြသည့်အကြောင်းများကို တစ်ဦးနှင့်တစ်ဦးပြန်လည်ပြောဆိုလာကြလေသည်။

အပြန်ခရီးဖြစ်သလို ဝါဆိုလ၏ မိုးဖွဲကလေးများလည်း တဖွဲဖွဲရွာသွန်းနေသဖြင့် ကတ္တရာလမ်းမကြီးတစ်လမ်းလုံး မိုးရေစက်များဖြင့် စိုရွှဲနေပေသည်။ သို့သော်လည်း ဘုရားဖူးပြန်လာကြသူများမှာ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုမှု မပြတ်ကြဘဲ ပြောဆိုမြဲပြောဆိုနေကြလေသည်။

ယာဉ်မောင်းသူကို အုန်းမြင့်မှာ ကတ္တရာလမ်းတွင် မိုးရေများစိုစွတ်နေခြင်းနှင့် အပြန်ခရီးသည်လည်း မိုးချုပ်၍ ၁၂နာရီကျော်ခန့်ရှိနေသဖြင့် ယာဉ်ကို သတိနှင့်ထိန်း၍ မောင်းနှင်နေလေသည်။ ထိုသို့မောင်းနှင်နေစဉ် အရှေ့မျက်နှာချင်းဆိုင်မှ ကုန်စည်များ တင်ဆောင်လာသည့် ကုန်ကားကြီးတစ်စီးမှာ ဘယ်လူးညာယိမ်းဖြင့် ကား ဦးခေါင်းမှာ မတည်ငြိမ်ဘဲ အရှိန်ပြင်းစွာမောင်းနှင်လာသည်ကို တွေ့ရသော ကိုအုန်းမြင့်မှာ သူမောင်းနှင်နေသည့် ဟွန်ဒိုင်းကားကြီးကို လမ်းနံဘေးကပ်ကာ အရှိန်လျှော့၍ မောင်းနှင်လေသည်။ မည်သို့ပင် ရှောင်တိမ်း၍ မောင်းနှင်ပါသော်လည်း ကြမ္မာဆိုးဝင်လာလေသည်ထင့်၊ ထိုကုန်ကားကြီးမှာ အရှိန်မထိန်းနိုင်တော့ဘဲ ဘုရားဖူးယာဉ်၏ အရှေ့ လက်ဝဲဘက်အခြမ်းကို တအားကုန်ဝင် ဆောင့်လေတော့သည်။

"အုန်း‥ဒိုင်း‥ဂျွစ်‥ဂျွစ်‥ဖြီး" ဆိုသည့် တိုက်ခိုက်သံများပေါ်ထွက်လာပြီး‥။

"အား‥အောင်မလေး‥ဘုရားကယ်ပါ"စသည့် အသံမျိုးစုံများ ထွက်ပေါ်လာသလို၊ အချို့မှာ မည်သည့်အသံမျှ ထွက်ပေါ်မလာဘဲ တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

ကားတစ်စီးလုံးရှိ မှန်များမှာ အစိတ်စိတ်အမွှာမွှာဖြစ်ကာပြန့်ကြဲနေလေသည်။ ထိုမှန်ကွဲစများလွင့်စင်ကာ လူများ၏ခန္ဓာကိုယ်အနှံ့အပြားသို့ စူးဝင်ကြသလို၊ ထိုင်ခုံများမှာလည်း ယာဉ်ချင်းတိုက်မိသည့် အရှိန်ကြောင့် ပြိုလဲသွားသဖြင့်၊ ထိုထိုင်ခုံများအကြားတွင် လူများညပ်၍ ပိပြားကာနေသည်မှာ တော်ရုံဖြင့် ဆွဲထုတ်၍ မရဖြစ်နေလေသည်။

ပတ်ဝန်းကျင်ရွာများမှ ကားချင်းတိုက်သံနှင့်အော်သံများကြား၍ ထွက်လာကြသော ရွာသူရွာသားများနှင့် ဒဏ်ရာနည်းပါးသူ ဘုရားဖူးများက စုပေါင်းကာ လူနာများအား မော်တော်ကားအပြင်သို့ ရောက်ရန်မနည်းကိုဆွဲထုတ်ရလေသည်။ ဘုရားဖူးသွားကြသည့် သူများမှာလည်း၊ မိန်းမသားကများသဖြင့် ကူညီပံ့ပိုးမည့် အင်အားက အလွန်နည်းပါးလေသည်။ တော်ပေသေးသည် ရွာမှ ထွက်လာကြသော ယောကျ်ားသားများ၏ ကူညီမှုကြောင့် အချို့မှာဆေးရုံသို့ အချိန်မီရောက်ကြလေသည်။

ကားခြင်းအရှိန်ပြင်းထန်စွာ တိုက်မိမှုကြောင့်၊ ဟွန်ဒိုင်းကား၏ ဘယ်ဘက်ဘေးတစ်ခြမ်းမှ အကာသွပ်ပြားမှာ စုတ်ပြဲသွားသဖြင့် သွပ်ပြားရှသည့်ဒဏ်ရာများလည်း ရကြလေသည်။ ထိုသို့တိုက်မိရာတွင် ဘယ်ဘက်အခြမ်းတွင် ထိုင်သူများမှာ ပိ၍အထိနာသွားလေရာ၊ ခင်မောင်ထူး၊ ဦးဘမောင်နှင့်ဒေါ်

www.burmeseclassic.com

ခင်အုန်းတို့ သုံးဦးမှာ၊ ပိုမို၍ အထိနာကာ ဒဏ်ရာပြင်းထန်ကြလေသဖြင့်၊ သတင်းကြားလျှင်ကြားချင်း ရောက်ရှိလာကြသည့် တာဝန်ရှိသူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းကူညီပံ့ပိုးသူများက အရေးကြီးသူများကို အရေးကြီးသလို နီးစပ်ရာ နတ္တလင်းဆေးရုံသို့ အမြန်ဆုံးပို့ကြလေသည်။

ဆေးရုံမှ ဆရာဝန်များ သူနာပြုများကလည်း ရှိသမျှဆေးဝါးများဖြင့် လူအင်အားအကုန်၊ အစွမ်းကုန်ပြုစုကြပါသည်။ သို့သော်ငြားလည်း ခင်မောင်ထူးနှင့် ဒေါ်ခင်အုန်းတို့နှစ်ဦးမှာ ဒဏ်ရာပြင်းထန်လွန်းသဖြင့် ဆေးရုံကိုရောက်လျှင် ရောက်ခြင်း ဆုံးပါးသွားကြလေသည်။

ဦးဘမောင်တစ်ယောက်မှာ ဦးခေါင်းနှင့်ခန္ဓာကိုယ်တွင် ရရှိထားသော ဒဏ်ရာများကြောင့် သွေးသွင်းရန် အရေးပေါ်လိုအပ်သလို အရေးကြီးလိုအပ်နေသော ဆေးဝါးများလည်း လိုအပ်နေသဖြင့် ဦးဘမောင်အား ဂလူးကို့စ် သွင်းကာဒဏ်ရာကို ဆေးထည့်ပတ်တီးစည်းပြီး အရေးပေါ်ပြုစုကာ၊ ရန်ကုန်ဆေးရုံကြီးသို့ လူနာရှင်၏ဆန္ဒအရ တင်ပို့ရန်စီစဉ်ကာ ဒဏ်ရာပြင်းသူများပါ တစ်ပါတည်းစီစဉ်ပေးလေသည်။ သို့ရာတွင် အချိန်မှာ ညဥ့်နက်နေသည်က တစ်ကြောင်း၊ ခရီးဝေး၍ ကားအဆင်မပြေသဖြင့် အချိန်နှောင့်နှေးကြံ့ကြာသွားရလေသည်။ သို့အတွက် ဦးဘမောင်မှာ သွေးထွက်လွန်ပြီး ရန်ကုန်ဆေးရုံကြီး မရောက်မီ လမ်းခရီး၌ပင် ဆုံးပါးသွားရရှာလေသည်။

ထိုသို့ အရေးပေါ်လူနာများ ရန်ကုန်ပို့ရေးအတွက် အမကာစီစဉ်သူမှာ၊ ဦးဘမောင်၏သားကိုလှဝင်းပင် ဖြစ်လေသည်။ ကိုလှဝင်းမှာလည်း သူကိုယ်တိုင်ဦးခေါင်းတွင် ဒဏ်ရာရရှိထားသဖြင့် နတ္တလင်းဆေးရုံမှ ၁၃ချက်ချုပ်ခဲ့ရလေသည်။ ထိုမျှရရှိထားသော ဒဏ်ရာကို အမှုမထားအားဘဲ ကျန်သောလူနာများကို သက်ဆိုင်ရာ ရန်ကုန်ဆေးရုံကြီး၊ ဦးနှောက်နှင့်အာရုံကြောဆေးရုံ၊ အရိုးအထူးကုဆေးရုံများသို့ အသီးသီး အချိန်မီပို့ရသေးသည်။

ဤမျှအလုပ်များပြားကာ လူနာများကို အချိန်မီပို့ဆောင်နေရသည့်အကြားမှ သေဆုံးသူများအားအချိန်မီ သင်္ဂြိုဟ်နိုင်ရန်ကိုလည်း တာဝန်ခွဲ၍ စီစဉ်ရပြန်သည်။ လုပ်ငန်းအားလုံးသည် အချိန်နှင့်အမျှ တစ်ပြေးညီ အရေးကြီးသည့် လုပ်ငန်းများဖြစ်နေသဖြင့် ကာယကံရှင်များနှင့်ဝိုင်းဝန်းကူညီသူအပေါင်းမှာ မနားမနေလုပ်ဆောင်နေကြရလေသည်။

ဘုရားဖူးသွားကြသူများမှာ ကုသိုလ်ကောင်းမှုပြုရန် သွားကြသလို၊ ဘုရားဖူးပို့ဆောင်ပေးသောကိုလှဝင်းတို့မိသားစုမှာလည်း ကုသိုလ်ရရန် နိဗ္ဗာန်ကူးတို့ ပို့ဆောင်ပေးခြင်းဖြစ်ပြီး၊ ဆေးရုံတင်ထားသည့်အတွင်းလူနာများအတွက်ကိုလည်း လိုအပ်သော ဆေးဝါးကုသမှုအတွက် မလစ်ဟင်းစေရန်လည်း ဂရုပြုရပြန်လေသည်။

ယခုဖြစ်ရပ်မှာ ကောင်းမှုကုသိုလ်ပြုရင်း ဖြစ်ပွားသောဖြစ်ရပ်မှန်သော်လည်း အတိတ်ဘဝမှာ ကြွင်းကျန်နေသော အကုသိုလ်မှုအတွက် ယခုဘဝတွင်ခံရခြင်းဖြစ်ပေလိမ့်မည်။ ပုထုဇဉ်လူသားများကို မဆိုထားဘိ၊ သုံးလောကထွတ်ထားရှင်တော်ဘုရားနှင့်ရဟန္တာအရှင်သူမြတ်များပင်လျှင် နုစဉ်ကပြုခဲ့သော ဝဋ်ကြွေးအတွက်၊ ဘုရား၊ ရဟန္တာများဖြစ်ကာမှ ပြန်လည်ပေးဆပ်ရသေးလျှင် ပုထုဇဉ်လူသားများအတွက် ဆိုဖွယ်ရာမရှိတော့ပေ။

အတိတ်ဘဝမှ ဝဋ်ကြွေးများရှိခဲ့ပါလျှင် ဤဘဝဤမျှဖြင့်သာကျေပါစေတော့ဟု ဆုတောင်းမေတ္တာပို့လိုက်ရပါတော့သည်။

(လွန်ခဲ့သော သုံးနှစ်ကျော်က ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်အားအမည်နှင့်နေရပ်များ လွှဲပြောင်း၍ ဖော်ပြခြင်း ဖြစ်ပါသည်)

ကျော်ဇင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာပတ်သွားလာခဲ့သူ လီယန်နီဘီးရပ်ဒင် ကိုယ့်ကိုယ်ကို အဆုံးရင်သွားကြောင်း ရင်ခွဲစစ်ဆေးမှုမှ ညွှန်ပြနေခြင်း

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ ကြာသပတေးနေ့တွင် ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းသည့် ကမ္ဘာပတ်သွားခဲ့သော အမျိုးသမီး လီယန်နီဟက်ချ်ဘီးရပ်ဒင် (Leanne Hecht Bearden) သည် မိမိဘာသာမိမိ သတ်သေသွားကြောင်း ထင်ရှားပေါ်လွင်နေကြောင်း ရဲတပ်ဖွဲ့၏ ကောက်ချက်အရ သိရှိရသည်။ "ကနဦးရင်ခွဲစစ်ဆေးချက်အရ ကြိုးဆွဲချအသက်ရှူမွန်းကျပ်ပြီး သေဆုံးကြောင်း ညွှန်ပြနေပါတယ်" ဟု တက္ကဆက်နယ်၊ ဂါဒင်းရစ်ခ်ျ၏ ရဲအကြီးအကဲ ဒွန်နာအိုကွန်နား(Donha O'Conner) မှ ရှင်းပြသည်။ "သေမှုသေခင်း စစ်ဆေးချက်အရမှာတော့ သူမဘာသာ အဆုံးစီရင်သွားခဲ့ပုံရပါတယ်။ ဒါပေမယ့်လည်း အဆိပ်အမျိုးမျိုးရလဒ်စစ်ဆေးပြီးမှ အပြီးသတ်ဆုံးဖြတ်ချက်ချ၍ သတင်းထုတ်ပြန်ကြေညာပေးပါမယ်"ဟု ရဲအကြီးအကဲ အမျိုးသမီးမှ ရှင်းပြသည်။ ဖေဖော်ဝါရီလ ၁၃ ရက်၊ ကြာသပတေးနေ့၌ အသက် ၃၃ နှစ်ရှိ အမျိုးသမီး၏အလောင်းကို ဂါးဒင်းရစ်ခ်ျတွင် တွေ့ရှိခဲ့ရကြောင်း သက်ဆိုင်ရာအာဏာပိုင်များမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့ သူမသည် ယောက္ခမအိမ်မှ အပြင်ဘက်သို့ တစ်နာရီခန့် လမ်းလျှောက်ထွက်သွားသည်ကို နောက်ဆုံးမြင်တွေ့လိုက်ရသည်။ စန်အန်တန်နီယိုမြို့ အရှေ့မြောက်ဘက် သစ်တောပေါက်ရောက်နေသည့် ရေိယာအတွင်း အလောင်းကို အမျိုးသားတစ်ဦးမှ တွေ့ရှိခဲ့ရသဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ ဖုန်းဆက်အကြောင်းကြားပေးခဲ့သည်။ နောက်ပိုင်းတွင် မိသားစုအဖွဲ့ဝင်များမှ သူမသေဆုံးသွားသည်ကို အတည်ပြုပေးသည်။ Face book စာမျက်နှာတွင် သူမ၏အလောင်းအား တွေ့ရှိရသဖြင့် ထုံးစံအတိုင်း ဝမ်းနည်းကြေကွဲနေကြရသည်။ "လီယန်နီဟာ ချစ်စရာကောင်းပြီး ထူးခြားတဲ့မိန်းကလေးတစ်ဦးပါ။ ကျွန်ုပ်တို့မိသားစုအားလုံး သတိရနေကြပါတယ်"ဟု မိသားစုများမှ ပြောကြားကြသည်။ ဘီးရပ်ဒင်ပျောက်ဆုံးသွားသည်နှင့် သူမ၏ခွေမျိုးများနှင့် မိတ်ဆွေများက လမ်းများအတွင်း ရှာဖွေခဲ့ကြသည်။ သူမကို တွေ့ရှိလျှင် အကြောင်းကြားပေးရန် ရေဒီယိုရုပ်မြင်သံကြားမှ ထုတ်လွှင့်၍ နှိုးဆော်ပေးခဲ့ကြသည်။ သူမ၏ခင်ပွန်း ဂျို့စ်ဘီးရပ်ဒင်(Josh Bearden) နှင့်အတူ ကမ္ဘာအနှံ့လှည့်လာခေါက်တုံ့ ရှာဖွေခဲ့ကြပြီးနောက် သက်ဆိုင်ရာ အာဏာပိုင်များက အဝေးသို့ ရောက်မသွားနိုင်ကြောင်း ယူဆခဲ့ကြပြီး ၂၂ လခန့် ရှာဖွေကြပြီးသောအခါ မကြာမီမှာပင် အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ တက္ကဆက်ပြည်နယ် ဂါးဒင်းရစ်ခ်ျ ရဲအကြီးအကဲ ဒွန်နာအိုကွန်နားနှင့် ရဲထောက်လှမ်းရေးများ၏ ယူဆချက်အရ ဘီးရပ်ဒင်သည် လမ်းလျှောက်ထွက်သွားပြီး ခဏအကြာမှာပင် သေဆုံးသွားခဲ့သည်ဟု ကောက်ချက်ချခဲ့ကြသည်။ သူမနှင့် ဂျို့စ်တို့သည် Denver Zoo တွင် လက်ထပ်ခဲ့ကြပြီးနောက် ဆိုရိုးစကားအတိုင်း "ဆန့်ကျင်ဘက်လိင်ချင်း ဆွဲဆောင်မှုရှိခဲ့ကြကြောင်း" ဟာသနှောပြောဆိုခဲ့ကြသည်။ သူတို့သည် ကမ္ဘာအနှံ့အပြားသို့ လှည့်လည်ခရီးသွားခဲ့ကြပြီးလျှင် အမေရိကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ သူတို့သည် ဝေရက်တောင်အခြေစိုက်စခန်း၊ Dead Sea နှင့် အမေရိကတိုက်၏ ပက်တာဂိုနီးယား (Patagonia) အထိ ခြေဆန့်ခဲ့ကြကြောင်း blog တစ်ခုတွင်လည်း ၎င်းတို့က တင်ပြခဲ့သည်။ သူမပျောက်ဆုံးသွားစဉ် ရဟတ်ယာဉ်များကိုပင် အသုံးပြုလျက် ရှာဖွေခဲ့ကြသေးသည်။

သူမ၏ မိသားစုယူဆချက်အရ လီယန်နီသည် တမင်ကြံရွယ်ချက်ဖြင့် အိမ်မှထွက်ခွာသွားပုံရကြောင်း သိရှိရသည်။

ဦးတိုး(တက္ကသိလ)

**World traveller Leanne Bearden killed herself, autopsy indicates. (15.2.2014) photo sabai**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းရှေ့သို့ ဆိုက်ကားတစ်စီး ထိုးဆိုက်လာသည်။ ဆိုက်ကားပေါ်မှ အသက်လေးဆယ်ကျော် အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦး ရေးကြီးသုတ်ပျာ ဆင်းကာ ရဲစခန်းအတွင်း လှမ်းဝင်လာသည်။ သားသားနားနားရှိပုံရသော အမျိုးသမီးကြီး၏ မျက်နှာမှာ တစ်စုံတစ်ခုသောအကြောင်းကြောင့် ပြုံးတော့မည့်ပုံနှယ် အုံ့မှိုင်းနေသည်။ တာဝန်မှူးစားပွဲမှ လှမ်းမြင်နေရသော ဒုရဲအုပ်ကျော်စွာက အားပေးနှစ်သိမ့်စကားကို ဆိုရင်း နေရာထိုင်ခင်း ပေးလိုက်သည်။

"ကျွန်တော် ဒုရဲအုပ်ကျော်စွာပါ။ ဘာအကူအညီပေးရပါမလဲ အစ်မကြီး။ ထိုင်ပါခင်ဗျာ အဲ့ဒီမှာ စိတ်သက်တောင့်သက်သာနဲ့ထိုင်ပါ"

အမျိုးသမီးကြီးက မရဲ့ပြုံးလေးနှင့် ပြုံးပြရင်း ဒုရဲအုပ်ကျော်စွာညွှန်ပြသော ခုံတန်းလျားတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ..က်ပြင်းမောလေးကို တိတ်တခိုးချလိုက်ပြန်သည်။

"အစ်မကြီးမှာ ဘာအခက်အခဲများ ကြုံလာပါသလဲခင်ဗျာ။ ကျွန်တော်တို့ ကူညီဆောင်ရွက်ပေးရမယ့် ကိစ္စဆိုရင် ကူညီဆောင်ရွက်ပေးဖို့ အသင့်ရှိနေပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့၊ အခုလိုအားပေးစကား ကိုကြားရတော့ ကျွန်မ အများကြီး ဝမ်းသာမိပါတယ်။ ကျွန်မက . . . ဗှာနက ငွေစာရင်းကိုင် ဒေါ်ဝါဝါဝင်းပါ"

"ဟုတ်ကဲ့ အစ်မကြီးရဲ့ အခက်အခဲကို ဆက်ပြောပါအစ်မကြီး"

"ဒီလိုပါရှင် . . ."

ဒေါ်ဝါဝါဝင်းက သူ့စကားကို ရှေ့မဆက်သေးဘဲ ဘေးဘီကို တစ်ချက်စောင်းငဲ့ကြည့်လိုက်သည်။ ပြီးမှစကားကိုဆက်သည်။

". . . ဒီကနေ့ ညနေရုံးဆင်းတော့ အရှေ့ရှေ့ဈေးလေးမှာ ဟင်းသီးဟင်းရွက် ပေါတယ်ဆိုတာနဲ့ ကျွန်မဝင်ပြီး ဟင်းသီးဟင်းရွက်ဝယ်ခဲ့ပါတယ် . . ."

"ဟုတ်ကဲ့ . . ."

". . . အဲ့ဒီလိုဝယ်ပြီးတော့ ကျွန်မအိမ်ကို ဆိုက်ကားစီးပြန်မယ်လို့ စိတ်ကူးမိတာနဲ့ ပဏ္ဍာအိတ်ကို ဘယ်ဘက်ချိုင်းကြားမှာညှပ်လို့ ညာဘက်လက်နဲ့ ကြွပ်ကြွပ်အိတ်ကြီးကိုဆွဲပြီး ရန်ကုန်-မန္တလေးလမ်းမကြီးဆီထွက်ခဲ့ပါတယ်၊ ထွန်းနေ



www.burmeseclassic.com

www.burmeseclassic.com

ရောင် လက်ဖက်ရည်ဆိုင်နား ရောက်တော့ လမ်းတစ်ဖက်မှာရပ်ထားတဲ့ ဆိုက်ကားကိုတွေ့ရလို့ လှမ်းခေါ်မယ် အလုပ်မှာပဲ ဆိုင်ကယ်တစ်စီးက ကျွန်မ အနားထိုးရပ်လာပြီး ကျွန်မချိုင်းကြားက ပတ္တာအိတ်ကို ဆတ်ခနဲဆွဲလုယူမောင်း ပြေးသွားလို့ ကျွန်မလဲ ဘေးဘီကိုအကူ အညီအော်တောင်းခဲ့ပါတယ်"

"• • •ဆိုက်ကားဆရာလေးတွေ ဝိုင်းလာကြပေမယ့် မမီတော့ပါဘူး။ ဆိုင်ကယ်သမားက တောင်ဘက်ကို စက်ကုန်ဖွင့်မောင်း ပြေးသွားလိုက်တာ မီးခိုးလုံးပဲမြင်လိုက်ရပါတော့တယ်၊ ဒါကြောင့် ကျွန်မပတ္တာအိတ်ကို ပြန်ရဖို့အရေး လာရောက်တိုင်တန်းခြင်း ဖြစ်ပါတယ်ရှင်• • •"

"ဟုတ်ကဲ့ ဒါဆိုရင် ကျွန်တော် အမှုဖွင့်ပြီး စစ်ဆေးဖော်ထုတ်ပေးပါ့မယ်၊ ပါသွားတဲ့ ပတ္တာအိတ်က ဘာအရောင်ပါလဲ၊ အထဲမှာ ဘာတွေပါသွားသလဲဆိုတာကိုတော့ အစုံအစိ ပြောပြပေးပါခင်ဗျာ"

"ပတ္တာအိတ်က မိချောင်းတံဆိပ် အနက်ရောင်ပါ။ လွယ်အိတ်အသေးစားလောက်ရှိပါတယ်၊ အဲ့ဒီအထဲမှာ ငွေငါးသောင်းကျော်၊ နိုင်ငံတော်ကထုတ်ရောင်းတဲ့လက်ကိုင်ဖုတ်းတစ်လုံး။ နိုင်ငံသားစီစစ်ရေးကဒ်ပြားတစ်ခုနဲ့ လက်စွပ်တစ်ကွင်းပါသွားပါတယ်၊ လက်စွပ်က သုံးပဲသားလောက်ရှိပါတယ်"

"နောက်ကော ဘာပါပါသေးသလဲ"

"မကျန်တော့ဘူးထင်ပါတယ်၊ အဲ ရေနွေးဘောပင်တစ်ချောင်းလဲ ပါပါသေးတယ်"

"ဟုတ်ကဲ့ ဒါပတ္တာအိတ်ထဲမှာပါတဲ့ ပစ္စည်းအကုန်ပဲပေါ့နော်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကျွန်တော်နဲ့အဖွဲ့က ထွန်းနေရောင် လက်ဖက်ရည်ဆိုင်ဝန်းကျင်ကိုသွားပြီး စုံစမ်းစစ်ဆေးလိုက်ပါဦးမယ်"

"ကျွန်မကော လိုက်ရဦးမှာလား"

"အစ်မကြီး လိုက်နိုင်ရင်တော့ ပိုကောင်းတာပေါ့ဗျာ၊ ဖြစ်ပျက်ခဲ့တဲ့ နေရာနဲ့ အစ်မကြီး အကူအညီတောင်းခဲ့တဲ့လူတွေကို ဂဃနဏ မေးမြန်းရတာပေါ့"

သို့နှင့် ဒုရဲအုပ်ကျော်စွာတို့အဖွဲ့နှင့်အတူ ဒေါ်ဝိဝိဝင်းလည်း အခင်းဖြစ်အရပ်ကို လိုက်ပါသွားခဲ့လေသည်။

နောက်တစ်နေ့ နေ့ခင်းမှာတော့ ဒေါ်ဝိဝိဝင်း ရဲစခန်းကိုရောက်ချလာပြန်သည်။ သူနှင့်အတူ အမျိုးသမီးတစ်ယောက်လည်း အဖော်အဖြစ်နှင့် လိုက်ပါလာလေသည်။ သည်တစ်ခါ ရဲစခန်းအတွင်းဝင်လာသော ဒေါ်ဝိဝိဝင်း၏ မျက်နှာက မနေ့ကလို လင်ပုပ်ဖမ်းထားသည့် မျက်နှာမျိုးမဟုတ်ဘဲ ရွှင်ရွှင်လန်းလန်းဖြစ်နေသည်ကိုတော့ ဒုရဲအုပ်ကျော်စွာ အကဲခတ်မိလိုက်သည်။

"ထိုင်ကြပါ အစ်မကြီးတို့၊ ထိုင်ကြပါ။ ဒါနဲ့ အကြောင်းများ ထူးလို့လားခင်ဗျာ"

"ထူးတယ်လို့ ပြောရမှာပေါ့လေ"

ဒေါ်ဝိဝိဝင်းက ဒုရဲအုပ်ကျော်စွာ ညွှန်ပြသော ခုံတန်းလျားတွင် ဝင်ထိုင်ရင်းပြောသည်။ သူမကြီးနှင့်အတူ ပါလာသော အမျိုးသမီးလေးကလည်း သူမကြီးဘေးတွင် ဝင်ထိုင်လေသည်။

"အဲ့ဒီအတွက် ကျွန်မရုံးကနေလာပြီး အကြောင်းကြားတာပါ။ သူက ကျွန်မတို့ရုံးက အကြီးတန်းစာရေး ဒေါ်ခင်ခင်အေးပါ။ အဖော်အဖြစ်နဲ့ ခေါ်လာတာလေ"

"ဪ ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဒေါ်ခင်ခင်အေးကတော့ ခေါင်းညိတ်ပြီး ပြုံးပြရုံသာပြုံးပြသည်။

"ထူးတဲ့သတင်းဆိုတာက ဘာများပါလိမ့်အစ်မကြီး"

"ထူးဆို ကျွန်မပတ္တာအိတ်ကို ဒီကနေ့မနက် ကျွန်မရုံးအရောက်မှာ ပြန်ရတယ်လေ၊ ဒီမှာပါ"

"ဟာ ဟုတ်လား။ ပစ္စည်းအစုံအစိကောပြန်ရသလား"

"ပစ္စည်းတော့ အကုန်ပြန်မရဘူးရှင့် ဟိုလေ• • •

"လက်ကိုင်ဖုန်းရယ်၊ နိုင်ငံသားစီစစ်ရေးကဒ်ရယ်၊ ပတ္တာအိတ်ရယ် ဒါပဲ ပြန်ရလိမ့်မယ်ထင်တယ်"

"ဟယ် ရဲအရာရှိက ဗေဒင်ဆရာထက်တောင် အတတ်ပေါက်နေနိုင်တာ အံ့သြစရာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဝိဝိဝင်းက ဒုရဲအုပ်ကျော်စွာကို တအံ့တသြ ငေးစိုက်ကြည့်နေသည်။

"မအံ့သြပါနဲ့ အစ်မကြီးရယ်၊ အခု အစ်မကြီးပြန်ရတဲ့ ပစ္စည်းတွေက သူတို့အတွက် အသုံးမတည့်တဲ့အပြင် သူတို့ကြိုးကွင်း သူတို့ပြန်စွပ်သလို ဖြစ်နေမှာစိုးလို့ သူတို့မယူထားလိုက်တာပါ၊ ဒါနဲ့ ဘယ်လိုပြန်ရသလဲဆိုတာ အသေးစိတ်ကလေး ရှင်းပြပေးပါဦးခင်ဗျာ"

"ဘယ်လိုပြန်ရသလဲဆိုတော့ ဒီကနေ့မနက် ကျွန်မရုံးရောက်တော့ အမျိုးသမီးတစ်ယောက်က ကျွန်မကို တွေ့ချင်တယ်ဆိုလို့ တွေ့လိုက်တယ်၊ အသက်က သုံးဆယ်ကျော်ကျော်ပဲ ရှိဦးမယ်၊ မနှင်းမြတဲ့၊ ဒါနဲ့ ကျွန်မက ဘာကိစ္စလဲလို့ မေးလိုက်တော့ ဒါဟာ အစ်မကြီးပတ္တာအိတ်လားဆိုပြီး လွယ်အိတ်ထဲ ထည့်လာတဲ့ ပတ္တာအိတ်ကို ထုတ်ပြပါတယ်၊ ဟုတ်တာပေါ့ရှင် ဘယ်ကရလာသလဲ ဆိုတော့ ကျွန်မက စက်ဘီးနဲ့ ရွာစဉ်လှည့်ပြီး ဈေးရောင်းသူပါတဲ့၊ မနေ့က ညနေပိုင်း အုတ်တွင်းမြို့ဘက်ကအပြန်မှာ လမ်းဘေးအပေါ့သွားရာက တွေ့ခဲ့တာပါတဲ့"

ဒါနဲ့ ကျွန်မက ပတ္တာအိတ်ကို ဖွင့်ကြည့်လိုက်တော့ စောစောက ရှင်ကြိုတင်ဟောကိန်းထုတ်ထားတဲ့ပစ္စည်းတွေပဲ တွေ့တယ်လေ၊ ငွေနဲ့လက်စွပ်ကော မပါဘူးလားဆိုတော့ အဲ့ဒါတွေတော့ သူလဲ မတွေ့မိဘူးတဲ့၊ လက်ကိုင်ဖုန်းနဲ့ နိုင်ငံသားစီစစ်ရေးကဒ်လောက် ပြန်ရတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် တော်သေးတယ်ဆိုပြီး ကျွန်မလဲ ငွေငါးထောင် ဘောက်ဆူးပေးလိုက်ပါတယ်"

ဒုရဲအုပ် ကျော်စွာလည်း ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ နားထောင်နေရာမှ တစ်စုံတစ်ခုကို ဆက်စပ်တွေးမိလိုက်ပုံရသည်။ ဒေါ်ဝိဝိဝင်းကို စူးစူးစိုက်စိုက်ကြည့်လျှက် ကောက်ကာငင်ကာ မေးမိသည်။

"ဪ ဒါနဲ့ အဲ့ဒီအမျိုးသမီး နာမည်က မနှင်းမြနော်"

"ဟုတ်ပါတယ်၊ မနှင်းမြလို့ ပြောပါတယ်"

"သူနေတဲ့ နေရပ်လိပ်စာကိုကော မေးထားလိုက်မိသေးသလား အစ်မကြီး"

"ဟုတ်ကဲ့ မေးပါတယ်၊ ဒါပေမယ့် သူနေတာက မြို့စွန်ရပ်ကွက်မှာပါတဲ့၊ သူ့ကို တွေ့ချင်ရင်အရှေ့ဈေးလေးမှာ မနက်တိုင်း ဈေးလာဝယ်နေတာမို့ အဲ့ဒီမှာ တွေ့နိုင်ပါတယ်လို့ပဲ ပြောသွားပါတယ်"

"ဟာ ဟုတ်လား ဒါဆိုရင် အစ်မကြီးက ကျွန်တော့်ကို တစ်ခုပြန်ကူညီပါဦး"

"ဘယ်လို ကူညီရမယ်ဆိုတာကို ပြောလေ၊ ကျွန်မကူညီနိုင်တာမှန်သမျှ ကူညီပါ့မယ်"

"ဒီလိုပါ၊ ကျွန်တော်တွေးထင်ထားတာလေးတစ်ခု မှန်မမှန်ဆိုတာ သိရအောင် အဲ့ဒီအမျိုးသမီးကို ကျွန်တော်တွေ့ချင်တယ်အစ်မကြီး၊ ဒါကြောင့် အစ်မကြီး မနက်ဖြန် မနက်မှာ ဧရွှေဈေးလေးကို သွားပြီး မနှင်းမြကိုရှာပေးပါ၊ တွေ့ရင် [illegible] လက်ဖက်ရည်ဆိုင်က စောင့်နေပါ၊ ကျွန်တော်တို့လာခဲ့ပါမယ်၊ ခိုင်းတယ် ဒီတော့ မထင်ပါနဲ့ ကူညီတယ်လို့ သဘောထားပါ"

"အို ဒါက အပန်းကြီးတဲ့ ကိစ္စမှ မဟုတ်တဲ့၊ နောက်ပြီး ကျွန်မနဲ့ စပ်ဆိုင်နေတဲ့ကိစ္စပဲဟာ၊ ကျွန်မ ဆောင်ရွက်ထားပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အစ်မကြီး၊ တကယ်လို့ ကျွန်တော်တွေးထင်ထားတဲ့အတိုင်း ဖြစ်လာမယ်ဆိုရင်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အစ်မကြီးလက်စွပ်နဲ့ ငွေအချို့လဲ ပြန်ရနိုင်သလို တရားခံအစစ်ကိုလဲ ကျွန်တော်တို့ ဖော်ထုတ်နိုင်ပါလိမ့်မယ်၊ သက်သေခံအဖြစ်နဲ့ အစ်မကြီးရဲ့ ပတ္တာအိတ်ကိုတော့ ထားခဲ့ပါဦး"

"ဟုတ်ကဲ့ပါ၊ ဒါဆိုရင် ကျွန်မတို့ ပြန်လို့ရပြီပေါ့နော်"

"ရပါပြီခင်ဗျာ၊ ရပါပြီ"

ဒေါ်ဝိဝိဝင်းတို့ ပြန်သွားသည်နှင့် ဒုရဲအုပ် ကျော်စွာလည်း မိမိတွေးထင်ထားသည့်အတိုင်းသာ ဖြစ်လာခဲ့လျှင်ဆိုသည့်အတွေးနှင့် တစ်ကိုယ်တည်း ပြုံး၍ ကျန်ရစ်လေသည်။

✳ ✳ ✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မနက်တွင်ဖြစ်သည်။ ဒုရဲအုပ်ကျော်စွာနှင့် နယ်ထိန်း တပ်ကြပ် ဝင်းအောင်တို့ ထွန်းနေရောင် လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်တော့ ဒေါ်ဝိဝိဝင်း ရောက်နှင့်နေသည်ကို တွေ့ရသည်။ သူမကြီးဘေးမှာ ထိုင်နေသော အမျိုးသမီးက ဒုရဲအုပ်ကျော်စွာတို့ကို မြင်တော့ မျက်နှာပျက်လျက် ပြူးပြူးပျာပျာဖြစ်နေသည်ကို ဒုရဲအုပ်ကျော်စွာ သတိထားလိုက်မိသည်။

"လာထိုင် ဆရာတို့၊ ဘာသောက်ကြမလဲ"

"မသောက်တော့ပါဘူး အစ်မကြီး၊ ဒါက မနှင်းမြဆိုတာလား"

ဒုရဲအုပ် ကျော်စွာက ဒေါ်ဝိဝိဝင်းကိုလက်ပြလျက် ခရီးရောက်မဆိုက်ပင် မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မ မနှင်းမြပါ"

"အေးဗျာ ခင်ဗျားကို အစ်မကြီးက သူ့ပတ္တာအိတ် ပြန်လာပေးလို့ အရမ်းကို ကျေးဇူးတင်နေတာ၊ ဒါပေမယ့် အမှုက ဖွင့်ထားတော့ အမှုပိတ်သိမ်းဖို့ လိုနေတယ်လေ၊ ဒါကြောင့် ခင်ဗျားကို တာဝန်အရ စစ်မေးစရာရှိတာလေးတွေ ရှိတာ စစ်မေးပြီး အမှုပိတ်သိမ်းဘို့အတွက် ရဲစခန်းကိုတော့ ခဏလိုက်ခဲ့ပါဦးနော်"

"ရှင် ဒီမှာတင် မေးလို့မရဘူးလား"

"မရလို့ပါ။ ရဲစခန်းမှာဆိုတော့ အေးအေးဆေးဆေး မေးမြန်းပြီး မှတ်တမ်းတင်နိုင်တာပေါ့ဗျာ၊ ကဲ အစ်မကြီး အားတော့နာပါတယ်၊ အစ်မကြီးပါ သူနဲ့ အဖော်အဖြစ် လိုက်ခဲ့ပါဦးနော်"

ဒုရဲအုပ်ကျော်စွာက ထိုင်ရာမှ ထကာ ဒေါ်ဝိဝိဝင်းကို ပြောပြီး နယ်ထိန်း တပ်ကြပ်ဝင်းအောင်ကို ပြန်ရန် မေးဆတ်ပြလိုက်သည်။ သို့နှင့် သူတို့ ရဲစခန်းကို ပြန်ရောက်လာကြသည်။

"ကဲမနှင်းမြ ခင်ဗျားကို ကျွန်တော် မေးမယ်၊ မှန်မှန်ဖြေပါ။ အခု ဒီပတ္တာအိတ်ကို ခင်ဗျား ဘယ်ကရခဲ့တာလဲ"

"ကျွန်မ ဈေးရောင်းသွားရင်းက အပြန်မှာ အပေါ့သွားရာက ကောက်တွေ့ခဲ့တာပေါ့ရှင်"

"အဲ့ဒီလို ကောက်တွေ့ခဲ့တော့ အထဲကပစ္စည်းတွေက ဒါတွေပဲလား။ အခြား ဘာမှမပါတော့ဘူးလား"

"ဒါတွေပါပဲ၊ တခြားဘာမှ မပါပါဘူး"

"ကဲ ဒါဆိုရင် ခင်ဗျားပတ္တာအိတ်တွေ့တဲ့နေရာကို လိုက်ပြနိုင်မလား"

"လိုက်ပြနိုင်ပါတယ်"

"ဟုတ်ပြီ၊ ဒါဖြင့် အဲ့ဒီနေရာကို သွားကြည့်ကြရအောင်၊ အစ်မကြီးကတော့ ပြန်ချင်ပြန်နိုင်ပါပြီ၊ ကျန်တဲ့ကိစ္စ ကျွန်တော်တို့ပဲ ဆက်လက်ဆောင်ရွက်လိုက်ပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါဖြင့် ကျွန်မပြန်မယ်နော်၊ ရုံးလဲ တက်ရဦးမှာမို့ပါ"

ဒေါ်ဝိဝိဝင်း ပြန်သွားပြီးနောက် မကြာမီမှာပင် ဒုရဲအုပ်ကျော်စွာလည်း ရဲမေနှစ်ယောက်ကိုပါ ခေါ်ကာ ပတ္တာအိတ်တွေ့ရာ နေရာကို ဆိုင်ကယ်များနှင့်သွားရောက်ကြည့်ရှုကြသည်။

"ပတ္တာအိတ်ကို တွေ့တဲ့နေရာဟာ ဒီနေရာပါပဲရှင် . . ."

မနှင်းမြက ရန်ကုန်-မန္တလေး လမ်းမကြီးဘေးရှိ မလေးရှားပိတောက်ပင် တစ်ပင်ခြေရင်းကို လက်ညှိုးထိုးပြကာ ပြောလာသည်။

"မနှင်းမြတွေ့တဲ့ နေရာဟာ ဒီနေရာပဲပေါ့ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲ့ဒီနေရာပါပဲ"

"ဒါဆိုရင် မနှင်းမြက လမ်းဘေးမှာတင် လူမြင်သူမြင် အပေါ့သွားခဲ့တာပေါ့နော်"

ဒုရဲအုပ် ကျော်စွာ၏အမေးစကားကြောင့် မနှင်းမြ ကြောင်အအဖြစ်သွားကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေမိသည်။

"ဘယ်လိုလဲ မနှင်းမြ၊ ခင်ဗျား ဒီနေရာကြီးမှာတော့ လူမြင်သူမြင် အပေါ့သွားတယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ပတ္တာအိတ်ကောက်ရတယ်ဆိုတာလဲ မဖြစ်နိုင်တော့ဘူးပေါ့၊ ဒီတော့ ခင်ဗျားဘယ်လိုနည်းနဲ့ ရသလဲ ဆိုတာကိုသာ မှန်မှန်ဖြေပါ။ ဒီလိုမှ မဟုတ်ရင်တော့ ဒီအမှုထဲမှာ ခင်ဗျားဟာ တစ်တရားခံ ဖြစ်သွားပါလိမ့်မယ်"

www.burmeseclassic.com

“ဒီပတ္တာအိတ်ကို ကျွန်မခိုးတာ မဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ ကောက်ရတာအမှန်ပါ”

မနင်းမြ မှုမမှန်တော့ဘဲ ကယောင်ကတမ်းနှင့် ပါးစပ်ထဲတွေ့ရာ ပြောလာပြီကို ဒုရဲအုပ်ကျော်စွာ အတတ်သိလိုက်သည်။

“ခင်ဗျားကို ခိုးတယ်လို့လဲ မပြောရသေးပါလား၊ နောက်ပြီး ကောက်ရတယ်ဆိုတာလဲ နေရာအနေအထားအရ မဖြစ်နိုင်ဘူးဗျ၊ ဒါကြောင့် မှန်မှန်ကန်ကန်ပြောပါလို့ ပြောနေတာ၊ ဒါမှ ခင်ဗျား သက်သာမှာ၊ နို့မဟုတ်ရင် ခင်ဗျားပါ ဒီအမှုထဲမှာ ပါနေလိမ့်မယ်”

“ဒါဆိုရင်တော့ ကျွန်မ အမှန်အတိုင်းပြောပါတော့မယ်ရှင်”

“ဟုတ်ပြီ၊ အမှန်အတိုင်း ပြောမယ်ဆိုရင် ရဲစခန်းရောက်မှ အေးအေးဆေးဆေးပြောပြ ဟုတ်ပြီလား”

သို့နှင့် ထိုနေရာမှ ရဲစခန်းသို့ မနင်းမြကို ပြန်ခေါ်လာခဲ့ကြသည်။ ရဲစခန်းရောက်သည်နှင့် မနင်းမြက ဝမ်းနည်းပက်လက်နှင့် ချုံးပွဲချငိုလေသည်။

ဖြစ်ပြီးမှတော့ ငိုမနေပါနဲ့တော့ မနင်းမြ၊ အမှန်ကိုသာ ထွက်ဆိုပါ၊ ခင်ဗျားကို ကျွန်တော်တို့ တတ်နိုင်သလောက်ကူညီပါ့မယ်”

“ဟုတ်··ဟုတ်ကဲ့ပါဗိုလ်ကြီးရယ်၊ ဒီလိုပါရှင် ဒီပတ္တာအိတ်ကို ကျွန်မမောင်ဝမ်းကွဲ သိန်းမောင်ကယူလာပြီး အစ်မ ဒီပတ္တာအိတ်ကို ကောက်ရတဲ့အနေနဲ့ ပိုင်ရှင်ကို ပြန်ပေးရင် အစ်မဘောက်ဆူးရနိုင်တယ်၊ ဘာလို့လဲဆိုတော့ ဒီအထဲက လက်ကိုင်ဖုန်းက တန်ဖိုးတအားကြီးတာဗျဆိုပြီး လာပေးလို့ ကျွန်မလဲ လာဘ်လာဘမျှော်ကိုးပြီး ဘာကိုမှ မစဉ်းစားတော့ဘဲ အခုလိုလုပ်ခဲ့မိတာပါရှင်”

“ခင်ဗျားမောင်ဝမ်းကွဲက ဘာလုပ်သလဲ”

“ဆိုင်ကယ် ကယ်ရီဆွဲပါတယ်”

ဒုရဲအုပ်ကျော်စွာ မျက်နှာဝင်းလက်သွားသည်။ ဒါဆို သေချာသလောက်ဖြစ်ပြီ၊ ပတ္တာအိတ်ကို ဆိုင်ကယ်သမားက ဆွဲလုသွားတာဆိုတော့ တရားခံသည် သိန်းမောင်ပင်ဖြစ်ပေလိမ့်မည်။

“ဒါဆိုရင် သိန်းမောင်ကို တွေ့ချင်တယ်၊ သူ့ကို ဘယ်မှာတွေ့နိုင်မလဲ”

“သူ့ကို ရန်ကုန်-မန္တလေးလမ်းမကြီးဘေးက လပ်ကီးကွမ်းယာဆိုင်နားက ဂိတ်မှာ တွေ့နိုင်ပါလိမ့်မယ်၊ အဲ့ဒါ သူ့အမြဲတမ်း ဂိတ်ထိုးနေကျပါ”

“ဟုတ်ပြီ၊ သိန်းမောင်ကို တွေ့ရအောင် အခုပဲသွားကြရအောင်၊ ခင်ဗျားပါလိုက်ခဲ့ပါ”

သို့နှင့် ဒုရဲအုပ်ကျော်စွာနှင့် အဖွဲ့သည် အချိန်ဆွဲမနေဘဲ ဆိုင်ကယ်ကယ်ရီဂိတ်ဆီ ချီတက်ခဲ့ကြပြန်သည်။ ဟိုကိုရောက်တော့ သိန်းမောင်ကို ဆိုင်ကယ်ပေါ်တွင် လျှာထိုးဦးထုပ်ကို ရင်ဘတ်ပေါ်တင်ကာ ပက်လက်လှန် မှိန်းနေသည်ကိုတွေ့ရသည်။ သိန်းမောင်မှာ ရဲများနှင့်အတူ မနင်းမြကိုပါ တွေ့လိုက်ရတော့ မျက်စိမျက်နှာပျက်သွားသည်။

“သိန်းမောင် မင်းကိုစစ်ဆေးမေးမြန်းစရာလေးရှိလို့ ရဲစခန်းကို ခဏလိုက်ခဲ့ပါဦး”

ဒုရဲအုပ်ကျော်စွာက သိန်းမောင်ပခုံးကိုပုတ်ကာ ပြောလိုက်ခြင်းဖြစ်သည်။ သိန်းမောင်လည်း မနင်းမြတစ်ယောက်လုံးကို တွေ့နေပြီဆိုတော့ ဘာကြောင့်လဲ၊ ညာကြောင့်လဲပြန်မေးမနေတော့ဘဲ ရဲစခန်းသို့ ခေါင်းငိုက်စိုက်ချကာ လိုက်ပါလာခဲ့လေသည်။

“ကဲ··သိန်းမောင် မနင်းမြကတော့ ဒီပတ္တာအိတ်ကို မင်းလာပေးတာလို့ ထွက်ဆိုထားပြီးပြီ၊ ဒါကြောင့် ပတ္တာအိတ်ကို မင်းဘယ်လို ရခဲ့သလဲဆိုတာကိုပဲ ပြောပေတော့”

ဒုရဲအုပ် ကျော်စွာက ဒေါ်ဝိဝိဝင်းဆီမှ သက်သေခံပတ္တာအိတ်ကို ထောင်ပြရင်းပြောလိုက်သည်။

“ဟုတ်ကဲ့ · ·အဲ့ဒီပတ္တာအိတ်ကို ကျွန်တော်ရခဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်း ရဲသွေးဆိုတဲ့ အကောင်ဆီက ရခဲ့တာပါ၊ ဒါကို သူက လွှင့်ပစ်လို့ ကျွန်တော်က ကောက်ယူပြီး အစ်မကို ပိုင်ရှင်ထံပြန်ပေးရင် ဗိုက်ဆံရနိုင်တယ်လို့ အကြံပေးခဲ့တာပါ”

“ဒါအမှန်ပဲလား”

“အမှန်ပါပဲခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ရဲသွေးကို အခုအချိန် ဘယ်မှာတွေ့နိုင်မလဲ၊ သူလဲ ကယ်ရီ သမားပဲလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကောင် ဒီနေ့ ဆိုင်ကယ်ကယ်ရီလာ မဆွဲပါဘူး။ သူ့အိမ်မှာတော့ ရှိလောက် ပါတယ်"

သို့နှင့် ဒုရဲအုပ်ကျော်စွာလည်း အချိန်နှင့်တပြေးညီ ရဲသွေးကို ဖမ်းဆီး ရမိနိုင်ရေးအတွက် သိန်းမောင်ကိုပါ ခေါ်ကာ ထွက်ခဲ့ကြပြန်သည်။ ရဲသွေး အိမ်ကိုအရောက်မှာတော့ ရဲသွေးက သူ့ တို့ကိုမြင်ပြီး အိမ်နောက်ဖေးခြံစည်းရိုးက ထွက်ပြေးရန် ဟန်ပြင်သည်။ ဒါကို မျက်စိရှင်လှသော နယ်ထိန်းတပ်ကြပ် ဝင်းအောင်က မြင်သဖြင့် ရဲသွေးကိုခြံ စည်းရိုးကြားက ဖြတ်ထွက်နေစဉ် ဖမ်းဆီး လိုက်သည်။ ရဲစခန်းကိုပြန်ရောက်သော အခါ မနှင်းမြကိုပါ တွေ့လိုက်ရသဖြင့် ရဲသွေးမျက်နှာမှာ သွေးမရှိတော့လောက် အောင် ဖြူရော်ရော်ဖြစ်သွားလေသည်။

"ကဲ . . ရဲသွေးရေ၊ မင်းနာမည်က တော့ ရဲသွေးပါပဲဋ္ဌ၊ ဒါပေမယ့် မင်း မျက်နှာမှာတော့ ရဲတဲ့သွေးမရှိတော့ဘဲ ဖြူရော်ရော်သွေးပဲ ရှိတော့ပါလားကွ၊ ဘာပဲဖြစ်ဖြစ်လုပ်ရဲရင် ခံရဲရမှာပေါ့ကွာ၊ မနှင်းမြနဲ့ သိန်းမောင်တို့ကို တွေ့နေရပြီ ပဲ ငါ့ကိုမသိချင်ယောင်ဆောင်ပြီး ဘာ အကြောင်းပြောရမှာလဲလို့တော့ ပြန်မေး မနေပါနဲ့တော့၊ အမှန်အတိုင်းသာ ဖွင့် ပြောပေတော့ဟေ့"

"ဟုတ်ကဲ့ အခုမှတော့ ငြင်းနေလဲ အပိုပါပဲ၊ ကျွန်တော်အမှန်အတိုင်း ဝန်ခံ ပါ့မယ်ခင်ဗျာ၊ အဲဒီနေ့က ကျွန်တော် ဆိုင်ကယ်ကယ်ရီတစ်ခေါက်မှ မဆွဲရ ပါဘူး။ ဒါကြောင့် စိတ်ပျက်ပျက်နဲ့ ဆိုင် ကယ်သိမ်းပြီး ထမင်းစားပြန်အလာမှာ ထွန်းနေရောင်လက်ဖက်ရည်ဆိုင်နားမှာ ရပ်နေတဲ့ အမျိုးသမီးကြီးတစ်ဦးကို သတိထားမိလိုက်ပါတယ်၊ လက်တစ် ဖက်က အထုပ်တစ်ထုပ်ကို ဆွဲထားပြီး ချိုင်းကြားမှာတော့ ပတ္တာအိတ်ကြီးကို ညှပ်ထားတာတွေ့ရပါတယ်၊ ဒါနဲ့ ကျွန် တော်လဲ စိတ်ရိုင်းဝင်ပြီး အဲဒီအမျိုး သမီးကြီးရဲ့ ချိုင်းကြားက ပတ္တာအိတ် ကိုလုယူမောင်းပြေးသွားခဲ့ပါတယ်၊ အထဲ မှာပါတဲ့ ငွေနဲ့ လက်စွပ်တစ်ကွင်းကို ကျွန်တော်ယူပါတယ်၊ လက်ကိုင်ဖုန်း ကတော့ တန်ဖိုးကြီးမှန်းသိပေမယ့် အန္တရာယ်ရှိမှန်း ပြောသံကြားဖူးလို့ မယူ တော့ဘဲ နိုင်ငံသားစီစစ်ရေးကဒ်နဲ့အတူ ပတ္တာအိတ်ကို လမ်းဘေးမှာ လွှင့်ပစ်ခဲ့ ပါတယ်၊ ဒါကို သိန်းမောင်ကမြင်လို့ ကောက်ယူပြီး သူ့အစ်မနဲ့ တစ်ဆင့် ထပ်ပြီး ငွေဖန်ရာက အခုလို အဖမ်း ခံခဲ့ကြရတာပါပဲခင်ဗျား"

"အေး ဟုတ်ပြီ၊ ဒါဆိုရင် ငွေတွေနဲ့ လက်စွပ်ကကောကွာ . . . "

"ငွေငါးသောင်းကျော်ကတော့ ကျွန်တော်သုံးဖြုန်း သောက်စားပစ်လိုက် တာ လက်ထဲမှာ နှစ်သောင်းလောက်ပဲ ကျန်ပါတော့တယ်၊ လက်စွပ်ကတော့ အိမ်ခေါက်က ထင်းပုံထဲမှာ ဝှက်ထား ပါတယ်"

ရဲသွေးက သူ့အိမ်မှ လက်ကျန်ငွေ နှင့် ဝှက်ထားသော လက်စွပ်ကို လိုက် လံပြသလျက်ပြန်အပ်သည်။ ဒါတွေကို ဒုရဲအုပ်ကျော်စွာက အသေးစိတ်စာရင်း ရေးမှတ်လျက် သက်သေခံပစ္စည်းများ အဖြစ်နှင့်သိမ်းဆည်းလိုက်သည်။ အမှု ကို နိုင်မာအောင် တည်ဆောက်၍ ရုံးတင် တရားစွဲရန်သာကျန်သည်။

မည်သို့ပင်ဆိုစေ မိမိ၏အတွေး အခေါ်ဖြတ်ထိုးဉာဏ်ကောင်းမှုကြောင့် အစလေးတစ်စကို ဆွဲထုတ်ရာမှ တရား ခံများကို ရက်ပိုင်းအတွင်း ဖမ်းမိလိုက် သည်ကိုတော့ ဒုရဲအုပ်ကျော်စွာတွေးမိ ကာပီတိဖြာနေမိသည်။ ထိုနည်းတူစွာ ပင် ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့် စကားအတိုင်း တစ်နပ်စားဉာဏ်ဖြင့် ပြစ်မှုကျူးလွန်သူ တစ်စုကတော့ ထောင်နန်းစံရဦးမည်မှာ မြေကြီးလက် ခတ်မလွဲ ကေန်ပင်ဖြစ်လေတော့သည်။

ကေတု မောင်ညိုလင်း

www.burmeseclassic.com

# မီးလောင်မှုအဖြစ်ဒဏ်

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံ နွေမိုးဆောင်း ရာသီမရွေး အမြို့မြို့ အနယ်နယ်၊ အရပ်ရပ်၊ ဟိုနေရာ၊ သည်နေရာတွင် မကြာခဏဆိုသလို မီးပေါ့ဆခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးပေါ့ဆခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများ မြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် နမြောစရာပင်။

အမှန်စင်စစ်အားဖြင့် မီးလောင်မှု၊ မီးပေါ့ဆမှု ပြစ်မှုပြစ်ဒဏ်မှာ ကြီးလေးလှပေသည်။

ထို့ကြောင့် တော်လှန်ရေးကောင်စီလက်ထက်တွင် ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတစ်ရပ်အား ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ ယနေ့အထိ အာဏာတည်မြဲလျက် ရှိပေသည်။ ယင်းပြင်ဆင်ချက်ဥပဒေအရ ရာဇသတ်ကြီးပုဒ်မ(၃၁၂)၏ နောက်တွင် အောက်ပါတို့ကို ပုဒ်မ-၃၁၂(က)၊ ၃၁၂(ခ)၊ ၃၁၂(ဂ)နှင့် ၃၁၂(ဃ) အဖြစ် တည့်သွင်းပြင်ဆင်ခဲ့ပါသည်။

## ပုဒ်မ(၂၈၅)

လူ့အသက်အန္တရာယ် အစရှိသည်တို့ဖြစ်စေအောင် မီးဖြင့်၊ သို့မဟုတ် မီးလောင်လွယ်သော အရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကို ပြုမှုကျူးလွန်လျှင်သော်လည်းကောင်း။

## ပုဒ်မ(၂၈၆)

ပေါက်ကွဲစေတတ်သော အရာဝတ္ထုတစ်ခုခုဖြင့် ထိုသို့ပြုလုပ်မှုတစ်ခုခုကို ပြုမှုကျူးလွန်လျှင်သော်လည်းကောင်း

(က) ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊

(ခ) ထောင်ဒဏ်(၃) နှစ်အထိနှင့် ငွေဒဏ်ချမှတ်နိုင်ပါသည်

ဟူ၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။



မန္တလေး၊ ဇွန်လ ၁၂ ရက်၊ ၂၀၁၄ ခုနှစ် သတင်းတစ်ရပ်တွင် ၄.၆.၀၁၄ ရက်နေ့က မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းတံတား (ဦးပိန်တံတား) ကြီး၏ တိုင်အမှတ်(၄၇)၏ အခေါင်းပေါက်ထဲသို့ အမည်မသိ ခရီးသွားသူတစ်ဦးက ဆေးလိပ်တိုတစ်ခုကို အမှတ်မထင်၊ အမှတ်တမဲ့ သတိမမူ၊ ဂရုမပြုဘဲ ပေါ့ပေါ့ဆဆ မတော်တဆပစ်သွင်းခဲ့ရာမှ မီးလောင်မှုကြီးဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးနစ်နာမှုဖြစ်ခဲ့ရကြောင်း သိရှိရသည်။ ယင်းသတင်းအရ အဆိုပါ မန္တလေးမြို့ရှိ ကမ္ဘာကျော် ဦးပိန်တံတားကြီးအား လွန်ခဲ့သော ဧပြီလ ၂၀၁၄ ခုနှစ်အတွင်းက အခန်းပေါင်း ၂၀ ခန်းကို တိုင်း ဒေသကြီးရန်ပုံငွေဖြင့် ကျပ်သိန်း ၁၃၀ ကျော်အကုန်ခံကာ ပြုပြင်ပေးခဲ့ကြောင်း သတင်း၌ ဆိုထားပါသည်။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**

(၁) ရာဇသတ်ကြီးဥပဒေ (ပြစ်မှုဆိုင်ရာဥပဒေ)

(၂) ကြေးမုံနေ့စဉ် (၁၃.၆.၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူယုံသတ်တော့မေ

## စူပါကိုကိုလေး

အခန်း(၁)

မိုး စနေ၊ လေ ရာဟု ဟူသော ဆိုရိုးစကားအတိုင်း စနေနေ့တွင် စပြီး ရွာသောမိုးသည် အဆက်မပြတ် မိုးပိုမိုရွာတတ်ပြီး၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း ရာဟုနေ့ဖြစ်သော အချိန်တွင်စပြီး တိုက်ခတ်သော လေသည်လည်း အဆက်မပြတ် လေပိုမို၍တိုက်ခတ်တတ်သည်မှာ ရှေးလူကြီးသူမများ၏ ဆိုရိုးစကား အစဉ်အလာကြီး တစ်ခုအတိုင်းပင် အမှန်ပင်ဖြစ်နေပါတော့သည်။ ယခုလည်း မိုးသည် မနေ့က စနေနေ့ဖြစ်ပြီး ထိုစနေနေ့မှစတင်ကာ ရွာလိုက်သော မိုးသည် ယနေ့အထိ သဲကြီးမဲကြီး ရွာသွန်းလျက်ရှိနေပါတော့သည်။ မိုး၏ အခြေအနေသည် နောက်ထပ် တစ်ရက် နှစ်ရက်နှင့်ပင် မိုးစဲမည့်လက္ခဏာ လုံးဝမတွေ့ မမြင်ရပါ။

ပတ်ဝန်းကျင်တစ်ခွင်လုံးမည်းမှောင်နေပြီး ၂၄ နာရီပတ်လုံး သဲကြီးမဲကြီး အငြိုးဖြင့်ရွာနေသောမိုးသည် လျှပ်ပန်းလျှပ်နွယ်များ၊ မိုးခြိမ်းသံကြီးများ၊ မိုးကြိုးပစ်သံကြီးများနှင့်အတူ လေပြင်းပါတိုက်ခတ်နေသောကြောင့် တွေ့ကြုံနေရသူများအဖို့ ကြောက်ခမန်းလိလိပင်ဖြစ်နေကြပါတော့သည်။

အချိန်သည် နံနက်စောစော ၅ နာရီ ထိုးသည့်အချိန်ပင်ဖြစ်နေပါသည်။ မိုးမှောင်ကျနေပြီး လေရော မိုးပါ အဆက်အပြတ် တရကြမ်းတိုက်ခတ်ရွာသွန်းနေသောကြောင့် လူသူမသဲမကွဲ ဖြစ်နေပါသည်။ လူများလည်း အသွားအလာမတွေ့ မမြင်ရပါ။

ထိုအချိန်တွင်...

"ထွန်းတောက်၊ ထွန်းတောက်၊ ထွန်းတောက်ရေ အိပ်ရာက မထသေးဘူးလားကွ၊ ထပါတော့မြန်မြန် သန်လျင်က အောင်အောင်ဆီသွားဖို့ အချိန်ရောက်နေပြီ ဖုန်းဆက်ထားတာ မင်းမေ့နေပြီလား"

ဟု ထွန်းထွန်းက တအားကုန်အော်ခေါ်နေသောကြောင့် အိမ်ပေါ်မှ ထွန်းတောက်၏ အမေဖြစ်သူ ဒေါ်မြမြက မီးဖိုခန်းထဲ ထမင်းချက်နေရာမှ ထွက်လာပြီး...

"ဟဲ့ ... ဘယ်သူလဲဟ၊ ထွန်းတောက် အိပ်နေတုန်း၊ အိပ်ရာကမထသေးဘူး"

"ကျွန်တော်ပါဒေါ်လေး ကျွန်တော် ထွန်းထွန်းပါ။ ထွန်းတောက်နဲ့အတူတူ သွားစရာရှိလို့ လာခေါ်တာပါ"

"ဟဲ့..အချိန်မဟုတ် အခါမဟုတ် နံနက်စောစောကြီး မိုးတွေ လေတွေလည်း သဲကြီးမဲကြီးရွာနေတုန်း ဘယ်

www.burmeseclassic.com

သွားကြမလို့တုန်း၊ မသွားရဘူး။ ထွန်းတောက်ကို မထည့်ဘူးဟေ့၊ သွားချင်ရင် နင့်ဖါသာနင်သာ သွားတော့"

ဒေါ်မြမြသည် သားကို ပူပင်သောစိတ်ဖြင့်ပြန်ပြောလိုက်ပါသည်။ ထိုအချိန်တွင် သူတို့၏ ပြောသံ ဆိုသံများကြောင့် ထွန်းတောက်သည် အိပ်နေရာမှ နိုးလာပြီး၊ အိပ်ရာမှ ထလာကာ· · ·

"ဟေ့ · · ·ထွန်းထွန်း။ ထွန်းထွန်း ငါလာပြီ၊ ငါလာပြီဟေ့၊ စောင့်နေ၊ စောင့်နေ၊ ခုပဲငါလာခဲ့မယ်"

ဟု ပြောပြောဆိုဆို သူ့အမေကို ပင်မပြောဘဲ အိမ်ပေါ်မှ ဆင်းကာလိုက်သွားလေသည်။ သူဝတ်ထားသော လက်ဝတ် လက်စားများကိုလည်း တစ်ပါးတည်းဝတ်သွားလေသည်။ သူ့အမေက· · ·

"ဟဲ့ သား၊ ထွန်းတောက် လိုက်မသွားနဲ့"

ဟု တားမြစ်သည်ကိုပင် နားမထောင်ဘဲ ဇွတ်အတင်းဆင်းလိုက်သွားပေတော့သည်။

"အင်း ဒီကလေးကတော့ မိဘစကားကို ဘယ်တော့မှ နားမထောင်ဘူး။ တစ်ခုခုများဖြစ်ရင်တော့ ဘုရား ဘုရား ဘုရား ဘာမျှ မဖြစ်ပါစေနဲ့၊ လွဲပါစေ၊ ဖယ်ပါစေ၊ သားလေး ဘေးအန္တရာယ်ကင်းဝေးအောင်၊ နတ်ကောင်း။ နတ်မြတ်များ စောင့်ရှောက်တော်မူကြပါ"

ထွန်းတောက်အမေဖြစ်သူ ဒေါ်မြမြသည် သားအိမ်ပေါ်မှ ဆင်းလိုက်သွားသည်ကိုပင် ငေးကြည့်ရင်း၊ အိမ်ပေါ်မှာကျန်နေခဲ့ရပါတော့သည်။ လက်ဝတ်လက်စားများပါ ပါသွားသောကြောင့် စိတ်ထဲတွင် ပို၍ ပို၍ပင်စိုးရိမ်နေမိပါတော့သည်။

ထွန်းတောက်၏ ဖခင်ဖြစ်သူ ဦးဘဂျမ်းမှာ ကုမ္ပဏီလုပ်ငန်းလုပ်စရာရှိ၍ နံနက် ၄ နာရီမထိုးခင်ကပင် အိမ်မှထွက်ခွာသွားခဲ့ပါသည်။ ထွန်းထွန်းနှင့် ထွန်းတောက်တို့သည် သူတို့နှစ်ယောက်ထံအရှိန်ပြင်းစွာဖြင့် ထိုးရပ်လာသော အငှားယာဉ်ကားတစ်စီးပေါ်သို့တက်လိုက်သွားကြသည်ကို မြင်လိုက်ရသောကြောင့် မိခင်ဖြစ်သူ ဒေါ်မြမြသည် ရင်တွင်းမှာနေခုနစ်စင်း ထွက်လာဘိသကဲ့သို့ အသည်းများလောင်ကျွမ်းပြီး လူပါအရည်ပျော်သွားလုမတတ်၊ သောကအပူမီးဒဏ်ကို အလူးအလဲခံစားလိုက်ရပါတော့သည်။

*** *** ***

အခန်း(၂)

ထွန်းတောက်သည် တစ်ဦးတည်းသော သူဌေးသားဖြစ်၍ ရွှေမရှား၊ ငွေမရှား။ ငွေကိုရေလိုသုံးနိုင် ဖြုန်းနိုင်ပြီး ချစ်သူရည်းစားများကို ထည်လဲတွဲကာ ပျော်ပါးနေသော လူငယ်တစ်ယောက်ပင်ဖြစ်ပါသည်။ မိဘများက ချစ်လွန်း၍ ဘာမျှမနိုင်းဘဲ၊ အိမ်မှာထားကာ အရိပ်တကြည့်ကြည့်သာ ကြည့်နေပါတော့သည်။ ထိုကဲ့သို့ဖြစ်နေသော သူဌေးသားကို လိုသူများရှိသလို မလိုသူများလည်းရှိနေပါတော့သည်။ ထွန်းတောက်သည် လက်ဝတ်လက်စားများကို နေ့ရောညပါ အချိန်ပြည့်ဝတ်ဆင်ထားလေ့ရှိသောကြောင့် ပစ္စည်းများကိုမျက်စိကျနေသူများလည်း ရှိနေသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ထွန်းထွန်းနှင့် ထွန်းတောက်တို့စီးလာသောအနက်ရောင် အက်(စ်)အီးကားလေးသည် ဆူးလေမီးပွိုင့်အနီးရှိ ကားမှတ်တိုင်မှအနော်ရထာလမ်းမကြီးအတိုင်း ၁၅ လမ်းအထိ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာပြီးနောက် ကမ်းနားလမ်းဘက်သို့ ချိုးဝင်သွားပြီး ဆူးလေဘုရားဆီသို့ ပြန်လည်ကွေ့မောင်းလာရာ ဆူးလေဘုရားကျော်ပြီး ပန်းဆိုးတန်းမှတ်တိုင်အရောက်တွင် မသင်္ကာဖွယ်ရာ လူနှစ်ယောက်သည် ကားပေါ်သို့တက်ရန်ပြောစဉ် ကားသမားနှင့် အချိတ်အဆက်ရှိထား၍ ကားသမားသည် ကားကို တံခါးဖွင့်ပေးလိုက်သည်။

ထွန်းထွန်းနှင့် ထွန်းတောက်တို့က သူတို့က ဘယ်သူတွေလည်း ဘယ်ကိုလိုက်မှာလည်း ဘယ်ကိုသွားမှာလည်း ဟု ကားသမားကိုမေးရာ ကားသမားက သူတို့က ငါ့မိတ်ဆွေတွေပါ။ ရှေ့နောက်တစ်ယောက်စီထိုင်ပါစေ။ လမ်း ၅၀ ရောက်ရင် ဆင်းနေခဲ့ကြမှာပါ။ ထွန်းထွန်းနှင့် ထွန်းတောက်တို့သည် ကားသမား၏ စကားကိုယုံကြည်သွားသောကြောင့်ဆက်မပြောဘဲ ဆိတ်ဆိတ်နေလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

လမ်း ၅၀ ရောက်ခါနီးသောအခါ ကားသမား၏ မိတ်ဆွေဆိုသူ ၂ယောက်က…

"ကျွန်တော်တို့ သန်လျင်ကို တစ်ခါတည်း လိုက်ခဲ့တော့မယ်၊ လမ်း ၅၀ မှာ မဆင်းတော့ဘူး"

"ဟ ဒီလိုတော့ ဘယ်ဖြစ်မလည်း ဒီလူငယ်နှစ်ယောက်က ငါ့ကားကို စင်းလုံးအပြတ်ငှားလာတာ၊ သူတို့ သဘောတူရင်လိုက်ခဲ့ သဘောမတူရင် ဆင်းနေခဲ့ကြ"

လူစိမ်းနှစ်ယောက်တို့သည် ထွန်းထွန်းနှင့် ထွန်းတောက် တို့ကို အသနားခံသော မျက်လုံးဖြင့်ကြည့်ကာ…

"လိုက်ခဲ့ပါရစေ ညီလေးတို့ရာ ကျသင့်တဲ့ငွေပေးပါ့မယ်"

ဟု ပြောရာ ထွန်းတောက်က လိုက်ပါစေကွာ၊ ကြုံလိုလိုက်တာပဲ"

ဟု ပြောလိုက်သောကြောင့် ထွန်းထွန်းက ဘာမျှမပြောဘဲ နေလိုက်တော့သည်။

ကားလေးသည် လမ်း ၅၀ မှ စက်ရှိန်ကိုမြင့်ကာ မောင်းနှင်လာရာ ပုဇွန်တောင်မြို့နယ်ကို ဖြတ်ကျော်လာပြီး သာကေတမြို့နယ်ထဲသို့ပင် မိနစ်အနည်းငယ်အတွင်းရောက်ရှိကာ လာပါတော့သည်။

ထွန်းတောက်သည် သူငယ်ချင်း ထွန်းထွန်းနှင့်အတူ သန်လျင်ရှိ သူငယ်ချင်း အောင်အောင်ထံ အလည်လာခြင်းဖြစ်၍ အဝတ်အစားများထည့်ထားသော လက်ဆွဲအိတ်တစ်လုံးမှလွဲ၍ အခြားအိတ်များ မပါပေ။ သို့သော် သူ့ကိုယ်တွင်ကား ရွှေလက်ပတ်နာရီတစ်လုံး၊ ပတ္တမြားလက်စွပ်တစ်ကွင်း၊ စိန်လက်စွပ်တစ်ကွင်း၊ နှစ်ကျပ်သားရှိသော ရွှေဆွဲကြိုးတစ်ကုံး ရွှေကြယ်သီးငါးလုံးနှင့် ရွှေသုံးကျပ်သားရှိသော ရွှေလက်ပတ်ကြိုးတစ်ခုတို့ ပါရှိခဲ့ပါသည်။

ထွန်းထွန်းကိုယ်တွင်ကာ ရွှေဟူ၍ မြူမျှပင်မပါရှိပါချေ။

*** *** ***

## အခန်း(၃)

ထွန်းတောက်၏ မိခင်ဒေါ်မြမြသည် သူ၏သားကို ထွန်းထွန်းခေါ်သွားသောကြောင့် သူ၏ အိမ်နီးချင်းအသိတစ်ယောက်ကို ခေါ်ပြီးတိုင်ပင်ကြည့်ရာ အိမ်နီးချင်း အသိမိတ်ဆွေက…

"ဒါဆိုမသက်သာစရာဘဲ … ရှင့်ယောက်ျားဆီ ဖုန်းဆက်ပြီး အိမ်ကို အမြန်ခေါ်လိုက်"

ဟု ပြောသောကြောင့် ယောက်ျားထံကို ဖုန်းဆက်ပြီး ခေါ်လိုက်ရာ ယောက်ျားဖြစ်သူ ဦးဘဂျမ်းသည် အိမ်သို့ လေထဲ မိုးထဲမှာပင် သူ၏ ကားပျက်နေ၍ ရရာကားကိုငှားပြီး အမြန်ပြန်လာခဲ့ပါသည်။ အိမ်သို့ ဦးဘဂျမ်း ပြန်ရောက်လာသောအခါ မိန်းမဖြစ်သူ ဒေါ်မြမြ မှာ အိမ်ရာထဲတွင် မူးမေ့ပြီး သတိလစ်နေသည်ကိုတွေ့လိုက်ရသောကြောင့် အိမ်သုံးဆရာဝန်ကို အမြန်ခေါ်ကာ ဆေးကုခိုင်းရပါတော့သည်။

ဒေါ်မြမြ သတိရလာ၍ ခေါ်သွားသော ထွန်းထွန်းအိမ်ကို မေးကြည့်ရာ ဒေါ်မြမြက…

"ဒီကလေးသာ သိတာ သူ့အိမ်ကို မသိဘူး။ သူ့မိဘတွေကိုလည်း မသိဘူး။ ထွန်းတောက်ရဲ့ သူငယ်ချင်းဆိုလို့သာ အိမ်ကို ဝင်ခိုင်းထွက်ခိုင်းနေတာပဲ"

ဟုပြန်ပြောသောကြောင့် ဦးဘဂျမ်းသည် အကြံတစ်ခုရလာပြီး သက်ဆိုင်ရာ ရဲစခန်းသို့ လူပျောက်တိုင်ကြားချက်ဖွင့်လိုက်ပါသည်။

ရဲစခန်းမှ အမှုလိုက်ရဲအုပ်ရဲအောင်သည် ဦးဘဂျမ်း အိမ်သို့ရောက်လာပြီး ထွန်းတောက်၏ ဓာတ်ပုံ၊ ထွန်းတောက်ကိုခေါ်သွားသောထွန်းထွန်း၏ပုံသဏ္ဌာန်၊ ထွန်းတောက်တို့ လိုက်သွားသော ကား၏ ပုံသဏ္ဌာန်နှင့် အရောင်၊ကားနံပါတ်စသည်တို့ကို စစ်ဆေးမေးမြန်းသည်။ ထွန်းထွန်း၏ မိဘများနှင့် နေအိမ်လိပ်စာကိုလည်း စစ်မေးပါသည်။

"ကားရဲ့ ပုံသဏ္ဌာန်က မတ်ကင်းတက်စီ အရောင်ကအနက်ရောင်၊ ကားနံပါတ်မသိလိုက်ရပါဘူး။ သူ့မိဘနဲ့ သူ့အိမ်လိပ်စာကို မသိပါဘူး။ ကလေး ပုံသဏ္ဌာန်က အသားညိုညို မျက်လုံးပြူးပြူး အရပ်ရှည်ရှည် ဆံပင်ကောက်ကောက်၊ အသံအောအော၊ သွားကခေါ်ခေါ် နားခေါင်းချွန်ချွန်၊ ကုလားဆင်ရုပ်မျိုးပါ"

ဟုပြောပြပါသည်။ ရဲအုပ်ရဲအောင်သည် စစ်ချက်များကိုယူပြီး တိုင်းရဲမှူး



www.burmeseclassic.com

www.burmeseclassic.com

သို့ သတင်းပို့ကာ ကားကို ဝိုက်စိတ်တိုက်ရာသင့်ကြောင်း၊ မြို့နယ်မှူးထံသို့ အစီရင်ခံလိုက်ရာ မြို့နယ်မှူးသည် အမှုလိုက်၏ အကြံပေးချက်အတိုင်း တိုင်းရဲမှူးကြီးထံသို့ အစီရင်ခံစာတင် လိုက်ပါသည်။ အချိန်သည် နံနက် ၆ နာရီကျော်ကျော် မိုးနှင့်လေတို့က ကမ္ဘာလောကကြီးကို လွှမ်းခြုံကာ၊ ကြမ်းကြမ်းတမ်းတမ်း တိုက်ခတ်ကာ သဲကြီးမဲကြီးဖြင့် အငြိုးကြီးပြီးကာ ရွာသွန်းနေသည်။

ပတ်ဝန်းကျင်က မည်မျှပင် ချမ်းအေးနေစေကာမူ ဦးဘဂျမ်းနှင့် ဒေါ်မြမြတို့၏ ရင်တွင်းမှာကား မီးတောင်ကြီးပေါက်ကွဲပြီး လောင်မြိုက်ခြင်းခံနေရသကဲ့သို့ အကြီးအကျယ်ခံစားနေရပါတော့သည်။

*** *** ***

အခန်း(၄)

ထွန်းထွန်းနဲ့ ထွန်းတောက်တို့ စီးလာသော ကားလေးသည် နံနက် ၆ နာရီလောက်တွင် သာကေတမြို့နယ်ထဲသို့ရောက်ရှိလာလေသည်။ ကားလေးသည် သာကေတမြို့နယ်နှင့် တောင်ဒဂုံမြို့နယ်သို့သွားသော လမ်းဆုံသို့ရောက်သောအခါကားမောင်းသမားကသန်လျင်ဘက်သို့ ဆက်မမောင်းဘဲ တောင်ဒဂုံမြို့နယ်ဘက်သို့ချိုးဝင်လိုက်သောကြောင့် ကားမောင်းသမားကို ထွန်းတောက်က-

"သန်လျင်ဘက်ကို မောင်းလေ ဘာဖြလို့ တောင်ဒဂုံဘက်ကိုမောင်းရတာလဲ"

ဟု မေးရာ...

"ဒီလူနှစ်ယောက်က တောင်ဒဂုံကို အရင်ပို့ခိုင်းလို့ အရင်ပို့လိုက်အုံးမယ် ပြီးတော့ သန်လျင်ကို လိုက်ပို့မယ်လေ၊ မလိုက်ချင်ရင် ဒီမှာဆင်းနေပြီး စောင့်နေ"

ထိုအခါ ထွန်းထွန်းကပါ ...

"သန်လျင်ကို အရင်ပို့ပေးရမှာပေါ့၊ ငှားလာတာ သန်လျင်ကိုသွားဖို့ အစကပဲ မဟုတ်လား"

ထိုအခါ လူစိမ်းနှစ်ယောက်ကပါ ဝင်ပြီး ပြောပါတော့သည်။

"မင်းတို့နှစ်ယောက် မလိုက်ချင်ရင် ဒီမှာဆင်းနေခဲ့ကြ၊ ငို့က အရေးကြီးလို့ ငွေပိုပေးပြီးခေါ်တာကွ"

ဟု အသံ မာကျောကျောဖြင့် ပြောကြသောကြောင့် ထွန်းတောက်က စိတ်ဆိုးပြီး...

"ကဲ ဒီလိုဆိုရင် မလိုက်တော့ဘူး"

ထွန်းထွန်းကိုကြည့်ပြီး ပြောလိုက်ရာ၊ ထွန်းထွန်းကလည်း စိတ်တိုသွားပြီး-

"ဟုတ်တယ်၊ ဟုတ်တယ်၊ မလိုက်တော့ဘူး။ ကားကိုရပ်လိုက်တော့၊ ဒီမှာပဲဆင်းပြီး အခြားကားကို ငှားပြီးသွားတော့မယ်"

"ထိုအခါ ကားသမားသည် ချုံပုတ်တစ်ခုအနီးအရောက်တွင် ကားကို ရပ်လိုက်ပါတော့သည်။

ထွန်းတောက်နှင့် ထွန်းထွန်းတို့သည် ကားပေါ်မှ ဖြိုင်တူပင် ဆင်းလိုက်ကြပါတော့သည်။ ကားပေါ်တွင်ပါလာသော လူစိမ်းနှစ်ယောက်သည်လည်း နောက်မှ လိုက်ဆင်းလာကြပြီး တစ်ဦးက ထွန်းတောက်ကို နောက်မှနေပြီး ဖက်ကာ ချုပ်ထားလိုက်ပြီး ကျန်တစ်ဦးက ထွန်းတောက်၏ရင်ဝကို ဓားမြှောင်ဖြင့် ဝင်ထိုးလိုက်ပါသည်။

"ထွန်းထွန်းက ယော့လူတွေ ပစ္စည်းကိုသာယူပါ၊ လူကို မသတ်ပါနဲ့"

ဟု အော်ပြောလိုက်သော်လည်း ဓားမြှောင်ကိုင်သူသည် သုံးချက်ဆင့်ကာ ဓားမြှောင်ဖြင့် ထိုးလိုက်သောကြောင့် ထွန်းတောက်မှာ ပွဲချင်းပြီး သေဆုံးသွားပြီး သွေးအိုင်ထဲသို့ ခွေကျသွားပါတော့သည်။

လူစိမ်းနှစ်ယောက်သည် ထွန်းတောက်ကိုယ်မှ ရွှေထည်ပစ္စည်းများ အလျင်အမြန်ချွတ်ယူ၊ ဖြတ်ယူလိုက်ပြီးနောက် ရွှေဆွဲကြိုးနှင့် စိန်လက်စွပ်တစ်ကွင်းကိုယူပြီး ထွန်းထွန်းကိုကြည့်ကာ ...

"ရော့ ဒါ မင်းအတွက် ဝေစု"

ဟု ပြောပြီး လှမ်းပေးလိုက်သောကြောင့် ထွန်းထွန်းသည် အနားသွားပြီး ယူရန် လက်လှမ်းလိုက်စဉ် ဓားမြှောင်ကိုင်ထားသော လူစိမ်းက ထွန်းထွန်း၏ လက်ကို ဖမ်းဆွဲလိုက်ပြီး ထွန်းထွန်းရင်ဝကို ဓားမြှောင်ဖြင့် ထိုးလိုက်သောကြောင့် ထွန်းထွန်းသည် အား ဟု တစ်ချက်သာ အော်နိုင်ပြီး လဲကျသွားပါတော့သည်။ ဓားမြှောင်ကိုင်သူသည် နောက် နှစ်ချက်ထပ်ထိုးလိုက်ပြန်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ထွန်းထွန်းပါ အသက်ပျောက်သွားပါတော့သည်။

ထိုအချိန်သည် နံနက် ၆နာရီခွဲခန့် လူသွားလူလာနည်းသောအချိန်ဖြစ်၍လည်းကောင်း၊ လမ်းခွဲဖြစ်နေ၍လည်းကောင်း ချုံပုတ်များရှိနေ၍လည်းကောင်း၊ သူတို့ကို မည်သူမျှ မမြင်မတွေ့လိုက်ကြပါ။ လူစိမ်း၊ လူဆိုးနှစ်ယောက်သည် လက်ဝတ်လက်စားများကို ထွန်းတောက်၏ လက်ဆွဲအိတ်ထဲကို ထည့်ပြီး ကားသမားကို ပေးလိုက်ပါသည်။ ကားသမားက လွတ်အိတ်ကို လှမ်းယူပြီး အလောင်းနှစ်လောင်းစလုံးကို ချုံထဲရောက်အောင်လုပ်ခဲ့ကြပြီးရင် ကားပေါ်မြန်မြန်တက်ကြဟု အာဏာသံဖြင့် ပြောလိုက်သောကြောင့် . . .

"ဟုတ် . . .ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်တို့ မြန်မြန်လုပ်ပါ့မယ်"

လူဆိုး လူစိမ်းနှစ်ဦးတို့သည် ထွန်းတောက်နှင့် ထွန်းထွန်းတို့၏ အလောင်းနှစ်လောင်းကို ချုံထဲသို့ ပစ်ထည့်လိုက်ကြပြီး အနီးအနားရှိသစ်ကိုင်းသစ်ခက်များကို ခုတ်ယူကာ ဖုံးဖိအုပ်ထားခဲ့ကြပါသည်။သူတို့ ကားပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ကားသမားသည် ကားကို စက်နှိုးလိုက်ပြီး စက်ရှိန်ကို တစ်အာမြင့်ကာ တောင်ဒဂုံဘက်ဆီသို့ မောင်းသွားပါသည်။ တောင်မြောက်လမ်းဆုံသို့ ရောက်သောအခါ သဃ်န်းကျွန်းဘက်သို့ ဆက်မောင်းပါတော့သည်။

*** *** ***

အခန်း(၅)

အချိန်သည် တဖြည်းဖြည်းလင်းသည်ထက်လင်းလာပြီး မိုးနှင့်လေတို့သည် ကြမ်းကြမ်းတမ်းတမ်းမရှိတော့ဘဲ အနည်းငယ်သာ ရွာသွန်းတိုက်ခတ်နေတော့သဖြင့် ခရီးသည်တင်ကားများ၊ ကြားကားများ၊ လိုင်းကားများ၏ အသံတို့ကို ကြားနေရပါသည်။ သာကေတဘက်မှ မောင်းလာသော ကြားကားအငှားယာဉ် ကားလေးတစ်စီးသည် သန်လျင်ဘက်သို့ မသွားဘဲ၊ ဒဂုံတောင်ဘက်သို့မောင်းလာရာ ကားပေါ်ရှိ ခရီးသည်အချို့က ကားလမ်းဘေး တစ်နေရာတွင် သွေးအိုင်များကို မြင်တွေ့လိုက်သောကြောင့် . . .

"ဗျို့ ကားဆရာ ကားဆရာ ခဏကားရပ်ပေးပါ၊ ဟိုမှာ သွေးအိုင်တွေမြင်ရလို့"

ကားရပ်သောအခါ ခရီးသည်အချို့က ကားပေါ်မှ ဆင်းကာ သွေးအိုင်ကို သွားကြည့်ကြရာ ချုံထဲမှ ယင်ကောင်များ ပျံဝဲကာ ထွက်လာသည်ကို မြင်လိုက်ရ၍ ချုံထဲသို့ တစ်ခါသွားကြည့်ကြရာ လူသေအလောင်းနှစ်လောင်းကို ထပ်လျက် သစ်ခက်သစ်ရွက်များဖြင့် ဖုံးအုပ်ထားသည်ကိုတွေ့လိုက်ရသောကြောင့် လက်ကိုင်ဖုန်းပါသူက . . .

"ဒါအရေးကြီးတဲ့ လူသတ်မှုကြီးပဲ သက်ဆိုင်ရာ သာကေတရဲစခန်းကို ဖုန်းဆက်မှဖြစ်တယ်"

ဟု ပြောရာ ကျန်လူများကပါ -

"ဟုတ်တယ်၊ ဖုန်းအမြန်ဆက်လိုက်ဗျာ" ဟု ပြောကြသောကြောင့် လက်ကိုင်ဖုန်းပါသူ ခရီးသည်က သက်ဆိုင်ရာသို့ ဖုန်းဆက်လိုက်သောကြောင့် ရဲစခန်းမှ အမှုလိုက်ရဲအုပ်သက်ဦးနှင့် ရဲသားငါးယောက်တို့သည် နာရီဝက်အတွင်းရောက်လာကြပါတော့သည်။

ရဲကားလေးပေါ်တွင် ပါလာသော ရဲသားများသည် အလောင်းများပေါ် ဖုံးအုပ်ထားသော သစ်ခတ် သစ်ရွက်များကို ခြေရာလက်ရာမပျက် အသာအရာ ဖယ်ရှားနေစဉ် ဆရာဝန်နှင့် ဆေးဝန်ထမ်းများပါသော လူနာတင်ကားတစ်စီး ရောက်ရှိလာပါတော့သည်။ ဆရာဝန်သည် အမှုလိုက်ရဲအုပ်နှင့်အတူ အလောင်းနှစ်လောင်းကို ကြည့်ရှုကာ စစ်ချက်များ မှတ်ယူနေကြပါသည်။

ဆေးစစ်ချက်များနှင့် လူသတ်တရားခံကို စဉ်းစားကြရာ သတ်သွားသည်မှာ မကြာသေးကြောင်း၊ ပစ္စည်းယူပြီး လူသတ်သွားကြောင်း၊ တစ်ယောက်ကို နှုတ်ပိတ်ခဲ့ပုံရကြောင်း၊ ကားဘီးခြေရာကို မှတ်သားယူခဲ့ပြီး၊ လူသတ်သမားကားသည် ဒဂုံတောင်သို့ ဆက်သွားကြောင်း အဖွဲ့လိုက်ကြိုတင်ကြံစည်ကာ သတ်ပုံရကြောင်း၊ လူသတ်သမားသည် ရက်ရက်စက်စက် သုံးချက်စီထိုးသတ်ကြောင်း၊ တရားလိုရော တရားခံပါ၊ သာကေတမြို့နယ်မှ မဖြစ်နိုင်ကြောင်း၊ ရန်ကုန်မြို့ထဲမှ ဖြစ်နိုင်ကြောင်း၊ စစ်ချက်များယူပြီး အလောင်း



www.burmeseclassic.com

www.burmeseclassic.com

များကို ဆေးရုံသို့ တင်ဆောင်သွားပါတော့သည်။

ခရီးသည်တင် အငှားယာဉ်ကားလေးလည်း တောင်ဒဂုံသို့ဆက်မောင်းသွားပါတော့သည်။

***　　***　　***

အခန်း(၆)

လသာမြို့နယ်မှ အမှုလိုက်၊ ရဲအုပ်ကြီးရဲအောင်သည် ထွန်းတောက်၏အမေ ဒေါ်မြမြကို ထပ်မံစစ်ဆေးကြည့်ပြန်ပါသည်။ထွန်းထွန်းက ထွန်းတောက်ကို ဘယ်အချိန် လာခေါ်သွားသလဲ၊ ဘယ်ကိုသွားဖို့ ပြောသွားသလဲ၊ ထွန်းတောက်ကို မလိုက်ဖို့ မတားဘူးလား။ ထွန်းတောက် ဘာတွေယူသွားသလဲ၊ ကားကို တကယ်မမှတ်မိဘူးလား၊ ကားမောင်းသူကိုကော မြင်လိုက်ရသလား၊ ပုံသဏ္ဍာန်က ဘယ်လိုရှိသလဲ၊ အမှုလိုက်ရဲအုပ်ကြီးရဲအောင်သည် ဒေါ်မြမြကို စူးရှသောမျက်လုံးများဖြင့် စိုက်ကြည့်ပြီး ခပ်တည်တည်၊ ခပ်မာမာ၊ ခပ်ထန်ထန်လေးမေးနေပါသည်။

အမှုလိုက်၏ မေးပုံ မေးနည်း ရည်ရွယ်ချက်မှာ ဒေါ်မြမြလိမ်ညာမပြောရဲအောင်မေးနေခြင်းဖြစ်ပါသည်။

ဒေါ်မြမြလည်း အမှုလိုက်၏ စစ်မေးသံကို ကြောက်လန့်ပြီး တုန်တုန်ယင်ယင်နှင့် တစ်ခွန်းမကျန်ပြန်ဖြေပါတော့သည်။

"ဟုတ်‥ ဟုတ်ကဲ့ ရဲအုပ်ကြီး ထွန်းထွန်းက ထွန်းတောက်ကို ယနေ့နံနက် စောစော ၅ နာရီလောက်အချိန်၊ မိုးရော လေရော သိပ်ကြီးမကြီးသွားနေတုန်းလာခေါ်သွားပါတယ်။ သန်လျင်က သူ့ကိုရဲ့ သူငယ်ချင်း အောင်အောင်ဆီသွားဖို့လို့ ပြောသွားကြားလိုက်ပါတယ်။ထွန်းတောက်ကို မလိုက်ဖို့တားပါတယ်၊ တားလို့မရပါဘူး။ အိမ်ကနေ အင်္ကျီအဝတ်အစားတွေကို လက်ဆွဲအိတ်တစ်လုံးနဲ့ ထည့်ယူသွားပါတယ်။ သူ့ကိုယ်မှာ ဝတ်ထားတဲ့ ရွှေလက်ပတ်ကြိုးတစ်ကြိုး၊ရွှေလက်ပတ်နာရီတစ်လုံး၊ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေကြယ်သီး ငါးလုံးတွဲတစ်တွဲ၊ စိန်လက်စွပ်တစ်ကွင်း အကုန်လုံးယူသွားပါတယ်။ ကားနံပါတ်ကို တကယ်မမှတ်လိုက်ရပါဘူး။ ကားအရောင်ကတော့ အနက်ရောင်အက်(စ်)အီး ကားမတ်တင်းကားလေးပါ ကားမောင်းသူကိုတော့မြင်လိုက်ရပါတယ်၊ အသက် ၄၀ ကျော်အရွယ်လောက်ရှိနိုင်ပါတယ်။ အသားဖြူဖြူ၊ ပုပုဝဝ၊ ဆံပင်ကုပ်ထောက်နဲ့ မျက်နှာက ရက်စက်မယ့်လူစားမျိုးပဲ ကြမ်းကြမ်းတမ်းတမ်းပုံစံပါပဲ၊ အင်္ကျီက ဂျင်းဂျာကင်အနက်ရောင်၊ ဘောင်းဘီအနက်ရောင်အရှည် ကားတံခါးဖွင့်တုန်း မြင်လိုက်ရပါတယ်။ လိမ်တာတစ်ခုမှ မပါပါဘူးအမှန်အတိုင်းပြောနေတာပါ"

"သန်လျင်က ဟိုကလေး အောင်အောင်လိပ်စာသိသလား"

အဲ‥‥အဲဒါတော့ မသိပါဘူး။ အဲဒီကလေး၊ အောင်အောင် အိမ်ကို လာတာလဲ မတွေ့မမြင်မိဘူးပါဘူး"

အမှုလိုက် ရဲအုပ်ကြီးရဲအောင်သည် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်ရှိ ရပ်ကွက်လူကြီးများသို့ ဆက်သွယ် စုံစမ်းစစ်မေးကြည့်ရာ သန်လျင်က အောင်အောင် ဆိုသူကိုတွေ့ရှိရပါတော့သည်။ အောင်အောင်ကို စစ်မေးကြည့်ရာ‥‥

"ထွန်းထွန်းနှင့် လည်းကောင်း၊ ထွန်းတောက်နှင့်လည်းကောင်း ခုရက်ပိုင်း လုံးဝ အဆက်အသွယ်မရှိပါကြောင်း၊ ဖျားနာနေ၍ အိပ်ရာထဲမှာသာနေရသည်မှာ သုံးရက်ပင်ရှိနေပြီဖြစ်ပါကြောင်း"

အောင်အောင်ရော သူ၏မိဘများကပါ ဝိုင်း၍ပြောကြပါသည်။ ယခု ထွန်းတောက်ပျောက်နေ၍ရှာနေကြောင်း ပြောပြရာ အောင်အောင်ရော သူ၏မိဘများပါ အံ့သြပြီး စိုးရိမ်သည့် အမူအရာများကို တွေ့ခဲ့ရသောကြောင့် လူပျောက်မှုတွင် အောင်အောင်နှင့် မပတ်သက်နိုင်တော့ကြောင်း မှတ်ချက်ချလိုက်ပါတော့သည်။

ထွန်းထွန်းအိမ်ကို စုံစမ်းရှာဖွေရာ နောက်ဆုံးတွင် ကြည့်မြင်တိုင်မြို့နယ်တွင်တွေ့ရှိရပါသည်၊ အိမ်တွင်ထွန်းထွန်းကို မတွေ့ရပါ၊ သူ့မိဘများကို မေးကြည့်ရာ‥

"ယနေ့ နံနက်စောစော ၄ နာရီခွဲလောက် ကားတစ်စီးရောက်လာပြီး သူ့ကို ခေါ်သွားကြောင်း၊ သူ့သူငယ်ချင်း ထွန်းတောက်ကိုခေါ်ပြီး သန်လျင်



www.burmeseclassic.com

သူတို့၁၂ယောက်ချင်း အောင်အောင်ထံ အလည်သွားမယ်ဟု ပြောသွားကြောင်း" စစ်ဆေးစုံစမ်းရရှိပါသည်။ ကား သမားကိုမြင်လိုက်ရသေးသလားဟု မေးကြည့်ရာ နံနက်အစောကြီးမို့ သဲသဲ ကွဲကွဲ မမြင်လိုက်ရပါ"

ဟုပြန်ပြောကြပါသည်။

"ယခုထွန်းထွန်း ပြန်လာပြီလား"

"ပြန်မလာသေးပါဘူး"

ယခု ထွန်းတောက်ပျောက်နေ တယ်။

"ဗျာ"

"ရှင်"

မိဘနှစ်ပါးစလုံးအံ့အားသင့်သွား ကြပါသည်။

ဒါဖြင့် ထွန်းထွန်းကော ပျောက်တဲ့ သဘောရှိတယ်။ သန်လျင် က အောင် အောင်ဆီကို ရောက်ပြီးပြီး သူနဲ့ သူတို့ ခုရက်ပိုင်းလုံးဝ အဆက်အသွယ် မရှိ ကြဘူးတဲ့"

"အမလေး ဘုရား ဘုရား ဘုရား သားလေး ဘယ်လိုများဖြစ်ပါလိမ့်"

ထွန်းထွန်း၏ မိဘနှစ်ပါးသည် စည်းဝါးတိုက်ထားသကဲ့သို့ ပါးစပ်မှ-

"ဘုရား ဘုရား ဘုရား"

ဟု ပြိုင်တူရွတ်လိုက်ကြပါတော့ သည်။ အမှုလိုက်ရဲအုပ် ရဲအောင်သည် ထွန်းထွန်း၏ မိဘနှစ်ပါးကို လိုအပ် သလို အသုံးချရန်အတွက် မသက်ာမှု ဖြင့် ရဲစခန်းသို့ ဖမ်းခေါ်သွားပါတော့ သည်။

*** *** ***

အခန်း(၇)

သာကေတရဲစခန်းမှ အမှုလိုက် ရဲအုပ်သက်ဦးသည် အလောင်းများကို စစ်ချက်ယူခြင်း၊ ဓါတ်ပုံများရိုက်ကူး ယူခြင်းများပြုလုပ်ပြီးနောက် သာကေတ ဆေးရုံသို့ သယ်ဆောင်ခိုင်းပြီး မြို့နယ် မှူးမှတစ်ဆင့် ရန်ကုန်တိုင်းရဲမှူးကြီးထံ သို့ သတင်းပို့လိုက်ပါသည်။ ရန်ကုန် တိုင်းရဲမှူးကြီးသည် လသာမြို့နယ်မှ လူပျောက်တိုင်ထားချက်နှင့် တိုက်ဆိုင် နေသောကြောင့် ချက်ချင်းပင် လသာ ရဲစခန်းသို့ သာကေတ ဆေးရုံတွင် အသတ်ခံရသော အလောင်းနှစ်လောင်း ရောက်ရှိနေကြောင်း သတင်းပို့လိုက် ပါသည်။

ရဲမှူးကြီး၏ သတင်းပို့ချက်အရ လသာရဲစခန်းမှအမှုလိုက်ရဲအုပ်ရဲအောင် သည် ထွန်းထွန်း၏ မိဘများနှင့် ထွန်း တောက်၏မိဘများကိုခေါ်ကာသာကေတ ဆေးရုံသို့ လိုက်သွားကြပါသည်။ မိဘ များသည် အလောင်းများကို ကြည့်လိုက် သောအခါ သူတို့၏သားများ ဖြစ်နေကြ သည်ကိုတွေ့ကြရသောကြောင့် ရိုက်ကြီး တငင်အော်ဟစ်ကာငိုကြွေးကြပါတော့ သည်။ ထွန်းတောက်၏ အမေမှာ သတိ လစ်ပြီးမေ့လဲသွားပါသည်။ ထွန်းထွန်း၏ အမေမှာ မူလကတည်းက သွေးတိုး ရောဂါရှိထားပြီး အသက်ခံရသော သား အလောင်းကိုတွေ့သောအခါစိတ်အလွန် ထိခိုက်ပြီး သွေးများအလွန်တိုးလာ ကာ မူးမေ့လဲကျသွားပြီး အသက်ပါ ဆုံးရှုံး သွားပါတော့သည်။

ဆေးရုံဝန်ထမ်းများသည် ကြိုးစား ၍ပြုစုကြကုသကြသော်လည်းထွန်းထွန်း အမေကိုမူ အသက်ရှင်အောင်ကုသ၍ မရကြဘဲ၊ ထွန်းတောက်၏အမေကိုမူ သတိရအောင် လုပ်ပေးနိုင်ကြပါသည်။ သို့သော် ဒေါ်မြမြမှာ စိတ်ထိခိုက်လွန်း၍ ဦးနှောက်ပျက်သွားကာ ရူးသွားရှာပါ တော့သည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဟား ဟား ဟား ဟား ဝမ်းသာလိုက် တာ၊ ငါ့သားလေး ထွန်းတောက် နတ်ပြည်ရောက်သွားပြီ၊ နတ်သမီးလေး တွေနဲ့တွေ့တော့မယ်၊နတ်သမီးယောက်ျားမ ငါဖြစ်ပြီ၊ ငါဖြစ်ပြီ၊ အမလေးကယ်ကြ ပါအုံး ငါ့သားလေး မိဘစကားနားမ ထောင်လို့ ပစ္စည်းလည်းယူ၊ လူလည်း အသတ်ခံရပြီ၊ ခင်လိုက်ကြတဲ့ သူငယ် ချင်း၊ ယုံလိုက်ကြတဲ့ သူငယ်ချင်း၊ ခုတော့ လူယုံသတ်ခံရပြီ၊ ပစ္စည်းတွေ လည်းကုန်ပြီ နင့်ကို ဘယ်သူသတ်တာ လဲ၊ ငါ့ကိုပြော၊ ငါ့ကိုပြော၊ ငါပြန်သတ် မယ်၊ ငါလည်း နတ်ပြည်လိုက်ခဲ့မယ်၊ မလိုက်ဖူး၊ မလိုက်ဖူး နင်ပြန်လာခဲ့"

ကြည့်ရှုနေကြသူများသည် . . . ဒေါ်မြမြကို တစ်ခြား တစ်နေရာသို့ ခေါ်သွားပြီး ထွန်းထွန်း၏ အမေကိုမူ ရေခဲတိုက်ထဲသို့ ရွှေ့ထားလိုက်ပါတော့ သည်။ အမှုလိုက်သက်ဦးနှင့် အမှုလိုက် ရဲအောင်တို့သည် တရားလိုများကို တွေ့ကြရပြီဖြစ်သော်လည်း တရားခံ များကို သိရှိနိုင်ရေး တွေ့ရှိဖမ်းမိနိုင် ရေး အရေးကြီးနေသဖြင့် နှစ်ဦးသား တိုင်ပင်ဆွေးနွေးနေကြပါတော့သည်။

www.burmeseclassic.com

တရားခံများသည် ပိုင်ပိုင်နိုင်နိုင် ဝိပိရိရိ ပစ္စည်းယူပြီး လူကိုပါသတ်သွားကြသောကြောင့် အစဖော်မရဖြစ်နေကြပါသည်။ အမှုလိုက်များသည် ကားမောင်းသမား၏ ပုံပန်းသဏ္ဍာန်ကို ပြောပြီး ကား၏ ဘီးပွိုင့်တံဆိပ်များကိုလည်းကောင်း၊ ကား၏ ပုံသဏ္ဍာန်ကိုလည်းကောင်းပြောပြပြီး၊ မော်တော်ယာဉ်လိုင်းပေါင်းစုံဌာနသို့ သွားရောက်ကာ၊ ကားမောင်းဘယ်သူလဲ သို့မဟုတ် ကားပိုင်ရှင်ဘယ်သူလဲ သိရှိရအောင် စုံစမ်းမေးမြန်းကြပါတော့သည်။ ထိုအခါကျမှ ကားပိုင်ရှင်သည် ကြည့်မြင်တိုင်မြို့နယ်မှ ဦးအောင်နိုင်ဖြစ်နေပြီး ကားမောင်းသူမှာ မသိရှိရသောကြောင့် ချက်ချင်းပင် အမှုလိုက်နှစ်ဦးစလုံး ဦးအောင်နိုင်ထံသို့သွားကြပါတော့သည်။

*** *** ***

အခန်း(၈)

အချိန်သည် တနင်္ဂနွေနေ့ နံနက် ၈ နာရီထိုးခါနီးနေပါပြီ၊ နေမင်းကြီးကို ကားလုံးဝ မမြင်မတွေ့ရပါ။ မိုးတိမ်များ ဖုံးကွယ်နေပြီး၊ လေနှင့် မိုးက ခပ်သဲသဲကလေး ရွာသွန်းတိုက်ခတ်နေလျက်ရှိပါသေးသည်။ ရန်ကုန်မြို့ထဲမှာကား လူများသွားလာ လှုပ်ရှားနေကြသောကြောင့် အလွန်ပင်စည်ကားလျက်ရှိနေပါသည်။ လိုင်းပေါင်းစုံ ကားမျိုးစုံလည်း လိုရာခရီးများသို့ မောင်းနှင်နေကြသောကြောင့် လူရောကားပါ စည်ကားနေပါသည်။ လူသတ်သမားများ စီးလာသော ကားအနက်ကလေးသည်၊ သင်္ဃန်းကျွန်းမှ ကမ္ဘာအေး လမ်းမကြီးအတိုင်း မောင်းလာပြီး ရွှေတိဂုံဘုရားလမ်းထဲသို့ ချိုးဝင်သွားပါသည်။ ၎င်းမှတစ်ဆင့် သိမ်ကြီးဈေးသို့ရောက်သောအခါ ကမ်းနားလမ်းအထိ ဆက်မောင်းသွားပြီး ကမ်းနားလမ်းတစ်လျှောက်မှ ကြည့်မြင်တိုင်သို့ မောင်းသွားပြီး ကားပိုင်ရှင်ဦးအောင်နိုင်ကို ပြန်ပေးခဲ့ပြီး၊ လူသတ်တရားခံသုံးဦးစလုံးသည် ဦးအောင်နိုင်အိမ်မှတစ်ဆင့် ကြုံရာ အငှားယာဉ်တစ်စီးကိုငှားကာ မင်္ဂလာဒုံဘက်ဆီသို့ အမောင်းနိုင်းလိုက်ကြပါသည်။

မင်္ဂလာဒုံမြို့နယ်ရှိ တောနက်ကျွန်းတောတစ်ခုသို့ ရောက်ရှိသောအခါ လူဆိုးသုံးဦးစလုံး ဆင်းနေခဲ့ကြပြီး ကားကိုပြန်လွှတ်လိုက်ကြပါသည်။ လူဆိုးများ အငှားခေါ်သွားခြင်းခံရသော ကားသမားသည် ထိုသူများကိုမသင်္ကာ၍ အနီးကပ်ရှိသော မင်္ဂလာဒုံရဲစခန်းသို့ သတင်းသွားပေးပါသည်။ မင်္ဂလာဒုံရဲစခန်းမှ ရန်ကုန်ရဲတိုင်းမှူးထံ သတင်းပို့ပါသည်။

အမှုလိုက်ရဲအုပ်သက်ဦးနှင့် ရဲအုပ်ရဲအောင်တို့သည် ကားပိုင်ဦးအောင်နိုင်ဆီရောက်ပြီး တရားခံများစီးသော ကားကိုတွေ့၍ တရားခံများကိုမေးရာ ကားမောင်းသူမှာ သူ့မယား၏ မောင်သူ့ယောက်ဖ အံ့ကြီးဖြစ်ကြောင်း၊ ကျန်လူနှစ်ယောက်ကို မသိပါကြောင်း၊ ယခုကားပြန်အပ်ပေးပြီး၊ အငှားယာဉ်တစ်စီးကို ငှားကာ မင်္ဂလာဒုံဘက်သို့စီးသွားကြပုံပေါ်ကြောင်း ပြောပြသောကြောင့် လူဆိုးများစီးသောကား၊ ဦးအောင်နိုင်၏ ကားကို ထိန်းသိမ်းခဲ့ပြီး၊ လူဆိုးများသွားရာနောက်သို့ ရဲသားဆယ်ယောက်ကို ခေါ်ကာ အမှုလိုက်နှစ်ဦးလုံးလိုက်ကြပါတော့သည်။ မင်္ဂလာဒုံမြို့နယ်မှ အမှုလိုက် ကျော်ကျော်သည်လည်း မြို့နယ်မှူး၏ စီမံချက်အတိုင်း လူဆိုးများဆင်းနေခဲ့သော နေရာသို့ သတင်းပို့သော ကားသမားကို ခေါ်ကာလိုက်သွားပါသည်။

*** *** ***

အခန်း(၉)

"ဟော့ကောင်ဓားဗလ၊ မင်းကတော့ တော်တော်တောတာပဲကွ၊ ဓားသမား ဝိဝိ ပိုင်ပိုင်နိုင်နိုင် ထိုးသတ်နိုင်တယ်၊ ထွန်းတောက်ကို ထိုးသတ်နေတုန်းက ထွန်းထွန်းက ကတိဖျက်ပြီး မင်းတို့ကို ရန်မူမလားလို့ ငါဖြင့်စိုးရိမ်ရသေးတယ်။ ဒါပေမယ့် ပစ္စတိုကိုတော့ အဆင်သင့်ကိုင်ထားပါတယ်။ ဒီကောင်မှုမမှန်တာတွေ့ရင်တစ်ခါတည်း ဆော်ထဲ့လိုက်ရုံပဲပေါ့၊ မဟုတ်ဘူးလား။ ဓားဗလ ဟား ဟား ဟား ဟား"

ဒါကတော့ဆရာရယ်၊ ဓားဗလကလည်း ခေတ်ဲ့ ဓားသမားမှမဟုတ်တာ၊ ထွန်းထွန်းမဟုတ်ရင် နှစ်ယောက်စလုံးတစ်ပြိုင်နက်တည်း သုတ်သင်လိုက်ရုံပဲပေါ့။ ဒါတောင် လူကိုမသတ်ပါနဲ့ ပစ္စည်းပဲယူပါလို့ အော်ပြောသေးတယ်"

"အေး . . ဟုတ်တယ်၊ ငါကြားတယ်၊ ဒါကြောင့် ဒီကောင်ကိုပါ နှုတ်ပိတ်ခိုင်းလိုက်တာပေါ့၊ ဒီကောင်က ကတိပျက်ချင်လာလို့ အဲဒီလိုအော်တာပေါ့၊ အစတုန်းက လူသတ်ပြီးပစ္စည်းယူဖို့ ကြံစည်ထားခဲ့ကြတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ငါ ဒီကောင်ကို အယုံသွင်းပြီး တော်တော်စည်းရုံးခဲ့ရတာ၊ ရတဲ့ပစ္စည်းကို သုံးပုံတစ်ပုံပေးမယ်ပြောတုန်းက လက်မခံဘူး။ သူငယ်ချင်းပါ၊ အချစ်ဆုံးမိတ်ဆွေပါ၊ မလုပ်ချင်ဘူး၊ မလုပ်ရက်ဘူးလို့ အတန်တန်ပြန်ပြောတယ်။ ရတဲ့ပစ္စည်းကို တစ်ဝက်ပေးမယ်ပြောမှ သဘောကျပြီး သဘောတူတော့တယ်ဟေ့။ ကဲခုတော့ ဘာတတ်နိုင်သေးသလဲ။ တစ်ဝက်မဟုတ်ရုံတင် မကဘူး၊ သုံးပုံတစ်ပုံတောင် မပေးရတော့ဘူး။ သူ့ကိုရှင်းပစ်လိုက်တော့ နှုတ်ပိတ်သလိုဖြစ်သွားပြီ၊ ဘယ်သူမှ မသိကြတော့ဘူးပေါ့၊ ဒို့လုပ်တာ မပိုင်ဘူးလားဟေ့"

"ပိုင်တာမှ ဘယ်ရဲမှ ခြေရာခံလို့ကို မရတော့ဘူးရောရေ"

အံ့ကြီးတို့ လူဆိုးသုံးယောက်သည် လူသတ်မှုကြီးကို ခြေရာဖျောက်နိုင်ခဲ့ကြသောကြောင့် ဝမ်းသာမဆုံးဖြစ်နေကြပါတော့သည်။

"ကဲ ... ဒို့ရခဲ့တဲ့ ပစ္စည်းတွေကို မင်းတို့ကို ခွဲပေးတော့မယ်၊ မင်းတို့ ဘာတွေကိုလိုချင်ကြသလဲပြောကြ"

ထိုအခါ အံ့ကြီး၏ တပည့်နှစ်ဦးဖြစ်သူ၊ ဓားဗလနှင့် လက်သီးမောင်မောင်တို့သည် ဘာပြန်ပြောရမှန်းမသိ မပြောရဲသလိုလို ဖြစ်နေကြပါတော့သည်။

"ကဲ မင်းတို့ မပြောကြရင် ငါခွဲပေးမယ်၊ စိန်လက်စွပ်နဲ့ ပတ္တမြားလက်စွပ်ကို ဓားဗလကယူ၊ ရွှေကြယ်သီးငါးလုံးကို လက်သီးမောင်မောင်ကယူ၊ ရွှေဆွဲကြိုးရယ်၊ ရွှေလက်ပတ်ကြိုးရယ်နဲ့ ရွှေလက်ပတ်နာရီကို ငါယူမယ်၊ ကဲ ရော့ ရော့ ယူကြပေတော့"

ဓားဗလသည် မကျေနပ်သော်လည်း အံ့ကြီးအကြောင်း သိထား၍ လက်လှမ်းကာ ယူလိုက်ပါသည်။ လက်သီးမောင်မောင်ကတော့ နည်းနည်းသည်ထင်၍ ...

"လက်ပတ်ကြိုးပဲပေးပါ၊ ကြယ်သီးကိုယ်တော့ ဆရာယူပါ"

လို့ပြောလိုက်ရာ အံ့ကြီးသည် ဒေါသထွက်လာပြီး ...

"မင်းကမကျေနပ်ဘူးလို့ ပြောလိုက်တာပေါ့၊ ရော့ဒီလိုဆို မင်းလိုချင်တဲ့ ရွှေလက်ပတ်ကြိုး"

ဟုပြောကာ လှမ်းပေးလိုက်ပါသည်။ ဓားဗလသည် အံ့ကြီးအကြောင်း သိထား၍ ဓားမြှောင်ကို အဆင်သင့်ကိုင်ထားလိုက်ပါတော့သည်။

အံ့ကြီးသည် ဒေါသထွက်လာပါက အားလုံးကို မဲတတ်သူ၊ အပြစ်ရှာတတ်သူ၊ အပြစ်ပေးတတ်သူဖြစ်ကြောင်း သိထားပါသည်။ လက်သီးမောင်မောင်သည် အံ့ကြီးပေးသော ရွှေလက်ပတ်ကြိုးကို လှမ်းယူလိုက်စဉ် အံ့ကြီးသည် ပစ္စတိုကို အလျှင်အမြန်ထုတ်ကာ လက်သီးမောင်မောင်၏ ရင်ဝကိုပစ်လိုက်သောကြောင့် ဓားဗလကလည်း သူ့ကိုလျည်းညှာမှာမဟုတ်ဘူး သတ်မှာပဲ အတွေးနဲ့ အံ့ကြီးမောင်ကို ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်ရာ အံ့ကြီးမောင်က အရှောင်ကောင်း၍ ရင်ဝကိုမထိဘဲ၊ ပေါင်ကိုသာ ဓားမြှောင်သွားစိုက်သွားလေသည်။

အံ့ကြီးမောင်သည် စိုက်နေသော ဓားမြှောင်ကို ဂရုမစိုက်ဘဲ ထွက်ပြေးသွားသော ဓားဗလနောက်သို့ပြေးလိုက်၍သာ ပစ္စတိုဖြင့် ပစ်လိုက်ရာ ဓားဗလ နောက်ကျောကို ကည်ထိမှန်သွားသောကြောင့် ဓားဗလ ပြေးနေရင်းလဲကျသွားပြီး၏၊ သေဆုံးသွားပါတော့သည်။

အချိန်သည် နံနက် ၉ ဂရီထိုးနေပါပြီ။ လေနှင့် မိုးက ဖွဲဖွဲလေးသာ ရွာနေတော့သဖြင့် ကျေးငှက်ကလေးများ ဟိုမှ ဒီသို့ ဝဲပျံကာ သွားနေကြပြီး အစာရှာနေကြသည်ကိုတွေ့မြင်ရပါသည်။ အံ့ကြီးမောင်သည် တပည့်နှစ်ယောက်ကိုပါရှင်းပစ်လိုက်ရပြီး ပစ္စည်းအားလုံး သူတစ်ယောက်တည်းသာပိုင်တော့မှာ မို့ဝမ်းသာလို့မဆုံးဖြစ်နေပါတော့သည်။

ထိုအချိန်မှာပင် အမှုလိုက်အားလုံးနှင့် ရဲသားများ အံ့ကြီးမောင်အနီးတစ်ဝိုက်သို့ရောက်လာကြပြီး ...

"ဟေ့ အံ့ကြီးမောင် မင်းအသက်မသေချင်ရင် လက်နက်ချလိုက်၊ မတ်တပ်ရပ်ပြီး လက်မြှောက်နေလိုက်၊ အမှုလိုက်သုံးယောက်က ပြိုင်တူအင်န်ပေးလိုက်ကြသောကြောင့် အံ့ကြီးမောင်သည် လက်နက်ချပြီးအဖမ်းခံလိုက်ပါတော့သည်။ လူယုံသတ်ရင်သေနိုင်ပေမယ့် ရာဇဝတ်ဘေးကြတော့ ပြေးတိုင်မလွတ်ပါလားဟု အံ့ကြီးမောင်သိရှိသွားပါတော့သတည်း။ အမှုလိုက်များလည်း လူသတ်တရားခံ ခေါင်းဆောင်အံ့ကြီးမောင်ကို လက်ဝတ်လက်စားများနှင့်အတူ ဖမ်းဆီးလိုက်ပါတော့သတည်း။

စူပါကိုကိုလေး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




မဒွေးကြိုင် သတင်းဖြန့်လိုက်လို့ ဘိုးတော်ပေးတဲ့ နှစ်လုံးဂဏန်းတွေ ကွက်တိကို မှန်တဲ့အကြောင်းက တစ်ရပ်ကွက်လုံး ပျံ့နှံ့သွားလေရဲ့။ ဟိုလူက လည်း ဘိုးတော်၊ ဒီလူကလည်း ဘိုးတော်နဲ့ ဘိုးတော်တည်းခိုတဲ့ အိမ်မှာ လူတွေကို ပြည့်လို့။

"ချဲပေါက်ရင်…ငါ့သမီးကို ရွှေနားကပ်လေး ဆင်ပေးဦးမှပဲ"

မဒွေးကြိုင်ရဲ့ အပြောကို ခင်ပွန်းဖြစ်သူ ကိုညွန့်က နှာခေါင်းရှုံ့တယ်။ ကိုညွန့် နှာခေါင်းရှုံ့လည်း ရှုံ့ချင်စရာလေ။ မဒွေးကြိုင်က ချဲတစ်ခါထိုးတိုင်း ဒါပဲ ရေရွတ်နေတော့တာကိုး။

"ဆင်ပေးတဲ့ ရွှေနားကပ်က တစ်လမပြည့်ခင် အပေါင်ဆိုင် ရောက်ဦးမှာပဲ မုတ်လား"

ကိုညွန့်ပြောတာ မှန်နေတော့လည်း မဒွေးကြိုင် ဘာမှ မပြောသာဘူး။ ပေါင်ဒါလေး တစ်ချက်နှစ်ချက် ရိုက်ပြီး မရှိမယ့်ရှိမယ့် ဆံပင်လေးကို ဖြီးသင်လိုက်တယ်။ ဒါက မဒွေးကြိုင်ရဲ့ အလှုပြင်ခြင်းကိစ္စ ပြီးပြီလေ။

စိတ်ကြိုက်ပြင်ပြီး မှန်ရှေ့လာရပ်ဖို့ ဟန်ပြင်တော့ ကိုညွန့်ဆီက အသံ ထွက်လာတယ်။

"ဒါ…ဘယ်သွားမလို့"

"ငါ…ဘိုးတော်ဆီ"

ကိုညွန့် ဘာမှမပြောတော့ဘဲ သက်ပြင်းရှည်သာ အခါခါ ကြီးချနေမိတော့တယ်။

××××××

"ဟိုနေ့က အကြော်သည်မဦးလေး ဘိုးတော်ပေးတဲ့ ဂဏန်းနဲ့ တစ်ထောင်ဖိုးကြီးများတောင် ပေါက်သွားသတဲ့"

"ဟုတ်လား၊ ဝမ်းသာစရာပေါ့တော်"

မအာပြဲက အော်ကျယ်အော်ကျယ်နဲ့ ဝမ်းသာစကားပြောတယ်။ မအာပြဲက ဘိုးတော်ဆီသွားဖို့ မဒွေးကြိုင်ကို အဖော်လာခေါ်တာလေ။ ဘိုးတော်ကိုလည်း သူ့အိမ်ထမင်းစားကြွပါ၊ ငါ့အိမ် ထမင်းစားကြွပါနဲ့ အပြိုင်ခေါ်ကြသေးတာ။

ဘိုးတော်တည်းခိုတဲ့အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်လေးပါ။ ဘိုးတော်ရဲ့ ဓာတ်ခွဲခန်းကတော့ ခေါင်းရင်းမှာ နေရာယူထားတယ်။ အမွှေးတိုင်ပေါင်းစုံလည်း မွှန်ထူလို့။

မအာပြဲနဲ့ မဒွေးကြိုင်က ချောင်နားကျကျမှာ ပုဆစ်တုပ်ပြီး ရိုရိုသေသေ ထိုင်လိုက်တယ်။ ရှေ့မှာက လူတွေအများကြီးလေ။ မအာပြဲတို့ရောက်တော့ အသားဖြူဖြူ၊ ဝဝ အမျိုးသမီးတစ်ယောက်ကို ယောနေတယ်။ ဘိုးတော်ဆိုတဲ့လူက အဖိုးစာရွက်ပေါ်မှာ ဟိုခြစ်ဒီခြစ်ခြစ်ပြီး…

"ခင်ဗျားအပူက ခြေနှစ်ချောင်းအပူပဲ"

"ဟုတ်ပါတယ်ရှင်။ ကျွန်မသားမိန်းမခိုးလာတာ အဲဒီကိစ္စအတွက်နဲ့ ပူနေရတာပဲ"

ဘိုးတော်က ခေတ္တစဉ်းစားဟန်ပြုပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com

"သူတို့အိမ်ထောင်ဟာ မြဲလိမ့်မယ်။ ကွဲကိန်းမမြင်ဘူး"

"ရှင်...ဒုက္ခပါပဲ။ ကျွန်မကတော့ သဘောမတူနိုင်ပေါင်"

မိန်းမကြီးက သူ့သဘောထားကို ပြောပြနေတယ်။ ဘိုးတော်က ထပ်တွက်ပြန်တယ်။ ဘာတွေတွက်တယ်ဆိုတာကို ဘယ်သူမှ နားမလည်သလို အဲဒီမိန်းမကြီးကလည်း နားမလည်ဘူး။

"ကောင်မလေးက ရှည်ရှည်မွှန်မွှန်ပါပဲ။ သဘောမတူနိုင်စရာ ဘာအကြောင်းရှိလို့လဲ။ ကျုပ်ဟောတာတွေ မမှန်လို့လား"

"မှန်ပါတယ်..ဘိုးတော်ရယ်။ ဒါပေမယ့် အဲဒီကောင်မလေးအမေနဲ့ ကျွန်မနဲ့က ပြိုင်ဘက်တွေရှင့်။ မိန်းမကြီးရဲ့ မျက်နှာက ဒေါသတွေ၊ အလိုမကျမှုတွေနဲ့ ခက်ထန်နေတယ်"

"ဒါတွေက ခဏပါ။ ခင်ဗျား ကျေနပ်အောင် ကျုပ် အတိတ်ရေးပေးလိုက်မယ်။ ဟုတ်လား"

ဒီတော့မှ မိန်းမဝဝကြီးလည်း ကျေနပ်သွားတယ်။ ဘိုးတော်ကလည်း ဖာရွက်လွှတ်ပေါ်မှာ တစ်ခုတစ်ခု ရေးကာခေါက်ပြီး အဲဒီမိန်းမကြီးကို ပေးလိုက်တယ်။ သူမေးချင်တာတွေ မေးပြီး ပြုံးရွှင်တဲ့မျက်နှာထားနဲ့ ပြန်သွားလေရဲ့။

ဒီလိုနဲ့ လူတွေ တစ်ယောက်ပြီး တစ်ယောက် ကုန်သွားတယ်။ မမွှေးကြိုင်နဲ့ မအာပြဲဆို ငိုက်နေတာ နှစ်ယောက်လုံး ခေါင်းငိုက်စိုက်။ မအာပြဲဆီက တခေါခေါနဲ့ဟောက်တဲ့ အသံတွေတောင် တစ်ချက်တစ်ချက် ကြားရတယ်။ ဟောက်သံကြားရလို့လားတော့ မသိ။ အေးက ကုလားမကြီးက လှည့်ကြည့်တယ်။

နောက်ဆုံးတော့ ညနေ ၄ နာရီလည်းထိုး၊ လူကလည်း သုံးယောက်ပဲ ကျန်တော့တယ်။ ဒီတော့မှ မမွှေးကြိုင်နိုးလာတယ်။ အေးက တိုင်ကိုမှီပြီး ငိုက်နေတဲ့ မအာပြဲကို လှုပ်နှိုးလိုက်တယ်။

"မအာပြဲ...မအာပြဲ... ကျုပ်တို့အလှည့် ရောက်ခါနီးပြီ"

"ဟင်...ဟုတ်လား"

ဒီတော့မှ မအာပြဲလည်း မျက်စိနှစ်လုံးပွတ်ပြီး နိုးလာတယ်။ ရှေ့မှာတော့ ဒေါ်အေးဆိုတဲ့ အမျိုးသမီးကြီးကို ဟောနေလေရဲ့။

"ခင်ဗျား ဒီကိုလာရတဲ့ ကိစ္စက သားသမီးကိစ္စ"

"မှန်လိုက်လေ ဘိုးတော်ရယ်"

ဒေါ်အေးက ပေါင်ကို လက်နဲ့ပုတ်ပြီး အားရပါးရ ဖြေလိုက်တယ်"

"ခင်ဗျားသမီးက ခင်ဗျားစကားနားမထောင်ဘူး။ စာလည်းမကျက်ဘူး။ အပေါင်းအသင်းတွေနဲ့ ဝေလေလေလုပ်နေတယ်"

"ဟုတ်တာပေါ့ ဆရာ။ မှန်တာပေါ့"

ဘိုးတော်က နှုတ်ခမ်းမွှေးအရှည်ကြီးကို လက်နဲ့သပ်ပြီး မိန့်မိန့်ကြီး ပြုံးနေလိုက်တယ်။

"ဒီတော့ကာ ခင်ဗျားသမီးအတွက် ယတြာပေးလိုက်မယ်"

"ဟုတ်ကဲ့ပါ...ဘိုးတော်"

ထိုအမျိုးသမီးက ထောက်ခံတဲ့အနေနဲ့ ခေါင်းညိတ်ပြတယ်။

"အခု ခင်ဗျားအိမ်ကို ပြန်သွားတဲ့အခါ အိမ်ထဲဝင်ရင် အောင်ပြီ အောင်ပြီလို့ သုံးခါတိတိ ခြေထောက်ဆောင့်ပြီး လက်သီးသက်မောင်းတန်းပြီး အော်ရမယ်"

"ဘာကိုအောင်တာလဲ ဘိုးတော်ရဲ့"

ဒေါ်အေးက နားမလည်သလို ပြန်မေးတယ်။

"ခင်ဗျားသမီးကိစ္စမှာတင် မကဘူး။ အရာအားလုံးကို အောင်ပြီဆိုတဲ့ အဓိပ္ပာယ်နဲ့ ရွတ်ခိုင်းတာ"

"အင်း...အောင်ပြီ... အောင်ပြီ အောင်ပြီ"

ဒေါ်အေးက ယောင်ယမ်းရွတ်ပြီး ပိုက်ဆံအိတ် ဖွင့်နေလေရဲ့။ ပြီးတော့ ပိုက်ဆံအိတ်ထဲ ဆင်တစ်ကောင် (ငါးထောင်တန်တစ်ရွက်) ထွက်ကျလာတယ်။ ဘိုးတော်က မိန့်မိန့်ကြီး ပြုံးလို့ပေါ့။

××××××

"နာမည်ပြော"

"မအာပြဲ"

"မွေးနေ့က"

"၂၂-၁၀-၁၉၇၈"

"ဟုတ်ပြီ ဟုတ်ပြီ"

ဘိုးတော်က လာရင်းကိစ္စကို ပြောဖို့ မျက်စိမှိတ်ပြီး စဉ်းစားခန်းဖွင့်လိုက်တယ်။ မမွှေးကြိုင်နဲ့ မအာပြဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ပြီးတော့ ဘာတွေပြောသလဲ သိချင်နေကြတယ်။

"ခင်ဗျား အခုလာတာ ကျုပ်ဆီက အတိတ်လိုချင်လို့ လာတာ"

"ဟဲ...ဟဲ"

မအာပြဲက ကွမ်းတံတွေးနေ



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ပြဲးကိုဖြဲပြီး ဘိုးတော်ကို မျက်နှာချိုသွေးလိုက်တယ်။ ဘိုးတော်က အေဖိုးစာရွက်ပေါ်မှာ စာကြောင်းတစ်ကြောင်းကိုရေးပြီး စာအိတ်နဲ့ ပိတ်ပေးလိုက်တယ်။ မအာပြဲက တရိုတသေ လှမ်းယူလိုက်တာပေါ့။ ဘိုးတော်က

"ကျုပ်...အာရုံခံနေတုန်းမှာ ခင်ဗျားယောက်ျား ဖောက်ပြန်နေတယ်လို့ မြင်တယ်ဗျ"

လို့ ပြောတယ်။ မအာပြဲ ရုတ်တရက်မို့ ကွက်ခနဲ မျက်နှာပျက်သွားတယ်။ "ဒါကြောင့်မို့ ရှင်ကြီး အိမ်ပြန်နောက်ကျနေတာကိုး" လို့ စိတ်ထဲတွေးပြီး ဒေါသထွက်သွားတယ်။

"ဟုတ်ရဲ့လား ဘိုးတော်ရယ်"

"ကျုပ်ဟောရင် လွဲခဲပါတယ်"

"ခက်တော့တာပဲနော်။ ဒါနဲ့ ဘိုးတော် ယတြာပေးလို့ မရဘူးလား"

"ရတာပေါ့။ ဒါပေမယ့် ကိုးနဝင်းကြေအောင် ယတြာခ ကိုးထောင့်ကိုးရာ ပေးရမယ်"

"ပေးပါ့မယ်ရှင် ပေးပါ့မယ်"

မအာပြဲလည်း ပိုက်ဆံအိတ် ဖွင့်ရပြန်တယ်။ "အင်း...တစ်လလုံးလုံး ကျစ်ကျစ်ပါအောင် စုထားရတဲ့ဟာလေးတွေ သွားပေဦးတော့။ မင်းတို့ သခင်အသစ်ဆီကို" လို့ စိတ်ထဲက ရေရွတ်ပြန်တယ်။ လက်ကတော့ တုန်တုန်ရီရီနဲ့ပေါ့။

"စိတ်ချပါ။ ဒီနေ့ ယတြာလုပ်ပြီး မနက်ဖြန် ခင်ဗျားယောက်ျား အချိန်မီအိမ်ပြန်လာစေရပါ့မယ် ဟုတ်လား"

"ရှင်...ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မအာပြဲက သူ့အလှည့်ပြီးတော့ အလိုက်တသိ နောက်ဆုတ်သွားတယ်။

မမွှေးကြိုင်က ကြောက်ကြောက်နဲ့ ဘိုးတော်ရှေ့ဝင်ထိုင်လိုက်တယ်။ ဘိုးတော်က ထုံးစံအတိုင်း နာမည်ရယ်၊ မွေးသက္ကရာဇ်ရယ် မေးတယ်။

"ခင်ဗျားလည်း အတိတ်လိုချင်လို့ လာတာပဲ"

"ဟုတ်ပါတယ်...ဘိုးတော်။ ဟုတ်ပါတယ်"

မမွှေးကြိုင်က ပျာပျာသလဲ ထောက်ခံတယ်။ ထုံးစံတွေရဲ့ ထုံးစံအတိုင်း ဘိုးတော်က မမွှေးကြိုင်ကို အတိတ်ရေးပြီး ပေးလိုက်တယ်။ ဒါနဲ့ မမွှေးကြိုင်က မကျေနပ်သေး။

"ဘိုးတော်"

"ဘာမေးချင်သလဲ မေးပါ"

"ဟို...အဲ..ကျွန်မယောက်ျား အခြေအနေ"

မမွှေးကြိုင်က မအာပြဲကို လှမ်းကြည့်လိုက်တော့ အာပြဲခေါင်းငုံ့သွားတယ်။ ဘိုးတော် သဘောပေါက်တယ် ထင်ပါရဲ့။

ခဏအာရုံခံလိုက်ပြီး...

"အရှုပ်အထွေး ကင်းပါတယ်။ ရေခဲတုံးလို အေးလိုက်တာမှ အရည်တောင်ပျော်နေပြီ"

ဘိုးတော် အပြောကောင်းတာကြောင့် မမွှေးကြိုင် ကျေနပ်သွားတယ်။ ပြီးတော့ အတိတ်ဖိုး(အဲ) ဥဏ်ပူဇော်ခ ထုတ်ပေးလိုက်လေရဲ့။ အလာတုန်းက တတွတ်တွတ်နဲ့ စကားများလာကြတဲ့ နှစ်ယောက်။ အခုတော့ အတွေးကိုယ်စီနဲ့ပေါ့။

×××××

"ဟဲ့...နင်တို့ အိပ်မက်လေး ဘာလေး မမက်ကြဘူးလား"

ထမင်းဝိုင်းမှာ စားဖို့ပြင်နေကြတဲ့ ကိုညွန့်နဲ့သမီးဖြစ်သူ သီရိတို့ ထမင်းမစားခင် နင်သွားကြတယ်။

"ဟင့်အင်း မမက်ပါဘူး"

နှစ်ယောက်စလုံးဆီက ပြိုင်တူ အသံထွက်လာတယ်။ အဲဒီအသံတွေကြောင့်ပဲ မမွှေးကြိုင်ရဲ့ ရှေ့နှုတ်ခမ်းတော်ဆူပြီး ရွှေမျက်နှာတော် ပုပ်သွားလေရဲ့။

"နင်တို့ဟာလေ အိပ်လိုက်ရင် ကုလားသေ ကုလားမော။ အိပ်မက်လေးဘာလေး မက်ကြဦး"

မမွှေးကြိုင်က ထမင်းလုတ်တွေကို တစ်လုတ်ပြီးတစ်လုတ် ပါးစပ်ထဲ ထိုးသွင်းရင်း တတွတ်တွတ်ပြောနေဆဲပါ။

"မေမေ သမီးကို နားကပ်ဝယ်ပေးမလို့ဆို"

သီရိက မရဲတရဲ မေးတယ်။ ကိုညွန့်ကတော့ "မမက်တဲ့အိပ်မက် အတင်းအကျပ် မက်ခိုင်းရတော့မလိုပဲ" လို့ မကြားတကြား ရေရွတ်လိုက်တယ်။

"အေး...အဲဒါအိပ်မက်ကို အတိတ်ကောက်ပြီးထိုးမှ ပေါက်ရင်ဝယ် လို့ရမှာပေါ့။ ညည်းလည်း စကားကြောမရှည်နဲ့။ ထမင်းစားပြီး နေ့လယ်အိပ်တော့"

သီရိလည်း ထပ်မမေးရဲတော့ဘဲ ခေါက်ပုသွားတယ်။ ကိုညွန့်ကတော့ ထမင်းစားပြီး ပက်လက်ကုလားထိုင်ပေါ်မှာ နှပ်နေလေရဲ့။ အဲဒီအချိန်မှာပဲ မအာပြဲနဲ့ အကြော်သည်ဒေါ်ဦး အိမ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကို တက်လာတယ်။

××××××

"မမွေးကြိုင်···မမွေးကြိုင်"

"လာပြီ တော်ရေ့ ··· စားပြီး သောက်ပြီးလို့ ပန်းကန်တွေ ဆေးနေတာ"

မမွေးကြိုင်က ရေစိုနေတဲ့လက်ကို လက်သုတ်ပဝါနဲ့ သုတ်ရင်း အကြောင်းစုံဇာတ်ခင်းလိုက်ပြီး ဒေါ်ဦးဘေးမှာ ဝင်ထိုင်တယ်။

"ကဲ···ဆိုပါဦး၊ လာရင်း အကြောင်းက"

"ဒီလိုတော်ရေ့"

ဒေါ်ဦးက ဘေးဘီကို မျက်လုံးဝေ့ကြည့်ပြီး အကဲခတ်လိုက်တယ်။ ဘယ်သူမှ မသိတာ သေချာပြီဆိုမှ

"ဘိုးတော်က လက်စွပ်တစ်ကွင်းကနေ နှစ်ကွင်းဖြစ်အောင် မန်းပေးတယ်ဆိုပဲ"

"ဟုတ်ရဲ့လားအေ"

မမွေးကြိုင်က မယုံသင်္ကာသလိုလို မေးနေပေမယ့် မျက်လုံးမှာက လောဘဇော တက်နေတယ်ဆိုတာ အားလုံးအသိ။ ဒါပေမယ့် သုံးယောက်လုံးက ဘမျိုးဘိုးတူတွေမို့ မသိချင်ယောင် ဆောင်နေလိုက်ကြတယ်။

"တစ်ကျပ်သားကနေ နှစ်ကျပ်သားဖြစ်အောင်ရော မန်းပေးနိုင်သလား"

"မန်းပေးနိုင်တာပေါ့တော်။ ဘိုးတော်ပါဆိုမှ"

ဒေါ်ဦးက မတော်လောဘ တက်နေတဲ့အသံနဲ့ ဝင်ပြောတယ်။

"ဒီသတင်းကို ညည်းတို့ ဘယ်လိုကြားသလဲ"

"ဘိုးတော်တည်းခိုတဲ့ အိမ်ရှင် မသန်းမြင့် ပြောတာပဲ"

မအာပြဲရဲ့ အပြောကို မဦးက ထောက်ခံတဲ့အနေနဲ့ ခေါင်းညိတ်ပြတယ်။

"ညည်းတို့ရော သွားမပေးကြဘူးလား"

မမွေးကြိုင်က စပ်စုလိုက်တယ်။

"သွားပေးမလို့ ညည်းကို လာခေါ်တာ။ အဲဒါနဲ့ ချက်ချင်းတော့ မရဘူးနော်။ ဘိုးတော်ဆီမှာ သုံးညသိပ်ရမတဲ့"

"သုံးညမကဘူး။ တစ်ပတ်လည်းရတယ်။ လက်စွပ် တစ်ကွင်းကနေ နှစ်ကွင်းဖြစ်မယ့်ဟာပဲ"

မအာပြဲနဲ့ မဦးက ခေါင်းတဆတ်ဆတ် ညိတ်ပြန်တယ်။ မမွေးကြိုင်ကတော့···

"ခဏနေဦး ကျုပ်စုထားတဲ့ ရွှေထည်တွေ သွားယူလိုက်ဦးမယ်"

ဆိုကာ ထွက်သွားခဲ့လေရဲ့။

××××××

ခဏကြာတော့ မမွေးကြိုင် လက်ကိုင်ပဝါလေး တစ်ထုပ်ကိုင်ကာ ထွက်လာတယ်။ မမွေးကြိုင်ရှိသမျှ ဒါတွေပဲလေ။

"ကဲ···သွားမယ်"

ဒီလိုနဲ့ ဘိုးတော်တည်းခိုတဲ့ မသန်းမြင့်အိမ် ရောက်ချလာကြတယ်။

××××××

မသန်းမြင့် မျက်နှာကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့။ လာသမျှလူဘွေကို ကော်ဖီနဲ့ ကိတ်မုန့် ဧည့်ခံတယ်။ "ဒါနပြုတာပါ" လို့လည်း ပါးစပ်က ပြောသေးရဲ့။ မသန်းမြင့်ဘေးမှာ ဈေးသည်နှစ်ယောက် သုံးယောက်ကလည်း MRTV-4 လုပ်ပြီး စပ်စုနေကြတယ်။

ဘိုးတော်ဆိုတဲ့လူကလည်း လာပေးတဲ့ ရွှေထည်ပစ္စည်းနဲ့ ပိုင်ရှင်နာမည်ကိုမှတ်လိုက်၊ အတိတ်ပေးလိုက်နဲ့ အလုပ်ရှုပ်နေတာပဲ။

တစ်နေ့နဲ့ တစ်နေ့ဟာ ဘယ်လောက်မှ မကြာလိုက်ဘူး။ ရပ်ကွက်ထဲမှာလည်း ဒါပဲ ပြောနေကြတာ။ တစ်ယောက်လာ အတိတ်၊ နိမိတ်၊ အိပ်မက်။ တစ်ယောက်လာ အတိတ်၊ နိမိတ်၊ အိပ်မက် ချဲ့။

ဒီလိုနဲ့ အားလုံးမျှော်မှန်းနေတဲ့ သုံးရက်ပြည့်ပါပြီတဲ့။

မမွေးကြိုင်၊ မအာပြဲ၊ ဒေါ်ဦးတို့ရဲ့ မျက်နှာတွေသာမက တစ်ရပ်ကွက်လုံးမှာရှိတဲ့ မိန်းမတွေရဲ့ မျက်နှာတွေဟာ ပြုံးရွှင်လို့ နေတော့တယ်။

ယောကျ်ားတွေကတော့ အမြင်ကတ်နေတာပေါ့။ မအာပြဲလည်း ဘိုးတော်ပြောသလို သူ့ယောကျ်ားကိစ္စ အဆင်ပြေလို့ တော်တော်လေး ဘိုးတော်ကို လေးစားသွားတယ်။ ၄င်းတို့ သုံးဦးလည်း မမွေးကြိုင်အိမ်မှာချိန်းပြီး မသန်းမြင့်အိမ်ကိုလာမယ်အလုပ် အိမ်ပေါက်ဝမှာပဲ မသန်းမြင့်ရဲ့ ခုနစ်သံချီပြီး ငိုသံကြားလိုက်ရတယ်။

"အမလေး···အရပ်ကတို့ရဲ့ ကောင်းကြသေးရဲ့လား။ *သမီး ဘိုးတော်နဲ့ လိုက်သွားပါပြီ။ မေမေ သမီးကို ခွင့်မလွှတ်ပါတဲ့။ ပုံ မသန်းတင့်* ···။ ကောင်းကြသေးရဲ့လား၊ အီးဟီးဟီး"



www.burmeseclassic.com

www.burmeseclassic.com

မသန်းမြင့်ရဲ့ အသံပြာအက်အက်နဲ့ အော်ငိုနေတာကို ကြားရသူတိုင်းက အိမ်ထဲကနေ အလျှိုလျှို ထွက်လာကြပြီး မသန်းမြင့်အိမ်ပေါ် ရောက်လာကြတယ်။ အထူးသဖြင့် စပ်စပ်စုစု မိန်းမအများစုပေါ့လေ။

"အမိုက်မ မသန်းတင့်…အီး ဟီး…ဟီး"

မသန်းမြင့်ကို သူ့ယောကျ်ား ကိုဖိုးထူးက ချော့ပေမယ့် ဘယ်လိုမှ ချော့လို့မရဘူး။ မအာပြဲက…

"ရှင့်သမီး လင်နောက်လိုက်တာ ရှင်မသိဘူးလား"

"မသိလို့ပေါ့တော်။ ဈေးသွားဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ ပြန်မလာတော့မှ မသင်္ကာတာနဲ့ အဲ့ကောင်မ အိပ်ရာပေါ် ရှာကြည့်မှ ခေါင်းအုံးပေါ်မှာ ဒီစာတွေ့တာပဲ"

စာတိုတိုလေးကို အလွတ်ရပေမယ့် ထပ်ခါထပ်ခါ ဖတ်မိတယ်။

မသန်းတင့်တို့ကလား။ ရန်ကုန်မန္တလေးသွားတဲ့ ကားဂိတ်တစ်နေရာမှာလေ။

×××××

"ရော့…ဒါက သုံးလအတွင်း ကိုကိုရှာလို့ရတာတွေ"

ဘိုးတော် တစ်ဖြစ်လဲ ဝဏ္ဏက ကျုပ်ကျုပ်အိတ်အမည်းနှင့် အိတ်ကို မသန်းတင့်လက်ထဲ ထည့်ပေးလိုက်တယ်။

မသန်းတင့်ကလည်း ပြုံးပြုံးကြီး လက်ခံတယ်။

"ဒီသုံးလအတွင်းမှာ ကိုကိုပင်ပန်းမှာပဲနော်"

"မပင်ပန်းပါဘူးဗျာ။ တင့်လေးနဲ့ အတူနေရဖို့ပဲဟာ"

မသန်းတင့်က ဝဏ္ဏပခုံးကို လက်သီးဆုပ်လေးနဲ့ ဖွဖွလေးထုလိုက်ပြီး ခေါင်းလေးကို အသာမှီထားလိုက်တယ်။ ဝဏ္ဏလည်း မသန်းတင့်ကို အလိုက်သင့် ဖက်ထားတယ်။

"နေချင်တယ် မင်းနဲ့ …ငါလေ ဖက်ထားမယ်"

ကားဂိတ်မှ ကွမ်းလိုက်ရောင်းနေတဲ့ ကွမ်းယာသည်လေးတစ်ယောက်က ဒီသီချင်းတစ်ပုဒ်လုံးမှာ ဒီအကြောင်းပဲ ထပ်ကာထပ်ကာ ဆိုနေတာလေ။ မသန်းတင့်တို့ရှေ့ ဖြတ်သွားရင်း မကြားတကြား ဆိုသွားတယ်။ မသန်းတင့်တို့ကတော့ ဘယ်သူမှ ဂရုမစိုက်အားပါဘူး။

"ကိုကို…တင့် ကိုကို့ကို တစ်ခုလောက် မေးချင်တယ်"

"မေးပါဗျာ။ တစ်ခုမကပါဘူး"

"ဟိုလေ မအာပြဲရဲ့ယောကျ်ားပွေတာကို ကိုကို ဘယ်လိုသိလဲဟင်။ တကယ် အာရုံထဲမှာပေါ်လာတာလား"

မသန်းတင့် အမေးကို ဝဏ္ဏက ဟက်ခနဲ တစ်ချက်ရယ်တယ်။ ပြီးတော့မှ…

"ဘယ်ကလာ အာရုံပေါ်ရမှာလဲ။ ကိုကို လက်ဖက်ရည်သွားသောက်ရင်း သူ့ယောကျ်ား ကောင်မလေးတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းတွေ့နေတာကို မျက်စိနဲ့ မြင်ခဲ့တာ"

"ကိုကို ဘာလုပ်လိုက်လို့ မအာပြဲယောကျ်ားနဲ့ အဲဒီကောင်မလေး ကွဲသွားတာလဲဟင်"

"ဒါက လွယ်ပါတယ်"

စကားဆက်မပြောခင် အဟင်းဟင်းဟုဆိုကာ လည်ချောင်းရှင်းလိုက်သေးတယ်။

"အဲဒီကောင်မလေးကို မအာပြဲယောကျ်ားဟာ မယားကြီးနဲ့ပါ၊ ကလေးတွေနဲ့ပါလို့ ကိုကိုက သွားပြောလိုက်တာပေါ့"

ဝဏ္ဏစကားကို မသန်းတင့်က သဘောကျစွာနဲ့ တဟင်းဟင်း ရယ်နေတယ်။

"ဒါဆို တင့်တို့က ဘိုးတော်ဖူးစာပေါ့နော်"

"ဒါပေါ့တင့်ရဲ့။ တင့်နဲ့ ကိုကို တင့်အမေတွေက သဘောမတူဘူး။ ဒါပေမယ့် ဝဏ္ဏကြံရင် ဘယ်သူက ခံနိုင်မှာလဲ…ဟား…ဟား"

ဝဏ္ဏလည်း သူ့စကားသူ သဘောကျစွာရယ်တယ်။ မသန်းတင့်က…

"ဉာဏ်များပြီးတော့ တင့်ကို မထားခဲ့ပါနဲ့နော်"

"စကားတတ်လိုက်တဲ့ ကလေးလေး။ ဘာဖြစ်လို့ တင့်ကို ထားခဲ့ရမှာလဲ။ ဘိုးတော်ဖူးစာပဲ ဥစ္စာ"

ရုတ်တရက် ဝဏ္ဏ မတ်တတ်ရပ်လိုက်ပြီး မသန်းတင့်ကို လက်ကမ်းပေးလိုက်တယ်။ မသန်းတင့်ကမ်းပေးတဲ့ လက်ကို ဝဏ္ဏကဆုပ်ကိုင်ပြီး မန္တလေးသွားမယ့် ကားပေါ်သို့ အတူတူ တက်သွားကြတော့တယ်။

ချောနန္ဒီခင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဦးထုပ်စိမ်းနဲ့လူ

## မောင်ထည်ဝါ(ပျော်ဘွယ်)

အင်ကြင်းမြိုင်မြို့သစ်ရှိ အခြေခံပညာအထက်တန်းကျောင်းကြီး၏ ရှေ့ရှိ အလံတိုင်တွင် ပြည်ထောင်စုအလံတော်သည် ငွါးငွါးစွင့်စွင့်လေဝယ် လွှင့်လွှင့်နေသည့်မှာ ငှနှင့်ရွှပင် ကျက်သရေမင်္ဂလာရှိလှပေသည်။ နိုင်ငံတော်အတွက် သားကောင်းရတနာများဖြစ်လာကြမည့် ကျောင်းသား၊ ကျောင်းသူလေးများ၏ စာဆို စာဖတ်သံများကို တစ်ချက် တစ်ချက် ကြားနေရသည်။ ကျောင်းသား လူငယ်သားသမီးများအား လာရောက် ကြိုဆိုသူများနှင့် ထမင်းလာပို့သူများလည်းကျောင်း ပေါက်ဝ၌ စုရုံးရောက် ရှိနေကြသည်။

မွန်းတည့် ၁၂ နာရီတွင် ထမင်းစားကျောင်းလွှတ်မည်ဖြစ်ရာ မကြာမီ ကျောင်းဆင်းတော့မည်ဖြစ်သည်။ ထိုစဉ်အချိန်မှာပင်

''ကလိုင်··ကလိုင်··ကလိုင်··ကလိုင်''ဟူသောကျောင်းဆင်းခေါင်းလောင်းထိုးသံ ထွက်ပေါ်လာ၏။ ကျောင်းသား/သူများမှာ စာသင်ခန်းများမှ ထွက်လာကြပြီး ထမင်းစားသူကစား၊ မုန့်ဈေးတန်းလျှောက်သူလျှောက်၊ ကစားသူများကလည်း ဘောလုံးကွင်းထဲတွင် ဆော့ကစားကြနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယတန်းကျောင်းသူလေး အေးအေးဝင်း မုန့်စားပြီး၍ ကျောင်းထဲသို့ ပြန်ဝင်ရန်လျှောက်လာနေစဉ် အသက် ၄၀ ခန့်ရှိ လူစိမ်းတစ်ယောက်က မေးလိုက်သည်။

"သမီးမှာကျောင်းစာအုပ်တွေစုံရဲ့လား"

"သမီးမှာ ကျောင်းစာအုပ်တွေ မစုံသေးဘူးဦးဦး"

"သမီးလိုတဲ့ကျောင်းစာအုပ်တွေ ဦးဦးပေးမယ်၊ သမီးလိုက်ယူမလား"

"ဟုတ်ကဲ့ဦးဦး၊ ကျောင်းစာအုပ်တွေ သမီးသိပ်လိုချင်တယ်"

ထိုလူစိမ်းသည် ကျောင်းသူလေး အေးအေးဝင်းအား တစ်နေရာသို့ခေါ်သွားလေ၏။ ထိုသို့ခေါ်သွားစဉ် လမ်းဘေးတစ်နေရာတွင်ရှိသော တိုက်အိုကြီးတစ်ခုအနီးသို့အရောက်တွင် ရှူဆေးကဲ့သို့ အနံ့ရှိသောရှူဆေးတစ်မျိုးကိုထိုလူစိမ်းက အေးအေးဝင်းအား ရှူစေသဖြင့် အေးအေးဝင်းမူးနောက်သလို ဖြစ်သွားလေ၏။ ထိုစဉ်ထိုလူစိမ်းက အေးအေးဝင်း၏ နားကတ်အားလျင်မြန်စွာ ဖြုတ်ယူပြီးနောက် ထွက်ပြေးသွားတော့သည်။

အဆိုပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရဲစခန်းမှသတင်းရရှိသည်နှင့် တစ်ပြိုင်တည်းလူစိမ်းအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်လူကြီးများ၊ ကျောင်းသားမိဘများပူးပေါင်းပြီး လေ့လာစုံစမ်းမှုများပြုလုပ်ခဲ့ကြ၏။ ရပ်ကွက်အတွင်းရှိ ပြည်သူထံမှ အမာခံ သတင်းပေးများနှင့် ဆက်သွယ်၍လူဝင်လူထွက်အခြေအနေများကို ထောက်လှမ်းစုံစမ်း၍ ထူးခြားမှုရှိလျှင် စခန်းသို့အမြန်သတင်းပို့ရန် စီစဉ်ညွှန်ကြားထားလေသည်။

* * * * *

ထိုဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် သုံးလခန့်ကြာသောတစ်နေ့တွင်...

အင်ကြင်းမြိုင်မြို့သစ်အမှတ် (၁) အခြေခံအလယ်တန်းကျောင်းမှ ဒုတိယတန်းကျောင်းသူ မသီတာသည် ညနေပိုင်းကျောင်းဆင်းသောအခါ တစ်ယောက်တည်း လမ်းလျှောက်၍ အိမ်ပြန်လာခဲ့သည်။ လမ်းတွင် အသက် (၃၀)ခန့် သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ထားလျက် တောဆောင်းဦးထုပ်ဆောင်းထားသည့်လူတစ်ယောက်နှင့် တွေ့ဆုံလေ၏။

"သမီး ကျောင်းက ပြန်လာပြီလား"

"ဟုတ်ကဲ့ပါ ဦးဦး"

"သမီးအဖေနဲ့ဦးတို့က မိတ်ဆွေအရင်းတွေကွယ့်၊ သမီးအဖေအတွက် အင်္ကျီအဝတ်တွေ ပေးလိုက်ချင်တယ်၊ ဦးတို့အိမ်က ဒီနားလေးမှာပါ"

မသီတာသည် သူ့အဖေအတွက် အဝတ်အထည်တွေ ပေးလိုက်မည်ပြောသော တောဆောင်းဦးထုပ်နှင့်လူအားသေချာစွာ ဂရုစိုက်ကြည့်မိသည်။ အဖေအတွက် အင်္ကျီအဝတ်အစားတွေ ပေးမည်ဆို၍ ထိုလူအားကျေးဇူးတင်နေမိသည်။

"ဟုတ်ကဲ့ ဦးဦး သမီးလိုက်ယူမယ်လေ"

မသီတာသည် ဦးထုပ်နှင့်လူခေါ်ရာသို့ လိုက်လာခဲ့လေသည်။ ၁၀ မိနစ်ခန့်ကြာသောအခါ လူနေတိုက်ခန်းများဆောက်လုပ်နေသည့် ဆောက်လုပ်ရေးဝင်းကြီးထဲသို့ ရောက်လာတော့၏။ အချို့တိုက်ခန်းများတွင် လူများနေထိုင်လျက်ရှိကြပြီး၊ အချို့တိုက်ခန်းများကတော့ ဆောက်လုပ်နေဆဲဖြစ်သည်။

ဦးထုပ်နှင့်လူသည် မသီတာအား ဆောက်လုပ်ဆဲ တိုက်တစ်တိုက်အပေါ်သို့ ခေါ်ဆောင်သွား၏။ ထိုလူ

**တစ်ယောက်က တောဆောင်းဦးထုပ်ကိုဆောင်းထားပြီး၊ ကျန်လူတစ်ယောက်က မျက်မှန်အနက် တပ်ထားသည်။ မသီတာက တောဆောင်း ဦးထုပ်စိမ်းနှင့်လူကို မြင်ဖူးသလိုရှိ၍ အကဲခတ်ကြည့်လိုက်သည်။**



www.burmeseclassic.com

www.burmeseclassic.com

**အဲဒီ လူစိမ်းဟာ ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ဒုစရိုက်သမားတစ်ဦးပဲဖြစ်ပါတယ်။ မသီတာဟာ မှတ်ဉာဏ်အားကောင်းတဲ့ ကလေးတစ်ယောက်ပါပဲ။ လွန်ခဲ့တဲ့ ၂ နှစ်လောက်က တစ်ကြိမ်တစ်ခါ တွေ့မြင်ဖူးတဲ့ လူစိမ်းကို အခု ပြန်တွေ့လိုက်တာနဲ့ ချက်ချင်း မှတ်မိတယ်**

သည် မသီတာအား တိုက်ပထမထပ်တွင် ခေတ္တစောင့်ရန် ထားခဲ့ပြီးနောက် တိုက်အပေါ်ထပ်သို့ တက်သွားခဲ့သည်။

ထိုသို့တက်သွားပြီး ၅ မိနစ်ကျော်မျှကြာသည်အထိ ထိုလူ ပြန်ဆင်းမလာသဖြင့် မသီတာစိတ်ထဲတွင် ကြောက်ရွံ့လာပြီး၊ သံသယအတွေးများဖြစ်ပေါ်လာ၏။ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။ တစ်ခုခုလုပ်ဖို့အကြံနဲ့ခေါ်လာတာလား။ မသီတာသည် ကြာရှည်စွာ စောင့်မနေတော့ဘဲ တိုက်ပေါ်မှအမြန်ပြန်ဆင်းလာပြီး အိမ်သို့ပြန်လာခဲ့တော့သည်။

မသီတာအိမ်သို့ ပြန်ရောက်သောအခါ မိဘများအားဖြစ်ကြောင်းစုံ လင်ကုန်စင်အောင် ပြောပြခဲ့ရာ မိဘများမှာ အတော်ပင်စိုးရိမ်ပူပန်သွားကြလေ၏။ ထိုဖြစ်ရပ်မှန်သတင်းကို ရဲယကရုံးနှင့် ရဲစခန်းသို့ ဆက်လက်ပေးပို့တိုင်ကြားခဲ့သည်။ ထိုသတင်းရရှိပြီးနောက် အင်းကြင်းမြိုင်ရဲစခန်းမှ စခန်းမှူးရဲအုပ်ဝင်းနိုင်သည် နယ်ထိန်းတပ်ဖွဲ့ဝင်များအား ကျောင်းဆင်း/တက်ချိန်များတွင် နေရာချ၍ စောင့်ကြည့်လှုပ်ရှားစေခဲ့သည်။ ရပ်ကွက်အတွင်းရှိ အမာခံသတင်းပေးများကိုလည်း ရပ်ကွက်အတွင်း လူစိမ်းဝင်/ထွက်မှုရှိလျှင် ချက်ချင်းသတင်းပေးပို့ရန် မှာကြားစီမံထားလေ၏။

တကယ်တော့ ဒုစရိုက်သမားများ၏ နယ်ပယ်သည် ကျဉ်းမြောင်းလှ၏။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဥပဒေစက်ကွင်းသို့ သက်ဆင်းရမည်ဖြစ်၏။ ရာဇဝတ်အား ပြေး၍လွတ်ရိုးမရှိ။

* * * * *

ရာသီမိုးဆောင်းနှစ်လီပြောင်းခဲ့ပြီဖြစ်၏။

ကာလရထားရွေ့ရွေ့သွား၍ ၂နှစ်ဟူသော အချိန်ကာလကို ကျော်လွန်ခဲ့လေပြီ။

ဒုတိယတန်းကျောင်းသူ မသီတာလည်း စတုတ္ထတန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ပထမနှစ်ဝက်စာမေးပွဲများ ဖြေဆိုပြီးပြီဖြစ်၍ ကျောင်းပိတ်ထားသော ကာလဖြစ်သည်။

ယနေ့ကား သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။

အင်းကြင်းမြိုင်မြို့သစ်၏ သီတင်းကျွတ်မီးထွန်းပွဲမှာ အထူးစည်ကားသိုက်မြိုက်လှ၏။ အိမ်တိုင်း၊ လမ်းတိုင်းတွင်ရောင်စုံမီးပုံးများ ထွန်းညှိပူဇော်ကြသလို လမ်းထိပ်များတွင် Stage Show ပွဲများ အပြိုင်အဆိုင် တင်ဆက်ဖျော်ဖြေနေကြသည်။ ပွဲကြည့်ပရိတ်သတ်များလည်း လမ်းတိုင်းမှာ တိုးမပေါက်အောင် ပြည့်ကြပ်နေလေ၏။

မသီတာနှင့်သူငယ်ချင်း မသူဇာတို့နှစ်ယောက် သီတင်းကျွတ်မီးထွန်းပွဲ လျှောက်ကြည့်ရန် အိမ်မှ ထွက်လာကြ၏။ မသီတာတို့နှစ်ယောက် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ပတ်ကြည့်ရှုခဲ့ကြရာ ခြေထောက်များပင် ညောင်းညာလာတော့သည်။ ဗိုက်ထဲမှလည်း ဆာလောင်လာသဖြင့် လမ်းဘေးရှိ အကြော်ဆိုင်တစ်ခုထဲသို့ ဝင်၍စားပွဲလွတ်တစ်ခုတွင်ဝင်ထိုင်လိုက်ကြသည်။ မသီတာတို့စားပွဲနှင့်ခပ်လှမ်းလှမ်းရှိ စားပွဲတစ်ခုတွင် လူနှစ်ယောက် အကြော်စားနေကြ၏။ တစ်ယောက်က တောဆောင်းဦးထုပ်ကိုဆောင်းထားပြီး၊ ကျန်လူတစ်ယောက်က မျက်မှန်အနက်တပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

မသီတာက တောဆောင်း ဦးထုပ်စိမ်းနှင့်လူကို မြင်ဖူးသလိုရှိ၍ အကဲခတ်ကြည့်လိုက်သည်။ မသီတာ အာရုံထဲတွင် လွန်ခဲ့သော ၂ နှစ်ခန့်က သူ့အဖေအတွက်အဝတ်အထည်ပေးမည်ဆို၍ သူမ အားခေါ်ဆောင်သွားသည့်လူ ဖြစ်နေကြောင်း သတိရလာခဲ့သည်။

မသီတာသည်အကြော်ဖိုးများရှင်းလင်းပေးပြီးနောက် "မသူဇာတို့သွားကြစို့လေ။ အိမ်ကလူကြီးတွေ စိတ်ပူနေလိမ့်မယ်" ဟုဆို၍ အိမ်သို့ အမြန်ပြန်လာခဲ့လေသည်။ အိမ်သို့ပြန်ရောက်သောအခါ မသီတာက "အဖေ..အမေရော..ပြောစရာရှိလို့ သမီးအမြန်ပြန်လာခဲ့တာ..ဟိုလေ..ဟိုနှစ်တုန်းကအဖေ့အတွက်..အင်္ကျီအထည်တွေပေးမယ်ဆိုပြီး သမီးကိုခေါ်သွားတဲ့ လူကြီးကိုအကြော်ဆိုင်မှာ သမီးတွေ့ခဲ့တယ်"

မသီတာ၏ ဖခင်ဦးငွေအောင်မှာ မသီတာ၏စကားကိုကြားလိုက်ရသည်နှင့် ချက်ချင်းသဘောပေါက်သွားတော့သည်။ တစ်ဆက်တည်းပင် ဦးငွေအောင်သည် မသီတာနှင့် မသူဇာတို့ကိုတစ်ပါတည်းခေါ်လျက် နယ်ထိန်းဒုရဲအုပ်စိုးမောင်ထံသို့ ထွက်လာခဲ့ကြသည်။ နယ်မြေရဲကင်း၌ အဆင်သင့်တွေ့ရသော နယ်ထိန်းစိုးမောင်အားအခြေအနေကို ပြောပြလိုက်ရာ နယ်ထိန်းစိုးမောင်နှင့် အဖွဲ့ဝင်များသည် ဦးငွေအောင်တို့သားအဖနှင့်အတူ မသီတာတို့ အကြော်စားခဲ့သည့် ဆိုင်သို့ လျင်မြန်စွာလိုက်သွားကြလေ၏။

နယ်ထိန်းဒုရဲအုပ်စိုးမောင်တို့အဖွဲ့ ရောက်ရှိသွားချိန်မှာတော့ တောဆောင်းဦးထုပ်နှင့်လူသည် အကြော်ဆိုင်မှ ထသွားဖို့ဟန်ပြင်နေစဉ် ရဲတပ်ဖွဲ့ဝင်များက ထိုလူအား ဝိုင်းဝန်းပိတ်ဆို့ပြီး ဖမ်းဆီးလိုက်ကြသည်။ ပြီးလျှင် ထိုလူအား အင်ကြင်းမြိုင်ရဲစခန်းသို့ ခေါ်ဆောင်သွားပြီး ထိန်းသိမ်းလိုက်လေသည်။

နောက်တစ်နေ့တွင်-

အင်ကြင်းမြိုင်ရဲစခန်း၌ စခန်းမှူးရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့က ဦးထုပ်နှင့်လူအားစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

"မင်းနာမည်.."

"ကျွန်တော့်နာမည် စိန်ဝင်းပါ"

"ဘယ်မှာနေသလဲ.."

"နေရာဒေသ အတည်မရှိပါဘူး..ကမာရွတ်မှာ နေတဲ့အခါနေတယ်"

"မင်း..ကျူးလွန်ခဲ့တဲ့ မှုခင်းဖြစ်စဉ်တွေကို ငါတို့အားလုံးလေ့လာသိရှိထားပြီ၊ မေးတာကိုမှန်မှန်ပြောပါ။ လိမ်ညာဖို့မကြိုးစားနဲ့ အင်ကြင်းမြိုင်အထကမှ ဒုတိယတန်းကျောင်းသူလေး အေးအေးဝင်းကို ကျောင်းစာအုပ်ပေးမယ်လို့ လိမ်ညာပြောပြီး ခေါ်သွားတယ်။ ပြီးတော့ နားကတ်ကို ဖြုတ်ယူခဲ့တယ်။ အဲဒါမှန်သလား"

"ဟုတ်ကဲ့..မှန်ပါတယ်"

"နောက်ပြီး အင်ကြင်းမြိုင်ဘူတာမှာ ပြည်သွားဖို့ ရထားစောင့်နေတဲ့ လိမ်ကုန်းရွာမှ ဦးစံတင်ထံမှ လက်မှတ်ဝယ်ပေးမယ်ဆိုပြီး ငွေကျပ်တစ်သောင်းကို လိမ်ယူသွားတယ် အဲဒါ မှန်ရဲ့လား"

"ဟုတ်ကဲ့..မှန်ပါတယ်"

စခန်းမှူးရဲအုပ်ဝင်းနိုင်သည် စစ်မေးခြင်းကို ခေတ္တရပ်နားလိုက်ပြီး၊ ကွမ်းယာကိုပါးစပ်ထဲထည့်၍ ဝါးနေရင်းနယ်ထိန်းဒုရဲအုပ်စံထွန်းအား မျက်ရိပ်ပြလိုက်သည်။

"ကဲ..စိန်ဝင်း မေးတာကိုမှန်မှန်ဖြေနော်။ လွန်ခဲ့တဲ့ ၂နှစ်လောက်က သူ့အဖေအတွက် အင်္ကျီတွေပေးမယ်ဆိုပြီး လိမ်ညာခေါ်ယူခေါ်တယ်။ အဲဒါမှန်တယ်မို့လား"

"ဟုတ်..မှန်ပါတယ်"

"နောက်တစ်ခုက လွန်ခဲ့တဲ့ ဇူလိုင်လောက်က လှိုင်သာယာ အထက(၁)မှာ ကျောင်းသား မောင်မျိုးအောင်ရဲ့ စက်ဘီးကို ဆရာဆေးရုံသွားချင်လို့ ခေတ္တငှားပါဆိုပြီး ခိုးယူသွားခဲ့တယ်..အဲဒါကော ဘာငြင်းဦးမလဲ"

"မငြင်းတော့ပါဘူး..မှန်ပါတယ်"

"ဒီမှာ စိန်ဝင်း၊မင်းကျူးလွန်ထားတဲ့ မှုခင်းတွေအများကြီးပဲ..မင်းကိုလှိုင်သာယာနဲ့ရွှေပြည်သာစခန်းတွေကလိုချင်တာကြာပြီကွ"

သည့်နောက် အင်ကြင်းမြိုင်စခန်းမှူးရဲအုပ်ဝင်းနိုင်က အမှုဖွဲ့စည်းတည်ဆောက်ရန် ခိုင်လုံသော အချက်အလက်များရရှိခဲ့ပြီဖြစ်၍ စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို ခေတ္တရပ်နားလိုက်သည်။ ပြီးလျှင်- "စိန်ဝင်း..မင်းဟာကျန်းမာသန်စွမ်းတဲ့ ယောက်ျားတစ်ယောက်ဖြစ်ပြီးတော့ ခွန်အားစိုက်ထုတ်ပြီး သမ္မာအာဇီဝ ကောင်းမွန်တဲ့ အလုပ်ကိုလုပ်စားစမ်းပါ မကောင်းတဲ့ ဒုစရိုက်မှုကို မလုပ်ပါနဲ့။ မသိနားမလည်တဲ့ ကျောင်းသားလေးတွေရဲ့ ပစ္စည်းကိုလိမ်ညာခိုးယူတယ်ဆိုတာ မကောင်းပါဘူး။ အသန့်စင်တဲ့ငွေကြေးဆိုတာ ကြာရှည်မခံဘူး။ အကြောင်းအမျိုးမျိုးနဲ့ ကုန်သွားတယ်တယ်" ဟုစိန်ဝင်းအား ဆုံးမစကားပြောကြားကာ အားပေးနှစ်သိမ့်လိုက်ပါသည်။

ယနေ့ ဖေဖော်ဝါရီလ၏ ပထမပတ်တနင်္ဂနွေနေ့....။

အင်ကြင်းမြိုင်မြို့ အလက(၁)၌ မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပလျှက်ရှိနေသည်။ မသီတာနှင့် ဖခင်ဦးဌေးအောင်တို့ နောက်ကျပြီးမှ အခမ်းအနားသို့ရောက်လာသဖြင့် နေရာလွတ်များတွင် အသာပင် ဝင်ထိုင်လိုက်ကြသည်။

အခမ်းအနား အစီအစဉ်များအတိုင်း ကျင်းပပြုလုပ်ခဲ့ရာ ပညာရည်ချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီးနောက် အခမ်းအနားမှူး ဆရာမက "ဒီအခမ်းအနားမှာ ဂုဏ်ပြုအထူးဆုတစ်ဆုပေးဖို့ ရှိပါတယ် ဒီဆုကိုပေးအပ်ချီးမြှင့်မည့် ပုဂ္ဂိုလ်က အင်ကြင်းမြိုင်မြို့ရဲစခန်းမှူးရဲအုပ်ဦးဝင်းနိုင် ဖြစ်ပါတယ်၊ တက်ရောက်ချီးမြှင့်ပေးဖို့ မေတ္တာရပ်ပါတယ်" ဟုကြေငြာလိုက်သည်။

အင်းကြင်းမြိုင်ရဲစခန်းမှူး ရဲအုပ်ဝင်းနိုင် အခမ်းအနားစင်မြင့်ပေါ်သို့ တက်ရောက်လာပြီး၊ ပရိတ်သတ်အား အရိုအသေပြုလိုက်ပြီး ဆုပေးရခြင်းကိစ္စကို အနည်းငယ်ရှင်းလင်းပြောပြသည်။

"ကျောင်းအုပ်ကြီးနဲ့တကွ ကြွရောက်လာကြတဲ့ လူကြီးမင်းများကို လေးစားပါတယ်။ ဒီဆုပေးရတဲ့ အကြောင်းကို အနည်းငယ်အစီရင်ခံလိုပါတယ်။ အခု ဒီကျောင်းမှာ စတုတ္ထတန်းမှာပညာသင်ကြားနေတဲ့ မသီတာဆိုတဲ့ ကျောင်းသူလေးဟာ လွန်ခဲ့တဲ့ ၂နှစ်လောက်က ဒုတိယတန်း ကျောင်းသူလေးပေါ့။ တစ်နေ့ သူကျောင်းကပြန်လာစဉ် လူစိမ်းတစ်ယောက်နဲ့လမ်းမှာတွေ့ဆုံခဲ့၊ ထိုလူစိမ်းက သူ့အဖေအတွက် အင်္ကျီတွေပေးမယ်ဆိုပြီး မသီတာကို တိုက်ကြီးတစ်ခုပေါ်ကို ခေါ်သွားခဲ့၊ လူစိမ်းက မသီတာ့ကိုတစ်ခုခုလုပ်ဖို့အကြံနဲ့ ခေါ်သွားတာပါ။ မသီတာက လူစိမ်းမသိအောင် ပြန်ထွက်ပြေးလာခဲ့တယ် ဆိုပါတော့..၊ ပြီးခဲ့တဲ့ သီတင်းကျွတ်မီးထွန်းပွဲမှာ မသီတာနဲ့သူငယ်ချင်းမသူဇာ လျှောက်လည်ရင်း၊ အကြော်ဆိုင်တစ်ခုမှာ ..ဟို..နှစ်တုန်းကမသီတာကို လိမ်ညာခေါ်သွားတဲ့ လူစိမ်းနဲ့ပြန်ဆုံမိကြတယ်။ အဲဒါနဲ့ မသီတာဟာ အိမ်ကိုအမြန်ပြန်လာပြီး မိဘများနဲ့အတူ ကျွန်တော်တို့ရဲတပ်ဖွဲ့ကို သတင်းပေးပို့ကူညီခဲ့တယ်။ အဲဒီလူစိမ်းဟာ ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ဒုစရိုက်သမားတစ်ဦးပဲဖြစ်ပါတယ်။ မသီတာဟာ မှတ်ဉာဏ်အားကောင်းတဲ့ ကလေးတစ်ယောက်ပါပဲ။ လွန်ခဲ့တဲ့ ၂နှစ်လောက်က တစ်ကြိမ်တစ်ခါ တွေ့မြင်ဖူးတဲ့လူစိမ်းကို အခုပြန်တွေ့လိုက်တာနဲ့ ချက်ချင်းမှတ်မိတယ်။ ဘယ်လိုကြောင့်မှတ်မိတာလဲသမီးလို့ မေးကြည့်တော့..လူစိမ်းဆောင်းထားတဲ့ ဦးထုပ်ကိုသတိပြုမှတ်မိတာပါလို့ ပြောတယ်။ ကျွန်တော်တို့သွားရောက်ဖမ်းဆီးတဲ့အခါ လူစိမ်းက ဦးထုပ်ဆောင်းထားတွေ့ရပါတယ်။ ဖြစ်ပျက်တွေကြုံခဲ့ရတဲ့ ဖြစ်စဉ်ကိုဆင်ခြင်နိုင်မှုနဲ့ မှတ်ဉာဏ်အားကောင်းမွန်တဲ့ မသီတာရဲ့ကျေးဇူးကြောင့် အလိုရှိနေတဲ့ ဒုစရိုက်သမားကို ဖမ်းဆီးနိုင်ခဲ့တဲ့ အတွက် ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါတယ်"

ထို့နောက် အင်ကြင်းမြိုင်စခန်းမှူး ရဲအုပ်ဝင်းနိုင်က မသီတာအား ဂုဏ်ပြုလက်မှတ်နှင့် ကျပ်သုံးသောင်းတိတိကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ကြွရောက်လာကြသည့် ကျောင်းသားမိဘ၊ ပရိတ်သတ်များက မသီတာအား ချီးကြူး ထောပနာပြုရင်း မှဒိတာပွား မဆုံးဖြစ်နေကြတော့သည်။

"ကောင်းကျိုးပြုက ကောင်းကျိုးရ၏"

မောင်ထည်ဝါ(ပျော်ဘွယ်)



www.burmeseclassic.com

www.burmeseclassic.com

# မိုးဝေ

## ထောင်မှူးများ အလိုရှိသည်



www.burmeseclassic.com

www.burmeseclassic.com



# ထောင်မှုများစွာ အလိုရှိသည်

အပိုင်း(၉၁)

## ထိတ်လန့်သော သံဝေဂများဖြင့်(၄)

■ ဇဟိုဇော

တူးတူးတို့ရေ. . .

အေးကို ၈.၁၀.၁၃ သောကြာနေ့ ည-၇ နာရီမှာ သတ္တမအကြိမ် Dialysis လုပ်ဖို့ ချိန်းထားတော့ သားကြီးမျိုးက အဲဒီနေ့ ၁၂း၁၅ နာရီမှာ H.D တာဝန်ခံဆရာဝန်ဒေါက်တာဒေါ်ဥမ္မာလှိုင်ထံ ဖုန်းလှမ်းဆက်ကြည့်တယ်လေ။ ကံအားလျော်စွာ ဒေါက်တာက နေ့လယ် ၁ နာရီ ဆေးခွင့်ရတယ်ပြောတာနဲ့ ကိုယ်နဲ့ သားကြီးမျိုးတို့ အေးကို တက္ကစီနဲ့ ဆေးရုံခေါ်သွားကြတယ်။

အဲဒီနေ့က နေ့လယ် ၁း၄၀ မှ ၅း၄၀ နာရီအထိ ကျောက်ကပ်ဆေးခဲ့ရတယ်။ ခုတင်နံပါတ်က F.24 ပါ။ နေ့လယ်ပိုင်း ဆေးခွင့်ရလို့လားမသိဘူး။ အေးဟာ ခါတိုင်းလို ချမ်းတာ၊ တုန်တာမျိုးမရှိဘဲ သက်သောင့်သက်သာ ရှိတာ တွေ့ရပါတယ်။ အဲဒီနေ့ ကုန်ကျစရိတ်ကတော့ ဆေးဖိုးဝါးခနဲ့ဆိုရင် ခါတိုင်းလို ခုနစ်သောင်းခွဲကျော်လောက် ကျတာပေါ့လေ။

အဲဒီညနေ ဆေးရုံကနေ တက္ကစီနဲ့ ပြန်လာကြကာ



www.burmeseclassic.com

www.burmeseclassic.com

ဖဆပလအိမ်ကို ညနေ ၆း၀၀ နာရီရောက်ကြပါတယ်။ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းလေးတွေယူပြီး ၇၉ လမ်းအိမ်ဆီ ဆက်သွားကြတာပါ။ အဲ…အဲဒီအိမ်ရောက်မှ အေးအတွက် အခက်အခဲတစ်ခုနဲ့ ကြုံရတော့တာပါပဲဗျာ။

တိုက်ခန်းက ပထမထပ်ဆိုပေမယ့် ၁၉၈၇ ခုနှစ်က ဆောက်ထားတဲ့ အဆောက်အဦမို့လို့လားမသိဘူး။ လှေကားထစ်တွေက အမြင့် ၉ လက်မ၊ ဖြက် ၉ လက်မခွဲလောက် ရှိတယ်။ စုစုပေါင်း ၂၃ ထစ်ပါ။ ဆိုတော့ ခုခေတ်တိုက်တွေနဲ့ဆိုရင် ပထမထပ်ဆိုသည့်တိုက် တစ်ထပ်ခွဲလောက်ကို မြင့်နေတာပေါ့ဗျာ။

ဖဆပလတိုက်ခန်းမှာတော့ မြေညီထပ်ဆိုတော့ လှေကားတစ်ထစ်မှ တက်စရာမလိုဘူးလေ။ ဒီမှာတော့ ၂၃ ထစ်ဆိုတော့ အောက်ကနေ မော့ကြည့်လိုက်တာနဲ့တင် အေးရင်ထဲမှာ အမောဆို့သွားတဲ့ပုံ တွေ့ရတယ်။ အထူးသဖြင့် အချိန် ၄ နာရီကြာအောင် ကျောက်ကပ်သွေးသန့်စင်ပြီးခါစ ပင်ပန်းနွမ်းနယ်လာတဲ့အချိန်မှာမှ ဒီလှေကားထစ်ကြီးတွေကို တက်ရမှာဆိုတော့ အေးအတွက် တောင်ကြီးတစ်တောင် တက်ရမလို ဖြစ်နေတာပေါ့လေ။

ဒါပေမယ့်လည်း ရောဂါဖြစ်လို့ ယကြာချေတဲ့အနေနဲ့ ပြောင်းရွှေ့နေရမယ့်အိမ် ဖြစ်နေတော့လည်း မတက်လို့ကလည်း မဖြစ်ပြန်ဘူးလေ။ ပြီးတော့ အဲဒီနေ့က ကိုယ်ကိုယ်တိုင် နေ့ကောင်းရက်သာရွေးပေးထားတဲ့ ရက်ရာဇာနေ့လည်း ဖြစ်နေပြန်တော့ ရက်ပြောင်းလို့လည်း မကောင်းပြန်ဘူး ဖြစ်နေတယ်။

ဒီတော့ ဘာလုပ်လဲဆိုတော့ အေးကို ရုတ်တရက် အိမ်ပေါ်မတက်စေဘဲ ရေခဲရေ အေးအေးလေးတစ်ခွက်တိုက်ပြီး အနားပေးထားရသေးတယ်။ အတော်လေးကြာမှ ကိုယ်နဲ့ မျိုး ဘေးတစ်ဖက်တစ်ချက်စီ တွဲပြီး တစ်ထစ်ချင်း တဖြည်းဖြည်းချင်း တွဲတင်ကြရတာပေါ့။ ဒီတိုက်က လှေကားထစ်တွေ မြင့်ပြီး ဖြက်ကြီးသလို လှေကားရဲ့အနံကပါ သုံးပေခွဲလောက် ကျယ်နေတာမို့လို့ လူသုံးယောက် ချောင်ချောင်လေး တက်နိုင်တာပေါ့လေ။

ဒါပေမယ့် ပထမအဆင့် လှေကားဆယ်ထစ် တက်ပြီးတဲ့အခါမှာတော့ အေးခမျာ အတော်လေး မောစပြုလာတာ တွေ့ရပါတယ်။ ဒါကြောင့် ကျန်တဲ့ဒုတိယအဆင့် ၁၃ ထစ်ကို ဆက်တက်ဖို့ အားမွေးတဲ့သဘောနဲ့ အတော်လေးကြာအောင် နားနေရပါသေးတယ်။ အေးက ရပြီလို့ ခေါင်းညိတ်ပြတဲ့အချိန်မှာမှ ကျန်တဲ့လှေကားထစ်တွေကို ဆက်တက်ရပါတယ်။

ခုတစ်ခါတော့ တစ်ထစ်တက်၊ တစ်ခါနားစနစ်နဲ့ ဖြည်းဖြည်းချင်း ဆက်တွဲတင်ခဲ့ကြတယ်။ ခြောက်ထစ်မြောက်ရောက်တဲ့အခါ ဆက်မတက်သေးဘဲ ငါးမိနစ်လောက် နားနေရပါတယ်။ ပြီးမှ ကျန်ခုနစ်ထစ်ကို အားနည်းနည်းထည့်ပြီး ဆက်တက်လာခဲ့တာ စုစုပေါင်း အချိန် ၁၅ မိနစ်ကျော်ကျော် လောက်မှာ ပထမထပ်အိမ်ခန်းထဲ အောင်မြင်စွာရောက်လာနိုင်ခဲ့ပါတော့တယ်။

အေးဟာ အသက်ကို မှန်မှန်ရှူသွင်းပြီး ဧည့်ခန်းက ဆိုဖာကြီးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်လှဲချလိုက်ပြီး မျက်လုံးလေးမှိတ်လို့ အမောအပန်းဖြေနေပါတော့တယ်။ အံ့ဩစရာကောင်းတာက နောက်ထပ် ၁၅ မိနစ်လောက်အကြာ ရေခဲရေအေးအေးလေး တစ်ခွက်သောက်အပြီးမှာ အေးဟာ လူကောင်းတစ်ယောက်နီးပါး လန်းဆန်းသွက်လက်လာတာပါပဲ။ ဒါဟာ ကျောက်ကပ်အားတိုးဆေးတွေဖြစ်တဲ့ Recormon နဲ့ Encifer တို့ရဲ့ အာနိသင်ကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

ည ၇း၃၀ နာရီလောက်မှာ အေးနဲ့အတူ ကိုယ်တို့မိသားစု ညစာ စားကြတာပေါ့။ အေးက ခါတိုင်းလောက်

> ကျောက်ကပ်ဆေးတယ်ဆိုတာ
> အလုပ်မလုပ်နိုင်တော့တဲ့
> ကျောက်ကပ်ရဲ့ကိုယ်စား စက်က
> ကြားဝင်ပြီး သွေးထဲကဆီးဆိပ်တွေ၊
> အညစ်အကြေးတွေကို
> ဆေးကြောသန့်စင်ပေးတဲ့ အဆင့်ပဲ
> ရှိတာ။ ကျောက်ကပ်ကို
> ဆေးကုပေးနေတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပေမယ့်လည်း အတော်လေးတော့ စားနိုင်တာ တွေ့ရပါတယ်။ ည ၈ နာရီကျော်တော့ သားကြီးမျိုး သူ့မိသားစုရှိရာ ရွှေဘိုဂုံစေတီတော်က ဝန်ထမ်းအိမ်ရာဆီ ပြန်ပါတယ်။

ကိုယ်လည်း ည ၉ နာရီမှာ ဖဆပလအိမ်ဆီ ပြန်လာခဲ့ပါတယ်။ ဒီညတော့ သားငယ် မိုလ်က အေးကို စောင့်အိပ်ဖို့ ၇၉ လမ်းအိမ်မှာ ကျန်ခဲ့ပါတယ်။ အောက်ထပ် အိပ်ခန်းမှာ အေးနဲ့ သားငယ်၊ အပေါ်ထပ်အိပ်ခန်းမှာ သမီးကြီး ထက်ထက်ခိုင်နဲ့ မြေးကြီးယွန်းယွန်းလို့ အိပ်ကြပါတယ်။

ဒီနေ့ ကျောက်ကပ်ဆေးနေတုန်း တာဝန်ကျသူနာပြုက လာမည့် သောကြာနေ့ (၁၁·၁၀·၁၃) ည ၇ နာရီ ဆေးရမယ်လို့ ထွက်လာတဲ့ဇယားအရ လာပြောသွားပါသေးတယ်။ သားကြီးမျိုးက အေး ညပိုင်းချမ်းတတ်၍ နေ့လယ်ပိုင်း ပြောင်းပေးဖို့ တာဝန်ကျဆရာဝန်မကို သွားပြောတော့ အဲဒီနေ့လယ် ၁၂:၃၀ နာရီ ဖုန်းဆက်မေးဖို့မှာလိုက်တယ်လေ။

အေးက ၇၉ လမ်းအိမ်သစ်မှာ ၈·၁၀·၁၃ ရက်နေ့ညက စနေခဲ့တာ သုံးရက်လောက်ကြာတော့ နေသားကျလာပြီး လူလည်း နေလို့ကောင်းပြီး အိပ်ပျော်စားဝင်လာပါတယ်။

ရက်ချိန်းပေးထားတဲ့ ၁၁·၁၀·၁၃ ရက်နေ့မှာ H.D ဆီ ဖုန်းဆက်မေးကြည့်တော့ နေ့လယ် ၁ နာရီ ဆေးဖို့ အဆင်မပြေကြောင်း သိရတယ်။ ဒါကြောင့်မို့လို့ အဲဒီနေ့ ည ၆:၀၀ နာရီမှာ တက္ကစီနဲ့ H.D ဆီ သွားရတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့ကျမှ အေးက ဝမ်းသွားနေတော့ ဆေးရုံမသွားခင် ဝမ်းပိတ်ဆေးသောက်ရသေးတယ်လေ။ ကျောက်ကပ်ဆေးနေတုန်း ဝမ်းသွားချင်ရင် ကိုယ်တို့မှာ မိန်းကလေးအဖော်မပါတော့ လုပ်ရကိုင်ရ ခက်တယ် မဟုတ်လားဗျာ။

အဲဒီနေ့ ည ၇:၁၅ နာရီကနေ ၁၁:၁၅ နာရီအထိ ခုတင်နံပါတ် ၂၅ မှာ Dialysis လုပ်ရပါတယ်။ အငွမအကြိမ်မြောက် ဆေးရခြင်းပါ။ ကံကောင်းချင်တော့ အဲဒီည ခါတိုင်းညလို Air-Con နဲ့ တည့်တည့်မကျတာရယ်၊ Air-Con ကလည်း သိပ်မအေးတော့ အေး တော်တော်လေး အချမ်းသက်သာခဲ့ပါတယ်။

နဝမအကြိမ်မြောက် ကျောက်ကပ်ဆေးရမယ့်ရက်ချိန်းကိုတော့ ဆရာမ စီစီသန်းချိုက လာမယ့် တနင်္လာနေ့ ၁၄·၁၀·၁၃၊ ည ၇ နာရီဖြစ်ကြောင်း လာပြောသွားပါတယ်။

အဲဒီ ၁၁·၁၀·၁၃ ရက်နေ့ ညက ဆေးရုံကနေ တက္ကစီနဲ့ ပြန်လာတာ အိမ်ကို ည ၁၂ နာရီ ထိုးခါနီးမှ ပြန်ရောက်ကြပါတယ်။ အေးကြည့်ရတာ အဲဒီညက နည်းနည်းပင်ပန်းနေတာတွေ့ရတာနဲ့ ကိုယ်ရော၊ သားငယ်မိုင်ပါ ဖဆပလ မပြန်ကြတော့ဘဲ ၇၉ လမ်းအိမ်မှာပဲ ညအိပ်လိုက်ကြရပါတယ်။

အိမ်မှာနားနေရတဲ့ ကြားရက်တွေမှာတော့ အေးရဲ့မောင် ကိုလင်းနဲ့ ညီမ ရီမြင့်အေးတို့ ရောက်လာကြပါတယ်။ မောင်အငယ် ထင်အောင်လွင်(ပြုံးချို)ရဲ့ဇနီး ချိုချိုဇော်လည်း မကြာခဏဆိုသလို လာလည်တတ်ကြပါတယ်။ အေးက သူတို့ကို ညွှန်ခံစကားပြောနေတော့လည်း တကယ့်ကို လူကောင်းအတိုင်းပါပဲ။ မောင်၊ ညီမတွေနဲ့ စကားပြောနေရတော့လည်း ကိုယ့်ဝေဒနာကို ခဏတော့ မေ့ပျောက်သွားလို့ထင်ပါရဲ့။

သူတို့သုံးယောက်ပဲ မကြာမကြာ အိမ်လာလည်ကြသလို၊ တစ်ခါတစ်ရံ အားတဲ့ရက် ကြုံကြိုက်တဲ့အခါ ကျောက်ကပ်ဆေးတဲ့ H.D ခန်းမအထိ လိုက်ပြီးပြုစုကြပါသေးတယ်။ အမျိုးသမီးအဖော်တွေပါတဲ့နေ့မှာ ကျောက်ကပ်ဆေးရတာ ပိုပြီးလုံခြုံမှုရှိသလိုပါပဲ။ ဒါပေမယ့် အေးကတော့ ကျောက်ကပ်ဆေးနေတုန်း တစ်ခါမှ ဝမ်းမသွားဖြစ်ခဲ့ပါဘူး။

အဲ . . . ဆေးရုံတက်ခါစ တစ်ယောက်ခန်းမရခင် (၁၀)ထပ်က အခန်းနံပါတ်(၃၀၀၈) ရှစ်ယောက်အခန်းမှာ နေရတုန်းကတော့ အလေးနှစ်ခါလောက် သွားဖူးခဲ့ပါရဲ့။ အဲဒီတုန်းက ခုတင်ဘေးနှစ်ဖက်မှာ ခန်းဆီးအရှင်တွေနဲ့ ကာထားခဲ့ရပေမယ့် ကံကောင်းချင်တော့ ယောက်မအငယ် ချိုချိုဇော်ရှိတဲ့အချိန်နဲ့ တိုက်ဆိုင်နေခဲ့လို့ ကိစ္စဝိစ္စ အဆင်ပြေခဲ့ရပါတယ်။

အဲဒီနေ့က အေးက တိုက်တိုက်ဆိုင်ဆိုင် မိချိုရှိနေလို့ တော်ပါသေးရဲ့လို့ သူ့ရင်ဘတ်ကိုဖိရင်း တဖွဖွပြောနေခဲ့တယ်လေ။ အဲဒီအတွက် မိချိုကို ကျေးဇူးအထပ်ထပ်တင်နေခဲ့တာပါ။ ဟုတ်တယ်လေ။ ကိုယ်တို့ ယောကျ်ားသားတွေချည်းရှိတဲ့အချိန်မှာ အဲဒီ ဝမ်းသွားချင်ခဲ့ရင် အခက်ကြီးခက်ရချည်ရဲ့နော်။

အံ့ဩစရာကောင်းတာက နောက်ပိုင်း ၉ ထပ်မှာ တစ်ယောက်ခန်းရတဲ့အချိန်ကစပြီး အေးဟာ အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com

သူ့မိတ်ဆွေတစ်ယောက်
ကျောက်ကပ်ဆေးနေတာ
အကြိမ်တစ်ရာကျော်နေပြီ။
ဘာမှ မထူးလာဘူး။ ရောဂါက
ဒုံရင်းဒုံရင်းပဲတဲ့လေ။ သူ့လေသံက
အင်္ဂလိပ်သမားတော်ကြီးတွေကို
တိုက်ခိုက်နေတဲ့
ဗမာဆေးဆရာ လေသံမျိုးဗျ။

ဝင်မသွားချင်ခဲ့တော့တာပါပဲ။ သူကိုယ်တိုင်ထပြီး သန့်စင်ခန်းထဲမှာပဲ စခန်းသွားခဲ့ပါတော့တယ်။ အင်း···ကိုယ့်အခန်းနဲ့ကိုယ်ဖြစ်သွားတော့လည်း စိတ်ချလက်ချ ရှိသွားလို့ထင်ပါရဲ့ဗျာ။

ဒီလိုနဲ့ ၁၂-၁၀-၁၃ ရက်နေ့ရောက်တော့ ချိန်းထားတဲ့အတိုင်း ပါမောက္ခဦးခင်မောင်ဌေးကို ညနေ ၆ နာရီ အာရှတော်ဝင်ဆေးရုံ ပထမထပ်မှာ သွားပြရပါတယ်။ တိုကင်နံပါတ်က ၁၆ ဖြစ်နေလို့ ည ၇း၃၀ နာရီမှ ပြခွင့်ရပါတယ်။ ဆရာဦးခင်မောင်ဌေးက သေချာစမ်းသပ်ကြည့်ရှုပြီး ရောဂါအခြေအနေ ကောင်းတဲ့အကြောင်း ပြောပါတယ်။ ဖားဆေးစာရင်းကိုတော့ နည်းနည်းအပြောင်းအလဲ လုပ်ခဲ့ပါတယ်။

ပြီးမှ လာမယ့် သောကြာနေ့ ကျောက်ကပ်ဆေးတဲ့အခါ သွေးယူပြီး စစ်ဆေးဖို့နဲ့ သွေးအဖြေကို လာမယ့် စနေနေ့ သူ့ဆီပြန်ပြဖို့ မှာကြားပါတယ်။ အဲဒီနေ့က သမီးကြီးထက်ထက်ခိုင်နဲ့ သွားခဲ့တာဆိုတော့ သူပဲ ဆေးရုံအောက်ထပ်က ဆေးဆိုင်မှာ တစ်ပတ်စာ ဆေးဝယ်တာတို့၊ စနေနေ့အတွက် Booking လုပ်တာတို့ ကိုယ်တိုင်ဆောင်ရွက်ခဲ့ပါတယ်။ စနေနေ့ တိုကင်နံပါတ်က ၁၂ ဖြစ်ပါတယ်။

အဲဒီနောက် တက္ကစီနဲ့ အိမ်ပြန်ကြတော့ ည ၈း၃၀ နာရီ အိမ်ပြန်ရောက်ကြပါတယ်။ ဒီညတော့ အေးလည်းနေကောင်းနေတာနဲ့ ကိုယ်နဲ့ သားငယ် ဗိုလ်တို့ ဖခင်ပလပြန်အိပ်ကြပါတယ်။ အိမ်က နှစ်အိမ်ဖြစ်နေတော့ တစ်လှည့်စီ ပြန်အိပ်ကြရတာပေါ့ဗျာ။

ဒီကြားရက်ထဲ အေးကတော့ နေကောင်းပါတယ်။ အမှန်က ကျောက်ကပ်နာတာရှည် ဝေဒနာရှင်အဖို့ ကျောက်ကပ်မှန်မှန်ဆေးနေရသမျှ လူကောင်းတစ်ယောက်လို နေလို့ထိုင်လို့ ကောင်းနေမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ကပ်မကောင်းလို့ မဖယ်ထုတ်နိုင်တဲ့ ဆီးဆိပ်တွေကို စက်အကူအညီနဲ့ သွေးသန့်စင်ဆေးကြောပေးနေလို့ပါပဲ။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောစရာတစ်ခုတော့ ရှိသဗျ။ တချို့က ကျောက်ကပ်ဆေးတယ်ဆိုတာကို ကျောက်ကပ်ကို ဆေးကုပေးနေတယ်လို့ ထင်မှတ်မှားနေကြတယ်ဗျ။ အဲဒါကြောင့်လည်း မြန်မာတိုင်းရင်းတွေ စီးပွားဖြစ်ရောင်းချနေပြီး ကိုယ်တိုင်ကလည်း မြန်မာဆေးဆရာတစ်ပိုင်း ဖြစ်နေတဲ့ ကိုယ့်တပည့် ထောင်မှူးဟောင်းတစ်ယောက်က ပြောတယ်လေ။

သူ့မိတ်ဆွေတစ်ယောက် ကျောက်ကပ်ဆေးနေတာ အကြိမ်တစ်ရာကျော်နေပြီ။ ဘာမှ မထူးလာဘူး။ ရောဂါက ဒုံရင်း ဒုံရင်းပဲတဲ့လေ။ သူ့လေသံက အင်္ဂလိပ်သမားတော်ကြီးတွေကို တိုက်ခိုက်နေတဲ့ ဗမာဆေးဆရာ လေသံမျိုးဗျ။

အဲဒါကြောင့် ကိုယ်က ရှင်းပြရတယ်။ မင်းတို့ ဘာမှမသိဘဲ လျှောက်ရမ်းသန်းပုတ်ခတ်မနေနဲ့။ မင်းတို့က ကျောက်ကပ်ဆေးတယ်ဆိုတာ အလုပ်မလုပ်နိုင်တော့တဲ့ ကျောက်ကပ်ရဲ့ကိုယ်စား စက်က ကြားဝင်ပြီး သွေးထဲက ဆီးဆိပ်တွေ၊ အညစ်အကြေးတွေကို ဆေးကြောသန့်စင်ပေးတဲ့ အဆင့်ပဲရှိတာ။ ကျောက်ကပ်ကို ဆေးကုပေးနေတာ မဟုတ်ဘူး။ အဲဒါကြောင့် အကြိမ်တစ်ရာမကလို့ အကြိမ်ငါးရာပဲဆေးပြီးနေပါစေ၊ ရောဂါသက်သာပျောက်ကင်းလာစရာ အကြောင်းမရှိဘူးလေ။

တစ်ခုတော့ရှိတယ်။ လူမမာကိုယ်တိုင် ကျန်းမာရေးလည်းကောင်းမယ်၊ ငွေကြေးလည်း တတ်နိုင်လို့ ကျောက်ကပ်အစားထိုးကုသမှု ခံယူလာခဲ့ရင်တော့ အဲဒါ ကျောက်ကပ်ကိုဆေးကုသတဲ့အဆင့် ရောက်လာတာပဲ။ အဲဒီအခါ အောင်မြင်တဲ့ ကျောက်ကပ်အစားထိုးခံ ဝေဒနာရှင်ဟာ ကျောက်ကပ်ဆေးစရာမလိုတော့ဘဲ ပကတိလူကောင်းတစ်ယောက်အဖြစ် ဆက်လက်နေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်။

ခုတော့ အဲဒီလိုအခြေအနေမျိုး မမျှော်လင့်နိုင်သေးတဲ့ အေးဟာ ဆီးနဲ့ကျောက်ကပ် ပါမောက္ခ ဦးခင်မောင်ဌေး ညွှန်



www.burmeseclassic.com

www.burmeseclassic.com

ကြားတဲ့အတိုင်း တစ်ပတ်ကိုနှစ်ကြိမ်နှုန်းနဲ့ ပုံမှန်ဆေးနေရတာပေါ့လေ။ ဒီလိုနဲ့ ၁၄.၁၀.၁၃ ရက်နေ့ ည ၇း၂၀ နာရီကနေ ၁၁း၂၀ နာရီအထိ နဝမအကြိမ်မြောက် ကျောက်ကပ်ဆေးကြောရပြန်ပါတယ်။ စက်နံပါတ်က F-13 ဖြစ်ပြီး တာဝန်ခံဆရာဝန်မက ဒေါက်တာဒေါ်ခင်သန်းဝင်း ဖြစ်ပါတယ်။ အဲဒီနေ့ သွေးစစ်ရပါတယ်။

၁၇.၁၀.၁၃ ရက်နေ့ညမှာ မဂိုလမ်း၊ ရွှေနဒီဆေးခန်းမှာ ထိုင်တဲ့ အကြောဆရာ ဒေါက်တာဦးခင်မောင်လွင်ဆီ အေးကို သားငယ်မိုလ်နဲ့အတူ ခေါ်သွားပြီး ပြသရပါတယ်။ ဒါဟာ ဒုတိယအကြိမ်ပါ။ ဆရာက အကြောမွေးထားတဲ့ လက်ဝဲလက်ကောက်ဝတ်က အနာကျက်နေပြီဖြစ်လို့ ပတ်တီးဖြုတ်ပေးလိုက်ပါတယ်။ သောက်ဆေး ငါးရက်စာ ရေးပေးပြီး နောက်နှစ်ပတ်ကြာရင် ပြန်ပြဖို့ ချိန်းလိုက်ပါတယ်။

၁၈.၁၀.၁၃ ရက် နေ့လယ် ၁း၂၀ က ၅း၂၀ နာရီအထိ ဒသမအကြိမ် ကျောက်ကပ်ဆေးကြောရပါတယ်။ အဲဒီနေ့က သားကြီးမျိုး မအားလို့ အေးရဲ့မောင်ငယ် ကိုတင်အောင်လင်း အဖော်လိုက်လာပေးတယ်ဗျ။ အဲဒီနေ့က စက်နံပါတ်(၁၁)ဖြစ်ပြီး တာဝန်ခံဆရာဝန်က ဒေါက်တာဒေါ်ခင်သန်းဝင်းပါပဲ။

ထူးခြားတာကတော့ အေးဟာ Dialysis လုပ်နေတဲ့ လေးနာရီလုံးလုံး ဘာလက္ခဏာမှမပြတဲ့ သက်သောင့်သက်သာ အဆေးခံနေခဲ့ပေမယ့် ပြီးဖို့ ၁၅ မိနစ်လောက် အလိုကျမှ အေးတစ်ကိုယ်လုံး ချမ်းတုန်လာတာပါပဲ။

ကိုယ်နဲ့ ကိုလင်းတို့ အေးရဲ့ ခြေသလုံးတွေကို နှိပ်နယ်ပေးရသလို၊ ဆရာမတွေက အောက်စီဂျင်ပိုက်တပ်ရှူခိုင်းပြီး ကလူးကိုစ်သွင်းပြီး ခုတင်အောက်ပိုင်းကို နည်းနည်းမြင့်တင်ပေးလိုက်ကြတာကြောင့် ခဏအကြာမှာ ပုံမှန်အဝင်း ပြန်ဖြစ်သွားခဲ့ပါတယ်။

နောက်ထူးခြားတာတစ်ခုက အလာတုန်းက ဆေးရုံမြေအောက်ခန်းက စီးလာတဲ့ Wheel Chair ဟာ ပြန်ဆင်းမယ်အလုပ်မှာ ပျောက်နေတာပါပဲ။ အမှန်တော့ ဘီးတပ်ကုလားထိုင်နဲ့ တက်လာကြတဲ့ ဝေဒနာရှင်တွေဟာ သူတို့ယူလာတဲ့ ဘီးတပ်ကုလားထိုင်တွေကို (H.D)အဝင်ဝမှာ မှတ်မှတ်သားသား ထားခဲ့ကြတာပါ။ ကျောက်ကပ်ဆေးပြီးရင် အဲဒီ

---

ကိုယ်သတိထားမိသလောက်

အေးဟာ စက်နံပါတ် ၄၊ ၁၃၊ ၂၂

ကျတဲ့နေ့တွေမှာ

ကျောက်ကပ်ဆေးနေရင်း

ချမ်းတုန်တာတို့၊ အန်တာတို့

တစ်ခုခုဖြစ်တတ်ပါတယ်။ သချာ

သဘောအရ အေးနဲ့ (၄)ဂဏန်းနဲ့

မတည့်တဲ့သဘော တွေ့ရပါတယ်။

---

ဘီးတပ်ကုလားထိုင်တွေနဲ့ပဲ ဓာတ်လှေကားကတစ်ဆင့် မြေအောက်ခန်း(B)အထိ ပြန်ဆင်းတတ်ကြပါတယ်။

ခု ကိုယ်အေးကိုတွန်းခေါ်လာတဲ့ ဘီးတပ်ကုလားထိုင် ပျောက်နေတာကြည့်ရတာ အတက်တုန်းက ဒီအတိုင်း လူချည်းတက်လာတဲ့ လူနာဟာ ကျောက်ကပ်ဆေးပြီးခါမှ နေမကောင်းဖြစ်တာနဲ့ အလွယ်တွေ့တဲ့ ကိုယ်တို့ ဘီးတပ်ကုလားထိုင်ကို အချောင်ယူသုံးခဲ့လို့ ဖြစ်ပါလိမ့်မယ်။

ဒါကတော့ ဆေးရုံမှာတင် မဟုတ်ပါဘူး။ လူ့အသိုင်းအဝိုင်းရဲ့ ဘယ်နေရာမှာမဆို စည်းကမ်းဖောက်တဲ့လူတစ်ယောက် ပေါ်လာရင် ကျန်တဲ့လူတစ်ယောက်အတွက် အလိုအလျောက် နစ်နာရတာ မမွှတာပါပဲ။

အေးက အဲဒီနေ့အပြန်မှာ ကိုယ်မြေအောက်ခန်းဆင်းပြီး ဘီးတပ်ကုလားထိုင်အသစ် သွားယူမှာကို ငြင်းဆိုပြီး ဒီအတိုင်း လမ်းလျှောက်ပြီး ဓာတ်လှေကားနဲ့ (B)အထိ ပြန်ဆင်းခဲ့ပါတယ်။ အဲဒီညနေ ၆း၃၀ နာရီ အိမ်ပြန်ရောက်ကြပါတယ်။ ဒီနေ့တော့ အေးအတော်လေး နေကောင်းနေတာ တွေ့ရပါတယ်။

နောက်တစ်ကြိမ် Dialysis လုပ်ရမယ့်နေ့ကို ၂၂.၁၀.၁၃၊ အင်္ဂါနေ့ ည ၇ နာရီလို့ ရက်ချိန်းပေးလိုက်ပါတယ်။ ၁၉.၁၀.၁၃ ရက်နေ့ ည ၇ နာရီ အာရှတော်ဝင်ဆေးရုံမှာ ပါမောက္ခဦးခင်မောင်ဌေးနဲ့ တတိယအကြိမ် ပြရပြန်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ဆရာက ယခင်အပတ် သွေးစစ်ထားတဲ့ အဖြေကိုကြည့်ပြီး ဆီးဆိပ်နည်းနည်းများနေကြောင်းပြောပြီး သွေးနှစ်မျိုးထပ်စစ်ပြီး နောက်အပတ်ပြန်ပြဖို့ ပြောပါတယ်။ သောက်ဆေးတစ်ပတ်စာလည်း ရေးပေးလိုက်ပါတယ်။ အောက်ထပ်မှာ ဆေးဝယ်ရင်း နောက်တစ်ပတ် ၂၆-၁၀-၁၃၊ စနေနေ့အတွက် Booking လုပ်တော့ တိုကင်နံပါတ်(၁၁) ရပါတယ်။ (တိုကင်နံပါတ်တွေက တစ်ပတ်ကို ၆၀-၇၀ လောက်အထိ ရှိတတ်ပါတယ်။)

၂၂-၁၀-၁၃ မှာတော့ ည ၇း၃၀ နာရီက ည ၁၁း၃၀ နာရီအထိ ၁၁ ကြိမ်မြောက် Dialysis လုပ်ရပြန်ပါတယ်။ စက်နံပါတ်က ၁၃ ပါ။ အဲဒီနေ့ သားကြီးမျိုးလည်း ပါပါတယ်။ ထူးခြားတာက စဆေးကတည်းက တစ်ချိန်လုံး သက်သောင့်သက်သာရှိနေခဲ့တဲ့ အေးဟာ ပြီးဖို့ ၁၅ မိနစ်လောက်အလိုမှာ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလာလို့ ဆရာမတွေ ချက်ချင်းရောက်လာပြီး ဆေးသွင်းရပါသေးတယ်။ ကျောက်ကပ်ကိုလည်း ဆက်မဆေးစေတော့ဘဲ အချိန်မပြည့်ခင် စက်ပိတ်လိုက်ကြပါတယ်။

ကိုယ်သတိထားမိသလောက် အေးဟာ စက်နံပါတ် ၄၊ ၁၃၊ ၂၂ ကျတဲ့နေ့တွေမှာ ကျောက်ကပ်ဆေးနေရင်း ချမ်းတုန်တာတို့ အန်တာတို့ တစ်ခုခုဖြစ်တတ်ပါတယ်။ သင်္ချာသဘောအရ အေးနဲ့ (၄)ဂဏန်းနဲ့ မတည့်တဲ့သဘော တွေ့ရပါတယ်။ ဒါကို တိုက်ဆိုင်မှုလို့ ဆိုနိုင်ပေမယ့် အဲ့ဒီ (၄) ဂဏန်းကျတဲ့နေ့မျိုးနဲ့ ကြုံရင် တစ်ခုခုဖြစ်တတ်တာကတော့ လက်တွေ့ပါပဲ။

နောက်တစ်ကြိမ် ကျောက်ကပ်ဆေးရမယ့်နေ့ကို ၂၅-၁၀-၁၃ ရက်နေ့ ည ၇ နာရီလို့ သတ်မှတ်ပေးလိုက်ပါတယ်။ အေးကတော့ ကြားရက်တွေမှာ အတော်နေကောင်းလာတဲ့အပြင် ဆီးတွေပါ ပုံမှန်ပြန်သွားလာနိုင်ပါတယ်။ စားလို့ကောင်းလာသလို အိပ်လို့လည်း ကောင်းလာပါတယ်။

ဒါပေမယ့် အရေးကြီးတဲ့ ပြဿနာတစ်ခုက ပေါ်လာပါတော့တယ်။ ဒါကလည်း နဂိုကတည်းက မျှော်လင့်ထားခဲ့ပြီးသားပါ။ တခြားတော့ မဟုတ်ပါဘူး။ အေးကို အရေးပေါ်ဆေးရုံပို့တာကအစ၊ ဆေးရုံတင်ရတာ၊ လည်ပင်းမှာ Nick Line ဖောက်ဖို့ ခွဲစိတ်ရတာ၊ လက်ကောက်ဝတ်မှာ အကြောမွေးဖို့ ခွဲစိတ်ရတာ၊ တစ်ပတ်ကို နှစ်ကြိမ် ကျောက်ကပ်မှန်မှန်ဆေးနေရတာတွေ အားလုံးကို သမီးကြီး ထက်ထက်နိုင်တစ်ယောက်ကပဲ နိုင်ခံပြီး ကုန်ကျစရိတ် စိုက်ထုတ်ပေးနေခဲ့တာပါ။

အခု ၁၁ ကြိမ်မြောက် Dialysis လုပ်ပြီးတဲ့အခါမှာတော့ သမီးကြီးဆီက အသံထွက်လာပါတော့တယ်။ ရေရှည် ကျောက်ကပ်ဆေးဖို့ သူတတ်နိုင်မှာ မဟုတ်တော့ဘူးတဲ့။ ဒါကတော့ သဘာဝကျပါတယ်။ သူ့မှာလည်း အရင်က စီးပွားရေးအဆင်ပြေတုန်းက စုဆောင်းထားခဲ့တဲ့ ငွေတွေကုန်ခန်းသွားတဲ့အပြင် သူ့လည်ပင်းမှာလည်း ရွှေဆွဲကြိုးမရှိတော့ပါဘူး။

ခက်တာက အဲဒီအချိန်မှာ ကိုယ်ရော၊ အေးပါ ပင်စင်စား ဝန်ထမ်းတွေဖြစ်နေပြီး သားနှစ်ယောက်ကလည်း သာမန်ကုမ္ပဏီနဲ့ အဖွဲ့အစည်းက ဝန်ထမ်းတွေဖြစ်နေပါတယ်။ အေးရဲ့ မောင်၊ ညီမတွေထဲမှာ ညွှန်ကြားရေးမှူး၊ ပြည်နယ်ဦးစီးမှူးနဲ့ ပါမောက္ခ စတဲ့ ရာထူးကြီးတွေ ရှိကြပေမယ့်လည်း တကယ်တော့ သူတို့ဟာလည်း လခစား အစိုးရဝန်ထမ်းတွေပါပဲ။

ဒီတော့ အဆင်ပြေတဲ့အခါ တစ်သောင်းမျိုး၊ နှစ်သောင်းမျိုး ထောက်ပံ့နိုင်ကြပေမယ့် ကျောက်ကပ်တစ်ကြိမ်ဆေးခ ငွေကျပ်ခုနစ်သောင်းလောက်အထိတော့ ဘယ်သူမှ လုံးခန်း မထောက်ပံ့နိုင်ကြရှာပါဘူး။

ပြဿနာက ကျောက်ကပ်ဆေးတဲ့ကိစ္စက ငွေကြေးအဆင်မပြေသေးလို့ဆိုပြီး ခေတ္တခဏ ရပ်ဆိုင်းထားလို့ရတာမျိုးမဟုတ်ဘူးလေ။ ရပ်လိုက်တာနဲ့ ဆီးဆိပ်က နှလုံးအထိတက်သွားပြီး အသက်အန္တရာယ်အထိ ဖြစ်လာနိုင်တာမျိုးနော်။

ဒီတော့ ဘယ်လိုဆက်လုပ်ကြမလဲ။

လိုအပ်တဲ့ ငွေကြေးကို ဘယ်လိုဆက်ရှာကြမလဲ။

သားအဖိ၊ သားအဖ ငါးယောက် ခေါင်းချင်းဆိုင်ပြီး အရေးပေါ် အစည်းအဝေးထိုင်ကြရတာပေါ့ဗျာ။

*(ဆက်လက်ဖော်ပြပါမည်။)*

ဗဟိုငြေ



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ငါးဖမ်းလှေ ဂျပန်နိုင်ငံပိုင် အိုကီနာဝါငါးဖမ်းကျွန်း ပင်လယ်ရေရပ်ဝန်းဒေသသို့ ကျူးကျော်ဝင်ရောက်၍ အဖမ်းခံ၊ အပြစ်ဒဏ်အပေးခံရခြင်း

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)




တရုတ်ငါးဖမ်းလှေသူကြီး မစ္စတာပိချန်လုံး အသက် ၆၃ နှစ်အား တရားရုံးရှေ့တွင် တွေ့ရစဉ်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့က တရုတ်ငါးဖမ်းလှေတစ်စီးသည် ဂျပန်နိုင်ငံပိုင် အိုကီနာဝါ ငါးဖမ်းကျွန်း၊ ပင်လယ်ရေရပ်ဝန်းဒေသသို့ ကျူးကျော်ဝင်ရောက်ပြီး သန္တာကောင်များကိုဖမ်းဆီးခဲ့ရာ ဂျပန်ရေကြောင်းတာဝန်ရှိသူက တွေ့ရှိသတိပေး မောင်းနှင်ထုတ်ခဲ့သော်လည်း ဆုတ်ခွာခြင်းမရှိသဖြင့် တရုတ်ငါးဖမ်းလှေ (F 8139) ငါးဖမ်းသမားများနှင့်အတူ သန္တာကောင်များတို့အား ဖမ်းဆီးသိမ်းဆည်းခဲ့၏။ ယင်းတရုတ်ငါးဖမ်းလှေသူကြီး မစ္စတာပိချန်လုံး၊ အသက် ၆၃ နှစ်၊ လှေသားနှစ်ဦးတို့ကို ဖမ်းဆီး ရုံးတင် စစ်ဆေးခဲ့ရာ ပြစ်မှုကို ဝန်ခံခဲ့၍ ငွေဒဏ်အဖြစ် ဂျပန်ယန်းငွေ ၄၀၀၀၀၀၀ (U.$ 4300) ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည် ဆိုပါသည်။ တရုတ်ငါးဖမ်းသမားလှေသူကြီးက ငွေဒဏ်များ ပေးဆောင်ခဲ့ရာ လှေသူကြီးနှင့်အတူ လှေသား ၁၃ ဦးတို့အား အပြီးအပြတ် လွှတ်ပေးခဲ့၏။

(မှတ်ချက် ။ ဂျပန်နိုင်ငံဆိုင်ရာ တရုတ်နီကောင်စစ်ဝန်ရုံးနှင့် ညှိနှိုင်းချက်အရ အမိန့်ချမှတ်ခဲ့၏။)

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**

**The Internation Chinese News Weekly (2014, May 14)**



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**သား အိမ်ရောင်းမှာကို ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု ပုဒ်မဖြင့် တရားစွဲလို့ ရမလား။**

ဆရာရှင့် . . .

ကျွန်မက မုဆိုးမတစ်ယောက် ဖြစ်ပါတယ်။ သားသမီး သုံးယောက်ရှိပါတယ်။ ခင်ပွန်းသည်ရှိစဉ်ကပင် သားသမီးများကို ပညာတတ်အောင် သင်ပေးခဲ့၍ အိမ်ထောင်အသီးသီး ကျသောအခါမှာလည်း တစ်အိုးတစ်အိမ် ထူထောင်ပေးထားခဲ့ပါသည်။

တစ်နေ့ကတော့ သတင်းဆိုးတစ်ခု ကြားရပါတယ်။ သားကြီးဖြစ်သူက မိဘအမည်ပေါက်နဲ့ထားခဲ့တဲ့ အိမ်ကို ရောင်းချဖို့ စီစဉ်နေကြောင်း။ စရန်ငွေများပင် လက်ခံထားပြီးဖြစ်ကြောင်း သိရတာပါ။ ကျွန်မချက်ချင်းလိုက်သွားပြီး မိဘလက်ငုတ်အိမ်ကို မရောင်းဖို့တားပါတယ်။ ယူထားတဲ့စရန်ငွေတွေကိုလည်း ပြန်ပေးလိုက်ဖို့ ပြောပါတယ်။

သားကြီးက လက်မခံပါ။ သူ့မှာ စီးပွားရေးမပြေလည်လို့ အိမ်ကိုရောင်းမှုဖြစ်မယ်လို့ တင်းခံနေပါတယ်။ ဒါကြောင့် ကျွန်မနဲ့ရင်းနှီးတဲ့ အထက်တန်းရှေ့နေတစ်ယောက်ငှားပြီး ရုံးတော်မှာ ပုဒ်မ(၄၀၆) ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုနဲ့ တရားစွဲပါတယ်။

အဲဒီမှာ သားကြီးကလည်း မခံဘဲ ရှေ့နေငှားပြီး ပြန်ထုချေပါတယ်။ သူ့ရှေ့နေက တရားရုံးချုပ်ရှေ့နေ ဖြစ်နေတော့ ကျွန်မငှားထားတဲ့ အထက်တန်းရှေ့နေထက် ပညာရော၊ အတွေ့အကြုံပါ ဝါရင့်တဲ့ ပုဂ္ဂိုလ်ပါ။ သူက တရားရုံးတော်မှာ အိမ်ဟာ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းဖြစ်တာကြောင့် ကိုယ်ကျိုးအလွဲသုံးလို့မရသဖြင့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုပုဒ်မ(၄၀၆)နဲ့ အရေးယူလို့မရကြောင်း။ အကယ်၍ အိမ်ကို မိုးထားသည့် သွပ်များကိုခွာပြီးဖြစ်စေ၊ အခင်းအကာများ၊ အိမ်တိုင်များ စသည်တို့ကို တစ်စစီဖျက်၍ဖြစ်စေ ပြုလုပ်ခဲ့ပါမှ ရွှေ့ပြောင်း၍ရမည်ဖြစ်သဖြင့် အဆိုပါပုဒ်မဖြင့် အရေးယူနိုင်မည်ဖြစ်ကြောင်း၊ ယခု ယင်းအခြေအနေ မရောက်သေး၍ ပုဒ်မ(၄၀၆)ဖြင့် တရားစွဲလို့မရကြောင်း လျှောက်ထားခဲ့ပါသည်။

ရုံးတော်က ကျွန်မတို့ဘက်က လျှောက်လဲရန် ရမန်ကြီးတစ်ပတ်ကြာ ရုံးချိန်းပေးလိုက်ပါတယ်။

ဒါကြောင့်မို့ ဆရာရှင့် . . .

ကျွန်မအရေးတကြီးသိချင်တာက ကျွန်မက သားကြီး အိမ်ရောင်းမယ့်ကိစ္စကို တစ်ဖက်က ရှေ့နေပြောသလို တကယ်ပဲ ပုဒ်မ(၄၀၆)နဲ့ တရားစွဲဆိုလို့ မရနိုင်ဘူးလားရှင့်။ ဒါဆို ဘယ်လိုပုဒ်မမျိုးနဲ့ တရားစွဲဆိုရမလဲ ဆရာ။

ဒီအဖြေကို အမြန်ဆုံးဖြေကြားပေးဖို့ အနူးအညွတ်မေတ္တာရပ်ခံလိုက်ပါရစေရှင့်။

အစဉ်လေးစားလျက်
ဒေါ်တင်ကြည်
အမှတ်(၁၀)ရပ်ကွက်၊ ရွှေခင်းသာလမ်း၊ သာကေတမြို့။

ဒေါ်တင်ကြည်ခင်ဗျား . . .

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ ရဲ့ ဥပမာ(က)မှာ -

"မောင်ဖြူသည် သေသူတစ်ဦး၏ အမွေပစ္စည်းကို ပစ္စည်းထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခံရသည် ဖြစ်၏။ သို့ရာတွင် အမွေပစ္စည်းအရပ်ရပ်ကို သေတမ်းစာအရ ခွဲဝေပေးရန် ညွှန်ကြားထားသည့်ဥပဒေကို မရိုးမဖြောင့်သောသဘောဖြင့် ဖီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို မိမိပစ္စည်းအဖြစ် သုံးစွဲလိုက်၏။ မောင်ဖြူသည် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်သည်" လို့ ဖော်ပြထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဤဥပမာအရ မရွှေ့ပြောင်းနိုင်သောပစ္စည်းကို ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု ကျူးလွန်နိုင်သည်ဟု ဆိုလိုသည်။ ထို့ပြင် ပြစ်မှုဆိုင်ရာဥပဒေ-၃၈၃၊ ၄၀၅၊ ၄၂၅ တို့တွင် ပါရှိသည့် ပစ္စည်းတစ်ခုခု (Any Property) ဆိုသော စကားရပ်သည် မရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုရော၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုပါ ရည်ညွှန်းကြောင်း ယုံမှားဖွယ်မရှိချေ။

အဆိုပါ ပြဋ္ဌာန်းချက်များအရ ပုဒ်မ-၄၀၅ ပါ ပစ္စည်းဆိုသည်မှာ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း နှစ်မျိုးလုံးကို ဆိုလိုပါသည်။

ဒါ့ကြောင့်မို့ ဒေါ်တင်ကြည်အနေနဲ့ သားကြီး မိဘအမည်ပေါက်အိမ်ကို ရောင်းချမယ့်ကိစ္စကို ပုဒ်မ(၄၀၆) ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုနဲ့ အတိအလင်း တရားစွဲဆိုနိုင်ပါကြောင်း ဖြေကြားလိုက်ပါတယ်။

## မိသားစုပင်စင် တင်ပြရန် ဘယ်လိုသေစာရင်းမျိုး ဖြစ်ရမည်လဲ

ဆရာခင်ဗျား…

ကျွန်တော်ဟာ ဦးစီးဌာနတစ်ခုက အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သလို၊ ကျွန်တော့်ဇနီးသည်ကလည်း ပညာရေးဝန်ထမ်း အငြိမ်းစားကျောင်းဆရာမတစ်ဦး ဖြစ်ပါတယ်။

ဇနီးဖြစ်သူဟာ မကြာသေးမီက လူကြီးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က ကျန်ရစ်သူခင်ပွန်းတစ်ယောက်အနေနဲ့ ရပိုင်ခွင့်ရှိတဲ့ မိသားစုပင်စင် ရရှိရေး သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးမှာ လျှောက်ထားဖို့ မေးမြန်းစုံစမ်းရပါတယ်။

မြို့နယ်ရုံးက သေစာရင်းမူရင်း၊ အိမ်ထောင်စုစာရင်းမူရင်း/မိတ္တူ၊ တရားဝင်ခင်ပွန်းဖြစ်ကြောင်းနှင့် နောက်အိမ်ထောင်မပြုရသေးကြောင်း ရပ်ကွက်ထောက်ခံစာမူရင်း၊ မှတ်ပုံတင်မူရင်း/မိတ္တူ၊ ပင်စင်စာအုပ်မူရင်း/မိတ္တူ၊ ခင်ပွန်းဓာတ်ပုံ ခြောက်ပုံ စသည်တို့နဲ့ ပူးတွဲလျှောက်ထားဖို့ ပြောပါတယ်။

အဲဒီမှာ သေစာရင်းကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အမျိုးအစားနဲ့ တင်ပြလာမှ လက်ခံမယ်လို့ မှာလိုက်ပါတယ်။ ဒီနေရာမှာ ကျွန်တော်မရှင်းတာက သေစာရင်းဆိုတာ သက်ဆိုင်ရာမြို့နယ် ဖွားသေစာရင်းဌာနက ထုတ်ပေးတဲ့ လက်မှတ်ကို ဆိုလိုတာမဟုတ်လားဗျာ။ တခြား သတ်မှတ်ပြဋ္ဌာန်းထားတဲ့ သေစာရင်းအမျိုးအစားတွေများ ရှိနေသေးလို့လားခင်ဗျာ။

ဒီအဖြေကို ပြစ်မှုမဂ္ဂဇင်းကတစ်ဆင့် တတ်နိုင်သမျှ မြန်မြန်ဖြေကြားပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
**ဦးလှမောင်**
ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏအိမ်ရာ၊ ရန်ကုန်မြို့။

ဦးလှမောင်ခင်ဗျား…

မိသားစုပင်စင်နဲ့ ပတ်သက်ပြီး ငွေစာရင်းမင်းကြီးရုံးက ၁၄-၃-၁၉၇၂ နေ့စွဲပါစာနဲ့ သတ်မှတ်ပေးထားတဲ့ သေစာရင်းသုံးမျိုး ရှိပါတယ်။ အဲဒီသုံးမျိုးအနက် သေဆုံးတဲ့ နေရာဌာနအလိုက် သတ်မှတ်ထားတဲ့ သေစာရင်းတစ်မျိုးမျိုးနဲ့ ပူးတွဲတင်ပြမှသာ မိသားစုပင်စင် တွက်ချက်ရာမှာ အခက်အခဲမရှိ လွယ်ကူစွာ တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီ သေစာရင်းသုံးမျိုးကတော့ -

(၁) ဖွားသေဌာနက ထုတ်ပေးတဲ့ သေစာရင်း မှတ်ပုံတင်လက်မှတ် မူရင်း။

(၂) ဆေးရုံတွင် သေဆုံးပါက ဆေးရုံကထုတ်ပေးတဲ့ သေစာရင်းလက်မှတ် မူရင်း။

(၃) မှုခင်းဆိုင်ရာ ဆရာဝန်ကြီးရဲ့ သေစာရင်းလက်မှတ် မူရင်း။

ကဲ…ဒီတော့ ဦးလှမောင်ရေ…

ဇနီးသည် ဘယ်မှာကွယ်လွန်ခဲ့တာလဲ။ အိမ်မှာလား။ ဆေးရုံမှာလား။ သေဆုံးခဲ့တဲ့နေရာဒေသက ထုတ်ပေးတဲ့ သေစာရင်းလက်မှတ် မူရင်းနဲ့ မိသားစုပင်စင်အမှုတွဲမှာ ပူးတွဲတင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။

ဒီလောက်ဆို နားလည်သဘောပေါက်ပြီလို့ ယူဆပါတယ်။

အောင်မြင်ပါစေ…

**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူနာပြုဆရာမ ပျောက်ဆုံးမှု

ဦးဦးသိန်း

နာမကျန်းဖြစ်နေသော သူဌေး ဦးဝင်းကို ပြုစုရန် အတူနေသမီး ဒေါ်ဆွေဆွေသည် အငြိမ်းစား သူနာပြုဆရာမ ဒေါ်ရင်မြင့်ကို နေ့ရော ညပါ ငှားထားလိုက်သည်။

ဦးဝင်းတွင် သားတစ်ယောက်၊ သမီးတစ်ယောက်သာရှိသည်။ သားဖြစ်သူ မောင်ထွန်းသာမှာ ပေတေဆိုးသွမ်းလွန်းသောကြောင့် ဦးဝင်းသည် လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်က အိမ်မှနှင်လိုက်ပြီး အမွေဖြတ်သားအဖြစ်ကြေညာလိုက်သည်။

မောင်ထွန်းသာသည် သူ၏ အပေါင်းအသင်းအချို့နှင့် နယ်ခြားတစ်နေရာသို့ ထွက်သွားပြီး ထိုမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ရောက်သွားသည်ဟု သိရသည်။

ဦးဝင်း၏ဇနီးမှာ သားဇောဖြင့် လွန်ခဲ့သော ငါးနှစ်ခန့်က ကွယ်လွန်သွားသည်။

ဦးဝင်းသည် သူ၏အိမ်တွင် သမီးဒေါ်ဆွေဆွေနှင့် သမက်ဦးကျော်နီတို့နှင့် အတူတူနေရာမှ လွန်ခဲ့သော ခြောက်လခန့်မှစ၍ နာမကျန်းဖြစ်လာရာ ဆရာဝန်က လူမမာကို နေ့ရော ညပါပြုစုရန် သူနာပြုငှားရန် ပြောသောကြောင့် ဒေါ်ဆွေဆွေသည် သူနာပြုဆရာမလောင်း ဒေါ်ရင်မြင့်ကို ငှားလိုက်သည်။ ဒေါ်ရင်မြင့်သည် ဦးဝင်း၏အိမ်၌ပင်နေရသည်။

ဒေါ်ရင်မြင့်သည် လူမမာကို ပြုစုတွေ့မွေးသည့် အလုပ်အပြင် သတင်းစာဖတ်ဝါသနာပါသောဦးဝင်းအား နံနက်စာကျွေးပြီးတိုင်း သတင်းစာကို အစအဆုံးဖတ်ပြရသည်။

ဦးဝင်း၏ရောဂါမှာ တဖြည်းဖြည်း သက်သာလာသည်။ သို့သော်လည်း ဦးဝင်းသည် ဒေါ်ရင်မြင့်ကို ဆက်လက်ငှားထားသည်။

တစ်နေ့နံနက်တွင် သတင်းစာထဲ၌ ----နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့တစ်ဖွဲ့ မြန်မာပြည်သို့ ပြန်လာသည့်သတင်းနှင့် ဓာတ်ပုံပါလာသည်။ ထိုအဖွဲ့၏ ဒုတိယခေါင်းဆောင်မှာ ဦးထွန်းသာဖြစ်သည်။

ထိုသတင်းကို နားထောင်လိုက်ရသော ဦးဝင်းသည် ဒေါ်ရင်မြင့်ထံမှ သတင်းစာကိုယူ၍ သားဖြစ်သူဓာတ်ပုံကို အကြာကြီး စိုက်ကြည့်လိုက်၏။ မျက်ရည်များပင် စို့လာသည်။

"ငါ အမွေဖြတ်လိုက်တဲ့သားခုတော့ လူလိမ္မာဖြစ်သွားပြီကိုး"ဟု အသံထွက်သွားသည်။

အထက်ပါ ဖြစ်ရပ်များကို ဒေါ်ရင်မြင့်သည် ဒေါ်ဆွေဆွေကို ပြန်ပြောသောအခါ ဒေါ်ဆွေဆွေ မျက်နှာ အမူအရာပြောင်းသွားကြောင်း ဒေါ်ရင်မြင့် သတိပြုလိုက်မိသည်။

ဦးဝင်းသည် သူသေလျှင် သူ၏ပိုင်ဆိုင်မှုများအားလုံးကို သမီးနှင့်သမက်အား လွှဲပေးရန် ဆောင်ရွက်ထားပြီးဖြစ်သည်။

နောက်တစ်နေ့ထုတ် သတင်းစာများတွင် စီးပွားရေးအဖွဲ့ ဒုတိယခေါင်းဆောင်မှာ ရန်ကုန်မှဦးဝင်း၏ သားဖြစ်ကြောင်း သတင်းစာများတွင် ပါလာ၏။ ထိုသတင်းစာများကို ဦးဝင်းထံမပို့မီ ဒေါ်ဆွေဆွေက ဦးစွာဖတ်ပြီး ဒေါ်ရင်မြင့်အား –

"ဆရာမ ဦးထွန်းသာသတင်းကို ကျော်ဖတ်ပေးပါ"

ဟု ပြောရင်း စာအိတ်ထူထူတစ်အိတ်ကို ဒေါ်ရင်မြင့်လက်ထဲ ထည့်လိုက်သည်။

စာအိတ်ထဲ၌ ငွေများပါ၍ ဒေါ်ရင်မြင့်ပျော်သွားသည်။ ဘားအံတွင် အိမ်ဝယ်ရန် ငွေလိုနေစဉ် ယခုလို ငွေများရလိုက်၍ ဒေါ်ရင်မြင့် ပျော်သွားသည်။

သတင်းစာကို ဖတ်ပြသောအခါ ဦးထွန်းသာသတင်းကို ကျော်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"ငါ့သားသတင်း မပါဘူးလား"

"ဒီနေ့ မပါဘူး"

ဒေါ်ရင်မြင့်က ဖြေသည်။

ထိုနေ့ညတွင် ဦးဝင်းအိမ်မှ တယ်လီဖုန်းအသံ မြည်လာရာ ဒေါ်ဆွေဆွေက ကောက်ယူနားထောင်လိုက်သည်။

"ကျွန်တော် ထွန်းသာပါမမ"

ဟု အစချီကာ သူသည် အဖေနှင့်အမေတို့ကို သတိရကြောင်း၊ အမေ ဆုံးသွားသည်ကို သိပါကြောင်း ယခု သူသည် လူဆိုးလူတေ မဟုတ်တော့ပါ။ အဖွဲ့သားများနှင့်အတူ ကမ်းနားဟိုတယ်၌ တည်းခိုနေပါသည်။ အဖေ့ကို မနက်ဖြန် လာကန်တော့မည်"

ဟု ပြောပြီး ဖုန်းချသွားသည်။

ဒေါ်ဆွေဆွေသည် မောင်ဖြစ်သူ ဖုန်းဆက်သည့်အကြောင်းကို ခင်ပွန်းဦးကျော်နီကို ပြောပြသည်။

"အဖေ့ကို အသိမပေးနဲ့"

ဦးကျော်နီက ပြောသည်။

"ဟုတ်တယ် . . အသိပေးလို့ မဖြစ်ဘူး"

ဒေါ်ဆွေဆွေကလည်း သဘောတူသည်။

ထိုည ၈ နာရီသာသာ၌ ဦးထွန်းသာသည် ဖခင်ဦးဝင်းနေထိုင်ရာ ဦးဝိစာရလမ်းရှိအိမ်သို့ ရုတ်တရက် ရောက်လာသည်။ အချိန်နည်းနည်း ရလို့ လာတယ်ဟုပြောရင်း ဖခင်ကို ဝင်တွေ့ပြီး ကန်တော့သည်။

"သားရဲ့မိုက်ပြစ်တွေကို ခွင့်လွှတ်ပါ။ သားအခု အရင်လို မဆိုးမမိုက်တော့ပါဘူး"

ဟု ကန်တော့ရင်း ပြောရာ ဦးဝင်းသည် သားလက်ကိုကိုင်၍ မျက်ရည်များကျလာသည်။

"သား မပြန်ခင် လာပါဦးမယ်"

ဟုပြောပြီး အိမ်သားများအားလုံးကို နှုတ်ဆက်သည်။ သူနာပြု ဒေါ်ရင်မြင့်ကိုလည်း ဖခင်ကို ပြုစုပေးသည့်အတွက် ကျေးဇူးတင်စကား ပြောသွားသည်။

နောက်တစ်နေ့ . . .

ဦးဝင်းသည် ဒေါ်ရင်မြင့်အား

"ငါ့ ရှေ့နေ ဦးအေးထံဖုန်းဆက်ပါ။ ငါတွေ့ချင်တယ်လို့ပြောပါ"

ဟု ဖုန်းဆက်ခိုင်းသည်။

ထိုအကြောင်းကို ဒေါ်ရင်မြင့်က ဒေါ်ဆွေဆွေကို ပြောပြရာ ဒေါ်ဆွေဆွေမျက်နှာပေါ်တွင် စိုးရိမ်စိတ်များ လွှမ်းသွားသည်ကို ဒေါ်ရင်မြင့် သတိထားလိုက်မိသည်။

"ကျွန်မ ဦးအေးထံ ဖုန်းဆက်လိုက်မယ်"

ဒေါ်ဆွေဆွေက ဒေါ်ရင်မြင့်ကိုပြောသည်။

ဒေါ်ဆွေဆွေသည် ဦးအေးထံ ဖုန်းမဆက်ဘဲ ဒေါ်ရင်မြင့်အား

"ဦးအေးကပြောတယ်။ ကနေ့ မအားလို့ မနက်ဖြန်မှလာမယ်တဲ့"

ဟုပြောရာ ဒေါ်ရင်မြင့်က ဦးဝင်းကို ထိုအကြောင်း ပြန်ပြောပြသည်။

ထိုညတွင် . . .

ဒေါ်ရင်မြင့်သည် ဦးဝင်းကို ညဆေးများတိုက်ပြီး ဦးဝင်းအိပ်ပျော်သောအခါမှ ဦးဝင်းနှင့်တပ်လျက်ရှိသော သူ့အခန်းထဲသို့ဝင်ပြီး အနားယူသည်။

ညသန်းခေါင်ကျော်တွင် ဒေါ်ရင်မြင့်သည် ဦးဝင်းအခန်းဘက်မှ ခြေသံကြား၍ လန့်နိုးပြီး ကမန်းကတန်းထ၍ ဦးဝင်းအခန်းသို့သွားပြီး မီးဖွင့်လိုက်သည်။

ဒေါ်ဆွေဆွေတို့ လင်မယားနှစ်ယောက် ဦးဝင်း၏မျက်နှာကို ခေါင်းအုံးဖြင့်ဖိထားကြသည်ကို တွေ့ရသည်။

"ဘာလုပ်ကြတာလဲ"

ဒေါ်ရင်မြင့်သည် အော်ပြောရင်း မျက်နှာပေါ်မှ ခေါင်းအုံးကို အတင်းဆွဲဖယ်စဉ် ဦးကျော်နီသည် ဒေါ်ရင်မြင့်ကို လက်သီးဖြင့်ထိုးရင်း တွန်းလှဲလိုက်သည်။ လဲကျသွားသော ဒေါ်ရင်မြင့်၏လည်ပင်းကို ဦးကျော်နီသည် သူ၏လက်နှစ်ဖက်ဖြင့် ညှစ်လိုက်သည်။

ခဏအကြာ ဦးဝင်းရှိရာ အခန်းမှာ ငြိမ်သက်သွား၏။

နောက်တစ်နေ့နံနက်တွင် ဒေါ်ဆွေဆွေဖုန်းဆက်သောကြောင့် ဆရာဝန်ရောက်လာသည်။

ဆရာဝန်သည် ဦးဝင်းကိုစစ်ဆေးပြီး . . .

"နှလုံးရပ်သွားတာကိုး"

ဟုပြောရင်း သူနာပြုကိုမေးရာ

"ဘားအံကသူ့အမေ အသည်းအသန်ဖြစ်ကြောင်း ဖုန်းလာလို့ ဒီ

www.burmeseclassic.com

မနက်အစောကြီး ကျွန်မကိုပြောပြီး ပြန်သွားတယ်”

ဟု ဒေါ်ဆွေဆွေကဖြေသည်။

မကြာမီ ဦးထွန်းသာ ရောက်လာသည်။ သူ့အစ်မက ဖုန်းဆက် အကြောင်းကြားသောကြောင့်။

“အဖေ အခြေအနေကောင်းနေရာက အခုလိုဖြစ်သွားတာ စိတ်မကောင်းစရာပဲ။ ဒါထက် သူနာပြုရော”

ဒေါ်ဆွေဆွေသည် ဆရာဝန်ကို ဖြေသည့်အတိုင်း ဖြေသည်။

ဦးထွန်းသာသည် ဘာမှဝင်မပြောဘဲပြန်သွားပြီး သူတည်းခိုရာ ဟိုတယ်အရောက်တွင် ရန်ကုန်ရဲမင်းကြီးထံ သူ့ဖခင်ကို ပြုစုသော သူနာပြုကိုရှာပေးပါရန် အကူအညီတောင်းသည်။

ရဲမင်းကြီးသည် စုံထောက်ရဲအရာရှိ ဦးမျိုးဆွေကို တာဝန်ပေးလိုက်သည်။

ဦးမျိုးဆွေသည် ခြံစောင့် ညစောင့်ကိုမေးရာ ညစောင့်က ဒေါ်ရင်မြင့် ဤခြံထဲမှထွက်သွားသည်ကို မတွေ့ပါဟု ထွက်ချက်ပေးသည်။

ဒေါ်ရင်မြင့်၏ အခန်းထဲတွင် ဒေါ်ရင်မြင့်ပစ္စည်းများမှာ အနေအထားမပျက်ဘဲရှိနေသည်ကို ဦးမျိုးဆွေတွေ့ရသည်။ ငွေများကိုလည်း တွေ့ရသည်။

အိမ်ဖော်များကို မေးသောအခါ ဒေါ်ရင်မြင့်သည် ဦးဝင်းကို အသေအချာပြုစုကြောင်း၊ ဒေါ်ရင်မြင့်ကြောင့် ဦးဝင်း၏ကျန်းမာရေး ကောင်းလာခြင်းဖြစ်ကြောင်း၊ ဦးဝင်း ကျန်းမာနေရာမှ ရုတ်တရက် ယခုလိုဖြစ်သွားသည်ကို စိတ်မကောင်းကြောင်း၊ ဒေါ်ရင်မြင့် ဤအိမ်မှ ရုတ်တရက်ထွက်သွားသည်ကို မသိကြောင်း ပြောကြသည်။

စုံထောက် ဦးမျိုးဆွေသည် ဦးကျော်နီနှင့် ဒေါ်ဆွေဆွေတို့ကို သီးခြားစီခွဲ၍ မေးရာ၌လည်း နှစ်ယောက်စလုံး၏ ထွက်ချက်များမှာ ဦးဝင်းသေနေသည်ကို မနက်မိုးလင်းမှ မိမိတို့သိရသည်ဟု ထွက်ချက်ပေးကြသည်။ သို့သော် သူတို့၏မျက်နှာအမူအရာများမှာ ပုံမှန်မဟုတ်ပေ။

ဦးမျိုးဆွေသည် ဒေါ်ရင်မြင့်အခန်းထဲရှိ ဒေါ်ရင်မြင့်၏ မှတ်စုစာအုပ်ထဲမှရသော ဘားအံမြို့နေ ဒေါ်ရင်မြင့်မိခင်ထံ တယ်လီဖုန်းဆက်ရာ ဒေါ်ရင်မြင့်၏ မိခင်မှာ ကျန်းမာလျက်ပင်ရှိကြောင်း၊ ဒေါ်ရင်မြင့် ဘားအံသို့ ရောက်မလာဟု စုံစမ်း၍ရသည်။

ဦးဝင်း နေကောင်းနေရာမှ ရုတ်တရက် ေသွားသည်။ ဦးဝင်း၏ သမီးနှင့် သမက်တို့၏ မျက်နှာအမူအရာများမှာ မကောင်းကြ။ ခြံစောင့်ကလည်း ဒေါ်ရင်မြင့် ထွက်သွားသည်ကို မတွေ့ပါဟု ပြောသည်။ ဒေါ်ရင်မြင့်အခန်းထဲတွင် ပစ္စည်းများရှိနေသည်။

ဒေါ်ရင်မြင့်သည် ဤအိမ်ကြီးတွင် ရှိကိုရှိနေရမည်။ ဦးမျိုးဆွေသည် ထိုသို့ကောက်ချက်ချပြီး အိမ်တစ်အိမ်လုံးကို အသေးစိတ်ရှာဖွေရာ အိမ်ဖော်တစ်ယောက်က အိမ်အောက်ထပ်ရှိ လျှို့ဝှက်အခန်းငယ်လေးကို ဦးမျိုးဆွေအား နှစ်ကိုယ်ကြား အသိပေးလိုက်ရာ ၎င်းလျှို့ဝှက်အခန်းငယ်ထဲမှ ဒေါ်ရင်မြင့်အလောင်းကို တွေ့လိုက်ရသည်။

ရဲမင်းကြီးရောက်လာသည်။ ဦးထွန်းသာလည်း ရောက်လာသည်။

ဒေါ်ရင်မြင့်၏ လည်ပင်းပေါ်မှ တွေ့ရသော လက်ဗွေရာများမှာ ဦးကျော်နီ၏လက်ဗွေရာများနှင့် တစ်ထပ်တည်း ဖြစ်နေသည့်အတွက် ဦးကျော်နီသည် ဒေါ်ရင်မြင့်ကို သူလည်ပင်းညှစ်သတ်လိုက်ကြောင်း ဝန်ခံလိုက်ရလေတော့သည်။

လူလိမ္မာပြန်ဖြစ်လာသော သားဦးထွန်းသာကို ဦးဝင်းက အမွေခွဲပေးရန် ကြံစည်သည်ကိုသိ၍ ဦးကျော်နီတို့လင်မယားသည် ဦးဝင်းကို ခေါင်းအုံးဖြင့်မိသတ်စဉ် ဒေါ်ရင်မြင့်သိပြီး တားဆီးသောကြောင့် ဦးကျော်နီသည် ဒေါ်ရင်မြင့်ကို နှုတ်ပိတ်လိုက်ခြင်း ဖြစ်သည်ဟူသော အဖြေသည် ထွက်လာလေတော့၏။

နောင်အခါဝယ် တရားရုံးတော်မှ ဦးကျော်နီကို သေဒဏ်၊ ဒေါ်ဆွေဆွေကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်လေတော့၏။

**ဦးဦးသိန်း**



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည် ဒေါက်တာစောယုနွယ်

ကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ည်ဖုံးကားနောက်ကွယ်က ဇာတ်ရှုပ်တွေဟာ စ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ ွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း ာ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း စ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ ရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို ချင်တယ်ဆိုရင်ဖြင့် ....



■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ဘုရား ဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင် လုပ်ငန်း လုပ်နေသူအဖို့လည်း ဤကာလမှာ လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါ နှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ် မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေရင်း များနှင့် လမ်းခွဲရတတ်တယ်။ မိသားစုအတွင်းမှာလည်း တစ်ယောက်နှင့် တစ်ယောက် အယူအဆကွဲလွဲခြင်း၊ အကြောင်းအရာတစ်ခုခုကို မဖော်ပြနိုင်ဘဲ စိတ်များ ရှုပ်ထွေးနေတတ်တယ်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာနှင့်။ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့လိမ့်မယ်။ ဆေးရုံ၊ ဆေးခန်းသို့ သွားရတတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေးညံ့တတ်တယ်။ ဖြစ်လျှင် ရုတ်တရက် ဖြစ်တတ်တယ်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါရခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်း စေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ ထန်း(၇)ညွှန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက် စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၃၁၊ ၃၅

### အထူးသတိပြုရန်

အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း မပြုလုပ်ပါနှင့်။ အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နို၀င်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့တတ်ပါတယ်။ လုပ်သမျှ လုပ်ငန်းတွေလည်း အဆင်မပြေမှုလေးတွေ ကြုံရတတ်တယ်။ အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီး၏ ငြိုငြင်မှုကို ခံရတတ်တယ်။ မနာလိုသူများ၏ ပြစ်တင်ပြောဆိုခြင်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါလျှင် ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင်တွင် ငွေကြေးဝင်တာ ညှံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကံကောင်းခြင်း၊ ယောကျ်ားလေး ဖြစ်လျှင် ဇနီးကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ပြည်ပနဲ့ အဆက်အသွယ်ကောင်းရရှိပြီး အောင်မြင်မှုများ ရရှိတတ်ပါတယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါတယ်။ မြေကောင်း မြေသန့် ဖြစ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီး ငွေဝင်ကိန်း ရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း၊ လက်သည်းပုပ်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့် (၁)ညွှန့်၊ ကံ့ကော်ညွှန့်(၁၅)ညွှန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၂၊ ၅၇၊ ၃၄၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိအိမ်၏ညှော်ခန်းတွင် ပစ်တိုင်းထောင် အရုပ်(၂)ရုပ် ချိတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စပ်တူလုပ်ငန်းတစ်ခု လုပ်ရတတ်တယ်။ ဆိုင်သစ်ဖွင့်မယ်ဆိုလျှင် ယခုအချိန်ဟာ အကောင်းဆုံးပါပဲ။ လက်ရှိလုပ်ငန်းအပြင် နောက်ထပ်လုပ်ငန်းတစ်ခုကို ပြောင်းချင်စိတ် ဖြစ်နေမယ်။ ငွေအရင်းအနှီးများစွာနှင့် မသေချာတဲ့ အလုပ်ကို မလုပ်ပါနှင့်ဦး။ မိသားစုထဲမှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မွေးဖွားပါ။ စိတ်ထင်ရာ တဇွတ်ထိုးလုပ်ရင် ရှိတာတွေကုန်ပြီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တတ်တယ်။ အပျို လူပျိုတွေအဖို့ ချစ်သူရည်းစား ရတတ်တဲ့ ကာလဖြစ်ပါတယ်။ ယခုကာလတွင် သင်သည် တပေါင်းလ၊ ကဆုန်လများ ပါနေရင်တော့ ငွေရတတ်ပါတယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ သေသေချာချာ ဝရှစိုက်ပြီးဝယ်ပါ။ အိမ်ကို ပြုပြင်ရခြင်း၊ အိမ်အဖီဆွဲခြင်းမျိုး ပြုလုပ်ရတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ ကိစ္စရှိလျှင် နောက်ဆုတ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ၊ ဆီးချုပ်၊ လေချုပ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၀

### အထူးသတိပြုရန်

ကားမောင်းတြမ်းခြင်း ဆင်ခြင်ပါ။ ငွေပေး ငွေယူ လုပ်ရာတွင် စိစစ်ပြီးမှ ပြုလုပ်ပါ။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများကို မိမိမှ တာဝန်ယူ လုပ်ဆောင်ပေးခြင်းကို ရှောင်ရှားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်(သို့မဟုတ်)ရုံးခန်းတွင် သဲထည့်ထားသောအိုးအတွင်း အုန်းလက်(၆)လက်ထည့်ပြီး တင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီအချိန်ဟာ အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ စက်ပစ္စည်းအသစ်များ ဝင်တတ်ပါတယ်။ စိန်ထည်ပစ္စည်းလည်း ဝင်တတ်တယ်။ မိမိနေအိမ်ကို ဘေးမှာတိုးချဲ့ခြင်း၊ အခန်းဖွဲ့ခြင်း၊ အသေးစား ပြင်ဆင်မှုတွေ ပြုလုပ်ရတတ်ပါတယ်။ ယခုကာလတွင် မိမိပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ငွေတွေကလည်း ဝင်လာစရာရှိတာ မဝင်ဘဲနဲ့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတတ်ပါတယ်။ လုပ်ငန်းအသစ်ပြောင်းပြီးလုပ်ဖို့ စိတ်ကူးထားရင်တော့ ရေတိုလုပ်ငန်း ဒါမှမဟုတ် စပ်တူလုပ်ငန်းဆိုရင် အောင်မြင်မှု ရတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ ပညာရေးနဲ့ ပတ်သက်ပြီး အထစ်အငေါ့ ဖြစ်တတ်ပါတယ်။ မြေကိစ္စ၊ အမွေကိစ္စများကတော့ ယခုကာလတွင် ခွဲဝေခြင်း၊ အမှုဖြစ်ခြင်းမျိုး မပြုလုပ်ပါနှင့်။ မသွားချင်ဘဲနဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ ကားပွတ်တိုက်မိတတ်တယ်။ ဘိုးတော်တု၊ ဆရာတုတွေ ရောက်လာတတ်တယ်။ သင်သည် အမျိုးသမီးဖြစ်လျှင်တော့ အစွပ်အစွဲတွေ ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့် (၁၅)ညွန့်၊ ကုက္ကားအဖြူ (၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၄၊ ၁၈၊ ၃၁၊ ၃၆

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်အနီးအနား၌ အိမ်အသစ်ဆောက်ခြင်း၊ သွားလာနေရင်း အိုးစည်ဝိုင်းများ တီးမှုတ်နေသော နိမိတ်တွေ့ပါက အကြံအစည်များ အောင်မြင်တတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ထမင်းဆီဆမ်းကို ဆွမ်းအုပ်ဖြင့်ထည့်၍ ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သော ကာလလည်းဖြစ်ပါတယ်။ သိကြားမ, လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ ခရီးဝေးများ သွားရတတ်တယ်။ ၎င်းခရီးများသည် စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့ရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။အဖိုးတန် စက်ပစ္စည်းများလည်း ဝင်လိမ့်မယ်။ ရပ်ဝေးမှစာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူအား လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်သော်လည်း အောင်မြင်မှု ရပါလိမ့်မယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင်အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ထင်တဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကိုယ်တိုင်လည်း နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ လေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ (၉)လုံးတို့ကို လှူပေးပါ။ အဂ်ါများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၁၅၊ ၃၃၊ ၅၃၊ ၃၁

### အထူးသတိပြုရန်

လာမည့် မွေးလ၊ မွေးရက်အထိ အသုဘ မပို့ရ။ နာရေး မသွားရ။ အထူးသတိပြုပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စိ ၈ လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အမွေအနှစ်များ ရရှိတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရမယ်။ ထီပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်ပါတယ်။ ခရီးအကျိုးပေးသော ကာလ ဖြစ်သောကြောင့် မကြာခဏ ခရီးသွားရပါလိမ့်မယ်။ အတူနေ မိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေး ကြုံရတတ်တယ်။ ကံကောင်းသော ကာလ ဖြစ်ပေမယ့်လည်း ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်နိုင်တယ်။ ကိုယ်ဆီဝင်တဲ့ငွေတွေဟာ မတည်မမြဲ ဖြစ်တတ်ပါတယ်။ စာရွက်စာတမ်းကိစ္စနှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေ ဖြစ်နေရင်တော့ မိမိကို ပစ်စာ၊ တိုင်စာ ရောက်ရှိလာတတ်ပါတယ်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ ပြောင်းလိုစိတ်ပေါ်ခြင်းမျိုး မကြာခဏ ဖြစ်ပေါ်လာတတ်တယ်။ မိမိအိမ်၏ အရှေ့အရပ်၊ အနောက်အရပ်မှာရှိသော ထီဆိုင်များတွင် ထီထိုးပေးပါ။ သင်သည် ယခုကာလတွင် ဝါခေါင်လ၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများ ပါနေရင်တော့ ထိုလများမှာ ကျိန်းသေ ငွေဝင်ပါလိမ့်မယ်။ အပျို လူပျိုတွေ အဖို့ ကြင်သူကြင်ဖက် တွေ့မယ့်ကာလ ဖြစ်ပါတယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့အထဲမှာ တနင်္လာသားသမီး၊ စနေသားသမီးတွေ ပါတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်။ သင်သည် မိန်းကလေး ဖြစ်နေရင်တော့ သွေးသားနဲ့ပတ်သက်တဲ့ ဝေဒနာ၊ အလုံးအကျိတ်ဖြစ်တဲ့ ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်(၂)ညွှန့်၊ ဆီးညွှန့်(၈)ညွှန့်(ဆူးဖြုတ်)၊ ကနတ္တာဒန်ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှိများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

ယခုကာလတွင် ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်လိုက်ပါ။ လက်ရှိအခြေအနေမှ အဆပေါင်းများစွာ စီးပွားတက်လာလိမ့်မယ်။ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကျောက်ကျောနှစ်တုံးနှင့် နန်းကြီးသုပ် နှစ်ပွဲ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံမလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့် ဒီကာလမှာ ငွေအနည်းငယ် ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ပြန်ဝင်မယ်။ ခွဲခွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံတတ်တယ်။ အိမ်မှာ လူလွတ်များရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်တတ်တယ်။ အိမ်ထောင်ရှိသူ ဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေ ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ နာရေးကိစ္စကိုအကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့ကာလဖြစ်လို့ ဗီရိုယစိုက်ထုတ်ပါက ချမ်းသာသုခ ရပါလိမ့်မယ်။ အတိုက်အခံ အပြိုင်အဆိုင်တွေတော့ ရှိနေတတ်တယ်၊ ဒါပေမဲ့ အောင်မြင်ပါလိမ့်မယ်။ ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ကိုယ်က အများဆုံး ကူညီပေးနိုင်တဲ့သူ ဖြစ်လိမ့်မယ်။ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ ဝန်ထမ်းတွေအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ စကားပြောမှားတတ်သောကြောင့် ယခုကာလတွင် နှုတ်စောင့်စည်းနေခြင်းသည် အကောင်းဆုံး ဖြစ်ပါတယ်။ ယခုကာလတွင် လုပ်သမျှ ဘာတစ်ခုမှ ပြတ်ပြတ်သားသားလုပ်၍ မရသောကြောင့် အဆိုးလည်းမဟုတ်၊ အကောင်းလည်းမဟုတ် ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတတ်တယ်။ ယခုကာလတွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာကျခြင်းမျိုး ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ (၇)ပွင့်၊ ငြိုဟ်ရုပ်စုံ (၆)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| ဗုဒ္ဓဟူး၊ သောကြာ |

| ညံ့သောရက် |
|---|
| ဘနင်္ဂနွေ၊ ကြာသပတေး |

| ကံကောင်းသောနံပါတ် |
|---|
| ၆၂၊ ၆၄၊ ၄၆၊ ၄၇ |

| အထူးသတိပြုရန် |
|---|
| အိမ်ကိုပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။ သူများအိမ် လာပေါင်လျှင်လည်း လက်မခံပါနှင့်။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ရာဂုဆွမ်း ကပ်လှူပေးပါ။ |

www.burmeseclassic.com